

# ညီတော်အာနန္ဒာ၏ တသက်တာမှတ်တမ်း-၂

အရှင်ဝဏ္ဏသိရီ

# ကန်တော့ပန်း

ပရိယတ်၊ ပဋိပတ် နယ်ပယ် နှစ်ရပ်တို့မှ ကျွန်ုပ်၏
သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းအား
ဤစာအုပ်ဖြင့် လေးမြတ်ကော်ရော် ပူဇော်ပါ၏။

ပထမ အကြိမ်

၁၉၇၈-ခု၊ ဩဂုတ်လ

အုပ်ရေ-၂၀၀၀

တန်ဖိုး-တဆယ့်ငါးကျပ်

ပန်းချီ-စံတိုး

ဘလောက်-ဘသစ်

အဖုံးရိုက်-ချင်းတွင်းပုံနှိပ်တိုက်

[ ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် ၁၁၀၅၀ ]

ဦးချစ်အောင်(မြဲ-၀၂၀၇)လုပ်အားပုံနှိပ်တိုက်၊ အမှတ်၅၊လမ်း၁၀၀၊ ကန်တော်ကလေး၊ ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဦးထွန်းလှိုင်(မြဲ-၀၅၄၇) ချစ်စရာစာပေ၊ အမှတ် ၇၅၊ ဝေပုလ္လ ၂လမ်း၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့က ထုတ်ဝေသည်။

၁၇၃၁၁

# ညီတော်အာနန္ဒာ၏
# တသက်တာမှတ်တမ်း(၂)

အရှင်ဝဏ္ဏသိရိ

အမှတ် ၄၀၊ ၁၀၉ လမ်း
မင်္ဂလာတောင်ညွန့်
ရန်ကုန်မြို့။

# သာသနာပြု ပုဂ္ဂိုလ်ကျော်

ဝိနာသယတိ အသဒ္ဓံ
သဒ္ဓံ ဝဍ္ဎေတိ သာသနေ။
ဇေမေယျတ မိစ္ဆေစံ
ဝဒံ ဂေါတမ သာဝကော။

ဂေါတမ မန္တယ် ဘုရား ရှင်တော် မြတ်ဘုရား၏ တပည့် (အရှင်အာနန္ဒာ)သည် ဇေမေယျတံ အစချီလျက် ထံတော်ပါးမှ ကြားနာ မှတ်သားထားခဲ့လေသမျှကို သေချာဂဏ တင်ပြသောအားဖြင့် သာသနာတော်ကြီး၌ မယုံကြည်မှုကို ပယ်ဖျက်၍ ယုံကြည်သဒ္ဒါ တိုးပွားအောင် အကျိုးဆောင် လိုက်ပေသတည်း။

အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓဃောသ

# မာတိကာ


စကားဦး
၁။ ရောဟိဏီ အရေးတော်ပုံ
၂။ သားတော် ရာဟုလာ
၃။ ကောသလမင်းကြီး၏ သဒ္ဒါတရား
၄။ ကျွန်ုပ်၏ သူငယ်ချင်း
၅။ ဆွေမျိုးရင်းချာ ဆေးဆရာ
၆။ မယ်တော်ကြီး ဂေါတမီ
၇။ သမီးတော် ဂေါတမီ
၈။ ပုဂ္ဂိုလ်မင်း၍ တရားမြင်သည်
၉။ အလှတွင် အယဉ်ဆင့်လေပြီ
၁၀။ မညှိုးနွမ်းသည့် ပန်းကြာညို
၁၁။ တရားအလှူ ပေးဝေသူ
၁၂။ ဘုရားပေးသော မသေဆေး
၁၃။ ကံဆိုးမလေး သွားလေရာ

## မာတိကာ


၁၄။ လွှမ်းဇာတ်သိမ်းချိန် မိုးလင်းချိန်

၁၅။ ကန်တော့ခန်းမှ ဇာတ်ပေါင်းခန်းသို့

၁၆။ ရာဟုလာတို့ သားအမိ

၁၇။ လူမှုရေး ပညတ်တော်များ

၁၈။ ဝိသာခါ၏ ဆုရှစ်မျိုး

၁၉။ သံဃာ့ အကျိုးတော်ဆောင်

၂၀။ သံဃာချင်း ဆက်ဆံရေး

၂၁။ သံဃာနှင့် တကာ တကာမ

၂၂။ ကောသမ္ဗီ အရေးတော်ပုံ

၂၃။ ဆေးစားမှားသူများ

# စကားဦး

ဤစာအုပ်ကိုလည်း ညီတော်အာနန္ဒာကတဆင့် ပြောပြနေသော ပုံစံဖြင့် ဆက်လက် ရေးသားထားပါသည်။ ဘုရားရှင် အမှုးရှိသော သံဃာတော်များကို ညီတော်အာနန္ဒာနှင့်အတူ တရင်းတနှီး ချဉ်းကပ်၍ လေးလေး မြတ်မြတ် ဖူးမြော်နိုင်ကြစေရန် ရည်သန်ပါသည်။

ညီတော်အာနန္ဒာ အမှတ် ၁–တွင် အလောင်းတော်မင်းသားဖွားမြင်သည်မှစ၍ ခမည်းတော်ကြီး ပရိနိဗ္ဗာန်စံသည်အထိ ရေးသားထားပါသည်။ ဘုရားရှင်ကို ဗဟိုပြု၍ ကြည်ညိုထိုက်၊ လေးစားထိုက်သော သံဃာတော်ကြီး အချို့ကိုလည်း ဖော်ပြခဲ့ပါသည်။

ယခု စာအုပ်တွင် ထိုသံဃာတော်ကြီးများနှင့် အတူတကွ လေးစားထိုက်၊ ကြည်ညိုထိုက်သော သာသနာ့ဝန်ဆောင် အမျိုးသမီးကြီးများကိုလည်း အားပါးတရ ဖူးမြင်နိုင်ကြပါသည်။ လှိုင်းရောလေပါ ပြင်းထန်လှစွာသော ဂင်္ဂါသြဃ ရေလျဉ်မှ ခေမာသောင် ကမ်းတဖက်သို့ လှမ်းတက်လာကြပုံ ဇာတ်လမ်းစုံကို ကြားနာနိုင်ကြပါသည်။

ထို့ပြင်တစ၊ သာသနာ့ဝန်ဆောင် ပုဂ္ဂိုလ်အားလုံး၏ အချစ်တော်ကာဠုဒါယီ ရှင်ရာဟုလာနှင့် သူ၏မယ်တော် အရှင်မ ဘဒ္ဒကစ္စာနာတို့၏ ဇာတ်ပေါင်းခန်းကိုလည်း ဆွတ်ပျံ့ဖွယ်ရာ ဖတ်ရှုကြရပါဦးမည်။

# စကားဦး

ရသမျိုးစုံဖြင့် ကုံလုံကြွယ်ဝလှသော ထိုထိုဇာတ်လမ်းတို့တွင် ကောသမ္ဗီရဟန်းတို့၏ ဇာတ်လမ်းကား ရှုံ့ရှာဖွယ်၊ ထိတ်လန့်ဖွယ်၊ သတိသံဝေဂ ရဖွယ်ပင်ဖြစ်ပါသည်။

ဤသို့သော ရသဘောင်ဝင် ဇာတ်လမ်း ဇာတ်ကွက်များနှင့်အတူ လူ့ရှေ့ရှင်ပါ မှတ်သားထိုက်၊ နည်းယူထိုက်သော သုတပဒေသာ အဖြာဖြာ တို့လည်း အခန်းတိုင်း ပါရှိပါသည်။ ဓမ္မဝိနယ နှစ်ဌာနလုံးမှ ထုတ်နှုတ် တင်ပြထားပါသည်။

အမှတ် ၁—မှာ ကဲ့သို့ပင် ဤစာအုပ်ပါ ကြောင်းခြင်းရာတို့ကို ပါဠိတော်နှင့် အဋ္ဌကထာကြီးများမှ ထုတ်ဆောင်ကာ သက်ဆိုင်ရာ အခန်းများအလိုက် အနုသန္ဓေ ဆက်စပ်ပေးထားပါသည်။ တချို့နေရာများတွင် တင်ပြလိုသော ဇာတ်ကွက်ဇာတ်လမ်းကို သရုပ်သကန် ပေါ်လွင်ထင်ရှား လာစေရန် စာပေ သဘောအရ အခြယ် အမှုန်းများ ထည့်ပေးထားပါသည်။

အလှတွင် အယဉ်ဆင့်လေပြီ အခန်းမှ ဝေဠုဝန် ကျောင်းတော်ဘွဲ့ကဗျာနှစ်ပုဒ်မှာ ဆရာရဝေထွန်း၏ လက်ရာဖြစ်ပါသည်။အရှင်မ ခေမာ ရွတ်ဆိုခဲ့သော ပါဠိဂါထာများမှ လိုအပ်သမျှ ကြောင်းခြင်းရာများကို ခြုံငုံကာ မြန်မာမှု ပြုထားခြင်း ဖြစ်ပါသည်။ ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်ဖက်သော မြန်မာကဗျာ နှစ်ပုဒ်ဖြင့် ကူညီပေသော ဆရာရဝေထွန်း အား ဦးစွာပထမ ကျေးဇူးတင်ပါသည်။

ထိုမှတဖန် အမှတ် ၁—စာအုပ်ကို ဖတ်ရှု၍ နှုတ်ဖြင့် စာဖြင့်ဝေဖန်ကြ၊ အကြံဉာဏ် ပေးကြသော ဆရာတော်၊ သံဃာတော်များ၊ တရားဓမ္မလိုက်စားသူများ၊ စာပေ ပညာရှင်များ၊ ဆရာ ဆရာမ များကိုလည်း ကျေးဇူးတင်ပါသည်။ ဆက်လက်၍ ဝေဖန်လွှာ၊ အကြံပြုလွှာများ ပေးပို့ကြရန်လည်း စာဖတ်သူ အားလုံးထံသို့ စွယ်တော်စာပေမှတဆင့် ပန်ကြားလိုက်ပါသည်။

# ရောဟိဏီ အရေးတော်ပုံ

## ဥာဏ်နုသူတို့ ထင်စရာ

ခမည်းတော်ကြီး၏ အခြေအနေကို သေသေချာချာ သိပါလျက် ဘုရားရှင်သည် ကပိလဝတ်သို့ ကြွတော်မမူခဲ့ပေ။ ဤကိစ္စကို ဟိုတနှစ်က ကိစ္စနှင့် နှိုင်းယှဉ်ကြည့်ပါလျှင် ဥာဏ်နုသူများအဖို့ ဘုရားရှင်အပေါ် တမျိုးတမည် ထင်စရာရှိပေသည်။

ထိုအခေါက်က ရဟန်းအင်အား မများသဖြင့် နိဂြောဓာရုံကျောင်းမှာ မနေဘဲ မဟာဝုန်တောကြီးထဲမှာ တဲကျောင်းကလေးများဖြင့် နေခဲ့ကြ၏။ ဝေသာလီအနီးမှာ မဟာဝုန် တောကြီးတခု ရှိသကဲ့သို့ ကပိလဝတ် အနီးမှာလည်း ရှိပေသည်။

ဟိမဝန္တာ တောင်ဆွယ်တခုနှင့် ဆက်စပ်နေသော သယံဇာတ တောကြီး ဖြစ်ပေသည်။

မြို့တွင်းသို့ ဆွမ်းခံကြွရာတွင် သံဃာတော်များရှေ့မှ ဘုရားရှင် ဦးဆောင် ကြွတော်မူနေကျ ဖြစ်သော်လည်း ထိုနေ့ နံနက်မှာကား ကျွန်ုပ်တို့ချည်း လာခဲ့ကြရ၏။ ဘုရားရှင်သည် နံနက်စောစောကပင် တပါးတည်း ထွက်ကြွတော်မူ၏။ အကြောင်းထူး တခုခုရှိလျှင် ဤသို့ ကြွသွားနေကျဖြစ်၍ ကျွန်ုပ်တို့ အထူးအထွေ တွေးတောမနေကြပါ။ တွေးတောနေစရာလည်း မလိုပါ။ မြို့တွင်းသို့ ဝင်မိလျှင်ပင် ဖြစ်ကြောင်းကုန်စင် ကြားသိရပါတော့သည်။

## သကျနှင့် ကောလိယ

ကျွန်ုပ်တို့ သကျနိုင်ငံသည် လက်နက် နိုင်ငံကြီးနားက နိုင်ငံငယ်ကလေးမျှသာဖြစ်ကြောင်း တင်ပြခဲ့ပြီ။ ကျွန်ုပ်တို့နှင့် အလားတူ ပမာဏ သေးငယ်၍ အုပ်ချုပ်ပုံ စနစ်ချင်းလည်း တူသော အခြားနိုင်ငံငယ်ကလေးကား ကောလိယ ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် ရောဟိဏီမြစ်ကလေးတခုသာ ခြားပေသည်။

နိုင်ငံ နှစ်ခုလုံး၏ စီးပွားရေးမှာစိုက်ပျိုးရေးပင်ဖြစ်၍ မိုးဦးကျက ကြဲထားခဲ့သော ကောက်ပင်ပျိုများကို ထိုမြစ်ငယ်ကလေးကို တမန်ဆည်ကာ အသက်ဆက်၍ ပေးခဲ့ကြရ၏။ ထိုနှစ် နယုန်လမှာတော့ မိုးဦးအလိုက်နည်း၍ ခါတိုင်းလောက် မြစ်ရေမလာပေ။ တဖက်ကို ရေသွင်းလိုက်လျှင် တဖက်အဖို့ လောက်လောက်

ငင မကျန်နိုင်တော့သော အခြေအနေ ဖြစ်လာ၏။ ရေသွင်းရ ခက်နေသဖြင့် ကောက်ပင်ကလေးများ ညှိုးနွမ်း၍ လာကြရ၏။ ဤတွင် နှစ်ဖက်သော လယ်သမားများ မျက်နှာစုံညီ အစည်း အဝေး ထိုင်ကြရာ ကောလိယ လယ်သမားများက စတင်၍ အရေးဆိုကြ၏။

## မပြေလည်သော စည်းဝေးပွဲ

"ရောင်းရင်းတို့၊ သည်မြစ်ရေကို နှစ်ဖက်စလုံးက ခွဲဝေယူကြ လျှင် သင်တို့အတွက်လည်း မလောက်မင၊ ငါတို့အတွက်လည်း မနှံ့မစွတ်၊ ငါတို့ဘက်က ကောက်ပင်များမှာ ရေတခါသွင်းရုံ နှင့် အောင်မြင်ပါလိမ့်မည်။ ထို့ကြောင့် ရေကို ငါတို့အတွက် လုံးလုံး ပေးကြပါ"

ကိုယ့်ဘက်ကိုယ်ယက်သော အဆိုဖြစ်၍ ကပိလ လယ်သမား များက လက်မခံနိုင်ကြပါ။

"သင်တို့ ကျီတွေမှာ စပါးဆန်တွေ ပြည့်လျှံနေသောအခါ ငါတို့က သင်တို့ဆီ မျက်နှာငယ်ငယ်နှင့် လာဝယ်မနေနိုင်ပါ။ ငါတို့ ကောက်ပင်များမှာလည်း ရေတခါသောက်ရလျှင် အောင် မြင်မည်သာ ဖြစ်၏။ ထို့ကြောင့် သည်ရေ ငါတို့ကိုသာပေးပါ"

"ငါတို့ မပေးနိုင်"

"ငါတို့လည်း မပေးနိုင်"

တဖက်နှင့်တဖက် အကျိတ်အနယ် ဖြစ်လာကြရာတွင် စိတ် မထိန်းနိုင်သူ တယောက်က တဖက်လူကို ကိုယ်ထိလက်ရောက်

ရိုက်လိုက်ချေတော့၏။ ထိုမှ တယောက်နှင့်တယောက် မီးဆက်သွားကာ စည်းဝေးပွဲသည် ရိုက်ပွဲကြီး ဖြစ်သွားရပေတော့သည်။

## အမှိုက်ကစ ပြာသာဒ်မီးလောင်

ရိုက်ပွဲသည် လယ်သမားများမှာပင် ပြီးဆုံး၍ မသွားပါချေ။ တစတစနှင့် ရန်မီးပွားလာကာ နှစ်ဖက်သော အမျိုးအနွယ်များကိုပါ ထိပါး၍ လာကြတော့၏။

"သင်တို့သည် ကပိလဝတ်မြို့သားများကို အားကိုး၍ကြုံးဝါးကြဘိ၏။ အိမ်ခွေး တောခွေးများကဲ့သို့ ကိုယ့်နှမ ကိုယ်ယူနေခဲ့ကြသော သူများကို ငါတို့က အရေးလုပ်ရမည်လော။ သူတို့၏ဆင်တွေ မြင်းတွေ လက်နက်တွေကကော ငါတို့ကို ရန်မူနိုင်မည်လော"

သကျ အမျိုးသားများအဖို့ အသဲစပ် ကျွဲခတ်သကဲ့သို့ နာကျည်းစေသော စကားလုံးများဖြစ်ပါ၏။ ထို့အတူပင်-

"သင်တို့သည် ကုဋ္ဌနူနာသည်၏ သားများကို အားကိုးပြု၍ ရန်ထောင်နေကြ၏။သင်တို့၏ ဘိုးအေ ကုဋ္ဌနူနာသည်ကြီးသည် ရပ်ထဲရွာထဲမှာ နေစရာမရှိ၍ တောထဲထွက်ကာ ကလောပင်ခေါင်းမှာ နေခဲ့ရ၏။

ဤအဆက်အနွယ်များ၏ ဆင်တွေ မြင်းတွေ လက်နက်တွေကို ငါတို့များ ကြောက်ရချိမ့်မည်လော"

## ဟုတ်မှန်သော်လည်း အခံခက်

အမျိုးထိ၍ မခါအောင်နာသော စကားလုံးများပင် ဖြစ်ကြ ပါ၏။ ဟိုတချိန်တုန်းက အမှန်တကယ် ဖြစ်ပျက်ခဲ့သော ကိစ္စ များပင် ဖြစ်စေကာမူ တဖက်နှင့်တဖက် ချိုးချိုးဖဲ့ဖဲ့ ပုံကြီးချဲ့ ပြောလာကြသဖြင့် နှစ်ပြည်ထောင်လုံး ရန်မီးပွား လာကြရ၏။ ဟိုဘက်ကလည်း ခတ္တိယ၊ သည်ဘက်ကလည်း မင်းမျိုးမင်းနွယ်။ နှစ်ဖက် စလုံးမှာ ရာဇမာန် တလူလူလွင့်နေသည်မို့ မကြာမီ ရောဟိဏီ မြစ်ကမ်းမှာ စစ်ဦးချင်း ဆုံမိကြတော့သည်။

"ထွက်ခဲ့ကြလော့။ နှမနှင့် ပေါင်းဖော်သူများ၏ စွမ်းအား သတ္တိကို သိစေရမည်"

"တက်ခဲ့ကြလော့။ ကလောပင်ခေါင်း အောင်းခဲ့သူများ၏ စွမ်းအားနှင့် ခေးကို ကြည့်ကြလော့"

## လက်နက်ချင်းဆိုင် အားချင်းပြိုင်

ကြောက်ခမန်းလိလိ ကြုံးဝါးသံများဖြင့် စစ်ဦးချင်း တစ တစ နီးကပ်လာချေပြီ။ လက်နက်တကမ်း ရောက်သည်နှင့် မညှာ တမ်း၊ မဆုတ်တမ်း ရက်ရက်စက်စက် ခုတ်ထစ်ပစ်ခတ်၊ ထိုးနှ ကြိတ်ချေရန် လက်နက်များကို အရံသင့် ပြင်ထားကြပြီး ဖြစ် ပေသည်။ တိုက်ဆင် တိုက်မြင်းတို့၏ ဟစ်ကျွေးသံတို့ကလည်း နားကွဲလုမတတ်။ ထိုသည့် အချိန်ကလေးအတွင်းမှာပင် နှစ်ဖက် သော စစ်ခေါင်းဆောင်တို့သည် မြစ်လယ်ခေါင်က သောင်ခုံ ထက်ဆီသို့ သတိထား၍ ကြည့်လိုက်မိကြ၏။

## စစ်နှင့် ငြိမ်းချမ်းရေး

သည်မြစ်ကို နှစ်ဖက်စလုံးက ပိုင်ဆိုင်သဖြင့် သည်နေရာသည် နှစ်နိုင်ငံ၏ နယ်စပ်ဖြစ်၏။ သဲသဲမဲမဲဇွဲနဘဲဖြင့် သူသေကိုယ်သေ သတ်ဖြတ်ကြရမည့် နေရာ ဖြစ်၏။ အော်သံ ဟစ်သံ မြည်တမ်းသံများ အဆုံးဝယ် သွေးချောင်းစီး၍ ကျန်ရစ်ခဲ့မည့် နေရာဖြစ်၏။ ဤနေရာ ဤဌာနတွင်မှ သက်နိုးဝါဝါ တခုက ရောက်နှင့်နေချေပြီကော။

"မင်းစိုးရာဇာ တကာတော် အပေါင်းတို့...."

သက်နိုးဝါဝါမှ ထွက်ပေါ်လာသော အသံများဖြစ်၏။ အသံသည် ပီပီသသနှင့် ကြည်မြလှ၏။ ဆင်သံ မြင်းသံ ကြွေးကြော်သံများကိုပင် ဖောက်ထွင်း၍ လာ၏။ သည်အသံကို ကြားရသည်နှင့် သကျ စစ်သည်တော် အားလုံး၏ လက်နက်များ မြေပေါ်သို့ ရုတ်ချည်းကျသွားကြရ၏။

## ရန်မလို၍ ရန်ပြုသည်

"တမျိုးလုံး တဆွေလုံး၏ အထွတ် အမြတ်ဆုံး ဘုရားရှင် ရောက်လာပါပေါ့ကလား။ ငါတို့၏ဘုရားရှင် ရှေ့မှောက်တွင် ငါတို့သည် တဖက်သားကို ခုတ်ထစ်သတ်ဖြတ်ရန် မဖြစ်နိုင်ပေ။ ကောလိယတို့က သတ်ချင်သတ်ပါစေ။ သတ်ရုံ အားမရ၍ မီးတင်ရှို့ပင် ရှို့ပါစေ။ ငါတို့ကား စစ်မက်ပြိုင်ဆိုင် အနိုင်မယူကြပြီ တည်း"

ဤသို့ တဖက်သတ် စစ်ပြေငြိမ်းလိုက်သည်နှင့် တပြိုင်နက် အခြားတဖက်ကလည်း လက်နက်ချပြီး ဖြစ်လာပေသည်။

## ရေနှင့် အသက်

လက်နက်မပါသော လက်အစုံတို့ဖြင့် ရိုသေစွာ ရှိခိုးလာကြသော စစ်သည်ဗိုလ်ပါအပေါင်းအား ဘုရားရှင်က–

"အသင်တို့၊ ဘာကို အကြောင်းပြု၍ စစ်မက်ကြီးစွာ ဖြစ်လာရပါသနည်း" ဟု မေးတော်မူရာ–

"ရေအတွက် ဖြစ်ပါသည် ဘုရား"

"ရေသည် မည်မျှ အဖိုးထိုက်ပါသနည်း"

"တန္ဒစ်စာ စားရုံ အနည်းငယ်မျှ ဖြစ်ပါသည်ဘုရား"

"နှစ်ဖက်သော စစ်သည်တို့၏ အသက်သွေးများကတော့ မည်မျှ အဖိုးထိုက်ပါသနည်း"

"အဖိုးဖြတ်၍ မရနိုင်ပါဘုရား"

"အနည်းငယ်မျှ တန်ဖိုးထိုက်သော ရေကလေးအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများ အဆုံးရှုံး ခံရခြင်းမှာ မသင့်လျော်လေစွတကား"

## ငြိမ်းချမ်းရေး၏ ရလာဒ်များ

နှစ်ဖက်သော စစ်သည် ဗိုလ်ပါတို့၏ ဦးခေါင်းများသည် ပိုမို၍ ညွတ်ကိုင်းလာကြ၏။ သည်ကျေးဇူးတော်ကို မည်သို့မည်ပုံ ဆပ်ကြ

ရပါမည်နည်းဟုနှစ်ဖက်ခေါင်းဆောင်များညှိနှိုင်းတိုင်ပင်ကြရ၏။ လက်နက်ချင်းဆိုင် အားချင်းပြိုင်ရန် ရောက်လာသူများ ခေါင်းချင်းဆိုင်ကာ ဆွေးနွေးကြသဖြင့် အဖြေတခု ရလာပေသည်။

ထိုအဖြေကား ရောဟိဏီ မြစ်ကမ်းတဖက်စီမှ အညီအမျှ ပါဝင်သော ရဟန်းငါးရာ ဖြစ်သတည်း။

## သည်တခါတော့ မရပ်သာပြီ

ဤသို့ အားဖြင့် ဆွေတော်မျိုးတော်များ ရှေ့မှ မားမား မတ်မတ် ရပ်တော်မူခဲ့သော ဘုရားရှင်သည် ခမည်းတော်ကြီး ချုပ်ငြိမ်းချိန်မှာကား မားမားမတ်မတ် ရပ်တော် မမူခဲ့ပါ။

မြစ်ကမ်းပါးနှစ်ဖက်၌ ဒီရေတက်သကဲ့သို့ ပြည့်လျှမ်းနေသည့် စစ်သည်များကို တပါးတည်းနှင့် တားဆီးတော် မူနိုင်ခဲ့သော ဘုရားရှင်သည် ခမည်းတော်ကြီးနှင့် ရှင်သေမင်းတို့၏ တိုက်ပွဲတွင်ကား ဝေးရာမှသာ မျက်နှာလွှဲ၍ နေတော်မူရပေသည် တကား။

[သုတ် မဟာဝဂ်၊ မဟာသမယသုတ် အဋ္ဌကထာ]

# သားတော် ရာဟုလာ

## မေတ္တာငြိံ့မှုလုံ

"သင့်မိဘများကို ချစ်၏လော"
"သင့်သားသမီးများကို ချစ်၏လော"

မိသားစု အသိုက်အဝန်းနှင့်နေထိုင်သူများကို တစုံတယောက်က ဤသို့ မေးမြန်းပါလျှင် အားလုံးလိုလိုက ချစ်ပါသည်ဟူ၍ပင် ဖြေကြပါလိမ့်မည်။ မှန်ပါသည်။ တယောက်နှင့်တယောက် ချစ်နေကြ၍ပင် မိသားစု အသိုက်အအုံသည် သာယာချမ်းမြေ့၍ နေရ၏။ တယောက်နှင့်တယောက် သွေးသားတော်စပ်ရုံက လွဲ၍ ချစ်ခြင်းမေတ္တာ မရှိကြလျှင် ထိုမိသားစုသည် နွေတကျက်ကျက်၊

ညတကျက်ကျက်ဖြစ်၍သာ နေပေလိမ့်မည်။သည်ထက်သည်အခြေ အနေ ဆိုးလာလျှင်အသိုက်အအုံပါ ပြိုပျက်ဖို့ ရှိပေတော့သည်။

မိသားစု အသိုက်အအုံကို တည်တန့်စေသော၊ သာယာ ချမ်းမြေ့စေသော ထိုမိသားစု အချစ်ကို ဘုရားရှင်က ပြစ်တင် ဝေဖန်မှု ပြုတော်မမူပါ၊ တာဝန်သိသိ ချစ်တတ်ကြရန် များစွာ သော သုတ္တန် ဒေသနာတော်များကိုပင် ဟောတော်မူခဲ့ပါ၏။

## ချစ်တတ်ကြပါစေ

သို့ရာတွင် ဘုရားကိုယ်တော်မြတ်၏ ရည်ရွယ်ချက်မှာ လောကီ နယ်ဘက်က ဤသို့သော မိသားစု အချစ်မျှသာ မဟုတ်ပါ။ သာသနာတော်ကြီး ထွန်းလင်း တောက်ပနေဆဲတွင် သာသနာ တွင်း အချစ်ဖြင့် ချစ်တတ်ကြရန်လည်း ဟောကြားတော်မူပါ၏။

> "အာနန္ဒာ၊ မိမိ၏မိတ်ဆွေများ၊ ဆွေမျိုးဉာတကာများ ကို မေတ္တာရှေ့ထား၍ သနားလိုကြပါလျှင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးတို့၌ သက်ဝင်အောင် တိုက်တွန်း အပ်၏"

[အင်္ဂုတ္တရ၊ တိကနိပါတ်၊ နိဝေသကသုတ်]

## ခမည်းတော်ကြီး၏ နောက်ဆုံးအချိန်

ဤဒေသနာတော်ကို ဟောကြားသည်မှာ မဟာဝုန်တောကြီး အတွင်းက ကူဋာဂါရကျောင်းမှာ ဖြစ်၏။ အချိန်အခါအားဖြင့်

ခမည်းတော်ကြီး ပရိနိဗ္ဗာန်ပြုကြောင်း သတင်းစကား ရောက်လာပြီးစ ဖြစ်ပေသည်။

ခမည်းတော်ကြီး ပရိနိဗ္ဗာန်စံချိန်က သူ့အနီးအပါးဝယ် သားတော်ကြီးရော သားတော်ငယ်ပါ ဘယ်သူမှ မရှိကြ။ ရိုးတွင်းချဉ်ဆီထိအောင် ချစ်လှပါသည် ဆိုသော မြေးတော် ရာဟုလာလည်း မရောက်လာ။ ကျွန်ုပ်အပါအဝင် တူတော်များလည်း ဘုရားရှင်အပါးမှာပင် ရှိနေကြ၏။

ထင်ရှားလေသမျှ၊ ကျော်ကြားလေသမျှ၊ သကျအမျိုးသားတို့သည် ဘုရားရှင့် နောက်တော်မှာချည့်ပါခဲ့ကြရာ ကပိလဝတ်နန်းတော်ကြီးမှာ ပျားကောင်မရှိသော ပျားအုံနှယ် ဖြစ်နေရ၏။ သာသနာတော်က လက်မခံသေးသော အမျိုးသမီးတသိုက်သာ သူ့အနားမှာ ရှိနေကြပေလိမ့်မည်။

## မေတ္တာစိမ့်စမ်း မခန်းပါ

ခမည်းတော်ကြီး၏ နောက်ဆုံး အချိန်တွင် ဘုရားရှင်သည် ကိုယ်တိုင်သော်လည်း ကြွသင့်၏။ ညီတော်များနှင့် မြေးတော်ကိုလည်း သူ့ကိုယ်စား လွှတ်သင့်ပါ၏။ သို့ပါလျက် ဆွေတော်မျိုးတော်ရဟန်းအားလုံးက မျက်နှာလွှဲရက်ကြဘိ၏။ ခမည်းတော်ကြီး အပေါ် မေတ္တာ ကရုဏာ မရှိကြလေရော့သလား။

စောစောက ကျွန်ုပ် တင်ပြခဲ့သော ဒေသနာတော်မှာ ဤသို့သော တီးတိုးစကားတို့အတွက် ဖြေရှင်းချက်ပင် ဖြစ်ပေသည်။

မှန်ပါသည်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါး၌ ခမည်းတော်ကြီး သက်ဝင်လာရသည်မှာ သားတော်ဘုရား၏ ကျေးဇူးဖြစ်၏။ ထူးမြတ်လှစွာ နိဗ္ဗာန် ချမ်းသာကို ထီးဖြူတော်အောက်၌ စံစားခွင့် ရခြင်းမှာ သားတော်ဘုရား၏ မေတ္တာလက်ဆောင်ပင် ဖြစ်၏။ ကျေးဇူးဂုဏ် အနန္တ ကြီးမြတ်လှစွာသော မွေးမိဘတို့အပေါ်ဝယ် မည်သူသည် ဤမေတ္တာလက်ဆောင်ထက် ပို၍ မြင့်မြတ်သော မေတ္တာလက်ဆောင်ကို ပေးနိုင်တော့မည်နည်း။

## မြင်စေချင်စမ်းပါဘိ

ဟိုယခင် တချိန်တုန်းက သုဒ္ဓောဒန မဟာရာဇာသည် မြေးတော်ကလေး ရာဟုလာအတွက် မျက်ရည်စက်လက် ကျခဲ့ရ၏။ မြေးကို ချစ်သော အချစ်သည် အရေကို ကျော်၊ အသားကို ဖောက်၍ ရိုးတွင်းချဉ်ဆီထိအောင် စိမ့်ဝင်ပါသည်ဟု လျှောက်ထားခဲ့၏။ ချစ်ခြင်းကြောင့် ဖြစ်ပေါ်လာသော သောကမြူမှုံ လွှမ်းခြုံနေဆဲမို့ သားတော်ဘုရားကိုပင် ရှက်ရ ရွံ့ရကောင်းမှန်း မသိနိုင်ခဲ့။

ယခုနေသာ သူ့ဘိုးအေကြီး ရှိနေသေးလျှင် သည်မြေးအပေါ်ဝယ် အစေးတဏှာ မပါဝင်သော မေတ္တာသန့်သန့်ဖြင့် ချစ်နေပေဦးမည် ဖြစ်ပါ၏။ အစေးတဏှာ မပါဝင်သဖြင့် ထိုအချစ်နောက်ဝယ် သောကမြူမှုံတို့ လိုက်ပါလာစရာ မရှိပါ။ ဖခမည်းတော်၏ ဆုံးမစကားကို မြေဝယ်မကျ လိုက်နာသော ရဟန်းသံဃာတို့ ချစ်မြတ်နိုးမှုကို ထိုက်ထိုက်တန်တန် ခံယူရသော မြေးတော်ကလေးကို ကြည်ညိုဖွယ်ရာ တွေ့မြင်ရပေလိမ့်မည်။

## ရာဟုလာ လာလေလျှင်

မိမိတို့ကျောင်းသို့ သားတော်လေး ရာဟုလာ ရောက်လာလျှင် ရဟန်းတို့က အားရဝမ်းသာ ကြိုဆိုကြ၏။ ကုတင်ငယ်ကို ဖြစ်စေ၊ တန်းလျားငယ်ကို ဖြစ်စေ အနီးအနားမှာ ရှိသော အိပ်စင်တခုခု ပေါ်ဝယ် ဖျာသင်ဖြူးများ ခင်းပေးကြ၏။ တချို့က သင်္ကန်းများကို အထပ်ထပ်ခေါက်ကာ ခေါင်းအုံးစရာ ပေးကြ၏။ ဤသို့ ဂရုတစိုက် ပြုစုကြခြင်းမှာ ဘုရားရှင့် မျက်နှာတော် တခုတည်း ကြောင့် မဟုတ်ပါ။ ရာဟုလာ၏ ဆိုဆုံးမ၍ လွယ်ကူသော စိတ် သဘောလည်း အကြောင်းတခု ဖြစ်ပေသည်။

## အစမ်းသပ်ခံနိုင်သည်

ရာဟုလာ၏ စိတ်ကို စမ်းလိုသဖြင့် ရဟန်းတို့သည် သူအဝေးက လာနေသည်ကို မြင်လျှင် တံမြက်ဆုပ်ကို ဖြစ်စေ၊ အမှိုက်တောင်း ကို ဖြစ်စေ တော်ရာလျော်ရာ လွှင့်ပစ်ကြ၏။ ရာဟုလာ အနား ရောက်လာသောအခါ ရဟန်းတပါးက “ငါ့ရှင် ဤပစ္စည်းကို မည်သူ လွှင့်ပစ်ထားသနည်း”ဟု သိလျက်နှင့် မေးလိုက်၏။ အမေး ခံရသော ရဟန်းက “အရှင်ဘုရား၊ ရာဟုလာသည် ဤနေရာမှ လှည့်လည်တတ်ပါသည်။ သူလွှင့်ပစ်လေသလား မသိပါဘုရား” ဟု စကားစောင်းပစ်လိုက်၏။ ဤတွင် ရှင်ရာဟုလာသည်“တပည့် တော် မလုပ်ရပါဘုရား”ဟု တခွန်းမျှ ပြန်မလျှောက်ပေ။ ရဟန်း များ လွှင့်ပစ်ထားလေသမျှ ပစ္စည်းများကို ကောက်ယူစုဆောင်း

ကာ နေရာတကျ ထားခဲ့သည်သာ ဖြစ်၏။ ထို့နောက် မိမိမှာ အဟုတ်တကယ် အပြစ်ရှိလေဟန်ဖြင့် ရဟန်းများကိုပင် တောင်းပန်လိုက်သေး၏။ "ငါကား ဘုရားရှင့် သားတော်" ဟူသော မာန်မာနမျိုးကို သူ့ဆီမှာ ရှာဖွေ၍ မရနိုင်ပါ။

## အကြောင်းရှိရာ အကျိုးလာ

သို့ဖြစ်၍ ရဟန်းဟူသမျှကို ရိုသေကိုင်းညွတ် တတ်သောရာဟုလာအား ရဟန်းများက လိုလိုချင်ချင်လက်ခံကြသည်မှာမဆန်းတော့ပါ။ နောင်တော်ကြီးဘုရား၏ သားတော်၊ ကျွန်ုပ်၏ တူတော်ရှင်သာမဏေလေးဘာပါး ရဟန်းတို့အလယ် မျက်နှာပွင့်လန်းနေသည်မှာ ပွင့်လန်းထိုက်၍ ပွင့်လန်းခြင်းပင် ဖြစ်ပေသည်။ သို့အတွက် ကျွန်ုပ် ဝမ်းသာအားရ ဖြစ်ခဲ့ရသည်ကို ဖုံးကွယ်ရန် လိုမည် မထင်ပါ။

သို့နှင့် ကျွန်ုပ်တို့တတွေ ဘုရားရှင့်နောက်တော်ပါးမှ တသီတတန်းကြီး လိုက်ပါကြရပြန်၏။ ဝေသာလီမှ ခရီးတထောက်အဖြစ် အာဠဝီမြို့သို့ ဆိုက်ရောက်လာကြ၏။

## အအိပ်မတော် တည

အာဠဝီမြို့အနီး အဂ္ဂါဠဝ အမည်ရသော ကျောင်း၌ စခန်းချ၍ နေကြရာ ညစဉ်ညတိုင်း တရားပွဲကြီးများ ကျင်းပကြရ၏။ ကျွန်ုပ်အပါအဝင် ဓမ္မကထိက ပုဂ္ဂိုလ်များက တပါးပြီးတပါး ဟောကြ

ရ၏။ တရားပွဲသိမ်းသောအခါ ကျွန်ုပ်တို့ ဓမ္မကထိက ပုဂ္ဂိုလ်များ သည် မိမိတို့ ကျောင်းများသို့ အသီးသီးပြန်၍ ကျိန်းစက်ကြ၏။ ဖြစ်သစ်စ ရဟန်းငယ်ကလေးများကား တရားပွဲကျင်းပရာ ဓမ္မာရုံ၌ပင် တရားနာ လာကြသော တကာများနှင့်အတူ အိပ်နေရစ်ကြ၏။

ငယ်ရွယ်သူများပီပီ စိတ်လွတ်လက်လွတ် အိပ်နေကြသော ထိုရဟန်းငယ်ကလေးများသည် စောစောနိုးသော တကာများ ရှေ့ဝယ် မဖွယ်မရာ ဖြစ်နေကြရ၏။ တချို့က တကျွိကျွိနှင့် သွားကြိတ်နေကြ၏။ တချို့ကတော့ ဂရောက်ဂယက်နှင့် ဟောက်သံ ပေးနေကြ၏။ စောစောက ကြည်ညိုလေးစားခဲ့လေသမျှ တညတာ အတူအိပ်မိသဖြင့် ကဲ့ရဲ့စရာ ဖြစ်လာရပေပြီ။

## ရာဟုလာ ဘယ်မှာအိပ်မည်နည်း

ဤဖြစ်ရပ်၏ အရင်းခံမှာ တကာများနှင့် အတူ အိပ်ခဲ့ခြင်းသာ ဖြစ်၍ ဘုရားရှင်ကပါ စိတ်အာပတ်များအပါအဝင် သဟသေယျ သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ ရဟန်းမဟုတ်သူ ၊မှန်လျှင် ရဟန်းတို့နှင့်အတူ တမိုးတရံတည်းသော ကျောင်း၌ ညအိပ်ခွင့် မရှိတော့ပြီဖြစ်ရာ ရာဟုလာ ဘယ်မှာသွား၍ အိပ်ရပါမည်နည်း။

အတူအိပ်နေကျ ရဟန်းများက သဟသေယျ သိက္ခာပုဒ် ပညတ်ထားပြီဟု ပြောလိုက်ရုံမျှဖြင့် ရာဟုလာသည် ကျောင်းထဲမှ ထွက်လာခဲ့၏။ ပြောကြားသော ရဟန်းများကိုလည်းကောင်း၊ ပညတ်လိုက်သော သိက္ခာပုဒ်ကိုလည်းကောင်း တစုံတရာ ပြစ်တင်ဝေဖန်ခြင်း မရှိ။ အဟုတ်တကယ် ပြောသည်လား၊ ကျီစယ်သည်

လားဟု စကားစ ရှည်မနေ။ ခါတိုင်းလို အတူတကွ ညအိပ်ခွင့် မရှိတော့ ဟူသော စကားတခွန်းတည်းဖြင့်ပင် ဖြောင့်ဖြောင့် တန်းတန်း ထွက်ခွာလာခဲ့၏။

## မည်သူ့ကိုမျှ အပူမကပ်

အခြား သာမဏေငယ်များသာ ဤလို အကျဉ်းအကြပ်မျိုးနှင့် ကြုံရလျှင် နီးစပ်ရာသို့ လာ၍ အပူကပ်ကြမည် ဖြစ်၏။ အပူကပ်ရမည့် ပုဂ္ဂိုလ်များကလည်း အပြည့်အစုံ ရှိနေကြ၏။ သူ၏ ဥပဇ္ဈာယ်ဆရာ အရှင်မဟာ သာရိပုတ္တရာသည် ဤကျောင်းမှာပင် ရှိ၏။ သရဏဂုံပေးသော အရှင်မဟာ မောဂ္ဂလာန်လည်း အတူ ပါလာ၏။ ဘထွေးတော်စပ်သော ကျွန်ုပ်လည်း ရှိနေ၏။ ထို့ထက် သူ၏ ဖခမည်းတော် သီတင်းသုံးတော်မူရာ သီးသန့်ကျောင်းသည်လည်း မနီးမဝေးမှာပင် ရှိနေ၏။ သို့ပါလျက် ရာဟုလာသည် မည်သူ့ထံမှ မလာဘဲ ဘုရားရှင် အသုံးပြုတော်မူသော ကုဋ္ဋီအိမ်ထဲမှာ တပါးတည်း အိပ်နေခဲ့၏။ နံနက်လင်း၍ ဘုရားရှင် ခေါ်၍ အမိန့်ရှိခါမှ ကျွန်ုပ်တို့ အကြောင်းစုံ သိကြရပေတော့သည်။

## ရာဟုလာ၏ ကျေးဇူး

ကုဋ္ဋီအိမ်ထဲ၌ ရာဟုလာ တညအိပ်ခဲ့ရခြင်းမှာ အိပ်ရကျိုးနပ်သည် ဟု ဆိုနိုင်ပါ၏။ နှစ်ညဥ့်သုံးညဥ့်မျှ အတူအိပ်ခွင့်ကို ဘုရားရှင် ခွင့်ပြုတော်မူလိုက်သဖြင့် ဖြစ်သစ်စရှင်သာမဏေများက ရာဟုလာ-

ကို ကျေးဇူးတင်စရာ ဖြစ်ပါ၏။သာသနာ့ဘောင် ရောက်လာခါစ အညွန့်အညှောက် ကလေးများကို ရေဖြန်းပေးလိုသော ကျွန်ုပ်တို့ တတွေကလည်း ရာဟုလာ၏ ကျေးဇူးဂုဏ်ကို မေ့နိုင်မည်မဟုတ် ပါတည်း။

[ပါစိတ်၊ သဟသေယျသိက္ခာပုဒ် ပါဠိတော်နှင့် အဋ္ဌကထာ]

## တောစကား တောင်စကား ရှောင်ရှားစေ

ရဟန်းများနှင့်အတူ အိပ်ရန် နှစ်ညသုံးည ခွင့်ပြုချက်ရလာသည့် အခိုက် ရာဟုလာသည် ကျွန်ုပ်ထံသို့ ရောက်လာပါ၏။ သို့သော် သူလာခဲ့ခြင်းမှာ ဘထွေးတော် ဟူသော ဆွေမျိုးသံယောဇဉ် ကြောင့် ဟုတ်လိမ့်မည် မထင်ပါ။ သူ သင်ကြားထားသော စာများ အာဂုံပြန်၍ ပြလိုသောကြောင့်သာ ဖြစ်ပါလိမ့်မည်။

သာမဏေ ဘောင် ရောက်လာသည့်အချိန်မှ စ၍ ရာဟုလာကို သူ့ခမည်းတော်ဘုရားက ကုမာရပဥှာမည်သော သုတ္တန်တခုကို နှုတ်တက်ချ၍ ပေးတော်မူ၏။ သည်သုတ္တန်ထဲက အနက်အဓိပ္ပာယ် များကို ရှင်ငယ် ရာဟုလာ အကုန်အစင် မသိနိုင်သေးသော်လည်း အထိန်းသဘောဖြင့် သင်ပေးတော်မူခြင်း ဖြစ်ပေသည်။ တော စကား၊ တောင်စကားတွေ ပြောကြားနေမည့်အစား သိသင့် သိထိုက်သော တရားသဘောများနှင့် ယဉ်ပါးလာအောင် သွေး ဆောင်ပေးသည့် သဘောလည်း ဖြစ်ပါလိမ့်မည်။

## အတိုအထွာ ကျက်စရာ

သို့ဖြစ်၍ ရာဟုလာ ရောက်လာသည် ဆိုလျှင်ပင် ကျွန်ုပ်က သရဏဂုံသုံးပါးကိုထပ်၍ အရွတ်ခိုင်းရ၏။ သာမဏေများကျင့်သုံးရသော ဆယ်ပါးသီလကို စစ်ဆေးရ၏။ ထို့နောက်မှာကား ဘုရားကိုယ်တော်တိုင် သင်ကြားပေးခဲ့သော ကုမာရပဉှာသုတ္တန်အလည့်ဖြစ်ရာ ကျွန်ုပ်က ဘုရားရှင်ကိုယ်စား မေးခွန်းအဆင့်ဆင့် ထုတ်ပေးရ၏။

"ရာဟုလာ၊ တခုဟူသည် အဘယ်နည်း"
"သတ္တဝါဟူသမျှ အာဟာရမှာ တည်ကြောင်းပါ ဘုရား"
"နှစ်ခုဟူသည် အဘယ်နည်း"
"ရုပ်နှင့်နာမ်ပါ ဘုရား"
"သုံးခုဟူသည် အဘယ်နည်း"
"ဝေဒနာ သုံးပါးပါ ဘုရား"
"လေးခုဟူသည် အဘယ်နည်း"
"အရိယသစ္စာလေးပါးပါ ဘုရား"
"ငါးခုဟူသည် အဘယ်နည်း"
"ဉပါဒါနက္ခန္ဓာငါးပါးပါ ဘုရား"

ဆက်လက်၍ အတွင်းအာယတန ခြောက်ပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ မဂ္ဂင်ရှစ်ပါး၊ သတ္တဝါသ ကိုးပါး၊ ရဟန္တာပုဂ္ဂိုလ်၏ အင်္ဂါဆယ်ပါးတို့ကို အမေးအဖြေ လုပ်ကြရပေသည်။

[ခုဒ္ဒကနိကာယ် ကုမာရပဉှာ]

## ယယ်စဉ်ခိုက်မို့ မိုက်ရှာသည်

ကျွန်ုပ်၏ သီတင်းသုံးဖော်များက ရာဟုလာ၏ စိတ်ကို စမ်းသပ်ခဲ့ကြကြောင်း ရှေ့နားမှာ တင်ပြခဲ့ပါပြီ။ ရဟန်းများက မိမိတာဝန် ဖြစ်လေဟန် စကားစောင်းပစ်ရာတွင် ပြန်လှန်ချေပခြင်း မပြုသည်ကိုလည်း သတိပြုမိကြလိမ့်မည် ထင်ပါ၏။ မိမိအပေါ် မဟုတ်မဟပ် ပြောကြားလာပါလျက် အသာ ခေါင်းငုံ့နေခဲ့သော ရာဟုလာသည် မိမိကလည်း သူတပါးအပေါ် ထိုသို့ပင် ပြန်ပြောခဲ့ဘူးပါသလော။

ဤကဲ့သို့ မေးမြန်းသူ တဦးဦး ရှိလာပါလျှင် ကျွန်ုပ်က ပြောခဲ့ဘူးပါသည်ဟု ရိုးသားစွာ ဖြေကြားရမည် ဖြစ်ပါ၏။ ဤသို့ ထုတ်ဖော် ဖြေကြားလိုက်ခြင်းဖြင့် တူတော်မောင်၏ ဂုဏ်သိက္ခာ ထိခိုက်သွားလိမ့်မည်ဟု ကျွန်ုပ် မယုံကြည်ပါ။ ဟိုတချိန်က အမှန်တကယ် ဖုံးကွယ်ခဲ့၊ လိမ်ညာခဲ့သည်ကို ထိန်ချန်ထားခြင်းကသာ ကျွန်ုပ်တို့တူဝရီးနှစ်ဦးအတွက်အမဲကွက်ကြီးဖြစ်နေရစ်ပါလိမ့်မည်။

## နွှဲသည် ချွဲသည် ငိုတတ်သည်

မှန်ပါသည်။ ဘုရားရှင့် အမိန့်တော်ဖြင့် ရှင်သာမဏေ ဘောင်ရောက်သည့် တိုင်အောင်ပင် ရာဟုလာမှာ နွှဲဆိုးဆိုး၍ကောင်းနေတုန်း ဖြစ်၏။ သူ့ကို ဖခင်မျက်နှာ မမြင်ရရှာသော သားကလေးဟု သူ့မယ်တော်က ယုယခဲ့၏။ ဖခင်မဲ့ သားကလေးတယောက်ဖြင့် စိတ်ဓာတ် မကျဆင်းစေရန်ဟု ဘိုးအေ ဘွားအေ များက

အလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြ၏။ သူပြောသမျှကို သဘောကျကာ သူလုပ်လေသမျှကို ပြုံးပီတိ ဖြာခဲ့ကြ၏။ ဤလို အခြေအနေမျိုးမှ ထွက်လာခဲ့ရသော ကလေးငယ် တယောက်သည် ရုတ်တရက် ချက်ချင်း သူ့အမူအကျင့်ကို ပြင်နိုင်ရန် မလွယ်ပါ။ ကျွန်ုပ်တို့တတွေကိုပင် လူကြီးမိဘများ သဘောထားကာ နွဲ့ဆိုးဆိုး၍သာ နေခဲ့၏။ စားရေး သောက်တာမှာ ချေးများခဲ့၏။ သူ့အလိုအတိုင်း လိုက်ပါလာကြအောင် ဟန်ဆောင်မျက်ရည်ကို သုံးခဲ့၏။ အပြစ်တင်စရာ အမူတခုခု ပြုပြီး၍ မေးလျှင် လှိမ်းလွှဲရှောင်ဖယ်၍သာ နေတော့၏။

## အရိုးကို အရွက်မဖုံးနိုင်

ဤသည်တို့မှာ လူကြီးမိဘများ၏ စေတနာ လွန်ကဲမှုကြောင့်သာဖြစ်၏။ ရာဟုလာ၏ ပင်ကိုယ် စိတ်ဓာတ်ကား မူရာမာယာလုပ်တတ်သူ မဟုတ်ပါ။ သည်းမခံနိုင်လောက်အောင် ဆိုးသွမ်းမှုများလည်း မရှိခဲ့ပါ။ တရားတကွင်း နာသွင်းရပြီးနောက် သူ့အမူအရာများ ပြောင်းလွဲသွားခြင်းမှာ ထိုအကြောင်းကြောင့်ပင် ဖြစ်ပါလိမ့်မည်။

နွဲ့ဆိုး ဆိုးတတ်သော ရာဟုလာအား သူ့ခမည်းတော်က မူပြောင်းပေးတော် မူလိုက်သည်မှာ ဝေဠုဝန် ကျောင်းတော်မှာတုန်းက ဖြစ်ပေသည်။

တခုသော ညနေခင်း၌ ဘုရားရှင်သည်၊ တပါးတည်း ဖိုလ်ဝင်စားရာမှ ထွက်ကြွတော်မူကာ သားတော် ရာဟုလာ ရှိရာ

အမ္ဗလဋ္ဌိက ကျောင်းသို့ကြွရောက်တော်မူ၏။ ကျောင်းသည် ဝေဠု ဝန်ကျောင်းတိုက်နှင့် တစပ်တည်း ဖြစ်သော်လည်း ရဟန်းများ အစဉ် ထာဝရ နေသော ကျောင်းမဟုတ်ပေ။ ပရိသတ်များကို ရှောင်ခွာ၍ ကိုယ့်တရားနှင့်ကိုယ် လွတ်လွတ်လပ်လပ် အေးချမ်း ငြိမ်သက်စွာ နေလိုသော ရဟန်းတို့၏ ခိုလှုံရာ ဌာနဖြစ်၏။

## အသံတိတ် မုသာဝါဒ

ထိုကျောင်းသို့ ရာဟုလာသွား၍ နေခြင်းမှာ တကယ်တော့ဖြင့် အတုမြင် အတတ်သင်ခြင်းသာ ဖြစ်၏။ ဤကျောင်းသို့သွား၍ အေးချမ်းစွာ နေထိုင်သော ရဟန်းများကို ဘုရားရှင်က ချီးကျူး စကား မိန့်ကြားတော်မူသည်ကို အားကျကာ ဘုမသိ ဘမသိနှင့် သွား၍ နေခြင်းဖြစ်၏။ ဤလို နေလိုက်လျှင် သူ့ဖခမည်းတော်က သူ့ကိုလည်း မြှောက်စားလိမ့်မည်။ အရေးပေးလိမ့်မည်ဟု သူက မြော်လင့်ခဲ့၏။ ဤသို့ ဟန်ဆောင် ပန်ဆောင် လုပ်ခြင်းမှာ အသံမထွက်သော မုသာဝါဒပင် ဖြစ်၍ ဤအပြုအမူကို အချိန်မှီ တားဆီးရန် ဘုရားရှင် ကြွတော်မူရခြင်း ဖြစ်ပေသည်။

## ခြေတော်အစုံ လက်အစုံ

ဘုရားရှင် ကြွတော်မူလာသည်ကို အဝေးကပင် လှမ်းမြင်ရ သဖြင့် ရာဟုလာသည် မိမိ၏ နေရာထိုင်ကို ဖုံခါလျက် အသစ် တဖန်ပြန်၍ ခင်းပေးထား၏။ ခြေဆေးရေကိုလည်း အရံသင့်

ခပ်ထား၏။ ခင်းထားသော နေရာ၌ ဘုရားရှင် ထိုင်မိသောအခါ ရာဟုလာသည် ပြည့်ဖြိုးသော ခြေတော်အစုံ၌ ရေကြည်ရေအေး များ လောင်းကာ လက်နှစ်ဖက်ဖြင့် ပွတ်နယ် ဆေးကြော၍ ပေး၏။

## မုသားဖက်လျှင် တရားပျက်

ခြေဆေးခြင်း ကိစ္စများပြီးလျှင် ဘုရားရှင်သည် ရေအိုးထဲမှ ရေအနည်းငယ်ကို ခပ်ယူကာ ဤသို့ မိန့်တော်မူ၏။

"ရာဟုလာ ခွက်ထဲက ရေကျန် အနည်းငယ်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင် ဖြစ်သည် ရာဟုလာ၊ သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရား နည်းပါးလှ၏"

ထို့နောက် ခွက်ထဲက ရေကျန်အနည်းငယ်မျှကို မချွင်းမချန် သွန်ပစ်တော်မူကာ-

"ရာဟုလာ၊ ရေကျန်အနည်းငယ်ကို သွန်ပစ် လိုက်သည်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင် ဖြစ်သည် ရာဟုလာ၊ သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသော သူတို့အား ရဟန်းတရားသည် တစမကျန် သွန်ပစ်ပြီးဖြစ်၏"

ထိုမှတဖန် ဘုရားရှင်သည် ရေခွက်ကို မှောက်၍ ပြတော်မူလျက်-

"ရာဟုလာ၊ မှောက်လျက်ထားသော ရေခွက်ငယ်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

ဤသို့ပင်ဖြစ်သည် ရာဟုလာ၊သိလျက်နှင့် မုသားဆိုရန်အရှက်မရှိသော သူတို့အား ရဟန်းတရားသည် မှောက်လျက်ရှိနေ၏။

ထိုမှတဆင့် မှောက်လျက်ထားသော ရေခွက်ငယ်ကို ပြန်၍လှန်တော်မူကာ–

"ရာဟုလာ၊ဘာမှမရှိတော့သောရေခွက်ငယ်ကို မြင်၏လော"

"မြင်ပါသည် အရှင်ဘုရား"

"ဤသို့ပင် ဖြစ်သည် ရာဟုလာ၊ သိလျက်နှင့် မုသားဆိုရန်အရှက်မရှိသောသူတို့အား ရဟန်းတရားဟူ၍ ဘာမှမရှိတော့ပေ"

## ဘာမထိ တိုက်ဆင်ကြီး

ခွက်ငယ်နှင့် ပတ်သက်သမျှ ဥပမာ လေးမျိုးကို ပေးပြီးလျှင် ဘုရားရှင်သည် နောက်ထပ် ဥပမာတခုကို ဆောင်တော်မူပြန်၏။

"ရာဟုလာ ပြည့်ရှင်မင်း၏ တိုက်ဆင်ကြီးသည် စစ်မြေပြင်၌ ရှေ့ခြေများဖြင့်လည်း တိုက်ခိုက်၏။ နောက်ခြေများဖြင့်လည်း နင်းခြေ၏။ ကိုယ်ရှေ့ပိုင်းဖြင့်လည်း တွန်းထိုး၏။ ကိုယ်နောက်ပိုင်းဖြင့်လည်း တွန်းလှဲ၏။ ဦးခေါင်းဖြင့်လည်း ခြိမ်းချောက်၏။ နားရွက်များဖြင့်လည်း ကာကွယ်၏။ အစွယ်များဖြင့်လည်း ထိုးဆွ၏။ အမြီးဖြင့်လည်း တိုက်ပွဲဝင်၏။ ဤသို့ ရှိသမျှ ကိုယ်အင်္ဂါအစိတ်အပိုင်းများက အလုပ်လုပ်ကြပါလျက် နှာမောင်းကိုကား

ပါးစပ်ထဲထည့်၍ ငုံထားပါလျှင် ဤတိုက်ဆင်ကြီးသည် သက်စွန့်ကြိုးပမ်း မတိုက်ခိုက်သေးဟု ဆိုရ၏။ အကယ်၍ နှာမောင်းကပါ တိုက်ပွဲဝင်ရာပါလာလျှင်ကား သက်စွန့်ကြိုးပမ်းတိုက်ခိုက်ပြီဟု ဆိုနိုင်၏။နှာမောင်းကိုမှ ထိမည် ခိုက်မည် မကြောက်တော့သော တိုက်ဆင်ကြီးအဘို့ မလုပ်ဝံ့ မကိုင်ဝံ့သော ကိစ္စဟူ၍ မရှိနိုင်တော့ပေ။

"ထို့အတူသာပင် သိလျက်နှင့် မုသားဆိုရန် အရှက်မရှိသောသူအားမပြုလုပ်ဝံ့သော မကောင်းမှုဟူ၍မရှိတော့ပေ။ထို့ကြောင့် ဤ သာသနာတော်တွင်းဝယ် ရယ်မော ပြောင်လှောင်သောသဘောဖြင့်ပင် မုသားစကား မပြောကြားမိအောင် စောင့်စည်းပါလော့"

ပရိယာယ်မပါ၊မာယာမနှော၊ ဟုတ်တိုင်းမှန်စွာ ပြောဆိုနိုင်ရေးအတွက် ဆုံးမတော်မူပြီးနောက် ဆက်လက်၍–

## ဆင်ခြင်စဉ်းစား အမှားမတွေ့

"ရာဟုလာ၊ ကာယကံ၊ ဝစီကံ၊ မနောကံ အလုပ်များကိုလုပ်မည်ပြုသော အခါ၌ ဖြစ်စေ၊ လုပ်နေဆဲမှာဖြစ်စေ၊ လုပ်ပြီးသောအခါမှာ ဖြစ်စေ ဤသို့ စဉ်းစား ဆင်ခြင်အပ်၏။ ဤငါ၏အမှုသည် မိမိကိုယ်တိုင် ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ သူတပါး ပင်ပန်းဆင်းရဲခြင်းငှာ ဖြစ်လေသလော၊ မိမိ သူတပါးနှစ်ပါးစုံ ဆင်းရဲပင်ပန်းခြင်းငှာ ဖြစ်လေသလော၊ ဆင်းရဲစေကြောင်း မကောင်းသော အမှုများ ဖြစ်လေသလော။ ဤသို့

စဉ်းစားဆင်ခြင်၍ ဆင်းရဲစေကြောင်း မကောင်းသော အမှုဖြစ်နေလျှင် ထိုအမှုကို တဇွတ်ထိုးစိတ်ဖြင့် မပြုလုပ်ပါလင့်....။

"မိမိ သူတပါး နှစ်ပါးလုံးအား မပင်ပန်း မဆင်းရဲစေကြောင်း ကောင်းသောအမှု ဖြစ်ပါက ထိုအမှုများကိုသာ နေ့ရောညပါ ကျင့်သုံး၍ နေပါလော့။ ကောင်းမြတ်သော အမှုများကို ပြုလျက် နှစ်သက်ဝမ်းသာ ပျော်ပျော်ကြီး နေပါလော့ ရာဟုလာ"

အသိနှင့်ယှဉ်သော အကျင့်များဖြင့် ဘုရားသားတော် ပီသစေရန် ဟောကြားတော်မူသော ဒေသနာတော်များပင် ဖြစ်ပေသည်။

[မဇ္ဈိမပဏ္ဏာသ၊ အမ္ဗလဋ္ဌိက ရာဟုလောဝါဒသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

## ရင်အုပ်မကွာ ထိန်းသိမ်းလာ

ထို့ပြင်တာ သားတော် ရာဟုလာ သာသနာ့ဘောင်မှာ စိတ်နှလုံး ဒုံးဒုံးချကာ နေနိုင်ရေးအတွက် မကြာခဏ ဟောကြားတော် မူခဲ့ရသော ဒေသနာတော်များလည်း ရှိပေသေး၏။

* ကာမဂုဏ်ဟူ၊ အာရုံငါးသွယ်
တပ်မက်ဖွယ်ကို၊ မတွယ်မကပ်
စိတ်ကိုဖြတ်၍၊ လူ့ဇာတ်ကိုခွာ
မြတ်သဒ္ဓါဖြင့်၊ ဤမှာဘဝ

ပစ္စက္ခတွင်၊ ဒုက္ခဆုံးရန်
စိတ်ရည်သန်လော့။ ။

* မကောင်းမြစ်ထာ၊ ကောင်းရာညွှန်လတ်
ဆရာမြတ်ကို၊ ဆည်းကပ်ရိုသေ
နေထိုင်ရန်မူ၊ လူသံမနှော
လူတောမထူ၊ ရိပ်ငူချမ်းမြေ့
တောခလေ့ဖြင့်၊ မွေ့မွေ့ပျော်စံ
ချင့်ချိန်ဥာဏ်ဖြင့်၊ သင့်ရုံမျှသာ
စားသောက်ရာ၏။ ။

* စားရေး ဝတ်ရေး၊ နေထိုင်ရေးနှင့်
ဆေးဝါးခေါ်ငြား၊ ပစ္စည်းများကို
ဘုရားတို့ထုံး၊ စိတ်နှလုံးဖြင့်
သုံးရုံသုံးပါ၊ မစွဲလာနှင့်
တဏှာရှေ့သွား၊ ခြေလှမ်းမှား၍
ပေါက်ဖွားလာရ၊ လူ့လောကကို
ဤမျှနှင့်တန်၊ တဖန်ထပ်ကျော့
ဝင်မဆော့နှင့်၊ သော့သော့လျင်စွာ
ဝေးဝေးခွာလော့။ ။

ရင်အုပ်မကွာ ဆုံးမ၍ လာတော်မူခဲ့သော ဒေသနာတော် အချို့အဝက် ဖြစ်ပေသည်။

[သုတ္တနိပါတ်၊ ရာဟုလသုတ်]

## ဘုရားသားတော် ဆိုသည်မှာ

ဘုရားကိုယ်တော်မြတ် ဆုံးမတော်မူသည့်အတိုင်း ဤလူ့လောက ကြီးထဲသို့ ရာဟုလာ ရောက်လာသည်မှာ တကျော ရွေ့သွား ခြေလှမ်းများ၍ပင် ဖြစ်၏။ စမ်းတဝါးဝါးဖြင့် ရောက်လာရသော ရာဟုလာသည် သာမန် ကလေးငယ် တယောက်မျှသာဖြစ်၏။ သို့ရာတွင် သူ့ခမည်းတော်က ဤလောက မြေမဟီဝယ် သမ္မာ သမ္ဗုဒ္ဓ ဟူသော ဘွဲ့တော်ကြီးဖြင့် တရားစည်မောင်း ရိုက် ညောင်းတော် မူခဲ့သော အခါမှာကား ဘုရားသားတော် ရာဟုလာ ဟူ၍ မျက်နှာ ပွင့်လန်း၍ လာခဲ့၏။

ထုံးတမ်းစဉ်လာ ဓမ္မတာအရ သူတို့နှစ်ဦးကို သားအဖ ဟု ကား ဆိုရပေါ၏။ သို့သော် ကျွန်ုပ်တို့ သာသနာ့ မျက်စိနှင့် ကြည့် လျှင်ကား ရောင်ထုံးကလေးနှင့် ရာဟုလာသည် ဘုရားရှင်နှင့် ဘာဆိုဘာမှ မတော်သေးပါ။ သာသနာတော်တွင်းသို့ ရှင်သာမ ဏေ အဖြစ်ဖြင့် ဝင်ရောက်လာခါမှ သားအဖ တော်စပ်လာကြ ပေသည်။

# ကောသလမင်းကြီး၏ သဒ္ဓါတရား

## ရာဟုလာနှင့် ပတ်သက်၍

ငွေသဝန်းကြီး၏ ထံဘော်ပါးမှ အရောင်အဝါ တောက်ပသော ကြယ်တာရာကြီး များကို တော်တော်စုံအောင် တင်ပြခဲ့ပါပြီ။ ဤကြယ်တာရာများနည်းတူ တောက်ပ လင်းထိန်သော အခြား ကြယ်တာရာ များလည်း ရှိပါသေးသည်။ သို့ရာတွင် ထိုကြယ် တာရာ ကြီးများကို နောက်အခန်းများအတွက် ချန်ထားကာ သာသနာ့ အကျိုးဆောင် လူပုဂ္ဂိုလ်ကြီးများကို ကြားညှပ်တင်ပြ ရပါဦးမည်။

ပသေနဒီကောသလမင်းကြီးသည် ရာဟုလာ၏ ဘ၀တကွေ့ ဝယ် အထောက်အကူ ပြုခဲ့သူဖြစ်၍ သားတော် ရာဟုလာအခန်း နှင့် တဆက်တည်း သူ့အကြောင်းကို တင်ပြလိုက်ရပေသည်။

## ကိုယ့်ကိုယ်ကို မုန်းသူများ

"အရှင်ဘုရား၊ ဆိတ်ငြိမ်ရာ ဌာန၌ တယောက်တည်း ကိန်း အောင်းစဉ်တွင် တပည့်တော် ဤသို့ စဉ်းစားမိပါသည်။ မည်သူ သည် မိမိကိုယ်ကို ချစ်၍ မည်သူသည် မိမိကိုယ်ကို မုန်းသနည်းဟု သုံးသပ်မိပါသည်။ ဤတွင် ကာယ ဝစီ မနောတို့ဖြင့် ဒုစရိုက် ပြစ်မှုကျူးလွန်သူတို့သည် မိမိကိုယ်ကို မုန်းနေကြောင်း အဖြေ ပေါ်လာပါသည်။ သူတို့ကတော့ မိမိကိုယ်ကို ချစ်၍သာ ပြစ်မှု ကျူးလွန်ရပါသည်ဟုဆိုကောင်းဆိုကြပါလိမ့်မည်။အမှန်မှာကား ချစ်၍မဟုတ်ပါ။ မုန်းသူ တယောက်က မုန်းသူ တယောက်ကို အကျိုးယုတ်အောင် ပြုကျင့်သကဲ့သို့ မိမိအကျိုးယုတ်အောင် မိမိ ကိုယ်တိုင် ပြုသောကြောင့် မိမိကိုယ်ကို မုန်းရာရောက်ပါသည်။

## ကိုယ့်ကိုယ်ကို ချစ်သူများ

"ကာယ ဝစီ မနော တို့ဖြင့် ကုသိုလ်ကောင်းမှု ပြုသူများ သည်ကား မိမိကိုယ်ကို ချစ်နေသူများ ဖြစ်ကြပါသည်။ သူတို့က သူတပါးလောက် မိမိကိုယ်ကို မချစ်၍ ကုသိုလ်ကောင်းမှု ပြုပါ

သည်ဟု ဆိုကောင်းဆိုကြပါလိမ့်မည်။ အမှန်မှာကား သူတပါး လောက် မိမိကိုယ်ကို မချစ်ရှိမဟုတ်ပါ။ ချစ်သောသူတယောက်က ချစ်သောသူတယောက်ကို ကောင်းကျိုးဆောင်သကဲ့သို့ မိမိကောင်းကျိုးရှိအောင် မိမိကိုယ်တိုင် ဆောင်ရွက်သောကြောင့် သူတပါးထက် မိမိကိုယ်ကို ချစ်ရာ ရောက်ပါသည်ဘုရား”

ရှေ့တော်မှောက်မှာ လျှောက်ထားခဲ့သော ပသေနဒီကောသလမင်းကြီး၏ စကားများ ဖြစ်ပါ၏။ တရားလမ်းကြောင်းနှင့် ပတ်သက်၍ သူ့လက်လှမ်းမှီသမျှ လျှောက်ထားခဲ့ခြင်း ဖြစ်ပါသည်။

[ကောသလသံယုတ်၊ ပိယသုတ်]

## သည်လိုလူစား အများကြီး

“အရှင်ဘုရား၊ ဤလူ့ဘောင် လောကဝယ် စည်းစိမ်ချမ်းသာကြီးကျယ်စွာ ခံစားရပြီး နောက်မမေ့လျော့သူ၊ ကာမဂုဏ်အာရုံမခံမင်သူ၊ သူတပါးအပေါ် မတရားမှု မပြုကျင့်သူဟူ၍အင်မတန်နည်းပါးလှပါသည်”

“စည်းစိမ်ချမ်းသာ ကြီးကျယ်စွာ ခံစားရပြီး နောက် မေ့လျော့သွားသူ၊ ရလေလိုလေ အိုတဏှာဟု ဆိုရလောက်အောင် ကာမဂုဏ်အာရုံကို ရှေးကထက် ခံမင်လာသူ၊ သူတပါးအပေါ် မတရား ပြုကျင့်သူတွေကသာ ပေါများနေကြပါသည် ဘုရား”

ဤသို့လည်း ရံဖန်ရံခါ လောကသဘော၊ လူ့သဘောကို နှီးနှော ဖလှယ်တတ်သေးသည်။

[ကောသလသံယုတ်၊ အပ္ပကသုတ်]

## ဘယ်သူ့ အချစ်ဆုံးလဲ

"အရှင်ဘုရား၊ ထူးမြတ်သော နန်းပြာသာဒ်ထက်မှာ မလ္လိကာ မိဖုရားကြီးကို 'မိမိကိုယ်ထက် ပို၍ချစ်သောသူ ရှိပါသလား' ဟု တပည့်တော် မေးခဲ့ပါသည်။ ဤတွင် မလ္လိကာက 'မိမိကိုယ်ထက် ပို၍ ချစ်သောသူ မရှိပါ'ဟု လျှောက်ထားခဲ့ပါသည်"

မလ္လိကာ လျှောက်ထားချက်ကြောင့် တပည့်တော်၏ စိတ်ထဲမှာ မျက်ကနဲ ဖြစ်လိုက်မိပါသည်။ သို့ရာတွင် မလ္လိကာက တပည့်တော်နည်းတူ ပြန်မေးသည်တွင်ကား ထိုစိတ်ဝေဒနာ သက်သာ၍ သွားပါတော့သည်။ "မလ္လိကာ၊ မိမိကိုယ်ထက် ပို၍ချစ်သောသူ မရှိပါ"ဟု ဟုဘ်တိုင်းမှန်စွာပင် အဖြေပေးလိုက်ရပါသည်။

ဤသို့လည်း ကိုယ်ရေးကိုယ်တာ ကိစ္စများကိုလည်း ဖွင့်အံလာတတ်ပေသေးသည်။

[ကောသလသံယုတ်၊ မလ္လိကာသုတ်]

## မယုံတဝက် ယုံတဝက်

ဤသို့အားဖြင့် ကိုယ့်စိတ်ထဲမှာ ရှိလေသမျှကို ရင်းနှီး ပွင့်လင်းစွာ လျှောက်လာခဲ့သော ပသေနဒီကောသလ မင်းကြီးသည် ဦးစွာပထမ ဘုရားရှင်နှင့် တွေ့ဆုံခဲ့စဉ်မှာ ရှိခိုးဦးတင် ပြုခဲ့သူပင် မဟုတ်ပေ။ သူနှင့် ခင်မင် ရင်းနှီးသော အနာထပိဏ်

သူဌေးနှင့်အတူ ကျောင်းတော်သို့ လိုက်ပါလာကာ နှုတ်ဆက်ရုံမျှသာ နှုတ်ဆက်လျက်-

"အရှင် ဂေါတမသည်လည်း အတုမရှိ မြင့်မြတ်လှစွာသော သမ္မာသမ္ဗောဓိဉာဏ်ကိုရခဲ့ပြီ ဟူ၍ ဝန်ခံပါသလော"ဟုလျှောက်ထားခဲ့၏။ သာသနာ့ ပြင်ပက ပုဂ္ဂိုလ်များ ခေါ်ဆက့်သို့ပင် ဘုရားရှင်၏ အနွယ်တော်ဖြင့် ခေါ်ဝေါ်ခဲ့သည်ကို ကျွန်ုပ်သတိပြုလိုက်မိပေသည်။

ဤတွင် ဘုရားရှင်က-

"မင်းကြီး၊ အတုမရှိ မြင့်မြတ်လှစွာသော သမ္မာသမ္ဗောဓိဉာဏ်ကို ရသောသူဟူ၍ ဟုတ်တိုင်းမှန်စွာ ပြောဆိုလိုပါလျှင် ငါဘုရားကိုသာ ပြောဆိုရန် ရှိပေသည်" ဟု ပြတ်သားစွာ ဖြေတော်မူလိုက်၏။

## အသက်အရွယ်နှင့် အရည်အချင်း

ဖြေကြားသူဘက်က ပြတ်သားသည်ကား ဟုတ်ပါ၏။ မေးမြန်းသူ မှာကား ထိုအဖြေကြောင့်ပင် ပိုမို၍ တွေဝေသွားပုံ ရပေသည်။ သူ့စိတ်ထဲမှာ နှိုင်းစရာ ယှဉ်စရာတွေ ရှိနေ၍ပင် ဖြစ်ပါလိမ့်မည်။

"အရှင်ဂေါတမ၊ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ နိဂဏ္ဌနာဋပုတ္တ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ" ဟူ၍ ဆရာကြီးခြောက်ဆူ ရှိကြပါသည်။ သူတို့သည် ဗြဟ္မာမျိုးနွယ်မှ မွေးဖွား၍ရဟန်းပြုလာကြပါသည်။ မြောက်မြား

လှစွာသော တပည့်ပရိသတ်တို့ကို နည်းပေးလမ်းညွှန် ပြုနေကြပါသည်။ ထင်ရှားကျော်ကြား၍ ဂုဏ်သတင်း ကြီးမားကြပါသည်။ ကိုယ်ပိုင် အယူဝါဒများကို တီထွင်ကြ၍ လူများစွာတို့က သူတော်မြတ်များဟု အသိအမှတ်ပြု ခံရသူများ ဖြစ်ကြပါသည်။ အသက်ရော သိက္ခာပါ ကြီးရင့်ပြီးဖြစ်သော ထိုဆရာကြီးများကပင်လျှင် တပည့်တော်က တိုက်ရိုက်တွေ့ဆုံ၍ မေးသောအခါ အရှင်ဂေါတမကဲ့သို့ ဝန်မခံခဲ့ကြပေ။ အရှင်ဂေါတမမှာကား အသက်အားဖြင့် ငယ်ရွယ်သေး၏။ ရဟန်းပြုလာသော သိက္ခာဝါလည်း နုလှပါသေးသည် တကား”

အသက်သိက္ခာနှင့် အရှိန်အဝါကို အရည်အချင်းထက် ပို၍ လေးစားတတ်သော လူ့သဘောပင် ဖြစ်ပေသည်။

## ငယ်သော်ငြားလည်း လေးစားပါ

လူထဲက လူတယောက်အဖြစ်ဖြင့် သံသယ ဝင်နေသော ဘုရင်ကြီးအား လူတို့ထက် မြင့်မြတ်တော်မူသော မြတ်စွာဘုရားက ဆက်လက်၍ မိန့်တော်မူရပေသည်။

“မင်းကြီး၊ မင်းမျိုးမင်းနွယ်ကို ငယ်သည်ဟူ၍ မခန့်လေးစား မဆက်ဆံရာ၊ နိုင်ငံထက်ကလူ မပြုရာ။ အကယ်၍ ပြုခဲ့မိပါလျှင် ထိုသူ မင်းဖြစ်လာသောအခါ ကြီးစွာသော ရာဇဒဏ်ဖြင့် လက်စားချေခြင်း ခံရတတ်၏။

“မင်းကြီး၊ မြွေကို ငယ်သည်ဟူ၍ မခန့်လေးစား မပြုရာ။ မြွေငယ်ငယ်ကလေးက ကိုက်သော်လည်း သေတတ်သည်သာ ဖြစ်၏။

"မင်းကြီး၊ မီးကို အနည်းငယ်မျှသာဟူ၍ မခန့်လေးစား မပြုရာ။ လောင်စာနှင့် အရသင့်တွေ့လျှင် မဖြစ်လောက်သော မီးပွားကလေးက မီးပုံကြီး ဖြစ်လာတတ်၏။

"မင်းကြီး၊ သီလရှိသော ရဟန်းကို ငယ်သည်ဟူ၍ မခန့် လေးစား မဆက်ဆံရာ။ နိုင့်ထက်ကလူ မပြုရာ။ သား မယား မရှိ၊ ပစ္စည်းဥစ္စာမရှိ၊ ကိလေသာ အရင်းအမြစ်များကို ပယ်နုတ်ကာ အတွယ်အတာ မရှိသော ပုဂ္ဂိုလ်တို့ဖြစ်၍ ရိုသေလေးစား ထိုက်ပေသည်"

အသက်သိက္ခာ ငယ်သော်ငြားလည်း အရည်အချင်း ကြီးမား လျှင် လေးစားထိုက်ကြောင်း မိန့်တော်မူလိုရင်း ဖြစ်ပေသည်။ ထင်သာမြင်သာသော လောက ဥပမာများကြောင့် ပသေနဒီ ကောသလမင်းကြီး အားရကျေနပ်ကာ သာဝကတဦး အဖြစ် ခံယူသွားခဲ့ပေသည်။

[ကောသလသံယုတ်၊ ဒဟရသုတ်]

## ကောသလမင်းကြီး၏ ကောင်းမှုတခု

သာဝက အဖြစ်ကို ခံယူပြီးနောက် ကောသလ မင်းကြီးသည် ဇေတဝန်ကျောင်းတိုက်အတွင်း၌ ကျောင်းတဆောင် ကုသိုလ် ပါဝင်ခဲ့၏။ အဓိက ကျောင်းကြီးလေးဆောင်တွင် သလဠာဂါရ ကျောင်းကြီးမှာ မင်းကြီးကောင်းမှု ဖြစ်ပေသည်။ကျောင်းတကာ ဖြစ်ရာမှ တစထက်တစ ဘုရားရှင်နှင့် ရင်းနှီးလာကာ အကြောင်း အရာများစွာကို ဆွေးနွေး လျှောက်ထားခဲ့၏။ ဘုရားရှင်၏အရှိန်၊

ကျောင်းတော်၏ အရှိန်ဖြင့် ရောက်လာသည့် အခါတိုင်းမှာ စိတ်နှလုံးချမ်းမြေ့စွာ ရှိခဲ့ပေသည်။

## ဗိုက်ခေါက်ပေါ်က ရေမြောင်း

သို့ရာတွင် တခါတခေါက် ရောက်လာစဉ်မှာကား အဆင်မပြေသော ဖြစ်ရပ်တခု ကြုံတွေ့လာခဲ့ရ၏။ ကောသလမင်းကြီးသည် လူကောင်ဝသည်နှင့်အမျှ အစားကြီးလှ၏။ အစားကြီးသည်နှင့် အမျှ လူကောင်ဝလှ၏။ အစားနှင့်အဝ လိုက်တမ်းပြေးတမ်း ကစားရာတွင် ဆန့်တစိတ်ချက်ကုန်သည့် အဆင့်ထိ ရောက်လာ၏။ သူ၏ ဝမ်းဗိုက်ကြီးမှာလည်း မြင်မကောင်း ကြည့်မကောင်း လောက်အောင် ဖောင်းစူလာ၏။ ထိုင်၍ ရေချိုးသောအခါတွင် ဖောင်းစူနေသော ဗိုက်ကြီးမှ ပတ်ပတ်လည် အတွန့်အခေါက်များ တက်လာ၍ မြောင်းသဖွယ်ဖြစ်ကာရေများပင် တင်နေသည်ဟူ၏။

## အစားပုတ်သော ဒုက္ခ

အစားကြီးခါမှ ရှိစေ၊ အစာကျေညက်ပြီးသည့် အချိန်မှာ ရောက်လာလျှင် တော်ပါသေး၏။ သို့သော် ထိုနေ့က သူရောက်လာချိန်မှာ ညနေစာ စားပြီးချိန်မှာ ဖြစ်၏။ သူ့စိတ်ထဲမှာ လျှောက်ထားချင်သော အချက်ကလေးပေါ်လာ၍ ကျောင်းတော်သို့ လာခဲ့သော်လည်း ရှေ့တော်ရောက်လျှင်ကား သူ ဟန်

မဆောင် နိုင်တော့ပေ။ ထမင်းဆိပ် တက်ကာ တသန်းသန်း တဝေဝေ ရှိနေရသည့်အထဲ အဝအပြဲ စားထားသော ဗိုက်ကြီးက လည်း တမှောင့် ဖြစ်နေရ၏။ ဘုရားရှင်ရှေ့တော်မှာဖြစ်၍ ဒူးချ ထိုင်နေရာတွင် ဗိုက်နှင့်ပေါင်နှင့် ထိကာ မသက်မသာ ဖြစ်နေရ၏။

## ပြုပြင်ရေးတရား တပုဒ်

ဤတွင် ဘုရားရှင်က....

"အစာစားရာ၊ သတိပါ၊ တိုင်းတာသိတတ်စေ၊ နည်းပါး ရောဂါ ကျန်းမာချမ်းသာ၊သက်ရှည်ကြာ၊ အိုခါနောက်ကျပေ"

ပြုပြင်ရေး တရားတပုဒ်ကို မှတ်သားလွယ်အောင် ဆောင်ပုဒ် ပြုလုပ်၍ ဟောတော်မူရ၏။

ကောသလမင်းကြီး ကျောင်းတော်လာတိုင်း သုဒဿန မည် သော လုလင် လိုက်ပါနေကျ ဖြစ်၏။ မင်းကြီးသည် ဤမျှ တိုတောင်းသော ဆောင်ပုဒ်ကိုပင် မကျက်မမှတ်နိုင်တော့ပြီမို့ သုဒဿနကို အရကျက်ယူခဲ့ဘို့မှာကာ နန်းတော်သို့ ပြန်သွားရ၏။

## တစိတ်ချက်မှ တပြည်ချက်သို့

နောက်တနေ့ ညနေစာ ပွဲတော်တည်ချိန်တွင် တာဝန်ပေးချက် အရ သုဒဿနလုလင်သည် အနားမှာ စောင့်လျက် ရှိ၏။ အစား မက်လှသော ဘုရင်ကြီးအား ဆောင်ပုဒ်ရွတ်၍ သတိပေးရန်-

ဖြစ်၏။ သို့သော် စားလျှင်စားချင်းကား မရွတ်သေးပါ၊ စားနေကျအတိုင်း စား၍ ကုန်ခါနီးကျမှ ရွတ်၍ သတိပေး၏။ ဘုရားရှင်ကိုယ်တော်တိုင်က ရွတ်ရမည့် အချိန်အခါကို ညွှန်ပြကာ ပေးလိုက်သော ဆောင်ပုဒ်ကို ကြားနာ လိုက်ရသည်နှင့် မင်းကြီးသည် အာသာမပြေသေး၍ လှမ်းလင့်နေသော လက်ကို ရုတ်သိမ်းလိုက်ရပေသည်။

နောက်တနေ့ ရောက်သောအခါ သည်ကနေ့ စားသမျှသာ ပြင်ဆင်ကာ ဆောင်ပုဒ်ရွတ်ရပြန်၏။ မင်းကြီးကလည်း ဩဝါဒတော်ကို ရိုသေသောအားဖြင့် လက်ရုတ်ရပြန်၏။ ဤသို့ တစထက်တစ လျှော့ချလာခဲ့ကာ တပြည်ချက်မျှဖြင့် တင်းတိမ်နိုင်လာ၏။

## လက်ငင်း လက်တွေ့ အကျိုးတရား

အစား လျှော့စား ချလိုက်သည်နှင့်အမျှ မင်းကြီး၏ ဗိုက်ကြီးသည်လည်း လျှော့ကျလာကာ ကြည့်ပျော်ရှုပျော် ဖြစ်လာ၏။ သွားလာ လှုပ်ရှားရ လွယ်ကူလာ၏။ ရှေ့တော် မှောက်မှာ သက်တောင့်သက်သာ ထိုင်နိုင်လာ၏။ မသန်းမဝေဘဲ အချိန်ကြာကြာ ထိုင်၍ ဆွေးနွေးနိုင်လာ၏။ ဘုရားရှင့် အဆုံးအမတော်ဖြင့် လက်ငင်း လက်တွေ့ အကျိုးထူး ခံစားရပြီ ဖြစ်သော ကောသလ မင်းကြီးသည် မိမိ၏ ကိုယ်ခန္ဓာကို အားပါးတရ ပွတ်သပ်ကာ–

"ဘုန်းတော်ကြီးသော ဘုရားရှင်သည် ပြုပြင်ရေးနှင့် သိမြင်ရေး ဟူသော အကျိုးစီးပွား နှစ်ခုလုံးဖြင့် ချီးမြှောက်တော်မူပါ

ပေသည် တကား”ဟု အားရဝမ်းသာ ကြွေးကြော်ခဲ့ပါပေသည်။
[ကောသလသံယုတ်၊ ဒေါဏပါကသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

## စစ်ဘုရင်ကြီး၏ ချစ်ခင်မှု

အစားလျော့၍ ဗိုက်လျော့သွားပြီ ဖြစ်သော ကောသလမင်းကြီးသည် စစ်ပွဲများကိုလျှင် သူကိုယ်ကိုင် ဦးစီးတိုက်ခိုက်လာသည့် အဆင့်ထိ ရောက်လာခဲ့၏။ တနေ့တွင် မင်းကြီးသည် စစ်ပွဲတခုကို အောင်မြင်စွာ ဆင်နွှဲပြီး နန်းတော်သို့ တိုက်ရိုက် မပြန်သေးဘဲ ကျောင်းတော်သို့ ဝင်လာ၏။ သူဝင်လာချိန်သည် ဆွမ်းစားပြီးချိန် ဖြစ်၍ ဘုရားရှင်သည် ဂန္ဓကုဋီကျောင်းတံခါးများ ပိတ်၍ သက်တောင့်သက်သာ လျောင်းစက်နေခိုက် ဖြစ်၏။ ဝင်ရခက် ပြန်ရခက် ဖြစ်နေသော မင်းကြီးသည် ကျွန်ုပ်တို့ထံ အကူအညီ တောင်းလာသဖြင့် ဘုရားရှင်ထံ ဝင်ရောက်နိုင်မည့် နည်းလမ်းကို ညွှန်ကြားလိုက်ကြရ၏။

ကျွန်ုပ်တို့ ညွှန်ကြားသည့်အတိုင်း ကောသလ မင်းကြီးသည် ဂန္ဓကုဋီ ကျောင်းတော် ဆင်ဝင်သို့ ခြေဖော့နင်း၍ဝင်ကာ တံခါးကို အသာအယာ ခေါက်လိုက်၏။ တံခါး ပွင့်သွားလျှင် မင်းကြီးသည် ခြေတော်အစုံ ကြာပဒုံတွင် ခေါင်းဖြင့်တိုးဝှေ့လျက် ခြေချောင်းကလေးများကို နမ်းစုပ်၏။ လက်များဖြင့်လည်း မြတ်နိုးစွာ ပွတ်သပ်၏။

## ကျေးဇူးရှင်မို့ ကျေးဇူးတင်

"မင်းကြီး၊ အဘယ်သို့သော အကျိုးကျေးဇူးများကို တွေ့မြင်ရ၍ ဤကိုယ်ခန္ဓာပေါ်မှာ ဤမျှလောက် ထူးထူးကဲကဲ ရိုသေလေးစားမှု ပြုနေရပါသနည်း။ ချစ်ခင်မြတ်နိုးမှု ပြုနေရပါသနည်း"

ကောသလမင်းကြီး၏ သဒ္ဓါကြည်ညိုစိတ်များကို ငြိမ်သက်စွာ ခံယူရင်း ဘုရားရှင် မေးတော်မူလိုက်ရာ

"အရှင်ဘုရား၊ ဘုရားရှင်သည် လူများစွာတို့၏ အကျိုးစီးပွား တိုးပွားစေရန် ဆောင်ရွက်တော် မူပါ၏။ လူများစွာတို့၏ ချမ်းသာသုခ ပြန့်ပြောစေရန် ဆောင်ရွက်တော် မူခဲ့ပါ၏။ လူများစွာတို့ကို ကောင်းမှုကုသိုလ်ဖြင့် မွေ့လျော်စွာ တည်နေကြရန် ဟောကြားတော် မူခဲ့ပါသည်။ ဤသို့သော အကျိုးကျေးဇူးများကို တပည့်တော်ကိုယ်တိုင်တွေ့မြင်ရ၍ ဤမျှလောက် ထူးထူးကဲကဲ ရိုသေလေးစားမှု ပြုရပါသည်။ ချစ်ခင်လေးစားမှု ပြုရပါသည် ဘုရား"

ကောသလမင်းကြီးက အားပါးတရ လျှောက်ထားလိုက်၏။ ထိုအကျိုးကျေးဇူးများတွင် ဘုရားရှင်၏ ဩဝါဒဖြင့် ပေါ့ပေါ့ ပါးပါး ဖြစ်လာသော သူ့ကိုယ်ခန္ဓာလည်း အပါအဝင် ဖြစ်ပေလိမ့်မည်။

[အင်္ဂုတ္တရ၊ ဒသကနိပါတ်၊ ဒုတိယ ကောသလသုတ်]

# ကျွန်ုပ်၏ သူငယ်ချင်း

### လူချင်းတော့ ခင်ပါ၏

ကောသလမင်းကြီးကဲ့သို့ပင် ဘုရားရှင်နှင့် ပထမဆုံး တွေ့စဉ်က ပေါ့ပေါ့ဆဆ သဘောထားခဲ့သူကား မလ္လမင်းသား ရောဇ ဖြစ်ပါ၏။ ကျွန်ုပ်၏သူငယ်ချင်း ရောဇအကြောင်းကို ဤမှတ်တမ်း အစပိုင်းမှာ အရိပ်အမြွက်မျှ တင်ပြခဲ့ဘူးပါသည်။ လူ့ဘဝမှာ ကတည်းက သူငယ်ချင်း ရင်းချာ ဖြစ်ခဲ့သော ရောဇသည် ကျွန်ုပ် ရဟန်းပြုလာချိန်မှာလည်း အကျွမ်းတဝင် ခင်မင်မြဲ ခင်မင်ခဲ့ပေသည်။

ဤသို့ ခင်မင်ခြင်းမှာ ပုဂ္ဂိုလ်ရေးအရသာ ဖြစ်၏။ အေးအတူပူအမျှ ပေါင်းသင်း ဆက်ဆံလာခဲ့ကြသော ငယ်သူငယ်ချင်းအဖြစ်ဖြင့် ခင်မင်နေခြင်းသာ ဖြစ်၏။ စည်းစိမ်ဥစ္စာနှင့် တန်ခိုးအာဏာတို့ကိုသာ ဘဝ၏ ပန်းတိုးတိုင်အဖြစ် သတ်မှတ်ထားသော ရောဇာသည် ကျွန်ုပ်တို့ သာသနာတော်ကြီးမှာ စိတ်ဝင်စားမှု မရှိသေးပါ။ တကယ်တော့ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်ပင် သူတို့နေရာ ကုသိနာရုံမြို့သို့ မရောက်သေးပါ။ ဘုရားရှင် မရောက်သေးသဖြင့် သူ့ဆီကို ကျွန်ုပ် ရဟန်းဝတ်နှင့်မရောက်ရသေးပါ။ သူ့ဆီက ပါးလိုက်သော စာများအရ လောကီရေးဘက်ကိုသာ အားသန်နေမှန်း သိထားသဖြင့် သွားလိုစိတ် မထက်သန်လှ၍လည်း ဖြစ်ပါသည်။

## သူငယ်ချင်း၏ စာတစောင်

ဇေတဝန် ကျောင်းတော်မှာ တထောက်နားစဉ်တွင် သူ့ဆီက စာတစောင် ရောက်လာပြန်ပါသည်။ မတွေ့ရမမြင်ရတာ ကြာ၍ တွေ့ချင် မြင်ချင် ရုံ့ခက အခရေးကြီးလှသော ကိစ္စတခုကိုပါ သူငယ်ချင်းချင်း ခေါင်းချင်းဆိုင် တိုင်ပင်လိုပါကြောင်း ဖွဲ့ဖွဲ့နွဲ့နွဲ့ရေးသား ထားပေသည်။

## သူငယ်ချင်းတို့၏ ချစ်ခြင်းမေတ္တာ

ယခင်စာများတုန်းက ဖာသိဖာသာ နေနိုင်ခဲ့သော်လည်း ယခု စာကိုကား မနေနိုင်တော့ပါ။ အရေးကြီးလှသော ကိစ္စတခုကို သူငယ်ချင်းချင်း တိုင်ပင်ချင်ပါသည် ဟူသော အကြောင်းပြချက်က ကျွန်ုပ် စိတ်နှလုံးကို အရအမိ ဆုပ်ကိုင်လိုက်ပါပြီ။ ဘဝတသက်တာ အတွက် ရည်မှန်းချက်ချင်း မတူကြသော်ငြားလည်း သူငယ်ချင်းသည် သူငယ်ချင်းသာ ဖြစ်ပေသည်။ သူငယ်ချင်း အဖြစ်ဖြင့် အေးအတူ ပူအမျှ ဆက်ဆံလာခဲ့ကြသော မေတ္တာဓာတ်များသည် ယခုထိ ရှင်သန်နေဆဲ ဖြစ်ပေသည်။ ဘဝချင်း ခြားပါလျက်၊ နေရပ်ဌာန ဝေးကွာပါလျက် နှစ်ဦးသော ပုဂ္ဂိုလ်တို့ကိုတကွနက် ပေါင်းစပ်ထားနိုင်သော စွမ်းအင်မှာ မေတ္တာဓာတ်ပင် မဟုတ်ပါလော။

## ပြုံးမြမြ မျက်နှာတော်

မေတ္တာဓာတ်၏ ရိုက်ခတ်မှုဖြင့် ကျွန်ုပ်သည် ဘုရားရှင်ထံ ဝင်လာခဲ့၏။ သူငယ်ချင်း၏ အမှာစာအရ ကုသိနာရုံသို့ သွားလိုပါကြောင်း လျှောက်ထား၏။ ဘုရားရှင်သည် သိမ်မွေ့သော အပြုံးတမျိုးဖြင့် ကျွန်ုပ်အား သွားခွင့်ပြုတော် မူပေသည်။

လမ်းတလျှောက်လုံးတွင် ကျွန်ုပ်သည် ပြုံးမြမြ မျက်နှာတော်ကို မကြာမကြာ မြင်ယောင်လာရ၏။ တနေရာရာမှာ ဘုရားရှင် ပြုံးတော်မူလျှင် ပြုံးရခြင်း၏ အကြောင်းကို ကျွန်ုပ်က နှုတ်

မဆိုင်းဘဲ မေးလျှောက်နေကျ ဖြစ်၏။ သည်တခါမှာကား ကျွန်ုပ်အာစေးထည့်ထားသလို နှုတ်ဆိတ်လျက် ထွက်လာမိ၏ ။ဇေတဝန်ကျောင်းတော်နှင့် ဝေးလာခါမှ ပြုံးရခြင်း၏ အကြောင်းရင်းကို သိချင်မြင်ချင်စိတ် ပြင်းပျလာရ၏။

## အရေးကြီးသော ထိုကိစ္စ

ရောဇ၏ စာထဲမှာ အရေးကြီးလှသော ကိစ္စဟု ပါခဲ့၏။ ထိုကိစ္စသည် တစုံတခုသော သံဃေဂဖြင့် ကျွန်ုပ်နှင့်အတူ သာသနာ့အရိပ်ကို ခိုလှုံလိုခြင်းလည်း ဖြစ်နိုင်၏။ သာသနာတော်ကြီးနှင့် ပတ်သက်၍ သိချင်ကြားချင်သော အချက်အလက် များလည်း ရှိနိုင်၏။ ဤအခြေအနေများသည် သာသနာတော်ကြီးအတွက် အားတက်စရာများသည် ဖြစ်ပေ၏။ သို့ပါလျက် ဘုရားရှင် ဘာ့ကြောင့်များ ပြုံးတော်မူခဲ့ရပါသနည်း။

အတွေးနှင့် ဖြေရှင်း၍ မရနိုင်ခဲ့သော ဤပြဿနာသည် အတွေ့နှင့်ကျခါမှ သူ့အလိုလို ပြေရှင်း၍ သွားပါတော့သည်။ ထိုအခါ အပြုံးနောက်မှာ အပြုံးများ ဆင့်လာရပါတော့သည်။

## ကိုယ့်အရေးနှင့် သူ့အရေး

ကျွန်ုပ်က အရေးကြီးလှသော ကိစ္စကို ကိုယ့်ဘက်သို့ ယက်၍ တွေးတောသလိုပင် သူငယ်ချင်း ရောဇကလေးကလည်း သူ့ဘက်က သူ့အမြင်ဖြင့် အရေးကြီးနေခြင်းသာ ဖြစ်ပေသည်။

ခင်မင်လှသော သူငယ်ချင်း နှစ်ယောက်မှာ တဦးက ဖန်ရေဆိုးသော သင်္ကန်းဝါဝါနှင့် ။တယောက်က ဖြူနီ ကြောင်ကြားအဝတ်များနှင့်။တယောက်က ကိုယ့်ရပ်ကိုယ့်ရွာမှာအခြေတကျ။ တဦးသူကား ခြေသလုံးအိမ်တိုင်။ ဤသို့ ဘဝချင်း ကွာခြားနေကြသော သူငယ်ချင်း နှစ်ဦးကို ရောဇက တခါတည်းပေါင်းစပ်လိုက်ချင်၏။ ငယ်ရွယ်စဉ် ဟိုယခင်ကအတိုင်း ပြောမနာ ဆိုမနာဘဝဖြင့် နေထိုင်ချင်လှ၏။ နှစ်ပေါင်းများစွာတောင့်တလာခဲ့လေသမျှကို ယနေ့တော့ အကောင်အထည် ဖော်လိုက်ပေပြီ။

## သူ့အရေးနှင့် ကိုယ့်အပြုံး

"အရှင်ဘုရား၊ တပည့်တော်မှာ ချမ်းသာလေသမျှ သက်ရှိသက်မဲ့ ဥစ္စာ ရတနာစုကို ကြည့်ရှုတော်မူပါ။ ဤဥစ္စာ ရတနာစုကို တပည့်တော်တို့ သူငယ်ချင်းနှစ်ဦးပိုင် အဖြစ်ဖြင့် ယနေ့မှစ၍ တပည့်တော် သတ်မှတ်လိုက်ပါပြီ။ ရှိရှိသမျှသော ဥစ္စာရတနာစုကို အညီအမျှ ခွဲယူ၍ တပည့်တော်တို့နည်းတူ ခံစားတော်မူပါဘုရား"

သူငယ်ချင်းရောဇ၏ အရေးကြီးလှသော ဤကိစ္စမှာ ကျွန်ုပ်အဘို့ အပြုံးဆေး တခွက်မျှသာ ဖြစ်ရပေသည်။

[ဒုကနိပါတ်ဇာတ်အဋ္ဌကထာ၊ ဝဏ္ဏနခဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

## ကြိုဆိုပွဲကြီး ခြိမ့်ခြိမ့်သဲ

ဤရွှဲဤမျှ သာသနာတော်နှင့် အလှမ်းဝေးလှသော ရောဇာသည် သူတို့မြို့သို့ ဘုရားရှင်ကြွတော်မူသောအခါမှာကား တခမ်းတနား ကြိုဆိုဖော် ရပါပေသည်။ မြို့သူမြို့သားအားလုံး၏ ရှေ့ဆုံးမှ နေကာ အံတက်ကြွဆုံး ကြိုဆိုသူလည်း ဖြစ်နေပေသည်။

ကျွန်ုပ်၏အရင်းနှီးဆုံး သူငယ်ချင်းတယောက်က ယခုလိုတခမ်း တနားကြိုဆိုဖော်ရသဖြင့် ကျွန်ုပ် ဝမ်းသာလှပါ၏၊ သီတင်းသုံး ဖော်များ အလယ်မှာ မျက်နှာပွင့်လန်းလှပါ၏။ ဘုရားရှင်နှင့် တကြိမ်တခါမျှ မတွေ့ရသေးသော်လည်း ကျွန်ုပ် အပြောအပြော ကောင်းသဖြင့် စိတ်ထားပြောင်းသွားခြင်း ဖြစ်မည်ဟု သီတင်း သုံးဖော်များက ထင်ကြေးပေးကြ၏။ သူတို့ ထင်ကြေးပေးကြ လွန်း၍ ကျွန်ုပ် ကိုယ်တိုင်ပင် သူတို့ဘက် ပါချင်ချင် ဖြစ်လာမိ၏။ သို့သော် ဘုရားရှင် ရှေ့မှာသာ ဤအကြောင်းကို လျှောက်ထား လိုက်မိလျှင် အပြုံးခံရမည် မလွဲပါတည်း။

## သူငယ်ချင်းမို့ ပွင့်လင်းသည်

"သူငယ်ချင်းရောဇာ၊ ဘုရားရှင်ကို ကြိုဆိုသော အခမ်းအနား များက သိုက်မြိုက်လွန်းလှပါကလား"

ကြိုခန်း ဆိုခန်းများပြီး၍ ကျွန်ုပ်ထံ ရောက်လာသော သူငယ် ချင်းကို အားရဝမ်းသာ မေးလိုက်ရာ—

"သိုက်မြိုက်ရသည့်အကြောင်းက သည်လို ရှိပါသည်ဘုရား။ အမှန်အားဖြင့် တပည့်တော်သည် ဘုရား တရား သံဃာ ရတနာ သုံးပါးမှာ ကြည်ညိုလှသည် မဟုတ်ပါ။ ဆွေမျိုးသားချင်းများကို မလွန်ဆန်သာ၍သာ ကြိုဆိုရပါသည်။ ဘုရားရှင်ကို မကြိုဆိုလျှင် ဒဏ်ငွေငါးရာ တပ်စတမ်းဟု ကတိ ပြုထားကြသောကြောင့်သာ ဖြစ်ပါသည် ဘုရား"

သူငယ်ချင်း ရင်းချာဖြစ်၍ ပွင့်ပွင့်လင်းလင်း လျှောက်ထား လိုက်သည်မှန်ပါ၏။ သို့ရာတွင် သည်စကားများကို ကြားရသော ကျွန်ုပ်မှာကား စိတ်မချမ်းမြေ့ပါ။ အရင်းချာဆုံး ဖြစ်သော သူငယ်ချင်း တယောက်က သာသနာတော်ကြီး တရပ်လုံးကို ပစ်ပစ်ခါခါ ပြောရက်လေခြင်း။ ကျွန်ုပ်မျက်နှာကိုမှ မထောက် ထားလေခြင်းဟု ယူကျုံးမရ စိတ်ဒုက္ခများ ဖိစီးလာကြ၏။

## စိတ်ဒုက္ခနှင့် ချစ်ခြင်းမေတ္တာ

ကိုယ့်ထင်ချက်နှင့် ဝေးကွာလွန်းလှသော သူငယ်ချင်းအဘက် ဖိစီးလာကြသော ဤစိတ်ဒုက္ခများသည် သူငယ်ချင်းတို့၏ချစ်ခြင်း မေတ္တာကိုကား ဟန့်တားနိုင်စွမ်း မရှိကြပါ။ ထိုမေတ္တာ စွမ်း အားဖြင့် အချစ်ဆုံး သူငယ်ချင်းတယောက်ကို သာသနာတော် ကြီးနှင့် ရင်းနှီးလာအောင် လုပ်ယူရပါမည်။ ဤကိစ္စမှာ ကျွန်ုပ် စွမ်းအားသက်သက်ဖြင့် လုံလောက်မည် မဟုတ်၍ ကျွန်ုပ်ထက် အခါဘာရာမကသာသော ဘုရားရှင်ထံ ချဉ်းကပ်ရပါသည်။

## မေတ္တာသက်နှင့် ခေါ်တော်မူပါ

"အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်း ရောဇာသည် ထင်ရှား ကျော်ကြားသော မလ္လမင်းသားတပါး ဖြစ်ပါသည်။ ဤ သာ သနာတော်၌ ဤလိုပုဂ္ဂိုလ်မျိုး သက်ဝင်ယုံကြည်လာလျှင် အကျိုး ကျေးဇူးရှိပါသည်။ သို့ဖြစ်၍ ဤသာသနာတော်သို့ ရောဇာသက်ဝင် ယုံကြည်လာအောင် ပြုတော်မူပါဘုရား"

"အာနန္ဒာ၊ ဤကိစ္စအတွက် ငါဘုရားမှာ အခက်အခဲမရှိပေ"

ကျွန်ုပ်လျှောက်ဘင်ချက်ကို လက်ခံတော်မူသဖြင့်ကျွန်ုပ်လည်း ကျောင်းခန်းထဲမှ ထွက်လာခဲ့၏။ တံခါးများကို အသာအယာ ပြန်စေ့ထားလိုက်၏။

## အကြည်ညိုဆုံး တန်ခိုးပြာဋိဟာ

ကျွန်ုပ်ထွက်လာပြီး သိပ်မကြာလိုက်ပါချေ။ သာသနာတော်ကြီး တရပ်လုံးကို ပစ်ပစ်ခါခါ ပြောရက်ခဲ့သော ရောဇာသည် ကျောင်း တော်သို့ သုတ်သုတ်ပြာပြာ ရောက်လာခဲ့၏။ သုတ်သုတ်ပြာပြာ ဖြင့် တွေ့သမျှ ကျောင်းများကို ဝင်ကြည့်လာ၏။

"အရှင်ဘုရားတို့၊ ဘုရားရှင်ကို တပည့်တော် ဖူးချင်လှပါ သည်၊ ယခုဘုရားရှင် ဘယ်မှာ ရှိပါသလဲ"

တွေ့သမျှ ရဟန်းများကိုလည်း တမေးထဲ မေးလာခဲ့၏။ သူ့ ခများမှာ နွားမကြီးပျောက်၍ လိုက်ရှာနေသော နွားကလေး

ကဲ့သို့ ဖြစ်နေရှာပေသည်။ ဘာဝနာ အားကောင်းလွန်းလှသော ဘုရားရှင်၏ မေတ္တာစေတ်များသည် သူ့တကိုယ်လုံးကို စိုးမိုး လွှမ်းခြုံလာကြပေပြီတည်း။

ကျွန်ုပ် တသက်တာတွင် အားအရဆုံး၊ အကျေနပ်ဆုံး၊ အကြည်ညိုဆုံးသော တန်ခိုးပြာဋိဟာ တခုပင် ဖြစ်ပေသည်။

## မေတ္တာမှ သဒ္ဓါသို့

"တကာရေဇ၊ တံခါးပိတ်ထားသော ဤကျောင်းတွင် ဘုရားရှင် ရှိတော်မူပေသည်။ ဆင်ဝင်အောက်သို့ ခြေသံမကြားအောင် လျှောက်သွားကာ တံခါးကို ငြင်ငြင်သာသာကလေး ခေါက်လိုက်ပါ။ သင့်ကို ဘုရားရှင်က ဝင်ခွင့်ပြုတော်မူပါလိမ့်မည်။

အနီးဆုံးကျောင်းမှ ရဟန်းတပါးက ညွှန်ပြသည့်အတိုင်း လိုက်နာကျင့်သုံးကာ ရေဇသည် ဘုရားရှင့် ခြေတော်ရင်းသို့ ဝင်ရောက်ခွင့် ရသွား၏။ သည်တုန်းက ကျွန်ုပ်သည် ဘုရားရှင့် အတွက် ချိုးရေ စီမံနေခိုက်ဖြစ်၍ အဝေးမှသာလျှင် လှမ်းကြည့် နေရ၏။ ချိုးရေများ ပြည့်စုံ၍ ကျောင်းတော်ထဲ ဝင်လာသည် တွင်ကား-

"အရှင်ဘုရား၊တပည့်တော် တောင်းပန်ပါ၏။ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး-လေးပါးသော ပစ္စည်းတို့ကို တပည့်တော်ထံမှ သာ အရှင်မြတ်တို့ အလှူခံစေချင်ပါသည်။ တခြားသူများ ထံမှာ အလှူမခံစေချင်ပါ ဘုရား"

ထက်သန်လှသော သဒ္ဓါတရားဖြင့် လျှောက်ထားနေသည်ကို တွေ့ရ၏။ သူ့မျက်နှာ အမူအရာကို ကြည့်သောအခါ ဝါကြွားပလွှားလိုသော အရိပ်အယောင်ကို မတွေ့ရပေ။ ဟောကြားတော်မူသော တရားတော်ကို အစဉ်လျှောက်လျက် အရိယာဉာဏ် အမြင်မှန် ရနေပြီဖြစ်ကြောင်း ကျွန်ုပ် ရိပ်စားမိပေသည်။

## ဉာဏ်နောက်မှာ သဒ္ဓါပါစမြဲ

"ရောဇ၊ ကျင့်သုံးမှုလမ်း မဆုံးသေးသော အရိယာဉာဏ် ရပြီးသူတိုင်းသည် သင်ကဲ့သို့ပင် လျှောက်ထားလိုကြသည်သာဖြစ်၏။ သူတပါးထံမှ အလှူမခံစေချင်ကြပေ။ သို့ဖြစ်၍ သင့်ထံမှလည်း အလှူခံကြပေလိမ့်မည်။ တခြားသူများ ထံမှလည်း အလှူခံကြပေလိမ့်မည်"

ထက်သန်လှသော သဒ္ဓါတရားကို မတိမ်းစောင်းရအောင် ပဲ့ကိုင် ထိန်းမတ်၍ ပေးတော်မူလိုက်ပေသည်။

## သဒ္ဓါရှိလျက် လှူရေးခက်

ဘုရားရှင် မိန့်တော်မူသည့် အတိုင်းပင် ကုသိနာရုံ မြို့သူမြို့သားတို့သည် အလှည့်ကျဖြင့် ဆွမ်းကျွေးလျက် ရှိကြ၏။ ကောင်းမွန်မြိန်မြတ်သော ဆွမ်းခဲဘွယ်များမျိုးစုံအောင် စီမံဆက်ကပ်နေကြပေ၏၊သူချင်းတွေက အားပါးတရ ကျွေးမွေး နေကြစဉ်တွင်

နောက်ကျနေသော ရောဇမှာကား အလှည့်ကျလာမည့် နေ့ကိုသာ စောင့်နေရဆဲ ဖြစ်၏။ စောစောစီးစီး အလှည့်တောင်းထားသူတွေက များပြားလှသဖြင့် ဘယ်ရက်မှာ အလှည့်လာမည်ဟုပင် မခန့်မှန်းနိုင်သေးပေ။

## မပါသေးသော အစားအစာနှစ်မျိုး

သို့နှင့် ရောဇသည် ဆွမ်းကျွေးရာသို့ လာ၍ကြည့်၏။ ဆွမ်း ခဲဘွယ်များတွင် အလှည့်မကျနိုင်သေးလျှင် အခြား စားသောက်ဖွယ် တမျိုးမျိုးဖြင့် ကြားဝင်နိုင်ရန်ဖြစ်၏။ သူ မြှော်လင့်ထားသည့် အတိုင်းလည်း တွေ့ရသဖြင့် ရောဇသည် ကျွန်ုပ်ထံ ချဉ်းကပ်လာကာ–

"အရှင်ဘုရား။ ဤ ဆွမ်းစားကျောင်းမှာ တပည့်တော် လျှောက်ကြည့်ရာတွင် ကောင်းနိုးရာရာ စီမံထားသော ခဲဘွယ် ဘောဇဉ် အမျိုးမျိုးကို တွေ့ရပါသည်။ သို့ရာတွင် ထို ခဲဘွယ် ဘောဇဉ်များထဲမှာ ဟင်းရွက်သုပ်နှင့် မုန့် ခဲဘွယ်ကိုကား မတွေ့ရသေးပါ။ ဤအစားအစာ နှစ်မျိုးကို စီမံ၍ ဆက်ကပ်ပါလျှင် ဘုရားရှင် အလှူခံပါမည်လားဘုရား"

"ရောဇ၊ ဤအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားလိုက်ပါဦးမည်"

ကျွန်ုပ် အရေးမပိုင်သော ကိစ္စဖြစ်၍ ဤမျှသာ ပြောဆို၍ ဘုရားရှင်ထံ လျှောက်ထားရာ အပြစ်မရှိသော အစားအစာ ဖြစ်၍ ခွင့်ပြုမိန့် ကျလာပေသည်။

[ဝိနည်း မဟာဝဂ်၊ ဘေသဇ္ဇခန္ဓက၊ ရောဇမလ္လဝတ္ထု]

## သူငယ်ချင်း၏ ကျေးဇူးများ

ကျွန်ုပ် သူငယ်ချင်းကို အကြောင်းပြုကာ ကျွန်ုပ်၏ သီတင်း သုံးဖော်များ စားခွင့်ရသော အစားအစာ နှစ်မျိုးနှင့် ဆက်စပ်ကာ နောက်ထပ် ရလာသော အခွင့်များကို တင်ပြပါဦးမည်။

ကုသိနာရုံမှာ ရှိနေသည့်အခိုက် ရောဇသည် ရောင်းရေးဝယ်တာ ကိစ္စဖြင့် ခရီးထွက်ရန် ရှိလာသဖြင့် ခေါမတိုင်းဖြစ် အထည်စများကို ကျွန်ုပ်ထံ အပ်နှံထားခဲ့၏။ သူ့အိမ်မှာစိတ်မချ၍ မဟုတ်ပါ။ ကျွန်ုပ် အလိုရှိလျှင် အလှူတကူ အသုံးပြုနိုင်ရန် အပ်နှံထားခဲ့ခြင်း ဖြစ်ပေသည်။

## အကျွမ်းဝင်၍ ယူသုံးခွင့်

အပ်နှံစဉ်က သာမန်မျှသာ သဘောထား၍ လက်ခံခဲ့၏။ ယခု ဤအထည်စများဖြင့် သင်္ကန်းချုပ်ရန် စိတ်ကူး ပေါ်လာသည်တွင်ကား သာမန်သဘောမျှဖြင့် မလုံလောက်သေးသည်ကို တွေ့ရ၏၊ ဤအထည်စများကို ထားခဲ့သော ရောဇသည် ကျွန်ုပ်၏ သူငယ်ချင်း ရင်းချာဖြစ်၏။ ရှိရှိသမျှ စည်းစိမ်များကိုပင် တဝက် ခွဲ၍ပေးဘူးသည်ဖြစ်၍ ဤအထည်လောက်ကိုဖြင့်ထည့်၍တွက်လိမ့်မည်ပင်မထင်။ ကျွန်ုပ် အသုံးပြုလိုလျှင် ပြုနိုင်ပါသည် ဟူ၍လည်း မှာကြားခဲ့သေး၏။ သို့ရာတွင် "ပေးပါ၏၊ ယူပါ၏" ဟု တရား

ဝင် နှုတ်မြွက်ကာ အပေးအယူ လုပ်မထားရသေးသဖြင့် တကယ် တန်း သုံးကြစို့ဆိုတော့ မဝံ့မရဲ ဖြစ်လာရ၏။

ကိုယ့်ဘာသာကိုယ် မဆုံးဖြတ်သာသော ဤကိစ္စကို ဘုရားရှင် ထံတွင် တင်ပြရာတွင်–

"ရဟန်းတို့၊ တွေ့ဘူး မြင်ဘူးသော သူငယ်ချင်းမိတ်ဆွေလည်း ဖြစ်၏၊ အတူတကွ စားသောက် နေထိုင်ဘူးသော သူငယ်ချင်း မိတ်ဆွေလည်း ဖြစ်၏။ အလိုရှိလျှင် အသုံးပြုပါဟူ၍ နှုတ်မြွက်ဘူး သည်လည်း ဖြစ်၏။ ဥစ္စာရှင်လည်း အသက်ရှင်နေဆဲ ဖြစ်၏။ ငါယူလျှင် ဥစ္စာရှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်လိမ့်မည် ဟူ၍ စိတ်ချယုံကြည်ရသူလည်း ဖြစ်၏။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းအား အကျွမ်းဝင်၍ ယူခွင့်ကို ငါဘုရား ခွင့်ပြုတော်မူ၏"

အကျွမ်းဝင်သူ အချင်းချင်း၏ ပစ္စည်းရေးကိစ္စများတွင် စိတ် အနှောက်အရှက် ဖြစ်စရာ ရှိသမျှကို ပယ်ဖျက်ပေးလိုက်သော အမိန့်တော်ကြီးပင် ဖြစ်လေသည်။

[ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဝိဿာသဂ္ဂါဟကထာ]

# ဆွေမျိုးရင်းချာ ဆေးဆရာ

## ကရုဏာ ဇာတ်လမ်းတပုဒ်

ကျွန်ုပ်၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သိမ့်စေတတ်သော ဂုဏ်တော် အပေါင်းတွင် ယထာဝါဒီ တထာကာရီ ဂုဏ်တော်လည်း အပါ အဝင် ဖြစ်၏။ နောင်တော်မြတ်၏ ထူးမြတ်သော ဂုဏ်တော် တပါးလည်း ဖြစ်၏။ အပြုနှင့်အပြော အပြောနှင့်အပြု နှစ်ခုလုံး ညီညွတ်သည်၊ ကိုက်ညီသည်ဟု အဓိပ္ပာယ် ရပေသည်။

ရဟန်းပရိသတ်အား ကရုဏာတရား ပွားများရန် ဟောကြား တော်မူခဲ့သော ဘုရားရှင်သည် ကိုယ်တော်တိုင်လည်း မွန်မြတ် သော မဟာကရုဏာဖြင့် ပြုစုတော်မူခဲ့ပေသည်၊ တပည့်ပရိသတ်

အားလုံးအတွက် မြင့်မြတ်သော စံနမူနာအဖြစ် ပြုစုတော်မူခဲ့သော ဇာတ်လမ်းတပုဒ်ကို ယခု တင်ပြလိုပါသည်။

မည်သည့်အရပ်ဒေသနသို့ ရောက်သည် ဖြစ်စေ တရက်လျှင် နှစ်ကြိမ်သုံးကြိမ် ကျောင်းစဉ်လှည့်ခြင်းမှာ ကျွန်ုပ်၏ ဝတ္တရားတခု ဖြစ်၏။ ရဟန်းတို့ငဲ့ မသင့်လျော်သော အမှုကိစ္စများ တွေ့ရလျှင် အချိန်မှီ ပြုပြင်နိုင်ရေးအတွက် ရွေနားတော်ကြား လျှောက်ထားနိုင်ရန် ဖြစ်ပေသည်။ အမှတ်ဘရ ဖြစ်ခဲ့ရသော ထိုနေ့မှာကား ကျွန်ုပ်ရှေ့တွင် ဘုရားရှင် ကိုယ်တော်တိုင် ပါလာခဲ့ပေသည်။

## ပုပ်စော်နံသော ကျောင်းကလေး

အစွန်အဖျားက ကျောင်းကလေး တဆောင်နား ရောက်သော် ပုပ်ဟောင်ဟောင် အနံ့များ ရသဖြင့် ကျွန်ုပ်တို့ ခြေလှမ်းများ တန့်သွားကြ၏။ အနံ့အသက် ဆိုးဝါးလှသော ကျောင်းကလေး ထဲသို့ ဘုရားရှင် လှမ်းဝင်တော်မူသဖြင့် ကျွန်ုပ်လည်း ကပ်လျက် ပါသွားရ၏။ ကျောင်းကလေးထဲက မြေကြီးပေါ် မှာကား ဝမ်းရောဂါ ခံစားနေရသော ရဟန်းတပါးကို တွေ့ကြရပေသည်။

ရောဂါသည်ရဟန်း၏ အညစ်အကြေးများသည် သူ့နားမှာပင် ဗွက်ကြမ်းနေကြ၏။ သည်အထဲမှာပင် သူ့ခမျာ ဝေဒနာဖြင့် လူးလိမ့်၍ နေရရှာ၏။ သူ့ကို ပြုစုသုတ်သင်သူထား၍ ရေတခွက်မျှ ပေးမည့်သူ ရှိဟန် မတူပါ။

## ကိုယ်တော်တိုင် သူနာပြုစုခြင်း

"အာနန္ဒာ၊ ရေသွား၍ ခပ်ချေ။ ဤရဟန်းကို ရေချိုးပေးကြမှ ဖြစ်မည်"

"ကောင်းပါပြီ အရှင်ဘုရား"

အမိန့်တော်အရ ကျွန်ုပ်သည် ရေတအိုးကို ထမ်းလာခဲ့၏။ ရောဂါသည် ရဟန်းကို အညစ်အကြေး လွတ်ရာသို့ ပွေ့ချီကာ တိုင်တလုံးမှာမှီလျက် ထိုင်နိုင်ရန် ဆောင်ရွက်ပေးရ၏။ ထို့နောက် ဘုရားရှင်က ခေါင်းပေါ်မှ ရေများ လောင်းပေးကာ ကျွန်ုပ်က သူ့ခန္ဓာကိုယ်မှ အညစ်အကြေးများကို ဆေးကျော ပွတ်တိုက်၍ ပေးရ၏။ သူ့အညစ်အကြေးများကို သုတ်သင် ရှင်းလင်းကာ သူ့သင်္ကန်းများကိုလည်း လူသူလွတ်ရာ သွား၍ လျှော်ရန် အထုပ်ထုပ်၍ ထားလိုက်ရ၏။

ရေမိုးချိုးပြီးသော ရဟန်းကို သင်္ကန်းသစ်များ ဆည်းပေးပြီးနောက် ကျွန်ုပ်တို့သည်သူ့ကုတင်ပေါ် တင်ပေးကြ၏။ဘုရားရှင့်က ခေါင်းပိုင်းမှ မ,တော်မူ၏။ကျွန်ုပ်ကား ခြေထောက်နှစ်ချောင်းကို ဆွဲလာရ၏။

## ဘုရားရှင်ကို ပြုစုလိုလျှင်

ထိုနေ့က သံဃာ့ အစည်းအဝေးတွင် ဘုရားရှင် ကိုယ်တော်တိုင် ထိုရဟန်း၏ ကိစ္စကို တင်ပြတော်မူပေသည်။

"ရဟန်းတို့၊အစွန်အဖျားက ကျောင်းကလေးဝယ် ဝမ်းရောဂါ ခံစားနေရသော ရဟန်းတပါးကို သိကြပါသလား"

"သိကြပါသည် အရှင်ဘုရား"

"သူ့မှာ ပြုစု လုပ်ကျွေးသူ ရှိပါသလား"

"တစုံတယောက်မျှ မရှိပါဘုရား"

"အဘယ့်ကြောင့် မရှိပါသနည်း"

"သူက မည်သူ့ကိုမျှ ပြုစုလုပ်ကျွေးခြင်း မရှိခဲ့သောကြောင့် ဖြစ်ပါသည် ဘုရား"

"ရဟန်းတို့၊ သင်တို့ မမာမကျန်း ရှိသောအခါ ပြုစုလုပ်ကျွေး မည့် မိခင်လည်း မရှိ၊ ဖခင်လည်း မရှိပေ။ သို့ဖြစ်၍ သင်တို့ အချင်းချင်းမှ မပြုစုလျှင် မည်သူက လာ၍ ပြုစုပါမည်နည်း။

"ရဟန်းတို့၊ ငါဘုရားကို ပြုစုလိုသောသူသည် ဂိလာနရဟန်း ကို ပြုစုလော့"

## လူတိုင်းအတွက် ထာဝရကုသိုလ်

သာသနာဘော်ကြီး၏ သက်တမ်းကို နှစ်ပေါင်း ထောင်ပေါင်း များစွာ တိုးမြှင့်ပေးလိုက်သော ဩဝါဒ မိန့်ခွန်းတော် တခုပင် ဖြစ်ပေသည်။ သာသနာတော်ကြီး တည်နေသည်နှင့်အမျှ လူတိုင်း လူတိုင်း ဘုရားရှင်ကို ပြုစုခွင့် ရကြရန် ညွှန်ပြတော် မူလိုက်ခြင်း ဖြစ်ပေသည်။

ဂိလာနပုဂ္ဂိုလ်များကို ကရုဏာသန့်သန့်ဖြင့် ပြုစုလုပ်ကျွေး သော သူသည် ဘုရားရှင်၏ အဆုံးအမကို လိုက်နာပြုကျင့်ခြင်းပင်

ဖြစ်ပေ၏။ ဘုရားရှင်၏ အသုံးအမကို လိုက်နာ ပြုကျင့်ခြင်းသည် ဘုရားရှင်အား ကိုယ်တိုင်ကိုယ်ကျ ပြုစုရသည်နှင့် မခြား ကုသိုလ်တရား တိုးပွားနိုင်ပေသည်။

[ဝိနည်း၊မဟာဝဂ်၊စီဝရက္ခန္ဓက၊ ဂိလာနဝတ္ထုပါဠိတော်နှင့်အဋ္ဌကထာ]

## သံဃာသည်အမိ သံဃာသည်အဖ

မှန်ပါသည်၊ ဇာတိရပ်ရွာကို စွန့်ခွာ၍ မြို့တကာ ရွာတကာ တောတကာ တောင်တကာ လှည့်လည်နေကြရသော ကျွန်ုပ်တို့ အဖို့ သားချင်း ဆွေမျိုးဟူ၍ ထာဝစဉ် ရှိမနေနိုင်ပါ။ သို့ဖြစ်၍ ကိုယ့်ရဟန်း သံဃာ အချင်းချင်းကိုသာ မိသားစုသဖွယ် သဘောထားကြရ၏၊ သာစဉ်နာစဉ် ပြုစုလုပ်ကျွေးကြရ၏။ ကပ်ရောက်လာသော ရောဂါဝေဒနာတို့အတွက် ဘုရားရှင် ခွင့်ပြုတော်မူထားသော ဆေးဝါးများကို ရှာဖွေကာ ရဟန်းအချင်းချင်း ဆေးဆရာလုပ်၍ ကုသကြရ၏။

## ဆွေမျိုးတယောက် တိုးလာခြင်း

ဤသို့ ကိုယ့်အချင်းချင်းကို ဆွေမျိုးပြုနေကြရသော ကျွန်ုပ်တို့ အတွက် တက္ကသိုလ်ပြည်မှ ပြန်ရောက်လာသော ဆရာဇီဝကသည် ရဟန်းသံဃာ မဟုတ်သော ဆွေမျိုးတယောက် ဖြစ်လာပါ၏။

ဇာတိရပ်ထံဖြစ်သော ရာဇဂြိုဟ်သို့ ပြန်ရောက်လာသည်နှင့် ဆရာဇီဝက၏ ဂုဏ်သတင်းများ တဟုန်ထိုး ပျံ့နှံ့လာ၏။ ဤသို့ ပျံ့နှံ့လာခြင်းမှာ ဆေးကုကောင်းခြင်း တခုတည်းကြောင့် မဟုတ်ပါချေ။ မိဘသဖွယ် ကျွေးမွေးပြုစုခဲ့ပေသော အဘယမင်းသား၏ ကျေးဇူးများကို ခရီးရောက်မဆိုက် တုန့်ပြန် ပေးဆပ်လိုက်ခြင်း လည်း ပါဝင်ပေသည်။

## ပြည်တော်ပြန် ခရီးတထောက်

တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီးသည် ဇီဝက အပြန် တွင် စားရေရိက္ခာ အနည်းငယ်မျှသာ ပေးလိုက်၏။ မိမိ၏ အတတ်ပညာကို မိမိဘာသာ ရှာနှန်းပြည့် အသုံးချသွားနိုင်စေ ရန် ဖြစ်၏။ ဆရာကြီး ရည်ရွယ်ထားသည့်အတိုင်း ဇီဝကလည်း စွမ်းဆောင်နိုင်ပါ၏။ ခရီးအကြားရှိ သာကေတမြို့မှ သူဌေး ကတော်ကြီး၏ နှာတာရှည် ခေါင်းကိုက်ရောဂါကို ဆေး တခါ ထည့်ရုံဖြင့် ပျောက်အောင် ကုပေးခဲ့၏။

## ပစ္စည်းဟူသမျှ အသုံးကျ

သူဌေးကတော်ကြီးသည် အင်မတန် စည်းကမ်းကြီးလှသည်ဆို၏။ တစုံတခုသော ပစ္စည်းကိုမျှ အလဟဿ အဖြစ်မခံပေ။ မည်မျှ အဘိုးနည်းသော ပစ္စည်းဖြစ်စေ သူ့နေရာနှင့်သူ အသုံးချရမှ

ကျေနပ်သူ ဖြစ်၏။ ခေါင်းကိုက်နာအတွက် ဆေးဝါးအဖုံဖုံနှင့် ရောစပ်ကာ နှာခေါင်းမှ လောင်းထည့်သော ထောပတ်များကို ပင် ပါးစပ်မှ ပြန်ထွက်လာသောအခါ အခိုင်းအစေများက ဝါဂွမ်းစများဖြင့် သုတ်ယူ၍ သိမ်းဆည်းထားရ၏။ အခိုင်းအစေ များ ခြေထောက်နာလျှင် လိမ်းကျံရန်၊ မီးမွှေးရာ၌ အသုံးပြုရန် ဟု ဆိုပေသည်။

## ကတညုတ မင်္ဂလာ

ဤ၍ဤမျှ ဗေဒနာကျလှသော သူဌေးကတော်ကြီးသည် ဆရာ ဇီဝကကိုကား ဆေးဘိုးဝါးခ ထိုက်ထိုက်တန်တန်ကြီးပေးခဲ့ပါ၏။ သူဌေးကတော်ကြီး တဦးတည်းကပင် ငွေ လေးထောင် ပေးခဲ့၏။ ထို့နောက် သားက လေးထောင်၊ ချွေးမက လေးထောင်၊ သူဌေး ကြီးကလည်း လေးထောင် ပေးခဲ့၏။ဆရာဇီဝကသည် တသောင်း ခြောက်ထောင်သော ထိုဆေးဘိုးဝါးခများကို မွေးစားဖခင် အဘယမင်းသားအား တပြားမကျန် အပ်နှံလိုက်ပေသည်။

## ဇီဝက၏ ဘဝဇာတ်လမ်း

အရွယ်ရောက်ချိန်မှာ ဆေးပညာဖြင့် ဂုဏ်ရှိန် မြင့်လာခဲ့သော ဆရာဇီဝကသည် တကယ်တော့ဖြင့် ပြည့်တန်ဆာတယောက်၏ သား ဖြစ်ပေသည်။ ပြည့်တန်ဆာဆိုသော်လည်း သာမန် ကြေး

ဘန်းစားထဲက မဟုတ်ပါ။ မြို့ပြပြည်ရွာ၏ အဆင်းတန်းဆာဖြစ်စေရန် ဘုရင့် အမိန့်တော်ဖြင့် ခန့်အပ်ထားရသော ပြည့်တန်းဆာဖြစ်၏။ တညတာ ကာလအတွက် ငွေတရာနှုန်း သတ်မှတ်ထားပေသည်။

ပြည့်တန်းဆာ သာလဝတီသည် ဇီဝက ကိုယ်ဝန်ရှိလာသော အခါ လူတွေ့မခံဘဲနေကာ မွေးဖွားလာသည်နှင့် အမှိုက်ပုံးတဲမှာ သွားပစ်စေ၏။

ကံအားလျော်စွာပင် အဘယမင်းသားသည် စောစောစီးစီးထွက်လာရာ ကျီးတသောသော ဝိုင်းအုံနေသော ကလေးငယ်ကို တွေ့ရသဖြင့် ကောက်ယူ ကျွေးမွေးထားခဲ့၏။ ထူးထူးခြားခြား ကျီးတွေကြားမှာ အသက်ရှင်လျက် တွေ့ရသဖြင့် သူ့ကို ဇီဝက ဟု အမည်မှည့်ခဲ့ကြပေသည်။ အသက်ဘေးမှ ကယ်တင်ရုံမက လူလားမြောက်အောင် ပြုစုလာခဲ့သော မွေးစားဖခင်ကို ဤလို ကျေးဇူးဆပ်လိုက်သဖြင့် ကြားရသူတိုင်းက သာဓုနှုမော်ခေါ်ကြရပေသည်။

## ကျန်းမာရေးကိစ္စ တာဝန်ခံ

ဆရာဇီဝကရောက်လာပြီမို့ ကျွန်ုပ်တို့သည် ဆေးဝါးကိစ္စအတွက် ဗျာမများရတော့ပေ။ သည်ရောဂါနှင့် သည်ဆေးတဲ့မှ တဲ့ပါမည်လောဟု စမ်းဘဝါးဝါး ဖြစ်နေစရာ မလိုတော့ပေ။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့ အားလုံး၏ ကျန်းမာရေးကိစ္စများကို ဆရာဇီဝကက တာဝန်ယူသွားလိုက်ပြီ ဖြစ်၏။ ဘုရားရှင့်အပေါ် ကြည်ညိုလှ

သော သဒ္ဒါတရားမှ ရဟန်းသံဃာအထိ ဆင့်ပွားလာခြင်း ဖြစ်ပေသည်။

[ ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဇီဝက ဝတ္ထု ]

## ဘယ ၁ ရဟန်းများ

ဘုရားဆွေမျိုး သံဃာဆွေမျိုး ဖြစ်နေသော ဆရာဇီဝကသည် ဗိမ္ဗိသာရ မင်းကြီးထံမှာလည်း အမှုထမ်းနေရ၏။ မင်းကြီးနှင့် တကွ တနန်းတော်လုံးရှိ လူနာများကိုဆေးဝါးကုသပေးနေရ၏။ ထို့ကြောင့် ဆရာဇီဝကမှာ ပြင်ပလူနာများအတွက် အလှည့်မပေးသာအောင် ဖြစ်နေရပေသည်။

ထိုစဉ်က ရာဇဂြိုဟ် မြို့တော်တဝှမ်းတွင် ကုဋ္ဌနူနာ ရောဂါများ ဖြစ်ပွားလျက်ရှိ၏။ ပြီတည်သော အနာ၊ ပွေးနာ၊ ယားနာ၊ ချောင်းခြောက် ရောဂါနှင့် ဝက်ရူးပြန် ရောဂါတို့လည်း အနှံ့အပြား ဖြစ်ပွားနေကြ၏။ ဆေးကုသခံနိုင်ရေးအတွက် အခက်တွေ့နေသော ထိုလူနာတို့သည် နောက်ဆုံးတွင် ရဟန်းဘောင်သို့ စုပြုံရောက်လာကြတော့၏။ လူ့ဘဝမှာတုန်းက ခက်ခဲလေသမျှ ဂိလာန ရဟန်းဘဝတွင် အစစ အဆင်ပြေလာကြ၏။

## သတိပေး ခံရခြင်း

သူတို့ဘက်က အဆင်ပြေသည်ကား ဟုတ်ပါ၏။ ဆရာဇီဝက ဘက်မှာကား တာဝန် မသေးလှပေ။ ဂိလာန ရဟန်းများကို

ဆေးဝါးကုသရသည် ဆိုသော်လည်း ဆေးကုသရုံ သက်သက်နှင့် မပြီးနိုင်ပါ၊ ဂိလာန ရဟန်းတို့နှင့် သင့်တင့်လျောက်ပတ်သော ဆွမ်းများ ဆက်ကပ်ရသေး၏။ သူနာပြု ရဟန်းများကိုလည်း ဆွမ်းကပ်ရသေး၏၊ အရေးပေါ် ရောက်လာသော ဂိလာနရဟန်း များမှာ သဒ္ဓါသမားများ မဟုတ်ကြသဖြင့် ရသမျှဖြင့် မတင်းတိမ်နိုင်ကြ။ ဟိုဟာသည်ဟာ ထွေထွေရာရာ အတောင်းအရမ်း ထူပြောလှ၏။ သူ့ဘို့တောင်းလေသမျှကို လောက်ငအောင် ဖန်တီးပေးနေရသဖြင့် တနေ့မှာ ရွှေနန်းတော်ကြီးမှ သတိပေးခြင်း ခံလိုက်ရ၏၊ ရွှေနန်းတော်သို့ တာဝန်ကျသော အချိန်မှာ မရောက်ခြင်းကြောင့် ဖြစ်ပေသည်။

## စေတနာ ပျက်စရာ

တာဝန်ပျက်ကွက်မိသဖြင့် ပထမဦးစွာ မင်း၏ အမျက်သင့် ခံလိုက်ရပေပြီ။ သို့သော် ဆရာဇီဝကအဖို့ ဤမျှဖြင့် စိတ်ပျက်စရာ မဟုတ်သေးပါ။ သည့်ထက်ပို၍ စိတ်ပျက်စရာ ရှိပါသေးသည်။ ယင်းမှာ အခြားမဟုတ်ပေ။ ဆရာဇီဝကထံ ဆေးကုခံပြီးမှ လူထွက်လာကြသော ပုဂ္ဂိုလ်များပါတည်း။

## ကန့်သတ်ချက် ထုတ်ပြန်ရခြင်း

သက်သန့်လှသော စေတနာ သဒ္ဓါတရားကို အစော်ကား ခံရပြီဖြစ်၍ဆရာဇီဝကသည်ဤကိစ္စကို ဘုရားရှင့် ရှေ့တော်အရောက်ပို့

လိုက်ရသော၍၊ အနာ မျိုး ငါး ပါး ကပ် ရောက် သူ များ အား ရဟန်းခံမပေးရန် လျှောက်သားရသော၍၊ ဘုရားရှင်ကလည်း ဆရာဇီဝက လျှောက်သားချက်ကို လက်ခံတော် မူပေသည်။ ထို့ကြောင့်ပင် ရဟန်းလောင်းများအား ရဟန်းခံမပေးမီမှာ ဤသို့သော ရောဂါများ ရှိမရှိ ကျွန်ုပ်တို့ စစ်ဆေး မေးမြန်းကြရခြင်း ဖြစ်ပေသည်။

[ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ပဉ္စာဗာဓဝတ္ထု]

## ကြည်ညိုဖွယ်ရာ ဖြစ်လာစေရန်

ဆရာဇီဝက၏ လျှောက်ထားချက်အရ ကျွန်ုပ်တို့ ရဟန်းသံဃာများမှာ အမြင်သန့်ရှင်းသွားကြရ၏၊ လူမသတီစရာဘဝမှ လွတ်မြောက်လာကြရ၏၊ ထို့ပြင်ကြည့်မကောင်း ရှုမကောင်းလောက်အောင် ဟောင်းနွမ်းစုတ်ပြတ်နေသော ပံ့သကူသင်္ကန်းကြီးများမှ လွတ်မြောက်ခွင့် ရခြင်းမှာလည်း ဆရာဇီဝက၏ ကျေးဇူးပင် ဖြစ်ပေသည်။

## ဆရာဇီဝက၏ စွန့်စားခန်း

သာသနာတော်ကြီးအတွက် ဤသို့သော ကျေးဇူးကို ပြုနိုင်ရေးအတွက် ဆရာဇီဝကသည် သက်ဦးဆံပျား စွန့်စားခဲ့ရ၏။ စဏ္ဍ

ပဇ္ဇောတမင်း၏ ခါးသွားအောက်မှ လက်မတင်ကလေး လွတ်မြောက်ခဲ့ရ၏။

အမှန်အားဖြင့် ထိုမင်း၏ ဘွဲ့မည်ရင်းမှာ ပဇ္ဇောတ မင်းသားဖြစ်၏။ ဒေါသမျက်မာန် ပြင်းထန်ကာ ကြမ်းကြမ်းဘမ်းတမ်း ပြုမူတတ်သဖြင့် ဘွဲ့မည်ရင်းရှေ့မှာ စဏ္ဍဟူသော ဝိသေသနပုဒ်တခု တိုးနေရ၏။ အဝန္တိတိုင်းကို အစိုးရသည်ဖြစ်၍ ဥဇ္ဇေနီမြို့တော်မှာ နန်းစိုက်ထား၏။ ဥဇ္ဇေနီ မြို့တော်တည်ရာ ရာဇဂြိုဟ်မြို့တော်နှင့် သံတမန် ဆက်ဆံမှု ကောင်းမွန်ခဲ့ပေသည်။

## ဆေးရှိပါလျက် ကုရေးခက်

စဏ္ဍပဇ္ဇောတမင်းက သံတမန်များမှတဆင့် အကူအညီ တောင်းသဖြင့် ဆရာဇီဝကသည် ဥဇ္ဇေနီမြို့တော်သို့ လိုက်ပါသွားရ၏။ ဆေးဘက်ဆိုင်ရာ ပညာကုန် တတ်မြောက်ပြီးသော ဆရာဇီဝကအဖို့ ရောဂါမျိုးစုံကို တုန်လှုပ်ရန် မရှိပါ။ သို့သော် သည်မင်း၏ရောဂါအတွက်ကား တွေးရခက်ခက် ဖြစ်နေရ၏။

ပဇ္ဇောတမင်း၏ ကိုယ်လက် မျက်နှာ အခြေအနေများကို အကဲခတ်လိုက်ရုံနှင့် သူတို့ဘာသာ အမည်မဖော်တတ်သော ရောဂါကို ဆရာဇီဝက သိလိုက်၏။ ရောဂါသိမှတော့ ဆေးလည်းရှိပြီးပင် ဖြစ်၏။ သို့သော် ဤဆေးကိုတိုက်ရန် အရေးကား ခက်ခဲလှ၏။

သည်ရောဂါကို ကုသရေးတွင် ထောပတ်သည် အဓိကဆေးဘက်ဖြစ်၏။ သို့သော် ရောဂါရှင်က ထောပတ်ကို လုံးဝ

မကြိုက်။ အနံ့ကိုမျှ မခံနိုင်။ ဆေးကုခြင်းကုလျှင် ထောပတ်မပါသော ဆေးကိုသာတိုက်ပါဟု အတိအလင်း ပြောထားပြီးလည်း ဖြစ်ပေသည်။ ဆရာဇီဝက မည်သို့ ဆောင်ရွက်ရပါမည်နည်း။

## လိုလျှင်ကြံဆ နည်းလမ်းရ

ဗိမ္ဗိသာရမင်းကြီးကိုယ်တိုင်က တာဝန်ပေး စေလွှတ်လိုက်သည် ဖြစ်၍ သည်ရောဂါကို ပျောက်အောင် မကုဘဲ ရာဇဂြိုဟ် မပြန်ရပါ။ ရောဂါပျောက်အောင် ကုကြစို့ဆိုတော့လည်း ရောဂါရှင်က ဆေးကို လက်မခံ။ ဤတွင်ဇီဝက အကြံထုတ်ရတော့၏။ အသက်ဘေးနှင့် နီးလှသော အကြံဖြစ်၍ သိုသိုသိပ်သိပ်လည်း စီမံခဲ့ရ၏။ ထို့နောက် ဆေးကို ရုတ်တရက် မပေးသေးဘဲ ပဇ္ဇောတ မင်းကြီးထံ ကြိုကြိုတင်တင် ခွင့်ပန်ခဲ့ပေသည်။

## လာမည့်ဘေးအတွက် ပြေးပေါက်များ

"အရှင်မင်းကြီး၊ ကျွန်ုပ်တို့ ဆေးသမားများမှာ လိုအပ်သော ဆေးဖက်ပစ္စည်းများကို နက္ခတ်သင့်ချိန်မှာ ရှာဖွေကြရပါသည်။ နက္ခတ်သင့်ချိန်တွင် အခက်အခဲမရှိ ဆေးရှာထွက်နိုင်ရန် နှစ်သက်ရာ ယာဉ်တခုခုကို အသုံးပြုခွင့် ရချင်ပါသည်။ တံခါးများကိုလည်း အတားအဆီးမရှိ ထွက်ဝင်ခွင့် ရချင်ပါသည်။ နက္ခတ်သင့်ချိန်ကလေးကို လက်မလွှတ်စေရန် ကြိုက်ရာအချိန်မှာ ထွက် ဝင်ခွင့် ရပါရစေ"

"ဇီဝက၊ သင်လိုသမျှ ရစေ၊ ယူစေ။ ထောပတ်မပါသော ဆေးကိုသာ စီရင်လော့"

လာမည့် ဘေးများအတွက် ပြေးပေါက်များ ဆင်ထားပြီး နောက် ဇီဝကသည် ချက်ထားသောဆေးကို တိုက်ခဲ့၏။ တိုက်ပြီး ၍ မကြာမီမှာပင် ဘဒ္ဒဝတိကာ ဆင်မကိုစီး၍ ထွက်ခွာလာခဲ့၏။ ပဇ္ဇောတမင်း ပိုင်လေသမျှ ဆင်များထဲမှ ခြေအမြန်ဆုံးဆင်ကို ရွေးချယ်လာခဲ့ခြင်း ဖြစ်ပေသည်။

## ပြေးသော်လည်း မလွတ်ပါ

ဒေါသကြီးတတ်သော မင်း၏ ဘေးအောက်မှ အလွတ် ပြေးထွက် လာသော ဆရာဇီဝကသည် ခရီးအကြား ကောသမ္ဗီမြို့မှာ တထောက်နားရ၏။ စခန်းတနေရာတွင် အရံသင့်ပါလာသော နံနက်စာကို စားသုံးနေ၏။ ထိုစဉ်ခိုက်တွင် ဘုရင့်ခြေမြန်တော် ကာကသည် ဇီဝက ရှေ့မှောက်သို့ မားမားကြီး ရပ်လာပေ တော့သည်။ ဘီလူးနှင့်စပ်ကာ မွေးထားလေသလားဟု ဆိုရ လောက်အောင် သန်မာ ထွားကြိုင်းလွန်းလှသော လူသန်ကြီး တယောက်ပါတည်း။ လူကြမ်းကြီးတယောက်ပါပေတည်း။

## အာဏာပြင်းပြင်း ဓားဝင်းဝင်း

"ဆရာဇီဝက၊ ပဇ္ဇောတ မင်းကြီးက သင့်ကို ပြန်ခေါ်ခဲ့ရန် စေ လွှတ်လိုက်သည်"

ကာကာ တိုတိုနှင့် လိုရင်းကို ပြောပြလိုက်၏။ သည့်ထက်ပို၍ ပြောစရာမလိုပါ။ အရံသင့်ကိုင်ထားပြီးဖြစ်သော ဓားထက်ထက်ကို ကြည့်ရုံနှင့် ရှေ့လာမည့် အလားအလာများကို ဆရာဇီဝက မြင်လိုက်ရပါပြီ။

## တကွက်ကျန်လျှင် ခံရတတ်သည်

ဤအခြေအနေကို စောစောကပင် ဆရာဇီဝက တွက်ဆထားပြီး ဖြစ်၏။ ဆေးဖက်ပေါင်းများစွာဖြင့် အနံ့ပြောင်းအောင် ဘယ်လောက်ပင် ချက်ထားထား လေချဉ်တက်လာသောအခါမှာကား ထောပတ်သည် ဇာတိပြလာမည်သာ ဖြစ်၏။ ဤတွင် စဏ္ဍပဇ္ဇောတမင်းသည် နာမည်နှင့်လိုက်အောင် ထောင်းကနဲဒေါသ ထွက်လာမည် ဖြစ်၏။ ထို့ကြောင့်ပင် ကြိုကြိုတင်တင် အခွင့်အရေးတောင်းကာ ဘေးလွတ်ရာသို့ ထွက်ခွာလာခဲ့၏။ ထောပတ်နှင့် ပတ်သက်၍ အတွက်အချက် မှန်ခဲ့သော ဆရာဇီဝကသည် ခြေမြန်တော်ကြီး ကာကကိုကား သတိ မထားခဲ့မိပေ။

ယခု မိမိ သတိမထားမိခဲ့သော လူ့ဘီလူးကြီးသည် ဓား တလက်နှင့် အပါခေါ်နေချေပြီ။ မလိုက်ဘူးဆိုလျှင် သည်နေရာမှာပင် နှစ်ပိုင်းပြတ်သွားမည် ဖြစ်၏။ လိုက်ပါသွားပြန်လျှင်လည်း အသက်ရှင်လမ်း မမြင်ပါချေ။

## ကြို့ကြို့တင်တင် ပိတ်ပြီးထား

"သင်ခေါ်ရာ လိုက်ခဲ့ပါမည် ကာက၊ ခဏလေး ဆိုင်းပါဘိ။ စားလက်စထမင်း ပြီးအောင် စားပါရစေ။ သည်မှာ ထမင်းဟင်းတွေ အများကြီး ရှိပါသေးသည်။ သင်လည်း ဆာရော့မည်။ ငါနှင့်အတူ စားပါတော့လော"

လှတ်သို့လှတ်ငြား နည်းလမ်းရှာရင်းက သေမင်းတမန် ကာကကို ဖိတ်ခေါ်လိုက်၏။ ဖိတ်ခေါ်သည့်အတိုင်း ကာကသာ တကယ်ဝင်စားလျှင် ဆရာဇီဝကလှတ်လမ်းရှိပါ၏။ သို့ရာတွင် ဤအရေးကို စဏ္ဍပဇ္ဇောတမင်းက ပြေးမြင်ထားပြီး ဖြစ်နေချေပြီ။

"သည်းခံပါဆရာဇီဝက၊ပဇ္ဇောတမင်းကြီးက ကျွန်ုပ်ကိုအသေအချာမှာလိုက်ပါသည်။ဆရာ့ဆီက ကျွန်ုပ်ဘာတခုမှစားသောက်ခွင့် မရှိပါ"

## တကွက်ကျန်၍ ခံရပြီ

လှတ်လမ်းတခုကား ပိတ်သွားပြန်ချေပြီ။ သို့သော် ဆရာဇီဝကကား ကြံစည်မှု မပျက်သေးပါ။ ထမင်းများ စားသောက်ပြီးနောက် ရှီးရှားသီးတလုံးကို ရေတခွက်နှင့် ကိုက်စားကာ–

"ကာက၊ အလျင်အမြန် လိုက်လာရသည့်အတွက် သင်မောလှပြီ။ ဆာလည်းဆာလှရော့မည်။ ရော့ သည်ဟာလေးများကို အဆာပြေစားပါ"

စားလက်စ ရှိရှားသီးနှင့် သောက်လက်စရေခွက်ကို ကမ်းလှမ်းလိုက်၏။ လူကြမ်းကြီး ကာကကလည်း ကမ်းလှမ်းလာသမျှ လက်ခံ စားသောက်လိုက်၏။ ဆရာဇီဝကကိုယ်တိုင် စားသောက်လက်စဖြစ်သော ဤအသီးနှင့် ဤရေတွင် တစုံတရာ အန္တရာယ် မရှိနိုင်ဟု သူ့ ခမျာ ယုံကြည်ရှာပေသည်။

ကာက၏ ဝမ်းခေါင်းကျယ်ကြီးထဲ ရောက်သွားသည်နှင့် ရှိရှားသီးနှင့် ရေများက အစွမ်းပြကြတော့၏။ သို့သော် သူတို့ ကိုယ်တိုင် စွမ်းကြသည်ကား မဟုတ်ပါ။ လက်လည်းဖျားမှ တဆင့် ရှိရှားသီးထဲသို့ ဆရာဇီဝက မသိမသာ ထိုးထည့်ပေးလိုက်သော ဆေးက အစွမ်းပြလိုက်ခြင်း ဖြစ်ပါသည်။

## စိတ်ကြမ်းသော်လည်း သိတတ်ပါသည်

ဝမ်းတဝေါဝေါသွားနေသော ကာကကို ဆင်မနှင့်တကွ ထားခဲ့ပြီးနောက် ဆရာဇီဝကသည် ရာဇဂြိုဟ်မြို့တော်သို့ ဘေးမသီရန်မခ ပြန်ရောက်လာခဲ့၏၊ လေချဉ်တက်စဉ်က အမိအရ ဖမ်းခိုင်းခဲ့သော ပဇ္ဇောတမင်းသည် ရောဂါပျောက်သွားချိန်မှာကား ဆရာ့ကျေးဇူး သိတတ်ပါပေသည်၊ သိဝိတိုင်းဖြစ် အဝတ်အထည် ပေါင်း တသောင်းတိတိ ဆေးကုခ ပေးလိုက်ပါပေသည်။

## ပိတ်ထားခဲ့သော တံခါးတချပ်

လူတို့ယက်လုပ်နိုင်သမျှတွင် အကောင်းဆုံး အညွန့်ဆုံး အဝတ်အထည်များ ဖြစ်၍ သာမန်လူတို့နှင့် မထိုက်တန်ဟု ဆရာဇီဝက

ဆုံးဖြတ်လိုက်၏။ တချို့ကို ဗိမ္ဗိသာရမင်းကြီးထံ ဆက်သွင်း၍ တချို့ကို ဘုရားရှင်သံ ကပ်လှူရပေမည်။ သို့သော် တခုခက်နေသည်မှာ ထိုစဉ်က ဘုရားရှင်သည် ပံ့သုကူသင်္ကန်းကိုသာ ခွင့်ပြုထားသေး၏။ တကာ တကာမတို့ လှူသော သင်္ကန်းကောင်းများကို ခွင့်ပြုတော် မမူသေးပေ။ ရဟန်းများကို ခွင့်မပြုသေးသော သင်္ကန်းကောင်းများကို သူ့အတွက် အလှူခံတော်မူမည်လည်း မဟုတ်ပါချေ။

လှူခွင့်တန်းခွင့်ကို ချောင်းမြောင်းနေသော ဆရာဇီဝကအဖို့ တနေ့မှာကား အခါအခွင့် သင့်မြတ်လာခဲ့၏။ စမြင်းဒေါသ ထူပြောနေသော ဘုရားရှင်အား ဝမ်းသွားစေရန် ကုသပေးရမည့် အခွင့်အရေး ပေါ်လာခြင်း ဖြစ်ပေသည်။

## ရှူဆေးသက်သက် ကြာသုံးရွက်

စမြင်းဒေါသများ လျှော့ဆင်းသွားရေးအတွက် ဆရာဇီဝကသည် သောက်ဆေး ဝါးဆေးများကို အသုံးမပြုပါချေ။ ဘုရားရှင် ကိုယ်တော်မြတ် အတွက် အထူး အစီအစဉ်ဖြင့် ရှူဆေးများကို ကြာရွက်များမှာ သုတ်လိမ်းကာ-

"အရှင်ဘုရား၊ ဤပထမကြာရွက်ကို ဘုရားရှင် နမ်းရှူတော်မူလျှင် ဆယ်ကြိမ် ဝမ်းသွားပါလိမ့်မည်၊ ဒုတိယအရွက်နှင့် တတိယအရွက်တို့လည်း သည်အတိုင်း ဖြစ်ပါသည် ဘုရား"

ဆေးညွှန်းများနှင့်တကွ ဘုရားရှင်ထံ ဆက်ကပ်လိုက်၏။

## ဘုရားဟန်ခိုး ဆေးတန်ခိုး

ဆရာဇီဝက ညွှန်ကြားသည့်အတိုင်း ပထမကြာရွက်ကို ရှူတော်မူရာ ဝမ်းဆယ်ကြိမ်သွား၏။ ဒုတိယ ကြာရွက်ကြောင့်လည်း ဆယ်ကြိမ်တိတိပင် သွားရ၏။ တတိယ ကြာရွက် အလှည့်တွင်ကား တကြိမ်လျော့၍ နေတော့၏။ ဤတွင် ဘုရားရှင်က–

"အာနန္ဒာ၊ ရေနွေးချိုးရန် စီမံပေလော့"

ဤသို့ စေခိုင်းတော်မူပြီးလျှင် ရေနွေးဖော်ဖော ချိုးလိုက်သဖြင့် ကျန်သေးသော ဝမ်းတကြိမ်သွားလိုက်ရ၏။ ဝမ်းအကြိမ်သုံးဆယ် သွားပြီးသည်နှင့် စမြင်းဒေါသ ဝေဒနာများလည်း ကင်းငြိမ်းသွားပေသည်။

ကျွန်ုပ်နှင့် စကားစပ်မိတိုင်း ဤအကြောင်းကို ဆရာဇီဝကသည် အားပါးတရပြောပြတတ်၏။ ဆေးကြာရွက်များ ဆက်ကပ်စဉ်က သတိမေ့ခဲ့၍ နောက်ဆုံး အကြိမ်အတွက် ရေနွေးချိုးရန် မမှာခဲ့မိ၊ မိမိမေ့လျော့ခဲ့သည်ကို ဘုရားရှင်က အလိုလို သိတော်မူသဖြင့် ဆရာဇီဝကမှာ အားရဝမ်းသာ ဖြစ်နေရ၏။ ကြည်ညိုလက်စရှိပြီးသူ တယောက်အဖို့ ကြည်ညိုစရာတွေ ထပ်ကာထပ်ကာ တွေ့လာရမည်ပင် ဖြစ်ပေသည်။

## ရယူလိုသော ဆု

ဝမ်းသွားပြီးစ ဘုရားရှင်အား ဇီဝကသည် မွန်မြတ်လှသော ဆွမ်းဘောဇဉ်တို့ကို ဆက်ကပ်ပြီးနောက်–

"အရှင်ဘုရား၊ တပည့်တော် ဆုတခုကို တောင်းပါရစေ"ဟု လျှောက်၏။

"ဇီဝက၊ ငါဘုရားမှာ ဆုပေးစရာ မရှိချေ"

ဘုရားရှင်က ထုံးစံအတိုင်းပင် မိန့်ကြားတော်မူလိုက်၏။ ဆရာဇီဝကသည် ဤထုံးစံကို သိပြီးဖြစ်၍–

"အရှင်ဘုရား၊ မြို့စား ရွာစား ဆုများကို တောင်းလိုရင်း မဟုတ်ပါ။ သာသနာတော်ကြီး အတွက်လည်း အကျိုးရှိ၍ အပြစ်ကင်းသော ဆုမျိုးသာဖြစ်ပါသည် ဘုရား"

"ဇီဝက၊ ဤသို့ဖြစ်လျှင် တောင်းပေလော့"

"အရှင်ဘုရား၊ ယခုထက်တိုင်အောင်ပင် ဘုရားရှင်သည်ပံ့သုကူ သင်္ကန်းကိုသာ ဆင်မြန်းတော်မူဆဲ ဖြစ်ပါ၏။ ရဟန်းသံဃာကိုလည်း ပံ့သုကူ သင်္ကန်းကိုသာ ခွင့်ပြုတော် မူပါ၏။

"သည်က ရွှေ့မှာကား တပည့်တော်၏ သိဝိတိုင်းဖြစ် ဤဝတ်စုံများကို ဘုရား အလှူခံတော် မူပါ။ ဝတ်ရုံ သုံးဆောင်တော်မူပါ။ ရဟန်းသံဃာကိုလည်း တကာ တကာမများ လှူဒါန်းသော သင်္ကန်းကောင်းများကို ဝတ်ရုံရန် ခွင့်ပြုတော်မူပါဘုရား"

သာသနာတော်ကြီး တခုလုံးအတွက် အကျိုးကျေးဇူးများလှသော ဆုတဆုပင် ဖြစ်ပေသည်။

ယခင်က ဘုရားရှင် ဝတ်ရုံတော် မူခဲ့သော ပိုက်ဆံလျှော် ပံ့သုကူ သင်္ကန်းကြမ်းကြီးသည် ယခု အရှင်မဟာကဿပဆီမှာ ရောက်နေပါပြီ။ အရှင်မဟာ ကဿပ၏ အဝတ်ကောင်းမှ ချုပ်ထားသော သင်္ကန်းသည် ဘုရားရှင်ကိုယ်တော်ပေါ်မှာ ရှိနေပါသည်။ ပံ့သုကူသင်္ကန်းနှင့် လဲလှယ်ထားသဖြင့် ဤသင်္ကန်းကိုလည်း ပံ့သုကူသင်္ကန်းဟုပင် ဆရာဇီဝကက အလေးအမြတ်ပြုခဲ့ရ၏။

## ဆရာဇီဝကနှင့် မယ်တော်ကြီး

ခမည်းတော်ကြီး သုဒ္ဓေါဒန မဟာရာဇာ မကွယ်လွန်မီကပင် ဤကြောင်းခြင်းရာများ ဖြစ်ပေါ်ခဲ့သော်လည်း ထိုစဉ်က ဖော်ပြခွင့် မကြုံခဲ့ပါ။ သောကရှုး ကြယ်ပြောင် အရှင်မြတ်များ အကြောင်း တဆက်တည်း တင်ပြနေရဆဲမို့ ချန်လှပ်ထားခဲ့ရ၏။ ယခုမှ သံဃာ့ကိစ္စများ တင်ပြရင်း အကြောင်းသင့်လာသဖြင့် တင်ပြလိုက်ရပေသည်။

ဆရာဇီဝကကား ကျွန်ုပ်တို့တတွေကို ဆေးကုသ ပေးရုံမျှ မဟုတ်ပါ။ ဆွမ်းကပ်ရုံမျှ မကသေးပါ။ သံဃာ့ ပရိသတ်ကြီး ကြည်ညိုဖွယ်ရာ ဖြစ်လာရန်လည်း ဆောင်ရွက်ခဲ့ပါသေး၏။တကာ တကာမများလည်း သက်န်းလှူခွင့် ရစေရန် ရဟန်းသံဃာများ လည်း သင်္ကန်းကိစ္စ ဗျာပါရ မများရစေရန် အကျိုးဆောင် ပေးခဲ့ပါသေး၏၊

ဆရာဇီဝက၏ ဤသို့သော အကျိုးဆောင်မှုဖြင့်ပင် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် မိမိကိုယ်တိုင် ယက်လုပ်သော သင်္ကန်းများကို သံဃာ့ထံ လှူဒါန်းခွင့် ရခဲ့ပေသည်။

[ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဇီဝကဝတ္ထု]

# မယ်တော်ကြီး ဂေါတမီ

## မိထွေးတော် မဆိုထိုက်ပါ

မဟာပဇာပတိ ဂေါတမီ ထေရီမကြီးနှင့် ပတ်သက်၍ ကျွန်ုပ် ဘဝင်မကျနိုင်သော အသုံးအနှုန်းမှာ "မိထွေးတော်" ဟူသည်ပင်ဖြစ်၏။

မှန်ပါ၏။ အလောင်းတော်မင်းသားကို မဟာမာယာဒေဝီက မွေးထုတ်ခဲ့ရသဖြင့် သူ၏ ညီမတော်ဖြစ်သော မဟာပဇာပတိ ဂေါတမီမှာ မိထွေးတော်သာ ဖြစ်ခွင့် ရှိပါ၏။ သို့သော် ထိုသည့် မိထွေးတော်ဘဝမှာ ဘာမျှ မကြာခဲ့ပါ။ အမတော် မဟာမာယာ ဒေဝီ ကွယ်လွန်သည်နှင့် မိထွေးတော်ဘဝမှ မယ်တော် ဖြစ်လာခဲ့

ပေသည်။ သားအရင်းဖြစ်သူ နန္ဒမင်းသားနှင့် ထပ်တူထပ်မျှ ပြုစု ကျွေးမွေးခဲ့သဖြင့် မယ်တော်ကြီး ဟူသော နာမည်ကို ထိုက်ထိုက်တန်တန် ခံယူခဲ့ရပေသည်။

တကယ်တော့ဖြင့် မဟာပဇာပတိ ဂေါတမီ အရှင်မကြီးသည် ညီတော်နှောင်ရင်းနှစ်ပါးမင်းတို့၏ မယ်တော်မျှသာ မဟုတ်သေးပါ။ ပရိသတ်လေးပါးတွင် အပါအဝင် ဖြစ်သော (ဘိက္ခုနီ) ရဟန်းမတို့၏ မယ်တော်ကြီးလည်း ဖြစ်ပေသည်။

## အကျေနပ်ဆုံး ကိစ္စတခု

ဘိက္ခုနီ သာသနာတော်ကြီးကို မယ်တော်ကြီးက ပင်ပန်းကြီးစွာ ခံယူ၍ မွေးထုတ်ပေးရာတွင် ကျွန်ုပ်ကလည်း အချက်အချာအကျဆုံးနေရာမှ အကူအညီ ပေးနိုင်ခဲ့ပါ၏။ သံသာ့အကျိုး သည်ပိုး ဆောင်ရွက်ခဲ့ရသော တသက်တာတွင် ထိုကိစ္စသည် ကျွန်ုပ်အားအရဆုံး၊ အကျေနပ်ဆုံးဖြစ်ပါ၏။ ထိုကိစ္စများကို အကြောင်းပြု၍ပင် ဘုရားရှင်ပရိနိဗ္ဗာန် စံတော်မူပြီးစကာလတွင် ကျွန်ုပ်အား သတိသံဝေဂရစေရန် ဖန်တီး၍ ပေးကြပေသည်။

သတိသံဝေဂရသည်ဆိုရာ၌ အမျိုးသမီးများကို ကျွန်ုပ်ကဲ့သို့ သဘောမထားနိုင်သူများနှင့်သာ ဆိုင်ပါ၏။ ဤကိစ္စဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ခြင်းနှင့် လုံးဝ မပတ်သက်ပါ။ ဤကိစ္စကို ဆောင်ရွက်ပေးခဲ့ရသည့် အတွက် ကျွန်ုပ် တသက်တာတွင် နောင်တတဖန် ပူပန်ခြင်းမရှိခဲ့ပါ။ ဤကိစ္စကို တွေးမိတိုင်း နှစ်သိမ့်ကြည်နူးမိသည်သာ ဖြစ်ပါ၏။

သို့ရာတွင် နှစ်သိမ့် ကြည်နူးဘွယ်ကိစ္စကို ဖော်ပြရာ၌ကား ကျွန်ုပ်သည် စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်ရပ်များကို မလွဲသာ မရှောင်သာ အခြေခံရပါလိမ့်မည်။

## မယ်တော်ကြီး၏ ဝမ်းနည်းစကား

“ခမည်းတော်ကြီး ငုတ်တုတ်မဲတဲ ရှိနေစဉ်တုန်းကတော့ တပည့်တော်မ ကိုယ့်ဝတ်ကိုယ်ဖြေ၍ ရပါသည် အရှင်ဘုရား။ တိုင်းရေး ပြည်ရေး လူမှုရေး ကိစ္စတွေမှာ သူကိုယ်တိုင် မပါနိုင်တော့သော်လည်း သည်အရိပ်ကြီး ရှိနေခြင်းကပင် တပည့်တော်မတို့အဖို့ အားကိုးတာမှ ဖြစ်ခဲ့ပါသည်။ ယခုတော့ သည်အရိပ်ကြီးက ကွယ်ပျောက်ခဲ့ပါပြီ။ သည်နန်းတော်ကြီးထဲမှာ အထီးကျန် မိန်းမသားတို့သာ ကျန်ရစ်ကြပါတော့သည်။ လွတ်ရာကျွတ်ရာ ထွက်ပြေးသွားလေသူများအတွက် မျက်ရည်စက်လက် လွမ်းသက် ရှည်နေကြရသူများပင် ဖြစ်ပါသည် အရှင်ဘုရား”

စိတ်ထဲမှာ ကျိတ်ခဲထားရလေသမျှ မယ်တော်ကြီးက လျှောက် ထားလိုက်ပေသည်။

ယခင်တခေါက်က ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ကပ်လှူ လာခဲ့သော သက်န်းများကို ငြင်းပယ်တော်မူခဲ့သော ဘုရားရှင်သည် မယ်တော် ကြီး၏ လျှောက်တင်ချက်များကိုကား စာနာစိတ်ဖြင့် လက်ခံ ကြားနာတော် မူပေသည်။

## အလှမ်း မင်းသမီးများ

ဤအပြုအမူကို ထောက်သောအားဖြင့် ကိုယ်တော်မြတ်၏သာသနာပြု လုပ်ငန်းများသည် တဖက်သတ်သဘော မဟုတ်ကြောင်း ကျွန်ုပ်၏ နှမသည်များ သဘောပေါက်လာကြမည်ဟု မြော်လင့်မိ၏။ သို့သော်လည်း သူတို့ခမျာအလှမ်းဝေဒနာကိုအဖော်ကောင်း လုပ်နေကြဆဲ ဖြစ်ပေ၏။ သူတို့၏ မျက်လုံး၊မျက်နှာအမူအရာများမှ တဆင့် သူတို့၏ စိတ်ဝေဒနာကိုရှုမြင်သုံးသပ်၍ ရပေသည်။ သည်ကြားထဲတွင် ရောဟိဏီ အရေးတော်ပုံအတွက် စာရင်းတိုးလာရသော မုဆိုးမ နှစ်ရာ့ငါးဆယ်ကလည်း ရှိနေပေသေးသည်။

ဘုရားရှင်နှင့် မယ်တော်ကြီးများရှေ့မှာမို့ သူတို့တတွေ ဣန္ဒြေဆည်နေကြရ၏။ ကျွန်ုပ်တို့ချည်းသာဖြစ်လျှင် မေးခွန်းတွေ တသီကြီး ထွက်လာကြမည် ဖြစ်၏။ မေးခွန်းတွေ အသချေ အသချာ မေးလာကြစေဦးတော့ ကျွန်ုပ်ဘက်က ဖြေစရာကား တခုတည်းသာ ရှိပါ၏။ ထိုအဖြေကား "သူတို့ပြန်မလာကြတော့ပါ" ဟူ၍ပင် ဖြစ်ပေသည်။

## ခန္ဓာမပြောင်း ဘဝပြောင်း

ရောဟိဏီ အရေးတော်ပုံမှ ထွက်ပေါ်လာကြသော ရဟန်းငါးရာတို့သည် ဝင်လာစဉ်တုန်းကတော့ ဦးစီး ခေါင်းဆောင်တို့၏ အမိန့်ကို မဖီဆန်ရဲ၍သာ ဝင်လာကြရ၏။ မိမိတို့စိတ်သဘောဖြင့်

လိုသိုချင်ချင် ဝင်လာကြခြင်း မဟုတ်သဖြင့် သာသနာ့ဘောင်တွင် မပျော်ရွှင်ကြပေ။ သည်ကြားထဲ ကျန်ရစ်သူတို့ကလည်း စားနှင့်ဘုံ၊ လူကြုံနှင့်တမျိုး တဖွဖွ မှာကြားလျက် ရှိကြ၏။ "မောင်မောင်တို့ မြန်မြန်ကြီးသာ ပြန်လာကြပါတော့၊ မောင်မောင်တို့ မရှိလျှင် အိမ်မှုကိစ္စ ဘာတခုမျှ မပြီးမြောက်တော့ပါ။ ဘာလုပ်၍ ဘာကိုင်ရမည် မသိတော့ပါ"ဟု သနားစဖွယ်လွမ်းစဖွယ် မှာကြားခဲ့ကြ၏။

ယခုတော့ သည်လွမ်းစာခွေတို့ ပို့စရာဌာန မရှိတော့ပါ။ လွမ်းစာခွေကိုဖတ်ကာ မျက်ရည်ကျခဲ့ကြသော အရှင်တို့သည် ဤကိုယ်ဝန္ဒာဖြင့်ပင် ဘဝခြား၍ သွားကြပါပြီ။ နောင်တော် မြတ်၏ မေ့သာရ ဆေးတော်ကြီးကို စားသုံးရပြီမို့ လွမ်းဆွတ်ဘောကျွဲမှုရှိသော ကမ္ဘာနာကြီးမှ ကျော်လွှား၍ သွားနိုင်ကြပေပြီ။

[သုတ် မဟာဝဂ်၊ မဟာသမယသုတ် အဋ္ဌကထာ]

## သူတို့ ပါမလာကြပါ

မဆိုးမ အသစ်များအတွက် အားတက်စရာအဖြေ မပါလာသကဲ့သို့ပင် မဆိုးမ ဟောင်းများမှာလည်း ကျွန်ုပ်ထံမှာ တစုံတရာ မျှော်လင့်ရန် မရှိပါ။

မှန်ပါသည်။ ယခု တခေါက်မှာလည်း ညီတော် နန္ဒနှင့် သားတော် ရာဟုလာတို့ မပါလာကြပါ။ ပံသုကူ ဓုတင်ဆောင် သီဘော်နန္ဒသည် ယခု တောရဆောက်ဘည်သူလည်းဖြစ်နေပါပြီ။

သူ၏ ဆွမ်းခံရာမှာလည်း မြို့ကြီးပြကြီးများက အိမ်ကြီး အိမ်ကောင်းများ မဟုတ်တော့ပါ။ သူနေထိုင်ရာ တောကျောင်းကလေးအနီးမှ ခေါင်းပါးလှသော ရွာကလေး တရွာမျှသာဖြစ်၏။ ဟိုယခင်က သူ့နောင်တော်ကြီးဘုရား တမ်းတမ်းတတ မိန့်ဟတော်မူခဲ့ရသည့်အတိုင်းပင် ဖြစ်ပါ၏။သားတော် ရာဟုလာမှာလည်း၊ သူ့ဥပဇ္ဈာယ် ဆရာများနှင့်အတူ ဇေတဝန် ကျောင်းတော်မှာ ကျန်ရစ်ခဲ့ပေသည်။

## သူတို့ ပြန်မလာကြတော့ပါ

လူ့ဘောင်လောကဝယ် ထယ်ထယ်ဝါဝါ နေထိုင်ခွင့် မရှိတော့သော မိန်းမသားတို့၏ ဆွမ်း ဘောဇဉ်များကို ကျွန်ုပ်တို့သည် တိတ်ဆိတ်စွာပင် စားသုံးခဲ့ကြ၏၊ ထို့နောက် နိဂြောဓဉယျာဉ်ကျောင်းသို့ ငြိမ်သက်စွာပင် လှမ်းလာခဲ့ကြ၏။ ကျောင်းတော်မှာ ဘုရားရှင် ကျန်ရစ်တော်မူသောတနေ့ဝယ် ကျွန်ုပ်သည် သကျအမျိုးသား ရဟန်းသစ် နှစ်ရာ့ငါးဆယ်တို့၏ အဖြစ်မှန်ကို ဖွင့်အံ့လိုက်ရပေတော့သည်။

## မီးနှင့် နီးသောချိပ်

မီးဟူသည် ဝေးသော်မပူ၊ နီးမှ ပူဟု ဆိုရိုးစကား ရှိခဲ့၏။ သည်စကားကို ပြောလိုက်လျှင် သည်အဖြစ်မျိုးနှင့် မုချ ကြုံရမည်ဟု

စောစောကတည်းက ကျွန်ုပ် အတပ်သိခဲ့၏။ မျက်ရည်လည်ရွှဲ ငိုပွဲဆင်နေကြမည့် နှမသည်များ၏ ရုပ်သွင်ကို ထိုစဉ်ကတည်းက မြင်နေခဲ့၏။ ယခုဖြစ်အင်သည် ထိုစဉ်က မျှော်မှန်းထားသည့်အတိုင်းသာ ဖြစ်၏။ ယခုမြင်ကွင်းသည် ထိုစဉ်က မြင်ထားသည့် အတိုင်းသာ ဖြစ်၏။ သို့သော် ယခင်သည် ယခု မဟုတ်ချေတကား။

သည်စကားကို ပြောလိုက်သဖြင့် သည်အဖြစ်မျိုးနှင့် ကြုံရလျှင်၊ သည်မြင်ကွင်းများ မိမိရှေ့မှောက် ရောက်လာလျှင် မိမိစိတ်ကို ဘယ်သို့ဘယ်ပုံ ဆောက်တည်ထားမည်ဟု ဟိုယခင်က အတိအလင်း ဆုံးဖြတ်ထားခဲ့၏။ ထိုသို့ ဆုံးဖြတ်ထားခဲ့သော ကိစ္စကို ယခုမျက်နှာချင်းဆိုင် ကြုံကြရချေပြီ။ မယိမ်းမယိုင် ကြံ့ကြံ့ခိုင်ခိုင် ထားလိုက်မည်ဟု ရည်မှန်းထားခဲ့သော ကျွန်ုပ်၏ စိတ်ဘဝင်သည် ယိမ်းယိုင်လှုပ်ခါ၍ လာရပေပြီ။ သီတင်းသုံးဖော်များသာ ပါမလာလျှင် သူတို့နှင့်အတူ ရော၍ ငိုခဲ့မိမည်လား မဆိုနိုင်ပါ။

## ငိုလိုက်လျှင် ရင်ပေါ့သွားမည်

တကယ်တမ်းသာ ငိုဖြစ်ခဲ့လျှင်တော့ အကောင်းသားပင် ဖြစ်ပါ၏။ ဤသို့ ငိုခဲ့မိသဖြင့် သီတင်းသုံးဖော်များက ကဲ့ရဲ့သင်္ဂြိုဟ် အရှိသေ တန်သွားကြလျှင်လည်း ကိစ္စမရှိပါ။ စောစောစီးစီး ငိုလိုက်ရ၍ စိတ်နှလုံး ပြေလျော့သွားလျှင် ညနေပိုင်းမှာ ပေါ်လာသော ကိစ္စအတွက် ကျွန်ုပ် စိတ်သက်သာရာ ရပါလိမ့်မည်။ သက်တောင့်သက်သာ ဗျာပါရ မများရသောစိတ်ဖြင့် ချင့်ချိန်

စဉ်းစားလိုက်ပါလျှင် ထိုညနေက ကိစ္စသည် ထိုညနေမှာပင် ပြီးစီးအောင်မြင်ခဲ့မည် ဖြစ်၏။ သို့ပါလျက် ကျွန်ုပ်သည် ထိုအခွင့် အရေးကို လက်လွှတ်ခံခဲ့ရ၏။ မယ်တော်ကြီးတို့ တတွေအား သနားကြင်နာမိသော စိတ်များကြောင့်ပင် မသနားရာ၊ မကြင်နာရာ ရောက်ခဲ့ရပေသည်။

## ပြုံးပန်းပွင့်သော ထိုညနေ

မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် မုဆိုးမအသစ် ငါးရာနှင့်တကွ ထိုညနေက ကျောင်းတော်သို့ ရောက်လာကြ၏။ သကျ ကောလိယ နှစ်ပြည်ထောင်မှ ဘဝတူ အမျိုးသမီးများနှင့် တကွနက် စုပေါင်းလာကြခြင်း ဖြစ်၏။ နံနက်တုန်းက မချိတင်ကဲ ငိုပွဲကြီး ဆင်ခဲ့ကြသော နှမသည်များသည် ယခု ညနေပိုင်းမှာ တော့ မိုးဆန်းပန်းနှယ် လန်းရွှင်၍ နေကြ၏။ ကိုယ်စီကိုယ်င ပြုံးမြမြ ဖြစ်နေကြသော မျက်နှာများပေါ်ဝယ် မြှော်လင့်ချက် ရောင်ခြည်သစ်တခုက ယှက်သန်းလျက် ရှိနေ၏။ နံနက်တုန်းက သူတို့၏ အပူဒဏ် အဟပ်ခံခဲ့ရသော ကျွန်ုပ်သည် ယခုညနေပိုင်းမှာ တော့ သူတို့နှင့်အတူ ပြုံးရရှင်ရပြန်ပေသည်။ အနှစ်နှစ် အလလက ကျွန်ုပ် မြှော်မှန်းထားခဲ့သော နေ့ထူးနေ့မြတ်သည် ယနေ့ပင် ဖြစ်နေသည် မဟုတ်ပါလော။

## ကွက်လပ်ကို ဖြည့်ကြတော့မည်

ဘုရားရှင် သာသနာတော်ဝယ် ယနေ့ထိ ရဟန်းနှင့် သာမဏေများသာ ရှိသေး၏။ ဘိက္ခုနီခေါ် ရဟန်းမနှင့် သာမဏေမများကား မရှိသေးပါ။ အမျိုးသမီးများသည် ယနေ့ထိ သာသနာ့စည်းဝိုင်း အပြင်ဘက်မှာသာ ရှိနေကြသေး၏။ ကမ္ဘာ့လူဦးရေ၏ တစ်ဝက်ကျော်ကျော် ရှိနေသော ထိုအမျိုးသမီးများ မရောက်လာမဝင်လာသေးသည့် ကျွန်ုပ်တို့ သာသနာ့ နယ်ပယ်သည် ကျယ်ပြန့်သင့်သလောက် မကျယ်ပြန့်သေးဘဲ ဖြစ်နေရ၏။ ယနေ့တော့ သည်ဘက်က ကွက်လပ်ကို ဖြည့်ဆည်းမည့်သူများ ပေါ်လာချေပြီ။ လူ့ဘောင်လောကအတွက် အားကိုးစရာ ဘာတခုမျှ မရှိကြတော့ပါဘဲလျက် တက်တက်ကြွကြွရှိလာကြခြင်းမှာ သာသနာတော်ဘက်က မြှော်လင့်ချက်ကြောင့် ဖြစ်ပေလိမ့်မည်။

## မော်ကွန်းဝင်မည့် အမျိုးသမီးများ

ဘိက္ခုနီ သာသနာ့သမိုင်းတွင် ဦးစွာပထမ မော်ကွန်းတင် ခံကြရမည့် အာဇာနည် အမျိုးသမီးများကို ကျွန်ုပ်သည် ဘုရားရှင်ရှေ့တော်မှောက်သို့ ဝမ်းမြောက် ဝမ်းသာ ပို့ပေးလိုက်၏။ သကျအမျိုးသမီးများ ပီသစွာ သူများတကာထက် ဦးဦးဖျားဖျား ရောက်လာသူများအတွက် ရှင်တော်ဘုရား၏ ကောင်းချီး သြဘာသံကို ကျွန်ုပ် နာခံရပေတော့မည်။

ရှင်တော်ဘုရား၏ခြေအစုံဝယ် လက်အုပ်ကြာပဒုံ အသီးသီးကို ဆက်ကပ်ကြပြီးနောက် မယ်တော်ကြီးက ဤသို့လျှောက်ထား၏။

"အရှင်ဘုရား၊ သိရေး မြင်ရေး၊ ကျင့်သုံးရေးနှင့်တကွ အရှင်ဘုရား ဟောကြားပြသတော်မူသော သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက် ထမ်းဆောင်ရန် ခွင့်ပြုတော်မူပါဘုရား"

မိမိတို့ အုပ်စုတခုတည်းအတွက်မဟုတ်ဘဲ အမျိုးသမီးအားလုံး ကိုယ်စား လျှောက်ထားလိုက်ခြင်း ဖြစ်ပေသည်။

## နူးညံ့သော စကားလုံးများ

"ဂေါတမီ၊ သာသနာတော်ဝယ် အမျိုးသမီးများ ဝင်ရောက် ထမ်းဆောင်ရန် မတောင့်တပါလင့်"

နူးညံ့ချိုသာလှသော စကားလုံးများပင် ဖြစ်ပါ၏။ ခါတိုင်း အချိန်များ၌ ဤလိုစကားလုံးကလေးများကို ကြားနာနေရပါလျှင် အနားက တဖဝါးမှ မခွာဘဲ ညလုံးပေါက် နေနိုင်ပါ၏။ သို့ပါလျက် သည်စကားလုံးကလေးများ၏ ဒဏ်ကိုကား ကျွန်ုပ် မခံနိုင်ပါ။ နားထဲမှာ နူးညံ့ချိုသာသည်နှင့်အမျှ အသဲနှလုံး တုန်လှုပ်ရသော စကားလုံးများ ပါပေတည်း။

## ပြုံးပန်းတို့ ကြွေလေပြီ

ဘေးပန်းက အကျိုးဆောင်ရသော ကျွန်ုပ်ကပင် ဤ၍ ဤမျှ တုန်လှုပ်နေလျှင် ကာယကံရှင်များမှာ မည်သို့ ရှိချိမ့်မည်နည်း။ ငိုသူကငို၊ ရှိုက်သူကရှိုက်၊ တချို့မှာတော့ နားကြားများ လွဲနေသလားဟု ဟိုဟိုသည်သည် အကဲခတ်၍ နေကြရ၏။ သူတို့၏

နောက်ဆုံး အားကိုးရာ ပုဂ္ဂိုလ်ကြီးက ဤသို့ဤပုံ ပစ်ပစ်ခါခါ လုပ်လိမ့်မည် ဟူ၍ သူတို့ မမြော်လင့်ခဲ့ကြပါပေ။

မမြော်လင့်သော စကားကိုပင် သုံးကြိမ်သုံးခါ ကြားကြရပြီမို့ ဇဝေဇဝါဖြစ်စရာ မလိုတော့ပါ။ မယ်တော်ကြီးက ဇွဲကောင်းကောင်းနှင့် သုံးကြိမ်သုံးခါ လျှောက်ထားသကဲ့သို့ပင် သူ့သားတော် ဘုရားကလည်း သုံးကြိမ်စလုံးကို ပယ်တော်မူလိုက်ချေပြီ။

ပထမတကြိမ် ပယ်တုန်းက တချို့ အမျိုးသမီးများ ငိုကြ၏။ ဒုတိယအကြိမ်မှာ ကျန် အမျိုးသမီးများအလှည့်၊ နောက်ဆုံး အကြိမ်ကား မယ်တော်ကြီး တယောက်ထဲအတွက် ဖြစ်ပေသည်။

## ဟိုတကြိမ်နှင့် မတူပြီ

ယခင်တခါ သင်္ကန်းအလှူကို အပယ်ခံရစဉ်က ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသည် မှန်ပါ၏။ သို့ရာတွင် ဤသို့ ငြင်းပယ်ခြင်းမှာ သံဃာ့ အဖွဲ့အစည်းကြီး ကာလတာရှည် တည်တံ့ခိုင်မြဲစေရန် ဖြစ်သည် ဟူ၍ တဖက်က ဖြေစရာရှိပါသေး၏။ ယခုကိစ္စမှာကား ဖြေစရာ ဖျောက်စရာဟူ၍ လုံးဝမရှိပါပေ။ ကျန်ရှိသေးသော ဘဝတသက်တာ အတွက် နောက်ဆုံးပိတ် မြော်လင့်ချက် ဟူ၍ ဤတနေရာထဲသာ ရှိခဲ့ရာတွင် ယခု ဤတနေရာထဲမှာပင် နေစရာ မရှိတော့ပေ။

## အပယ်ခံတို့၏ အားကိုးရာ

လူများစွာတို့၏ အကျိုးစီးပွား များစိမ့်သောငှာ လူများစွာတို့၏ ချမ်းသာသုခ ပွားစိမ့်သောငှာ ဖြစ်ထွန်း ပေါ်ပေါက်လာရပါ

သည်ဆိုသော သာသနာတော်ကြီးသည် လူများစွာထဲက အမျိုးသမီးများကိုကား လက်မခံ ပယ်လှန်လိုက်ချေပြီ။ အပယ်ခံအမျိုးသမီးတို့၏ နောက်ဆုံးအားကိုးရာကား တွေတွေစီးသော မျက်ရည်များ ပင် ဖြစ်ချေသည် တကား။ မယ်တော်ကြီး၏ လျှောက်ထားချက်ကို ပြတ်ပြတ်သားသားကြီး ပယ်ချတော်မူပြီးနောက် ဘုရားရှင်သည် ဝေသာလီမြို့သို့ ပြန်လှည့်တော် မူပေသည်။

## စိတ်ပျော့ညံ့မှု၏ ရလဒ်

မယ်တော်ကြီးတို့ အပေါ် သနားကြင်နာသော စိတ်များက ဆို့ပိတ်၍ ထားသဖြင့် ကျွန်ုပ်သည် ထိုစဉ်က အာသီးထည့်ထားသလို ဖြစ်နေရ၏။ အမျိုးသမီး များအား သာသနာတော် တွင်းသို့ ခိုလှုံခွင့်ရစေရန် နည်းပရိယာယ် တခုခုကိုမှ မရှာကြံနိုင်ခဲ့။ ဘဝ တသက်တာတွင် စိတ်နှလုံးပျော့ညံ့မှုကြောင့် ဦးစွာပထမ ကြုံတွေ့ခဲ့ရသော ကျွန်ုပ်၏ ဟာကွက်တခုပင် ဖြစ်ပေသည်။ နောင်တော်မြတ် အပေါ် တွယ်လွန်းသော စိတ်များကြောင့် ကြုံခဲ့ရသော ဟာကွက်များကို နောက်ပိုင်းတွင် ကြားနာကြရပါဦးမည်။

သတိမထားမိသည့်အခိုက် ကြုံကြိုက်ခဲ့ရသော ဟာကွက်ကို သတိလက်ကိုင် ခိုင်မြဲလာသောအခါတွင်ကား ပြည့်ပြည့်ဝဝကြီး ဖြည့်ရပါမည်။ ဖြည့်ရန်အခွင့်ကလည်း မကြာမီ ပေါ်ပေါက်၍ လာပေသည်။

## မယ်တော်ကြီးတို့ လိုက်လာကြပြီ

ကပိလဝတ်မြို့ပေါ်မှ ယူဇနာ ၅၀ ကွာလှမ်းသော ဝေသာလီမြို့တော်သို့ မနွေးလှန်း မမြန်လှန်းသော အစီအစဉ်ဖြင့် လာခဲ့ကြရာ ကျွန်ုပ်တို့ရောက်၍ မကြာလှသေးမီတွင် သာသနာ့ မိခင်ကြီး လိုက်ပါလာခဲ့ပေသည်။ သူ့နောက်ပါးဝယ် ဟိုယခင်က အတူလိုပါလာဘူးသော အမျိုးသမီး ၅၀၀ လည်း အတူပါမြဲပါလာကြပေသည်။

## မကြည့်ရက်စရာ မမြင်ရက်စရာ

မယ်တော်ကြီး၏ မျက်နှာကို မြင်ရတိုင်း အားရဝမ်းသာ ဖြစ်ခဲ့ရသော ကျွန်ုပ်သည် သည်တခါတွင်ကား စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရတော့၏။ မယ်တော်ကြီးတို့၏ လက်ရှိအခြေအနေမှာ မရှုရက်၊ မမြင်ရက်စရာပင် ဖြစ်ပါ၏။ အဝေးရှည်စွာသော ခရီးကြမ်းကို မလှမ်းစဖူး လှမ်းလာ ခဲ့ကြရ၍ သူတို့ ခြေထောက်များ ယောင်ကိုင်းလျက် ရှိကြ၏။ တချို့မှာဆိုလျှင် သွေးရဲရဲ သံရဲရဲ။ တကိုယ်လုံးမှာလည်း မြူမှုန်တို့က ဖွေးဖွေးလှုပ်မျှ။ ဤ၍ဤမျှ ညှိုးနွမ်းလှသော အခြေအနေကို ရှုမြင်မိသူသည် သိဟောင်းကျွမ်းဟောင်း မဟုတ်ပါက နန်းတော်ထက်မှ ဆင်းသက်လာသူများ ဟူ၍ ယုံနိုင်ဘွယ်ရာ မရှိပါချေ။

## တဖက်သတ် ဆုံးဖြတ်ချက်

ထို့ထက်ပို၍ ဆိုးသည်ကား မိမိတို့ဘာသာ ဆံကေသာ ပယ်ကာချ၍ ဖန်ရေစွမ်းသော အဝတ်များ ဝတ်ဆင်လာကြခြင်း ဖြစ်၏။ သားတော်ဘုရားက သုံးကြိမ်တိုင်တိုင် ပိတ်တော်မူခဲ့သော တံခါးတချပ်ကို သူတို့ဘာသာ တဖက်သတ် ဆုံးဖြတ်ချက်ချ၍ တကျော့တဖန် တွန်းလာကြပြန်ခြင်း ဖြစ်၏။

ခိုင်မာလှစွာသော ဆုံးဖြတ်ချက်ဖြင့် ဇွဲနဘဲကြီးစွာ လျှောက်လာကြသူများသည် ယခု ကူဋာဂါရကျောင်းတော် တံခါးဝအရောက်တွင်ကား ဆက်လက်၍ မလှမ်းနိုင်ကြတော့ပါ။ ဤသည်မှာ ခြေထောက်များ နာကျဉ်၍သာမဟုတ်ပေ။ စိတ်လိုက်မာန်ပါ လုပ်ခဲ့မိပြီးသော ကိစ္စအတွက် ရတက်မအေးနိုင်ကြ၍လည်းဖြစ်ပေသည်။

## ရှေ့မတိုးသာ နောက်မဆုတ်သာ

သူတို့ တတွေသည် နိုင်ငံတော် တလွှား၌ ထင်ရှား သူများ၊ ကျော်ကြားသူများ ဖြစ်ကြ၏။ အရှင်သခင်နှင့်တကွ သားတော်များက စွန့်ခွာသွားကြသည့်တိုင် သူတို့၏ ကိုယ်ပိုင်ဂုဏ်သတင်းများက ပျံ့လွင့်နေဆဲပင် ဖြစ်၏။ သို့ဖြစ်၍ သူတို့တတွေက ယခုလို ဇွတ်တရွတ်ပြုလိုက်ကြရာတွင် အုတ်အော်သောင်းသင်း ဖြစ်ခဲ့မည်မလွဲပေ။ သည်အကြောင်းကို တယောက်စကား တယောက်နားဖြင့် တပြည်လုံး သိကုန်ကြပေရော့မည်။

သူတို့ဘက်က တဖက်သတ် ဆုံးဖြတ်ချက်ဖြင့် ရဟန်းအသွင် ယူလာခဲ့ရာတွင် အကယ်၍ ဘုရားရှင်က ခွင့်ပြုတော် မူလျှင်

တော်တော်ရှိပါ၏။ ကပိလဝတ်မှာကဲ့သို့ပင် ဆက်လက်၍ ငြင်းဆန်မြဲ ငြင်းဆန်တော် မူလိုက်လျှင်ကား အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရချေတော့မည်။ ထို့ကြောင့်ပင် ကျောင်းထဲ မဝင်ဝံ့ကြခြင်း ဖြစ်ပါ၏၊ ထို့ကြောင့်ပင် အုတ်တံတိုင်းကို ကပိုကရို မှီနေကြရခြင်း ဖြစ်ပါ၏။ မျက်ရည်စက်လက် မသက်မသာ ဖြစ်ကြရခြင်းမှာလည်း ထိုအကြောင်းကြောင့်ပင် ဖြစ်ပါ၏။

"အရှင်ဘုရား အာနန္ဒာ၊ တပည့်တော်မတို့ကို သနားသောအားဖြင့် ကယ်တင်တော်မူပါဦး၊ တပည့်တော်မတို့မှာ ရှေ့ကိုလည်း မတိုးပံ့ပါ၊ နောက်ကိုလည်း မဆုတ်ရဲပါ။ မရှုသာ မရှိုက်သာ အကျဉ်းအကြပ်ထဲ ရောက်နေကြရပါပြီ ဘုရား"

အသံထိန်း၍ ပြောနေသည့် ကြားကပင် မယ်တော်ကြီးမှာ ရှိုက်ဘဝက် ငင်တဝက် ဖြစ်နေရ၏။

## ပေါင်ဖျက် စေသွားသူများ

ဘုရားရှင် ထံတော်ပါးဝယ် ရဟန်း၊ ရဟန်းမ၊ တကာ တကာမဟူ၍ ပရိသတ်လေးပါးလုံး အစုံအလင် ရှိသင့်ပါလျက် ရဟန်းမများ ဘက်မှ လစ်လပ်လျက် ရှိနေ၏။ တနေ့နေ့ တချိန်ချိန်တွင် လစ်လပ်သော နေရာကို ဖြည့်ပေးနိုင်မည့် အခွင့်အလမ်း ပေါ်လာပေမည်၊ ပေါ်လာသောအခါတွင် မိမိကအလိုက်သင့်အလျှားသင့် ဘုရားရှင်ထံ လျှောက်ထားမည်။ လျှောက်ထား၍ အခွင့်ရလာသည်နှင့် တပြိုင်နက် မယ်တော်ကြီးတို့ထံ အလျှင်အမြန် သတင်းပို့လိုက်မည်၊ ဤကား ကျွန်ုပ်၏ရည်မှန်းချက်ဖြစ်ပါ၏။ ကပိလဝတ်

မှ ဝေသာလီသို့ လာခဲ့ရာ လမ်းတလျှောက်မှာ ဤအကြောင်းများကိုပင် စဉ်းစား၍ လာခဲ့၏။

ယခုတော့ မယ်တော်ကြီးတို့က သတင်းပို့ချိန်ကိုမှ မစောင့်ကြချေပြီ။ တဖက်ကမ်းသို့ စိတ်ချလက်ချ မတက်ရသေးပါဘဲလျက် ဖောင်ကို ဖျက်နှင့်ပြီးကြချေပြီ။ သို့ရာတွင် ကျွန်ုပ် အနေနှင့် မယ်တော်ကြီးနှင့် နှမသည်များကို ပြစ်တင်ရှုံ့ချမှုကား မပြုနိုင်ပါ။ ဆန္ဒ စောလွန်းရန်ကောဟု စကားတင်း မဆိုရက်ပါ။ မနုဿတ္တ လူ့ဘဝကို ရလာကြတာချင်း တူပါလျက် သာသနာတော်တွင်းသို့ ဝင်ခွင့်မရရှာသူများအတွက် ကရုဏာ သက်မိခြင်းသာ ဖြစ်ပါသည်။

## မိန်းမ ဖြစ်ခြင်းသည် အပြစ်တမျိုးလော

ဘုရားရှင် ကိုယ်တော်မြတ် အပေါ်၌ သူတို့သည် လေးမြတ်ကြည်ညိုသဒ္ဓါပိုကြ၏၊ တရားတော်ကိုလည်း ယုံကြည် ကိုးစားပြီးဖြစ်ကြ၏၊ ရဟန်းသံဃာ ဟူသမျှမှာလည်း သူတို့တူ၊ သူတို့သား၊ သူတို့၏ မောင်ဘွားများသာ ဖြစ်ကြ၏။ ရုပ်ရည် ရူပကာအားဖြင့် အပြစ်ဆိုစရာမရှိ။ အကျင့်သိက္ခာဘက်က ကြည့်ပြန်တော့လည်း စံပြ အမျိုးသမီးများ ဖြစ်ကြ၏၊ ဉာဏ်ပညာ အရာမှာလည်း ဘုန်းသမ္ဘာရှင် မင်းယောကျ်ားတို့အောက် နိမ့်ကျခြင်း မရှိပါ။ သို့ပါလျက် သူတို့ခမျာ မြင့်မြတ်လှစွာသော သာသနာတော်တွင်းသို့ ဝင်ရောက်ခွင့် မရနိုင်လောက်အောင် ကြီးမားလှသော အပြစ်ကြီးကား ရှိနေဘိ၏။ ထိုအပြစ်ကြီးကား မိန်းမသားများ ဖြစ်နေခြင်း ပင်တည်း။

## မိန်းမဆိုတိုင်း ကာမဂုဏ်နှင့်မဆိုင်

မိန်းမသားဟူသော အုပ်စုထဲတွင် အနန္တဂိုဏ်းဝင် ကျေးဇူးရှင် မိခင်ကြီးသည် ထိပ်ဆုံးမှ ပါဝင်လျက်ရှိ၏။ ထို့နောက် မိမိတို့ အပေါ် မကောင်းမြစ်ထား၊ ကောင်းရာညွှန်လတ်၊ ဆိုဆုံးမတတ် ကြပေသော မိကြီး၊ မိထွေး၊ ဒေါ်ကြီး၊ ဒေါ်လေးများ၊ ကလေး အရွယ် လူမမယ်ဘဝက မိမိကို ထိန်းသိမ်းယုယခဲ့သော အမများ၊ မိမိက ထိန်းသိမ်းခဲ့ရသော နှမကလေးများ၊ ထို့ပြင်တဝ မိမိတို့ ကိုယ်တိုင်က ဝါးဖတ်တော် ကစီနှစ်ဖြင့် လူဖြစ်အောင် မွေးမြူ လာခဲ့ရသော သမီးငယ်ထွေး ပီစိကွေးတို့ ပါဝင်လျက် ရှိကြ၏။

ကာမဂုဏ် အာရုံမဖက်၊ မိသားစုအချစ်သက်သက်ဖြင့် ဆက်ဆံ လာခဲ့ရသော မိန်းမများသည် လောက လူ့ရွာတွင် အထင်အရှား ရှိနေကြ၏။ သို့ပါလျက် လောက လူ့ရွာသည် အင်မတန်မှ ခက်လှဘိ၏။ မိန်းမဟူသော အသံကို ကြားရသည်နှင့် တပြိုင်နက် သန့်စင်သော မေတ္တာရှင်များကို ကျော်လွှားကာ ကာမဂုဏ် အာရုံများကိုသာ ပြေး၍မြင်တတ်ကြ၏။ အချို့သော ပုဂ္ဂိုလ်ကြီး များမှာဆိုလျှင် မိန်းမဟူသော စကားလုံးကိုပင် ရွံရှာစက်ဆုပ် ဖွယ် သဘောထား၍ ဝေးဝေးက ရှောင်ရှား၍ နေကြ၏။

## မိန်မကို မိန်းမက အထင်သေးသည်

ထားရာမှာသာနေ၍ ဈေးသို့ သွားခဲ့ကြရသော မိန်းမသားတို့ အပေါ်ဝယ် အခွင့်ထူးခံ မင်းယောကျ်ားတို့က အထင်သေး

အမြင်သေး ဖြစ်သည်မှာ ရှိပါစေတော့။လူ့အဆက်အနွယ်ပေါင်း မြောက်မြားစွာက ဆက်ကာဆက်ကာ ကျင့်သုံးလာခဲ့သောဓလေ့ ထုံးစံကြီးတခုကို ယခုချက်ခြင်း တွန်းလှန် ပယ်ဖျက်၍ ရနိုင်မည် မဟုတ်ပါ။ သို့သော် ကျွန်ုပ်၏ စိတ်ထဲ၌ ဇလုံးဇခု ဖြစ်ခဲ့ရသည်မှာ မိန်းမသားများ အပေါ်ဝယ် မိန်းမသားများ ကိုယ်တိုင်ကပါ အထင်သေး အမြင်သေး ဖြစ်တတ်ကြခြင်းပင် ဖြစ်ပါ၏။

## လက်လှမ်း၍ မမှီနိုင်ပြီ

ဤသို့အားဖြင့် မိန်းမဟူသော မနုဿ လူသားများကို ယောကျ်ား ရော မိန်းမပါ လောကလူ့ရှာ တခုလုံးက နိမ့်ကျသော အတန်း အစားအဖြစ် သတ်မှတ်၍ ထားလေရာ မြင့်မြတ်လှစွာသော သာသနာတော်ကြီးနှင့် အလှမ်းကွာ၍ နေကြရ၏။ မချဉ်းသာ မကပ်သာ အလှမ်းကွာ၍နေသော ဤခရီးတာကိုမြေကြောရှုံ့၍ ပေးနိုင်သောပုဂ္ဂိုလ်ကား ဤကမ္ဘာမြေပေါ်တွင်ဘုရားရှင်တပါး တည်းသာ ရှိပေသည်။ထိုတပါးတည်းသော ပုဂ္ဂိုလ်ကပင် အေးရာ ငြိမ်းရာ ခိုလှုံလာသူတို့အား ငြင်းပယ်၍ လွှတ်တော်မူခဲ့ပြီးပေပြီ။

ဤသို့ လွှတ်တော်မူရာတွင် မိန်းမသည် ခွေးထီးလောက်မျှ မမြတ်ဟူသော ရှေးရိုးစဉ်လာ အယူစွဲကြောင့် မဟုတ်နိုင်ပါ။ ထိုအယူစွဲဖြင့် ကဲ့ရဲ့သဂြိုဟ် စကားတင်းဆိုတတ်သော လောက လူ့ရှာကြီးနှင့် မဆန့်ကျင်လိုသောကြောင့် ဖြစ်ပါလိမ့်မည်။အရှိန် ကောင်းကောင်းနှင့် လှမ်းလာခဲ့သော သာသနာ့ ခရီးစဉ်ကြီးကို မိန်းမသားတို့ကြောင့် မဖင့်မနှေးစေ လိုသောကြောင့် ဖြစ်ပေ လိမ့်မည်။

## တဖက်သတ် လိုက်ရတော့မည်

ကိုယ်တော်မြတ်၏ စိတ်သဘောကို မဆန့်ကျင်လိုသော်လည်း ယခုတော့ အရေးအခွင့်က ကြုံလာချေပြီ။ ရှေ့မတိုးသာ နောက်မဆုတ်သာ ဖြစ်နေကြရသော မယ်တော်ကြီးနှင့် နှမသည်များ အတွက် စွမ်းအားရှိသလောက် လျှောက်ထားရပါတော့မည်။

သို့ဖြစ်၍-

"စိတ်ပျက်အားငယ်စွာ မျက်ရည်ကျမနေပါနှင့်တော့ တကာမကြီး။ ဘုရားရှင် ထံတော်မှောက်သို့ ကျွန်ုပ်သွား၍ လျှောက်ထားပါဦးမည်။ ဤနေရာကပင် ခေတ္တခဏ စောင့်ဆိုင်း၍ နေကြပါဘိ"

မယ်တော်ကြီးတို့ဘတွေအား နှစ်သိမ့်စကားဆိုကာ ကျွန်ုပ်သည် ဘုရားရှင့်ထံတော်မှောက် ဝင်ရောက်ခဲ့ပါ၏။ သင့်တင့်လျှောက်ပတ်သော နေရာမှ ရိုသေစွာ ဦးချကန်တော့ပြီးလျှင် သုံးကြိမ်သုံးခါ ပိတ်ဆတ်မှုပြီးသော တံခါးတရွက်ကို စတုတ္ထအကြိမ်မြောက် တွန်း၍စမ်းလိုက်ရပေသည်။

## သုံးကြိမ်ထပ်လျှောက် သုံးကြိမ်ထပ်ပယ်

"အရှင်ဘုရား၊ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် သကျ ကောလိယ နှစ်ပြည်ထောင် အမျိုးသမီး ငါးရာတို့နှင့်တကွ ကျောင်းတော် တံခါးဝမှာ ရောက်နေပါပြီ။ ယူဇနာငါးဆယ် ခရီးကြမ်းကို လှမ်းလာရသဖြင့် ခြေထောက်များ ယောင်ကိုင်း၍

နေပါသည်။ သွေးသံရဲရဲ ဖြစ်နေကြပါပြီ။ တကိုယ်လုံးမှာ မြူ အလိမ်းလိမ်းကပ်လျက်ရှိပါသည်။ မိန်းမသားများအား ရဟန်း ပြုခွင့် ပေးတော်မမူသဖြင့် ကိုယ်ရောစိတ်ပါ ဆင်းရဲခြင်းကြီးစွာ ခံစားလျက် မျက်ရည်သွယ်သွယ် ကျဆင်း၍ နေရပါသည်။

"အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ မိန်းမသား များအား သာသနာတော်ဝယ် ရဟန်းဝတ်ခွင့် ပြုတော်မူပါ ဘုရား"

"အာနန္ဒာ၊ သာသနာတော်ဝယ် အမျိုးသမီးများဝင်ရောက် ထမ်းဆောင်ရန် မတော်တပါလင့်"

ယခင်အကြိမ်များမှာ ကဲ့သို့ပင် စတုတ္ထအကြိမ် တောင်းပန် လျှောက်ထားခြင်းမှာလည်းငြင်သာသော စကားလုံးတို့ဖြင့်ပယ်ချ ခံလိုက်ရပါသည်။ သို့ရာတွင် ကျွန်ုပ်က လက်မလျှော့နိုင်သေးပါ။ မယ်တော်ကြီး မဟာပဇာပတိဂေါတမီအတွက် သေရေးရှင်ရေးကိစ္စ ဖြစ်နေသဖြင့် ပဉ္စမ ဆဋ္ဌမ အကြိမ်များထိ ဆက်လက်၍ လျှောက် ထားရပြန်ပေသည်။ သို့သော် ခဲလေသမျှ သဲရေကျပါတည်း။

## တံကျခိုင်မာလှသော စိတ်ဓာတ်

နို့ချိုတိုက်ကျွေး မွေးမြူခဲ့သော မယ်တော်ကြီး၏ စိတ်ချမ်းသာ ရေးထက် သာသနာ့ ခရီးစဉ် တွင်ကျယ်ရေးကိုသာ အလေးဂရု ပြုတော်မူသော အရှင်မြတ်ကြီးပါတကား။

ကိုယ်ရောစိတ်ပါ ဆင်းရဲကြီးစွာ ခံစားနေရသော မယ်တော် ကြီးအတွက် စိတ်မချမ်းမသာ ဖြစ်ရသည်နှင့်အမျှ တံကျခိုင်မာ

လှသော သာသနာပြု စိတ်ဓာတ်အတွက် ကျွန်ုပ် အားရကျေနပ်မိပါသည်။ ဤသို့သော သံမဏိစိတ်ဓာတ်ရှင်အား သမားရိုးကျ တောင်းပန်နည်းဖြင့် တောင်းပန်နေ၍ အကျိုးထူးလိမ့်မည် မဟုတ်ပါ။ သံယောဇဉ်ဟူသမျှ ပယ်ဖြတ်၍ ထားခဲ့ပြီးဖြစ်သော အရှင်မြတ်ကြီးအား သံယောဇဉ် အမျှင်မပြတ်သော စကားတို့ဖြင့် အသနားခံ၍ မရနိုင်တော့သည့် အခါန်တွင် မရှောင်နိုင် မတိမ်းနိုင်သော စကားဖြင့် လျှောက်ထားရပါတော့မည်။

## ဓမ္မဓိဋ္ဌာန် စကား

"အရှင်ဘုရား၊ မိန်းမသားတယောက်သည် ဘုရားရှင့် သာသနာတော်ဝယ် ရဟန်းပြုသောအားဖြင့် သောတာပတ္တိဖိုလ်ကို လည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကို လည်းကောင်း၊ အရဟတ္တဖိုလ်ကို လည်းကောင်း ရှက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါသလား အရှင်ဘုရား"

"အာနန္ဒာ၊ ထိုက်တန်ပါ၏"

မိန်းမသားတို့အား ခြောက်ကြိမ်တိုင်တိုင် ငြင်းပယ်တော်မူခဲ့သော ဘုရားရှင်သည်ဓမ္မဓိဋ္ဌာန်စကားကိုကားချက်ခြင်းလက်ငင်း ထောက်ခံတော် မူလိုက်ပေသည်။ ဤသည်မှာ ဘိက္ခုနီသာသနာ ပေါ်ထွန်းရေးအတွက် အစတစ ထွက်ကျ လာခြင်းဖြစ်သဖြင့် ထိုအစကို ကျွန်ုပ်က လက်ရပိုင်ပိုင် ဤကဲ့သို့ ဆွဲကိုင်လိုက်ရတော့သည်။

## ရွှေတံခါးကြီး ပွင့်လေပြီ

"အရှင်ဘုရား၊ မိန်းမသား တယောက်သည် သာသနာတော်တွင်းဝယ် ရဟန်းပြုသောအားဖြင့် ဖိုလ်လေးတန်ကို မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါလျှင် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီကို ငဲ့ညှာတော်မူပါ။ မဟာပဇာပတိ ဂေါတမီသည် မယ်တော်ရင်း မဟာမာယာ ကွယ်လွန်ချိန်မှစပြီး အရှင်ဘုရားကို နို့ချိုတိုက်ကျွေး မွေးမြူခဲ့ပါသည်။

"မြောက်မြားလှစွာသော ထိုဂုဏ်ကျေးဇူးကို ထောက်ထားသောအားဖြင့် တပည့်တော် တောင်းပန်ပါသည် အရှင်ဘုရား။ ဘုရားရှင့် သာသနာတော်ဝယ် မိန်းမသားများ ရဟန်း ဝတ်ခွင့် ပြုတော်မူပါဘုရား"

"အာနန္ဒာ၊ မဟာပဇာပတိ ဂေါတမီသည် ဂရုဓမ်တရား ၈-ပါးကို လက်ခံငြားအံ့။ ထိုသို့ ခံယူခြင်းသည်ပင်လျှင် သူ၏ ရဟန်းခံခြင်းကိစ္စ ဖြစ်စေသတည်း"

ရွှေတံခါးကြီး ပွင့်၍သွားပေပြီ။

## မျက်ရည်ရွှဲသော ပြုံးမျက်နှာများ

ရှိသမျှသော အကြံဉာဏ်ကို ထုတ်၍ ကျားကုပ်ကျားခဲ ကြိုးစား၍ ရလာခဲ့သော ဆုလပ်ကို မယ်တော်ကြီးထံသို့ အလျင်အမြန် ယူလာခဲ့ရ၏။ ဘုရားရှင့် မိန့်ခွန်းတော်ကို တိုတိုတုတ်တုတ် ထုတ် ပြန်လိုက်ရ၏။

မိန့်ခွန်းတော်ကို ကြားနာလိုက်ရသည်နှင့် တပြိုင်နက် သူတို့အားလုံး၏ မျက်နှာဝယ် ပြုံးပန်းလှိုင်လှိုင် ပွင့်လာကြပေသည်။ မိုးဆမ်းထားသော ပန်းဥယျာဉ်ပမာ မျက်ရည်မိုးတို့ စွပ်ဆိုထားသော မျက်နှာထက်မှ ငွားငွားစွင့်စွင့် ပွင့်နေကြသောအပြုံးပန်းများပင် ဖြစ်ပါ၏။

## ရေချိုးပြီးစ ပန်းလှလှ

"အရှင်ဘုရား အာနန္ဒာ၊ ဦးခေါင်းလျှော်ပြီး၍ လှချင်ပချင် တန်ဆာဆင်ထားသော လုလင်ပျိုသည်လည်းကောင်း၊ မိန်းမပျိုသည်လည်းကောင်း၊ ကြာပန်းကိုဖြစ်စေ၊ စပယ်ပန်းကို ဖြစ်စေ၊ စစ်သိမ်ပန်းကိုဖြစ်စေ ပန်းတမျိုးမျိုးကို ရရှိသောအခါ လက်နှစ်ဖက်ဖြင့် တရိုတသေခံယူကာ ဦးခေါင်းတည်းဟူသော မြတ်အင်္ဂါထက်ဝယ် နှစ်သက်စွာ ပန်ဆင်ဘိသကဲ့သို့ တသက်ပတ်လုံး မကျူးလွန် မဖောက်ဖျက် ထိုက်ကုန်သော ဤ ဂရုဓမ်တရား ၈-ပါးတို့ကို တပည့်တော်မ ခံယူပါ၏ အရှင်ဘုရား"

ရေစင်ရေချမ်း သွန်းလောင်းလိုက်ရသဖြင့် နှလုံးစိတ်ဝမ်း ချမ်းမြေ့စွာ လျှောက်ထားလိုက်သော စကားတို့ ဖြစ်ကြပါ၏။

## ဂရုဓမ် တရား ၈-ပါး

မဟာပဇာပတိ ဂေါတမီတို့အတွက် ဘုရားရှင် ပညတ်တော်မူလိုက်သော ဂရုဓမ်တရား ၈-ပါးမှာ-

၁။ ရဟန်းမသည် ဝါတရာပင် ရသည်ဖြစ်စေ ယနေ့မှဖြစ်သော ရဟန်းသစ်ကို ရှိခိုးရမည်။ ခရီးဦး ကြိုဆိုရမည်။ လက်အုပ်ချီရမည်။ အရိုအသေ ပေးရမည်။

၂။ ယူဇနာဝက်အတွင်း၌ ရဟန်းတပါးမှ မရှိသော ကျောင်းတွင် ဝါမဆိုရ။

၃။ ရဟန်းသံဃာထံသို့ လပြည့် လကွယ် နေ့တိုင်း ဥပုသ်အမေး သွားရမည်။ ဩဝါဒ ခံယူရန် သွားရမည်။

၄။ ဝါကျွတ်ပြီးသော ရဟန်းမသည် ရဟန်းနှင့် ရဟန်းမသံဃာနှစ်ရပ်လုံး၌ကိုယ်တိုင်မြင်သော၊တဆင့်ကြားသော ယုံမှား သကင်္ာရှိသော အပြစ် အာပတ်များကိုထုတ်ဖော်ပြောဆိုကြရန် ပန်ကြားရမည်။

၅။ ဂရုက အာပတ်ကြီးများသင့်သော ရဟန်းမသည် သံဃာနှစ်ရပ်လုံး၌ ပက္ခမာနတ်ကျင့်ရမည်။

၆။ ဝိကာလဘောဇနတိုင်အောင် သိက္ခာပုဒ် ခြောက်ခုကို နှစ်နှစ်တိုင်တိုင် ကျင့်ခဲ့ပြီးသော သိက္ခမာန်ကို သံဃာနှစ်ရပ်၌ ရဟန်းခံနိုင်ရန် ကြိုးစား အားထုတ်ရမည်။

၇။ မည်သို့သော အကြောင်းရှိသည်ဖြစ်စေ ရဟန်းမသည် ရဟန်းကို မဆဲရေးရ။ ရေရွတ်တိုင်းထွာခြင်း မပြုရ။

၈။ ဤယနေ့မှ အစပြု၍ ရဟန်းမတို့က ရဟန်းတို့အပေါ် ပြောဆိုခွင့် မရှိပေ။ သို့သော် ရှေးရှေးက မထေရ်များသည် ဤသို့သော သက်န်းဆိုင်ရာ ကျင့်ဝတ်များကို ကျင့်သုံးကြပေသည် ဟူ၍ကား ရည်ညွှန်းပြောဆိုနိုင်ပေသည်။ ရဟန်းမများ အပေါ်တွင်ကား ရဟန်းတို့ ပြောဆိုခွင့် ရှိပေသည်။

## ရှုတ်ချသောကြောင့် အကြည်ညို မလျော့ပါ

မယ်တော်ကြီးထံတွင် ဂရုဓမ္မ ၈-ပါးကို သေချာဂဏာပြောပြပြီးနောက်ကျွန်ုပ်သည် ဘုရားရှင်ထံတော်မှောက်သို့ပြန်ဝင်ခဲ့ပြီး-

"အရှင်ဘုရား၊ မဟာပဇာပတိဂေါတမီသည် ဂရုဓမ္မ ၈-ပါးကို လက်ခံလိုက်ပါပြီ"ဟု လျှောက်ထားလိုက်၏။

ဤတွင် မလှဲသာ မရှောင်သာ၍ ခွင့်ပြုလိုက်ရသော ကိစ္စအတွက် ဘုရားရှင်က ကျွန်ုပ်ကို သုံးမျိုးသော ဥပမာတို့ဖြင့် ပြစ်တင် ရှုံ့ချတော်မူပေသည်။ ဤသို့သော ပြစ်တင်ရှုံ့ချသော စကားရပ်တို့ကြောင့် ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် အကုသိုလ်စေတသိက်များ ထကြွလာရန် အကြောင်းမရှိပါ။ ကိုယ်တော်တိုင်က စိတ်ပါလက်ပါ မဟုတ်ဘဲလျက် ကျွန်ုပ်၏ လျှောက်ထားချက်ကို လက်ခံတော်မူသည့်အတွက် ဆထက်ထမ်းပိုးတိုး၍ ကြည်ညိုမိပေသည်။ မိန်းမသားတို့အပေါ် စာနာသော စိတ်ထားဖြင့် ရှုမြင် သုံးသပ်ရာတွင် ဘုရားရှင် ကိုယ်တော်တိုင်ကပါ ကျွန်ုပ်ရှေ့မှာ မားမားမတ်မတ် ရပ်တော်မူလာသဖြင့် ကျွန်ုပ် ဝမ်းသာအားရဖြစ်မိပေသည်။

## မကျိုးခင်က ကြိုတင်ဆည်ဖို့ခြင်း

ကြည်ညိုခြင်း၊ ဝမ်းသာခြင်း စေတသိက်တို့ တကျော့စီ တပြန်စီ ဖြစ်ပေါ်နေကြဆဲတွင် ဝိနည်းတော်နှင့် သက်ဆိုင်သော ပြုပြင်ပြောင်းလဲမှု တခုကိုလည်း သုံးသပ်၍နေမိ၏။ ယခင့်ယခင် အခါ

များတုန်းက ဝိနည်း ပညတ်ချက်ဘခုခု ထုတ်ပြန်တော်မူလျှင် တစုံတခုသော ကျူးလွန်မှုပေါ်ပေါက်ပြီးမှ ထုတ်ပြန်တော်မူ၏။ ယခုထုတ်ပြန်တော်မူသော ဂရုဓမ်တရား ၈ ပါးကား မည်သို့သော ကျူးလွန်မှုမျှမရှိသေးမီက ကြိုကြိုတင်တင်ထုတ်ပြန်တော်မူလေပြီ။

သို့ရာတွင် ဤကိစ္စအတွက် ကျွန်ုပ် ရှည်ရှည်ဝေးဝေး စဉ်းစားနေစရာ မလိုပါ။

"အာနန္ဒာ၊ တဖက်ဆည် ကန်ကြီး၏ ကန်ဘောင်ကို ကန်ရေတွေ ကျိုးပေါက်ဆုံးရှုံးခြင်း မရှိသေးမီက ကြိုတင်၍ ဆည်ဖို့ထားရဘိသကဲ့သို့ ရဟန်းမများအတွက် ရာသက်ပန် မကျိုးမပေါက်စောင့်ရှောက်ကြရန် ဂရုဓမ်တရား ၈ ပါးကို ကြိုကြိုတင်တင်ပညတ်၍ ထားလိုက်ရပေသည်။

ထူးခြားသော အပြုအမူအတွက် ကိုယ်တော်တိုင်က ဖြေရှင်း၍ပေးတော်မူလိုက်ပြီ ဖြစ်ပါ၏။

[အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ ဂေါတမီသုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

# သမီးတော် ဂေါတမီ

## ကျွန်ုပ်အရေးမပိုင်သော ကိစ္စ

မယ်တော်ကြီးမဟာပဇာပတိဂေါတမီသည် ဂရုဓမ်တရား ဂပါးကို ဦးထိပ်ရွက် ပန်ဆင်လိုက်သဖြင့် သူ့အတွက် ရဟန်းခံခြင်းကိစ္စ ပြီးမြောက်သွားပါ၏။ သို့သော် သူ့နောက်မှာ လိုက်ပါလာသော သကျမင်းသမီးတို့အတွက်ကား ကျန်နေသေး၏။ ဤအကြောင်းကို မယ်တော်ကြီးက ကျွန်ုပ်ထံ လာရောက် လျှောက်ထားရာ ကျွန်ုပ် အရေးမပိုင်သောကိစ္စ ဖြစ်၍ ဘုရားရှင်ထံ ပို့ဆောင်ပေးလိုက်ရ၏။ မိန်းမသားများ ရဟန်းပြုနိုင်ရန် ခွင့်ပြုချက် ရပြီမို့ သကျမင်းသမီးများလည်း အတူတကွ လိုက်ပါ၍လာကြပေသည်။

"အရှင်ဘုရား၊ တပည့်တော်မနှင့် အတူ ပါလာသော ဤသာကျဝင်းသမီးများကိုစ္စကို မည်သို့ စီမံရပါမည်နည်း"

သာသနာတော်ကြီး တခုလုံးဝယ် တပါးတည်းသာ ရှိသေးသော ဘိက္ခုနီ အရှင်မကြီး၏ လျှောက်ထားချက် ဖြစ်ပေသည်။ ဘုရားရှင်သည် အရှင်မကြီး၏ လျှောက်ထားချက်ကို လက်ခံတော်မူကာ အတူပါလာသော သကျမင်းသမီးတို့ကို ရဟန်းတို့ ထုံးစံအတိုင်းရဟန်းခံရန် ဝိနည်းပညတ်ချက် ထုတ်ပြန်တော်မူပေသည်။

## အရှင်မ ငါးရာ၏ သံသယ

ဘိက္ခုနီသံဃာ၏ မူလအစဖြစ်၍ ရဟန်းတို့ထံမှသာ တဖက်သတ် ရဟန်းခံ လာကြပြီးသော အရှင်မတို့သည် မယ်တော်ကြီးထံ ပြန်လာကြ၏။ ရဟန်းများ၏ ချီးမြှောက်ကူညီမှုဖြင့် ရဟန်းမဘဝသို့ စာရေးဝင် ရောက်လာကြပြီမို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်လာကြ၏။ ခဏ္ဍသိမ်အတွင်းတွင် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံရသည်ကို ဝမ်းသာအားရ ပြောကြရင်း မယ်တော်ကြီး ပါမလာသည်ကို သံသယ ရှိလာကြ၏။

"တပည့်တော်မတို့တော့ ရဟန်းတို့ ထံမှာ ရဟန်းခံခဲ့ရပြီ။ အရှင်မကြီးမှာ ရဟန်းမခံရသေးပါကလား"

တချို့က ဤသို့ပင် ထုတ်ဖော်၍ ပြောဆိုကြ၏။ ဘုရားရှင့် အမိန့်တော်ကို ကျွန်ုပ်ထံမှ သေသေချာချာ ကြားနာထားရပါလျက် မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည် သူတို့စကားကြောင့် ဇဝေဇဝါ ဖြစ်လာသေး၏၊ ဤပြဿနာ သည်သည်း

ကျွန်ုပ်ထံသို့ တဆင့် ခုန်လာသည်ဖြစ်ရာ ကျွန်ုပ်ကလည်း အရေး-အရာပိုင် ဖြစ်တော်မူသော ဘုရားရှင်ထံသို့ ပို့လိုက်ရပြန်ပေသည်။

"အာနန္ဒာ၊ ဂရုဓမ္မ ၈ ပါးကို ဦးထိပ်ရွက် ပန်ဆင်လိုက်-သည့် အချိန်မှ စ၍ မဟာပဇာပတိ ဂေါတမီသည် ရဟန်းခံပြီး-ဖြစ်ပေသည်"

စောစောက မိန့်ကြားခဲ့ပြီးသော စကားကိုပင် သံသယရှင်း-အောင် ထပ်မံ၍ မိန့်ကြားတော် မူလိုက်ပေသည်။

[စူဠဝဂ်ပါဠိတော်၊ ဘိက္ခုနီခန္ဓက၊ ပထမဘာဏဝါရ],

## နို့ကျွေးဆပ် တရား:တော်

"ဂေါတမီ၊ 'ဤတရားတို့သည်ရာဂနှင့်တကွဖြစ်ခြင်းငှာ၊ဝဋ္ဋတရား-နှင့် ယှဉ်စပ်ခြင်းငှာ၊ ဝဋ္ဋတရားတို့ ပွားစေခြင်းငှာ၊ အလိုတဏှာ ကြီးထွားခြင်းငှာ၊ မရောင့်မရဲ သူ့ထက်ကဲစေရန် အပေါင်းအဖော် များ ကြား၍ ပျော်ပါးနေစေရန်၊ လုံ့လမရှိ ပျင်းရိ နေစေရန်၊ လုပ်ကျွေးမွေးမြူရ ခက်ခဲစေရန် ဖြစ်ကုန်၏' ဟု မိမိကိုယ်တိုင် ကိုယ်ကျသိမြင်ငြားအံ့။ ထိုတရားသည် ဘုရားရှင်ဟောကြားသော တရားတော် မဟုတ်၊ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော် မဟုတ်၊ ဘုရားရှင် ပေးသနားသော အဆုံးအမ မဟုတ်' ဟူ၍ ကေန်မုချ မှတ်ယူရာ၏။'

"ဂေါတမီ၊ 'ဤတရားတို့သည်ရာဂကင်းခြင်းငှာ၊ဝဋ္ဋတရားကို ဖျက်ဆီးခြင်းငှာ၊ အလိုတဏှာ ကင်းကွာခြင်းငှာ၊ သူ့ထက်မကဲ-ရောင့်ရဲလွယ်ခြင်းငှာ၊ အဖော်မမှီး တကိုယ်တည်း နေခြင်းငှာ၊

မဆုတ်မနစ်အားသစ်ခြင်းငှာ၊ လုပ်ကျွေးမွေးမြူ လွယ်ကူစေခြင်းငှာ ဖြစ်ကုန်၏’ဟု ကိုယ်တိုင်ကိုယ်ကျသိမြင်ငြားအံ့ ထိုတရားသည် ဘုရားရှင် ဟောကြားသော တရားတော်ဖြစ်၏။ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော် ဖြစ်၏။ ဘုရားရှင် ပေးသနားသော အဆုံးအမ ဖြစ်၏’ ဟူ၍ ဧကန်မုချ မှတ်ယူရာ၏။”

မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီအား ဘုရားရှင် ဟောကြားခဲ့သော ဒေသနာတော် ဖြစ်ပေသည်။

အမဖြစ်သူ မဟာမာယာဒေဝီ ကွယ်လွန်ပြီးချိန်မှ ၂၉ နှစ်တိုင်တိုင် ပြုစုကျွေးမွေးလာခဲ့ရသော မယ်တော်ကြီးအား ဟောကြားသော ဤဒေသနာတော်သည် တိုတိုကျဉ်းကျဉ်းကလေးသာ ဖြစ်နေပါ၏။ ဤသို့ဖြစ်ရခြင်းမှာ အသိဉာဏ် ရင့်သန်ပြီးသော မယ်တော်ကြီး၏ တောင်းဆိုမှုအရ ဖြစ်ပေသည်။

## ကိုယ်တိုင်သိလျှင် ကိုယ်တိုင်ရှောင်

ဘဝအတွေ့အကြုံ စုံလင်၍ အသိဉာဏ်ရင့်သန်ပြီးသော မယ်တော်ကြီးတို့လို ပုဂ္ဂိုလ်များအတွက် ဘယ်တရား နာရမည်။ ဘယ်အကျင့် ကျင့်ရမည်။ ဘယ်အဆုံးအမ လိုက်နာရမည်ဟူ၍ တခုချင်း တခုချင်း အမည်နာမတွေ တပ်ပြနေစရာ မလိုပါ။ ကာယဝစီ မနောတို့ဖြင့် နေ့စဉ်နှင့်အမျှ တွေ့ကြုံပြုလုပ်နေရသော ကံသုံးပါး အမှုကိစ္စများတွင် မိမိတို့ အဇ္ဈတ္တသန္တာန်ကို မိမိတို့ကိုယ်တိုင်က သတိသမ္ပဇဉ်ဖြင့် ဆင်ခြင် သုံးသပ်ဖို့သာ လိုအပ်၏။ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင် သုံးသပ်လိုက်သောအခါ အကယ်၍ ထိုအမှုကိစ္စသည် ရာဂစသော ကိလေသာတို့ ဖြစ်လာစေကြောင်း

မကောင်းသော အမှုကိစ္စဖြစ်လျှင် မိမိကိုယ်တိုင် သိမြင်လာမည် ဖြစ်၏။ ထိုအခါ ထိုမကောင်းမှုမှ မိမိက ရှောင်ကြဉ်ရမည်ဖြစ်၏။

## ကိုယ်တိုင်သိ၍ ကိုယ်တိုင်ပွား

အကယ်၍ အမှုကိစ္စတခုသည် ရာဂစသော ကိလေသာတို့ကင်းကွာစေကြောင်း ကောင်းသောအမှုကိစ္စ ဖြစ်လျှင်လည်း မိမိကိုယ်တိုင် သိမြင်ရမည်သာ ဖြစ်၏။ ထိုအခါ ထိုကောင်းသော အမှုကိစ္စကို ဆက်လက်၍ ကြိုးကြိုးစားစား ပွားများရမည် ဖြစ်ပေသည်။

ကောင်းသောအမှု၊ မကောင်းသော အမှုတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာသိပြီးလျှင် မကောင်းသော အမှုများကို ဆက်လက်၍ မပြုမလုပ်မူဘဲ ကောင်းသော အမှုကိစ္စ များကိုသာ ဆက်လက်၍ ပြုလုပ်သွားခြင်းသည် ဘုရားရှင်၏တရားတော်ဖြစ်၏။ ဘုရားရှင် ပညတ်သော ဝိနည်းတော်ဖြစ်၏။ ဤသည်လျှင် ဘုရားရှင်၏ အဆုံးအမ ဖြစ်၏။

ထိုတရား၊ ထိုဝိနည်း၊ ထိုအဆုံးအမ တို့ကို တခဏအတွင်း လိုက်နာ ကျင့်သုံးလိုက်ခြင်းဖြင့် မဟာပဇာပတိ ဂေါတမီ၏ ရဟန်းကိစ္စ ပြီးဆုံး၍ သွားပေသည်။

[အင်္ဂုတ္တရနိကာယ်၊ အဋ္ဌကနိပါတ်၊ သံခိတ္တသုတ် ပါဠိတော်နှင့် အဋ္ဌကထာ]

## အထူးမြတ်ဆုံး နေရာသို့

က ံသုံးပါး အမှုကိစ္စများ၌ အပြစ်ဟူ၍ မြူမျှ မရှိတော့သော အရှင်မကြီးသည် ဘုရားရှင့် ရှေ့တော်မှောက်မှ လက်အုပ်ချီ

လျှော် ထွက်ခွာလာပြီးလျှင် ရဟန်းမများ ဥပုသ်ပြုရာသို့ ချဉ်းကပ်လာခဲ့၏။ ကြည်လင်ရွှင်ပျ ဝင်းဝင်းပ၍နေသော မျက်နှာကို ကြည့်ကာ တရားထူး တရားမြတ်ကို ရလာပြီ ဖြစ်ကြောင်း အချို့ ရဟန်းမတို့ သိကြ၏၊ သိကြသည့်အတိုင်း ရိုသေတုပ်ဝပ် ရှိခိုးကြကာ အထူးဆုံး အမြတ်ဆုံး နေရာကို ပေးကြ၏။

## သူ့ဥပဇ္ဈာယ်ဆရာ မည်သူနည်း

သို့ရာတွင် ထိုပရိသတ်ထဲမှာ သူတို့နှင့် မတူသူများလည်း ရှိနေကြ၏။ ထိုရဟန်းမတို့မှာ မဟာပဇာပတိ ဂေါတမီ တရားမြင်မှုထက် မိမိတို့ကဲ့သို့ သိမ်ထဲမှာ ရဟန်းမခံခဲ့ရခြင်းကိုသာ အလေးထား၍ နေကြ၏၊ သိမ်ထဲမှာ ရဟန်းမခံခဲ့ရ၍ သူတို့ ကဲ့သို့ ဥပဇ္ဈာယ်ဆရာဟူ၍ မရှိနိုင်။ ထိုသို့ မရှိနိုင်ခြင်းကိုပင် အပြစ်ကြီးတခုအဖြစ် ရှုမြင်ကြကာ—

"မဟာပဇာပတိဂေါတမီအား ဥပဇ္ဈာယ်ဆရာဟူ၍ ထင်ထင်ရှားရှား ညွှန်ပြစရာ မရှိပေ။ မိမိသက်န်းကို မိမိဘာသာ ယူ၍ ဝတ်ရုံလာခဲ့ရပေသည်"

ဤသို့ မကြာခဏ ပြောဆိုတတ်ကြ၏။ ထိုနေ့က ဥပုသ်ပြုရာတွင်သည်း ဤစကားများက တထောင့်တနေရာမှ ပွစိပွစိ ဖြစ်လာကာ "သူများနည်းတူ ဥပဇ္ဈာယ်ဆရာဟူ၍ မရှိသော မဟာပဇာပတိ ဂေါတမီနှင့် အတူတကွ ဥပုသ်မပြုနိုင်ပါ"ဟု ဆိုလာသူများပင် ရှိလာကြ၏။

## မဟာပဇာပတိဂေါတမီ၏ ဥပဇ္ဈာယ်ဆရာ

သို့နှင့် အတူတကွ ဥသ်မပြုလိုကြသော ရဟန်းမတို့သည် ခဏ္ဍသိမ် အပြင်သို့ ထွက်လာကာ ဘုရားရှင့် ရှေ့တော်မှောက်သို့ ဤ အကြောင်းကို လျှောက်ထားလာကြ၏။ ဤတွင်ဘုရားရှင်က-

"မဟာပဇာပတိ ဂေါတမီအား ငါဘုရားသည်ပင်လျှင် ဂရုဓံ တရား ၈-ပါးကို ပေးခဲ့၏။ ထို့ကြောင့် ငါဘုရားသည်ပင် မဟာပဇာပတိ ဂေါတမီ၏ ကမ္မဝါဆရာလည်း ဖြစ်၏။ ဥပဇ္ဈာယ် ဆရာလည်း ဖြစ်၏"ဟု မယ်တော်ကြီးဘက်မှ ခိုင်ခိုင်မာမာ ရပ် တည်၍ ပေးတော်မူပေသည်။

ဤသို့ ရပ်တည်ပေးရာမှ ဆက်လက်၍-

"အကြင်သူသည် ကိုယ် နှုတ် စိတ် တို့ဖြင့် မကောင်းမှုကို မပြု လုပ်ပေ။ သုံးပါးသော ဌာနတို့ဖြင့် မကောင်းမှုကို စောင့်စည်း၏။ ထိုသူကို သူတော်မြတ်ဟူ၍ ငါဘုရားဟောကြားတော်မူပေသည်။

ဤသို့ တရားတပုဒ် ဟောထုတ်တော် မူလိုက်သဖြင့် မဟာ ပဇာပတိဂေါတမီအပေါ် ထားရှိခဲ့ကြသော သံသယ မြူမှုန်များ လွင့်စင်ပျောက်ကွယ်၍ သွားကြပေသည်။

[ဓမ္မပဒ အဋ္ဌကထာ၊ ဗြာဟ္မဏဝဂ်၊ မဟာပဇာပတိဂေါတမီဝတ္ထု]

## မယ်တော်ကြီးနှင့် သမီးတော်

အလောင်းတော် မင်းသားငယ်ဘဝက မယ်တော်ကြီး ဂေါတမီ သည် မှက် ခြင် ယင် မသမ်းရအောင် စောင့်ရှောက်ခဲ့၏။ ထိုနည်း

မခြား အလားတူစွာပင် ဘုရားရှင်ကလည်း မယ်တော်ကြီးကို အထင်မှားမှု ဘေးရန်ဟူသမျှကို ပယ်ရှား၍ ပေးတော်မူပေသည်။

ဟိုယခင်က မဟာပဇာပတိဂေါတမီသည် မယ်တော်ဖြစ်ခဲ့၏။ ယခု ထိုမယ်တော်ကြီးသည်ပင် ရှုမငြီးသည့် သမီးတော် ဖြစ်လာရပေပြီ။ ရှုမငြီးသည့် သမီးတော် ဖြစ်လာ၍လည်း သူ့ခမည်းတော်က ဘေးရန်ဟူသမျှကို ကာကွယ်၍ ပေးတော်မူရ၏။

သားငယ်ရွေသွေး ပုလုကွေးအား မယ်တော်ကြီးသည် နို့ချိုတိုက်ကျွေး မွေးမြူခဲ့၏။ ထိုနို့ချိုသည် တကယ်တော့ဖြင့် တခဏသာ အဆာပြေနိုင်၏။ ယခုဘုရားရှင် တိုက်ကျွေးတော်မူသော တရားနို့ရည်မှာကား ဆာလောင် မွတ်သိပ်မှုဟူသမျှကို အဆုံးတိုင် ပယ်ဖျောက်နိုင်ပေသည်။

သားအမိ သားအဖ အပြန်အလှန် တော်စပ်၍ နေကြကုန်သော ကျေးဇူးရှင်ကြီးများကို ပြန်လည် သတိရတိုင်း ကျွန်ုပ်၏ စိတ်နှလုံးတို့ ကြည်နူးရပါသတည်း။

[မဟာပဇာပတိ ဂေါတမီထေရာပဒါန်]

# ပုဂ္ဂိုလ်မင်၍ တရားမြင်သည်

## နေ့ပူတဝက် အရိပ်တဝက်

ဘိက္ခုနီသာသနာ စတင်ပေါက်ဖွားရာ ကူဋာဂါရကျောင်းတော်မှ တဖန် ဇေတဝန်ကျောင်းတော်သို့ ကျွန်ုပ်တို့ ရောက်လာကြပါပြီ။ မဟာပဇာပတိ ဂေါတမီအမှူးရှိသော ဖြစ်သစ်စ ရဟန်းမများလည်း ကျွန်ုပ်တို့နောက်ပါးမှ ပါလာခဲ့ပေသည်။

ကျွန်ုပ်၏နှမသည် သကျမင်းသမီးများသည် သာသနာတော်တွင်းသို့ ရောက်လာကြသည်ကား မှန်ပါ၏။ သို့သော် သူတို့ခမျာ ယခုအချိန်ထိ ရဟန်းပြုရကျိုး မနပ်ကြသေးပါ။ သာသနာတော်

ကြီး၏ အရိပ်အာဝါသကို အပြည့်အဝ ခိုလှုံခွင့် မရသေးပါ။ ထူးမြတ်သော တရားအသိ မကိန်းလာကြသေး၍လည်း ဖြစ်ပေသည်။

## ဖူးရတော့မည် မြင်ရတော့မည်

အသိမကိန်း၍ အပူမငြိမ်းရှာကြသေးသော နှမသည်များသည် ဇေတဝန်ကျောင်းတော်သို့ မြှော်လင့်ချက်တင်ကြီးဖြင့် လိုက်ပါလာကြ၏။ သူတို့တတွေ၏ မြှော်လင့်ချက်ကို ကျွန်ုပ်က တပ်အပ်သေချာ ပြောပြနိုင်ပါ၏။ ရောဟိဏီအရေးတော်ပုံမှ ရဟန်းဘဝရောက်ကာ တကြိမ်တခါမှ မပေါ်လာကြသော သူတို့၏ မျက်နှာကို ဖူးရနိုးနိုး၊ မြင်ရနိုးနိုး မျှော်ကိုးစိတ်များပင် ဖြစ်ပေသည်။ သူတို့တတွေ၏ လွမ်းသဝဏ်လွှာကို တုံ့ပြန်စာဆို၍ တစောင်တလေမျှ ပြန်ကြားဖော် မရကြသူများအတွက် သူတို့ဘက်က သံယောဇဉ် မပြတ်နိုင်ကြ။ အကယ်၍ မိန်းမသားတို့၏ ခံစားချက်ကို သက်သက်ညှာညှာ စဉ်းစားတတ်သော အလေ့အကျင့်သာ မရှိလျှင် ကျွန်ုပ်ကိုယ်တိုင်ကပါ သူတို့တတွေကို ရှုံ့ချ ပြစ်တင်ပြုမိမည် ဖြစ်ပေသည်။

## မှောင်မိုက်သော လပြည့်နေ့

မျှော်တော်ဇောဖြင့်မောရပမ်းရကောင်းမှန်း မသိခဲ့သောနှမသည်များသည် ဇေတဝန်ကျောင်းတော် ဆိုက်ရောက်သည်နှင့် ခြေကုန်လက်ပန်းကျကုန်ကြ၏။စကားမှ ခပ်မာမာမပြောနိုင်။သူတို့တတွေ မျှော်ကိုးခဲ့ကြသော ငွေလမင်းတို့ကို မဖူးမတွေ့ရသောကြောင့်

ဖြစ်ပါ၏။ သူတို့အတွက် ဇေတဝန်ကျောင်းတော်ကြီး တခုလုံး သည် လမိုက်ညသဖွယ် ဖြစ်၍ နေပေသည်။

## မတုန်လှုပ်သော မိခင်စိတ်ဓာတ်

သန်းကောင်လကွယ်၊ တောအုပ်လယ်၌ ကိုးကွယ်ရာ မရကြသော ရဟန်းမများကို မယ်တော်ကြီးဂေါတမီသည် ရှေ့တော်မှောက်သို့ ခေါ်ဆောင်လာကာ-

"အရှင်ဘုရား၊ မသက်မသာ စိတ်ဗျာပါ များနေကြရသော ရဟန်းမများကို ဆုံးမတော်မူပါ။ တရားဓမ္မ ဟောပြတော်မူပါ ဘုရား"

သူ့နည်းတူစွာ ထောက်ရာတည်ရာရကြစေရန် အကျိုးဆောင် လိုက်ပါ၏။ တချို့ရဟန်းမများက သံသယတကွက်ဖြင့် သံဃာ့ကံ ပြုရာတွင် အဆက်အဆံ မပြုလိုဟု ဆိုခဲ့ကြသော်လည်း မယ်တော် ကြီးကတော့ သူတို့အတွက် စိတ်မကွက်ပါချေ။ မိမိကို ရှေ့တန်း တင်လျက် စိတ်တူကိုယ်မျှ လိုက်ပါလာကြသူအားလုံးကိုမိခင်စိတ် ဓာတ်ဖြင့် ထပ်တူထပ်မျှကူညီစောင့်ရှောက်သည်သာဖြစ်ပေသည်။

## ယနေ့တိုင် မမေ့နိုင်

ထိုအချိန်က ဝါရင့်မထေရ်ကြီးများသည် တနေ့လျှင် တပါးကျ ရဟန်းမများကို ဆုံးမကြရ၏၊ တာဝန်ကျသော မထေရ်ကြီးများ သာ တပါးပြီးတပါးဆင်းသွားကြရ၏။ နေ့ရက်တွေသာ တရွေ့ရွေ့

ပြောင်းလာကြရ၏၊ သူ့သမီးတော် များ၏ မျက်စိမျှားကား ပွင့်လင်း၍ မလာကြသေးပေ။ ချစ်ရ၊ ခင်ရ၊ လွမ်းခဲ့ရသော အရှင် ဟောင်း သခင်ဟောင်းတို့၏ မျက်နှာရိပ်များက သူတို့၏ မျက်စိကို ဖုံးထားကြသောကြောင့် ဖြစ်ပေသည်။

## သူတို့၏ ကယ်တင်ရှင်

မျက်စိထဲကတိမ်သလ္လာများကို ရှင်းလင်းသွားအောင် စွမ်းဆောင် နိုင်စရာရှိသော ပုဂ္ဂိုလ်တပါးကား ရှိပါ၏။ ထိုပုဂ္ဂိုလ်မှာ ရုပ်ရည် ရူပကာ သပ္ပါယ်သည်နှင့်အမျှ အဟောအပြောလည်း ကောင်းလှ ၏။ ပုဗ္ဗေနိဝါသအဘိညာဉ်ကို အထူး အလေးထား၍ ဝင်စားလေ့ ရှိ၏။ ထိုအဘိညာဉ်တန်ခိုးဖြင့် တရားနာပရိသတ်၏ အထုံဝါသနာ ကို သိကာသူတို့ သဘောသက်ဝင်လောက်သော ဟောကွက် ပြော ကွက်များဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားတတ်သူ ဖြစ်၏။ သာဝတ္ထိမြို့တော်သို့ ပထမအကြိမ် ဘုရားရှင် ကြွတော်မူစဉ်ကပင် ရဟန်းဘောင်တက်ရောက်ကာ မကြာမီမှာပင်ရဟန်းကိစ္စပြီးဆုံးခဲ့ သော သာဝတ္ထိ၏ သားကောင်းရတနာ တဆူ ဖြစ်ပေသည်။

## ခဲလေသမျှ သဲရေကျ

ယနေ့ ရဟန်းမတို့အား ဆုံးမရန် အလှည့်ကျသူမှာ ထိုအရှင်မြတ် ပင်ဖြစ်၏။ ထိုအရှင်မြတ်၏ ဂုဏ်သတင်းကို ကြားသိထားရပြီးပြီမို့ သည်နေ့သည်ရက်ကို ရဟန်းမတို့ အထူး မျှော်လင့် ထားကြ၏။

မိမိတို့ စိတ်နှလုံးမှာ စူးဝင်၍ လာနေကြသော ဆူးညှောင့်များကို ထိုအရှင်မြတ်၏ ကူညီစောင်မမှုဖြင့် သည်ကနေ့ နုတ်နိုင်ပယ်နိုင် လိမ့်မည်ဟု အားခဲထားကြ၏။ သို့ပါလျက် သူတို့ခမျာ ခဲလေသမျှ သဲရေကျ ဖြစ်ကြပေတော့သည်။

ထို အရှင်မြတ်က ရဟန်းမများကိုဆိုဆုံးမခြင်း မပြုလိုပါတဲ့။ အားကိုးထိုက်သူတဦးက အားကိုး မခံလိုသဖြင့် နောက်ဆုံး အားထားရာ ဘုရားရှင်ထံ ဝင်လာကြရခြင်းပါတည်း။

## မ, ဆိုလျှင် ရှောင်ချင်သည်

"အာနန္ဒာ၊ ရဟန်းမများကို ဆုံးမရန် ယနေ့ မည်သူ့ အလှည့်နည်း"

မယ်တော်ကြီး၏ လျှောက်ထားခြင်းကို လက်ခံခြင်း၊ ငြင်းပယ်ခြင်း ပြုတော်မမူသေးဘဲ ဘုရားရှင်က ကျွန်ုပ်ကို မေးတော်မူလိုက်၏။

''အရှင်ဘုရား၊ တာဝန်ကျသော မထေရ်ကြီးများ အားလုံး ဆုံးမ၍ ပြီးကြပါပြီ။ နောက်ဆုံး ကျန်သူမှာ ဤအရှင်နန္ဒက ဖြစ်ပါသည်။ အရှင်နန္ဒကသည် ရဟန်းမတို့ကို ဆုံးမ ဩဝါဒပေးရန် အလိုမရှိပါဘုရား''

အမေးတော် ရှိလာသည့်အတိုင်း ကျွန်ုပ်ဘေးမှာ ရှိနေသော အရှင်နန္ဒကကို ညွှန်ပြ၍ လျှောက်ထားလိုက်ရပေသည်။

ကျွန်ုပ်တို့ သိတင်းသုံးဖော် အရှင်နန္ဒကမှာ အဟောအပြော ကောင်းသော်လည်း အခြားသူများက ခနိုးခနဲ့ ပြောစရာ ဆိုစရာ ဖြစ်လာမည့် ကိစ္စများကို ရှောင်ရှားတတ်ပေသည်။

## ရှောင်သော်လည်း မလွှတ်တော့ပြီ

"နန္ဒက၊ ရဟန်းမတို့အား ဆုံးမလော့။ အို သူတော်ကောင်း၊ ရဟန်းမတို့အား တရားဓမ္မ ဟောပြပေတော့"

ဝါရင့် မထေရ်ကြီးများ အားလုံးကို တာဝန်ပေးထားရာမှ ယခုတော့ သည်အရှင်တပါးတည်းကို တိုက်ရိုက် တာဝန်ပေး တော်မူချေပြီ။

"ကောင်းလှပါပြီ အရှင်ဘုရား"

ကိုယ်တော်တိုင်က အလေးအနက် ထားကာ တိုက်တွန်းတော် မူပြီမို့ အရှင်နန္ဒက မငြင်းသာပြီ။ ကျေးဇူးတော်သခင် အရှင် မြတ်ကြီးက အထူးတလည် ပေးအပ်သော တာဝန်ဖြစ်၍ ခနိုးခနဲ့ ပြောမည့်ဆိုမည့်သူများလည်း ရှိလာတော့မည် မဟုတ်ဟု စိတ်ချ သွားဟန်လည်း တူပါ၏။

## နှမသည်တို့ နေထိုင်ရာသို့

သို့နှင့် ညနေချမ်းအချိန် ရောက်လာလျှင် အရှင်နန္ဒကသည် သပိတ် ပရိက္ခရာ အစုံအလင်ဖြင့် ရာဇကာရုံကျောင်းတိုက်သို့ တပါးတည်း ထွက်သွား၏။ ရာဇကာရုံ ကျောင်းတိုက်မှာ ဇေတဝန် ကျောင်း တော်၏ အဝင်ဝမှာပင်ရှိ၍ ကောသလမင်းကြီး၏ ကောင်းမှုဖြစ်၍ ဤအမည်ဖြင့် ကဗျည်းတင်ရပေသည်။ ယခုတကြိမ် ဘုရားရှင် ပြန်ကြွလာရာတွင် ရဟန်းမများပါ လိုက်ပါလာခဲ့၍ သူတို့အတွက် သီးသန့် နေစရာ ထိုင်စရာ အရံသင့် ရှိနေပေသည်။

## ပြာပြာသလဲ ဘူ့ထက်ကဲ

ရာဇဂိုဟ်ကာရုံ ကျောင်းတိုက်တွင် အရှင်နန္ဒက ဟောပြခဲ့သော တရား သဘောတို့သည် ပရိသတ်အားလုံးအတွက် အကျိုးကျေးဇူး ဒးမျ လှသည်ဖြစ်၍ ကျွန်ုပ်က တဆင့်တင်ပြလိုက်ပါဦးမည်။

အရှင်နန္ဒက ကြွလာသည်ကို အဝေးကလှမ်းမြင်လိုက်သည်တွင် ရဟန်းမ ပရိသတ်သည် ပြာပြာသလဲ ဖြစ်သွားကြ၏။ နေရာ ခင်းသူက ခင်းကြ၏။ ခြေဆေးရေ တည်သူက တည်ကြ၏။ သူတို့ အားလုံးက မြှော်လင့် တောင့်တနေသော ဓမ္မကထိက အကျော် အမော်ဖြစ်၍ ဤရှဲဤမျှ အားရပါးရ ဖြစ်နေကြရပေသည်။

## ကယ်တင်ရှင်၏ နှုတ်ခွန်းဆက်

အရှင်နန္ဒကသည် ခြေထောက်များကိုဖုံခါပြီးလျှင် ခင်းထားသော နေရာမှာ ထိုင်လိုက်၏။ တည်ကြည် ငြိမ်သက်သော ဣန္ဒြေဖြင့် ရဟန်းမ ပရိသတ် အားလုံးကို ခြုံ၍သုံးသပ်လိုက်၏။ တရားနာ ပရိသတ်၏ စိတ်ဓာတ်နှင့် ဟပ်မိသော တရားသဘောများကို ထို တခဏအတွင်းမှာပင် ဆင်ခြင်မိပြီး ဖြစ်၍ ပရိသတ်ကို ဤသို့ နှုတ်ခွန်း စလိုက်၏။

"အို နှမတို့၊ သည်တခါ ဟောရမည့် တရားသည်ကား မေး၍ မေး၍ ဟောရမည့် တရားဖြစ်၏။ မေးသောအခါတွင် သိသော သူများက သိသည့်အတိုင်း ဖြေဆိုကြပါ။ မသိသော သူများက မသိကြောင်းကို လျှောက်ထားကြပါ။ တနေရာရာမှာ ယုံမှား သင်္ကာ ရှိလာလျှင် ကျွန်ုပ်ကိုသာ ပြန်၍ မေးကြပါ"

## ပရိသတ်နှင့် ဟပ်မိသွားပြီ

"အရှင်ဘုရား၊ ဤမျှလောက် စကားခံ၍ ဘိတ်မန္တက ပြုလိုက်ခြင်း ဖြင့်ပင် အရှင်ဘုရားကို တပည့်တော်မတို့ ကျေနပ်လှပါပြီ။ အားရ လှပါပြီ"

အရှင်နန္ဒက၏ တမ်းလှမ်းချက်ကို ရဟန်းမများက အားပါး တရ တုံ့ပြန်လိုက်ကြ၏။ပုဂ္ဂိုလ်အပေါ် ခင်မင်ရင်းနှီးစွဲ ရှိနေပြီမို့ သူဟောမည့် တရားတို့ကိုလည်း လိုလိုချင်ချင် နာကြားကြတော့ မည် ဖြစ်ပေသည်။

သာဓုသံတို့ ညံညံစီခဲ့သော တရားပွဲကြီးကို သဘော တူရာ တူရာ ပေါင်းစည်း၍ တင်ပြလိုက်ပါသည်။

## အတွင်း အာယတန ခြောက်ပါး

"နှမတို့၊ ယခုလာမည့် မေးခွန်းကို သင်တို့ သဘောပေါက်သည့် အတိုင်း ဖြေဆိုကြပါ။ မျက်စိ၊နား၊ နှာခေါင်း၊လျှာ၊ကိုယ်ကာယ၊ မနောဟု ဆိုအပ်သော အတွင်း အာယတန ခြောက်ပါးသည် မြဲသလော၊ မမြဲသလော"

"မမြဲပါ အရှင်ဘုရား"

"မမြဲသော တရားသည် ချမ်းသာလော၊ ဆင်းရဲလော"

"ဆင်းရဲပါ အရှင်ဘုရား"

"မမြဲသော၊ ဆင်းရဲသော၊ ဖောက်ပြန်တတ်သော တရားကို ဤသည်ကား ငါ့ဥစ္စာတည်း၊ ဤသည်ကား ငါတည်း၊ ဤသည် ကား ငါ၏ အတ္တတည်းဟု ရှုမြင်ခြင်းငှာ သင့်ပါသလော"

"မသင့်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် မသင့်ပါသနည်း"

"အရှင်ဘုရား၊ ဤအတွင်း အာယတန ခြောက်ပါးတို့သည် ဖြစ်ပြီးသည့်နောက် ကုန်ခမ်း ကွယ်ပျောက်တတ်သော သဘော ကြောင့် အမြဲမရှိဟူသော သဘောကို တပည့်တော်မတို့သည် စောစောကပင်ဟုတ်တိုင်းမှန်စွာ သိမြင်ထားကြပါပြီ။ထို့ကြောင့် မရှုမြင်သင့်ကြောင်း လျှောက်ထားပါသည် ဘုရား"

"သာဓု နှမတို့၊ သာဓုခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင် ထားသော ဘုရားရှင် တပည့်သား၏ အဖြေမှာ ဤသို့ပင် ရှိရပေ လိမ့်မည်။

## အပြင်အာယတနနှင့် ဝိညာဉ်များ

ထိုမှဆက်၍ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ အထွေထွေအာရုံဟူ၍ အပြင် အာယတနခြောက်ပါး။

မြင်သိ၊ ကြားသိ၊ နံသိ၊ စားသိ၊ ထိတွေ့သိ၊ တွေးကြံခံစားသိ ဟူသော ဝိညာဉ်ခြောက်မျိုးတို့ကိုလည်း အမေးအဖြေပြုလုပ်ကြပြီး လျှင် ထိုတဆယ့် ရှစ်ပါးသော တရားသဘောတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပုံထင်ရှားစေရန် ဥပမာများကို ထုတ်ဆောင်ပေသည်။

## မီးတောက်နှင့် မီးရောင်

"နှမတို့၊ ဥပမာအားဖြင့် တောက်လောင်နေသော ဆီးမီးခွက် တွင်ဆီသည်လည်းအမြဲမရှိ။မီးစာသည်လည်း အမြဲမရှိ။ မီးတောက်

သည်လည်း အမြဲမရှိ။ မီးရောင်သည်လည်း အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏”

“နှမတို့၊ တောက်လောင်နေသော ဤဆီမီးခွက်တွင် ဆီသည် လည်းအမြဲမရှိ။ မီးစာသည်လည်းအမြဲမရှိ။ မီးတောက်သည်လည်း အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏။ သို့ရာတွင် မီးရောင် သည်ကား မြဲ၏။ ခိုင်၏။ ဖောက်ပြန်ခြင်း မရှိ။ ဤကဲ့သို့ တစုံ တယောက်က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြပါမည်လော”

“လက်မခံနိုင်ပါ အရှင်ဘုရား”

“နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြသနည်း”

“အရှင်ဘုရား။ အရင်းခံဖြစ်သော ဆီ၊ မီးစာနှင့် မီးတောက် တို့သည်ပင် အမြဲမရှိ။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကြသေး၏။ တဆင့်ခံဖြစ်သော အလင်းရောင်မှာကား ဆိုဖွယ်ရာ မရှိတော့ပါ ဘုရား”

“နှမတို့၊ ဤဥပမာ အထောက်အကူဖြင့် ဥပမေယျ တရား သားကို ဆက်လက် ကြားနာကြကုန်လော့”

## အရင်းခံနှင့် တဆင့်ခံ

“နှမတို့၊ အတွင်းအာယတန ခြောက်ပါးတို့သည် အမြဲမရှိ။ ဖောက်လွဲဖောက်ပြန်တတ်ကုန်၏။ သို့ရာတွင် ထိုခြောက်ပါးသော ထိုအတွင်းအာယတနများကို အကြောင်းပြုကာ ခံစားလာရသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတို့သည်ကား မြဲကုန်၏။ ခိုင်ကုန်၏။ ဖောက်ပြန်ခြင်းမရှိကုန်။ ဤသို့ တစုံတယောက်က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြပါမည်လော”

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အတွင်းအာယတန ခြောက်ပါး အပါအဝင် ဖြစ်သော အကြောင်းတရားအပေါင်းကို အစွဲပြု၍ ထိုအကြောင်း အားလျော်စွာ ဝေဒနာတို့ ပေါ်လာကြရ၏။ ထိုထိုအကြောင်း တရားတို့ ချုပ်ပျောက်သဖြင့် အကြောင်းရှိမှ ပေါ်လာကြရသော ဝေဒနာတို့လည်း ချုပ်ပျောက်ကြရပါသည်။ထို့ကြောင့် လက်မခံ နိုင်ခြင်း ဖြစ်ပါသည် ဘုရား"

"သာဓု နှမတို့၊ သာဓုခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင် ထားသော ဘုရားရှင့် တပည့်သား၏ အမြင်မှာ ဤသို့ပင် ရှိရပေ လိမ့်မည်"

## သစ်ပင်နှင့် အရိပ်

"နှမတို့၊ ဥပမာ နောက်တမျိုးသော်ကား အနှစ်ထည့်၍ ထီးထီး မတ်မတ် တည်ရှိနေသော သစ်ပင်ကြီး၏ အမြစ်သည်လည်း အမြဲ မရှိ။ ပင်စည်သည်လည်း အမြဲမရှိ။ အခက်အရွက်များသည်လည်း အမြဲမရှိ။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်၏။

"နှမတို့၊ ထိုသစ်ပင်ကြီး၏ အမြစ်သည်လည်းအမြဲမရှိ။ ပင်စည် သည်လည်း အမြဲမရှိ။ အခက် အရွက်တို့သည်လည်း အမြဲမရှိ။ ဖောက်လွဲ ဖောက်ပြန် ဖြစ်တတ်၏။ သို့ရာတွင် ထိုသစ်ပင်၏ အရိပ် သည်ကား မြဲ၏။ခိုင်၏။ဖောက်ပြန်ခြင်းမရှိ။ဤသို့ တစုံတယောက် က ဆိုလာလျှင် သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့။ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အရင်းခံဖြစ်သော အမြစ်၊ ပင်စည်နှင့် အခက်အရွက်များသည်ပင် အမြဲမရှိ။ ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကြသေး၏။ တဆင့်ခံဖြစ်သော အရိပ်မှာကား ဆိုဖွယ်ရာ မရှိတော့ပါဘုရား"

"နှမတို့၊ ဤဥပမာဖြင့် ဤသို့သော ဥပမေယျ တရားသွားကို နိုင်းယှဉ်ကြည့်ကြရန် ဖြစ်၏။

## အကြောင်းသွားရာ အကျိုးပါ

"နှမတို့၊အပြင်အာယတနခြောက်ပါးတို့သည် အမြဲမရှိ။ဖောက်လွဲဖောက်ပြန် ဖြစ်တတ်ကုန်၏။သို့ရာတွင် အပြင်အာယတန ခြောက်ပါးတို့ကို အကြောင်းပြုကာ ခံစားလာရသော သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာတို့သည်ကား မြဲကုန်၏။ ခိုင်ကုန်၏။ ဖောက်ပြန်ခြင်း မရှိကုန်။ ဤသို့ တစုံတယောက်က ဆိုလာငြားအံ့၊ထိုစကားကို သင်တို့ လက်ခံနိုင်ကြပါမည်လော"

"လက်မခံနိုင်ပါ အရှင်ဘုရား"

"နှမတို့၊ အဘယ့်ကြောင့် လက်မခံနိုင်ကြပါသနည်း"

"အရှင်ဘုရား၊ အပြင်အာယတန ခြောက်ပါး အပါအဝင် အကြောင်းတရားအပေါင်းကို အစွဲပြု၍ အကြောင်းအားလျော်စွာ ဝေဒနာတို့ ပေါ်လာကြရ၏။ ထိုထိုအကြောင်းတရားတို့ ချုပ်ပျောက်သဖြင့် အကြောင်းရှိမှ ပေါ်လာကြရသော ဝေဒနာတို့လည်း ချုပ်ပျောက်ကြရပါသည်။ ထို့ကြောင့် လက်မခံနိုင်ခြင်း ဖြစ်ပါသည် အရှင်ဘုရား"

"သာဓုနှမတို့၊ သာဓုခေါ်ပါ၏။ ဟုတ်တိုင်းမှန်စွာ သိမြင်ထားသော ဘုရားရှင် တပည့်သား၏ အဖြေမှာ ဤသို့ပင် ရှိရပေလိမ့်မည်။"

## ဖျက်ထားသော နွားသေကြီး

"နှမတို့၊ ဥပမာနောက်တမျိုးကို ထပ်၍ နာကြဦးလော့။ မိမိလုပ်ငန်းတွင် ကျွမ်းကျင်ပြီး ဖြစ်သော နွားသတ်သမား သည်လည်းကောင်း၊ နွားသတ်သမား၏ တပည့်သည်လည်းကောင်း နွားမကိုသတ်ပြီးလျှင် ထက်စွာသော ဓားမြှောင်ဖြင့် အတွင်းက အသားစုနှင့် အပြင်က အရေခွံတို့ကို မထိခိုက်စေဘဲ လှီးဖြတ်ရာ၏။ အတွင်းမှာ မြှေးယှက်တတ်သောအသား၊ အတွင်းက အကြော၊ အတွင်းက အနှောင်အဖွဲ့တို့ကိုထက်လှစွာသော ထိုဓားမြှောင်ဖြင့်ပင် လှီးဖြတ်ရာ၏။လှီးဖြတ်ပြီးသော အရေခွံတို့ဖြင့် ထိုနွားမကိုပင် ပြန်၍ ဖုံးအုပ်ကာ ဤနွားမသည် ဤအရေနှင့် နဂိုပကတိအတိုင်း ဆက်စပ်သွားလေပြီ ဟူ၍ ဆိုလာငြားအံ့ ထိုစကားကိုသင်တို့ လက်သင့်ခံနိုင်ကြပါမည်လော"

"လက်သင့်မခံနိုင်ပါ အရှင်ဘုရား။ ဤကဲ့သို့ သူတို့ကဆိုသော်လည်း ထိုနွားမသည် ထိုအရေခွံနှင့် ဆက်စပ်ခြင်းမရှိပါ ဘုရား"

## နွားသေပမာ ဤနှော

"နှမတို့၊ ဤဥပမာသည် ဤသို့သော ဥပမေယျ တရားသားကို အလွယ်တကူ သိနိုင်ရန် ဖြစ်ပေသည်။

"အတွင်းက အသားစု ဆိုသည်မှာ အတွင်း အာယတန ခြောက်ပါး၏ အမည် ဖြစ်၏။

"အပြင်က အရေခွံ ဆိုသည်မှာ အပြင်အာယတနခြောက်ပါး၏ အမည် ဖြစ်၏။

"အတွင်းကမြေးယှက်တတ်သော အသား၊အတွင်းကအကြော နှင့် အတွင်းက အနှောင်အဖွဲ့ဆိုသည်မှာ တပ်နှစ်သက်တတ်သော ရာဂ၏ အမည် ဖြစ်၏။

"ထက်စွာသော ဓားမြှောင်ဟူသည်မှာအတွင်းကကိလေသာ၊ အတွင်းက သံယောဇဉ်၊ အတွင်းက အနှောင်အဖွဲ့တို့ကို တိတိရိရိ ဖြတ်ချနိုင်သော မဂ်ပညာ၏ အမည် ဖြစ်ပေသည်။

## ဓားသွေးကျောက် ခုနစ်လုံး

"နန္ဒမတို့၊ အပြင်အာယတန ခြောက်ပါး၊ အတွင်း အာယတန ခြောက်ပါးတို့ကို ဓားသွားမထိစေမူ၍ အတွင်းက ကိလေသာ အနှောင်အဖွဲ့တို့ကို မဂ်ပညာ ဓားထက်ထက်ဖြင့် အချက်ကျကျ လှီးဖြတ်ရာတွင် ဤဗောဇ္ဈင် ခုနစ်ပါး၏ အထောက်အကူကို ရယူရာ၏။ ဗောဇ္ဈင်ခုနစ်ပါး ပွားများခြင်းဖြင့် အာသဝက္ခယဉာဏ်ခမ်းရာ အရဟတ္တဖိုလ်ကို ဤဘဝ ဤခန္ဓာဖြင့်ပင် မျက်မှောက်ပြုနိုင်ရာ၏။

ဗောဇ္ဈင်ခုနစ်ပါး ဟူသည်ကား နိဗ္ဗာန်သို့ ကိုင်းညွတ်သော သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်နှင့် ဥပေက္ခာ သမ္ဗောဇ္ဈင်တို့ ဖြစ်ကြပေသတည်း"

## မျက်နှာပေါ်မှ အရိပ်များ

တရားနာသူအားလုံး၏ စိတ်နှလုံးကို သိမ်းကျုံးယူငင်၍ ဟောပြနိုင်သည်ဟူသော အရှင်နန္ဒက၏ ဂုဏ်သတင်းကို ယခုသူတို့ကိုယ်တိုင် တွေ့ကြရ ကြုံကြရပေပြီ။ မြင်ချင်လှသော မျက်နှာ များကို မမြင်ရသော စိတ်ဝိတက်ဖြင့် မသက်မသာ ဖြစ်နေကြရသည်ကို သည်အရှင်မြတ်က မျက်လှည့်တချက် ဝင့်၍ သုံးသပ်ကာမျှဖြင့် အတွင်းသိ အစင်းသိဖြစ်ခဲ့ဟန် တူပေသည်။ ယခုတော့ သည်အရှင်မြတ်၏ကျေးဇူးဖြင့် သည်ဒုက္ခများက လွတ်မြောက်ခွင့် ရကြပေပြီ။

## ခန္ဓာမှာ မှန်စွာပြနေသော တရားများ

ဟိုယခင်အခါ မောင်နှံစုံအတူတကွနေခဲ့စဉ်က တယောက်မျက်နှာ တယောက်ကြည့်၍ မဝနိုင်အောင် ဖြစ်ခဲ့ကြ၏။ ခွန်းတုန့်ခွန်းလှယ် ချစ်ကျီဝယ်ခဲ့ကြ၏။ အမွှေးအထုံ ရသာဘောဇဉ်၊ အတွေ့အထိ အာရုံတို့ကိုအတူတကွခံစားခဲ့ကြ၏။ မိမိတို့စိတ်မနေသာဖြင့် ထွေထွေရာရာ ဝေဒနာများကို ခံစားခဲ့ကြ၏။သူတို့၏ကိုယ်ခန္ဓာတွင်ဖန်ရေသက်န်း ဝတ်ဆင်မြန်း၍ ထားသော်လည်း စိတ်ခန္ဓာမှာကား ထိုသည့် ကာမဂုဏ်အာရုံတို့က ရစ်ပတ်ဖွဲ့နှောင်၍ ထားပေသည်။ ဤကာမဂုဏ် အာရုံတို့ကိုပင် အရှင်နန္ဒက က အတွင်းအာယတန အပြင်အာယတနနှင့် ဝိညာဉ် ခြောက်မျိုးတို့ဖြင့် ညှည်ညွှန်းကာ ဟောပြခဲ့ပေသည်။

## ချစ်စိတ်နှင့်ချစ်စရာ၊ လွမ်းစိတ်နှင့် လွမ်းစရာ

ချစ်စရာခင်စရာ၊ လွမ်းစရာ ဆွေးစရာဟူသော ကာမဂုဏ်အာရုံမှာ အမှန်တော့ဖြင့် အရိပ်နိမိတ်မျှသာ ဖြစ်ပေသည်။ မသင့်မလျော်သော နှလုံးသွင်းမှုဖြင့် ချစ်တတ်၊ ခင်တတ်၊ လွမ်းတတ်၊ဆွေးတတ်သော စေတသိက်များနှင့် အကျိုးအကြောင်း ဆက်စပ်၍ နေကြ၏။ ထိုစေတသိက်များသည် စောစောက ဖော်ပြခဲ့သော အတွင်း အပြင် အာယတနတို့ကြောင့် ဖြစ်ပေါ်လာကြရ၏။ အရင်းခံ ဖြစ်သော ထိုအာယတနတို့သည်ပင် အမြဲတစေ ရှိမနေနိုင်ကြရာ၊ ထိုစေတသိက်တို့လည်း အမြဲရှိ၍ မနေနိုင်ကြတော့ပေ။ ထိုအခါတွင် ထိုစေတသိက်တို့နှင့် အကျိုးအကြောင်း ဆက်စပ်နေသော ကာမဂုဏ် အာရုံ အရိပ်နိမိတ်တို့လည်း သုဉ်းဆိတ်၍ သွားကြရ၏။

## ခေးသွားထက်ထက် အချက်ကျကျ

ဤသို့ သုဉ်းဆိတ်၍ သွားရခြင်းမှာ အလယ်က အမြေးအယှက် အနှောင်အဖွဲ့ များကို ခေးမြှောင်ထက်ထက်ဖြင့် အချက်ကျကျ လှီးဖြတ် လိုက်သောကြောင့် ဖြစ်၏။ အရှင်နန္ဒက ညွှန်ပြသော ဥပမာအတိုင်း အတွင်းသား တည်းဟူသော အတွင်းအာယတန ခြောက်ပါးကို ခေးသွားမထိခဲ့ပါ။ အရေခွံတည်းဟူသော အပြင် အာယတနခြောက်ပါးကိုလည်း ခေးရာ မပေးခဲ့ပါ။ အတွင်းသား နှင့် အရေခွံတို့ကို လုံးဝ ခေးမထိစေမူ၍ အလယ်က ကိလေသာ တဏှာ အမြေးအယှက်၊ အနှောင်အဖွဲ့များကို လှီးဖြတ်ခြင်းသည်

သာလျှင် မဂ်ပညာတည်းဟူသော ဓားထက်ထက်၏ အလုပ်ကိစ္စ ဖြစ်ပေသည်။

## အချစ်ကင်းရာ အလွမ်းကင်းရာ

ဗောဇ္ဈင်ခြောက်ပါး၏ အကူအညီဖြင့် ဓမ္မဝိစယ အမည်ရသော ဓားထက်ထက်သည် အာယာတန အမြေးအယှက်၊ အနှောင်အဖွဲ့ များကို လှီးဖြတ်လိုက်ပြီဖြစ်၍ ထိုအာယတနနှစ်မျိုးတို့မှ တဆင့် ချစ်စရာခင်စရာတွေ ဖြစ်မလာနိုင်တော့ပေ။ လွမ်းစရာ၊ ဆွေးစရာ တွေ ထွက်မလာနိုင်တော့ပေ။ ဤတွင် ကာမဂုဏ်အာရုံတို့၏ ကင်း ဆိတ်ရာမှန် အနိမိတ္တ အမည်ရသော နိဗ္ဗာန်ကို ကိုယ်စီ ကိုယ်ငှ မျက်မှောက်ပြု ကြရပေတော့သည်။

ဤတရားများကို အရှင်နန္ဒကသည် လဆန်း ၁၄ ရက်နှင့် လပြည့် ၂ ရက်ဆက်ကာ ဟောပြလိုက်သဖြင့် ရဟန်းမငါးရာလုံး အားရကျေနပ်၍ သွားကြပေသည်။

## အရှင်နန္ဒက၏ ဧတဒဂ်

ဓမ္မကထိက အကျော်အမော်တပါး ဖြစ်သော အရှင်နန္ဒကသည် ရဟန်းမငါးရာလုံးတို့အား ခန္ဓာမှာ မှန်စွာပြနေသော တရားတို့ကို ကိုယ်ပိုင်ဉာဏ်ရောက် အလင်းပေါက်အောင် ဟောပြောပြသနိုင် သဖြင့် ဘိက္ခုနောဝါဒက "ဧတဒဂ်" ဂုဏ်ထူးကို ဆွတ်ခူးနိုင်ခဲ့ ပေသတည်း။

[မဇ္ဈိမနိကာယ်၊ဥပရိပဏ္ဏာသ၊နန္ဒကောဝါဒသုတ်ပါဠိတော်နှင့်အဋ္ဌကထာ အင်္ဂုတ္တရနိကာယ်၊ ဧကနိပါတ် အဋ္ဌကထာ၊နန္ဒကတ္ထေရဝတ္ထု]

# အလှတွင် အယဉ်ဆင့်လေပြီ

## ဝေဠုနန်းသို့ မြန်းခဲ့ပါ

အလှတွင်တန်းထိပ်မို့၊ နန်းတံဆိပ်စုဆို၊
ဆန်းအနိပ်နှုပျိုကို၊ ရှုလိုသူမခေင့်။
ဝေဠုဝန့်ပန်းဥယျာဉ်ကို၊ မြန်းခုပင် ထွက်ကြွအသင့်။
ပန်းစုံတဲ့ဝေဠုမြိုင်၊ မေရှုနိုင်သာခွင့်၊
ကြွေလုယိုင်ခါမသင့်လျှင်ဖြင့်၊ ကညာခင့်ရှုံးမယ်။
နန်းဝတီ မမြင်ဘူးသည်သို့၊ခင်တဦးခေတ်နောက်ကျန်ဖွယ်။
ပန်းစုံတဲ့နန္ဒာနွယ်လို၊ ဖန်ခါချယ်ဝေဠုဠုကိုမှ

မေသူရှုခုဖြင့်ခါညီ၊ ဥယျာဉ်သာဆီ။
ရောက်ပါမှ မိုးဒေဝီလို၊ ဖြိုးဝေစီရှင်မြူးလိမ့်လေး....။

## နှတ်ပြည်ထက် တလေးသာ

နန္ဒာပ်မှာလေ....
ဝံအလှန် အဖော်တွဲပါလို့
ပျော်နွဲ့သူ ဒေဝါဝါတို
ဒေသစာ လူ့နယ်အမြန်းမှာလ
နန်းဥယျာဉ် ဝေဠုအတွေ့မတော့
ပျော်မွေ့လွန်ကဲ။ ။
မခွဲခွာသာ....
အမြဲသာယာယာနဲ့
နတ်ဒေဝါ နန္ဒာမေ့ပါလို့
ဝေမြိုင်မှာ တွေ့မှိုင်မေ့ကာပ
နန်းဝတီ မြန်းချိန်မေ့လို့ရယ်ကွယ်
ငြိုးငွေ့နိုင်ဘဲ။ ။

ဘုန်းပ်ဘိုသည် သာသနာ့သမိုင်းစဉ်တွင် အရေးပါ အရာရောက်လှသော တေးသီချင်းတပုဒ် ဖြစ်၍ အမှတ်ဘရ ဖော်ပြလိုက်ခြင်းဖြစ်ပါ၏။

## ရှက်ပုံးသီး ဝေဠုဝန်

ဘုရားရှင်နှင့်အတူတကွ ကျွန်ုပ်တို့တတွေ ဤဥယျာဉ်မှာ နေလာခဲ့၏။ ဝေသာလီ၊သာဝတ္ထိ စသောမြို့ကြီးမြို့ငယ် နယ်ပယ်ပေါင်းစုံတို့ ဒေသစာရီ လှည့်လည်ရာမှ ရာဇဂြိုဟ်သို့ ပြန်လည် ဆိုက်ရောက်လာလျှင် ဤကျောင်းတော်မှာသာ နေလာခဲ့ကြ၏။ ကျောင်းတကာ ဘုရင်ဗိမ္ဗိသာရ၏ ကြောင့်ကြစိုက်မှု၊ ကျွန်ုပ်တို့တတွေ၏ သေနာသန ဝတ္တရားကျေပွန်မှုဖြင့် ဤဥယျာဉ်သည် ရှုချင့်စဖွယ် တင့်တယ်နေသည် မှန်ပါ၏။ သို့သော် ဤတေးသီချင်း မပေါ်လာမီက ဤဥယျာဉ်၏ သာယာပုံ၊ စည်ကားပုံ၊ ခမ်းနားပုံတို့ကို ဤရွှေ့ဤမျှ သတိမပြုမိကြပါ။ အစဉ်ထာဝရ နေလာကြရသော ရဟန်းသံဃာတော်များနှင့်တကွ မကြာခဏလာရောက်ကြရသော တကာ တကာမများပါ နှလုံးစိတ်ဝမ်း ချမ်းမြေ့ရသော နေရာတခု ဟူ၍ သာမန်မျှ သဘောပိုက်ခဲ့ကြ၏။

## လူတိုင်းနှုတ်ဖျားမှ ဝေဠုဝန်

ယခုသော်ကား ဤတေးသီချင်းက ကောင်းကောင်းကြီး အစွမ်းပြလိုက်ပါချေပြီ။ တေးသီချင်းကအသွားအလာကကောင်းကောင်း၊ တီးကြမှုတ်ကြ၊ သီဆိုကြသော သဘင်သည်များကလည်း ပြည်သူ့အချစ်တော်များချည်း ဖြစ်၍ ရာဇဂြိုဟ်မြို့တော်သူ မြို့တော်သားတို့၏ နှုတ်ဖျားဝယ် ဤတေးသီချင်းက လူးလာပျံ့ဝဲ အသံမစဲ သလောက် ဖြစ်နေပေသည်။

ဤသီချင်း၏ ဆွဲဆောင်မှုဖြင့် တခါတခေါက်မျှ မရောက်လာဘူးသော ချောင်ကြိုချောင်ကြားက ပုဂ္ဂိုလ်များပင် ရောက်လာကြ၏။ တချို့မှာ အခါခါရောက်ဖူးခဲ့ပြီး ဖြစ်ပါလျက် သီချင်းသံကြားခါမှ အားမလိုအားမရဖြစ်ကာ တမင်တကာ လာရောက်ကြည့်ကြရ၏။ တချို့မှာမူ စာဆိုသလောက် ဟုတ်မှ ဟုတ်ပါ၏လော ဟူသော သံသယစိတ်ဖြင့် တိတ်တဆိတ် လာခဲ့ကြ၏။ ရှုတိုင်းသာလွန် ဝေဠုဝန်ကား သူတို့၏ သံသယမြူမှုံကို ရေစင်ရေကောင်းဖြင့် လောင်းချိုးပေးရန် အသင့်ပင် ရှိနေပေသည်။

## ဝင်လာမစဲ တသဲသဲ

နဂိုကမှ ပန်းမျိုးရောင်စုံ ဖူးပွင့်ဝေဆာနေသည့် ကြားဝယ် မြို့သူမြို့သားတို့၏ အဝတ်အထည်၊ အဆင်တန်းဆာ မျိုးစုံတို့ပါ ရောစွက်လိုက်သဖြင့် ကျွန်ုပ်တို့ ကျောင်းဥယျာဉ်သည် ဆထက်ထမ်းပိုးတိုး၍ သာယာလာပေသည်။

ဝင်လာ ထွက်လာသူတို့ များပြားလာသည်နှင့် အမျှ သံဃာတော်များအတွက် လပ်သပ္ပကာများလည်း ဝင်လာမစဲ တသဲသဲ ဖြစ်လာကြပေသည်။ သူတို့တတွေက လှူဖော်တန်းဖော် ရကြပေသဖြင့် ကျွန်ုပ်တို့မှာ မတောင့်မတ၊ မကြောင့်မကြ နေထိုင် စားသောက်ကြရပါ၏။ လှူသူ တန်းသူတို့၏ စေတနာ သဒ္ဓါတရားတို့ကို သာဓုခေါ်ပါ၏။ မိမိတို့အပေါ် မေတ္တာရှေ့ထား၍ရောက်လာကြသူတို့အား မေတ္တာစိတ်ဓာတ်ဖြင့် တုန့်ပြန်သမှု ပြုကြရပါ၏။

## တန်လျှင်ဆေး လွန်သော်ဘေး

သို့ရာတွင် ဤပုံစံအတိုင်း ရက်ကလေး တော်တော် ညောင်းလာလျှင်ကား ကျွန်ုပ်တို့အဖို့ စိတ်အနှောင့်အရှက် ဖြစ်လာကြရပေတော့သည်။

သူတို့တတွေ ရောက်လာကြခြင်းမှာ အချိန်နှင့် အခါနှင့် သတ်သတ်မှတ်မှတ် မဟုတ်ပေ။သွားလာဝင်ထွက်၍ကောင်းသော နံနက်ခင်းနှင့် ညနေချမ်းတို့မှာသာ မဟုတ်။ နေ့လယ် ကြောင်တောင် ကြီးမှာလည်း ရောက်လာတတ်ကြ၏။ တယောက်စကား တယောက်နားမှာ ကြားကြရ၍ သုံးလေးယောက်မျှ စိတ်တူသဘောတူ ဖြစ်လာကြလျှင် ရောက်လာကြသည်သာ ဖြစ်၏။

## ညော့်ခံရ မသက်သာ

သူတို့ အဖို့မှာတော့ တသုတ်ပြီး တသုတ် အလဲအလှယ်နှင့်မို့ အကြောင်းထူးလိမ့်မည် မဟုတ်ပေ။ ဝင်လာမစဲ တသဲသဲ ရောက်ရောက်လာကြသူများ၏ အဖူးမြော်ခံကြရသော ကျွန်ုပ်တို့မှာကား တနေ့ထက်တနေ့ ဝန်တာလေးလှပါ၏။ လာလာသမျှ ပုဂ္ဂိုလ်များ ကိုယ်ရောစိတ်ပါ ချမ်းသာကြပါစေ။ ကျေနပ်မှု ရှိကြပါစေဟု ညော့်ခံ စကားပြောကြရာတွင် တရားဓာတ်ကိန်းသူများ ပါလာလျှင် တော်ပါသေး၏။ သူတို့ကို တရားစကား တလုံးစ နှစ်လုံးစ ပြောခွင့် ဟောခွင့်ရ၍ စိတ်ဖြေစရာ ရှိပါသေး၏။ တရားဓာတ် ကိန်းဝပ်သူ ပါမလာသော နေ့များမှာကား အာပူ၍ ခါးညောင်း ခံရခြင်းသာ အမြတ်တင်ပေသည်။

## ထူးခြားသော အပြုအမူ

ဒါတိုင်းအချိန်များ၌ လူသံ သူသံ ကင်းဆိတ်မှုကို နှစ်ခြိုက်တော်မူသော ဘုရားရှင်သည် ဤဥယျာဉ်တော်မှာကား ရေငုံနှုတ်ပိတ်နေတော်မူဘိ၏။ ဝင်လာ ရောက်လာသူတို့ကိုလည်း မတားမြစ်။ ဧည့်ခံသော ရဟန်းတို့ကိုလည်း အပြစ်မဆို။ ကိုယ်တော်မြတ်၏ ထူးခြားသောဤအပြုအမူသည် ထူးခြားသောအကြောင်းတခုရှိ၍ပင်ဖြစ်ပေသည်။ ဤသို့သော အကြောင်းထူးကိုငဲ့၍ပင် ကျွန်ုပ်တို့ကလည်း ပရိသတ်တို့၏ ဒဏ်ကို စိတ်ရှည် လက်ရှည် ခံယူနေကြရခြင်း ဖြစ်ပေသည်။

## နောင်ရေးအတွက် နားပူခံရသည်

ဆူသံပူသံ သည်းခံနေကြရခြင်း အကြောင်းသည်ကား ထူးလည်းထူးခြားပါ၏။ အရေးပါ အရာရောက်သော ကိစ္စကြီး တခုလည်းဖြစ်ပါ၏။ကျွန်ုပ်တို့ရဟန်းလောကတွင်ပညာအရာ ဂုဏ်ထူးဆောင်အရှင်မဟာသာရိပုတ္တရာ ရှိနေသကဲ့သို့ ရဟန်းမလောကတွင် မရှိလာသေးပါ။ မယ်တော်ကြီးဂေါတမီ အမှူးပြုသော ရဟန်းမလောက၏ ဤလိုအပ်ချက်ကို ယခုကိစ္စများက ဖြည့်ဆည်းပေးကြရန် ရှိပေသည်။ သို့ဆိုလျှင် ရဟန်းမလောက၏ ဂုဏ်ထူးဆောင်လောင်းလျာကား မည်သူနည်း။ သူက ယခု ဘယ်မှာ ဘာလုပ်၍နေပါသနည်း။

## ပုန်းလေသူ ရှောင်လေသူ

သူသည်ကား ကျောင်းတကာကြီး၏ မိဖုရားတဦး ဖြစ်ပါလျက် ယခုထိ ကျွန်ုပ်တို့ ဝေဠုဝန်သို့ မရောက်ခဲ့သေးပါ။ ဘုရားရှင်နှင့်အတူ ကျွန်ုပ်တို့ဘတွေ နန်းတော်ရောက်သော အခါမှာလည်း သူကဖြင့် မျက်နှာပြဖော်မရပါ။ကျောင်းတကာဖြစ်သောမင်းကြီး ဗိမ္ဗိသာရနှင့် မိဖုရားခေါင်ကြီး ဝေဒေဟီတို့က အရံသင့် ဆွမ်းလုပ်ကျွေးခဲ့ကြပေသည်။

ဤကဲ့သို့ သူ့ကိုယ်သူ ကိုယ်ရှောင်ဖျောက်၍ နေနိုင်ခဲ့သော်လည်း သူ့သတင်းများကိုကား လုံခြုံအောင် ထိန်းချုပ်ထား၍ မရနိုင်ပါ။လူ့သတင်းမို့ လူချင်းဆောင်ရာပါခဲ့သည်သာဖြစ်ပေသည်။

## ပုန်းရှောင်ရခြင်း အကြောင်းရင်း

သူတို့ အသိုက်အဝန်း၌ ကျွန်ုပ်တို့ နောင်တော်ဘုရားသည် အလှအပကို စက်ဆုပ်ရွံရှာသူ၊ အလှအပကို ဖျက်ဆီးခြေမှုန်းတတ်သူ၊ အပြစ်ဟူ၍ မြူမျှရှာမရသော ကိုယ်ခန္ဓာကိုပင်လျှင် အပြစ်အနာအဆာ ရှာပြတတ်သူ ဖြစ်၍နေ၏။ သူမတူသော အလှရတနာ ယသော်ဓရာကိုပင်လျှင် ပစ်ပစ်ခါခါ စွန့်ခွာ၍ လာခဲ့ခြင်းက ဤသို့သော ကောက်ချက်ကို အထောက်အကူပြု၍ထား၏။ ထို့ကြောင့် ဤ၍ဤမျှ နှလုံးသား ချောက်သွေ့နေသော ပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် သူ့ချစ်မြတ်နိုးလှသော အလှဂုဏ်သိရ် ညှိုးမှိန်သွားမည် စိုးရှာပါသတဲ့။ ထို့ကြောင့်ပင် တမင်ပုံး၍ နေရရှာပါသတဲ့။

## အေးငြိမ်း ချမ်းသာ မယ်ခေမာ

ဟုတ်တော့လည်း ဟုတ်ပါ၏။ လောကီမျက်စိနှင့်သာ ကြည့်ပါက အဖြစ်သဲမှုကို အပြစ်ဆိုရန် မရှိပါချေ။ မိန်းမချော မိန်းမလှတို့ ထွက်ပေါ်ရာ မဒ္ဒရာဇ်တိုင်း၊ သာကလမြို့တော်မှ အလှရတနာ တဆူဖြစ်ကြောင်းကိုသာ သိကြရလျှင် သည်ကိစ္စအတွက် ခွင့်လွှတ်ကြသူက များပါလိမ့်မည်။

လှဂုဏ်ထူးရှင် သည်မိန်းကလေးသည် မွေးဖွားလာသည့်အချိန် ကပင် ကံထူးခဲ့သူ ဖြစ်ပါ၏။ အမိဝမ်းတွင်းမှာ ခိုနေစဉ်က သူတို့ နိုင်ငံသည် ကပ်ဘေးကြီးများ၏ အခြိမ်းအချောက်ကို ခံနေခဲ့ရ၏။ သူမွေးဖွားလာချိန်မှာကား ထိုကပ်ဘေးကြီးတို့ ငြိမ်းအေးသွားကြ ပေသည်။ ဘေးဘယာတို့ ဝေးကွာသွားသော ဤအကြောင်း နိမိတ်သည်ပင် ဤမိန်းကလေး၏ အမည်နာမ ဖြစ်လာရပေသည်။

## အလှသည် ရတနာ

လှလွန်းဆွေ မယ်ခေမာသည် ထိုအလှဂုဏ်ကို အကြောင်းပြု၍ပင် မာန်မာနကလည်းကြီးလှသည် ဟူပါ၏။ ထိုမာန်မာနကို သာကလ မြို့တော်မှာတုန်းက ခမည်းတော် မဒ္ဒရာဇ်မင်းကြီးက မြှောက်ပင် မြှောက်၍ ပေးခဲ့၏။ သမီးကညာရတနာကို ဘာမဆိုအလိုလိုက်၍ အကြိုက်ဆောင်ခဲ့ကြ၏။ ယခု ဗိမ္ဗိသာရမင်းကြီး၏ နန်းတော်သို့ ရောက်ပြန်တော့လည်း ရတနာရှိရာ ရတနာစုနေသည့်သာ ဖြစ်၏။

ဗိမ္ဗိသာရမင်းကြီးတွင် သက်တူရွယ်တူ ဝေဒေဟီမိဖုရားကြီး ရှိ၏။ သူကား နာမည်ကျော် အဇာတသတ်မင်းသား၏ မယ်တော်

ဖြစ်ပေသည်။ မထင်ရှားသော အခြား မိဖုရားတို့ကလည်း ရှိကြသည်ပင်။ သို့ရာတွင် မင်းကေရာဇ်တို့မည်သည် မိမိ၏ ဘုန်းသမ္ဘာတော်ကို လေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ဆက်သလာသော ရတနာမျိုးတို့ကို ပစ်ပယ်ရိုးထုံးစံ မရှိပေ။ မယ်ခေမာဟု အမည်တွင်သော ဤရတနာကလေးသည်ကား သက်မဲ့ရတနာမျိုးထက် အဆတရာမက သာအောင် အဖိုးထိုက်တန်၍ နေပေသည်။ အဖိုးထိုက်တန်သော ရတနာမို့ ဘုရင်ကြီးက ချစ်မြတ်နိုးလှသည်ဟူပါ၏။

## အလှသည် ပြဿနာ

အလှရတနာတဆူကို လက်ရပိုင်ပိုင် သိမ်းပိုက်နိုင်သဖြင့် ကျွန်ုပ်တို့ကျောင်းတကာကြီးအဖို့ ကံကောင်းသည်ဟု ဆိုနိုင်ပါ၏။ သို့ရာတွင် သူ့ကံမှာ တခုခု ချို့တဲ့ခဲ့ဟန် တူပါသည်၊ သူကိုယ်တိုင်က ရတနာသုံးပါးကို မတုန်မလှုပ် သက်ဝင်ယုံကြည် ပြီးသောကျောင်းတကာကြီး။ ဘုရားရှင့်ကျေးဇူးတော်ဖြင့် အေးရာငြိမ်းရာ တရားကြီးကိုပင် ကိုယ်တိုင်ကိုယ်ကျ ခံစားရပြီးသူ။ သို့ပါလျက် အလှအာရုံ ခံမင်လာသည်နှင့်တပြိုင်နက် သူ့ခမျာ အခက်ကြုံရရှာတော့သည်။

## အလိုမပြည့်သော မင်းကေရာဇ်

ရတနာသုံးပါးကို ကြည်ညိုသဖြင့် ဘုရားကျောင်းတော်သို့ မကြာခဏ သွားလိုသည်၊ ထိုမှတဖန်၊ မိဖုရားကလေး မယ်ခေမာကို

ချစ်မြတ်နိုးလှသဖြင့်သူကလေးနှင့် အတူတကွ သွားလို၏။ ကျယ်ဝန်းလှစွာသော မဂဓတိုင်းကြီး တခုလုံးကို အလိုပြည့်ခဲ့သော ကောရာဇ်ဘုရင်ကြီးသည် သည်အလိုနှစ်ခုအနက် တခုကိုသာ ဖြည့်ဆည်းခွင့် ရပေသည်။

## ရာဇပရိယာယ် ရွှေဉာဏ်ခြယ်

အလိုနှစ်ခုလုံးကို စိတ်တိုင်းကျ ဖြည့်စွက်နိုင်ရန်ကား မင်းအာဏာကို သုံးရပေတော့မည်။ မင်းကောရာဇ်တို့၏ တာဝန်အရ ပြင်းထန်လှသော အမိန့်အာဏာများကို ပေးခဲ့ရဘူးသော်လည်း သည်မိဖုရားလေးကိုကား ဤသို့သော အာဏာမျိုးကို မသုံးရက်ပေ။ သူ့သဘောနှင့် ဆန့်ကျင်သော အမိန့်သံ နာခံလိုက်ရလျှင် နေထိပန်းသို့ ညှိုးနွမ်းသွားရမည့် ဖြစ်အင်ကို သူ မရှုရက် မမြင်ရက်ပေ။ သို့ဖြစ်၍ သူ့အလိုဆန္ဒလည်း ပြည့်ဝစေ၊ အလှပန်းကလေးလည်း လန်းဆန်းမြဲ လန်းဆန်းစေရန် ရာဇပရိယာယ် ရွှေဉာဏ်ခြယ်ရပေတော့သည်။

သူက သူ့တွက်ကိန်းနှင့်သူ ရွှေဉာဏ်ခြယ်သည်ကား ဟုတ်ပါ၏။ သူ့ရည်မှန်းချက် အောင်မြင်သင့်သလောက် အောင်မြင်သည်လည်း မှန်ပါ၏။ သို့ပါသော်လည်း သူ့ပါရမီကို ကူညီဖြည့်ပေးနေရသော ကျွန်ုပ်တို့ တတွေသည်ကား မသက်သာလှပါ။ ဤဝတ္ထုအစမှာ ဖော်ပြခဲ့သော တေးသီချင်းကို သူကိုယ်တိုင်က တဖက်လှည့်ဖြင့် စီမံထားခြင်းဖြစ်ရာ ကျောင်းတော်သို့ လူသွားလူလာ မစဲတမ်း ဖြစ်လာရပေသည်။

## အလှသည် ဖူးလှကိုမလွန်ဆန်နိုင်

သူ့ပါရမီကို ကူညီဖြည့်ရသော ကျွန်ုပ်တို့မှာ ဖြည့်ရကျိုးနပ်သည်ဟု ဆိုရပါတော့မည်။ ကိုယ်ခန္ဓာ၏အလှအပကိုသာ ကိုးကွယ်လာခဲ့သော မိန်းမပျိုတယောက်အား ဆွဲဆောင်နိုင်သော အရာမှာ လှပသော တေးသီချင်းများပင် ဖြစ်၏။ လှပသော တေးသီချင်းက ဆွဲဆောင်ခဲ့သဖြင့် လှလွန်းလှသူ မယ်ခေမာသည် ဝေဠုဝန် ဥယျာဉ်တော်သို့ လှမ်းလင့်၍လာခဲ့၏။ သစ်ပင်ပန်းမာလ်၊ရေတွင်း ရေကန်တို့၏ အလှ၊ တေးသွား၏ အလှကို မလွန်ဆန်နိုင်၍သာ သူ လှမ်းလာ၏။ သည်ဥယျာဉ်တော်မှာ စံပျော်တော်မူသော ဘုရားရှင်ကိုကား သူ တွေ့ချင်စိတ် မရှိသေးပေ။

## ထူးခြားသော ထိုနံနက်

သည်တုန်းက ကျွန်ုပ် အပါအဝင် ရဟန်းအားလုံး မြို့တွင်းမှာ ဆွမ်းခံဝင်ခိုက် ဖြစ်၏။ ခါတိုင်းဆိုလျှင် သံဃာတော်တန်းကြီး၏ ရှေ့ဆုံးမှ အတုမရှိသော အသရေတော်ဖြင့် ဘုရားရှင်ပါ ဆွမ်းခံကြွနေကျဖြစ်၏။ထိုနေ့မှာတော့ ကျွန်ုပ်တို့ချည့်သာ လာခဲ့ကြရ၏။ အကြောင်းထူးတခုခုရှိလျှင် ဤသို့ နေခဲ့ရိုးထုံးစံရှိသည်မို့ သတင်း ထူးခြင်းထူးလျှင် မယ်ခေမာအတွက်သာ ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားလိုက်ပါ၏။

## မမြော်လင့်သော ထိုမြင်ကွင်း

ခန့်မှန်းထားသည့် အတိုင်းလည်း ဆွမ်းခံအပြန်မှာ ဖြစ်ကြောင်း ကုန်စင်ကို ဤသို့ ကြားလိုက်ရပါ၏။ ခါတိုင်းနေ့များမှာလိုပင် ဆွမ်းခံပါသွားလိမ့်မည် ထင်၍ မယ်ခေမာသည် ဘုရားရှင့်ကျောင်း ဆောင်တော်သို့ ချဉ်းကပ်လာခဲ့၏။ အရံသင့်ဖွင့်ထားသော တံခါးမှ ကျောင်းထဲသို့ လှမ်းဝင်မိသော အခါတွင်ကား မမြော်လင့်သော မြင်ကွင်းနှင့် ပက်ပင်း တွေ့လိုက်ရပေသည်။

အလှအပကို ရွံမုန်းသူ၊ အလှအပကို ဖျက်ဆီးချေမှုန်းဘတ်သူ၊ ခန္ဓာကိုယ် တခုလုံးတွင် အပြစ်အနာအဆာကိုမှ မရအရ ရှာပြတတ်သူ၊ ဤသူ ထိုသူ၏ ခြေတော်ရင်းတွင် ရင်သပ်ရှုမော အံ့သြဖွယ်ရာ အလှရတနာလေးတဆူ ရောက်ရှိနေပါပြီကော။

## အလှဆုံးထက် လှသောသူ

ဤကမ္ဘာမြေပြင်တွင် မိမိကိုသာ အလှဆုံးဟု ထင်တလုံးနှင့် နေခဲ့သော မယ်ခေမာသည် ယခုတော့ သူ့ထက် လှနေသူကလေးကို ငေးနေရချေပြီ။ အလှဂုဏ် မျိုးရိုးဂုဏ်တို့ဖြင့် မာနတံခွန် တလူလူ လွင့်ခဲ့သော မဒ္ဒရာဇ်တိုင်းသူသည် ယခုတော့ သူ့ထက် မာနကြီးသူနှင့် တွေ့လိုက်ရချေသည်။ သူကသာ မိမိထက် လှသူကလေးပါ ကလားဟု တငေးတမော ကြည့်နေရ၏။ ထိုမိန်းကလေးကမူကာ မဂဓတိုင်းကြီးရှင်၏ မိဖုရားတပါးကို လှည့်၍မျှ မကြည့်ပေ။ ဘုရားရှင်ကိုသာ ရိုသေစွာ ယပ်ခတ်လျက် ရှိ၏။

## အလှသည် အနိစ္စ

မိမိတသက်တာတွင် တခါဘူးမျှ မမြင်ဘူးသော အလှထူးကလေးသည် မယ်ခေမာ ကြည့်နေသည့် အချိန်မှာပင် တစတစ အလှပျက်၍ လာ၏။ အိစက်ညက်ညောသော အသားအရေသည် ပတ်ကြားများအက်လျက် ခက်တရော်ကြမ်းတမ်း၍လာ၏။တောက်ပကြည်လင် အရည်ရှင်၍နေသော မျက်လုံးများသည် မွဲသီဟောက်ပက် ဖြစ်လာကြ၏။ မိန်းမတို့၏ အလှကြက်သရေဆောင် အသားအသွေးတို့ တွန့်ရှုံ့တွဲကျ၍ လာကြ၏၊ ရှုမဝသော အပျိုစင်ဘဝမှ တခဏချင်းဖြင့် ဒုက္ခိတ အမယ်အိုကြီး ဖြစ်သွားပေသည်။ ဆံဖြူ သွားကျိုး ခါးရိုးမခိုင်သော ကိုယ်ခန္ဓာဖြင့် တုန်တိတုန်ခိုက်ဖြစ်၍ နေပေပြီ။

မမြော်လင့်ဘဲ တွေ့လိုက်ရသော အဖြစ် ဆိုးကြီးကြောင့် မယ်ခေမာ သဲထိတ်ရင်ဖို ဖြစ်လာရ၏။ ဟိုစဉ်တုန်းကတော့ အလှသည်ပင် သခင်၊ အလှသည်ပင် အရှင်။ အလှသည်ပင် ကိုးကွယ်ရာ အားထားရာ။ ယခုတော့ မိမိ၏ အားထားခဲ့သော အလှတောင်ထွတ်ကြီးက ဖြုံးကနဲ ပြိုကျသွားချေပြီ။ မယ်ခေမာ ဘယ်မှာသွား၍ ခိုးကိုးရပါမည်နည်း။

## နားခိုလှည့်ပါ မယ်ခေမာ

''အိုဘယ့် ခေမာ ရှုစမ်းပါလော့''

သတိသံဝေဂစိတ်ဖြင့် ထိတ်လန့်တကြား ဖြစ်နေသော မယ်ခေမာအား ဘုရားရှင်က နှုတ်ခွန်းတော် သလိုက်ပါချေပြီ။

"အိုဘယ့်ခေမာ၊ စေ့စေ့နာလော့။
ပညာမျက်ကန်း၊ လူအန္ဓမ်းတို့
ချီးမွမ်းကြရာ၊ ဤခန္ဓာကား
ကျဉ်နာခံခက်၊ နှိပ်စက်တတ်စွာ
ဆိုးယုတ်မာ၏။

နေ့စဉ်ရက်ဆက်၊ ထက်အောက်ဒွါရ
အမာဝမှ၊ ယိုကျဒီးဒီး
ပုပ်နံ့ပြီး၏။

ငြီးငွေ့ထိုက်စွာ၊ ဤခန္ဓာဝယ်
သာယာဘွယ်တိ၊ ဘိတ်မရှိဟု
သတိထင်လာ၊ တည်ကြည်စွာဖြင့်
ဘာဝနာမှု၊ အသုဘသွင်
စိတ်မှာထင်လော့။

ထို့ပြင်တမူ၊ သူငါနှစ်ဝ
ကိုယ်ကာယ၌၊ နှစ်ခြိုက်တွယ်တာ
တဏှာမရှိ၊ ပကတိဖြင့်
စိတ်၏ငြိမ်းရာ၊ နားခိုပါလော့။"

## ဆေးခါးကြီးမှ နတ်သြဇာသို့

လုသွန်းဆေ့ မယ်ခေမာအတွက် ဘုရားရှင် ပေးသနားတော်မူလိုက်သော ဆေးခါးကြီးတဖုံပင် ဖြစ်ပါ၏။ ခါးသီးလှသော ဆေးတော်ကြီးကိုမှ မယ်ခေမာသည် မလွဲသာမရှောင်သာ ကျိတ်မှိတ်၍

မျိုးရရှာ၏။ မျိုးမိ၍ ဝမ်းတွင်းသို့ သက်ဆင်းသွားသော အခါမှာ ကား အဝင်ဆိုးလှသော ဆေးခါးကြီးသည် အမြိုက်သြဇာ၊ နတ်သုဒ္ဓါ ဖြစ်လာခဲ့ပေပြီ။

မလိမ္မာ တခါမိုက်စမြဲဆိုသည့်အတိုင်း ဟိုစဉ်တုန်းကတော့ တသသ အမှန်းတင် လာခဲ့ရသော သည်အလှအပ ကလေးတွေ ညှိုးမှိန်သွားလေမည်လားဟု ဘုရားရှင်ကို ရှောင်နေခဲ့၏။မရှောင်သာ၍ ယခုလို မျက်နှာချင်းဆိုင် တွေ့လိုက်ရသောအခါမှာမူ သူထင်သည့်အတိုင်း မဟုတ်ချေတကား။ သူစိုးရိမ်ခဲ့သလို သူ့အလှအပတို့သည် စိုးစဉ်းမျှ ညှိုးမှိန်ခြင်း မရှိကြချေတကား။ဘုရားရှင်တိုက်တွန်းတော်မူသည့်အတိုင်း ထိုတခဏ ပွားများလိုက်ရသော အသုဘ ဘာဝနာ၏ကျေးဇူးဖြင့် ရှေးကထက်ပင် အလှကျက်သရေ တင့်ဖြိုးဝေ၍ လာပေသေး၏။

## သမထမှ ဝိပဿနာသို့

အသုဘ ဘာဝနာဟူသည်မှာ အရှင်အသေ နှစ်ထွေသော ရုပ်ကလာပ်တို့၏ ပျက်စီးယိုယွင်းပုံ အဆင့်ဆင့်ကို စူးစိုက်ကြည့်ရှုကာ မိမိစိတ်တွင် ထိုအသုဘ နိမိတ်အာရုံများ ထင်ရှားလာအောင် ပွားများရခြင်းပင် ဖြစ်၏။

ဤဘာဝနာသည် သမထ ကမ္မဋ္ဌာန်း လေးဆယ်တွင် အပါအဝင်ဖြစ်သဖြင့် ဝိပဿနာဘက်သို့ မကူးတတ်လျှင် လောကုတ္တရာစခန်းသို့ မတက်လှမ်းနိုင်ပါ။ အပြင်အပ အသုဘမှတဆင့် မိမိ၏ အတွင်းသန္တာန်မှ မတင့်တယ် မဖွယ်ရာသော သဘောတို့ကို ဝိပဿနာ ရှုပါမှ မဂ်အခြေ ဖိုလ်အခြေ ဖြစ်နိုင်ပေသည်။

## အတွင်းသန္တာန်မှ အသုဘ

သို့ဆိုလျှင်၊ မယ်ခေမာ ဝိပဿနာရှုရန် အတွင်းသန္တာန်မှ အသုဘ သဘောများကား အဘယ်နည်း။ လှဂုဏ်ဝင့်သော မယ်ခေမာ အဖို့ အလှပေါ်မှာ မှီတွယ်နေသော မာန်မာနများပင် ဖြစ်ပါ လိမ့်မည်။ ငါလှသည်။ ငါတင့်တယ်သည်။ ငါ့ထက် ချောသူ ဘယ်သူမှ မရှိဟု ဘယ်လောက်ပင် မာန်မူ၍နေနေ ထိုသို့ မာန်မူ နေခြင်းတို့သည်ပင် မတင့်တယ် မဖွယ်ရာသော အသုဘ တရား ကြီးများ ဖြစ်နေကြပေသည်။

## လေကြောင့်တက်သော လေတံခွန်

ငါနှင့်ငါသာ နိုင်းစရာရှိသည်ဟူ၍ တလူလူ လွင့်နေသော မာန စေတသိက်ကို ကျွန်ုပ်တို့ သီတင်းသုံးဖော်များက လေတံခွန်နှင့် ပုံခိုင်းတတ်ကြ၏။ တလွင့်လွင့် တက်၍နေသော လေတံခွန်သည် သူ့အစွမ်းသက်သက်ဖြင့် တက်နိုင်စွမ်း မရှိပါ။ တိုက်ခတ်သော လေ၏ မြှောက်ပင့်ပေး၍သာ မြှောက်တက်နေရ၏။ လေကသာ မြှောက်မပေးလျှင် ထိုလေတံခွန်သည် မြေပြင်ပေါ်မှာသာ ကပ် လျက် ချပ်လျက် ရှိနေရပေလိမ့်မည်။

သခ်တနယ်မှာ အပါအဝင်ဖြစ်သော မာန စေတသိက် သည် လည်း ထို့အတူသာလျှင် ဖြစ်၏။ တင့်မောဖွယ်ရာ အလှရတနာ ဟူ၍ မိမိဘာသာ သတ်မှတ်၍ ထားခဲ့သော သဏ္ဍာန်နိမိတ် အရိပ် အယောင်များကို မိမိတို့ ကိုယ်တိုင်က အဟုတ်ရှိ၊ တကယ်ရှိ အနေ

နှင့် ထင်မြင် နေတတ်ကြ၏။ အရိပ်ကို အကောင် ထင်ကာ ပြောင်းပြန်မြင်၍နေကြသော အကြောင်းတရားတို့က မြှောက်ပင့် ပေးကြသဖြင့် လူ့ဂုဏ်မာန်တို့ မြှောက်တက်၍ နေကြရ၏။ ထို အကြောင်းတရားတို့ကသာ မြှောက်ပင့် မပေးပါလျှင် မာန လေတံခွန်သည် သူ့အစွမ်းသက်သက်ဖြင့် မြှောက်တက်မသွားနိုင် ပါ။ သူ၏ပင်ကိုယ် သဘာဝအတိုင်း ချုပ်၍ ငြိမ်း၍သာ နေပေ လိမ့်မည်။

## ချုပ်ငြိမ်းမှုသည် အသင်္ခတ

မြှောက်တက်လာသော မာနစေတသိက်သည် အကြောင်းတရား တို့၏ ပေါင်းဆုံ ပြုပြင်မှုကြောင့်ဖြစ်၏။ချုပ်ငြိမ်းနေသောသဘော ကား အသင်္ခတဓာတ် ပရမတ် တရားကြီးဖြစ်၍ အကြောင်း တစုံ တရာ မလိုပါ။ အသင်္ခတဓာတ်ကြီးကို ဖြစ်ပေါ်စေနိုင်စွမ်းသော ဇနကဟိတ်ဟူ၍ မရှိပါ။ ချုပ်ငြိမ်းသော သဘောကို ကိုယ်တိုင် ကိုယ်ပိုင် အသိဖြင့် ချဉ်းကပ်ဆိုက်ရောက်စေနိုင်သော သမ္ပာပက ဟိတ်မျိုးသာ ရှိပေသည်။

## အနိမိတ္တ ဘာဝနာ

လူ့လွန်းဆွဲ မယ်ခေမာအား ဤသို့သော သမ္ပာပကဟိတ်ဖြင့် နိဗ္ဗာန်အရောက် ချီးမြှောက်တော်မူလိုသည်ဖြစ်၍ ဘုရားရှင်က အနိမိတ္တ ဘာဝနာကို ဟောပြတော် မူပေသည်။

''အိုဘယ့်ခေမာ၊ လွတ်လမ်းရှာလော့
ဘာဝနာမှု၊ စိတ်မှာရှုလော့
သုဘာသဘော၊ တင့်မောဖွယ်ရာ
မပါမရှိ၊ ပကတိစိတ်
အနိမိတ်ကို၊ တိဟိတ်ယှဉ်ကာ
ပွားစမ်းပါလော့။

ငါနှင့်ငါသာ၊ နိုင်းစရာဟု
အနုသယ၊ မာန်မာနကို
ထကြွစေရန်၊ မကြံမစည်
တည်ကြည်လှစွာ၊ ဘာဝနာဖြင့်
မာနပယ်ခွာ၊ ယဉ်ကျေးပါလော့။

ယဉ်ကျေးသိမ်မွေ့၊ မြတ်ခလေ့ဖြင့်
အတွေ့စိတ်တွင်၊ မာနစင်သော်
ဤတွင်ငြိမ်းချမ်း၊ မဂ်ဖိုလ်လမ်းသည်
ဖြောင့်တမ်းသေချာပါသတည်း။''

## ဘယက်တန်းဆာများနှင့် သံဃာတပါး

ဤသို့သော အမှိုက်ရေကောင်းဖြင့် သွန်းလောင်းလိုက်သည့် အဆုံးဝယ် မယ်ခေမာသည် ခြေတော်အစုံကြာပဒုံ၌ အကြိမ်ကြိမ် ဦးတိုက်၍၊ အရိပ်ကို ရန်သူသင်၍ ပုန်းရှောင်နေမိသော အပြစ်များကို ဝန်ချ တောင်းပန်၏။ ဤအရေးအခင်းကို မြင်တော်မူပြီးသော ဘုရားရှင်ကား မတောင်းပန်ခင်ကပင် ကျေနပ်ပြီး ဖြစ်နေပေသည်။

ထို့ထက်ပို၍ ကျေနပ်စရာကောင်းသောဖြစ်ရပ်ကိုကား ကျွန်ုပ်ကိုယ်တိုင် မြင်ရပါ၏။ မဂ်လေးတန် ဖိုလ်လေးဆင့်ဖြင့် အမြင့်ဆုံးသော ဉာဏ်အမြင်ကို ရရှိသွားပြီး ဖြစ်သော မယ်ခေမာသည် ဘယက်ဘန်းဆာ ဒွါဒယာများ ဝတ်ဆင်လျက်ကပင် သံဃာစာရင်းဝင် ဖြစ်နေပေပြီ။ ဤလို အမြင့်ဆုံးသော ဉာဏ်အဆင့်သို့ ဆိုက်ရောက်လာသူများသည် အတွင်းစိတ်ဓာတ်နှင့် လိုက်လျောညီထွေသည့် အသွင်သဏ္ဌာန်ကို ရယူပါမှ ဆက်၍ တည်နေနိုင်ကြ၏။ အဝတ်သင်္ကန်း ဆင်မြန်းပါမှ လောကလူ့ဘောင်ကို အကျိုးဆောင်ခွင့် ရကြ၏။ ထို့ကြောင့် မယ်ခေမာသည် ကျောင်းတကာကြီးထံ ခွင့်ပန်ကြားရန် နန်းတော်သို့ ပြန်သွားပေသည်။

## အိမ်ထောင်ရှင် မိန်းမသားတို့ တာဝန်

ယခင်နှင့်မတူ တမူထူးနေသော ဇာယြွေ သိက္ခာကို မြင်ရရုံနှင့် ကျောင်းတကာကြီးသည် ရာဇပလ္လင်ပေါ်မှ ဆင်းနေနှင့်၏။ မယ်ခေမာကို ခရီးဦး ကြိုဆိုရင်းက သူ့စိတ်ထဲမှာ ဝမ်းသာရမလိုလို ဝမ်းနည်းရမလိုလို ဖြစ်နေရ၏။

ဟိုယခင်က သည်နန်းဆောင်ထက်တွင် သူစိတ်တိုင်းကျ ဝတ်စား ဆင်ယင် အလှပြင်၍နေခဲ့၏။ယခုသော်ကား သည်နန်းဆောင်ထက်သို့ ညွှတ်သည်တဦးပမာ တလှမ်းချင်းလှမ်း၍ လာနေချေပြီ။

"အရှင်မင်းကြီး၊ လောကထုံးတမ်းစဉ်လာအရ ပိုင်ဆိုင်လာခဲ့သော အရှင်မင်းကြီးက ခွင့်ပြုပါလျှင် ဘုရားကျွန်မ သာသနာ့ဘောင်မှာ ရဟန်းပြုပါရစေ"

အလှအပ အားကိုးဖြင့် နွဲ့ဆိုးဆိုး၍ လာခဲ့သော ခင်ပွန်းသည်ကိုပင် သူစိမ်းပြင်ပြင်ကဲ့သို့ ခေါ်ဝေါ်သုံးနှုန်းလိုက်ပေပြီ။

အိမ်ထောင်သည် အမျိုးသမီးများမှာ အမျိုးသားများကဲ့သို့ မိဘနှစ်ပါး ခွင့်ပြုရုံဖြင့် မလုံလောက်သေး။ ကာမပိုင် လင်ယောကျ်ားကပါ မိဘများနည်းတူ ခွင့်ပြုပါမှ ရဟန်းပြုခွင့် ရကြပေသည်။

ရရှိထားသော ဝိပါကဝဋ္ဋ ခန္ဓာကြီးကို သာသနာတော်ကြီးအတွက် အသုံးပြုနိုင်ရန် ခွင့်ပန်သူက ခွင့်ပန်လာချေပြီ။

## အယဉ်ဆင့်လာသော အလှ

ရေမြေသဘာဝ မျှတ စိမ်းစိုသော အရပ်တွင် မိဘ နှစ်ပါး၏ ကောင်းမှုများကိုသာ ဆက်ခံ၍ မွေးဖွားလာခဲ့သော မယ်ခေမာသည် ပင်ကိုယ်အားဖြင့် ချောပြီးလှပြီး ဖြစ်ပါ၏။ အချောအလှကို သဘောကျ ပြင်ဆင်နိုင်သဖြင့် သူ၏ ဂုဏ်သတင်းက ကျော်စောလှပါ၏။ သို့ရာတွင် ဟိုယခင်က ချောခြင်း လှခြင်းမှာ ရုပ်ခန္ဓာ၏ အလှသာဖြစ်၏။ မာန်မာနကို အလုပ်အကျွေးပြုရုံမျှသာ စွမ်းနိုင်သော အလှ၊ သန့်စင်မွန်မြတ်သော ချစ်ခြင်းမေတ္တာထက် တဏှာရာဂကို ဦးစွာပထမ ဖိတ်ခေါ်တတ်သော အလှသာ ဖြစ်ဘိ၏။ ယခုသော်ကား အလှတွင် အယဉ်ဆင့်၍ လာပေပြီ။

ဘုရားရှင် ညွှန်ပြတော် မူလိုက်သော အသုဘ ဘာဝနာ၏ ကျေးဇူးဖြင့် မယ်ခေမာ၏ အလှသည် တဏှာရာဂ မဖက်သော စေတနာ မေတ္တာကို လက်ခံရရှိ၍ နေပေပြီ။

## ပြည်ထဲရေးထက် ခက်ပါသည်

တိုင်းပြည်၏ ဥသျှောင်ကိုင်ဖြစ်သော ကျောင်းတကာကြီးသည် အဝှမ်းကျယ်လှစွာသော မဂဓတိုင်းကြီး၏ သေရေး ရှင်ရေးကိစ္စကြီးများကို နေ့စဉ်နှင့်အမျှ အဆုံးအဖြတ် ပေးလာခဲ့ရ၏။ စိတ်နှလုံးတုန်လှုပ်ဖွယ်ရာကိစ္စကြီးများကိုပင် ခိုင်ကြည်သော စိတ်နှလုံးဖြင့် တိတိမတ်မတ် ကျင့်သုံးခဲ့ရ၏။ သို့သော် ထိုကိစ္စများကား တိုင်းရေးပြည်ရေး ကိစ္စများသာ ဖြစ်ဘိ၏။ တိုင်းပြည်အုပ်ချုပ်မင်းလုပ်သူတိုင်း မလွဲမသွေ ဆောင်ရွက်ရသော တာဝန်များသာ ဖြစ်ဘိ၏။

ယခု မယ်ခေမာ လျှောက်ထားလာသော ကိစ္စကား တိုင်းရေးပြည်ရေး မဟုတ်ဘဲ ကိုယ်ရေးကိုယ်တာ ဖြစ်နေချေပြီ။ ကိုယ်ရေးကိုယ်တာမှ သာမညမဟုတ်။ နှလုံးသားကိစ္စ ဖြစ်နေချေသည်။

## လက်တွဲလိုသူနှင့် လက်တွဲဖြုတ်သူ

သာသနာ့အသိ၊ သာသနာ့အမြင်ကို ရရှိထားသော သာဝကတဦးပီပီ သူသည် သာသနာတော်ကြီးကို အလုပ်အကျွေး ပြုလိုလှ၏။ ထိုသို့ပြုရာတွင် ချစ်လှစွာသော မိဖုရားလေး မယ်ခေမာလည်း ဖဝါးခြေထပ် လိုက်ပါလာစေလို၏။ ဤလိုဆန္ဒအရ အံ့နှင့်ကျင်းနှင့် ဝိုင်းဝန်းစီမံ လိုက်သဖြင့် ဘုရားရှင်ကို ရှောင်နေခဲ့သောမယ်ခေမာသည် ဘုရားရှေ့တော်မှောက်သို့ ရောက်ရှိခဲ့ပါ၏။ ရှေ့တော်မှောက်သို့ ရောက်ပြီးလျှင် ယခင်က အမှုအကျင့်များကိုပြုပြင်ကာ သာသနာပြု အမျိုးသမီးတယောက်ဖြစ်လာမည်ဟု မြော်လင့်ခဲ့၏။

သူ မြွှော်လင့်ထားသည့်အတိုင်း မယ်ခေမာသည် သာသနာပြု အမျိုးသမီးတယောက်ကား ဖြစ်လာပါ၏။ သို့သော် သူနှင့်အတူ လက်တွဲ၍ ပြုမည့်သူကား မဟုတ်တော့ပါ။ ချစ်ခင်ခဲ့သောခင်ပွန်း လင်ကိုပင် လက်တွဲဖြုတ်ကာ သူဘဦးတည်း သာသနာ ပြုတော့ မည်တဲ့။

## ဘုရင်က ရှိခိုးရသော အမျိုးသမီး

သူက သံယောဇဉ် အမြှင်ကလေးများကြားမှ သာသနာ့အကျိုး သယ်ပိုးချင်သည်။ မယ်ခေမာကတော့ သံယောဇဉ် အမြှင်တခုမှ အကပ်မခံတော့ဘဲ လွတ်လွတ်ကျွတ်ကျွတ် သာသနာပြုချင်ပေပြီ။ တိုင်းပြည့်ဥသျှောင်ကိုင် ဘုရင်ကြီးတပါးသည် သာသနာ့ အာဇာ နည် အမျိုးသမီးအား လက်အုပ်ချီလိုက်ရပေတော့သည်။

"အို အရှင်မခေမာ၊ ကျွန်ုပ် ကျေနပ်စွာ ခွင့်ပြုလိုက်ပါသည်။ အရှင်မ၏ ရဟန်းပြုရေး ကိစ္စအဝဝ ပြည့်စုံပါစေမည်။"

အရှင်သခင်အဖြစ်မှ ပစ္စည်းလေးပါး တကာကြီး အဖြစ်သို့ ချက်ချင်း လက်ငင်း ကူးပြောင်းလျက် ရိုသေစွာ လျှောက်ထား လိုက်ရပေသည်။

## မယ်ခေမာမှ အရှင်မ ခေမာသို့

တိုင်းရေးပြည်ရေး ကိစ္စများကို တိတိမတ်မတ် ဆုံးဖြတ်ခဲ့သော ဘုရင်ဗိမ္ဗိသာရသည် ကိုယ်ရေးကိုယ်တာ နှလုံးသားကိစ္စကိုလည်း မှန်ကန်စွာ အဆုံးအဖြတ် ပေးလိုက်ပေသည်။

ဤဆုံးဖြတ်ချက်အရ ချစ်မြတ်နိုးလှစွာသောမိဖုရားမယ်ခေမာကို ရွှေဝေါဖြင့် တင်လျက် ရဟန်းမများကျောင်းသို့ ပို့ဆောင်ပေးလိုက်ရ၏၊ ရဟန်းမများထံမှာ သိမ်ဝင်ခဲ့ပြီးနောက် ကျွန်ုပ်တို့ထံမှာ တခါ ထပ်၍ ကံဆောင် ရသေး၏၊ မိန်းမသားများ၏ရဟန်းခံပွဲမှာ ဤသို့ပင် နှစ်ကြိမ်နှစ်ခါ ကျင်းပရပေသည်။

အာဇာနည်စိတ်ဓာတ်အပြည့်ဖြင့် သာသနာ့ဘောင် ဝင်ရောက်လာသော အရှင်မခေမာကို ချီးကျူးရသည်နှင့်အမျှ ကိုယ်ရေးကိုယ်တာထက် ဘုရားရှင့် ရွှေမျက်နှာတော်ကို အလေးထားပေသော ဘုရင်ကြီး ဗိမ္ဗိသာရကိုလည်း ကျွန်ုပ်တို့တတွေက သာဓုနှုမော်ခေါ်ကြရပါပေသည်။

[ခေမာထေရီ အပဒါန်]

## ဝေဠုဝန်က ခွာရဦးမည်

ဘိတ်ဆိတ်သော နေရာ၌ မွေ့လျော်ခြင်းသည် ဘုရားရှင်တို့၏အလေ့အလာ ဖြစ်ပါ၏၊ သို့ပါလျက် ဤဝေဠုဝန် ဥယျာဉ်တော်တွင်ကား ဘုရားရှင်သည် သူနှစ်ခြိုက်လှစွာသော အလေ့အလာကိုပင်ခေတ္တအားဖြင့်စွန့်လွှတ်၍ထားတော်မူရခဲ့၏။သည်ကရှေ့မှာတော့ ဤသို့ စွန့်လွှတ်ရန် မလိုတော့ပါပြီ။

ရှင်တော်မြတ် ငံ့လင့်တော် မူခဲ့သော ပညာဂုဏ်ထူးဆောင်ဖြစ်လာမည့် တပည့်မသည် ဤယနေ့မှာပင် သာသနာ့ဘောင်သို့သက်ဝင်လာပြီဖြစ်ရာ လူဝင်လူထွက်ပေါများလှသောဤဥယျာဉ်တော်မှ ခရီးထွက်ကြရပါတော့မည်။

## ကျောင်းတကာကြီး နေရစ်ပေဦး

လူသံသူသံ ဆူညံလှသော ဝေဠုဝန်ဉယျာဉ်တော်ကို စွန့်ခွာလာခဲ့ရာတွင် ဘုရားရှင်အဖို့ အခြားသောရည်ရွယ်ချက်လည်း ရှိတန်ရာပါ၏။ ဘုရားရှင် ကြွချီတော် မူလျှင် ကျွန်ုပ်တို့ တတွေလည်း နောက်တော်ပါးမှ ဘဝါးခြေထပ်လိုက်ပါကြရပေမည်။ ထိုအခါတွင် သာသနာ့ဘောင်အတွင်းမှ ကျွန်ုပ်တို့ နှမသည်များလည်း အစဉ်မပျက် လိုက်ပါ၍ လာကြပေမည်။ ဤတွင် စွန့်ခြင်းကြီး တပါးကို အားခဲ၍ စွန့်ခဲ့ရပေသော ဘုရင်ကြီး ဗိမ္ဗိသာရအဖို့ နေသာထိုင်သာ ရှိလာပေလိမ့်မည်။ မြင်ရုံသာမြင်၍မကြင်ရသော ဝဋ်ဒုက္ခမှ လွတ်မြောက်ခွင့် ရပေလိမ့်မည်။ ဤသည်မှာကျွန်ုပ်တို့၏ အတွေးအထင်မျှသာ ဖြစ်၍ ကံသေကံမ ဖြစ်ရမည် မဆိုနိုင်ပါ။ မမြင်ရခါမှ ပို၍ပင် လွမ်းနာကျချင်လျှင်လည်း ကျနိုင်ပေသည်။ အချစ်ရှိလျှင် အလွမ်းရှိရမည် မဟုတ်ပါလော။

မည်သို့ပင်ဖြစ်စေ သတ္တဝါဝေနေယျတို့ အကျိုးစီးပွားအတွက် ဘုရားရှင်ကား ဒေသစာရီ ကြွချီခဲ့ပြီ ဖြစ်၏။ ရောက်လေရာအရပ်တွင် တရားရသာ မြိုက်သြဇာ အလှူတော်ကြီးကို ပေးလျက် ဇေတဝန်ကျောင်းတော်သို့ ဆိုက်ရောက်တော် မူခဲ့၏။ ဇေတဝန်ကျောင်းတော်တွင်ကား ဝေဠုဝန်မှာကဲ့သို့ မကြုံရတော့သဖြင့် အချိန်ကြာကြာ နေဖြစ်ကြပေသည်။

## တောရွာကလေးမှ ပျံ့မွှေးလာသည်

အရှင်မခေမာသည် ရာဇဂြိုဟ်မှ ထွက်လာစဉ်က ကျွန်ုပ်တို့နှင့်အတူဖြစ်၏။ သို့သော် ဇေတဝန် ကျောင်းတော်ထိအောင်ကား လိုက်

ပါမလာပေ။ သာဝတ္ထိ မြို့တော်နှင့် သာကေတမြို့ အကြားမှာ ရှိသော တောရဏဝတ္ထုရွာတွင် အဖော် ရဟန်းမများနှင့် အတူ ဝါကပ်ရန် နေရစ်ခဲ့ပေသည်။

တောရွာတရွာတွင် ဝါဆို၍ နေသော်လည်း အရှင်မဓေမာ၏ ဂုဏ်သတင်းများကား ဇေတဝန်ကျောင်းတော်ထိအောင် ပျံ့နှံ့၍ လာပေသည်။ မွှေးကြိုင်လှသော ဂုဏ်သတင်းများမှာ အရှင်မ၏ ချပ်ရည်ရူပကာယနှင့် မဆိုင်ပါ။ သားမြီးဖျားကို ခွဲခြမ်းစိတ်ဖြာနိုင်သော ခေးသွားတမျှ ထက်မြက်စူးရှလှသော ဉာဏ်ပညာနှင့် သာ ဆိုင်ပေသည်။

## ပျံ့မွှေးလာအောင် ဆောင်ယူခဲ့သူ

သည်သတင်းများကို သယ်ဆောင်လာသူကလည်း သာမန်တိုင်းသူ ပြည်သား တယောက် မဟုတ်ပေ။ လောသလတိုင်းကြီး၏ အရှင် သခင် ပသေနဒီ ကောသလမင်းကြီး ကိုယ်တိုင် ဖြစ်ပေသည်။

တိုင်းခန်းလှည့်သည် လာခဲ့သော ကောသလ မင်းကြီးသည် သာကေတမြို့မှ သာဝတ္ထိမြို့တော်သို့ ထွက်လာခဲ့ရာတွင် တောရဏဝတ္ထုရွာမှာ တညဝင်၍ အိပ်ခဲ့ရ၏။ ညအိပ်ရင်းက အရှင်မခေမာနှင့် တွေ့ဆုံကာ တရားစကားများ ဆွေးနွေးခဲ့ပြီးနောက် ဘုရားရှင်ထံ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

## အဖြေမရှိသော မေးခွန်းများ

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးသည့်နောက်တွင် တစုံတရာ ဖြစ်ပါသေးသလား"

ရှိသေစွာ ဦးချ ဝတ်ပြုပြီးသည်နှင့် ကောသလ မင်းကြီးက ဤသို့ လျှောက်ထားလိုက်၏။

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

မေးလျှောက်လာသော ပြဿနာကို ဘုရားရှင်က ချက်ခြင်း ငြင်းပယ်တော် မူလိုက်ပေသည်။

"သို့ဖြစ်လျှင် သတ္တဝါ သေလွန်ပြီးနောက် တစုံတခုမျှ မဖြစ်တော့ပြီလား အရှင်ဘုရား"

ငြင်းပယ်ပြီးသောပြဿနာကိုပင် တဖက်သောရှုဒေါင့်မှ တခါ ထပ်၍ မေးပြန်၏။

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပါ"

ဘုရားရှင်ကတော့ ငြင်းမြဲသာ ငြင်းပယ်တော် မူပေသည်။ သို့ရာတွင် ပသေနဒီကောသလမင်းကြီးက လက်မလျှော့သေးဘဲ-

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးနောက် တချို့မှာ ဖြစ်၍ တချို့မှာ မဖြစ်ပဲ နေပါသလား"

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

"အရှင်ဘုရား၊ သတ္တဝါသည် သေလွန်ပြီးနောက် ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ်ဟု ဆိုရပါမည်လား"

"မင်းကြီး၊ ဤပြဿနာကို ငါဘုရား မဖြေကြားလိုပေ"

မေးမည့်မေးတော့လည်း လမ်းဆုံးအောင်ပင် မေးလိုက်ရ၏။ မေးလေသမျှမှာလည်း ငြင်းပယ်ခြင်းဖြင့်သာ အဆုံးသတ်ခဲ့ရ၏။

## အဖြေမပေါ်သော ဆွေးနွေးပွဲများ

မဂဓ၊ ကောသလ၊ ဝဇ္ဇီ စသော တိုင်းနိုင်ငံများဝယ် ဗုဒ္ဓသာသနာတော် ပွင့်လင်း ထွန်းကားနေသည်ကား မှန်ပါ၏။ သို့သော်

အခြားသောအယူဝါဒရှင်တို့လည်း မြို့ရွာနယ်ပယ်အနှံ့ ဖြန့်ကျက်လျက် ရှိကြပေသည်။ ကိုယ့်အသင်းအပင်းနှင့်ကိုယ် ဘုရားတဆူလုပ်နေကြသူများပင် ရှိကြပေသည်။

ထိုသူ ထိုသူတို့၏ နယ်ပယ်၌ ဤပြဿနာများသည် အရေးပါသော သဘောတရားများ ဖြစ်၍ နေ၏။ အယူဝါဒ မတူသူများနှင့် လည်းကောင်း၊ ဝါဒတူသူ အချင်းချင်း လည်းကောင်း ဤပြဿနာများကို မေးကြ၊ မြန်းကြ၊ ဆွေးနွေးကြ၏။ သို့ရာတွင် ယတိပြတ်အဖြေကား မရကြပေ။ ဤမေးခွန်းလေးခုကြားမှာသာ ချာချာလည်၍ နေကြရ၏။

အယူဝါဒရှင်တို့ကြားမှာ ရေပန်းစားနေသော ဤပြဿနာများသည် ယခု ဘုရားရှင်ထံ ရောက်၍ လာပေပြီ။

## အကောင်းဆုံးသော အဖြေ

ဤပြဿနာတို့၏ ပင်ရင်းမူလမှာ သတ္တဝါတို့၏ ဘဝကူးပြောင်းမှုပင် ဖြစ်၏။ ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ သာသနာတော်မှာကား သတ္တဝါဟူ၍ပင် မရှိပေ။ အကြောင်းတရားတို့ ပေါင်းဆုံလာမှုကြောင့် ဖြစ်ပေါ်လာကြသော အကျိုးတရား အဆက်ဆက်သာ ရှိပေသည်။ တနည်းအားဖြင့် ပုဂ္ဂိုလ် သတ္တဝါ၊ ငါ သူတပါးဟူ၍ မရှိဘဲ တရားသက်သက်မျှသာ ရှိပေသည်။

ဤသို့အားဖြင့် သူ ငါ မရ၊ အနတ္တသဘောကိုဟောကြားတော်မူခဲ့သော ဘုရားရှင်သည် အတ္တဝါဒမှာ အခြေခံလာသော ဤပြဿနာကို မည်သို့ အဖြေပေးရပါမည်နည်း။ ဖြေကြား၍ မဖြစ်နိုင်သော

ပြဿနာကို မဖြေကြားဘဲ နေလိုက်ခြင်းသည်ပင် အကောင်းဆုံး သော အဖြေ ဖြစ်ပေသည်။

## အဖြေရှေ့က အမေးများ

"အရှင်ဘုရား၊ ဤပြဿနာလေးပါးကို မဖြေကြားလိုဟု အဘယ့် ကြောင့် မိန့်တော်မူပါသလဲ"

အနုတ္တဉာဏ်အမြင်ဖြင့် တိုတိုတုတ်တုတ် ဖြေကြားလိုက်ခြင်း သည် အနုတ္တဉာဏ်အမြင် မသန်သေးသော ကောသလမင်းကြီး အတွက် ကျေနပ်လောက်သော အဆင့်သို့ ရောက်ဟန် မတူသေး ပေ။ ထို့ကြောင့် ဤသို့ ပွင့်လင်းစွာ မေးလျှောက်လိုက်ရခြင်း ဖြစ်ပေသည်။

"ကောင်းပြီ မင်းကြီး၊ ဤအဖြေကို လက်မခံသေးလျှင် ဥပမာ ပေး၍ မင်းကြီးကိုပင်ပြန်၍မေးရပါဦးမည်။ ဤမေးခွန်းကို အသင် မင်းကြီး စိတ်တိုင်းကျဖြေဆိုနိုင်သည်။ အသင်မင်းကြီးမှာ ဂင်္ဂါမြစ် ထဲမှ သဲလုံးများကို ဤမျှဤမျှဟု ဂဏန်းချ၍ ရေတွက်နိုင်သူ ရှိပါ သလား"

"မရှိပါ အရှင်ဘုရား"

"သို့ဖြစ်လျှင် မဟာသမုဒ္ဒရာထဲကရေများကိုစိတ်တောင်း၊ပြည် တောင်းတို့ဖြင့် ဤမျှဤမျှရှိ၏ဟု ချင်တွယ်နိုင်သူ ရှိပါသလား"

"မရှိပါ အရှင်ဘုရား"

"မင်းကြီး အဘယ့်ကြောင့် မရှိပါသလဲ"

"အရှင်ဘုရား၊ မဟာသမုဒ္ဒရာသည် အလွန်တရာ နက်ရှိုင်းလှ ပါ၏၊ တိုင်းတာ၍ မရလောက်အောင် ကျယ်ဝန်းလှပါ၏။ မည်

သည့် သတ္တဝါမျှ ထောက်ရာတည်ရာ မရနိုင်ပါ။ ထို့ကြောင့် မချင့်တွယ်နိုင်ခြင်း ဖြစ်ပါသည် အရှင်ဘုရား”

## ဉာဏ်တော် သမုဒ္ဒရာ

“မင်းကြီး၊ အနုတ္တ ဉာဏ်ကြီးသခင် ငါဘုရားသည် ဤဥပမာ အတိုင်းပင် ဖြစ်ပေသည်၊ သတ္တဝါဟူ၍ ပညတ်ရုံမျှ ပညတ်၍ရနိုင် သော ခန္ဓာငါးပါးတို့အပေါ်၌ ‘ငါ့ဟာ’ ဟူ၍ စွဲလန်းတတ်သော သမုဒယ တဏှာကို ငါဘုရား ပယ်ခဲ့ပြီးပြီ။ အမြစ်ကို ဖြတ်ခဲ့ပြီးပြီ။ အငုတ်ပါမကျန် နုတ်အပ်ပြီးသော ထန်းပင်ရာကဲ့သို့ ပြုခဲ့ပြီးပြီ။ မရှိလုံးလုံး သုဉ်းဆိတ်အောင် ပြုခဲ့ပြီးပြီ။ နောက်ထပ် တဖန် ဖြစ်ပေါ်ရန် မရှိတော့ပြီ။

“မင်းကြီး၊ ခန္ဓာငါးပါးတို့အပေါ်၌ သတ္တဝါဟူ၍ ခေါ်ဆို ပညတ်ခြင်းမှ လွတ်မြောက်ပြီးသော ငါဘုရား၏ ဉာဏ်တော်သည် မဟာသမုဒ္ဒရာကဲ့သို့ပင် နက်ရှိုင်းလှ၏။ မဟာသမုဒ္ဒရာ ကဲ့သို့ပင် နက်ရှိုင်း ကျယ်ဝန်းလှ၏၊ သာမန် ဉာဏ်မျိုးဖြင့် မှီအောင် ထောက်၍ မရနိုင်ပေ၊ ထိုဉာဏ်ကြီး၏ သခင် ငါဘုရားသည် သတ္တဝါ သေလွန်ပြီးနောက် တစုံတခု ဖြစ်သည်ဟု ပြောဆိုရန် မသင့်ပေ။ သတ္တဝါ သေလွန်ပြီးနောက် ဘာမျှ မဖြစ်တော့ ဟူ၍ လည်း ပြောဆိုရန် မသင့်ပေ။ တချို့ဖြစ်၍တချို့မဖြစ် ဟူ၍လည်း ပြောဆိုရန် မသင့်ပေ။ ဖြစ်သည်လည်း မဟုတ် မဖြစ်သည်လည်း မဟုတ် ဟူ၍ ပြောဆိုရန်လည်း မသင့်ပေ။”

အတ္တအယူအစွဲဖြင့် ပေါ်ပေါက်လာသော ပြဿနာများကို အနတ္တဥာဏ်တော်ကြီးဖြင့် ဘုရားရှင်က ဖြေရှင်း၍ ပေးတော်မူလိုက်ပေသည်။

## အဖြေနှစ်ရပ် တထပ်တည်း

ပသေနဒီ ကောသလမင်းကြီးသည် ကိုယ်တွေ့ဥာဏ်မြင် ဒိဋ္ဌိစင်သည့် အဆင့်သို့ကား မရောက်ပေ။ သို့သော် အခြားတပါးသော ဝါဒရှင်တို့ ယတိပြတ်ဖြေဆို၍ မရနိုင်ခဲ့သော ပြဿနာကြီးများကို အချက်ကျကျ ဖြေရှင်းပေးလိုက်ပုံကား နှစ်ထောင်းအားရရှိလှ၏။ ထို့ထက်ပို၍ နှစ်ခြိုက်စရာ ကောင်းသည်မှာကား ကိုယ်တော်မြတ်၏ ဖြေရှင်းပုံသည် တောရဏဝတ္ထု၊ ရွာမှာတုန်းက အရှင်မခေမာ ဖြေရှင်းခဲ့ပုံနှင့် တသဝေမတိမ်း တူညီနေခြင်းပင်ဖြစ်ပေသည်။

[သဠာယတနဝဂ်၊ အဗျာကတသံယုတ်ပါဠိတော်နှင့် အဋ္ဌကထာ]

## အရှင်မခေမာ၏ တေဒဂ်

နောက်တော်ပါးမှ ဘဝါးခြေထပ် လိုက်ပါနိုင်စွမ်း ရှိပေသော ဤအရှင်မအား ရှင်တော်မြတ်ဘုရားက ဥာဏ်ပညာ ကြီးကျယ်သော အဘ "တေဒဂ်" ဂုဏ်ထူးဖြင့် ချီးကျူးတော်မူလိုက်ခြင်းမှာ လျော်ကန် သင့်မြတ်လှပါပေသည်။

[အင်္ဂုတ္တရ၊ ဧကနိပါတ်၊ ဘေဒဂ္ဂဝဂ်]

# မညှိုးနွမ်းသည့် ပန်းကြာညို

## မောင်ကြီးမောင်ငယ်များနှင့် အတူ

အခြေအနေ အရ ပိတ်ပင်ထားတော်မူခဲ့သော ဘိဂျူနီ သံဃာ့တံခါးမုခ်ကို ကျွန်ုပ်သည် မရအရ ဖွင့်ပေးခဲ့၏။ အမျိုးသမီးများ ရသင့်ရထိုက်သော အခွင့်ထူးကြီးကို ဓမ္မဓိဋ္ဌာန် စကားလုံးများ သုံးကာ တောင်းဆို၍ ပေးနိုင်ခဲ့၏။ ဤလို တောင်းဆိုခဲ့သဖြင့် ရှင်တော်မြတ်၏ အကြိမ်းအမောင်းများကို ခံယူခဲ့ရ၏။ သို့သော် ကျွန်ုပ်အဖို့ ဤကိစ္စအတွက် စိတ်ပျက်ရန်၊ စိတ်ကွက်ရန် လုံးဝ မလိုလားပါ၊ ဇေတဝန္တာလဝန်းကြီး၏ ထံတော်ပါးဝယ် မောင်ကြီး

မောင်ငယ်များနှင့် အတူတကွ ထွန်းလင်းတောက်ပခွင့် ရလာကြသော ထေရီမယ် ငွေစင်ကြယ်များ ရှိနေကြပြီ မဟုတ်ပါလား။

ပထမဦးစွာ မယ်တော်ကြီး မဟာပဇာပတိဂေါတမီ။ သူ၏နောက်မှာ သကျမင်းသမီးငါးရာ။ ထို့နောက် မယ်ခေမာကဲ့သို့ ထင်ရှားကျော်ကြားသော အမျိုးသမီးများ။ သူတို့ သူတို့တတွေသည် ကျွန်ုပ်ဖွင့်ပေးသားသောတံခါးမှ အစီအရီ ဝင်လာခဲ့ကြ၏။ ဝင်လာပြီးသည့် နောက်မှာလည်း ဘေးမသီ ရန်မခ သာသနာ့တာဝန်ကို ထမ်းဆောင်ခွင့် ရကြပေသည်။

ဘေးရန်ကင်းကွာ တသက်တာလုံး နေခွင့် ရခဲ့ကြသော ထိုအရှင်မများအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့ရသော ကျွန်ုပ်သည် အရှင်မဥပ္ပလဝဏ်အလှည့်တွင်ကား ဝမ်းသာဝမ်းနည်း ဖြစ်ရပေတော့သည်။

## ကြာညိုပန်း အလှရှင်

အရှင်မ ဥပ္ပလဝဏ်သည် အရှင်မခေမာကဲ့သို့ အိမ်ထောင်သည်ဘဝမှ လာခဲ့သူမဟုတ်ပါ။ အပျိုစင်ဘဝဖြင့် သာသနာ့ဘောင်ဝင်ရောက်လာသူ ဖြစ်ပေသည်။

ဥပ္ပလဝဏ် အပျိုစင်ဘဝဖြင့် နေလာခဲ့ရခြင်းမှာ ဖူးစာရှင် မပေါ်ပေါက်၍ မဟုတ်ပေ။ သူလိုမိန်းမပျို တယောက်အဖို့ ဖူးစာရှင် မပေါ်ပေါက်မှာကို စိုးရိမ်စရာမရှိပေ။ မျိုးရိုးအားဖြင့် သာဝတ္ထိမြို့တော်ကြီးမှ ထင်ရှားသော သူဌေးကြီး ဇနီးမောင်နှံတို့၏ တဦးတည်းသော သမီး။ အသားအရေမှာ ကြာညိုပန်းဝတ်ဆံကဲ့သို့ တင့်တယ်၏။ မိန်းမပျိုတို့၏ ကြန်အင်လက္ခဏာပြည့်စုံ

ကုံလုံ၏။ သည်ကြာညိုပန်း၏ သတင်းများက လေအောက်လေညာ မရွေးတမ်း ပျံ့နှံ့၍ နေလေရာ မင်းညီမင်းသားများ၊ ဂုဏ်ရည်တူ သူဌေးသားများသည် သူ့ထက်ငါ စပ်လာ ဟပ်လာကြပေသည်။

## အရသာထဲက ပြဿနာ

စောစောပိုင်းတုန်းကတော့ မိဘနှစ်ပါးမှာ စန်းပွင့်လှသော သမီးလေးအတွက် ဂုဏ်တဝင့်ဝင့် ဖြစ်မိကြ၏။ 'သမီးလေး ငယ်ပါသေးသည်။ အိမ်ထောင်ရေးကိစ္စတွေ စိတ်ဝင်စားဦးမည် မဟုတ်သေးပါ'ဟု ဒိုင်ခံ ပြောနေရခြင်းကိုပင် အရသာတခု ထင်မှတ်ခဲ့ကြ၏။ တစထက်တစ များပြားလာသော အခါမှာကား မိဘနှစ်ပါးလုံး ဘေးကြပ်နံကြပ် ဖြစ်ကြရတော့သည်။

တောင်းလာကြသော သတို့သားတွေက အမြောက်အမြား။ ပေးစရာ ရှိသည်မှာကား သည်သမီးလေး တယောက်မျှသာ။ တယောက်ကို ပေးလိုက်လျှင် ကျန်လူများက မကျေမချမ်းဖြစ်လာကြပေတော့မည်။ မကျေနိုင် မချမ်းနိုင်သူများသည် သူ့လိုကိုယ့်လို သူဌေးသားများချည့်ဆိုလျှင်ကား ကိစ္စမရှိလှပါ။ ပစ္စည်းအားနှင့် ဖိလာလျှင် ပစ္စည်းအားနှင့် ခုခံနိုင်၏။ ဆွေသိုက်မျိုးသိုက်နှင့် ဝိုင်းဝန်းလာကြလျှင်လည်း သည်က ဆွေသိုက်မျိုးသိုက်ကလည်း ရှေ့ပက်၍ မဝင်အောင် ကာကွယ်ပေးကြမည်သာ။

## ပြဿနာတို့မှ လွတ်လမ်းတခု

သို့သော် သူတို့အထဲမှာ မင်းညီမင်းသားများ ပါနေသည့်အရေးကိုကား မိဘနှစ်ပါးတို့ စိတ်မအေးနိုင်ပါ။ သူတို့က သူဌေးသား

များကဲ့သို့ ပစ္စည်းဂုဏ်၊ ဆွေမျိုးဂုဏ်မျှကို အားကိုးပြုနေသူများ မဟုတ်ပေ။ ပဿေနဒီကောသလမင်းကြီး၏ တန်ခိုးအာဏာများကို တစိတ်တဒေသရရှိထားကြသူများဖြစ်ကြ၏။ တချို့မှာ အင်မတန် ခေါးသက်လှသည်ဟု ကျော်ကြား၏။ ဆွေအား၊ မျိုးအား၊ ပစ္စည်း အားကို အံ့ဘနိုင်သော်လည်း ခေါးထက်သက်ကိုကား ကျောချမ်း လှပါဘိ။

"အိုဘယ့်သမီးငယ် ဥပ္ပလဝဏ်၊ ဤမျှလောက် ဇာတ်ရှုပ်သည့် လူ့ဘောင်မှာ နေမည့်အစား သာသနာ့ဘောင် ဝင်ရောက်လျှင် မကောင်းပါလား"

ကြုံရခဲသည့်အဆုံးဝယ်ဖခင်ကြီးက သမီးစိတ်ကို တီးခေါက် ကြည့်ရတော့၏၊မိဘနှစ်ပါးလည်း အန္တရာယ်ကင်း၍ သမီးကလေး သည်း စိတ်ချမ်းသာကိုယ်ချမ်းသာ နေနိုင်မည့်လမ်းမှာ ဤတလမ်း သာ ရှိတော့သည် မဟုတ်ပါလား။

## ထွက်လမ်းအတိုင်း လိုက်ခဲ့ပြီ

"သာသနာ့ဘောင် ဝင်ရောက်ချင်ပါသည် ဖခင်"

စောစောကဘည်းကပင် ရည်စူးရင်း ရှိနေခဲ့သော ဥပ္ပလဝဏ် က ဖခင်ကြီး၏ အကြံပြုချက်ကို ဝမ်းသာအားရ လက်ခံလိုက်၏။ သို့နှင့် သာဝတ္ထိမြို့ဘော်ကြီးဝယ် ဥပ္ပလဝဏ်၏ ရဟန်းပွဲကြီး စည် ကား သိုက်မြိုက်စွာ ကျင်းပရတော့သည်။

## ဆီမီးရောင်မှ ဥဒါဏ်ရောင်သို့

အရှင်မ ဥပ္ပလဝဏ်သည် ရဟန်းပြု၍ မကြာမီမှာပင် ဥပုသ်သိမ်မှာ တာဝန်ကျခဲ့၏။ ဥပုသ်အိမ် သိမ်အပြင်မှာ သည်နေ့ဥပုသ်လာပြုကြမည့် အရှင်မများ ချမ်းသာစွာနေနိုင်ကြရန် တံမြက်လှည်းထားရ၏။ သောက်ရေမျာ းခပ်ထားရ၏။ နေရာထိုင်ခင်းများ ခင်းထားရ၏။ နေဝင်ချိန်ရောက်ပြီမို့ ဆီမီးခွက်များလည်း မြိုင်မြိုင်ဆိုင်ဆိုင် ထွန်းထားရပေသည်။

ဥပုသ်ပြုရန် အရှင်မများ ရောက်မလာသေးမီ အခိုက်တွင် အရှင်မဥပ္ပလဝဏ်သည် ဆီမီးတောက်ကို စူးစိုက်ကြည့်ကာ တေဇောကသိုဏ်းကို ပွားများနေမိ၏။ ဘဝအခြေခံ ကောင်းသူဖြစ်၍ တေဇောကသိုဏ်းဖြင့် လောကီစျာန်ကို ထိုတခဏအတွင်းမှာပင် ရရှိ၏။ ထိုတခဏ အတွင်းမှာပင် လောကီစျာန် သမာပတ်မှတဆင့် ဝိပဿနာနယ်သို့ ကူးပြောင်းလာခဲ့၏၊ သိတင်းသုံးဖော် အရှင်မများ ရောက်လာကြချိန်တွင်ကား အရှင်မ၏ ရဟန်းကိစ္စ ပြီးပြည့်စုံခဲ့လေပြီတည်း။

## အန္ဓဝန်တောအုပ်

ဤအချိန်အထိ အရှင်မအတွက် ကျွန်ုပ်တို့ စိတ်ထိခိုက်ရသောကိစ္စ မပေါ်ပေါက်သေးပါ။ အန္ဓဝန် တောအုပ်အတွင်းက ကျောင်းငယ်တခုဝယ် တောရဆောက်တည်နေချိန်တွင်မှမကြာ းကောင်း မနာသာ သတင်းဆိုးကြီး ထွက်ပေါ်လာပေသည်။

[ဓမ္မပဒ အဋ္ဌကထာ၊ ဗာလဝဂ်၊ ဥပ္ပလဝဏ်ထေရီမ ဝတ္ထု]

အန္ဓဝန်တောအုပ်သည် သာဝတ္ထိမြို့တော်ဝန်းကျင်၊ ဇေတဝန်ကျောင်းတော်၏ ကျောဘက်မှာ တည်ရှိ၏။ ဇေတဝန်ကျောင်းတော်နှင့်လည်း မနီးမဝေး။ လူသံသူသံ တိတ်ဆိတ်ရာ ဌာနလည်းဖြစ်၍ စိတ်အေးချမ်းသော တရားဘာဝနာ ပွားများနေလိုသူတို့၏ မှီခိုရာဌာန ဖြစ်ပေသည်။

## အန္ဓဝန်၏ သမိုင်းကြောင်း

ရှေးအခါက ဤနေရာ ဤဌာနသည် လူသူအရောက် အပေါက်နည်းသော တောကြီးမျက်မဲ ဖြစ်ခဲ့သည်ဟူ၏။ ခိုးသား ဓားပြထူပြောလှသည်ဟူ၍လည်း နာမည်ကြီးလှ၏။

တနေ့သ၌ ဤတောကြီးထဲသို့ ယသောရတမည်သော ဉပါသကာကြီးတယောက်တည်း ဝင်လာခဲ့၏။သူကား ကဿပမြတ်စွာဘုရား၏ တပည့်တဦးဖြစ်၍အနာဂါမ်အဆင့် ရောက်နေသူဖြစ်၏။ ပိဋကတ်သုံးပုံ နှုတ်ငုံဆောင်နိုင်သူလည်းဖြစ်၏။ ပရိနိဗ္ဗာန် စံဝင်ပြီးဖြစ်သော ကဿပမြတ်စွာဘုရား၏ စေတီတော်ကြီး ပြီးစီးရေးအတွက် ဇမ္ဗူဒိပ် တခွင်လုံးကို လှည့်လည်၍ နိဗ္ဗာန်ဆော်လုပ်ရာမှ ပြန်လာခဲ့ခြင်း ဖြစ်ပေသည်။

ဤနေရာ ဤဌာန ရောက်သည်နှင့် ဓားပြ ငါးရာတို့သည် ဉပါသကာကြီးကို ဝိုင်း၍ ဖမ်းလိုက်ကြ၏။စေတီတော်ကြီးအတွက် လှူခဲ့လေသမျှ ဂဂ ငွေ ကျောက်သံပတ္တမြားတွေ ပါလာလိမ့်မည်ထင်ကြ၍ ဖြစ်ပေသည်။ ရလာသမျှသော လှူဘွယ် ဝတ္ထုများကို ဉပါသကာကြီးက ညမဆိုင်းဘဲ စေတီတော်ကြီး တည်ရာသို့လည်းကြုံနှင့် ပို့နေသည်ကို သူတို့မသိကြလေတကား။

## သွေးစွန်းခဲ့သော ဤနေရာ

ဥပါသကာကြီး၏ ကိုယ်ပေါ်ဝယ် ဝတ်ဆင်ထားသော အဝတ် တစုံမှလွဲ၍ ဘာမျှမရှိပေ။ သို့ဆိုလျှင် အသာတကြည် လွှတ်လိုက် ပါတော့လား။ လူနည်းစုက ဤသို့သော သဘောရသော်လည်း လူများစု နောက်ကြောင်း မလုံပေ။ "ဤဥပါသကာကြီးသည် မင်းပေါက် စိုးပေါက်ဖြစ်၏။ တို့တတွေ မြို့ပေါ်သို့ အကြောင်း တခုခုဖြင့် ရောက်လာခိုက် ဥပါသကာကြီးနှင့် ဆုံမိလျှင် ခက်ချိမ့် မည်။ တို့တတွေကို အကုန်ဖမ်းပြီး သေလမ်းပို့လိမ့်မည်"

ဤသို့ပြောဆိုသူကများသဖြင့် သာသနာ့အကျိုးတော်ဆောင် ဥပါသကာကြီး အသတ်ခံခဲ့ရပေသည်။ သတ်မိသောခားပြတို့သည် တောအုပ်ထဲမှာပင် မျက်ကန်းဘဝ ရောက်ကြရ၏။ ထို့ကြောင့် သည်တောကို အန္ဓဝန်တောဟုခေါ်တွင်ကြောင်း ရှေးသူဟောင်း တို့ ပြောရိုးဆိုစဉ် ရှိခဲ့၏။ သူကန်းတောဟု အဓိပ္ပာယ် ရပေသည်။

[မူလပဏ္ဏာသ၊ ဝမ္မိကသုတ် အဋ္ဌကထာ]

## ဤနေရာ ဤဌာနမှာပင်

မောဟာသမား လူရမ်းကားတို့ လက်ချက်ဖြင့် ကဿပဘုရားရှင်၏ သာဝကကြီးတဦးသည် ဤတောထဲမှာ အသက်ဆုံးရှုံးခဲ့ရ၏။ ဤတောထဲမှာပင် ဂေါတမဘုရားရှင်၏ တပည့်မ တပါးသည် တဏှာသမား လူရမ်းကား၏ အနိုင်ကျင့်မှုကို ခံခဲ့ရပါချေသည်။

## အခွင့်ကောင်းကို ချောင်းနေသူ

နန္ဒမည်သော လုလင်သည် အရှင်မ ဥပ္ပလဝဏ်ကို လူ့ဘဝမှာ ကတည်းက တဖက်သတ် စွဲလန်းလာခဲ့သူ ဖြစ်၏။ ဆွေမကောင်း မျိုးမကောင်းထဲကလည်း ဖြစ်၏။ လူ့ဘဝမှာတုန်းက ချစ်ခွင့်မသာခဲ့ လေသမျှ ရဟန်းမ ဖြစ်လာချိန်မှာ အခွင့် ကြုံလာလိမ့်မည်ဟု မြှော်လင့်ထားခဲ့၏။

သူ မြှော်လင့်ထားသည့်အတိုင်းလည်း တနေ့မှာတော့ အခွင့်က ကြုံလာချေတော့သည်။ အရှင်မ ဥပ္ပလဝဏ်သည် အဖော်ရဟန်းမ များနှင့်အတူ ဒေသစာရီ လှည့်လည်ရာမှ မိဘရပ်ဌာန် သာဝတ္ထိ မြို့တော်သို့ ပြန်ရောက်လာ၏။ ထိုစဉ်က ရဟန်းမများ တောရ ဆောက်တည်ခွင့်ပြုထားသဖြင့် အရှင်မသည် မြို့နားကျောင်းတွင် မနေဘဲ အန္ဓဝန်တောကြီးထဲမှာ တောရဆောက်တည်၍ နေခဲ့၏။ တောရကျောင်းဖြစ်သည့်အတိုင်း အရှင်မ၏ ကျောင်းကလေးမှာ နေသာ ထိုင်သာရုံမျှသာ ဖြစ်ပေသည်။

## အားနွဲ့သူ၏ ကံကြမ္မာ

အရှင်မသည် သာဝတ္ထိမြို့တော်တွင်ဆွမ်းခံဝင်ကာ တောရကျောင်း ကလေးသို့ပြန်လာခဲ့၏။ စေ့ရုံသာစေ့ထားခဲ့သော ကျောင်းတံခါး ကို တွန်းဖွင့်ကာ ပါလာသော သပိတ်ကို ကုတင်ခေါင်းရင်းမှာ အသာအယာ ချထားလိုက်၏။ လှမ်းလာခဲ့ရသော ခရီးတာမှာ တော်တော်ကွာလှမ်းသဖြင့် ကုတင်ပေါ်မှာ အပန်းဖြေ ထိုင်လိုက်

ရ၏။ နေပူလယ်ခေါင်မှာ ခပ်ကြာကြာလျှောက်ရာမှ ကျောင်းရိပ်ထဲသို့ ဝင်ခဲ့ရာတွင် အရှင်မ၏ မျက်စိများက ရုတ်တရက် အသားမကျသေးဘဲဖြစ်နေရ၏။ မှုန်တရီဝိုးတဝါး ဖြစ်နေရ၏၊ ထိုစဉ်ခိုက်မှာပင် အကြံသမားနန္ဒသည် ကုတင်အောက်မှ ဘွားကနဲ ထွက်လာခဲ့ပေသည်။

ရှုန်းရင်းဆန်ခတ် ဖြစ်ရပ်များ ငြိမ်သက်သွားချိန်တွင် အရှင်မ၏ တနပ်စာ ဆွမ်းဘောဇဉ်တို့သည် ကျောင်းနှင့်အနှံ့ ပျံ့ကြဲ၍ နေကြလေပြီတည်း။

[ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၊ ဥပ္ပလဝဏ်ထေရီမဝတ္ထု]

## အဓမ္မကြံလျှင် မည်သူမျှမတတ်နိုင်

ဤသတင်းဆိုးကြီးကို ကြားရခါမှ ကျွန်ုပ်သည် ကိုယ်ပြုခဲ့မိသော အမှုအပေါ်မှာ သို့လောသို့လော ဖြစ်လာရ၏။ ယောကျ်ားသားများနှင့် ဘာအခြေအနေမတူသော အမျိုးသမီးများကို သာသနာတော်တွင်းသို့ ဖိတ်ခေါ်မိခြင်းသည် မှားများမှားနေလေပြီလော။

သို့ရာတွင် သေသေချာချာ စဉ်းစားကြည့် ပြန်တော့လည်း ဤသံသယတို့က ကာလကြာရှည် ရပ်တည် မနေနိုင်ကြပါ။ အားကောင်းမောင်းသန် ရဟန်းပျိုများသည်ပင် အသင်းအပင်းနှင့် အတင်းအဓမ္မ အဖျက်ဆီးခံခဲ့ရသော ဖြစ်ရပ်များ ပေါ်ထွက်ခဲ့ရဘူးပေပြီ။ ကံမကောင်း အကြောင်းမလှလျှင် ရဟန်းမများသာမဟုတ် ရဟန်းများလည်း ကျိုးယုတ်ရှက်ကွဲ ဖြစ်ကြရပေသည်။

[ပဋမပါရာဇိကသိက္ခာပုဒ်၊ဘိက္ခုပစ္စတ္ထိကစတုက္က၊ ရာဇပစ္စတ္ထိကစတုက္က]

## စိတ်သာရှင်စေ ဘုရားဟော

အတင်းအဓမ္မ ဖျက်ဆီးသူများနှင့် မလှဲသာ မရှောင်သာ တွေ့ကြုံရသူများအဖို့ တခုတည်းသော အားကိုးရာကား မိမိစိတ်သာလျှင်ဖြစ်၏။ ဖျက်လိုဖျက်ဆီး ပြုသူများသည် ခန္ဓာကိုယ်ကိုသာ အနိုင့်အထက် ဖျက်ဆီး၍ရနိုင်ကြ၏။ ကျောက်စာတိုင်ကဲ့သို့ခိုင်မာသော စိတ်ဓာတ်ကိုကား ဖျက်ဆီး၍ မရနိုင်ပါ။ နိုင့်ထက်ကလူ မပြုနိုင်ကြပါ။

ထို့ကြောင့် အရှင်မ ဥပ္ပလဝဏ်၏ အမှုကို နားအဆင့်ဆင့်ဖြင့် ကြားသိတော်မူသော ဘုရားရှင်သည် ''ရဟန်းတို့၊မသာယာသော ရဟန်းမအား အာပတ်မသင့်'' ဟု အဆုံးအဖြတ် ပေးတော်မူလိုက်ပေသည်။

[ပထမပါရာဇိက သိက္ခာပုဒ်၊ ဝိနီတဝတ္ထု].

## လန်းလန်းဆန်းဆန်း ကြာညိုပန်း

တဖက်သတ် အနိုင်ကျင့်ခံခဲ့ရသော တပည့်မ တဦး၏ ရှေ့တွင် ဘုရားရှင်က ဤသို့ မားမားမတ်မတ် ရပ်တည်ပေးလိုက်သဖြင့် အရှင်မ၏ အကျင့်သိက္ခာကြာညိုပန်းသည် လန်းဆန်းမြဲ လန်းဆန်း၍ နေပေသည်။ ကျွန်ုပ်တို့ သာသနာ့ဝန်ထမ်း လောကဝယ် အရှင်မ၏ အကျင့်သိက္ခာနှင့်ပတ်သက်၍ တစိုးတစိမျှ သံသယမရှိကြပါ။ သို့သော် တကာ တကာမများဘက်မှာကား ဤကိစ္စနှင့် ပတ်သက်၍ ပြောကြ၊ ဆိုကြ၊ ငြင်းခုံကြဆဲပင် ရှိနေပေသည်။

## ကိုယ်နှင့်နှိုင်း၍ ရှိုင်းချိမ့်မည်

အရိယဉာဏ် အမြင်မှန် ရပြီးသူများသည် တစုံတရာ သာယာတပ်မက်မှု မရှိခဲ့ပါဟု အရှင်မ ပြောပြချက်ကို ကျေနပ်စွာ လက်ခံနိုင်ကြ၏။ ပုထုဇဉ်များကား ဤစကားကို လက်ခံဘို့ ခက်နေကြရ၏၊ သူတို့မျက်မြင်အားဖြင့် အရှင်မ ဉပ္ပလဝဏ်သည် ထင်းခြောက်လည်း မဟုတ်၊ တောင်ပို့သည်း မဟုတ်၊ သူ့လိုကိုယ့်လို သွေးနှင့်သားနှင့်ပင်ဖြစ်ပေသည်၊ အရွယ်ကောင်းတုန်း ဆူဖြိုးတုန်း ဖြစ်ပေသည်၊ ဤအခြေ ဤအနေအရ တောလယ်ခေါင်၌ နှစ်ကိုယ်တွေ့ကြရာတွင် မသာယာဘဲ နေနိုင်ချိမ့်မည်လော။ သူတို့ကိုယ် သူတို့ စိတ်နှင့် နှိုင်းကြခြင်းပင် ဖြစ်ပေသည်။

## သမီးတော်ကို ရေချိုးပေးရန်

ကျွန်ုပ်တို့ ဇေတဝန်ကျောင်းတော်တွင် သီတင်းနေ့တိုင်း တရားပွဲရှိနေ၏၊ ဓမ္မာရုံသို့ ရောက်လာကြသော တကာတကာမများအား တာဝန်ကျသော ရဟန်းတပါးပါးက တရားပြသ ဆိုဆုံးမရ၏။ အကြောင်းကိစ္စ တစုံတခုထူးခြားလာသောနေ့တွင်ကား ဘုရားရှင်ကိုယ်တော်တိုင် ထွက်၍ ဟောတော်မူပေသည်။

ယနေ့လည်း အကြောင်းထူး၍ နေပေပြီ။ ရောက်လာကြသော တရားနာပရိသတ်များသည် သမီးတော် ဉပ္ပလဝဏ်နှင့်ပတ်သက်၍ နှစ်ဖက်နှစ်တန် ငြင်းခုံ၍ နေကြချေပြီ။ သံဃာ့ပရိသတ်၌ ပေါ်ပေါက်လာစရာရှိသော သံသယတကွက်ကို ကြိုကြိုတင်တင် ပယ်

ဖျက်တော်မူခဲ့သော သူ့ ခမည်းတော်သည် တကာ တကာမများ၏ သံသယ ချေးညှော်တို့ကို ဆေးကြောသုတ်သင်၍ ပေးပါဦးမည်။

ထို့ကြောင့်ယနေ့တရားပွဲတွင် တာဝန်ကျ ဓမ္မကထိကမဟောသေးမီ ဘုရားရှင်ကို ဦးစွာ ဖူးတွေ့ခွင့် ရကြပေသည်။ ရှင်တော်မြတ်၏တရားတော်ကို ဦးဦးဖျားဖျား ကြားနာခွင့် ရကြပေသည်။

## ပိန်းကြာဖက်တွင် ရေမတင်

“အို တကာ တကာမအပေါင်းတို့၊ သူတော်သူမြတ်၏ ဖြူစင်သော စိတ်ဓာတ်သည် ပိန်းကြာဖက်နှင့် သဏ္ဍာန် တူပေသည်။ မြိမြိချွန်သော စူးဖျားနှင့်လည်း တူပေသည်။ ပိန်းကြာဖက်ပေါ် ကျရောက်လာသော ရေစက်ရေပေါက်သည် ပိန်းကြာဖက်မှာ မကပ်မငြိ၊ ချက်ချင်းပင် လျှောကျသွားလေဘိသကဲ့သို့၊ စူးဖျားပေါ်တင်လာသော မုန်ညင်းစေ့သည် ရပ်တည်ရာမရ၊ ခဏမဆိုင်း လိမ့်ကျသွားရလေဘိသကဲ့သို့ သူတော်သူမြတ်သည် မကောင်းသော လောကဓံနှင့် တွေ့ကြုံရငြားသော်လည်း သူ၏ ဖြူစင်သော စိတ်ဓာတ်သည် ကာမဂုဏ် အာရုံတို့၌ ကပ်ငြိလိမ်းကျံခြင်း မရှိတော့ပေ။ ထို့ကြောင့် ထိုဖြူစင်သော စိတ်ဓာတ်ရှိသူကို သူတော်သူမြတ်ဟူ၍ ငါဘုရား ဟောကြားတော် မူပေသည်။”

ဤဒေသနာတော်၏ အဆုံး၌ လေပွေလေကြမ်း အရမ်းခံခဲ့ရသော ကြာညိုပန်းသည် ပို၍ပင် လန်းဆန်းလာပေသည်။

[ဓမ္မပဒပါဠိတော်နှင့် အဋ္ဌကထာ၊ ဗြာဟ္မဏဝဂ်၊ ဥပ္ပလဝဏ်ထေရီဝတ္ထု]

# တရားအလှူ ပေးဝေသူ

## ထွက်လာသူနှစ်ဦး ကျန်ရစ်သူနှစ်ဦး

ယောကျ်ားဘက်က နှစ်ဦး၊ မိန်းမဘက်က နှစ်ဦး သူတို့နှစ်ဦးစီ၏ ကံကြမ္မာသည် တော်တော်ကြီး တူညီနေပေသည်။

ယောကျ်ားများက ဦးစွာပထမ ရတနာသုံးပါးနှင့် အကျွမ်းတဝင် ဖြစ်ခဲ့ကြ၏။ သာသနာ့အသိ သာသနာ့အမြင်ဖြင့် အရိယာစာရင်းဝင်နိုင်ခဲ့ကြ၏။ သူတို့နှစ်ဦး အသိထူး အမြင်ထူးများ ရရှိစဉ်က အိမ်ရှင်မများသည် သာမန် သူ့လိုငါလိုထဲကပင် ဖြစ်၏။ အသိထူး အမြင်ထူးကို ရဘို့ဝေးစွ။ ဘုရားကျောင်းကန်ကိုမှ အရောက်အပေါက် ရှိသူများ မဟုတ်ကြပေ။

သို့ရာတွင် ထိုအမျိုးသမီးနှစ်ဦးမှာ ပြာဖုံးနေသော မီးကျီးခဲများသာ ဖြစ်သဖြင့် ပြာမှုန်များ လွင့်စင်သွားသည်နှင့် ဝင်းဝင်းပြောင်ပြောင် တောက်လောင်၍ လာကြပေသည်။ ခင်ပွန်းသည်များ၏ အဆင့်ကိုပင် ကျော်လွန်ကာ အထွဋ်အထိပ် နေရာသို့ ရောက်သွားကြပေတော့သည်။ တဦးသည် အရှင်မခေမာ၊ နောက်တဦးကား မမ္မဒိန္နာ။ "ဓေတဒဂ်" ဂုဏ်ထူးဆောင် မမ္မကထိက အကျော်အမော်။

နန်းတော်မှာ အိမ်တော်မှာ သည်အတိုင်း ကျန်နေရစ်သူများကတော့ ဗိမ္ဗိသာရမင်းနှင့် ဝိသာခသူဌေး။

## စိတ်တူကိုယ်တူ သူတို့နှစ်ဦး

ဘဝအကျိုးပေးချင်း တူနိုင်လွန်းလှသော ထိုပုဂ္ဂိုလ် နှစ်ဦးသည် ရင်းနှီးခင်မင် အကျွမ်းဝင်သူများလည်း ဖြစ်ကြ၏။ သာသနာ့အသိအမြင် စတင်ရရှိခြင်းမှာလည်း တချိန်တည်းမှာပင် ဖြစ်ပေသည်။

အနော်မာသောင်ကမ်း၌ ရဟန်းအဖြစ်ခံယူပြီးလျှင်အလောင်းတော်သည် ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံဝင်ခဲ့၏။ ထိုစဉ်တွင် ထီးမွေနန်းမွေဆက်ခံရရှိပြီးခါစ ဗိမ္ဗိသာရမင်းနှင့် တွေ့ဆုံခဲ့ရ၏။ဗိမ္ဗိသာရမင်းက ပေးလှူသော လောကီ စည်းစိမ်များကို ပယ်လှန်ကာ တောင်းပန်မှု တခုကိုကား လက်ခံခဲ့၏။ ရည်မှန်းချက်ပန်းတိုင်အရောက် ခရီးပေါက်ပြီးလျှင် သည်မြို့သည်ပြည်သို့ ပထမဦးစွာကြွလာတော်မူပါ ဟူသော တောင်းပန်မှုပင် ဖြစ်၏။

သည်တောင်းပန်မှုအရ ဘုရားရှင်သည် ပထမဦးစွာ ရာဇဂြိုဟ် ပြည်သို့ ကြွတော်မူခဲ့၏၊ မိမိအပေါ် သွေးရင်း သားရင်းတမျှ ချစ်ခင် ကြည်ညိုလှသော မဂဓဘုရင်အား သစ္စာဉာဏ်မြင် နိဗ္ဗာန် ဝင် တရားတော်များဖြင့် အတုံ့အလှယ် မေတ္တာလက်ဆောင် ပေးတော် မူခဲ့၏။

ရှင်တော်မြတ်၏ ကမ်းလင့်လာသော လက်ကို ထိုနေ့က အရ အမိ ဆုပ်ကိုင်ဖမ်းမိသူများတွင် သည်သူငယ်ချင်း နှစ်ဦးလည်း အပါအဝင် ဖြစ်ပေသည်။

## သူတို့နှစ်ဦး၏ နောက်ပါးတွင်

အပူအဆွေး၊ ဘေးအန္တရာယ် ဟူသမျှ၏ ကင်းလွတ်ရာ အမြိုက် ချမ်းသာကို ခံစားရပြီးနောက် သည်ချမ်းသာကို ပေးသနားတော် မူခဲ့သော ကျေးဇူးရှင်ကြီးအပေါ် ဆထက်ထမ်းပိုး တိုး၍ ကြည်ညို လာကြ၏။ ကြားရ နာရပြီးသော တရားကို ထပ်ကာ ထပ်ကာ ကြားနာ၍ မဝနိုင်အောင် ဖြစ်ကြ၏။ ဖူးရမျှော်ရပြီးသော ရွှေ မျက်နှာတော်ကို ဖူးမြင်၍ အားမရနိုင်အောင် ဖြစ်ကြ၏။

ကြားနာ၍မဝ ဖူးမြင်၍ အားမရနိုင်သောစိတ်ဖြင့် သူတို့နှစ်ဦး ကျောင်းတော်သို့ ရောက်လာ ကြသည်ကား မှန်ပါ၏။ သူတို့ နောက်ပါးတွင်ကား သူတို့ ချစ်မြတ်နိုးသူများက မပါလာကြချေ တကား။

မပါချင်တုန်းက ဇွတ်ပေ၍နေခဲ့သော မယ်ခေမာသည် ပါမည့် ပါတော့လည်း သူတို့ထက်ပင် ကျော်လွန်၍ သွားပေပြီ။ သည်

အချိန်တွင် သူဌေးကတော်လေး မေမ့ဒိန္နာကား သူ၏ ခန်းသစ္စာတွင် အလှပြုပြင်တန်းဆာဆင်၍ ကောင်းနေဆဲသာ ဖြစ်ပေသည်။

## အိမ်ရှင်မ ဓမ္မဒိန္နာ

မယ်ခေမာကဲ့သို့ပင် မေမ့ဒိန္နာသည်လည်း ကျောင်းတော်သို့လိုက်ပါတတ်သူ မဟုတ်ပေ။ သို့ပါလျက် ဝိသာခသည် သူ့ဇနီးသည်ကို အပြစ်ဟူ ချစ်ကြည်ဖြူသည်သာ ဖြစ်၏။ လောက အမြင်နှင့် ရှုဆင်ခြင်လျှင် ချစ်ထိုက်၍ ချစ်သည်။ ကြည်ဖြူထိုက်၍ ကြည်ဖြူသည် ဟူ၍ပင် ဆိုရပေါတော့မည်။

ဘုရား ကျောင်းတော်က ဝိသာခ ပြန်လာလျှင် အရံသင့်ပွင့်လျက်ရှိနေသော လေသာပြတင်းကို တွေ့ရမြဲ ဖြစ်၏။ ထိုပြတင်းမှာ မိမိအလာကို ကြိုဆိုနေသော အပြုံးမျက်နှာ။

ပြုံးမြမြမျက်နှာသည် မကြာမီ ထိုပြတင်းဝမှ ကွယ်ပျောက်ကာ လှေကားဦးမှာ ပေါ်လာပြန်၏။ ပြုံးမြမြမျက်နှာမှ ချိုသာသော နှုတ်ခွန်းဆက်သံများ ထွက်ပေါ်လာ၏။ အမွှေးနံ့သာလိမ်းချယ်ထားသော လကျ်ာလက်သည် ဆွဲကိုင် လှမ်းတက်ရန်ကမ်းလင့်၍ နေ၏။

## ကျောင်းတော်က ပြန်လာတိုင်း

ခါတိုင်းခါတိုင်း နေ့များ၌ ဝိသာခသူဌေးသည် လက်သွယ်သွယ်ကို ဆွဲကိုင်မှေ့ရမ်းလျက် လှေကားပေါ် လှမ်းတက်နေကျ ဖြစ်၏။ ချိုသာသော နှုတ်ခွန်းဆက် စကားများကို အတုန့်အလှယ် ရယ်

မောပြောဆိုလာနေကျဖြစ်၏။ ကျောင်းတော်သွားရစဉ်က မအိမသာ ဟာတိဟာတာဖြစ်ခဲ့ရပုံ၊ အိမ်ပြန်ရောက်၍ ပြုံးမျက်နှာကို မြင်ရခါမှ ရွှင်ရွှင်ပျပျ ဖြစ်လာရပုံများမှာ ဝိသာခ၏ ကျောင်းတော်ပြန် လက်ဆောင်စကားများ ဖြစ်ပေသည်။ တရားစကား နားမဝင်သူကလေးကို သူနှင့်သင့်တော်ရာ စကားတို့ဖြင့် အလိုက်အထိုက် ပြောဆိုဆက်ဆံရခြင်း ဖြစ်ပေသည်။

## ခါတိုင်းနှင့် မတူပြီ

သည်နေ့မှာတော့ ဝိသာခ၏ နှုတ်ဖျားမှ ဤလို စကားလုံးကလေးများ ထွက်ကျမလာကြတော့ပြီ။ ကမ်းလင့်ထားသော လက်ကို ဆွဲကိုင်မွေ့ရမ်းခြင်း မပြုတော့ပြီ။ မြတ်နိုးပျူငှာ ကြိုဆိုလာသော ဇနီးသည်ကိုမှ အပြုံးလက်ဆောင် မတို့ပြန်တော့ပြီ။ အေးချမ်းသော မျက်နှာထား၊ တည်ငြိမ်သော ဣန္ဒြေဖြင့် သူ့ဘာသာ အိမ်ပေါ်တက်လာ၏။ ထူးခြားလှသော အမူအရာများကြောင့် ဓမ္မဒိန္နာ တအံ့တသြ ဖြစ်လာရ၏။ ယူကျုံးမရ ဝမ်းနည်းလှသော မျက်နှာဖြင့် "လူစိမ်းကားကြီး" ကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။

## ရုပ်မပြောင်းဘဲ စိတ်ပြောင်းသည်

ဓမ္မဒိန္နာ၏ မျက်စိထဲဝယ် ဝိသာခ၏ရုပ်သွင်သည် ထင်ထင်ရှားရှား ရှိနေပါ၏။ အသွေးအသားနှင့် တည်ဆောက်ထားသော ကိုယ်ခန္ဓာတွင် ဘာတခုမှ ပြောင်းလဲမသွားပါ။ ဘာတခုမှ ယုတ်လျော့

မသွားပါ။ယခင်ယခင်က သူနှင့် ချစ်ခွန်းတို့ တင် ပြောကြားလာခဲ့သော ရုပ်သွင်အတိုင်းသာ ရှိနေပါ၏။

တကယ်တော့ဖြင့် ဝိသာခထံတွင် ဓမ္မဒိန္နာ မမြင်သာသော ယုတ်လျော့ခြင်းကား ရှိနေပေပြီ။ သာမန် မျက်စိနှင့် ကြည့်၍ မမြင်နိုင်သော ပြောင်းလဲမှုကား ရှိနေပေပြီ။ ထိုယုတ်လျော့မှု၊ ပြောင်းလဲမှုတို့ကား ရုပ်ခန္ဓာနှင့် မဆိုင်ပေ။ စိတ်ခန္ဓာနှင့်သာ ဆိုင်ပေသည်။သည်ကနေ့ နံနက်ခင်းက ရှေ့တော်မှောက်မှာကြား နာခဲ့ရသော တရားတော်က သူ့စိတ်ခန္ဓာကို အသစ်ပြောင်း၍ ပေးလိုက်ပေပြီ၊ ကာမဂုဏ် အာရုံခံမင်မှု မကင်းသော သောတာ ပန်၊ သကဒါဂါမိ အဆင့်မှ အနာဂါမိ အဆင့်သို့ ပို့ဆောင်ပေး လိုက်ပေပြီ။ လူ့အဝတ်လူ့အဆင်နှင့် အိမ်ပြန်လာသော ဝိသာခ ထံတွင် လူတို့၏ အာသာရမက်များ မရှိတော့ပြီတည်း။

## လူဝတ်ကြောင်နှင့် ရဟန်းတပါး

ဖြစ်ကြောင်းကုန်စင် မသိနိုင်ရှာသေးသော ဓမ္မဒိန္နာသည် နံနက် စာ စားချိန်မှာလည်း စိတ်မချမ်းမသာ ဖြစ်ရပြန်၏၊ ခါတိုင်းဆို လျှင် ဝိသာခသည် ဇနီးသည်နှင့်မျက်နှာစုံညီ အတူတကွစားနေကျ ဖြစ်၏။ သည်နေ့မှာတော့ ဣန္ဒြေကြီးဘခဲ့သားနှင့် သူဘဦးတည်း သာ စား၏။ ဇနီးသည်ကို လာပါစားပါဟူ၍ လောကွတ် စကား လေးများကိုမျှ ဆိုဖော်မရပေ။

ထမင်းဝိုင်းမှာ အကဲခတ်၍ မရနိုင်သေးသော ဓမ္မဒိန္နာသည် ညချမ်းအချိန်ကို စောင့်မျှော်နေမိ၏။ မျှော်တော်ဇောနှင့် မောခဲ့ ရသော်လည်း မောရကျိုးကား မနပ်ပါချေ။ အိပ်ရာဝင်ချိန်ကျ

သောအခါ ဝိသာခသည် ခန်းသဘောသို့ မဝင်လာပေ။ အခြား အခန်းလွတ် တခုကို သုတ်သင် ရှင်းလင်းကာ သာမန်သစ်သား ကုတင်ဖြင့် အိပ်စက်ပေသည်။

## ရှင်းရှင်းဘဲ မေးပါရစေ

မိန်းမသားတယောက်၏ အောင့်အည်းနိုင်စွမ်းသည် သည်နေရာ မှာ ကုန်ခန်း၍ သွားပေပြီ။ ထမင်းစားရာ၊ တိတ်ဆိတ်စွာနေရာတို့ တွင် ဝိသာခ အလိုကျ လွတ်ရာကျွတ်ရာက ခွာနေနိုင်ခဲ့သော်လည်း ဤကိစ္စကိုကားသည်းခံ၍မရတော့ပါ။သူကြိုက်ချင်ကြိုက်၊ မကြိုက် ချင်နေ။ သူ့ အိပ်ခန်းသို့ လိုက်ပါမသွားဘဲ မနေနိုင်တော့ပါ။

"အို ဓမ္မဒိန္နာ၊ အကာလ ညအခါကြီးမှာ ဘာအကြောင်းနှင့် ဝင်လာရပါသလဲ"

ဓမ္မဒိန္နာ ဝင်လာသည်နှင့် ဝိသာခသည် လဲလျောင်းစက်ရာမှ ထ၍ မေးလိုက်၏။ စိတ်နောက်ကိုယ်ပါ ဝင်လာခဲ့မိသော ဓမ္မဒိန္နာ သည် အိမ်ဦးနတ်အပေါ် ရိုသေကိုင်းညွတ်သူလည်းဖြစ်၍ ကုတင် ခြေရင်းမှ ဦးချကန်တော့လျက်–

"ဟုတ်ပါသည်အရှင်သား၊မကြိုက်မှန်းသိပါလျက် ဇွတ်တရွတ် ဝင်လာခဲ့မိပါသည်။ အရှင့်သားသည် ယခင်နှင့်မတူ တမူထူးလာ သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ ရှင်းရှင်းနှင့် ဘွင်းဘွင်း သိရ အောင် ကျွမ်မေးပါရစေ။ အရှင့်သားသည် အခြားသူတယောက် ယောက်ကိုများ စိတ်ညွတ်နေပါသလား"

## ဟုတ်တိုင်းမှန်စွာ ပြောပါသည်

"ဘယ်သူ့ကိုမှ စိတ်ညှတ်မနေပါ ခမ္မဒိန္နာ"

"သို့ဖြစ်လျှင် တစုံတယောက်ဆီကများ သွေးခွဲစကားကြားခဲ့ရလေသလား"

"သွေးခွဲစကား မကြားရပါ ခမ္မဒိန္နာ"

"သည်လိုမဟုတ်လျှင် ကျမမှာကော အပြစ်တခုခု ရှိနေလေရော့သလား"

"အပြစ်ဟူ၍ မြူမျှမရှိပါ ခမ္မဒိန္နာ"

"အပြစ်ဟူ၍ မြူမျှ မရှိပါဘဲလျက် ဘယ့်အတွက်ကြောင့် စကားစမြည် မပြောရပါသလဲ အရှင့်သား"

"ခက်လေစွ ခမ္မဒိန္နာ၊ ခက်လေစွ"

အကြောင်းရင်းမှန် ပြောကြားရန် ဝန်လေးလှသဖြင့် ဝိသာခ ငြိုးတွားလိုက်မိ၏။

## မပြော၍လည်း မပြီးနိုင်

ခမ္မဒိန္နာဆိုသော သည်အမျိုးသမီးသည် အလှအပ ခံစားရုံမှအပ တရားဘက်မှာ နားဝေးလှ၏။ တရားရေး နားဝေးလှသူ တဦးအား သည်ကနေ့ရရှိခဲ့သော တရားထူးကို မည်သို့များ နားလည်အောင် ပြောပြရပါမည်နည်း။

သို့သော် ဤအခြေအနေ ရောက်မှတော့ မပြော၍လည်း ပြီးတော့မည် မဟုတ်ပေ။ရရှိခဲ့သောတရားထူးကို တတ်နိုင်သလောက်

နားလည်အောင် ပြောပြပါမှ သူ့ခမျာ ရပ်တည်ရာ ရပေမည်။ သို့ဖြစ်၍–

"ဓမ္မဒိန္နာ၊ နားသောတ ဆင်လေတော့။ သည်ကနေ့ ရရှိလာခဲ့သော တရားသည် လောကလူသား အများတကာတို့ မက်မောနေကြသော စည်းစိမ်ဥစ္စာ ရတနာတွေထက် မွန်မြတ်သောတရားဖြစ်သည်။ ကာမဂုဏ်ခံစားမှု မပါသော ချမ်းသာ သုခဖြစ်သည်။ သည် ချမ်းသာသုခကို ကိုယ်တိုင်ကိုယ်ကျ ခံစားရပြီမို့ လောကီအာရုံ ကာမဂုဏ်တို့ကို ငါတို့များ မခံမင်တော့ပြီ။ သို့ဖြစ်၍ သည်အိမ်မှာ ရှိသမျှ ပစ္စည်းဥစ္စာများကို နှမဓမ္မဒိန္နာ တယောက်ထဲသာ အပိုင်ယူပါ။ ငါတို့၏အမိ၊ ငါတို့၏ နှမ အဖြစ်ဖြင့် ဤအိမ်မှာ နေပါ။ နှမပေးသမျှ ကျွေးသမျှဖြင့် ငါတို့များ ကျေကျေနပ်နပ် စားသုံးနေပါတော့မည်။"

## တရားအရေး နားမဝေးပါ

တရားရေး နားဝေးလေမည်လားဟု ဝိသာခက ဤစကားများကို ခပ်ဆဆ ပြောလိုက်ရ၏။ သို့ရာတွင် ဤစကားလုံးများက တိုက်လွှင့် ပေးလိုက်သဖြင့် ပြာပုံများ လွင့်ကျသွားပြီဖြစ်၏။ ဓမ္မဒိန္နာ၏ မီးကျီးခဲသည် ရဲရဲငြိငြိ တောက်ပလာခဲ့ပြီဖြစ်၏။ထိုမီးကျီးခဲ တနေရာတွင် မာနမီးပွားလေး ကပ်ပါနေသည်ကို တွေ့နိုင်ကြပေသည်။

"အရှင့်သား၊ ဤသို့သော ချမ်းသာသုခကို ယောကျ်ားသားများသာ ရနိုင်ပါသလား။ မိန်းမသားများကော ရနိုင်ခွင့် ရှိကြပါသလား"

မီးပွားလေးမှ ထွက်လာသော အသံများ ဖြစ်ပေသည်။

## ဉာဏ်ရှိသူတိုင်း ရနိုင်သည်

"ဘယ့်နှယ်များ ပြောလိုက်ပါသလဲ ဓမ္မဒိန္နာ။ အသိရှေ့သွား တရားကျင့်သူ အားလုံးသည် ဤတရားကိုအမွေဆက်ခံခွင့် ရရှိကြပေသည်။ အခြေခံဉာဏ်ပညာနှင့် ပြည့်စုံသူတိုင်း ရရှိနိုင်သော တရားပင် ဖြစ်ပေသည်"

"သို့ဖြစ်လျှင် ကျွမ ရဟန်းပြုပါရစေ"

"ကောင်းလှပြီနှမ၊ ငါတို့များလည်း ဤလမ်းကိုပင်တိုက်တွန်းချင်သည်။ နှမသဘောဆန္ဒ မသိရသေး၍ ခပ်မဆိတ် နေလာခဲ့ရပေသည်။"

ဤသို့ဖြင့် ကျွန်ုပ်တို့ သာသနာတော်တွင် ငွေကြယ်စင်တလုံး ထွန်းသစ်လာပေသည်။

## လပ်လာဘထက် သာသောဆု

ရဟန်းခံပွဲကျင်းပစဉ်က ရာဇဂြိုဟ်တမြို့လုံး ဟိုးလေးတကျော် ဖြစ်ခဲ့၏။ အခမ်းအနားများ ပြီးဆုံးသွားသော်လည်း အရှင်မထံမှာ ပရိသတ်များ မစဲသေးပါ။ ဝင်သူ ထွက်သူ၊ လှူဒါန်းလာသူ တသဲသဲ ရောက်နေဆဲသာ ဖြစ်ပေသည်။

လူ့ဘောင်လောက၏ အနှောင်အဖွဲ့မှ ရုန်းထွက်လာသော အရှင်မအတွက် ဤလပ်လာဘများကို သာယာမက်မော၍ မနေသာပါ။ ဤလပ်လာဘကို အဆတရာ မကသာသော ဆုထူး

လပ်ထူးကြီးသည်သာ သူ၏ရည်စူးချက်ဖြစ်၏။ ထို့ကြောင့် ဝင်သူထွက်သူ လှုဒါန်းသူ ပေါလှသော ရာဇဂြိုဟ်မြို့တော်ကို ခွာရှောင်ကာ မထင်ရှားသော တောရွာတရွာသို့ တိမ်းရှောင်သွားခဲ့၏။

ယခုတော့ သူရည်စူးခဲ့သော ဆုထူးလပ်ထူးကြီးများ တပွေ့တပိုက် သယ်ဆောင်လျက် ပြန်ရောက်လာပါပြီ။ အရှင်မ ရောက်လာ၍ မကြာမီ သူ၏ ပစ္စည်းလေးပါး တကာကြီးလည်း ရဟန်းမများကျောင်းသို့ ရောက်လာသည်ဟု သတင်းစကား ကြားသိရပေသည်။

## တဆင့်ကြားနှင့် မျက်မြင်ကိုယ်တွေ့

ဓမ္မဒိန္နာအရှင်မ သာသနာ့ဘောင် ဝင်ရောက်လာရပုံကို တကာဝိသာခ ပြောပြချက်အရ ကျွန်ုပ်ပြည့်ပြည့်စုံစုံ တင်ပြနိုင်ခဲ့၏။ ယခုတဖန် သူတို့နှစ်ဦး၏ဆွေးနွေးခန်းကို ဝိသာခ၏ အထောက်အကူဖြင့်ပင် တင်ပြရပါဦးမည်။ ဤအကြောင်းခြင်းရာများကို ဘုရားရှင်ထံ လာရောက်လျှောက်ထားစဉ်က အပါးတော်တွင် ကျွန်ုပ်ရှိနေသည် မဟုတ်ပါလား။

## တကာကြီး၏ သံသယ

ဝိသာခက ရဟန်းမများကျောင်းသို့ အဆောတလျင် သွားရောက်ခြင်းမှာ အရှင်မအပေါ် တစုံတရာသော တွယ်တာမှုရှိနေ၍မဟုတ်ပါဟု လျှောက်၏။ အရှင်မသည် ရဟန်းခံပြီးသည်နှင့် မြို့ကြီးကို

ခွာ၍ တောရွာသို့ သွားခဲ့၏။ ယခု ဘာမျှ မကြာသေးမီပင် တောရွာမှ မြို့ကြီးသို့ ပြန်ကပ်လာခဲ့၏။ ဤအမူအရာထူးကိုထောက်ချင့်လျက် သာသနာ့ဘောင်မှာ ပျော်မှ ပျော်ပါမည်လားဟု သံသယတကွက် ဝင်လာမိ၏။

ဤသံသယကို ချေဖျက်ရန် အကောင်းဆုံးသော နည်းလမ်းမှာ အရှင်မနှင့် တိုက်ရိုက်တွေ့ဆုံရေးပင်ဖြစ်၏။ လေးနက်သော တရားစကားတို့ကို နှိုက်နှိုက်ချွတ်ချွတ် မေးမြန်းကြည့်ရေးပင် ဖြစ်၏။ တကယ်တမ်းသာ ကိုယ်ပိုင်ဉာဏ်ရောက် အသိပေါက်ခဲ့လျှင် ဤမေးခွန်းများကို ရဲရဲဝံ့ဝံ့ဖြေပေလိမ့်မည်။ဤသို့ဖြေနိုင်၍ သာသနာ့ဘောင်မှာ ပျော်မွေ့ကြောင်း သိရလျှင် ဝမ်းမြောက် ဝမ်းသာ သာဓုခေါ်ရပေမည်။ ရပ်တည်ရာမရသောစိတ်ဖြင့် ပြန်လာပါမူကား ဘုရားကိုယ်တော်မြတ်ထံ လျှောက်ထားရန်ပင်ရှိတော့သည်။

## သံသယတို့ ပြေလေသော်

ဤသို့ ရည်ရွယ်ထားခဲ့သည့်အတိုင်း ဝိသာခသည် အရှင်မဓမ္မဒိန္နာနှင့် တွေ့ဆုံလာပါ၏။ အရှင်မနှင့် တွေ့ဆုံပြီးနောက် ဘုရား ရှေ့တော်မှောက်မှာ လျှောက်ထားလာပါ၏။ သို့ရာတွင် သူ့အရှင်မ သာသနာ့ဘောင်မှာ မပျော် မွေ့ကြောင်းများ မဟုတ်ပါ။ အရှင်မ ဓမ္မဒိန္နာထံတွင် သူမေးလျှောက်ခဲ့သော ပြဿနာများပင် ဖြစ်ပေသည်။ တရားဘက်တွင် ကျေကျေညက်ညက် အလေ့အကျက်ရှိထားသူတို့မှလွဲ၍ သာမန်သိယောင်ကားတို့ မဖြေကြားနိုင်သော ဖြေကြားချက်များပင် ဖြစ်ပေသည်။

## သုခဝေဒနာနှင့် ဒုက္ခဝေဒနာ

ထို အမေး အဖြေများကား–

"အရှင်မ၊ အဘယ်တရားသည် သုခဝေဒနာနှင့် တူညီပါသနည်း"

"တကာ ဝိသာခ၊ သုခဝေဒနာနှင့် တူညီသော တရားသည် ဒုက္ခဝေဒနာ ဖြစ်ပေသည်။"

"အရှင်မ၊ အဘယ်တရားသည် ဒုက္ခဝေဒနာနှင့် တူညီပါသနည်း"

"တကာ ဝိသာခ၊ ဒုက္ခဝေဒနာနှင့် တူညီသော တရားသည် သုခဝေဒနာ ဖြစ်ပေသည်။

သုခသည် ဒုက္ခ၏ဆန့်ကျင်ဘက်ဖြစ်၏။ ထို့အတူပင် ဒုက္ခသည်လည်း သုခ၏ ဆန့်ကျင်ဘက် ဖြစ်၏။ ဆန့်ကျင်ဘက် ဖြစ်ပုံချင်း တူညီ၍ တနည်းအားဖြင့် သိလွယ် မြင်လွယ်ပုံချင်း တူညီပုံကို ဖြေကြားခြင်း ဖြစ်ပေသည်။

## ဥပေက္ခာဝေဒနာနှင့် အဝိဇ္ဇာ

"အရှင်မ၊ အဘယ်တရားသည် ဥပေက္ခာ ဝေဒနာနှင့် တူညီပါသနည်း"

"တကာဝိသာခ၊ ဥပေက္ခာဝေဒနာနှင့် တူညီသောတရားသည် အဝိဇ္ဇာ ဖြစ်ပေသည်။"

ပေါ်လွင်ထင်ရှားခြင်းမရှိ၊ သိရခက် မြင်ရခက်ပုံချင်း တူညီပုံကို ဖြေကြားခြင်း ဖြစ်ပေသည်။

## အဝိဇ္ဇာနှင့် ဝိဇ္ဇာ

"အရှင်မ၊ အဘယ်တရားသည် အဝိဇ္ဇာနှင့် တူညီပါသနည်း"

"တကာဝိသာခ၊ အဝိဇ္ဇာနှင့် တူညီသောတရားသည် ဝိဇ္ဇာဖြစ်ပေသည်။"

အဝိဇ္ဇာက မှောင်ချရှုံထားလေသမျှတွင် ဝိဇ္ဇာက ထိုအမှောင်ကိုပယ်ဖျက်ဘတ်သောကြောင့် ထပ်တူပြုလိုက်ခြင်း ဖြစ်ပေသည်။

## ဝိဇ္ဇာနှင့် ဖိုလ်လေးပါး

"အရှင်မ၊ အဘယ်တရားသည် ဝိဇ္ဇာနှင့် တူညီပါသနည်း"

"တကာဝိသာခ၊ဝိဇ္ဇာနှင့်တူညီသောတရားသည် ဖိုလ်လေးပါး ဖြစ်ပေသည်။"

ဤနေရာ၌ ဝိဇ္ဇာမှာ သမ္မာဒိဋ္ဌိမဂ္ဂင် ဖြစ်၏။ သို့ဖြစ်၍ လောကုတ္တရာ တရားချင်း တူညီပုံကို ဖြေကြားခြင်း ဖြစ်ပေသည်။

## ဝိမုတ္တိနှင့် နိဗ္ဗာန်

"အရှင်မ၊ အဘယ်တရားသည် ဝိမုတ္တိနှင့် တူညီပါသနည်း"

"တကာဝိသာခ၊ ဝိမုတ္တိနှင့် တူညီသော တရားသည် နိဗ္ဗာန်တရား ဖြစ်ပေသည်"

အာသဝနှင့် မဆက်ဆံခြင်း၊ လောကုတ္တရာ တရားများ ဖြစ်ခြင်း၊ အဗျာကတ တရားချည့်ဖြစ်ခြင်း၊ ဤသုံးချက်လုံး တူညီနေ

သောတရားများဖြစ်ပေသည်။ မေးလေသမျှပြဿနာတို့ကို အရှင်မ ခမ္မဒိန္နာက ရဲဝံ့ပြတ်သားစွာ ဖြေဆိုပေသည်။ မေးမြန်းသည့် တကာ ဝိသာခကလည်း အားပါးတရ ကြားနာကာ နောက်ဆုံးမှာ အရေးအပါဆုံးသော မေးခွန်းကို မေးလျှောက်လိုက်၏။

## နိဗ္ဗာန်နှင့်တူသော တရား

"အရှင်မ၊ အဘယ်တရားသည် နိဗ္ဗာန်နှင့် တူညီပါသနည်း"

"တကာဝိသာခ၊ သင့်မေးခွန်းများ နယ်ကျွံ သွားကြပေပြီ။ အတူမရှိသော နိဗ္ဗာန်တရားကို အတူရှာ၍ ဖြေနေရလျှင် ဆုံးနိုင်တော့မည် မဟုတ်ချေ။

"တကာဝိသာခ၊ ဘုရားရှင်တို့၏ အဆုံးအမ၊ သာသနာတော် တခုလုံးသည် နိဗ္ဗာန်မှာ အကျုံးဝင်၏။ နိဗ္ဗာန်သာလျှင် လားရာရှိ၏၊ နိဗ္ဗာန်မှာပင် လမ်းဆုံး၏။ ထို့ကြောင့် နိဗ္ဗာန်နှင့်တူညီသော တရားကို မဖြေကြားနိုင်တော့ပါ။ တကာဝိသာခ ဤမျှဖြင့်မကျေနပ်သေးလျှင် ဘုရားရှင်ထံ ချဉ်းကပ်ပါလေလော့။ ဘုရားရှင် ဖြေကြားတော်မူသည့် အတိုင်းသာ မှတ်ယူပါလော့"

## အပြန်အလှန် လွှဲအပ်ခြင်း

အဖြေပေးစရာ အတူရှာ၍ မရတော့သည့် အဆုံးတွင် အရှင်မ ဓမ္မဒိန္နာက ဤပြဿနာကို ဘုရားရှင်ထံ လွှဲအပ်လိုက်ရတော့၏။ တကာ ဝိသာခမှ တဆင့် အရှင်မ ဓမ္မဒိန္နာ လွှဲအပ် လာသော

ပြဿနာကို ဘုရားရှင်ကလည်း အရှင်မထံသို့ပင် ပြန်၍ လွှဲအပ်တော် မူလိုက်ပေသည်။

“ဝိသာခ၊ ဓမ္မဒိန္နာသည် ပညာရှိပေ၏။ ဓမ္မဒိန္နာသည် ပညာကြီးပေ၏။ အကယ်၍ ဤပြဿနာတို့ကို ငါဘုရားထံ မေးမြန်းပါလျှင်လည်း ဓမ္မဒိန္နာ ဖြေကြားခဲ့သည့် အတိုင်းပင် ဖြေကြားရပေလိမ့်မည်။ ထိုပြဿနာတို့၏ အဖြေကို ဓမ္မဒိန္နာဖြေဆိုခဲ့သည့်အတိုင်းသာလျှင် စိတ်ချလက်ချ မှတ်ယူလေလော့”

တပည့်မတဦး၏ သာဝကဉာဏ်ဖြင့် ဖြေကြားချက်ကို ဘုရားရှင်က မိမိနှင့်ထပ်တူ ပြုတော်မူလိုက်ပါလေပြီ။

## မီးကို အသုံးချတတ်လျှင်

ထိုစဉ်က ဓမ္မဒိန္နာသည် “ဤသို့သော လောကုတ္တရာတရားကို သူတို့ယောကျ်ားသားများသာ ရနိုင်သလော” ဟု မာနမီးဖွားလေး ထွက်ခဲ့ရ၏။ ထိုမီးဖွားလေး၏ တွန်းကန်မှုဖြင့် နေ့ချင်း ညချင်း ရဟန်းပြုခဲ့၏။ အသိထူးအမြင်ထူးကို မရမနေရှာဖွေလာခဲ့၏။ ရှာဖွေသည့်အတိုင်းပင် မကြာမီရရှိလာခဲ့၏။ ထိုအသိထူးအမြင်ထူး၏ ကျေးဇူးဖြင့် နိုက်နိုက်ချွတ်ချွတ် မေးလာသမျှကို ဂဏသေချာစွာ ဖြေဆိုနိုင်ခဲ့၏။

အမှန်အားဖြင့် မာနဟူသည်မှာ အကုသိုလ်စေတသိက် တလုံးမျှသာ ဖြစ်၏။ ကာယက ရှင်၏ စိတ်နှလုံးကို ပူပန်စေတတ်သော သဘောကြောင့် မီးဟူ၍ တင်စားကြရ၏။ သို့သော် ထိုမီးကို အထိန်း အချုပ်ဖြင့် နည်းမှန်လမ်းမှန် အသုံးပြုလိုက်သောအခါ ရွှေနတ်တော်မှ ထုတ်ဖော်ချီးကျူးမှုကို ခံယူရပေသည်။

## ဗုဒ္ဓဘာသိတ စာရင်းဝင်

ဤသို့ ထုတ်ဖော် ချီးကျူးကာ မိမိနှင့် ထပ်တူထပ်မျှ ပြုတော်မူလိုက်သဖြင့် အရှင်မ ဓမ္မဒိန္နာ၏ ဖြေကြားချက်သည် သာဝကဘာသိတ အဆင့်ထက် ကျော်လွန်ကာ ဗုဒ္ဓဘာသိတ စာရင်းဝင်ဖြစ်သွားတော့၏။

မင်းမှုထမ်းတို့ ရေးသားသော စာလွှာတွင် ဘုရင့်တံဆိပ်ခပ်နှိပ်လိုက်သောအခါ ပြည်ထောင်ချင်းချင်း ဘုရင်မင်းတို့ ပေးရိုးစဉ်လာ သဝဏ်လွှာ ဖြစ်လာသကဲ့သို့ပင် ဖြစ်ပေသည်။

[မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ်၊ ပါဠိတော်နှင့် အဋ္ဌကထာ။]

# ဘုရားပေးသော မသေဆေး

## အားလုံးကို ကြိုဆိုသည်

အရှင်မခေမာ၊ အရှင်မ ဥပ္ပလဝဏ်၊ အရှင်မ ဓမ္မဒိန္နာ၊ ဤထေရီ သုံးပါးတို့သည် ဘဝအကျိုးပေးကောင်းသူများ ဖြစ်ကြ၏။ သဲဖြူခင်း၍ ရာဇမတ်ကာထားသော မင်းလမ်းတလျှောက်တွင် တံခွန်ကုက္ကား မလေးပွားတဝေဝေဖြင့် လာခဲ့ကြရ၏။ လာခြင်းကောင်းသော ရှင်တော်မြတ်၏ ခြေရင်းသို့ ရွှေဝေါ်ကြီးများ စီး၍ ဝင်ရောက်ကြရ၏။

သို့ရာတွင် ကျွန်ုပ်တို့ သာသနာတော်ကြီးသည်ကား ဤလို တခမ်းတနား ဝင်လာသူများကိုသာ ကြိုဆိုသည် မဟုတ်ပါ။

အခမ်းအနားကို အသာထား လိုက်ပို့သူ၊ နှုတ်ဆက်လာသူ မရှိသော အထီးကျန် အမျိုးသမီးများကိုပင် နားခိုခွင့် ပေးခဲ့ပါ၏။

ပျော်တပြုံးပြုံးနှင့် ဝင်လာသူများကို ဝမ်းမြောက်ဝမ်းသာ မုဒိတာပွားကြရသကဲ့သို့ပင် မျက်ရည်စက်လက်နှင့် ရောက်လာကြသူများကိုလည်း ကရုဏာ ဗြဟ္မစိုရ်ဖြင့် ကြိုဆို လက်ခံကြရပေသည်။

## အဏ္ဏဝါအတွင်းက ကျွန်းသာယာ

လူ့လောက မဟာသမုဒ္ဒရာဝယ် လောကဓံလှိုင်းများက တလုံးပြီး တလုံး ရိုက်ပုတ်ကြသဖြင့် သူတို့ခမျာ ခြေကုန်လက်ပန်း ကျနေကြ၏၊ ဘယ်နေရာမှာမှ ထောက်ရာတည်ရာ ရှာမရခဲ့၍ အမော ဆို့နေကြ၏။ သူတို့ တွေ့ကြုံရသော လောကဓံတို့သည် သူတို့၏ ခံနိုင်ရည်စွမ်းအား ဟူသမျှကို အကုန်အစင် ဝါးမျိုပစ်လိုက်ကြပြီ ဖြစ်၏၊ သည့်ထက် အနည်းငယ်မျှ တိုးလိုက်လျှင်ပင် စုန်းစုန်းမြုပ်ဖို့သာ ရှိတော့၏၊ ဤသို့ အခြေအနေတွင် လှိုင်းအသင့် လေအသင့် အခွင့်ကလေး ကြုံလာသဖြင့် ကျွန်ုပ်တို့ရှိရာ ကျွန်းသာယာသို့ ဆိုက်ရောက်လာကြပေသည်။

## ကျွန်းသာယာက အမြိုက်ဩဇာ

ကျွန်းသာယာသည် ထိုဒုက္ခသည် အမျိုးသမီးတို့အား ထောက်ရာ တည်ရာကို ပေးခဲ့၏။ အမောကို ပြေစေခဲ့၏။ အပူကို ငြိမ်းစေခဲ့၏။ ဆာလောင်မွတ်သိပ်မှု ဟူသမျှကို ဖြေဖျောက်ပေးခဲ့၏။

ဆာလေလောင်မွတ်သိပ်မှု ဟူသမျှ ပြေပျောက်ရာ၊ အပူငြိမ်းရာ၊ အမေဘပြေရာ၊ ဓမ္မရသာမြိုက်သြဇာကို ကိုယ်တိုင်ကိုယ်ကျ စားသုံးရပြီဖြစ်သော အရှင်မများသည် ကျွန်းသာယာထက်မှ မဟာသမုဒ္ဒရာကို လှမ်းမျှော်ကြည့်မိကြ၏။ သူတို့၏ မျက်စိအောက်တွင် မဟာသမုဒ္ဒရာ ရေပြင်ကျယ်သည် ဗရမ်းဗတာ လှုပ်ရှားမြဲလှုပ်ရှားနေသည်ကို တွေ့ကြရ၏။ ထိုရေပြင်ကျယ်ထဲ၌ သူတို့သည် ယခင်ကကိုးကွယ်ရှာမရ မျောပါခဲ့ရ၏။ ကယ်ပါယူပါ တစာစာ အော်ခဲ့ကြရ၏။ သေလုမျောပါး နစ်မွန်းခဲ့ကြရ၏။

သည်တုန်းက ဆင်းရဲပင်ပန်းခဲ့ရလေသမျှကို ပြန်လည် သုံးသပ်မိလေ ကယ်တင်တော်မူခဲ့သော အရှင်မြတ်ကြီးအား ကျေးဇူးတင်လေ၏။

## ကျေးဇူးရှင်ကို ကျေးဇူးတင်

ကျေးဇူးရှင်ကြီး၏ ကျေးဇူးဂုဏ် အနန္တကို သူတို့သည် နေ့ရောညပါ သတိရလျက်ရှိကြ၏။ သူတို့နှုတ်ဖျားမှ တ●ွဖွပြောကြားလျက်ရှိ၏။ ရှိခိုးဦးချ၍ မဝနိုင်အောင် ဖြစ်ကြရ၏။

ဤ၍ဤမျှ ဂါရဝပြုရုံဖြင့် သူတို့ ကျေနပ်ကြပြီလော။ မကျေနပ်ကြသေးပါ။ သူတို့အပေါ်မှာ ရှိနေသော အရှင်မြတ်ကြီး၏ ကျေးဇူးတော်သည် ဟိမဝန္တာတောင်ကြီးလောက် ရှိနေ၏။ သည်ကျေးဇူးတော်ကြီးကို သူတို့က ဇီးစေ့လောက်ပင်ဖြစ်ပါစေ တတ်နိုင်သလောက်တော့ ကျေးဇူးတဖန် တုံ့ပြန်ချင်ကြပေသည်။

## ကတညုတ မင်္ဂလာ

ကောင်းပါပြီ။ မိမိအပေါ် တင်ရှိခဲ့သော ကျေးဇူးတရားကို သိတတ် မြင်တတ်၊ ပြန်၍ဆပ်ချင်သော စိတ်ဓာတ်သည် ကတညုတ မင်္ဂလာပင်ဖြစ်ပါ၏။ မင်္ဂလာပင်ဖြစ်၍ ဘုရားရှင်ကလည်း အပြစ် တင်တော်မူမည့် မဟုတ်ပါ။ သို့သော်လည်း ထိုမင်္ဂလာကို ထို အရှင်မတို့က ကာယကံမြောက် မည်သို့ ကျင့်သုံးရပါမည်နည်း။

## ကျေးဇူးဆပ်ရန် နည်းလမ်းမှန်

မိန်းမသားများ ဖြစ်နေသဖြင့် ရှင်တော်မြတ်၏ ထံတော်ပါး၀ယ် ခြေဆုပ်လက်နယ်ပြုချင်၍ မဖြစ်နိုင်။ ရေပူရေချမ်း ကမ်းလှမ်း နေခွင့်မရှိ။ ပစ္စည်းလေးပါးဖြင့် လှူဒါန်းရန်လည်း မဖြစ်နိုင်။ သူတို့ကိုယ်တိုင်က သူတပါးထံမှ လက်ဖြန့်ခံ၍ စားသုံးနေကြရ၏။ ဘ၀ခရီးကြမ်း လှမ်းလာခဲ့ရသူများမို့ သူတို့ခမျာ လပ်လာဘက ရှားပါးရှာကြ၏။ သည်တော့ သူတို့အနေနှင့် အရှင်မြတ်ကြီး အပေါ် ကျေးဇူးတုံ့ပြန်ရန်မှာ အရှင်မြတ်ကြီး၏ သာသနာတော် ကို တထောင့်တနေရာမှ ကျေးဇူးဆပ်ရုံသာ ရှိတော့သည်။ သူတို့ တတ်နိုင်သည့်ဘက်က အကျိုးပြုရုံသာ ရှိတော့သည်။

သာသနာ့အကျိုး သည်ပိုးသောအားဖြင့် သူတို့ ရွေးချယ်လိုက် သော နည်းလမ်းသည် အင်မတန်မှ သင့်မြတ်လှပါ၏။ ကျွန်ုပ်တို့ ဓမ္မသဘင်၌ လျှောက်ထားတင်ပြကြသော သူတို့ဘ၀ ဇာတ်လမ်း တို့သည် သတိသံဝေဂ ရဖွယ်ကောင်းလှပါ၏။ ကျေနပ်နှစ်သက် ဖွယ်လည်း ကောင်းလှပါ၏။

## ရင်ထဲက ဇာတ်သမ်းတပုဒ်

နှလုံးရင်တွင်းမှ ပီတိသောမနဿ စေတသိက်များဖြင့် စီကာစဉ်ကာ တင်ပြလာကြသည့်အထဲမှ ဇာတ်လမ်းတပုဒ်ကို ပထမဦးစွာ လက်ဆင့်ကမ်းလိုက်ရပါဦးမည်။

"အို အရှင်မြတ်အပေါင်းတို့၊ အိုအရှင်မ အပေါင်းတို့၊ အရှင်မြတ်တို့၏ ခွင့်ပြုချက်အရ တပည့်တော်မ၏ ကိုယ်တွေ့ဇာတ်လမ်း ခရီးကြမ်းကို တင်ပြလိုပါသည်ဘုရား။"

## အထည်ကြီးပျက် မိဘများ

"တပည့်တော်မ၏ မိဘနှစ်ပါးသည် ဤသာဝတ္ထိမြို့တော်အတွင်းက သူဌေးနှင့် သူဌေးကတော်များဖြစ်ကြပါသည်။ သူဌေးနှင့်သူဌေးကတော်ဟု ဆိုရသော်လည်း တပည့်တော်မ၏ မိဘများသည် နာမည်မျှသာ ဌေးကြသူများ ဖြစ်ပါသည်။ အဘိုးအဘွားများ သားခဲ့သော ပစ္စည်း ဥစ္စာများ ဆုံးပါး ပျက်စီးကုန်ကြပါပြီ။ ပစ္စည်းဥစ္စာ ချို့တဲ့စွာ နေလာခဲ့ရာမှ အချိန်တန် အရွယ်ရောက်သည့်အခါမှာကား တဟုတ်တကယ် ဌေးကြွယ်သော သူဌေးသားတဦးနှင့် ဖူးစာဆုံခဲ့ရပါသည်။ ရောင်နောက် ဆံထုံးပါမြဲ ထုံးအတိုင်း ခင်ပွန်းသည်နောက် လိုက်ပါခဲ့ရပါသည်။

## ယောက္ခမအိမ်မှာ မျက်နှာငယ်

"ခင်ပွန်းသည် သူဌေးသားသည် အသားအရေ ပါးလျားလှသော ကိုယ်ခန္ဓာကို အပြစ်မယူ၊ မငြိုငြင်စူခဲ့ပါ။ ချစ်ခြင်းမေတ္တာကိုသာ

အလေးအမြတ်ပြုခဲ့ပါ၏။ ပစ္စည်းဥစ္စာရှားပါးခဲ့သော ဘဝအခြေအနေကို ကဲ့ရဲ့စကား မဆိုခဲ့ပါ။ မျိုးရိုးဂုဏ်ကိုသာ ထောက်ထားခဲ့သူ ဖြစ်ပါ၏။

"သို့ရာတွင် သူ့အမေ၊ သူ့အမကြီးများနှင့် သူ့နှမတို့ကတော့ တယောက်မျှ မကြည်ဖြူကြပါ။ ပါးလျားသောကိုယ်ခန္ဓာထက် ရှားပါးလှသော ဘဝအခြေအနေက ပို၍ နှာခေါင်းရှုံ့စရာ ဖြစ်ခဲ့ရပါသည်။ ခင်ပွန်းသည် ကိုယ်တိုင်က သူတို့စက်ရိပ်က မလွတ်သေးသည်တွင် တပည့်တော်မ မည်သို့ တတ်နိုင်ပါမည်နည်း။ သမီးချင်းမစာ၊ ညီမချင်းမစာ၊ ပြောရက်ဆိုရက်၊ နှုတ်စောင်းထက်ကြလေသမျှကို ခေါင်းငုံ့၍ ခံခဲ့ရပါသည်။

## သားလေးအတွက် မျက်နှာပွင့်

"သို့နှင့် တနေ့မှာတော့ တပည့်တော်မအတွက် ကယ်တင်ရှင်တယောက် ပေါ်ပေါက်လာခဲ့ပါသည်။ ထိုကယ်တင်ရှင်မှာ မိုးပေါ်က ဆင်းလာသည့် သိကြားမင်းကြီးမဟုတ်ပါ။ ဝိဇ္ဇာဇော်ဂျီတပါးလည်းမဟုတ်ပါ။ အာဏာထန်ပြင်းသည့် မင်းတပါးလည်း မဟုတ်ပါ။ သားငယ်ရွှေသွေး ပုလုကွေးကလေးသာ ဖြစ်ပါသည်။

"သားကလေးရွှေတုံး ပုလဲလုံးကို ဖွားမြင်ပြီးသည်နှင့် အိမ်သူအိမ်သားတို့၏ သဘောထားများ ပြောင်းလာကြပါသည်။ မျက်မှောင်ကျုတ်၍၊ နှုတ်ခမ်းစူ၍ ထားတတ်ကြသော မျက်နှာတို့တွင် ပြုံးပန်းလှိုင်လှိုင် ပွင့်လာကြပါသည်။ သူ့ထက်ငါသာ အပြစ်တင်စရာ ရှာလာခဲ့ကြသော နှုတ်ခမ်းများကလည်း ယခုတော့ ဖော်ဖော်ရွေရွေ ပြောတတ်ဆိုတတ်ကြပါပြီ။

## အမေသည် သားအတွက် သားသည် အမေ့အတွက်

''ဘွားအေကြီးနှင့် အဒေါ်များက သဲသဲတုန်မျှ ယုယနေကြသော်လည်း သားကလေး နွဲ့ဆိုးဆိုး၍မလာပါ။ သူ့ပင်ကိုယ်သဘောအတိုင်း အေးဆေးစွာပင် နေခဲ့ပါသည်။ တစထက်တစ ဖွံ့ဖြိုး၍လာသော သူ့ကိုယ်ခန္ဓာသည် ပွင့်အာမည့်ဆဲဆဲ ကြာဖူးငုံကြီးကဲ့သို့ အားရစဖွယ် ကောင်းလှပါသည်။ ပြုံးတမြမြ သူ့မျက်နှာသည် တပည့်တော်မ၏ အသက်ပင် ဖြစ်ပါသည်။

''သားငယ်ရွှေသွေးပုလုကေးသည် တပည့်တော်မကို အမှီပြု၍ ကြီးထွားလာရပါသည်၊ ထို့အတူပင် တပည့်တော်မ၏ ဘဝတသက် သာယာ ဖြောင့်ဖြူးရေးမှာလည်း သည်သားကလေးကိုပင် အမှီအဘွယ် ပြုရပါလိမ့်မည်၊ သို့ဖြစ်၍ တပည့်တော်မသည် သားအဖြစ်ဖြင့်လည်း နှစ်နှစ်ကာကာ ချစ်ရပါသည်။ ရွှေတောင်ကြီးကဲ့သို့ အားကိုးတခုလည်း ဖြစ်ခဲ့ရပါသည်။

## မတရားသော ရှင်သေမင်း

''တနေ့မှာတော့ရွှေတောင်ကြီးသည် တအိအိပြိုကျသွားပါသည်။ လိုလေသေးမရှိ ပြုစုနေသည့်ကြားကပင် သူငယ်နာ ရောဂါတမျိုးဖြင့် သားကလေး သေဆုံးသွားရရှာပါတော့သည်။

''သို့ရာတွင် သေဆုံးသည်ဆိုသော သဘောသည် မည်သို့ဖြစ်ပါသနည်း။ မိမိကိုယ်တိုင် ခဏမစဲ သေပွဲဝင်နေရလျက် တပည့်တော်မသည် သေခြင်းဆိုသော သဘောတရားကိုနားမလည်ခဲ့ပါ။

ဘဝတသက်တာတွင် ပထမဦးစွာ ရှုမြင်ရသော ကိုယ်ပွားကလေး ကိုသာ တင်းတင်းကြပ်ကြပ် ပွေ့ပိုက်ထားခဲ့ပါသည်။ ကမ္ဘာပေါ်မှာ လူတွေ ကုဋေကုဋာရှိနေပါလျက် သည်သားလေးကိုမှ ရွေးပြီး ခေါ်ရလေသလားဟု ရှင်သေမင်းကို အခဲမကျေနိုင်ဖြစ်ရပါသည်။

## မစွန့်နိုင်ပါ မပစ်နိုင်ပါ

"သူတို့ကတော့သားကလေး သေရှာပြီတဲ့။ အချိန်ရှိခိုက် သုသာန်ကို သွားပို့ကြရမည်တဲ့။ ပြောရက်ကြပါဘိ၊ ဆိုရက်ကြပါဘိ။ သည်ကလေးအပေါ် ချစ်ခဲ့ကြသည် ဆိုခြင်းမှာ ဟုတ်မှဟုတ်ကြပါလေစ။ ဩော် သူတို့မှာတော့ ဝမ်းနှင့် လွယ်၍မွေးရသည်မှ မဟုတ်ပါဘဲကလား။

"အမေ့အဖို့မှာတော့ သားကလေးသည် အမေ့အသက်၊ သားကလေးသည် အမေ့အသဲနှလုံး၊ ဘဝတသက်တာမှာ ပထမဦးစွာ ရလာခဲ့သော ရတနာပုလဲကုံး။ သည်ရတနာ သည်အသဲနှလုံးကို လူမနီးသည့် သုသာန်မြေသို့ မည်သူ ပို့နိုင်ပါမည်နည်း။

"သားကလေးကိုပိုက်ရင်း ငို၍ရှိုက်၍ နေတုန်းမှာပင် သူတို့ကတော့ သားကလေး အိပ်ခဲ့သည့်ပုခက်ကို ဖြုတ်လိုက်ကြပါပြီ။ ဆွေမျိုးနီးစပ်ထဲက လိုက်ပို့မည့်သူများလည်း ရောက်လာကြပြီ။ ဤအချိန်တွင် မည်သို့မည်ပုံ ဖြစ်ပျက်လိုက်သည် မသိပါ။ အရိုးပဒေသာ ကိုယ်ခန္ဓာမှာ မည်သို့သော အားခွန်ဗလတွေ ဝင်ရောက်လာသည် မသိပါ။ သုသာန်သို့ပို့ရန် ဝိုင်းလာကြသူများ လက်မှ သားနှင့်အတူ အတင်းရုန်း၍ ထွက်ခဲ့ပါသည်။ သာဝတ္ထိ မြို့တော်

ကြီးအတွင်း မင်းလမ်းမတလျှောက် ခြေဦးတည့်ရာ လျှောက်လာခဲ့ပါသည်။

## သေသဘောကို နားမလည်

"တပည့်တော်မ သွားလေရာသို့ သားကလေးက ခါတိုင်းလိုပင် သဘောကောင်းကောင်းနှင့် လိုက်ပါလာခဲ့ပါသည်။ သည်သားလေးကိုပင် သူတို့ကတော့ သေပြီတဲ့။ သုသာန်မြေကို ပို့လိုက်ရတော့မည်တဲ့။ လှုပ်ရှားခြင်း၊ ငိုကြွေးခြင်း မရှိတော့သည့်အတွက် သူတို့ ပြောသည့်အတိုင်း သေပြီဟု ဆိုကြပါစို့။ သို့သော် ဤသို့ဆိုရုံမျှဖြင့် သုသာန်မြေကို တခါထဲ ပို့ကြရတော့မည်လော။ သေပြီးသား သားကလေးကို ပြန်ရှင်လာအောင် ကုစား၍ မဖြစ်တော့ပြီလော့။

"ဖြစ်ရမည်။ ဖြစ်ကို ဖြစ်ရမည်။ သေခြင်းရှိလျှင် ရှင်ခြင်းလည်းရှိရပေမည်။ ဤသာဝတ္ထိမြို့တော်ကြီးက တန်ခိုးရှင် တဦးဦးသည် သားကလေးကို ပြန်ရှင်လာအောင် ကုစား ပေးနိုင်ရပေမည်။ ကယ်တင်ရှင် တယောက်ယောက်နှင့် တွေ့ရပေမည်။

## ထိုစဉ်တုန်းက သားရူးမ

"အမကြီးရှင့်၊ သားကလေးကို ပြန်ရှင်လာအောင်ကုစားပေးပါ"

"လမ်းမှာ အရှိန်သင့် တွေ့ရသော အမကြီးတဦးထံသို့ သားကလေးကို ထိုးအပ်လိုက်ပါသည်။ သားကလေး ပြန်ရှင်လာရေး

အတွက်သာ သူ့လက်ထဲ ထိုးအပ်လိုက်ရပါသည်။ သားကလေးနှင့် ခေတ္တခဏ ကင်းကွာလိုက်ရရုံနှင့်ပင် ရင်ထဲမှာ နာကျင်စွာ ခံစားခဲ့ရပါသည်။

"ဩော် ဒုက္ခ ဒုက္ခ၊ ကိုယ့်စိတ်ကိုယ် အစိုးမရရှာသော မိန်းကလေးပါတကား"

"အမကြီးက သားကလေးကို ဆီးကြိုပွေ့ပိုက်ခြင်း မပြုပါချေ။ တပည့်တော်မနှင့် သားကလေးကို တလှည့်စီ ကြည့်ရင်းက စိတ်မချမ်းမြေ့ဟန်ဖြင့် ရေရွတ်၍သာ နေပါသည်။

"မှန်ပါသည်။ အမကြီး ရေရွတ်လိုက်သည့်အတိုင်း တပည့်တော်မမှာ ထိုစဉ်က ကိုယ့်စိတ်ကိုယ် အစိုးမရသူ တဦးသာ ဖြစ်ပါသည်။ စကားလှလှ မသုံးဘဲ တိတိကျကျ ပြောရလျှင် ရူးနေခြင်းပင် ဖြစ်ပါသည်။ သားရူး၊ အချစ်ရူး၊ သောကရူး ရူးနေခဲ့ပါသည်။

## လူအမျိုးမျိုး စိတ်အထွေထွေ

"သည်တုန်းကသာ ကိုယ့်ကိုယ်ကို ရူးနေမှန်း သိပါလျှင် သည်အမကြီးထံမှာပင် လမ်းဆုံးခဲ့ပါလိမ့်မည်။ သို့ရာတွင် ရူးပြီ ဆိုမှတော့ မည်သူမျှ ကိုယ့်ကိုယ်ကို ရူးနေမှန်း မသိနိုင်ကြပါ။သို့ဖြစ်၍ တပည့်တော်မသည် အားကိုးသလောက် အရာမရောက်သော အမကြီးထံမှ ဖဲ့ခွာလာခဲ့ပါသည်။

"သာဝတ္ထိမြို့တော်ကြီးမှ လမ်းတွေသာ တော်တော်စုံသွား၏။ သားကလေးကို ကယ်တင်နိုင်သူနှင့်ကား မဆုံမိသေးပါ။ တွေ့ရဆုံရသူများတွင် တချို့က ကြင်ကြင်နာနာ ခေါင်းခါလိုက်ကြ

သော်လည်း တချို့က မစာမနာ ရင့်သီးစွာပင် နှင်လွှတ်ကြပါ သေးသည်။

## ကရုဏာရှင် ဦးကြီးတယောက်

"နှင်လိုသူတို့ နှင်ပါစေ၊ မောင်းလိုသူတို့ မောင်းကြပါစေ။ သား ကလေးအတွက် ဆေးတခွက်ရလိုရငြား တပည့်တော်မ မရပ်မနား သွားမြဲ သွားခဲ့ပါသည်။ နောက်ဆုံးမှာတော့ သားကလေး၏ ကုသိုလ်က ဖန်လာပြီဟု ဆိုရပါတော့မည်။ မြို့အထွက်နားမှာ တွေ့ရသော ဦးကြီးတယောက်သည် အခြားသူများလို ခေါင်း ခါ၍ မပြဘဲ-

"ဩော်....ဒုက္ခရောက်လာရှာသော သမီးကလေးပါတကား။ သင်တောင်းသောဆေး ဦးကြီးဆီမှာတော့ မရှိပါ။ သို့ရာတွင် အားမငယ်ပါနှင့် ဆေးပေးနိုင်သူကို သည်က ညွှန်ကြားလိုက်ပါ မည်။ သည်လမ်းမကြီးအတိုင်း အနောက်တောင် အရပ်သို့ တန်း တန်း မတ်မတ် လိုက်သွားပါ။ လမ်းဆုံးလျှင် ဇေတဝန်ကျောင်း တော်ကြီးကို တွေ့ရလိမ့်မည်။ ထိုကျောင်းတိုက်ကြီးထဲက တရား ပလ္လင်တွင် ဂေါတမဗုဒ္ဓ အမည်ရသော ဆေးဆရာကြီးသည် လာ လာသမျှ ဒုက္ခသည်အပေါင်းအား မသေဆေးများ ဝေငှလျက် ရှိပေသည်။ သည်ဆရာကြီးထံသို့သာ မြန်မြန်သွားပေတော့သမီး"

## မဟာကရုဏာရှင် ဆရာကြီး

"ဦးကြီးက သေသေချာချာ လမ်းညွှန်လိုက်သည့်အတိုင်း မသေ ဆေး ပေးမည့် ဆရာသခင် ကျေးဇူးရှင်ကြီးနှင့် အရုံသင့် တွေ့ရပါ

သည်။ ဆရာကြီးက သားကလေးအတွက် မသေဆေးကား ရှိ၏။ သို့သော် သူ့လက်ထဲမှာမရှိသေးဟုဆိုပါသည်။ သို့သော် ဆေးဖက်ဝင်သော ပစ္စည်းကို သိရပြီမို့ ဆရာကြီးထံမှ မရချင်နေပါစေ။ သာဝတ္ထိမြို့တော်ကြီးထဲမှာ ရှာဖွေလျှင် အများကြီး ရနိုင်ပါသည်။

## ဆရာကြီးညွှန်လိုက်သော ဆေး

"မြို့တော်ကြီးထဲ ဝင်မိသည်နှင့် ထပည့်တော်မသည် အစဆုံး တွေ့ရသောအိမ်မှာ ဝင်ပြီး မုန်ညှင်းစေ့ တောင်းခဲ့ပါသည်။ လိုအပ်သော မုန်ညှင်းစေ့မှာ လက်နှစ်ချောင်း ကော်ယူရုံမျှသာ ဖြစ်သော်လည်း သဘောကောင်းသော အိမ်ရှင်မက လက်တခုတ်စာ ပေးခဲ့ပါသည်။

စေတနာနှင့် ပိုပိုသာသာ ပေးသည်ကိုကား ကျေးဇူးတင်ပါ၏။ သို့ရာတွင် ဆရာကြီးညွှန်ကြားလိုက်သော ဆေးပစ္စည်း ဟုတ်မဟုတ်ကို သိလိုသေးသဖြင့်–

"တခုမေးပါရစေ အမကြီးရှင့်– သည်အိမ်မှာ လူတယောက်တလေ ပျက်စီးခဲ့ဘူးပါသလား" ဟု မေးလိုက်ရပါသည်။

"တပည့်တော်မ၏အမေးစကားကြောင့် အိမ်ရှင်မမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရှာပါသည်။ ထို့နောက်မှ တပည့်တော်မသားအမိကို စာနာစိတ်ဖြင့် သေသေချာချာ ကြည့်ကာ–

"အို မိန်းကလေးငဲ့၊ အိမ်မှန်လျှင် လူမသေဘူးသော အိမ်ဟူ၍ ရှိနိုင်ပါမည်လော။ သည်အိမ်မှသေဆုံးသွားသူတို့သည် တယောက်လည်း မက၊ နှစ်ယောက်လည်းမက ဘယ်၍ဘယ်မျှ ရှိသည် ဟူ၍ ပြောရန်ပင် ခက်လှသည်"

"သည်သို့ဆိုလျှင် တခြားအိမ်ကို သွားပါရစေဦး အမကြီး"

## တအိမ်မကောင်း တအိမ်ပြောင်း

"လူသေစာရင်းချ၍ မပြီးနိုင်သောအမကြီးကို စိတ်ပျက်ပျက်နှင့် နှုတ်ဆက်ကာ ထွက်လာခဲ့ပါသည်။ နောက်တအိမ် တက်လိုက်ပြန် တော့လည်း ယခင်အိမ်နှင့် မခြားနားပါချေ။ သာဝတ္ထိမြို့တော် ကြီးက မင်းလမ်းမကြီးသာ တခေါက်ဆုံးသွားပါသည်။ လူမသေ သော အိမ်ဟူ၍ လုံးဝ မတွေ့ရပါ။ တချို့က မိဘသေခဲ့သည်။ တချို့က မွေးချင်းပေါက်ဖော်များ သေခဲ့သည်။ တချို့ကတော့ သားသမီးများ ဆုံးပါးခဲ့သည်ဟု ဆိုကြပါသည်။

## လူမသေဘူးသော အိမ်

"တက်လိုက်သော အိမ်များက လူသေဘူးသော အိမ်များချည်း ဖြစ်နေသဖြင့် သားကလေးအတွက် ဆေးဖက်ဝင်သော မုန်ညင်း စေ့မှ ရပါမည်လားဟု စိုးရိမ်မကင်း ဖြစ်ခဲ့ရပါသည်။ တစထက် တစ လူသေဆုံးဘူးသော အိမ်များချည်း တွေ့ရဖန်များလာသော အခါမှာကား စိုးရိမ်စိတ်များ လျော့ပါး သွားပါတော့သည်။ ထိုအခါတွင်မှ ဆေးဆရာကြီး၏ နည်းပရိယာယ်ကို သဘော ပေါက်လာတော့သည်။

## အသံမထွက်သော တရားတော်

"တပည့်တော်မ၏ သားကလေးတယောက်ထဲသာ သေဘေးနှင့် တွေ့ရသလောဟု စောစောက နာကျည်းစိတ်များ မွေးခဲ့မိ၏။

ဤလိုဒုက္ခမျိုးနှင့် တွေ့ကြုံရသူမှာ တပည့်တော်မ တယောက်သာဟု အထင်ရောက်ခဲ့မိ၏။ ယခုတော့ ဆေးဆရာကြီး၏ ကျေးဇူးကြောင့် သည်အလိမ်များ ပြေပျောက်သွားကြပါပြီ။

“အနိစ္စသဘောဖြင့် ရွေ့လျောကြရသော ကိစ္စသည် တအိမ်တည်း၏ ကိစ္စမဟုတ်။ တရွာတည်း၊ တမြို့တည်း၏ ကိစ္စလည်း မဟုတ်ပါချေတကား။ သက်ရှိသတ္တဝါအားလုံး မသွေမုချ တွေ့ကြုံရမည့် ကိစ္စကြီးပါတကား။

“သည်လိုဒုက္ခမျိုးနှင့် တွေ့ကြုံရသည်မှာ သင်တယောက်တည်း မဟုတ်ပေ။ လူတိုင်း တွေ့ကြုံနေရသော ကိစ္စသာဖြစ်၏ဟု ရွှေနှုတ်တော်က ထုတ်ဖော်၍ကား မဆိုလိုက်ပါ။ သို့သော် တပည့်တော်မ အဖို့ ဆိုလိုက်သည်ထက်ပင် ပို၍ အကျိုးသက်ရောက်ပါသည်။

## အနိစ္စသည် အနတ္တ

“ချစ်သောသူများနှင့် ကွေကွင်းရသော ဒုက္ခသည် အနိစ္စကြောင့် ဖြစ်ပါသည်။ ထိုအနိစ္စသည်ပင် မိမိတဦးတည်းနှင့်မဆိုင်။ အများပိုင် အနတ္တ ဖြစ်ပါသည်။ သည်လက္ခဏာ သုံးပါးကို သဘောပေါက်သည်နှင့် တပည့်တော်မသည် သား၏ရုပ်ကလာပ်ကို လူသူကင်းရာ သွား၍ သင်္ဂြိုဟ်လိုက်ပါသည်။

“အကယ်၍ ကျေးဇူးသခင် အရှင်မြတ်ကြီးသည် မိမိ၏တန်ခိုးဣဒ္ဓိပါဒ်ဖြင့် သားကလေး ပြန်ရှင်လာအောင် ကုစားပေးလိုက်သည် ဆိုပါတော့။ ဤအခါတွင် ဤဆေးသည် သားကလေး တယောက်သဲအတွက်သာ အကျိုးရှိပါ လိမ့်မည်။ ကျန်လူများ အဘွက် ဘာမျှ အကျိုးသက်ရောက်မည် မဟုတ်ပါ။

## အားလုံးအတွက် မသေဆေး

"လက္ခဏာသုံးခွင် အလင်းမြင် စေသော ဤဆေးတော်ကြီးမှာ ကား စားသုံးသူတိုင်းအတွက် မသေဆေးကြီးတဖုံ ဖြစ်ပါသည်။ သက်ရှိ သတ္တဝါတိုင်းနှင့် မကင်းနိုင်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘာဝကို သဘာဝအတိုင်း သိမြင်ကာ ထိုသဘာဝအပေါ်မှာ မသေစေလို၊ မကွေကွင်းလိုသော အလိုအာသဝများ မပါမရှိ၊ ပကတိ အေးချမ်းသာယာသော စိတ်နှလုံးဖြင့် ကျင့်သုံးနေထိုင် တတ်လျှင် အသေလွတ်ပြီးပင် ဖြစ်ပါတော့သည်။

## အရှင်မ ကိသာဂေါတမီ

"လူသစ် စိတ်သစ်ဖြင့် ဘဝသစ်သို့ ပြောင်းလာခဲ့ပြီ ဖြစ်သော တပည့်တော်မသည် နောက်ကြောင်းသို့ကား ပြန်မလှည့်တော့ပါ။ မသေဆေးကြီး ပေးသနားတော်မူခဲ့သော ကျေးဇူးရှင်ကြီးထံသို့ သာ အရောက် ပြန်လာခဲ့ပါသည်။ ခင်ပွန်းသည်ထံ ခွင့်ပန်ကြား၍ ဇေတဝန်ကျောင်းတော်သို့ လှမ်းလာခဲ့ပါသည်။ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီကို ဥပဇ္ဈာယ်ပြုလျက် သာသနာ့ ဝန် ဆောင်တဦး ဖြစ်လာခဲ့ပါသည်။

"သာသနာတော်ကြီး၏ ကျေးဇူးဖြင့် တပည့်တော်မ သည် သံယောဇဉ်ဟူသမျှ ကုန်ဆုံးပြီမို့ လုံးလုံးကြီး စိတ်ချမ်းသာနေပြီ ဖြစ်ကြောင်း ရိုသေစွာလျှောက်ထားပါသည်အရှင်မြတ်ဘုရား"

အရှင်မ ကိသာဂေါတမီ၏ လျှောက်ထားချက် အဆုံးဝယ် သာဓုခေါ်သံတို့ ညံညံစီ၍ သွားကြပါသတည်း။

[ ကိသာဂေါတမီ ထေရီ အပါဒါန် ]

# ကံဆိုးမလေး သွားလေရာ

## တေဒဂ် ဂုဏ်ထူးဆောင်များ

လောကခံလှိုင်းများကြားမှ ကျွန်းသာယာထက်သို့ တက်လှမ်းလာခဲ့သော အရှင်မ ကိသာဂေါတမီသည် ညှို့ဖျင်းသော သက်နိုးကို ဝတ်ရုံသောအရာဝယ် "တေဒဂ်"ဂုဏ်ထူးကို ဆွတ်ခူးနိုင်၏။

ဤအရှင်မ နည်းတူပင် လှိုင်းကြား လေကြားမှ လာခဲ့ရပြီးနောက် ဝိနည်းဆောင် တေဒဂ်ဖြင့် ဂုဏ်ရှိန် တောက်ပသော အရှင်မ တပါးလည်း ရှိပါသေးသည်။

ကျွန်ုပ်တို့နှင့် စိတ်တူကိုယ်တူ လှမ်းလာခဲ့သော အရှင်ဥပ္ပလဝဏ်ကဲ့သို့ပင် ဤအရှင်မသည်လည်း ဝိနည်းတော်အရာဝယ် ကျွမ်းကျင်

လိမ္မာလှ၏။ စေ့စေ့စပ်စပ် ကျွမ်းကျင် လိမ္မာလှသောကြောင့်ပင် ဘုရားရှင်ကလည်း ဧဒဂ်ထူးဖြင့် ထိုက်ထိုက်တန်တန် ချီးကျူးတော် မူခဲ့၏။

## ကျော်ကြားလာသော ဤနာမည်

ရွှေနှုတ်တော် ကြာကုမုဒ်မှ ထုတ်ဖော် ချီးကျူးတော် မူသည်မို့ ဤအရှင်မ၏ နာမည်သည် ဟိုးလေးတကျော် ဖြစ်လာခဲ့၏။ သာသနာတော်ကြီးနှင့် အတူတကွ နယ်လေးရပ် နယ်ရှစ်ရပ်သို့ ဖြန့်ကျက်လာခဲ့၏။သို့ရာတွင် ဤဘွဲ့နာမည်မှာ မိဘများက အခမ်းအနားနှင့် ကင်ပွန်းတပ်ပေးလိုက်သော နာမည် မဟုတ်ပါ။ မိမိဘာသာ စိတ်တိုင်းကျ ရွေးချယ်၍ မှည့်ခေါ်ထားသော နာမည်လည်းမဟုတ်ပါ။သာဝတ္ထိမြို့တော်သားများက ပြောင်လှောင်ရယ်မောရင်းပေးထားသော နာမည်သာဖြစ်ပါ၏။သာဝတ္ထိမြို့တော်သူများက မျက်နှာလွှဲကာ နှာခေါင်းရှုံ့ကာ ခေါ်တွင်လာခဲ့သော နာမည်သာ ဖြစ်ပါ၏၊ ထိုစဉ်တုန်းက အရှင်မ၏ အခြေအနေမှာလည်း ဤနာမည်နှင့် အံဝင်ခွင်ကျ ရှိပါဘိ၏။

## ကံဆိုးမလေး ရောက်လာချိန်

ဤနာမည်ဖြင့် ထင်ထင်ရှားရှား လူသိများလာခဲ့သော ကံဆိုးမကလေးသည် တနေ့မှာတော့ ကျွန်ုပ်တို့ကျောင်းတော်သို့ ရောက်လာခဲ့၏။ သူရောက်လာသည်မှာ တရားပွဲကြီး ကျင်းပ နေချိန်။

ရဟာန်းရှင်လူ ပရိသတ် စုံလင်နေချိန်။ သည်လိုအချိန်မျိုးမှာ အမြင်မတော် ပေါ်ပေါက်လာသော ကံဆိုးမကလေးအား ပရိသတ်များက အဟာန့်အတား ပြုခဲ့ကြ၏။ ခြိမ်းချောက် မောင်းမဲ ပြုခဲ့ကြ၏။ ဟန့်တား၍ ခြိမ်းချောက်၍ မရသောအခါတွင်ကား မျက်နှာလွှဲသူလွှဲကြ၏။ နှာခေါင်းရှုံ့သူ ရှုံ့ကြ၏။

## ရေစီးတခါ ရေသာတလှည့်

ထောက်ရာတည်ရာ မရခင်က တရားနာပရိသတ်တို့ နှာခေါင်းရှုံ့ခံခဲ့ရသော ဤအရှင်မသည် ယခုတော့ ကြယ်တာရာတလုံးဖြစ်နေပါပြီ။ ရောင်ဝါထိန်လင်းသော ငွေလမင်းကြီးအပါးဝယ် တေဒဂ်ဂုဏ်ရောင်ဖြင့် ထွန်းပြောင်နေပါပြီ။ သို့ဖြစ်၍ ဤအရှင်မ တရားဟောအလှည့် ကျသောနေ့များတွင် ဓမ္မာရုံနှင့်အပြည့် တရားနာပရိသတ်များ ရှိနေကြပေသည်။ ယခု ထိုအရှင်မ တရားစ၍ ဟောနေပါပြီ။

## ပူမှန်းသိမှ အေးမှန်းသိ

"လာခြင်းကောင်းသော အရှင်မြတ်တို့ဘုရား၊ လာခြင်းကောင်းသော အရှင်မတို့ဘုရား၊ သာသနာတော်ကြီး၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးရာတွင် တပည့်တော်မ၏ ဘဝဇာတ်လမ်းကို အသုံးပြုလိုပါသည်။ ကြည်သာအေးမြ ဘေးမခသော ဂုဏ်ကျေးဇူးကို ပူပေါင် ပြင်းပြ ဘေးများလှသော ဖြစ်ရပ်များနှင့် နှိုင်းယှဉ်တင်ပြလိုရင်း ဖြစ်ပါသည်"

"ဤသာဝတ္ထိ မြို့တော်ကြီးတွင် တပည့်တော်မ၏ ဆွေမျိုးရင်းချာဟူ၍ မရှိတော့ပါ။ သို့ရာတွင် တပည့်တော်မသည် ဤမြို့ကြီးမှာပင် သူဌေးသမီးတယောက်အဖြစ်ဖြင့် ဖွားမြင်ခဲ့သူဖြစ်ပါသည်။ တပည့်တော်မမှာ မောင်နှမနှစ်ယောက်သာ ရှိသည်ဖြစ်၍ မိဘများက တယုတယ အလိုလိုက်ကြပါသည်။ ဝတ်စားတန်းဆာ အဝတ်တန်းဆာမှစ၍ လိုအပ်သမျှ အသုံးအဆောင် များသည် တခွန်းဟရုံဖြင့် အရန်သင့် ရောက်လာကြရပါသည်။

## ပူလောင်ပြင်းပြ ချစ်ဒုက္ခ

"အစပိုင်း၌ ချမ်းမြေ့သာယာစွာ ရှိခဲ့သော ဘဝဇာတ်လမ်းသည် အလယ်ပိုင်း ရောက်လာလျှင်ကား ပူလောင်ပြင်းပြသော ဒုက္ခနှင့် တွေ့ရပါတော့သည်။ ဤဒုက္ခတို့၏ အကြောင်းရင်းကား တဏှာပေမ ချစ်ကိစ္စပင် ဖြစ်ပါသည်။

"မိဘများ သဘောတူ၍ စေ့စပ် ကြောင်းလမ်းထားသူမှာ ဂုဏ်ရည်တူ သူဌေးသားတဦး ဖြစ်ပါသည်။ တပည့်တော်မနှင့် တိတ်တဆိတ် ရည်ငံနေသူကတော့ ကိုယ့်အိမ်က ကျွေးကျွန်တယောက် ဖြစ်နေပါသည်။

"တယောက်နှင့် တယောက် အနေနီး၍ မီးကူးခဲ့ကြပြီးသည့်နောက် မိဘများ သိသွားလေမည်လားဟု ကြိးလန့်စာစား ဖြစ်ခဲ့ရပါသည်။ မဆိုဆိုကောင်း မိဘများသာ အချိန်မှီ သိခဲ့ကြပါမူ တပည့်တော်မတို့၏ ရှေ့ရေးကို မတွေးဝံ့ပါ။ ကိုယ့်အိမ်က ကျေးကျွန်တယောက်ကို ကိုယ်ပိုင်ဆိုင်သော ပစ္စည်းကဲ့သို့ ပြုလိုရာပြုခွင့်

ရှိကြသော မိဘများသည် သူတို့၏ အခွင့်အာဏာကို အစွမ်းကုန် အသုံးပြုကြမည် မလွဲပါ။

## ဟိုယခင် အပျိုစင်ဘဝ

"ဤဖြစ်ရပ်များကို တရားသဘောဖြင့် သုံးသပ်လျှင် အရင်းခံ လက်သည်ကို အလွယ်တကူ တွေ့မြင်နိုင်ပါသည်။ ချစ်ခြင်းတဏှာ၏ စေ့ဆော်ချက်ကြောင့်ပင် ကွေကွင်းရမည့်အရေးကို တွေ့ရှုပ်ခဲ့ရ ပါသည်။ ချစ်ဦးသူနှင့် ပေါင်းသင်းလိုသော သည်စိတ်များ ဖြစ် မလာခင်က ဆွေးစရာလည်း မရှိပါ။ ပူစရာလည်း မရှိပါ။

"ပူစရာမလို၊ ဆွေးစရာမလို၊ အပျိုစင်ဘဝဖြင့် လွတ်လွတ်လပ် လပ် နေရခြင်းကို တပည့်တော်မသည် ချမ်းသာသည်ဟု မသိ မမြင်နိုင်ခဲ့ပါ။ ကိုယ့်ချစ်သူနှင့် အတူတကွ ပေါင်းသင်းရမှ ချမ်းသာမည်ဟု ထင်ခဲ့ပါသည်။

## တယောက်မျက်နှာ တယောက်ကြည့်ကာ

"ချစ်သူနှင့် ပေါင်းသင်းလိုသော သဘောသည် သမုဒယသစ္စာ ဖြစ်ပါသည်။ သည်သစ္စာကို အခြေပြုကာ တပည့်တော်မတို့ နှစ်ယောက် လွတ်ရာကျွတ်ရာ ထွက်ပြေးခဲ့ကြပါသည်။ မိဘများ၏ အာဏာစက်လွတ်ကင်းရာ တောရွာတရွာတွင် တဲကုတ်တလုံးထိုး၍ နေလာခဲ့ကြပါသည်။

"ကိုယ်ကြိုက်သည့် ဇာတ်လမ်းကို ကိုယ့်ဘာသာ ဖန်တီးခဲ့ကြ သည်ဖြစ်၍ တွေ့ကြုံရသော လောကဓံကို တပည့်တော်မတို့ ခံနိုင်

ကြပါသည်။ ဆင်းရဲမှု၊ ချို့တဲ့မှု ဟူသမျှသည် တယောက်မျက်နှာ တယောက်ကြည့်ရုံမျှဖြင့် လွင့်စင်၍ သွားကြရပါသည်။

## သစ္စာသည် မျက်နှာမလိုက်

"စောစောက လျှောက်ထားခဲ့သည့် အတိုင်း သမုဒယသစ္စာကို အခြေပြု၍ တည်ဆောက်လာခဲ့သော ဤသစ္စာသည် ဒုက္ခသစ္စာ မျှသာဖြစ်ပါသည်။ သည်အကြောင်းကိုပြုလျှင် သည်အကျိုးကား ဘယ်နည်းနှင့်မျှ ရှောင်လွှဲ၍ မရနိုင်ပါ။ တပည့်တော်မတို့သည် တခဏ သာယာမှုကလေးများဖြင့် ဒုက္ခသစ္စာကိုရှောင်လွှဲ၍ ကြည့် ခဲ့ကြ၏။ ရှောင်လွှဲကြည့်၍ ခေတ္တခဏ ရသလိုလိုကား ရှိပါ၏။ သို့ ရာတွင် သစ္စာထိုက်သော တရားကိုကား မည်သို့မျှ တော်လှန်နိုင် စွမ်း မရှိကြပါ။ သမုဒယသစ္စာ၏ အကျိုးတရားတို့ကို ဆိုးဝါးစွာ ခံစားရပါတော့သည်။

## ဟိုအလိုပြီးတော့ သည်အလို

"ဟိုယခင်က ချစ်သူနှင့် ပေါင်းနိုင်ရေးအတွက် မိဘများနှင့် ဝေး ရာသို့ ပြေးခဲ့၏။ ယခုချစ်သူနှင့် ပေါင်းရပြီးသည်တွင်ကား မိဘ ရပ်ရွာနန် ပြန်ချင်လာပေပြီ။ စားဝတ်နေမှု အစုစုသော ဒုက္ခတို့ကို အပြုံးမပျက် သည်းခံနိုင်ခဲ့သော တပည့်တော်မသည် မိန်းမသား တို့၏ သဘာဝ တခုကိုကား ကျော်လွန်နိုင်စွမ်းမရှိပါ။ ယင်းကိစ္စ မှာ မိဘများ မျက်မှောက်တွင် သားဦးကလေးကို ဖွားမြင်လို ခြင်းပင် ဖြစ်ပါသည်။

## သားသမီးဆိုး ဖြစ်ရိုးမရှိပါ

"ယောက်မမြင်းစီး သမီးမိုက်ဟူ၍ မိဘများက မျက်နှာလွှဲ၍ထား သည်ကား မှန်ပါ၏။ သို့သော် နို့ချိုတိုက်ကျွေး မွေးမြူလာခဲ့ သော သည်သမီးလေးတယောက် အတိဒုက္ခ ရောက်လာသည် ကိုကား သူတို့ သည်အတိုင်း ကြည့်နိုင်မည်မဟုတ်ပါ။ နောက် တခုက မိမိကိုယ်တိုင် သားသန္ဓေ လွယ်ထားရချိန်တွင် မိဘများ မျက်နှာကို တွေ့ချင် မြင်ချင်စိတ်များ ပြင်းပြနေပါသည်။

## သမီးသည်သမီး ကျွန်သည်ကျွန်

"သားဦးသန္ဓေ တော်တော်ရင့်လာကတည်းက ဤအကြောင်း များကိုခင်ပွန်းသည်အား ပြောပြခဲ့ပါသည်။ မိဘရပ်ဌာန်လိုက်ပို့ ရန် ပူဆာခဲ့ပါသည်။ တပည့်တော်မအတွက် အစစအရာရာ အလို လိုက်၍ အကြိုက်ဆောင်ခဲ့သူသည် ဤကိစ္စတခုကိုကား ချက်ခြင်း လက်ငင်းမဆောင်ရွက်ခဲ့ပါ။ နေ့ရွှေ့ လရွှေ့ အချိန်ရွှေ့၍သာ နေခဲ့ပါသည်။

"ဤလို ရွှေ့ရန်ကောဟူ၍ သူ့အပေါ် အပြစ်တင်ရန်လည်း မရှိပါ။ ကျွန်ဟူသော တံဆိပ်မဲကြီးက သူ့ကျောပြင်မှာ အထင်း သား ရှိနေပါသည်။ သမီးဟူသော သံယောဇဉ်ဖြင့် တပည့်တော်မ ကို ခွင့်လွှတ်ကြမည်ဖြစ်သော်လည်း သူ့ကိုကား တွေ့ရာသင်းချိုင်း ခေါ်းမဆိုင်းထဲက ဖြစ်ပါလိမ့်မည်။

## ပထမဆုံး အတွေ့အကြုံ

"တရားခံရှာမရသော စိတ်ဒုက္ခများကို ကိုက်ဘာသာ ကျိတ်မှိတ် ခံစားရင်းဖြင့် သားသနွေ့ ရင့်ကျက်လာပါသည်။ ရက်များ မကြာမီ ဖွားမြင်မည့် အရိပ်နိမိတ်များ ပေါ်လာပါပြီ။ ဤတွင် တပည့်တော်မသည် ခင်ပွန်းသည်ကို အသိမပေးဘဲ တိတ်တဆိတ် ထွက်လာခဲ့ပါတော့သည်။

"မိဘမျက်စိအောက်မှာ ဖွားမြင်မည်ဟု လာခဲ့ရာတွင် လမ်းမှာပင် ကိစ္စပြီးခဲ့ရပါသည်။ ခင်ပွန်းသည် လိုက်လာသည်နှင့်လည်း ကာရန်တသင့် ဖြစ်သွားပါသည်။ ဘဝတာသက်တာ ရွှေးဦးစွာ ရင်ဆိုင်ရသော အခက်အခဲ တခုကို ကျော်လွှားနိုင်ပြီမို့ တပည့်တော်မတို့ ကိုယ့်အိမ်ကိုယ့်ယာ ပြန်လာခဲ့ကြပါသည်။ ဤအဖြစ်ကိုသာ မိဘများသိကြပါလျှင် ရင်နာမဆုံးဖြစ်ရှာကြပါလိမ့်မည်။

## ဒုက္ခသာရှိ သားမရှိ

"လောကစကားအားဖြင့် သားတယောက် ဖွားမြောက်လာပြီဟု ဆိုရပါ၏။ တရားမျက်စိနှင့် ကြည့်တတ်ပါလျှင်ကား ဒုက္ခပေါ်မှာ ဆင့်လာသော ဒုက္ခတမျိုးမျှသာ ဖြစ်ပါသည်။ ဒုက္ခကို ဒုက္ခဟူ၍ မသိနိုင်သေးသည့် အချိန်တွင် တပည့်တော်မတို့သည် ဤသား ကလေးအတွက် ပျော်တပြုံးပြုံး ဖြစ်လာခဲ့ရပါသည်။ သားကလေး၏ ရှေ့ရေးကို အမျိုးမျိုးစိတ်ကူးယဉ်ကြပါသည်။ စိတ်ကူးယဉ်သည့်အထဲ၌ မကောင်းသောကိစ္စများ လုံးဝမပါပါ။ ကောင်း

ပေ့ ညှန့်ပေ့ဆိုသော အလားအလာများကိုသာ မျှော်မှန်းခဲ့ကြပါသည်။

## အပြစ်မြင်မှ အပြစ်တင်နိုင်သည်

"သားတည်းဟူသော ချစ်ခြင်းဖြင့် အကောင်းမျှော်သော ကိစ္စအတွက် တပည့်တော်မသည် ကိုယ့်ကိုယ်ကို အပြစ်မတင်လိုပါ။ သို့ရာတွင် အကောင်းမရှိသော ဒုက္ခဘုံကြီးထဲမှာ အကောင်းရှိလိမ့်နိုးနိုး မျှော်ကိုးခြင်းကိုကား အပြစ်တင်ရပါလိမ့်မည်။

"ဤသို့ အပြစ်တင်နိုင်ရေးအတွက် ပထမဦးစွာ အပြစ်ကို မြင်အောင် ရှုကြရပါမည်။ အပြစ်ကို မမြင်သေးသမျှ အပြစ်မတင်နိုင်ဘဲ အချစ်ဝင်၍သာ နေကြပါမည်။

"အပြစ် မမြင်၍ အချစ်ဝင်နေသော တပည့်တော်မသည် နောက်ထပ် သားသနွေကို လွယ်ခဲ့ရပြန်ပါသည်။ သည်တခါတော့ မိဘရပ်ဌာနသို့ တယောက်တည်း မလာတော့ပါ။ မတ်တတ်သွားနိုင်နေပြီဖြစ်သော သားကြီးနှင့်အတူ ထွက်လာခဲ့ပါသည်။

## ယခင်တခေါက်နှင့် တူသော်လည်း

"သည်တခေါက် မှာလည်း အရင်အခေါက်နည်းတူ တောထဲမှာပင် ကိစ္စပြီးခဲ့ပါသည်။ သားတို့အဖေလည်း ယခင်အတိုင်းပင် အချိန်မှီရောက်လာပါသည်။ သို့ရာတွင် ယခုတခေါက်အတွက် ထူးထူးခြားခြား တွေ့ကြုံရသည်မှာ မိုးကြီးသည်းစွာ ရွာသွန်းခြင်းဖြစ်ပါသည်။

"မွေးဖွားပြီးခါစ သားသည်မိခင်အတွက် မိုးလေလုံခြုံရန် လိုပါသည်။ ကိုယ်တွင်းကိုယ်ပ အန္တရာယ်ခတ် ရမှသာ ဖြစ်ပါမည်။ လူသူမနီး တောကြီးမျက်မဲတွင် ဤအရာများအတွက် မည်သို့ဖန်တီးရပါမည်နည်း။

## ပြန်လမ်းမရှိသော ခရီး

"ခင်ပွန်းသည်မှာ လိုအပ်သောအရာကိုလည်း ရှာဖွေချင်၊သားနှင့်မယားတို့ကိုလည်း ပစ်မထားရက်ဖြင့် မချိနိုင်မချနိုင် ဖြစ်နေပါသည်။ နောက်မှ အနိုင်နိုင် အားတင်းကာ ဓားမတိုတချောင်းနှင့်ထွက်သွားပါတော့သည်။

"မှောင်တရီ အချိန်မှ ထွက်သွားသော ခင်ပွန်းသည်သည် မှောင်ကြီးကျ၍ ညအခါ ရောက်လာသော်လည်း ပေါ်မလာပါ။ တပည့်တော်မမှာ သားကြီး သားငယ် လူမမယ် နှစ်ယောက်ကို ရင်အောက်မှာသွင်း၍ တညလုံး နေခဲ့ရပါသည်။

## ခင်ပွန်းသည်၏ အဖြစ်ဆိုး

"သို့နှင့် နံနက်ခင်း မိုးစင်စင် လင်းလာခဲ့ပါသည်။ တညလုံး အားပါးတရ ရှာသွန်းလိုက်ရပြီမို့ မိုးရေလေပါစဲသွားကြပါပြီ၊ သားကြီးကို လက်ကဆွဲကာ သားငယ်ကို ရင်မှာပွေ့၍ တဖြည်းဖြည်း လိုက်ရှာရာတွင် သားတို့အဖေကို တွေ့ရပါပြီ။ တကိုယ်လုံး ညိုမဲနေပုံထောက်၍ မြွေကိုက်ခံသေဆုံးနေခြင်း ဖြစ်ပါလိမ့်မည်၊

## အလိုမလိုက်သော သဘာဝ

"တရားအမြင်နှင့် ဆင်ခြင်တတ်ပါလျှင် ဤကိစ္စမှာ သဘာဝ သက်သက်မျှသာ ဖြစ်ပါသည်။ ရရှိထားသော တရားကိုယ်တိုင်က သေသဘောမို့ သေသွားခြင်းဖြစ်ပါသည်။ သေသဘောမို့ သေသွားသော ကိစ္စတွင် မည်သူ့ကို နစ်နာအောင်၊မည်သူ့ကို ငိုကြွေးအောင်ဟူသော ရည်ရွယ်ချက် လုံးဝမပါပေ။ သို့ပါလျက် တပည့်တော်မသည် တောကြီးအလယ်မှာ သည်းထန်စွာငိုကြွေးခဲ့ရပါ၏။ သေတတ်သော သဘာဝအပေါ်မှာ မသေစေချင်သော အာသဝတရားတို့ကြောင့်ပင် ဖြစ်ပါသည်။

"ငါ့လင်ဟူသော အာသဝဖြင့် မည်မျှပင် ငိုကြွေးနေသော်လည်း သေလေပြီးသူကတော့ တုတ်တုတ်မျှ မလှုပ်လာတော့ပါ။ သဘာဝတရားသည် အာသဝ အလိုနောက်သို့ တဆံချည်မျှပင် လိုက်ပါမလာခဲ့ပါ။ သို့ဖြစ်၍ တပည့်တော်မသည် သွားလေသူ့အလောင်းကို သစ်ရွက်သစ်ခက်များနှင့် ဖုံးလွှမ်းကာ သာဝတ္ထိမြို့တော်ဆီသို့ မှန်းကာ ရမ်းကာ ထွက်လာခဲ့ရပါသည်။

## မရဏ ချောင်းကလေး

"ကံဆိုးသူ သားအမိသုံးယောက် တရွေ့ရွေ့ လျှောက်ခဲ့ကြရာတွင် ချောင်းငယ်တခုနားသို့ ရောက်လာကြပါသည်။ ညက ရွာထားလေသမျှ မိုးရေများက ဒလဟော စီးဆင်းနေကြပါသည်။ ကူးစရာ သန်းစရာ တံတား တခုမှ မရှိသဖြင့် တပည့်တော်မသည်

သားကြီးကို ကမ်းပါးမှာ အသာ ချော့ထားကာ သားငယ်နှင့် အတူ ကူးခဲ့ရပါသည်။ သားငယ်ကို ကမ်းပါးတဖက်မှာ အဝတ်နှင့် ထွေးထားခဲ့ပြီး သားကြီးဆီသို့ တခေါက် ပြန်လာခဲ့ရပါသည်။ သားကြီး သားငယ် နှစ်ယောက်လုံး အသက်ဆုံးရရှာသည်မှာ ဤ အချိန်ကလေးမှာပင် ဖြစ်ပါသည်။

## စွန်ညိုကြီးအတွက် အသားတတုံး

''သားငယ်ကလေးကို တပည့်တော်မသည် ပါလာသမျှ အဝတ် ကလေးများဖြင့် တယုတယ သိပ်ထားခဲ့၏။ မိုးကြားလေကြားမှာ အသက်နှင့်ရင်းကာ မွေးဖွားခဲ့ရသည်မို့ မခွဲနိုင် မခွာရက် ဖြစ်ခဲ့ ရ၏။ သို့ရာတွင် ထက်ကောင်းကင်က စွန်ညိုကြီး အတွက်ကား နီနီရဲရဲ စားချင်စရာ အသားတုံးတတုံးမျှသာ ဖြစ်ပါလိမ့်မည်။

''စွန်ညိုကြီးက သူ့အစာ အသားတုံးကို တဟုန်ထိုး ဆင်းပြီး သုတ်ချီသွားပါသည်။ သားသည်အမေဖြစ်သူ တပည့်တော်မမှာ ကား ရေထဲမှာဆွေ့ဆွေ့ခုန်၍ နေရပါတော့သည်။ သားကလေး ကို ကုတ်ချီသွားသော ခြေသည်းကြီးများသည် တပည့်တော်မ၏ အသဲနှလုံးကို ထိုးဆွဘိသကဲ့သို့ နာကျဉ်လွန်းလှပါသည်။ သား ငယ်အပေါ် ချစ်မြတ်နိုးမှုအတိုင်းအတာသည် အသဲနှလုံး နာကျဉ် ရခြင်းနှင့် ထပ်တူ ညီမျှပင် ဖြစ်ပါလိမ့်မည်။

## သားငယ်ကြောင့် သားကြီးသေ

''စွန်ညိုကြီးက သားကလေးကို လွှတ်ချ ထားခဲ့လေမည်လားဟု တပည့်တော်မသည် ရေထဲမှ လှမ်းအော်လိုက်ပါ၏။ လက်ခုပ်လက်

ဝါးတီး၍ ခြောက်လှန့်ပါ၏။ လက်ခုပ် လက်ဝါးတီး၍ ခြောက်လှန့်လိုက်သည့်အတွက် စွန်ညိုကြီးကား ဖြုံဖြုံမျှမရှိပါ။ ကမ်းပါးမှာ ထားခဲ့သော သားကြီးမှာသာ ရေစီးရာ မျောပါသွားရှာပါတော့သည်။

"အမေက စွန်ညိုကြီးကို လှမ်းခြောက်သည်။ သားအကြီးလေးက သူ့ကို လှမ်းခေါ်သည်ထင်၍ ရေထဲ ဆင်းလာရှာသည်။ သားကလေး၏ ဖြစ်အင်သည် မနုဿလူသား အများစု၏ ဖြစ်အင်ထက် ဘာများ ထူးပါသေးသနည်း။

## ရေစုန်မျောသူများ

"သားကလေးသည် အမေ့လက်ခုပ်သံ အကြားတွင် အကြောင်းရင်းမှန်ကို မသိဘဲ ရေထဲဆင်းလာခဲ့၏။ မနုဿလူသား အများစုမှာလည်း ဤလောက လူ့ပြည်သို့ ဘာမှန်းညာမှန်းမသိ ဆင်းလာခဲ့ကြ၏။ အနည်းငယ်မျှသောသူတို့မှာ ပြောမည့်ဟောမည့် ပုဂ္ဂိုလ်များနှင့် ဆုံစည်းကြ၍ ရပ်တန်းက ရပ်နိုင်ကြ၏။ အများစုကြီးမှာကား ရေနက်ရာသို့ ဆက်လက်၍ ဆင်းမြဲဆင်းနေကြပါသည်။

'သေမင်းခေါ်ရာသို့ ဘာမသိ ညာမသိ လိုက်ပါ နေကြသူများ အားလုံးအတွက် ထပ်တူထပ်မျှ ကရုဏာ သက်နိုင်ရန်မှာ သည်တုန်းက တွေးရုံမျှပင် မတွေးခဲ့မိပါ။အများတကာ၏ အရေးထက် ကိုယ့်သားကလေးများ အရေးကိုသာ အလေးထား၍ စဉ်းစားခဲ့ပါသည်။ စဉ်းစားခဲ့သည့်အလျောက် ရင်ပတ်စည်တီး ငိုပွဲကြီး ဆင်ခဲ့ရပါသည်။

## မိန်းမသားကိုမှ အားမနာ

"ခင်ပွန်းသည်သည် တောထဲမှာ မြွေခဲ၍ သေပွဲဝင်ခဲ့ပြီ။ သားတယောက်ကို စွန်ညိုကြီးချီသွားခဲ့ပြီ။ သားအကြီးလေးမှာလည်း ရေးစီးရာ မျောပါသွားခဲ့ပြီ။ မိန်းမသား တယောက်တည်းကို သည်ဒုက္ခများက အားမနာပါးမနာ ဝိုင်းအုံ၍ နှိပ်စက်ကြသည်။ ရက်ရက် စက်စက် ပြုခဲ့ကြသည်။သင်းတို့တတွေ သည့်ထက်နှိပ်စက်နိုင်ဦးမည်လော။

## ဒုက္ခဒဏ် မခံနိုင်ပြီ

"ရှေ့အရေးကို ပြေးမကြည့်ရသေးသည်မို့ ကြုံရပြီးသော လောကဓံတို့ကို သို့ကလို ကြုံးဝါး၍ လာခဲ့မိပါသည်။ သို့နှင့် သာဝတ္ထိမြို့တော်ကြီးအနီးသို့ ရောက်လာပါတော့သည်။ မှိုင်းမှိုင်းညို့ညို့ မိုးခိုးလုံးကြီးများ တက်နေရာသို့ လှမ်းမျှော်၍ ကြည့်နေစဉ်တွင် ဦးကြီးအရွယ် လူကြီးတယောက်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြ လာပါတော့သည်။

"သည်က ရှေ့မှာတော့ တပည့်တော်မ၏ သတိတရားများ လွင့်စင်သွားကြပါတော့သည်။ ခင်ပွန်းသည်နှင့် သားနှစ်ယောက် သေဆုံးစဉ်က ကြံ့ကြံ့ ခိုင်ခဲ့သေးသော တပည့်တော်မသည် မိဘနှစ်ပါးနှင့် မောင်ငယ်တို့ ဖြစ်အင်ကို ကြားရလေသောအခါ သွက်သွက်ခါမျှ ရူးသွားခဲ့ရပါတော့သည်။

## ရှုးမှန်းသိအောင် ဆောင်ရွက်ရေး

“ရှုးသွားရသည် ဆိုသော စကားမှာ ယခု သတိတရား ရလာ၍ ပြောနိုင်ခြင်းဖြစ်ပါသည်၊ ရှုးနေချိန်တုန်းကတော့ မိမိကိုယ်ကို ရှုးနေသည်ဟု မဆိုနိုင်ပါ။ ရှုးနေမှန်းကို မသိနိုင်ပါ။ ရှုးသောသူများအတွက် အဓိကသွား၍ ကုသရန်မှာ မိမိ ရှုးနေကြောင်းကို မိမိဘာသာပြန်၍ သိနိုင်ရေးပင် ဖြစ်ပါသည်။ မိမိ ရှုးနေကြောင်းကို သိသောအသိ ပေါ်လာသည်နှင့် ရှုးတုန်းက ရှုးခဲ့သောစိတ်များ ချုပ်ငြိမ်းပြီး ဖြစ်သွားကြပါလိမ့်မည်။

## ရှုးမှန်းသိ၍ သတိဝင်

“မိမိကိုယ်ကို မိမိရှုးနေမှန်း သိလိုက်ရသော အချိန်မှာကား ရှင်တော်မြတ်၏ ရှေ့မျောက်မှာ ဖြစ်ပါသည်။ ပရိသတ် ဗိုလ်ပုံအစုံ အလင်ရှေ့မှာ ဖြစ်ပါသည်။

“အို ဒုက္ခသည်မလေး **ပဋာစာရာ**၊ အဘယ်ကြောင့် အကျိုးမရှိ ဆင်းရဲတွင်း နက်နေရဘိသနည်း။ အို ပဋာစာရာ၊ သင်သည် သင့်ကိုယ်ကိုသင် တွေ့အောင်ရှာလေလော့”

“ရွှေနှုတ်တော်မှ ထုတ်ဖော်လိုက်သော စကားလုံးများသည် သောကပရိဒေဝ တံတိုင်းကြီးများကို ထိုးဖောက်နိုင်စွမ်း ရှိကြပါပေသည်။ မိန့်ကြားတော်မူသော စကားတော်အရ ကိုယ့်ကိုယ်ကို သတိနှင့် ယှဉ်ကြည့်လိုက်သည်တွင် မြင်မကောင်း ရှုမကောင်း ဖြစ်နေသည်ကို တွေ့ရပါတော့သည်။

## သတိနောက်မှာ အရှက်ပါ

"မောဟတည်းဟူသော အရှုံးရောဂါကြီး ဦးစီးနေစဉ်က တပည့်တော်မတို့သည် လောဘ နောက်သို့လည်း လိုက်မိကြပါသည်။ ဒေါသအလျောက် ကျူးလွန်ပြစ်မှားခဲ့မိကြပါသည်။ ကျူးလွန်စဉ်၊ လိုက်ပါစဉ်က အဟုတ်ထင်လာခဲ့လေသမျှ အရှုံးပျောက်ခါမှ အရှက်ကြီးစွာ ရလာကြပါသည်။

"မှုးနေစဉ်က ခါးဝတ်ဘလာ ဖြစ်နေခဲ့သော တပည့်တော်မသည် လတ်တလော ပေါ်ပေါက်လာသော သတိတရားကြောင့် ရှတ်တရက် ထိုင်ချလိုက်ရပါတော့သည်။ ထိုစဉ်ခိုက်တွင် တရားနာနေသော ဦးကြီးတယောက်က တဘက်ကြီးတထည် လှမ်းပေးလိုက်၍ အရှက်အကြောက် လုံစွာ တရားနာနိုင်ပါတော့သည်။ ဤတွင် ရှင်တော်မြတ်ဘုရားက မဟာကရုဏာ ပြဋ္ဌာန်းသော အသံတော်ဖြင့် ဤသို့ ဟောကြားတော် မူပါသည်။

## သူတို့သည် သင့်အတွက်မဟုတ်

"အိုဒုက္ခသည်မလေး ပဋာစာရာ၊ ကိုယ့်ဘဝဇာတ်လမ်းကိုမှတ်တမ်းပြုကာ သင်စေ့စေ့နာလေလော့။ သင်သည် လင်ကို အားကိုးခဲ့၏။ သားများကို တွယ်တာခဲ့၏။ မိဘမောင်ဘွားတို့ အရိပ်ကိုခိုလှုံမည်ဟု လှမ်းလာခဲ့၏။ သင်အားကိုးရမည့်သူများကား သင်၏အားကိုးမှုကို မခံယူကြကုန်။ သင်အားကိုးပြုရန်ဟူ၍ လူ့ဘဝထဲ

ရောက်လာကြခြင်း မဟုတ်ကုန်။ သေမင်းထံ အခွန်ဆက်သရန် ရောက်လာကြခြင်းသာ ဖြစ်ပေသည်။”

## ကံဆိုးမလေးအတွက် တရားမိုး

ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ ဟူသော စကားမှာ အရှင်မ ပဋာစာရာ၏ ဘဝဇာတ်လမ်းနှင့် ဆီလျော်လှပါ၏။ မိုးထဲလေထဲ မှာ ဒုက္ခမျိုးစုံ ကြုံတွေ့ရပြီးသည့် နောက်မှာလည်း မိုးတမျိုးနှင့် ကြုံရပေသေးသည်။ သည်မိုးကား သောကအပူ ဟူသမျှ အေးမြ စေသော တရားမိုး ပါတည်း။

ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားတော်မူစဉ်က သောင်း သောင်းဖျဖျ ခေါ်ခဲ့ကြသော သာဓုသံများသည် ယခု အရှင်မ ပဋာစာရာ ဟောပြီးချိန်မှာလည်း ထပ်တူထပ်မျှ ပဲ့တင်ရိုက်ခတ်၍ လာကြပါ၏။

[ပဋာစာရာထေရီ အပါဒါန်]

# လွှမ်းဇာတ်သိမ်းချိန် မိုးလင်းချိန်

### သူတို့ကား မလာကြသေး

အမျိုးသမီးများ သာသနာ့တာဝန် ထမ်းဆောင်ခွင့် ရရေးအတွက်
အချက်အချာ ကျသော နေရာမှ ကျွန်ုပ် အကျိုးဆောင်ခဲ့ရ၏။
ဆောင်ခဲ့ရသည့်အတိုင်း ဇေတဒဂ် ဂုဏ်ထူးဆောင် အရှင်မများ
ပေါ်ထွက်လာသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိ၏။ သို့ရာတွင်
ကျေပ်ပြည့်တင်းပြည့် ဝမ်းသာသည် ဟူ၍ကား မဆိုနိုင်သေးပါ။
ရောက်လာပြီးသော အရှင်မများအတွက် ဝမ်းမြောက် ဝမ်းသာ
ဖြစ်နေရဆဲတွင် မလာနိုင်သေးသူများအတွက် အောင့်သက်သက်
ဖြစ်နေရပါပေသည်။

## လမ်းခွဲခဲ့သူတို့ ပေါင်းဆုံရာ

ဘိက္ခုနီ သာသနာတော်ကြီး ပေါ်ထွန်းလာသည်နှင့် ဘဒ္ဒကာပိလာနီသည် ကျောင်းတော်သို့ ရောက်လာခဲ့၏။ ဇနီးမောင်နှံနှစ်ယောက် လမ်းခွဲလာကြပြီးနောက် အရှင်မဟာ ကဿပသည် ဘုရားရှင်နှင့် တွေ့ဆုံခဲ့၏။ ဘဒ္ဒကာပိလာနီမှာကား ရဟန်းပြုခွင့် မရှိသေးသဖြင့် ပရဗိုဇ်ရဟန်းကျောင်းတခုသို့ ချဉ်းကပ်ခဲ့ရ၏။

ပရဗိုဇ်ဟူသည်မှာ လူ့ဘောင်မှ ထွက်ခွာလာခဲ့သော ရဟန်းတမျိုးပင် ဖြစ်၏။ သာသနာတော်၏ ပြင်ပတွင် ကိုယ့်အယူဝါဒနှင့် ကိုယ်၊ ကိုယ့်အသိုက်အဝန်းနှင့်ကိုယ် နေထိုင်ကြသော ပုဂ္ဂိုလ်များ ဖြစ်၏။ ဘဒ္ဒကာပိလာနီသည် ထိုပုဂ္ဂိုလ်တို့ ကျောင်းတွင် အောင့်အည်း နေထိုင်ရာမှ အခွင့်ရသည်နှင့် အသော့အလျင် ပြေးလာခဲ့၏။ ပြေးဝင်လာ၍ မကြာမီမှာပင် အရှင်မဟာကဿပနှင့် ပြန်လည်ဆုံဆည်း ရပေတော့သည်။

အရှင်မဟာကဿပ မျက်မှောက်ပြုသော နိဗ္ဗာန်ကို အရှင်မ ဘဒ္ဒကာပိလာနီလည်း မျက်မှောက်ပြုရပေပြီ။ အရှင်မဟာကဿပ ရရှိသော အရဟတ္တဖိုလ်ကို အရှင်မ ဘဒ္ဒကာပိလာနီလည်း ရရှိပေပြီ၊ သာသနာ့ အရိပ်အာဝါသ အောက်တွင် စင်ကြယ်သော စိတ်နှလုံးဖြင့် ပေါင်းဆုံလာကြခြင်းပင် ဖြစ်ပေသည်။

[ဘဒ္ဒကာပိလာနီ ထေရီအပဒါန်]

## ဟိုတချိန်က ဇာတ်လမ်းတစ

အရှင်မ ဘဒ္ဒကာပိလာနီတို့၏ ဇာတ်ပေါင်းခန်းကို ချီးမွမ်းခန်းဖွင့်ကြလေတိုင်း ကျွန်ုပ်သည် သူတို့ကို အထူးတလည်မြော်လင့်မိ၏။

တကယ်တော့ဖြင့် သည်တံခါးကြီး ပွင့်လာလျှင် ပွင့်လာချင်း ဦးစွာပထမ သူတို့ရောက်လာသင့်၏။ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီတို့နှင့် အတူ မပါလာနိုင်လျှင် ရှိပါစေ။ သူတို့ပြီးလျှင်ကား သည်ညီအမတို့ အလှည့် ဖြစ်သင့်၏။ ဟိုတချိန်က သူတို့၏ ဇာတ်လမ်းတစကို သတိရသူတိုင်းလည်း ကျွန်ုပ်နည်းတူ မြှော်လင့်မိကြပါလိမ့်မည်။

တယောက်သောသူသည် မတွယ်မတာ ပစ်ခွာသွားလေသူ၏ သတင်းများကို နားစွင့်နေ၏။ ကြားရသော သတင်းများအရ ပစ်ခွာသူ၏ အပြုအမူများကို အတုယူ၍ ပြုခဲ့၏။

အလောင်းတော်မင်းသားသည် ဝတ်ကြောင်ပုဆိုးကို ပယ်စွန့်ကာ ဖန်ရေဆိုး အဝတ်များ ဝတ်ဆင်နေပြီဟု ကြားသည့်အချိန်မှစ၍ သူကလည်း ဖန်ရေဆိုးအဝတ်များ ဝတ်လာခဲ့၏။

အလောင်းတော်မင်းသားသည် ညစာမပါ၊ နံနက်စာ တထပ်တည်းသာ စားတော့ကြောင်း သိရသည်တွင် ဖွယ်ဖွယ်ရာရာ ချက်ပြုတ် ပြင်ဆင်ထားသော ညစာကို မျက်နှာလွှဲနေခဲ့၏။

အလောင်းတော် မင်းသားက ကုတင်ညောင်စောင်း မပါ၊ မြေပေါ်မှာ အိပ်တော့သည် ဆိုသဖြင့် သူကလည်း ကြမ်းပေါ်မှာ အိပ်ခဲ့၏။

အလောင်းတော် မင်းသားသည် ပန်းနံ့သာ လိမ်းကျံခြင်း မရှိတော့သဖြင့် မိန်းမသားတို့၏ သည်းခြေကြိုက် လိမ်းစရာ ခြယ်စရာများကို ပယ်စွန့်၍ ထားလိုက်ခဲ့၏။

## စောပါလျက် နောက်ကျနေသူ

သူများတွေက သာသနာ့အောင်လံကြီး တလူလူလွင့်ထူလာခါမှ ပျူပျူငှာငှာ ကြိုဆိုကြ၏။ သူကတော့ တောထဲ တောင်ထဲမှာ ပင်ပန်းကြီးစွာ တရားရှာနေစဉ် တုန်းကပင် သာသနာ့ အသွင် အပြင်ကို ဆင်မြန်းခဲ့ပေပြီ။ သာသနာ့ အလေ့အလာ များနှင့် အကျွမ်းတဝင် ဖြစ်နေပေပြီ။ သို့ပါလျက် ဦးစွာ ပထမ ဝင်လာကြသူများတွင် သူတယောက်ကား မပါလာခဲ့ပေ။

နောင်တော်ဘုရားအပေါ်၌ သူ့ဘက်က မြတ်မြတ်နိုးနိုး ရှိခဲ့သလိုပင် နောင်တော်ဘုရားကလည်း သူ၏ စေတနာ မေတ္တာကို အသိအမှတ် ပြုတော်မူပါသည်။ အလေးအမြတ် ပြုတော်မူပါသည်။ သူ့ခန်းဆောင်သို့ တမင်တကာကြွလာ၍ ကန်တော့ခံတော်မူခြင်းဖြင့် သူ့အပေါ်မှာ စေတနာမေတ္တာ ရှိမြဲရှိနေပုံကို ပြသတော် မူခဲ့ပါသည်။

ဤရွေ့ဤမျှသော အတိုင်းအတာဖြင့် ရှင်တော်မြတ်၏ အရေးတယူ အလေးမူခြင်း ခံခဲ့ရသော အမျိုးသမီးမှာ သူတဦးတည်းသာ ရှိပေသည်။ ထို့အတူပင် ရှင်တော်မြတ်အပေါ်မှာ သူတကာတို့နှင့်မတူ တမူထူးခြားသော မေတ္တာစေတနာထားခဲ့သူမှာလည်း သူတဦးတည်းသာ ရှိပါလိမ့်မည်။

အပြန်အလှန် အလေးအမြတ် ပြုခဲ့ကြသော မေတ္တာရှင် နှစ်ဦးတို့သည် ယခုထက်တိုင် တနယ်စီ ခြားနေကြဆဲဖြစ်၏။ ဘုရားရှင်သည် ဒေသစာရီ လှည့်လည်ရာမှ ယခု ဇေတဝန်ကျောင်းတော်

ဘွင် တထောက် နားတော်မူလျက်ရှိ၏။ တဖက်သော မေတ္တာရှင်မှာကား ကပိလဝတ်မြို့တော်မှာ ရှိမြဲရှိနေ၏။

## နန်းတော်ဟောင်းကြီးထဲက ညီအမ

ဤမှာဘက်မှ မေတ္တာရှင်သည် သမ္မာသမ္ဗုဒ္ဓ ဟူသော ဘွဲ့နာမတော်ဖြင့် လောကဓာတ်တခွင်လုံးတွင် တရားစည်မောင်း ရိုက်ညောင်း ကြွေးကြော်တော်မူလျက်ရှိ၏။ ဟိုတဖက်က မေတ္တာရှင်မှာကား ကပိလဝတ်၏နန်းတော်ဟောင်းကြီးထဲမှာ ညီမသည်နှင့်အတူ တွယ်ကပ်နေဆဲ ဖြစ်၏။

အမဖြစ်သူမှာ သားတယောက် ဖွားမြောက်ပြီးခါမှ အစွန့်အခွာခံရ၏။ ညီမဖြစ်သူမှာကား မင်္ဂလာ ဆောင်နေလျက်ကပင် အခွဲအခွာ ခံခဲ့ရ၏။ အမ၏စွန့်ခွာသူမှာ သူ့သဘောနှင့်သူ စွန့်ခွာသွားခဲ့၏။ ညီမ၏ စွန့်ခွာသူမှာကား သူ့သဘောနှင့်သူ မဟုတ်ပါချေ။ နောင်တော်ကြီး၏ အမိန့်အာဏာကို မလွန်ဆန်ရဲ၍သာ ဖြစ်၏။

နောင်တော်သည် ညကြီးသန်ကောင်မှာ ထွက်သွားသဖြင့် မည်သူမျှ မသိလိုက်။ ညီတော်မှာကား နံနက်ခင်းမှာ ထွက်သွားရ၏။ ပရိသတ်ဗိုလ်ပုံအားလုံး၏ ရှေ့မှာ ဖြစ်၏။

စွန့်ခွာသူ နှစ်ဖက်က ကွာခြားချက်များ ရှိသော်လည်း အစွန့်အခွာ ခံရသူများ ဘက်မှာကား ညီတူညီမျှပင် ဖြစ်ကြပေသည်။ မတွယ်တာ စွန့်ခွာသွားလေသူများအတွက် ညီတူညီမျှမျက်ရည်ကျကြကြရပေသည်။ မဆုံးနိုင်သော အလွမ်းဇာတ်များကို နှစ်ယောက်သား ခေါင်းချင်းဆိုင်၍ ခင်းနေခဲ့ကြရပေသည်။

## ဝမ်းနည်းသော်လည်း မေတ္တာမပျက်ပါ

အလွမ်းသည်မ နှစ်ယောက်တို့ အရှင်မြတ်တို့နှင့်ဝေးရာမှာ ချောင်ခို နေကြခြင်းမှာ တမင်တကာ ချောင်ခိုနေချင်၍ကား မဟုတ်နိုင်ပါ။ အစွန့်အခွာ ခံရသည့်အတွက် ဝမ်းနည်းပက်လက် ဖြစ်ခဲ့ရသည် မှန်သော်လည်း ညီတော်နောင်တော်တို့အပေါ်မှာ သူတို့၏ မေတ္တာစေတနာများ မကုန်ခန်းနိုင်ကြပါ။ နီးနီးကပ်ကပ် ဆက်ဆံခဲ့ဘူးသည်ဖြစ်၍ ကျွန်ုပ်နှမသည်များ၏ စိတ်သဘောကို ကျွန်ုပ် ကောင်းကောင်း သိပြီးဖြစ်ပေသည်။ ယခုအချိန်ထိ မပေါ်လာဘဲ နေကြခြင်းမှာ အကြောင်းတခု ရှိနေ၍သာ ဖြစ်ပေသည်။ မတတ်သာ၍ ခပ်ခွာခွာ နေကြရခြင်းသာ ဖြစ်ပေသည်။

## ညီနောင်နှစ်ပါး၏ ပြတ်သားမှု

နောင်တော်မြတ်သည် တဏှာမဖက်သော မေတ္တာသက်သက်ဖြင့် ယသော်ဓရာ ခန်းဆောင်သို့ ကြွချီတော်မူခဲ့၏။ သောကမပါသော မဟာကရုဏာဖြင့် စိတ်တိုင်းကျ ကန်တော့ခြင်းကို ခံယူတော်မူခဲ့၏။

ညီတော်မြတ်မှာလည်း အစပိုင်းမှာ သာသနာတော်၌ မပျော်ပိုက်ဘဲ ရှိခဲ့ရ၏။ သာသနာ့ အသိအမြင် စင်ကြယ်လာသည့်အချိန်မှာကား အပြီးအပိုင် ဘဝခြား၍ သွားတော့၏။ ဇနပဒကလျာဏီဟူသော အမျိုးသမီးတယောက်ကို သူ သတိရချင် ရဦးမည်ဖြစ်၏။ သူ့အာရုံထဲမှာ ပေါ်ချင်ပေါ်ဦးမည် ဖြစ်၏။ သို့သော် ထိုအာရုံ

ထဲတွင် ချစ်စရာ၊ ခင်စရာ၊ လွမ်းစရာ၊ ဆွေးစရာများကား ပါလာနိုင်ကြတော့မည် မဟုတ်ချေ။ သာမန် အမျိုးသမီးတယောက် အဖြစ်ဖြင့်သာ ရှုမြင်သုံးသပ်ပေလိမ့်မည်။

## ညီအမနှစ်ယောက်၏ သံယောဇဉ်

စွန့်ခွာသူများဘက်က ပြတ်ပြတ်သားသား ဖြစ်သွားကြချိန်တွင် ကျွန်ုပ်၏နှမသည်များမှာကား အမြင်တန်းနေကြဆဲဖြစ်၏။အဝတ်သင်္ကန်း ဆင်မြန်းထားကြပြီဖြစ်သော သူတော်မြတ်များကိုပင် သူတို့၏ ဟိုတုန်းက မောင်တော်များအဖြစ်ဖြင့် ရှုမြင်နေခဲ့ကြ၏။ ဟိုတချိန်က အရိပ်များကို ယောင်ရမ်းစမ်းကိုင် နေကြ၏။

အလောင်းတော်ကို အတုယူ၍ ပြုမူခဲ့လေသမျှလည်း ယသော်ဓရာတွင် ထိုစဉ်ကတည်းက နိက္ခမဓာတ် ကိန်းဝပ်နေ၍ မဟုတ်နိုင်ပါ။ သူ့အလွမ်းဝေဒနာကို သူ့ဘာသာ ကုစားနေခြင်းသာ ဖြစ်ပါလိမ့်မည်။ လွတ်ရာကျွတ်ရာ စွန်ခွာသွားလေသူ။ သည်သူနှင့် တစုံတရာ ပတ်သက်နေသေးသယောင်ယောင် သူ့စိတ်ကို သူ လှည့်စား၍ နှစ်သိမ့်နေခြင်းသာ ဖြစ်ပါလိမ့်မည်။

## ပြတ်လေပြီးသော သံယောဇဉ်

ယခုတော့ ဤလို နှစ်သိမ့်၍ မရနိုင်ကြတော့ပြီ။ သူတို့၏ မောင်တော်များ မဟုတ်တော့ပြီ။ လောကလူသား အများစုတို့၏ ဆရာ

သခင် ကျေးဇူးရှင်ကြီးများ ဖြစ်နေပေပြီ။ သားတော်လေး ရာဟုလာသည်ပင် သူတို့နောက်ပါးမှ ဘဝါးခြေထပ် လိုက်ပါသွားပေပြီ။ မယား သံယောဇဉ် ကင်းစင်ပြီးသော ပုဂ္ဂိုလ်အား သား သံယောဇဉ်ဖြင့် အမြင်တန်းလာစေရန်လည်း မတတ်နိုင်တော့ပါပြီ။

လက်ရှိ အခြေအနေအရ သူတို့နှင့် အရှင်မြတ်များ ကြားဝယ် အတွယ်အတာများဟူ၍ လုံးဝမရှိတော့ပေ။ နောက်နောင်လည်း ရှိလာလိမ့်မည် မဟုတ်ပါပေ။ သို့ပါလျက် ကျွန်ုပ်၏နှမသည်များသည် ပစ္စုပ္ပန်ကိုလည်း ငြင်းဆန်ကြဘိ၏။ အနာဂတ်ကိုလည်း ကျောခိုင်းဘိ၏။ သူတို့ မျက်နှာမူနေသည်ကား ဟိုအတိတ်ဆီက အရိပ်များပင် ဖြစ်ပေသည်။

## တမ်းတလျှင် လွမ်းရမည်

တရားသဘောဖြင့် သုံးသပ်ကြပါက အတိတ်ဟူသည်မှာ မရှိတော့သော တရားသာ ဖြစ်၏။ အကြောင်းအားလျော်စွာ ဖြစ်တုန်းက ဖြစ်ခဲ့ဘူး၍ ယခုလောလောဆယ်မှာကား ကင်းခဲ့ပြီ၊ ရှင်းခဲ့ပြီ ဖြစ်၏။ အတိတ်က အကြောင်းတရားများကို မိမိက မည်မျှပင် တမ်းတနေသော်လည်း လွန်လေပြီးသော အတိတ်တရားတို့သည်ကား တကြော့တဖန် ပြန်လာကိန်း မရှိပေ။ အတိတ်ကို တမ်းတနေဆဲတွင် တမ်းတသော စိတ်များသာ ဖြစ်ပေ၍ နေကြမည် ဖြစ်၏။ တမ်းတလျှင်ဖြင့် လွမ်းရသော ဝေဒနာတို့မှ ရှောင်လွှဲ၍ မရနိုင်ပါ။

## စိတ်ထဲက မောင်တော်များ

အလွမ်းပြေလေမည်လားဟု တမ်းတနေသမျှ အလွမ်းဝေဒနာ တိုးစေဘိုသာ ဖြစ်ဘိ၏။ ဤဝေဒနာတို့၏ မြစ်ဖျားခံရာသည် သူတို့ အပေါ် စိမ်းကားသွားလေသော မောင်တော်များသာ ဖြစ်ဘို၏။ သို့ပါလျက် သူတို့ခမျာမှာ သူတို့စိတ်ထဲက မောင်တော်များကို သံယောဇဉ် မပြတ်နိုင်ကြရှာ။ ဤသို့ သံယောဇဉ်မပြတ်နိုင်၍ပင် ဘုရားရှင်ကို ခပ်ရှောင်ရှောင် နေလာခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ ပရိသတ် ဗိုလ်ပုံအလယ်တွင် ဣန္ဒြေပျက်မိမည် စိုးသောကြောင့် ဖြစ်ပါလိမ့်မည်။

## မောင်နှမချင်း ဆုံမိလျှင်

ကောင်းပါပြီ။ ကြေးနှင့် ရွှေကို ဂဟေမစပ်ထိုက်တော့၍ ခပ်ကွာကွာ နေလာခဲ့သည်ကို ကျွန်ုပ်က အပြစ်ဆိုစရာ မရှိပါ။ သို့ရာတွင် သည်တခါ ကပိလဝတ် ရောက်ဖြစ်လျှင် သူတို့ကို ကျွန်ုပ် မေးစရာ တွေကား ရှိနေပေသည်။ မောင်နှမချင်းဖြစ်၍ ပွင့်ပွင့်လင်းလင်းပင် မေးရပါလိမ့်မည်။

## ကြည့်မကောင်းသော ဇာတ်မျောကြီး

"ငါ့နှမ ယသော်ဓရာ၊ ငါ့နှမ ဇနပဒကလျာဏီ၊ သင်တို့ခင်းလာသော အလွမ်းဇာတ်ကြီးများက ရှည်လှပြီ၊မျောလှပြီ၊ ဇာတ်ခင်းသည် ဆိုရာတွင် အမှောင်ရိပ်လွှမ်းသည့် ညချမ်းအချိန်မျိုးမှာသာ

ကြည့်၍ ကောင်းသည်။ ယခု မိုးစင်စင်လင်းလာသည်အထိ သည် အလွှမ်းဇာတ်ကြီးက မသိမ်းနိုင်သေး။

"ငါ့နှမများတို့၊ သေသေချာချာ နားထောင်ကြစမ်း။ သည် အလွှမ်းဇာတ်၏ အရင်းခံမှာ သင်တို့စိတ်ထဲက မောင်တော်များ ပင် မဟုတ်ပါလား။ ဟိုစဉ်တုန်းက အတုံ့အလှယ် ချစ်ကြိုးသွယ် ခဲ့ရသော အရိပ်နိမိတ်များပင် ဓဟုတ်ပါလား။ သည်အရိပ်နိမိတ် များ နောက်သို့ ကောက်ကောက် ပါအောင် လိုက်နေရင်းနှင့် အလွှမ်းဇာတ်ကြီး ပြီးဆုံးသွားမည်ဟု သင်တို့ ထင်နေကြလေ သလား။

## သည်တခါ ဇာတ်သိမ်းကြစို့

"ဇာတ်သိမ်းခြင်း ဆိုသည်မှာ ကြည့်မကောင်းတော့သော ဇာတ် ထုပ်ကြီး များကို ဆက်၍ မကတော့ခြင်းပင် ဖြစ်၏။ အတိတ် အနာဂတ် ဇာတ်လမ်းများနှင့် အဆက်ဖြတ်ကာ ပစ္စုပ္ပန်သန့်သန့် မှာ ရပ်တည်ခြင်း ဖြစ်၏။ ပစ္စုပ္ပန် သန့်သန့်မှာသာ ရပ်တည်နေ လိုက်ပါက လွှမ်းစရာလည်း မရှိပေ။ ဆွေးစရာလည်း မရှိပေ။ ဤအခြေအနေသို့ ရောက်ရှိရန် ချောင်ကြားကုတ်နေရုံဖြင့် သင်တို့ စွမ်းနိုင်ကြပါမည်လား။

## မောင်တော်များ၏ သက်န်းရိပ်တွင်

"အတိတ်က အရိပ်များကို လိုက်ဖမ်းနေခြင်းဖြင့် သင်တို့သည် အလွှမ်း ဇာတ်ရှည်ကြီးများမှာ မျောပါနေကြ၏။ ထိုဇာတ်မျော ကြီးများမှ ကယ်ထုတ်နိုင်သူတို့မှာလည်း သင်တို့၏ မောင်တော်

များမှ တပါး အခြားသူ မရှိနိုင်ပါ။ သို့ရာတွင် ထိုမောင်တော်များမှာ သင်တို့၏စိတ်ထဲက အရိပ် မောင်တော်များ မဟုတ်ကြပါ။ ယခု ဇေတဝန်ကျောင်းတော်မှာ ရှိနေကြသော အရှင်မြတ်များသာ ဖြစ်ပေသည်။ ထိုမောင်တော်များ၏ သက်နန်းရိပ်တွင် အပြစ်ကင်းစင်သော နှမများအဖြစ် သင်တို့ မဝင်လာကြတော့ပြီလား”

ကပိလဝတ်မှ ထွက်ခွာလာခဲ့သည်မှာ တော်တော်ကြာခဲ့ပါပြီ။ အချိန် ကြာလာသည်နှင့်အမျှ ပြောစရာတွေကလည်း တသီကြီး ဖြစ်လာကြပေသည်။ သည့်ထက်ကြာလျှင် သည့်ထက် တိုးလာကြပေဦးမည်။

သို့ရာတွင် သည်မေးခွန်းများ သည်ထက် တိုး၍ မလာနိုင်တော့ပါ။ စီစဉ်ထားပြီး ဖြစ်သော မေးခွန်းများကိုပင် မေးမြန်းခွင့် မရလိုက်တော့ပါ။

## နှမများကို ကြိုဆိုပါ၏

ဟိုစဉ်က ကိုယ့်အကြောင်းနှင့်ကိုယ် ခပ်ရှောင်ရှောင် နေလာခဲ့သော နှမသည်များ၊ ယခု ဇေတဝန်ကျောင်းတော်သို့ လိုက်လာကြပါပြီ။ သူတို့ချစ်မြတ်နိုးသော မောင်တော်များရှိရာသို့ ညီအမနှစ်ယောက် လက်တွဲ၍ ရောက်လာကြပါပြီ။

လွှမ်းဇာတ်သိမ်းရန် အချိန်တန်၍ လမ်းမှန်သို့ လိုက်လာခဲ့ကြသော နှမသည်များအား ကျွန်ုပ်နှင့်ရာဟုလာတို့က ကျောင်းတော်ဝမှ ဆီးကြိုဆိုလိုက်ကြရပေသည်။

[အင်္ဂုတ္တရ အဋ္ဌကထာ၊ ကေကနိပါတ်၊ ဘဒ္ဒကစ္စာနာထေရီဝတ္ထု]

# ကန်တော့ခန်းမှ ဇာတ်ပေါင်းခန်းသို့

## လောကကို မပစ်ပယ်

ဟိုယခင်က ကျွန်ုပ်တို့ နောင်တော်ကြီးဘုရားသည် ယသော်ဓရာ၏ ခန်းမဆောင်သို့ ကြွချီတော်မူခဲ့ရ၏။ အများတကာတို့ထက် ထူးခြားသော စေတနာရှင် မေတ္တာရှင်သည် အများတကာတို့ထက် ထူးထူးခြားခြား ပူဇော်ကန်တော့လိုနေသည် ဖြစ်ရာ မဟာကရုဏာရှင်ကလည်း သူ့အလိုကို လိုက်လျောတော်မူခဲ့ရပေသည်။ ဆုံးခန်းတိုင်ရောက် တရားပေါက်ပြီး လောကုတ္တရာ ဉာဏ်ကြီးရှင်သည် လောက အကြောင်းကိုကား ပစ်ပယ်တော် မမူပါချေ။

လောကကို လောကလိုသိ၍ လောကနှင့် လိုက်လျောစွာ ကျင့်သုံးတော်မူခဲ့သည်သာ ဖြစ်ပေသည်။

ဤသို့ လောကအလိုကိုလိုက်၍ အထိုက်အလျောက် ကျင့်သုံးတော်မူခဲ့ခြင်းသည်ပင် လောကုတ္တရာလမ်းစကို ခင်းပေးတော်မူလိုက်ခြင်းလည်း ဖြစ်ပါ၏။ ယသော်ဓရာတို့ ညီအမ ကျောင်းတော်ဝရောက်လာခါမှ ကျွန်ုပ်သည် ဤဇာတ်လမ်းများကို ဆက်စပ် စဉ်းစား မိပါတော့သည်။

## ဘေးမခသော မေတ္တာရေ

ဇာတ်ရည် မလည်ခင်တုန်းက အံ့ဩစဖွယ် အတွေးကြွယ်ခဲ့ရသော ဇာတ်ကွက်များသည် ဇာတ်ရည် လည်လာချိန်မှာကား နှစ်သက်စဖွယ်၊ ကြည်နူးစဖွယ် ဖြစ်လာကြပေသည်။

ယသော်ဓရာသည် ဟိုစဉ်တုန်းက သူများနည်းတူ ညီလာခံခန်းမသို့ မလာရောက်ခဲ့။ သကျတို့၏ ဂုဏ်ထူးဆောင် ပဂ္ဂိုလ်အဖြစ်ဖြင့် ညီညာဖျဖျ ပူဇော်လာကြသူတို့တွင် သူတယောက်ကား မပါဝင်ပေ။ သူ့မေတ္တာ၊ သူ့စေတနာ၏ တန်ဘိုးကို အားကိုးယုံကြည်စိတ်ဖြင့် သူ့ ခန်းဆောင်ကပင် စောင့်စား၍ နေခဲ့၏။ ဤသို့ နောင်တော်ဘုရား၏ အကြွအလာကို စောင့်စားနေခဲ့သူသည် ယခုတော့ ညီမနှင့်အတူ နောင်တော်မြတ်ရှိရာ လိုက်ပါ၍လာရချေပြီ။ ဟိုစဉ်တုန်းက မျက်ရည်လည်ရွဲ ငိုပွဲဆင်၍ ကန်တော့ခဲ့သူသည် ယခုတော့ ကြည်သာအေးမြ ဘေးမခသော မေတ္တာရေဖြင့် ပူဇော်ကန်တော့နိုင်ပေပြီ။

## ပေါင်းချင်သမျှ ကွဲကွာရ

အနော်မာ သောင်သို့ နောင်တော်မြတ် ထွက်ခွာတော် မူပြီး နောက် ယသော်ဓရာသည် နောင်တော်မြတ်၏ အပြုအမူများကို အတုယူခဲ့ပါ၏။ နောင်တော်မြတ်ကဲ့သို့ ဖန်ရေဲဆိုးသော အဝတ် များ ဝတ်ခဲ့၏။ ညစာမပါ တထပ်စာသာ စားသောက်ခဲ့၏။ အတင့်အတယ် လိမ်းခြယ်ပန်ဆင်မှုများ မပြုတော့ဘဲ ကုတင်မပါ ကြမ်းပြင်ပေါ်မှာသာ အိပ်စက်ခဲ့၏။ သို့ရာတွင် ဤအပြုအမူတို့ဖြင့် အပူမငြိမ်းနိုင်ရှာပါ။ ဤအပြုအမူတို့သည် စွန့်လေသူ ခွာလေသူ အား ယူငင်တမ်းတသော စိတ်များ၏ အရိပ်နိမိတ်တို့ဖြစ်ရာ အယူ မသိမ်းသမျှ အပူမငြိမ်းသည်မှာ သစ္စာတရားအတိုင်း ဖြစ်ပေသည်။

ရှင်တော်မြတ်၏ အရိပ်အာဝါသအောက် ရောက်ပြီး၍မကြာ မီမှာပင် ယသော်ဓရာသည် ဤသစ္စာတို့ကို ပြောင်ပြောင်စင်စင် သိမြင်သွားပေသည်။ ဟိုယခင်က ပေါင်းချင်ဆုံချင်၍ ပြုခဲ့လေ သမျှကွဲ ကွာရဘို့ချည့် ဖြစ်ခဲ့၏။ ပေါင်းချင်ဆုံချင်သော သမုဒယ တို့ကြောင့် မပေါင်းရလေခြင်း၊ မဆုံရလေခြင်းဟူသော လွမ်းရ ဆွေးရ စိတ်ဒုက္ခတို့ကိုသာ ခံစားခဲ့ရ၏။

## အမှန်သိလျှင် မပေါင်းချင်

ယခုတော့ ဤသစ္စာတရားတို့၏ အကြွင်းမဲ့ မှန်ကန်သောသဘော ကို ယသော်ဓရာ သိပေပြီ။ သမုဒယနှင့် အကြောင်းပြုပေးလေ သမျှ ဒုက္ခမှလွဲ၍ အခြားလမ်း မရှိတော့ပြီ။ သို့ဖြစ်၍ ရှုံစရာ စက်ဆုပ်စရာကောင်းလှသော ဒုက္ခအပေါင်းမှ လွတ်မြောက်ရေး

မှာလည်း ဤသမုဒယကို ပယ်စွန့်ခြင်းမှတပါး အခြားလမ်း မရှိတော့ပြီ။

ဒုက္ခ၏ အကြောင်းရင်းခံဖြစ်သော ဤသမုဒယသည်လည်း အကြောင်းကင်း၍ မဖြစ်နိုင်ပါချေ။ ဤအကြောင်းပြုလျှင် ဤအကျိုးပေါ်မည်ဟူ၍ အသိမပိုင်သေးသောကြောင့်သာ သမုဒယ ပွားစည်းခဲ့ရ၏။ သမုဒယ ပွားစည်းသဖြင့် ဒုက္ခကြီးစွာ ခံစားခဲ့ရ၏။ အကြောင်းမှန်ကို ဧကန်တိတိ အပိုင်သိလာပြီဖြစ်သော ယခုအခါတွင်ကား သမုဒယ မပွားစည်းနိုင်တော့ပါ။ ပေါင်းချင်ဆုံချင်သောစိတ်များ ဖြင့်ပေါ်မလာနိုင်တော့ပါ။

## ထာဝရ ဇာတ်ပေါင်းခန်း

ပေါင်းချင် ဆုံချင်သော သမုဒယကို ပယ်စွန့်လိုက်သည်နှင့် တပြိုင်နက် ကျွန်ုပ်၏ နှမသည်သည် သူချစ်မြတ်နိုးလှသော နောင်တော်ကြီးဘုရားနှင့်တကွနက် ပေါင်းဆုံမိပေတော့သည်။လွမ်းတပူဆွေးငိုကြွေးရခြင်း မရှိသော သုခရိပ်မြုံမှာ ခိုလှုံခွင့် ရလိုက်ခြင်းသည် ကွဲကွာခြင်း မရှိနိုင်တော့သော ပေါင်းဆုံခြင်းပင် ဖြစ်ပေသည်။ မိမိ၏ ချစ်သူခင်သူများနှင့် အစဉ်ထာဝရ မခွဲမခွာ ပေါင်းဆုံလိုသူတိုင်းသည် ထိုမေတ္တာရှင်၊ ထိုကရုဏာရှင်တို့၏ စံနမူနာကို အရ ယူသင့်ကြပေသည်။

## ဇာတ်ပေါင်းခန်းသည် ဇာတ်လမ်းအစ

လေးစားအပ်သော အရှင်မြတ်ကြီးနှင့် ချစ်ခင်အပ်သော အရှင်မတို့နှင့် ပတ်သက်၍ ရှေ့အခန်းများမှာ တော်တော်များများ

တင်ပြခဲ့ပါပြီ။ အချို့အကြောင်းအရာများမှာ သံသရာချဲ့ထွင်ရေး ဘက်ကို အလေးသာသည်ဟု ထင်စရာရှိပါ၏။ သို့သော် ကျွန်ုပ် တင်ပြလိုရင်းမှာ ထိုအကြောင်းအရာများ မဟုတ်ပါ။ သုခရိပ်မြုံ မှာ ပေါင်းဆုံလာကြသော ဤအခန်း ပေါ်လွင် ထင်ရှားရေး အတွက် ထိုအကြောင်းအရာတို့ဖြင့် အထောက်အကူပြုခဲ့ခြင်းသာ ဖြစ်ပါသည်။ ကျွန်ုပ်၏ တသက်တာမှတ်တမ်းတွင် အမှတ်တရ တင်ပြ လိုရင်းကား သည်ဇာတ်ပေါင်းခန်းသာ ဖြစ်ပေသည်။ သည်ဇာတ်ပေါင်းခန်းသည်ပင် ကြည်သာအေးမြ ဘေးမခသည့် မေတ္တာဇာတ်လမ်း၏ အစလည်း ဖြစ်ပါပေသည်။

## အရှင်မ ဘဒ္ဒကစ္စာနာ

ငယ်စဉ်ကတည်းက နှုတ်ကျိုးလာခဲ့သော နာမည်ဖြင့် ယသော်ဓရာ ဟူ၍ ခေါ်ဝေါ်လာခဲ့သော်လည်း ကျွန်ုပ်၏သီတင်းသုံးဖော်များ သည်ကား ကျွန်ုပ်၏နှမသည် ထေရီမကို ဤနာမည်ဖြင့် မခေါ် ဝေါ်ကြတော့ပါ။ မယ်တော်ကြီးထံတွင် ရဟန်းခံပြီးသည့် အချိန် မှစ၍ အရှင်မ ဘဒ္ဒကစ္စာနာဟူ၍သာ မြတ်နိုးစွာ ခေါ်ဝေါ်၍ လာခဲ့ကြပေသည်။

## အရှင်မ ဘဒ္ဒကစ္စာနာ၏ တေဒဂ်

အရှင်မ ဘဒ္ဒကစ္စာနာဟူ၍ သာသနာတော်တွင်း၌ ဂုဏ်သတင်း ဝေဆာခဲ့ခြင်းတွင် ဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့ ပါကြ ပေမည်။ သို့သော် အဓိကကျသော အကြောင်းတရားတို့ကား

သာသနာ့ဘောင် ရောက်ပြီးမှဖြစ်၏။ မဂ်လေးတန် ဖိုလ်လေးတန်ကို မပင်မပန်းဘဲ ရရှိရုံမျှမက အဘိညာဉ်တန်ခိုး ကြီးမားသော အရာတွင်လည်း "ဧတဒဂ်" ဂုဏ်ထူးကြီးကိုလည်း ဆွတ်ခူးခဲ့ပါသေးသည်။ ဗိန်နားတောင်းက အရောင် တောက်ပသလောက် ကျွန်ုပ်နှမသည်၏ ပါးပြင်ကလည်း ဖြူစင်ပြောင်ဝင်းကြောင်းကို ကျွန်ုပ်က ဂုဏ်တင်လိုက်ရပါသည်။

[အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧကကနိပါတ်၊ ဘဒ္ဒကစ္စာနာထေရီဝတ္ထု]

# ရာဟုလာတို့ သားအမိ

## မသိမှုသည် ပြဿနာ

ကျွန်ုပ်တို့ ရောက်ခဲ့လေရာ အရပ်တွင် တရားသဘောနှင့် ပတ်သက်၍ မကျေညက်သေးသူများကို မကြာခဏ တွေ့ကြုံရတတ်၏။ များသောအားဖြင့် ရဟန္တာပုဂ္ဂိုလ်များနှင့် ပတ်သက်၍ အထင်မှား အမြင်မှား ဖြစ်နေတတ်ကြပေသည်။

ကျွန်ုပ်၏ သီတင်းသုံးဖော်များတွင် တချို့မှာက ရဟန္တာအဆင့်သို့ ရောက်ကြပြီဖြစ်၍ တချို့မှာကား သာမန်ရဟန္တာမျှ မဟုတ်ဘဲ အဘိညာဉ် တန်ခိုးရှင်များ ဖြစ်နေကြ၏။ အဘိညာဉ်ရ အရှင်တို့၏ တန်ခိုးပြာဋိဟာကို ဖူးမြင်ရဘူးသူတို့သည် ရှိသမျှ ကိစ္စ

အဝဝကို ထိုအဘိညာဉ်တန်ခိုးဖြင့် ဖြေရှင်းနိုင်လိမ့်မည်ဟု ထင်မှတ်ကြ၏။ တချို့ကလည်း ဒုက္ခငြိမ်းရာ နိဗ္ဗာန်တရားကို ရပါလျက် နာကျဉ်ကိုက်ခဲမှု ဒုက္ခတွေ ရှိရသေးသလောဟု စောဒကတက်ကြ၏။ တရားဝေး နားဝေးသူများကို ဖြေရှင်းရ ခက်ဘိတောင်း။

## ဒုက္ခငြိမ်းရာနှင့် ဒုက္ခတုံးကြီး

တကယ်တော့ဖြင့် နိဗ္ဗာန်တရားတော်ကြီးတွင် ဒုက္ခဟူ၍ မြူမျှ မရှိပေ။ ဒုက္ခဟူ၍ အရိပ်အယောင်မျှ မရှိပေ။ သို့သော် ထိုနိဗ္ဗာန်ကို မျက်မှောက်ပြုသူတို့မှာကား ဒုက္ခအားလုံး ငြိမ်းနိုင်ကြပါ။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်များ ဖြစ်ကြသဖြင့် နာကျင်ကိုက်ခဲမှုကို မလွဲသာမရှောင်သာ ခံကြရ၏။ ဆာလောင် မွတ်သိပ်မှုကြီးက ဖိစီးနှိပ်စက်သဖြင့် နံနက်တိုင်း ဆွမ်းခံထွက်နေကြရ၏။

သူတို့ ရရှိခဲ့သော မဂ်တရားတို့သည် စိတ်ပူ စိတ်ကြမ်း စိတ်သရမ်းဟူသော ကိလေသာတို့ကိုသာ ပယ်နိုင်၏။ ရုပ်ပူ ရုပ်ကြမ်း ရုပ်သရမ်းဟူသော ဒုက္ခဝေဒနာတို့ကိုကား မဂ်ကလည်း မပယ်နိုင်။ ဈာန်အဘိညာဉ်တန်ခိုးဖြင့် တခါတရံ ကာကွယ်နိုင်ခဲ့သော်လည်း အခါခပ်သိမ်းကား မစွမ်းနိုင်ကြပေ။ ပုရိမတဏှာ၏အကျိုးတရားတို့ကို ဆေးဝါးဓာတ်စာဖြင့် ပြုပြင်နိုင်သမျှ ပြုပြင်ကာ ပြုပြင်၍ မရသည်ကိုကား သတိသမ္ပဇဉ်ဉာဏ်ယှဉ်၍ သည်းခံကြရပေလိမ့်မည်။

[ ဣတိဝုတ်၊ နိဗ္ဗာနဓာတုသုတ်၊ သဥပါဒိသေသနိဗ္ဗာန်အပိုင်း ]

## တန်ခိုးရှင်၏ လေနာရောဂါ

ဤသဘောသွားကို ဥဏ်ကျက်စားမိလျှင်အရှင်မဟာဒ္ဒကစ္စာနာ၏ ဖြစ်အင်ကို နားလည်နိုင်ပါလိမ့်မည်။ ခိပ္ပါဘိညာ တေဒဂ်ရသည့် အရှင်မ တပါးပင် ဖြစ်ပါသော်လည်း သူ့ခမျာမှာ ကာယိက ဒုက္ခ မကင်းရှာပါ။လူ့ဘဝမှာကတည်းက ရရှိထားသော လေနာ ရောဂါသည် အဘိညာဉ်တန်ခိုးရှင်ဘဝ ရောက်သည်ထိ လိုက်ပါ လာ၏။ လူ့ဘဝမှာတုန်းကတော့ ရောဂါနှင့်အတူ ဆေးလည်း ရှိခဲ့၏။ လေနာရောဂါ ထကြွလာသည်နှင့် သက်ဆိုင်ရာ ခတ်စာ ကို လွယ်လင့်တကူ စီမံ၍ရခဲ့၏။ ရောဂါနှင့်သင့်သော ခတ်စာကို စားရသဖြင့် ဝေဒနာဒဏ်ကို ကြာရှည်စွာ မခံစားရပေ။

## သူတကာ လှူသမျှဖြင့်

ယခုတော့ အစားအစာနှင့် ပတ်သက်လာလျှင် မိမိဘာသာ စီမံ ဖန်တီးခွင့် မရှိတော့ပေ။ ဆင်းရဲချမ်းသာမရွေး အိမ်ပေါက်စေ့ ဆွမ်းခံ၍ ရသမျှဖြင့်သာ ရောင့်ရဲရ၏။ ဆွမ်းတကာ တကာမတို့ လောင်းလှူသမျှတွင် သူနှင့် သင့်လျော်သည်လည်းပါ၏။ မသင့် လျော်သည်လည်းပါ၏။ တကာ တကာမတို့ သဒ္ဓါ၍လှူသော ဆွမ်းကို ''ငါနှင့် မသင့်''ဟူ၍ ငြင်းပယ်ရန် မသင့်ပါ။ ''ငါ့မှာ ဘာနှင့်သင့်၍ လောင်းလှူပါ''ဟူ၍ နှုတ်မြွက် အလှူခံခွင့်လည်း မရှိပါ။ ဆွေမျိုးရင်းချာလည်းမရှိ။ ပစ္စည်းလေးပါး ဘိတ်ကြား

ထားသူလည်း မရှိသော တရပ်တကျေးတွင် အရှင်မခမျာ လေနာရောဂါကို မခံသင့်ဘဲ ခံစားရ၍နေရပေသည်။ နဂိုက အနေအထားနူးညံ့ခဲ့သူ ဖြစ်၍လည်း မသင့်သော အစားအစာဒဏ်ကို သူများထက် ပို၍ ခံစားရဟန်တူပါသည်။

## အနာသိလျှင် ဆေးရှိသည်

သည်အကြောင်းကိုသာ ကျွန်ုပ် စောစောသိရလျှင် သည်ဝေဒနာကို သည်လောက်ကြာကြာ မခံစားရပါ။ လူ့ဘဝမှာကတည်းက တရင်းတနှီး နေလာခဲ့၍ သည်ဝေဒနာနှင့် သင့်လျော်သော ခာတ်စာကို ကျွန်ုပ် အဘပ်သိပြီး ဖြစ်ပါသည်။ သို့ရာတွင် အရှင်မကလည်း ကျွန်ုပ်တို့ထံ သတင်းမပို့။ ရဟန်းမများအား ဆိုဆုံးမရန် အလှည့်မကျုံသေး၍ ကျွန်ုပ်လည်း သူတို့ရှိရာ သီးခြားကျောင်းသို့ မရောက်ဖြစ်ခဲ့။ သူတို့ကျောင်းမှ ညှိုးငယ်စွာ ပြန်လာသော ရာဟုလာကြောင့်သာ ကျွန်ုပ် သိခွင့်ရပေသည်။

## ရာဟုလာနှင့် မဟာမိခင်

ခမည်းတော်ဘုရား အမိန့်တော်ဖြင့် ရှင်သာမဏေ ဖြစ်လာခဲ့ရသော်လည်း ရာဟုလာမှာကား မယ်တော့်အပေါ် သံယောဇဉ် မပြတ်နိုင်ရှာပါ။ ယခုတော့ သားရော မိခင်ပါ ဘဝတူ ဖြစ်လာကြရပြီမို့ နေ့စဉ်နေ့တိုင်း တွေ့ဆုံခွင့်ရပေပြီ။ ကွဲကွာခဲ့ရသော

အချိန်ကာလတွေ ကြာမြင့်သည်နှင့် ထေမိအောင် မယ်တော့် ထံပါးတွင် ခပ်ကြာကြာလေး နေပြီးမှ ပြန်လာတတ်ပေသည်။

ရာဟုလာက မယ်တော်အဖြစ်ဖြင့် တွယ်တာနေခဲ့သော်လည်း မယ်တော်မှာကား သူ့မယ်တော် မဟုတ်တော့ပါ။ ရာဟုလာ တပါးတည်းကိုသာ မဟုတ်။ သူနှင့် သက်တူရွယ်တူ လူငယ်လုံမ ငယ်အားလုံးကို မြင့်မြတ်သော ဗြဟ္မစိုရ်စိတ်ဖြင့် ထပ်တူထပ်မျှ ချစ်တတ်နေပါပြီ။ ရာဟုလာတပါးတည်း၏ မိခင် မဟုတ်တော့ဘဲ လူငယ်လုံမငယ် အားလုံး၏ မဟာမိခင်ကြီးဟု ဆိုရပါတော့မည်။

## သားအမိနှစ်ပါး၏ ဝေဒနာနှစ်မျိုး

မဟာမိခင်ကြီးက မိမိ၏ ဝေဒနာကို သတိသမ္ပဇဉ်ဖြင့် သည်းခံနေနိုင်သော်လည်း ရာဟုလာကား ဟန်မဆောင် နိုင်ရှာပါ။ ယခု ဆယ်ကျော်သက် အရွယ်တွင် အရုပ်အမောင်း တော်တော်ထွက် လာသော်လည်း ငယ်မူငယ်သွေးကား မပျောက်သေးပါ။ သို့ဖြစ်၍ မယ်တော်၏ ရုပ်ဝေဒနာသည် သူ့စိတ်ပေါ်သို့ ကူးစက်လာနိုင်ခြင်း ဖြစ်ပေသည်။

ရာဟုလာတို့ သားအမိ၏ ဝေဒနာနှစ်မျိုးလုံးကို သိရသည်နှင့် ကျွန်ုပ်သည် စင်စင်ဆေးထားသော သပိတ်ကို လှမ်းကြည့်လိုက်မိ၏။ ရဟန်းတို့ အားအကိုးရဆုံးမှာ သည်သပိတ်ပင် မဟုတ်ပါလော။ သည်သပိတ်ဖြင့် ဝမ်းသမုဒ္ဒရာ အူဂင်္ဂါကို နေ့စဉ် အစာ ကျွေးနိုင်ခဲ့၏။ သည်သပိတ်ဖြင့်ပင် ရာဟုလာတို့သားအမိကို ကူညီ ရပေဦးမည်။

## ရာဟုလာတို့ ဆရာတပည့်

သပိတ်သက်နံ့များ ဝတ်ရုံပြင်ဆင်၍ ကျောင်းသခ်မ်းထဲမှ ထွက်အသာဘွင် ကျွန်ုပ်သက်ဦးစွာ ထွက်ခွာသွားသူတဦး ရှိနေပါ၏။ ထိုသူကား အရှင်မဟာ သာရိပုတ္တရာ ကိုယ်တော်ကြီးပါတကား။

"ရာဟုလာ၊ အရှင်မြတ်ကြီးထံ သည်အကြောင်း လျှောက်သွားခဲ့ပြီးပြီလား"

"ပြီးခဲ့ပါပြီ အရှင်ဘုရား"

"ကောင်းလေစွ ရာဟုလာ။ ကောင်းလေစွ"

အရေးတစုံ ကြုံလာသည့်အခိုက် ဥပဇ္ဈာယ်ဆရာထံ ဦးစွာပထမ ချဉ်းကပ်ခဲ့သော တူတော်မောင်ကို ကျွန်ုပ်က သာဓုနုမော် ခေါ်လိုက်ရပေသည်။ သာသနာ့ဘောင် ရောက်လာသောအခါ သွေးသား သံယောဇဉ်ထက် ဆရာတပည့် ဆက်ဆံရေးကို ပို၍ အလေးသားရမှန်း သိတတ်သော ရာဟုလာပါပေ။

## သည်ဝေဒနာနှင့် သည်ခေတ်စာ

ဆွမ်းဘုဉ်းပေးပြီးခါမှ တကြော့တဖန် ဆွမ်းခံ ထွက်သွားသော အရှင်မဟာ သာရိပုတ္တရာသည် ခါတိုင်းဆွမ်းခံချိန်လောက် မကြာ

ဘဲ ပြန်ရောက်လာခဲ့၏။ သပိတ်ထဲတွင်ကား သကြားနှင့် ရောမွှေ ထားသော သရက်သီးနှစ်များ၊ ယသော်ရောဘာဝက စားနေကျ ခါတ်စာများပင် ဖြစ်ပေသည်။

အရှင်သာရိပုတ္တရာက သပိတ်ကို ရာဟုလာထံ ကမ်းလင့်နေဆဲ မှာ နန်းတော်ကြီးမှ မင်းချင်းတယောက် ရောက်လာ၏။ အကျိုး အကြောင်း မေးမြန်းကြသောအခါ အရှင်မြတ်ကြီး နောက်က စုံထောက်ရန် လိုက်လာသည် ဟူပါ၏။

## အလှူရှင်၏ စေတနာ

ဝေဒနာနှင့် သင့်လျော်သော ခါတ်စာရရေးအတွက် အရှင်မဟာ သာရိပုတ္တရာသည် မွန်းမတည့်မီ အချိန်လုလျက် ကောသလမင်း ကြီး၏ နန်းတော်သို့ ကြွရောက်ခဲ့၏။ ကာရန်တသင့်ပင် မှည့်ဝင်း သော သရက်သီးများ အပို့အဆက် ရောက်လာသဖြင့် သရက်သီး နှစ်များကို သကြားနှင့် ရောမွှေစေကာ သပိတ်မှာ လောင်းလှူခဲ့ ၏။ အလှူရှင် ကောသလမင်းကြီးသည် သရက်သီး ဘောဇဉ်ကို နန်းတော်ထက်မှာပင် ဘုဉ်းပေးတော်မူမည် ထင်ကာ နေရာထိုင် ခင်းများ ပြင်ဆင်စေ၏။ သို့သော် အရှင်မြတ်ကြီးကား သူစားသုံး ရန် လာခဲ့ခြင်း မဟုတ်သဖြင့် သပိတ်ပိုက်ကာ ပြန်ကြွလာခဲ့ပေ သည်။

## အရှင်မ၏ သရက်သီးတကာ

ထူးခြားလှသောအပြုအမူကို သဘောမပေါက်သဖြင့် ကောသလ မင်းကြီးက မင်းချင်းကို စေလွှတ်လိုက်ရာ အကြောင်းသိသော အခါတွင်ကား အရှင်မ ဘဒ္ဒကစ္စာနာ၏ ရာသက်ပန် သရက်သီး တကာ ဖြစ်ရပေတော့သည်။

[တိကနိပါတ်၊ အင်္ဂုတ္တိုရ်ဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု။]

# လူမှုရေး ပညတ်တော်များ

## ရှေ့ပိုင်းက ရဟန်းများ

သာသနာ့ဖခင်ကြီး၏ သားတော် သမီးတော်များ အကြောင်းကို တော်တော်များများ တင်ပြခဲ့ပါပြီ။ လူဝတ်ကြောင် ဘဝဖြင့် သာသနာ့အကျိုး သယ်ပိုးကြသူ အချို့နှင့်လည်း မိတ်ဆက်ပေးခဲ့ပါပြီ။ နောက်နောင်လည်း သက်ဆိုင်ရာ အခန်းများမှ ဤအရှင်၊ အရှင်မများ ပါလာကြပါဦးမည်။ အသစ်အသစ်သော အရှင် အရှင်မများနှင့်တကွ သာသနာ့ အကျိုးဆောင်ကြီးများနှင့်လည်း တွေ့ဆုံကြရပါဦးမည်။

ဖော်ပြခဲ့ပြီးသော ရဟန်းပုဂ္ဂိုလ်များကို ရဟန်းဖြစ်ခဲ့ပုံများ အရ စုပေါင်းလိုက်လျှင် ခုနစ်မျိုး ရှိနေပြီဖြစ်ကြောင်း တွေ့ကြရ ပါလိမ့်ဦးမည်။

ပဥ္စဝဂ္ဂီငါးဦး၊ အရှင်ယသနှင့် အပေါင်းအသင်းများမှ စ၍ ရှေ့ပိုင်းမှ သာဝကကြီးများသည် "ဧဟိဘိက္ခု" ဟူသော မိန့်ခွန်း တော်ဖြင့် ရဟန်းဖြစ်လာကြရ၏။

ရဟန်းများ ကိုယ်တိုင် တာဝန်ယူ၍ ရဟန်းခံပေး ကြရန် အာဏာ လွှဲအပ်တော် မူခဲ့သည့်အတိုင်း ရှေ့ပိုင်းက ရဟန်းများ သည် ဆရာရဟန်းထံမှ သရဏဂုံ ပါဠိသုံးပုဒ်ကို လိုက်ဆိုခြင်းဖြင့် ရဟန်း ဖြစ်လာကြရ၏။

## အခွင့်ထူးခံ ရဟန်းများ

"ကဿပ၊ သင်သည် မြင့်မြတ်သော အမျိုးဇာတ်ကြောင့် မာန် မာန ကြီးခဲ့သူ ဖြစ်၏။ ထို့ကြောင့် အကြီးအငယ် အရွယ်အလတ် ဖြစ်သော သီတင်းသုံးဖော်တို့၌ ပြင်းပြသော ရှက်ကြောက်ခြင်း ရှိစေရန် ကျင့်သုံးအပ်၏"

ဤသို့ စသော ဩဝါဒ မိန့်ခွန်းတော်များဖြင့် ရဟန်းဖြစ်ခွင့် ရသူကား အရှင်မဟာကဿပ တပါးတည်းသာ ဖြစ်ပေသည်။

"သောပါက၊ ဥဒ္ဓုမာတကသညာ ဟူ၍ လည်းကောင်း၊ ရူပ သညာ ဟူ၍ လည်းကောင်း၊ ဤတရားနှစ်ပါးတို့သည် သဒ္ဒါရော အနက်ပါ ထူးလေသလော။ သို့မဟုတ် အနက်တူ၍ သဒ္ဒါမျှသာ ကွဲပြားပါသလော"

ဤသို့သော မေးခွန်းတော်ကို ကျကျနန ဖြေဆိုနိုင်သဖြင့် ခုနစ်နှစ်သားအရွယ် သောပါက သာမဏေအား ဘုရားရှင်က ရဟန်းဘောင်သို့ တင်ပေးတော် မူခဲ့၏။

ဂရုဓမ္မ ၈–ပါးကို လက်ခံခြင်းဖြင့် ရဟန်းဖြစ်ခွင့်ရသူကား မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီ ဖြစ်၏။

## သိမ်ထွက် ရဟန်းများ

အခြား ရဟန်းမအားလုံးမှာ ရဟန်းများထံတွင် ဉတ်နှင့်ကမ္မဝါစာ သုံးကြိမ်၊ ရဟန်းမများထံမှာ ထို့အတူလေးကြိမ် ပေါင်းရှစ်ကြိမ် တိုင်တိုင် ကမ္မဝါစာရွတ်ဖတ်ပေးမှ ရဟန်းဘောင်ရောက်ခဲ့ကြရ၏။

ကျွန်ုပ်အပါအဝင် ရဟန်းအများစုမှာ ဉတ်တကြိမ် ကမ္မဝါစာ သုံးကြိမ် ရွတ်ဖတ်ခံကာ ရဟန်းဘောင် ရောက်လာ ကြရ၏။ အားကိုးရာမဲ့ ဗြဟ္မဏအဖိုးအိုဘာဝမှ ရဟန်းပြုလာသော အရှင်ရာဓမှ စ၍ ဤအစီအစဉ် အတည်ဖြစ်လာခဲ့ပေသည်။ သာသနာ့ သမိုင်းစဉ် တလျှောက်လုံး အသုံးပြုကြရမည့် အစီအစဉ်လည်း ဖြစ်ပေသည်။

## ထူးခြားသော ရဟန်းခံပွဲ

ဖော်ပြခဲ့ပြီးသော ရဟန်းဖြစ်ပုံ ခုနစ်မျိုးတို့တွင် တချို့မှာ ဘုရားရှင့်ထံမှာ ဖြစ်ကြ၏။ တချို့ကား ရဟန်းနှင့် ရဟန်းမများထံမှာ ဖြစ်၏။ သို့သော် ရဟန်းပြုပေးသူရော၊ ရဟန်းအဖြစ် ခံယူသူရော နှစ်ဦးနှစ်ဖက် မျက်နှာစုံညီသာ အပေးအယူ လုပ်ခဲ့ ကြရ၏။ နောက်ဆုံး ဖော်ပြရမည့် ရဟန်းဖြစ်ပုံကား တမူထူးခြားသည်ဟု ဆိုရပါမည်။ အန္တရာယ်နှင့် ရင်ဆိုင်နေရသော အခိုက်ာသ၏

အခြေအနေအရ အဝေးမှ လူကြုံဖြင့် အမိန့်ပေး၍ ရဟန်းပြုပေးခဲ့ရသောကြောင့် ဖြစ်ပေသည်။

[ပါရာဇိကဏ် အဋ္ဌကထာ၊ ပထမပါရာဇိက၊ ပဒဘာဇနီအဖွင့်]

## ရှေ့တော်မှောက် ရောက်ရေးမလွယ်

အစုကာသီ ပြည့်တန်ဆာမသည် မိမိဘဝကို ငြီးငွေ့သည်ဖြစ်၍ ရဟန်းမများထံမှာ ရဟန်းခံခဲ့၏။ ဝိနည်းတော်အရ ဤသို့ရဟန်းမများထံ ရဟန်းခံပြီးလျှင် ရဟန်းများထံ တခါထပ်၍ ခံယူရဦးမည်ဖြစ်၏။ အစုကာသီကလည်း ဘုရားရှင့် ရှေ့တော်မှောက်မှာပင် ခံယူလိုစိတ် ပြင်းပြနေ၏။ သို့သော် ဘုရားရှင်ရှိရာ အရောက်သွားနိုင်ဘို့ရာကား မလွယ်ကူပေ။

ယောကျ်ားများစွာတို့၏ စွဲလမ်းနှစ်ခြိုက်မှုကို ခံယူခဲ့ရသော အစုကာသီသည် သင်္ကန်းဝတ်လာတော့လည်း စန်းမမှိန်သေးချေ။ သူ၏ ဖောက်သည်ဟောင်းများသည် သူ့အပေါ် စွဲလမ်းနေကြဆဲသာ ဖြစ်၏။ ရဟန်းမတို့၏ ကျောင်းသို့ ရောက်နေခိုက် သူတို့ မကြံသာ မဖန်သာသော်လည်း လမ်းခရီးမှာကား သူတို့စိတ်တိုင်းကျ ဖြစ်လာနိုင်ပေသည်။ ရမက်ဇော အရှိန်ဖြင့် အနိုင်အထက်ပြုကျင့်ရန် သူအလာကို စောင့်ကြို၍ နေကြပေသည်။

## လူကြုံလွှတ်၍ ရဟန်းခံခြင်း

လာလိုပါလျက် အလာခက်နေရသော အစုကာသီ၏ အဖြစ်ကို သိတော်မူလျှင် ဘုရားရှင်သည် ဖြစ်နိုင်မည့်နည်းတမျိုးဖြင့် ရဟန်းခံခွင့် ပေးတော်မူရ၏။ ထိုနည်းကား လူကြုံလွှတ်၍ ရဟန်းခံပေးခြင်းတည်း။

ဤခွင့်ပြုတော်မူချက်အရ ဇေတဝန်ကျောင်းတော်မှ ကျွန်ုပ်တို့သည် သိမ်အပြင်မှာ စုဝေးကြလျက် အစုကာသီအတွက် ရဟန်းခံကမ္မဝါစာများ ရွတ်ဖတ်ပေးကြရ၏။ ထို့နောက် ဤအကြောင်းကို ရဟန်းမတပါးကို လွှတ်၍ အကြောင်းကြားရ၏။ ကျွန်ုပ်တို့ကမ္မဝါစာ ရွတ်ပြီးချိန်မှာပင် အစုကာသီ၏ ရဟန်းမ ဖြစ်သောအချိန် ဟူ၍ အသိအမှတ် ပြုကြရပေသည်။

[ဝိနည်းစူဠဝဂ်၊ ဘိက္ခုနီခန္ဓကပါဠိတော်နှင့် အဋ္ဌကထာ]

## သမီးတို့၏ ဖခင်ကြီး

လူမှုရေးကိစ္စ ထွေပြားလှသော တပည့်မများကို စောင့်ရှောက်ထိန်းသိမ်းတော် မူရသော ဘုရားရှင်မှာ သားသမီးများသော ဖခင်ကြီးနှင့် မခြားလှပါချေ။ တခါက ရွာထဲ ဝင်လာသော အရွယ်ငယ်ငယ် ရဟန်းမတပါးသည် ကာလသားပေါင်းစုံရှေ့တွင် အပေါ်ရုံသင်္ကန်းကို လေပွေအလှန်ခံလိုက်ရသဖြင့် အရှက်တကွဲ ဖြစ်ခဲ့ရဘူး၏၊ ဤတွင် ဘုရားရှင်က–

"ရဟန်းမများ ရွာထဲသွားလျှင် ရင်စီးအင်္ကျီ ဝတ်သွားရမည်" ဟူ၍ မိန့်ကြားတော် မူရ၏။

[ဘိက္ခုနီသုဒ္ဓပါစိတ်၊ သံကစ္စိကာ သိက္ခာပုဒ်]

## ခရီးသွားရာ အဖော်ပါစေ

တခါကသည်း ရဟန်းမများသည် လုံခြုံမှုမရှိသော အချပ်များသို့ အဖော်ကုန်သည်များ မပါဘဲ ခရီးထွက်ကြရာ လူဆိုးလူသွမ်းတို့၏ အစော်ကား ခံကြရ၏။ ဤတွင်လည်း သူတို့ ဖခင်ကြီးက–

"ရဟန်းမများသည်မိမိပြည်တွင်းမှာဖြစ်စေ၊ ပြည်ပမှာဖြစ်စေ အဖော်ကုန်သည် မပါလျှင် ခရီးမထွက်ရ"ဟု ပညတ်တော်မူ၏။ [ဘိက္ခုနီသုဒ္ဓပါစိတ်၊ အန္ဓောရဋ္ဌသိက္ခာပုဒ်နှင့် တိရောရဋ္ဌသိက္ခာပုဒ်]

## မရှောင်သာသော လူမှုရေး

လူတို့၏ သဒ္ဓါတရား မပျက်ပြား စိမ့်သောငှာ ဘုရားရှင်သည် ကိုယ်ဝန်ရှိသော အမျိုးသမီးနှင့် နို့စို့ကလေး ရှိနေသော အမျိုးသမီးတို့ကို ရဟန်းပြုမပေးရန် ပညတ်တော်မူ၏။ ထိုပညတ်ချက် မထုတ်ပြန်ရသေးမီက ကိုယ်ဝန်နှင့် အမျိုးသမီး တပေ ာက်သည် ရဟန်းဝတ်ပြီး၍ မကြာမီ သားဖွားခဲ့၏။ ဖွားလာသော သား အတွက် မည်သို့ ဆောင်ရွက်ရမည် မသိသဖြင့် ရဟန်းမများမှ တဆင့် ကျွန်ုပ်က ရှေ့နားတော်ကြား လျှောက်ထားလိုက်၏။မဟာ ကရုဏာတော်ရှင်သည် ဖြစ်လာပြီးသော လူမှုရေးကိစ္စကိုလျစ်လျူ ရှုတော် မမူပါဘဲ ဖွားလာသောသားကို သိကြား နားလည်သည် တိုင်အောင် ကျွေးမွေးရန် ခွင့်ပြုတော်မူရပေသည်။

ဤကိစ္စသည် ဤမျှဖြင့် ပြီးပြတ်မသွားသေးပါ။ ကလေးငယ် ရှိသော ရဟန်းမသည် ကလေးတာဝန်ကို တပါးတည်းနှင့် မနိုင် မနင်း ဖြစ်နေပြန်သဖြင့် သူတို့ဖခင်ကြီးကပင် သူ့အတွက် ကူဖော် လောင်ဖက် ရဟန်းမတပါးကို ပေးကြရန် မိန့်ကြားတော် မူရ ပြန်၏။ ကူဖော်လောင်ဖက်ပေးရာတွင် စနစ်တကျပေးနိုင်ရန် ကမ္မ ဝါစာများကိုပါ သတ်မှတ်၍ ပေးတော်မူရပေသည်။

[ဝိနည်းစူဠဝဂ်၊ ဘိက္ခုနီခန္ဓက]

## ကုမာရကဿပ မယ်တော်

ဤရဟန်းမမှာ ပညတ်ချက် မထုတ်ပြန်ရသေးချိန်တွင် ကိုယ်ဝန်ထင်ထင်ရှားရှားနှင့် ဝတ်လာခဲ့သဖြင့် ကိုက်ဝန်အတွက် ပြဿနာမတက်ခဲ့ပေ။ ပညတ်ချက် ထုတ်ပြန်ပြီးမှ ဝတ်လာသော ရဟန်းမတပါးမှာကား လူထွက်ရတော့မတတ်ပင် ပြဿနာ ကြီးခဲ့ရပေသည်။

ဥပမာအသွယ်သွယ်ဖြင့် အဆန်းတကျယ် ဟောကြားရာတွင် ဧတဒဂ်ဂုဏ်ထူးရ အရှင်ကုမာရကဿပကိုအကြောင်းပြု၍ ကုမာရကဿပ မယ်တော်ဟူ၍ နောင်အခါတွင် ထင်ရှားလာမည့် ဤရဟန်းမသည် ရာဇဂြိုဟ်မြို့က သူဌေးသမီးတဦး ဖြစ်၏။ အပျိုစင်ဘဝကတည်းက သာသနာတော်မှာ စိတ်ညွတ် နေသော်လည်း ရဟန်းပြုခွင့် မရခဲ့ရှာ။ ချစ်မငြီးသော သမီးကလေးတယောက်ဖြစ်၍ မိဘများက တားဆီးထားကြ၏။ သို့နှင့် မိဘအိမ်မှ လင့်အိမ်သို့ လိုက်ပါခဲ့ရာတွင် လင်ကို ကျေနပ်အောင် ပြောဆိုနားချကာ သာသနာ့ဘောင်အရောက် လာခဲ့၏။

## လူ့ဘဝက ဝန်ထုပ်ဝန်ပိုး

မြတ်နိုးလှသော ဘဝကို ရပြီဖြစ်၍ အဖော်ရဟန်းမများနှင့်အတူ ပျော်တပြုံးပြုံးဖြစ်နေသော ထိုအရှင်မသည် တနေ့သောအခါမှာကား ထိတ်လန့်ဖွယ် အခြေအနေကို တွေ့လိုက်ရပေသည်။

သည်အခြေ သည်အနေ ဘယ်တုန်းက ဖြစ်လာခဲ့သည်ကို သူလည်း သတိမထားမိ။ ရဟန်း ပြုပေးလိုက်ကြသော အရှင်မများ

လည်း ဂရုမစိုက်မိကြ။ ယခု ဖုံးမရ ဖိမရ ဖြစ်လာခါမှ အားလုံး အထိတ်တလန့် ဖြစ်ကုန်ကြရတော့သည်။

ကာယကံရှင် အနေနှင့်ကတော့ သူ့သီလ လုံခြုံသည်ကို သိပေမည်။ သက်န်းဝတ်နှင့် ငြိစွန်းလာရသည်မဟုတ်၍ လူ့ဘဝက ပါလာခဲ့သော ဝန်ထုပ်ဝန်ပိုးဖြစ်သည်ကို သူ့ကိုယ်တိုင်သာ သိနိုင်ပေမည်။ ဘေးကအဖော်များမှာကား အနေအထိုင် ခက်လာကြရ၏။

## ငြိလေမည်လား စွန်းမည်လား

သည်အရှင်မလေး၏ ဣန္ဒြေသိက္ခာကို ထောက်သောအားဖြင့် လူ့ဘဝက ပါလာသော အထုပ်အထည် ဖြစ်မည်ဟူ၍ကား တွေးမိကြပါ၏။ သို့သော် တဖက်က တွေးပြန်တော့လည်း ကိုယ်ကကျူးလျှင် ကိုယ့်ဒူးကိုပင် ယုံရခက်လှ၏။ အကယ်၍ မိမိနှင့်အတူ နေခါမှ ဖြစ်ပေါ်လာသည့်ကိစ္စဆိုလျှင် မိမိတို့ပါ အပြစ်မကင်း ဖြစ်ကုန်ကြရပေတော့မည်။ ရဟန်းမတို့၏ ခြောက်ခုမြောက် ပါရာဇိက သိက္ခာပုဒ်ကြီးနှင့် ငြိစွန်းကြရပေတော့မည်။

## ရာဇဂြိုဟ်မြို့က ဘုန်းသမ္ဘာရှင်

သို့နှင့် ရဟန်းမများ မထွေးနိုင် မအန်နိုင် ဖြစ်နေသော ကိစ္စကြီးသည် အရှင်ဒေဝဒတ်ထံ ရောက်လာရတော့သည်။ ဝေဠုဝန်ကျောင်းတိုက်တွင် ဘုရားရှင်နှင့် ထင်ရှားသောသာဝကကြီးများ

မရှိခိုက်မို့ သူက ဦးစီးဦးကိုင် ဖြစ်နေပေသည်။ အပေါင်းအဖော် ရဟန်းမများမှာလည်း ရာဇဂြိုဟ်ပြည်မှာ အစဉ်လိုလို နေတတ်သောအရှင်ဒေဝဒတ်၏ ဘုန်းရိပ်ကို ခိုလှုံနေသူများ ဖြစ်ပေသည်။

"အရှင်ဘုရား၊ ဤရဟန်းမသည် လင်ကို မရအရ တောင်းပန်၍ ရဟန်းပြုလာခဲ့ပါသည်။ ယခု ရရှိနေသော ကိုယ်ဝန်သည် ရဟန်းဘဝမှာမှ ရလာလေသလား။ လူ့ဘဝက ပါလာခဲ့လေသလား။ တပည့်တော်မတို့ မဝေခွဲနိုင်ပါ။ အရှင်ဘုရားတို့ ဆုံးဖြတ်ရန် ဖြစ်ပါသည် ဘုရား"

ရဟန်းမများ လျှောက်ထားချက်ကို နားထောင်ပြီးသည်နှင့် အရှင်ဒေဝဒတ်သည် ထူးထူးထွေထွေ စဉ်းစားမနေတော့ဘဲ ဆုံးဖြတ်ချက်တခုကို ချမှတ်လိုက်သည် ဟူပါ၏။

## ဘုန်းသမ္ဘာရှင်၏ ဆုံးဖြတ်ချက်

"နှမတို့၊ ငါ၏ အသင်းအပင်းထဲမှာ မလှမပ ရှိနေလျှင် ငါ့ကိုပင် ထိခိုက်ပေတော့မည်။ သို့ဖြစ်၍ ဤရဟန်းမကို မြန်မြန် သင်္ကန်းချွတ်ပေးလိုက်ကြပေတော့"

အမှုသည်မှာ အပြစ်ရှိခြင်း မရှိခြင်းထက် သူ့ ဂုဏ် သိက္ခာကို မထိခိုက်ရေးက အဓိက ဖြစ်နေပေသည်။

အရှင်ဒေဝဒတ်၏ အမိန့်တော်ကို အဖော်များက အမှုသည် ရဟန်းမထံ သယ်ဆောင်ကာ အမိန့်တော်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်ကြ၏။ ဤတွင် အမှုသည် ရဟန်းမက ဘုရားရှင့်ရှေ့တော်မှောက်သို့ အယူခံ ဝင်ပါရစေဦးဟု အနူးအညွတ် တောင်းပန်

သဖြင့် ရဟန်းမ အဖြစ်ကို မဆုံးရှုံးဘဲ ရှိရ၏။ သက်န်းကို ဆွဲချွတ်မိလျှင်ကား ရဟန်းမဘဝကို ဆုံးရှုံးသွားပေလိမ့်မည်။

ဤသို့ဖြင့် အမှုသည်ရဟန်းမသည် အရှင်ဒေဝဒတ်၏ ရုံးတော်မှ တဆင့် ဘုရားရှင့် ခြေတော်ရင်းသို့ ရောက်လာခဲ့၏။ အမှုသွား အမှုလာနှင့်တကွ အရှင်ဒေဝဒတ်၏ ဆုံးဖြတ် ချက်ကိုတင် လျှောက်၏။ ဘုရားရှင်က ဤအမှုကို ဝိနည်းဆောင် တေဒဂ်ရ အရှင်ဥပါလိထံ လွှဲအပ်တော် မူလိုက်ပေသည်။

## ပရိသတ် အစုံအလင်

နောက်တနေ့တွင် ဇေတဝန်ကျောင်းတော်တွင် ပရိသတ် အစုံအလင် ရောက်ရှိလာကြ၏။ ကျောင်းတကာအနာထပိဏ်၊ နောက်ပိုင်းမှာ ကျောင်းအမကြီး ဖြစ်လာမည့် ဝိသာခါ၊ ထိုမှတပါး သာဝတ္ထိ မြို့တော်မှ ကျော်ကြားသော သူဌေးကြီးများလည်း ရောက်လာကြ၏။ ဘုရားရှင့် အမိန့်တော်ဖြင့် ကောသလမင်းကြီး လည်း အခါိန်မီ ရောက်လာပေသည်။

ဤရဟန်းမ၏ အရေးသည် ရဟန်းသံဃာများနှင့်သာ သက်ဆိုင်၏။ သံဃာအချင်းချင်း ညှိနှိုင်းတိုင်ပင်ကာ ဟုတ်တိုင်းမှန်ရာ ဆုံးဖြတ်လိုက်လျှင် ဤအမှုကိစ္စ ပြီးငြိမ်းသွားနိုင်၏။ သို့သော် သည် အမှုနှင့်ပတ်သက်၍ အရှင်ဒေဝဒတ်၏ ဆုံးဖြတ်ချက်က အကျော် တစော ထွက်နှင့်နေပြီ ဖြစ်ရာ သံဃာ့ပရိသတ် သက်သက်ဖြင့် ဆုံးဖြတ်လျှင် လူများက တမျိုးတမည် ထင်စရာ ရှိနေ၏။ အရှင်

ဒေဝဒတ်က ပြတ်ပြတ်သားသား ဆုံးဖြတ်ထားပါလျက် ဘုရားရှင့် လက်တော်ရောက်ခါမှ မျက်နှာသာပေး ခံရသည်ဟု ပြောစရာ ဆိုစရာများ ဖြစ်လာနိုင်၏။ ထိုကြောင့် ဤအမှုကို လူသူပရိသတ် စုံရာတွင် စစ်ဆေးရခြင်း ဖြစ်ပေသည်။

## ဝိသာခါ၏ အကူအညီ

တရားပလ္လင်ထက် တက်ပြီးသည်နှင့် အရှင်ဥပါလိ ဦးစွာပထမ မိန့်တော်မူလိုက်သည်မှာ ဝိသာခါကို ပရိသတ်ရှေ့ ထွက်ခဲ့ရန် ဖြစ်၏။ အမျိုးသမီး၏ အမှုကိစ္စဖြစ်၍ ကျွမ်းကျင် လိမ္မာသော အမျိုးသမီးတဦး၏ အကူအညီဖြင့် အဆုံးအဖြတ် ပေးရပေလိမ့် မည်။

အရှင်ဥပါလိက အမှုသည် ရဟန်းမ၏ ရဟန်းခံ ရက်ချုပ်ကို ဝိသာခါအား ပြောပြ၏။ ထို့နောက် ရှိနေသော ကိုယ်ဝန်သည် ရဟန်းခံရက်၏ ရှေ့မှစတင်ခဲ့သလော၊ နောက်မှ စတင်ခဲ့သလော ဟု စစ်ဆေးစေ၏။ ဝိသာခါသည် ပေးအပ်သော တာဝန်ကို လက်ခံကာ ပရိသတ်အလယ်တွင် ကန့်လန့်ကာများ ကာရန်ကာ အမှုသည် ရဟန်းမ၏ ကိုယ်အင်္ဂါများကို စေ့စေ့စပ်စပ် စစ်ဆေး ပြီးနောက် ပြုံးပြုံးရွှင်ရွှင် ပြန်ထွက်လာကာ–

"အရှင်ဘုရား၊ ဤရဟန်းမ၏ ကိုယ်ဝန်သည် ရဟန်းမခံမီက စတင်ခဲ့ကြောင်း ထင်ရှားပါသည် ဘုရား"

ပရိသတ်အားလုံး ကြားလောက်အောင် လျှောက်ထားလိုက် ပေသည်။

## ကျောင်းထဲမှာ မွေးခဲ့သူ

ဝိသာခါ၏ ဤသို့ လျှောက်ထားချက်ကြောင့်ပင် ဓမ္မကထိက အကျော် အရှင်ကုမာရကဿပ အလောင်းလျာသည် ကျောင်းသင်္ခမ်းထဲမှာ ဖွားမြင်ခွင့် ရခဲ့ပါပေသည်။

[ကေနိပါတ်ဇာတ် **အဋ္ဌကထာ**၊ သီလဝဂ်၊ နိဂြောဓဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု]

# ဝိသာခါ၏ ဆု ၈–မျိုး

## ဘဒ္ဒိယ မြို့သူလေး

ဝိသာခါတယောက် သာဝတ္ထိမြို့တော်ကြီးသို့ ရောက်လာရသည်မှာ ဤလိုပြဿနာများ ဖြေရှင်းရအောင် ရောက်လာလေသလောဟု ကျွန်ုပ်တို့ သိတင်းသုံးဖော်များ မကြာခဏ ပြောမိကြ၏။ ဝိသာခါကို သူ့ဖိုးအေနှင့်အတူ ဘဒ္ဒိယမြို့မှာ နေစဉ်ကတည်းက ကျွန်ုပ်တို့ သိပြီးကျွမ်းပြီး ဖြစ်ကြ၏။ ခုနစ်နှစ်သမီး အရွယ်ကပင် ထူးထူးခြားခြား တရားပေါက်ခဲ့သူလေးဖြစ်၏။ ထိုနောက် ဖခင်ဖြစ်သူ ဓနဉ္စယ သူဌေးနှင့်အတူ သာကေတမြို့သို့ လိုက်ပါကာ

နောက်ဆုံး ပုဏ္ဏဝဍ္ဍနဇာ သတို့သားရှိရာ သာဝတ္ထိသို့ လိုက်ပါလာခဲ့ရပေသည်။

## သဒ္ဓါပါလျက် မလှူနိုင်

ဝိသာခါ သာဝတ္ထိမြို့တော်ဝင်ခန်းကို ယခုတိုင် ပြောစား၍ မဆုံးကြသေးပါ။ သုံးမကုန်လောက်အောင် ကြွယ်ဝသော သူဌေးသမီးပေမို့ သူ့ မင်္ဂလာ အခမ်းအနားများကြီးကျယ်လှသည်မှာ အဆန်းမဟုတ်ပါ။ မဆန်းသင့်ဘဲနှင့် ဆန်းနေရသည်မှာကား ဝိသာခါတို့ အိမ်သည် ကျွန်ုပ်တို့ ဆွမ်းခံ၍မရသောအိမ် ဖြစ်နေခြင်းပေတည်း။

ဝိသာခါ၏ယောက္ခမ မိဂါရသူဌေးသည် ကျွန်ုပ်တို့ သာသနာကို ကိုးကွယ်ဆည်းကပ်သူ မဟုတ်ပါ။ သာသနာ့ပြင်ပက ပုဂ္ဂိုလ်များကို ကြည်ညိုရင်းစွဲ ရှိသူဖြစ်၏။ အိမ်ထောင်ဦးစီး တယောက်လုံးက တဖက်မှာ ယိမ်းနေသည်ဖြစ်ရာ တအိမ်လုံးထည်း သူ့ဘက်ပါကြရပေသည်။ အလှူရေစက် လက်နှင့်မကွာခဲ့သော ဝိသာခါမှာ သည်အိမ်ရောက်ခါမှ အလှူအတန်း ပြတ်လပ်ရတော့သည်။

## ကန်တော့ဆွမ်း ခံလာသူ

တနေ့တွင် ကျွန်ုပ်တို့ သီတင်းသုံးဖော်တပါးသည် ထိုအိမ်သို့ ဆွမ်းဝင်ရပ်၏။ ဝိသာခါရောက်လာသည့်အတွက် မူပြောင်းလို ပြောင်းငြား ကင်းတိုးစမ်းသော သဘောပင် ဖြစ်ပေသည်။ ကာရန်တသင့်ပင် ထိုအချိန်တွင် မိဂါရသူဌေးသည် နို့ထမင်းများကို မြိန်ယှက်စွာ စားလျက်ရှိ၏။ ချွေးမအလိမ္မာ ဝိသာခါကလည်း အနားက

ယပ်လေခတ်လျက် ရှိနေ၏။ သည်ကနေ့မှ ထူးထူးခြားခြား ဝင်ရပ်လာသော ရဟန်းကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်သော်လည်း သူအစိုးမပိုင်သောအိမ် ဖြစ်နေ၍ မည်သို့မျှမတတ်သာ။ ယောက္ခမကြီးကို ပြော၍လည်း ဖြစ်မည်မဟုတ်။ ဤတွင် ဝိသာခါသည် ရုတ်တရက်ဥာဏ်ကို အသုံးပြုကာ နေရာမှ ဖယ်ပေးလိုက်ပေသည်။

## အစ်ဟောင်းကို စားသူ

ဝိသာခါ ဖယ်ပေးလိုက်သည်နှင့် မိဂါရသူဌေး၏ မျက်နှာနှင့် ရဟန်းတို့ကြားဝယ် အကာအကွယ် မရှိတော့ပေ။ မိမိအိမ်က မဆည်းကပ်သော်လည်း တွေ့နေကျ မြင်နေကျဖြစ်၍ ဆွမ်းရပ်လာသော ရဟန်းတပါး ဖြစ်နေသည်ကို သူမသိဘဲ မနေနိုင်ပေ။ သို့သော် ဆွမ်းလောင်းရန်ကား ဝေးလေစွ။ မော့၍မျှ မကြည့်ပါချေ။

"ကန်တော့ပါ သေးသည် အရှင်ဘုရား။ တပည့်တော်မ၏ ယောက္ခမ သူဌေးကြီးမှာ အစာဟောင်းကိုသာ စားပါသည်"

ဆွမ်းခံရဟန်းကို အားနာလှစွာဖြင့် ဝိသာခါက ကန်တော့လိုက်ရ၏။ ကန်တော့ရင်းနှင့် သူ့ရင်ထဲမှာ မျိုသိပ်ထားရသော စကားလုံးများလည်း အံထွက်သွားကြရပေသည်။

## ဒေါသထွက်၍ အစားပျက်

အရသာခံ၍ စားနေသော နို့ထမင်းပန်းကန်ကို သူဌေးကြီးသည် ချက်ချင်း မျက်နှာလွှဲလိုက်တော့၏။ ဒေါသဝေဒနာများ ဖိစီးလာကြပြီမို့ အစားစား၍မရနိုင်တော့ပြီ။ ရသာမျိုးစုံ စုပြုံထည့်ထား

သော နို့ထမင်းကို အရသာမခံနိုင်တော့ပေ။ သူ့ရင်တခုလုံးဝယ် အသံမထွက်ပဲ မြည်ဟီးနေသော စကားလုံးများမှာ "ယောက္ခမ မိဘ တယောက်လုံးကို ဤလို ရိုင်းပြစော်ကားရသလော" ဟူသည် ဘို့ပင် ဖြစ်ပေသည်။

## တကောင်ကြွက် မဟုတ်ပါ

ဒေါသအမျက် ချောင်းချောင်းထွက်သဖြင့် မိဂါရသူဌေးသည် ချွေးမကို အိမ်ပေါ်မှ တခါထဲ နှင်ချလိုက်၏။ သို့ရာတွင် ထိုမျှဖြင့် ဝိသာခါ ထွက်မသွားနိုင်ပါ။ ယောက္ခမအိမ်သို့ ပို့ဆောင်စဉ်က မိဘများသည် တယောက်ထည်း ထားပစ်ခဲ့ကြသည် မဟုတ်ပါ။ သာဝတ္ထိမြို့ပေါ်က ထင်ရှားကျော်ကြားသော သူဌေးကြီးရှစ်ဦးကို မသင့်မတော်တာများရှိပါက ပြောဆိုဆုံးမရန် အပ်နှံထားခဲ့ပေသည်။

## အမှုသည်၏ လျှောက်လဲချက်

ဝိသာခါက ထိုအကြောင်းကို ထုတ်ဖော် ပြောကြား သဖြင့် ယောက္ခမ သူဌေးကြီးသည် သူဌေးကြီးရှစ်ဦးထံ ချက်ချင်း လူလွှတ်၍ အကြောင်းကြား၏။ ခုံသမာဓိအရာမှာ တည်ကြသော လူကြီးများ စုံလျှင် မိဂါရသူဌေးသည် ချွေးမ၏ ပြစ်မှုကို တင်ပြ၏။ ဤပြစ်မှုဖြင့် အိမ်ပေါ်မှ ချက်ချင်း ဆွဲထုတ်သွားကြရန်လည်း အရေးဆို၏၊ သို့ရာတွင် အမှုသည်ဖြစ်သူ ဝိသာခါက ယောက္ခမကြီး၏ စွဲချက်ကို သည်အတိုင်း ခေါင်းငုံ့၍ မခံပါ။

"ဖခင်သူဌေးကြီးတို့၊ ကျမ၏ စကားလုံးများသည် ယောက္ခမကြီး ပြောသကဲ့သို့ အသံထွက်သော်လည်း ဆိုလိုရင်းသဘောမှာ တခြား ဖြစ်ပါသည်။ ယောက္ခမကြီးသည် ရှေးက လူကြီးသူမများ ထားခဲ့သော အမွေအနှစ်များကိုသာ စားသုံးခဲ့ပါ၏။ သို့သော် ကိုယ့်အိမ်ရှေ့မှာ ဆွမ်းရပ်လာသော ရဟန်းတပါးကိုကား မြင်ပါလျက် မျက်နှာလွှဲ၍နေခဲ့ပါသည်။ ဤသဘောကို ပြောခဲ့ခြင်းသာ ဖြစ်ပါသည်"

ဤသို့ ဟုတ်တိုင်းမှန်စွာ ဖြေရှင်းချက်ထုတ်နိုင်သဖြင့် ခုံသမာဓိလူကြီးများက ဝိသာခါကို အနိုင်ပေးလိုက်ကြရပေသည်။ နောက်ထပ် စွပ်စွဲလာလေသမျှလည်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ပင် ဖြစ်သွားကြရပေသည်။

## မိဘရပ်ဌာန် ပြန်တော့မည်

တမင်သက်သက် အပြစ်ရှာရန်ကော ဟု ခုံသမာဓိ လူကြီးများက မိဂါရသူဌေးကြီးကို အပြစ်ဆိုနေကြစဉ်တွင် ဝိသာခါသည် သူဌေးကြီး ရှစ်ဦးကို ဦးချကန်တော့ရင်း–

"အို ကျေးဇူးရှင် ဖခင်ကြီးတို့၊ ယောက္ခမသူဌေးကြီး နှင်ချစဉ်က ကျမမှာ အပြစ်ရှိနေသလို ဖြစ်နေ၍ ဖခင်သူဌေးကြီးတို့ထံ တိုင်တည် ဖြေရှင်းရပါသည်။ ယခုမှာကား အပြစ်ဟူသမျှ မရှိပြီ ဖြစ်ပါ၍ ကျမဘာသာ အိမ်မှ ဆင်းသွားပါတော့မည်"

သူဌေးကြီးများကို နှုတ်ခွန်း ဆက်ပြီးနောက် သာကေတမှ လိုက်ပါလာကြသောအခြွေအရံများကို ရထားအပြင်ခိုင်းလိုက်၏။

ဤအခါတွင် မိဂါရသူဌေး၏ ဝန်ချ တောင်းပန်ခန်း ဖြစ်လာပေသည်။

## မိုးကြိုးပစ်ရာ ထန်းလက်ကာသူ

ငယ်ငယ်တုန်းက ဆိုမည်လား၊ ရှေးတုန်းက ဆိုရမည်လား မသိပါ။ နောက်တနေ့နံနက်မှာ ကြုံခဲ့သောအဖြစ်တခုကို တင်ပြပါဦးမည်။ ဝိသာခါ၏ တောင်းဆိုမှုကြောင့် ဘုရားရှင်နှင့်တကွ သံဃာတော်များပါ သူ့အိမ်မှာ ဆွမ်းလုပ်ကျွေးရာတွင် မိဂါရ သူဌေးကြီးသည် ပေါ်မလာပါ။ ဘုရားရှင်နှင့် မျက်နှာချင်းဆိုင်မည်စိုး၍ တော်ရာမှာ ချောင်ခို၍ နေခဲ့၏။ ထို့နောက် ဆွမ်းအနုမောဒနာ ပြုသောအခါမှာကား မနေသာတော့သဖြင့် တရားနာရန် ထွက်လာခဲ့၏။ သို့သော် သူများလို ရှေ့တော်မှောက်မှ မြင်မြင်ထင်ထင် မထိုင်လာဘဲ ကန့်လန့်ကာကြားမှာ နာကြားခဲ့၏။ တကြိမ်တခါနာမိရချင်း နောက်တခါဆက်လက်၍ မနာဘဲ မနေနိုင်လောက်အောင် ဆွမ်းဆောင်နိုင်သော တန်ခိုးတော်ကို သူ့ခမျာ မသိရှာလေတကား။

ကာထားသော ကန့်လန့်ကာသည် သစ္စာလေးပါးတရားတော်ကို ဟန့်တားနိုင်စွမ်း မရှိသဖြင့် ထိုနေ့မှာပင် မိဂါရသူဌေးသည် သဒ္ဓါဉာဏ်မြင့် နိဗ္ဗာန်သို့ ဝင်နိုင်ခဲ့၏။ ဤတွင်မှ ချွေးမအပေါ် မိခင်တမျှ အရေးပေးကာ တအိမ်လုံးကို အပ်နှံပေတော့သည်။

[မေ့မပဒ အဋ္ဌကထာ၊ ပုပ္ဖဝဂ်၊ ဝိသာခါဝတ္ထု။]

## သူတို့အိမ်မှာ ထိန်ထိန်ဝါ

ဝိသာခါ၏လက်တွင်းမှာ တအိမ်လုံး ရောက်ရှိချိန်တွင် ကျွန်ုပ်တို့အတွက် အိမ်တံခါးကြီး ပွင့်လာပါတော့သည်။ ဆွေဝေးမျိုးဝေးနေလာရသော ရဟန်းများအဖို့ ဆွေမျိုးအိမ်တဆောင် တိုးလာခြင်းပင် ဖြစ်ပေသည်။ သာဝတ္ထိမှာ သီတင်းသုံးသော ရဟန်း၊ ရဟန်းမ၊ သာမဏေ သာမဏေမများမှန်လျှင် သူတို့အိမ် ဆွမ်းခံမရောက်ဘူးသူ ဟူ၍ မရှိပါ။ သဒ္ဓါ ဥစ္စာ, နှစ်ပါးလုံး ပြည့်စုံသောအိမ်ဖြစ်၍ လာလာသမျှ ပုဂ္ဂိုလ်များကို ဖွယ်ဖွယ်ရာရာ လောင်းလှူနိုင်ပါပေသည်။

ဤသို့ဖြင့် ရက်–လ–နှစ်များ ပြောင်းရွှေ့လာခဲ့ပြီးနောက် တနေ့သော အခါတွင် ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တတွေ သူတို့အိမ်သို့ ဆွမ်းစားသွားကြရ၏။ မကြာမကြာ ပင့်ကျွေးနေကြဖြစ်၍ ထူးဆန်းသည်ဟု မဆိုနိုင်ပါ။ အိမ်မှုကိစ္စ နည်းပါးသည့်အခိုက် ကပ်ချင် လှူချင်သော စေတနာအရ ကပ်လှူခြင်းသာ ဖြစ်ပေသည်။

သို့ရာတွင် ဤတခါ ဆွမ်းကျွေးမှုမှာကား ကပ်ချင်လှူချင်သော စေတနာသာ မဟုတ်ဘဲ အခြားရည်ရွယ်ချက် တခုလည်း ရှိနေပေသည်။

## မြတ်ဘုရားထံ ဆုပန်ခြွေ

ဆွမ်းကိစ္စ ပြီးစီးချိန်တွင် ဆွမ်းအမ ဝိသာခါက သူ့ရည်ရွယ်ချက်ကို ဤသို့ လျှောက်တင်ပါတော့သည်။

"အရှင်ဘုရား၊ ဘုရားရှင့်ထံတော်မှ ဆု ၈-မျိုးကို တောင်းပါရစေ ဘုရား"

"ဝိသာခါ၊ ဘုရားရှင်တို့မှာ ပေးစရာ ဆု မရှိပေ"

"အရှင်ဘုရား၊ ရွှေငွေ ကျောက်သံပတ္တမြား စသော ဆုမျိုး မဟုတ်ပါ။ သာသနာတော်နှင့် အပ်စပ်သော အပြစ်ကင်းသော ဆုများသာ ဖြစ်ပါသည် ဘုရား"

"ဤသို့ဆိုလျှင် လိုရာဆုကို တောင်းပေတော့ ဝိသာခါ"

"အရှင်ဘုရား၊ တပည့်တော်မသည် သံဃာတော်အား မိုးရေခံ သင်္ကန်းများ လှူလိုပါ၏။ ရောက်ခါစ ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ခရီးသွားမည့်ရဟန်းတို့အား ဆွမ်းကပ်လိုပါ၏။ ဖျားနာသော ရဟန်းများအား ဆွမ်းကပ်လိုပါ၏။ သူနာပြု ရဟန်းများအား ဆွမ်းကပ်လိုပါ၏။ ဖျားနာသောရဟန်းများအား ဆေးဝါးကပ်လိုပါ၏။ အမြဲတစေ ယာဂု ကပ်လိုပါ၏။ ရဟန်းမများအား ရေသနုတ်သင်္ကန်းများ လှူဒါန်း လိုပါ၏။ ဤဆု ၈-မျိုးပင် ဖြစ်ပါသည် ဘုရား"

## မိုးရေခံ သင်္ကန်း

"ဝိသာခါ၊ အဘယ်သို့သော အကျိုးကျေးဇူးကို မြော်မြင်၍ ဤဆုများကို တောင်းပါသနည်း"

"အရှင်ဘုရား၊ ဤနေ့နံနက် ဆွမ်းကျက်ချိန်မှာ သံဃာတော်များ သွားပင့်ရန် ကျွန်မ တစ်ယောက်ကို လွှတ်လိုက်ပါသည်။ ကျွန်မ ပြန်လာသောအခါ သံဃာတော်များ ပါမလာပါ။ ကျောင်းမှာ ရဟန်းသံဃာ တပါးမျှ မရှိပါ။ ကိုယ်တုံးလုံးနှင့် အာဇီဝကများသာလျှင် မိုးရွာထဲမှာ ရေချိုးနေကြသည်ဟုဆိုပါသည်။ ကျွန်မက

အာဇီဝကတွေဟု ဆိုသော်လည်း တပည့်တော်မ အကြောင်းမှန်ကို သိလိုက်ပါသည်။ ကိုယ်တုံးလုံး ရေချိုးခြင်းသည် လူ့သဘာဝ တိစရာ ဖြစ်ပါသည်။ မိုးရေခံသင်္ကန်း လှူဒါန်းခွင့်ရလျှင် ဤအဖြစ်မျိုး ကြုံရမည် မဟုတ်ပါ ဘုရား။

## ရောက်ခါစ ရဟန်း

"အရှင်ဘုရား၊ ဤမြို့သို့ရောက်ခါစရဟန်းသည် လမ်းမကျွမ်းကျင်၊ ဆွမ်းခံအိမ်များ မမှတ်မိသဖြင့် ပင်ပင်ပန်းပန်း ဆွမ်းခံရပါသည်။ တပည့်တော်မအိမ်မှာ ဆွမ်းစားခွင့်ရပါလျှင် မကြာမီ လမ်းကျွမ်းကျင်၍ ဆွမ်းခံအိမ်များ မှတ်မိကာ ချမ်းသာစွာ ဆွမ်းခံနိုင်ပါလိမ့်မည် ဘုရား။

## ခရီးသွားမည့် ရဟန်း

"အရှင်ဘုရား၊ ခရီးသွားမည့် ရဟန်းသည် ဆွမ်းခံဝင်နေရသဖြင့် ချိန်းထားပြီးသော လှည်းကြုံ လက်လွတ်သွားနိုင်ပါသည်။ ရည်မှန်းသည့် အရပ်သို့ အချိန် မတော်မှ ရောက်သွားနိုင်ပါသည်။ ခရီးတလျှောက်လုံး ပင်ပန်းနေပါလိမ့်မည်။ တပည့်တော်မ အိမ်မှာ ဆွမ်းစားခွင့် ရပါလျှင် ခရီးစဉ်တလျှောက်လုံး အဆင်ပြေသွားပါလိမ့်မည် ဘုရား။

## ဖျားနာသော ရဟန်း

"အရှင်ဘုရား၊ ဖျားနာသော ရဟန်းများသည် သင့်လျော်သော ဆွမ်းဘောဇဉ်များ မဘုဉ်းပေးရလျှင် အနာရောဂါများ သည်း

ထန်လာပါလိမ့်မည်။ အသက်လည်း ဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ ဆွမ်းကို ဘုဉ်းပေးခွင့်ရပါလျှင် အနာရောဂါများ သက်သာ ပျောက်ကင်းလာပါလိမ့်မည်။ အသက်ဘေးကိုလည်း စိုးရိမ်စရာ မလိုတော့ပါဘုရား။

## သူနာပြု ရဟန်း

"အရှင်ဘုရား၊ သူနာပြုရဟန်းသည် ဆွမ်းခံထွက်နေရသဖြင့် ဖျားနာသောရဟန်းအား နေမြင့်မှ ဆွမ်းကပ်နိုင်ပါလိမ့်မည်။ စားချင်သောက်ချင်တုန်းမှာ မစားရသဖြင့် ဖျားနာသော ရဟန်းများ အားပြတ်နေကြပါလိမ့်မည်။ သူနာပြုရဟန်းသည် တပည့်တော်မ အိမ်မှာ ဆွမ်စားခွင့် ရပါလျှင် ဖျားနာသောရဟန်းကို အချိန်မှီ ဆွမ်းကပ်နိုင်ပါလိမ့်မည်။ အချိန်မှီ စားရသဖြင့် ဖျားနာသော ရဟန်းသည်လည်း အားပြတ်ရတော့မည် မဟုတ်ပါဘုရား။

## လိုအပ်သော ဆေး

"အရှင်ဘုရား၊ ဖျားနာသောရဟန်းသည် သင့်လျော်သော ဆေးဝါးများမရလျှင် ရောဂါသည်းထန်လာပါလိမ့်မည်။ အသက်လည်း ဆုံးရှုံးနိုင်ပါသည်။ တပည့်တော်မ၏ ဆေးကို အလှူခံခွင့်ရပါလျှင် ရောဂါများလည်း သက်သာလာပါလိမ့်မည်။ အသက်ဘေးကိုလည်း စိုးရိမ်စရာ မလိုတော့ပါဘုရား။

## ယာဂု လှူခွင့်

"အရှင်ဘုရား၊ ဘုရားရှင်သည် အန္ဓကဝိန္ဒမြို့၌ ၁၀-မျိုးသော အကျိုးကျေးဇူးတို့ကို မြော်ကိုးတော်မူလျက် ယာဂုကို ခွင့်ပြုတော်

မူခဲ့ပါသည်။ တပည့်တော်မ၏ ယာဂုကို သုံးဆောင်ရသော အရှင်များသည် ၁၀-မျိုးသော ထိုအကျိုးကျေးဇူးများကို ခံစားကြရပါလိမ့်မည် ဘုရား။

## ရေသနုတ် သင်္ကန်း

"အရှင်ဘုရား၊ ရဟန်းမတို့သည် အစိရဝတီမြစ်၌ ပြည့်တန်းဆာမများနှင့်အတူ ကိုယ်လုံးတီးဖြင့် ရေချိုးကြပါသည်။ ထိုအခါ ပြည့်တန်းဆာမများက သူတို့ကို ပျက်ရယ်စကား ဆိုကြပါသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရဟန်းပြုခြင်းသည် ဘာအကျိုး ရှိမည်နည်း။ အရွယ်ကောင်းခိုက်မှာ ကာမဂုဏ်တွေခံစားပြီး အိုမင်းမစွမ်းဖြစ်ခါမှ ရဟန်းပြုလျှင် နှစ်ဖက်စလုံး အကျိုးမရှိပါလောဟု ပျက်စီးရာပျက်စီးကြောင်း သွေးဆောင် ဖြားယောင်းကြပါသည်။

"အရှင်ဘုရား၊ အမျိုးသမီးများ ကိုယ်လုံးတီး ရေချိုးခြင်းမှာ လူမသတီစရာ ဖြစ်ပါသည်။ တပည့်တော်မသာ ရေသနုတ်သင်္ကန်း လှူခွင့်ရလျှင် ဤအဖြစ်မျိုး ကြုံရမည် မဟုတ်ပါဘုရား"

## ခွင့်ပြုတော်မူလိုက်ပြီ

မြင့်မားလှစွာသော အမြော်အမြင်၊ ထက်သန်လှစွာသော သဒ္ဓါတရားဖြင့် တောင်းဆိုလာသော ဆု ၈-မျိုးကို ဘုရားရှင်က အနုမောဒနာ ပြုတော်မူကာ ထိုလှူဖွယ်ဝတ္ထုတို့ကို အလှူခံရန်လည်း ရဟန်းတို့အား ခွင့်ပြုတော် မူခဲ့ပေသည်။

[ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက၊ ဝိသာခါဝတ္ထု]

## အမှတ်တရ ခရီးတခေါက်

ဝိသာခါ လျှောက်ထားသည့်အထဲမှ ယာဂုအကျိုး ၁၀-မျိုးမှာ ဘေသဇ္ဇခန္ဓကတွင် ခွင့်ပြုတော်မူခဲ့ခြင်းဖြစ်၏။ ထိုစဉ်က ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့သည် ဗာရာဏသီမှ အန္ဓကဝိန္ဒမြို့သို့ ဒေသစာရီ လှည့်ခဲ့ကြရာ ကျွန်ုပ်တို့ နောက်ပါးမှာ ရိက္ခာ လှည်းများလည်း လိုက်ပါလာကြ၏။ ဆန်၊ ဆီ၊ ငြုပ်၊ ကြက်သွန်စသောစားသောက်ကုန်များ အပြည့်တင်ဆောင်လာကြကာ ရောက်လေရာအရပ်တွင် ဆွမ်းချက်၍ ကပ်လာကြ၏။ ကျေးလက်တောရွာပေါင်းများစွာမှ လှည်းတပ်ကြီးများ ချီလာသည်မို့ အားလုံး လှူခွင့်ရစေရန် အလှည့်ကျ လှူဒါန်းရန် စီမံထားကြရ၏။

## နှစ်မျိုး လိုသေးသည်

ဤသို့ဖြင့် နှစ်လတိုင်တိုင် ကြာလာသောအခါ ပြဟ္မဏ တကာ တယောက်သည် ကျွန်ုပ်ထံ ချဉ်းကပ်လာပြီး-

"အရှင်ဘုရား၊ တပည့်တော်၏အလှည့် ကျလိမ့်နိုးနိုးဖြင့်စောင့်လာ ခဲ့သည်မှာ နှစ်လတိုင်တိုင် ကြာခဲ့ပါပြီ။ ယခုအထိ အလှည့်မကျနိုင်သေးပါ။ တပည့်တော်အိမ်မှာ တပည့်တော် တယောက်တည်းသာ ရှိပါသည်။ လူနည်းသလောက် လုပ်ငန်းဆောင်တာများက များလှပါသည်။ အလှည့် စောင့်နေရသည်နှင့် လုပ်ငန်းဆောင်တာများ နှောင့်နှေးကုန်ကြပါပြီ။ ထို့ကြောင့် တပည့်တော် ဆွမ်းကပ်ရာ လျှောက်ကြည့်သောအခါ အခြားသော စား

ကောင်းသောက်ဖွယ်တို့ မျိုးစုံအောင် ပါကြသော်သည်း ယာဂု နှင့် ပျားမုန့်ချိုတို့ကိုကား မတွေ့ရပါ။

"အရှင်ဘုရား၊ ယာဂုနှင့် ပျားမုန့်ချိုကို တပည့်တော် စီမံ၍ ဆက်ကပ်ပါလျှင် ဘုရားရှင် ဘုဉ်းပေးတော်မူပါမည်လားဘုရား"

## ယာဂု သောက်ခွင့်

"ကောင်းပြီဗြာဟ္မဏ ဘုရားရှင်ထံ လျှောက်ကြည့်လိုက်ပါဦးမည်"

ကျွန်ုပ် အနေရးမပိုင်သော ကိစ္စဖြစ်၍ ဗြာဟ္မဏကာကို ဤမျှသာ ပြောဆိုကာ ဘုရားရှင်ထံမှောက်သို့ သွားရောက်လျှောက်ထားလိုက်ရ၏၊ ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် ဗြာဟ္မဏ တကာထံ အကြောင်းပြန်ရပေသည်။

နောက်တနေ့နံနက် ယာဂုများဆက်ကပ်ရာတွင် အတိအလင်း ခွင့်ပြုချက် မထုတ်ပြန်ရသေးသော အစားအစာများ ဖြစ်နေ၍ ရဟန်းများ အလှူမခံဘဲ နေကြ၏။ ဘုရားရှင်က အလှူခံနိုင်ကြောင်း မိန့်ကြားတော်မူမှ ရဟန်းအားလုံး အလှူခံ၍ ဘုဉ်းပေးကြပေသည်။

## ယာဂု အကျိုးအာနိသင်

ဤဆွမ်းကပ်ပွဲတွင် ဘုရားရှင် ဟောကြားတော်မူသော ယာဂု အကျိုး ၁၀-မျိုးမှာ-

၁။ ယာဂုလှူသောသူသည် အသက်ကိုလှူရာရောက်၏။

၂။ အဆင်းကို လှူရာရောက်၏

၃။ ချမ်းသာခြင်းကို လှူရာရောက်၏။

၄။ အားအစွမ်းကို လျှော့ရောက်၏။
၅။ ဉာဏ်ပညာကို လျှော့ရောက်၏။
၆။ ယာဂုသောက်ခြင်းဖြင့် အဆာပြေ၏။
၇။ ရေငတ်ပြေ၏။
၈။ ဝမ်းလေစုန်၏။
၉။ အစာဟောင်းများ စင်စင်သွား၏။
၁၀။ အစာသစ်များ ကျေညက်၏။

[ဝိနည်းမဟာဝဂ်၊ ဘေသဇ္ဇခန္ဓက၊ ယာဂု မဓုဂေါဠကာဒိကထာ]

ဤအချက်များကို ကြားဘူးနားဝ ရှိထားသဖြင့် ဝိသာခါက ထုတ်ဖော် လျှောက်ထားခြင်း ဖြစ်ပေသည်။ သာသနာ့ အကျိုးဆောင် တကာ တကာမများသည် ဝိနည်းပညတ်တော်များကို လည်း နားလည်ပါမှ ပိုမို၍ အကျိုးဆောင်နိုင်ကြောင်း နမူနာ ကောင်းတရပ် ဖြစ်ပါပေသည်။

# သံဃာ့ အကျိုးတော်ဆောင်

## မရှိစကား ကြားခဲ့ရပြီ

ကျွန်ုပ်၏ ညီတော် အနုရုဒ္ဓါအကြောင်း တစိတ်တဒေသကို ရှေ့ပိုင်းမှာ တင်ပြပြီးပါပြီ။ မရှိစကား မကြားစဖူးဟု ဥဒါန်းတွင်လောက်အောင် ဘဝအကျိုးပေးသန်ခဲ့သော ညီတော်သည် အဝတ်သင်္ကန်းနှင့် ပတ်သက်လျှင်ကား သူ့လိုကိုယ့်လိုမျှသာ ရှိခဲ့ပါ၏။

အကယ်၍ သူကသာလက်ခံမည်ဆိုပါလျှင် အဖိုးထိုက်အဖိုးတန်ပိုးဖဲ့ကတ္တီပါ သင်္ကန်းများကို တနေ့လျှင်တထည်မက လဲလှယ်၍ဝတ်နိုင်လောက်ပါ၏။ လှူလို တန်းလို ချစ်ကြည်ညိုသူတို့ ပေါများလှပါ၏။ သို့သော် ညီတော် အရှင်အနုရုဒ္ဓါသည် ထိုသင်္ကန်း

များကို လက်မခံပါချေ။ အရှင်မဟာကဿပ၏ နမူနာ အတိုင်း ပံ့သုကူ သင်္ကန်းကိုမှ ဝတ်ရုံလာခဲ့၏။

## မလွယ်ကူသော သင်္ကန်းတထည်

အလိုနည်းသော နှိမ့်ချသော သဘောဖြင့်သာ ဤသင်္ကန်းများကို ဝတ်ကြရ၏။ ဤသင်္ကန်းများ ရရှိရေးကား မလွယ်ကူလှပေ။ သုသာန်တစ သင်းချိုင်းဝ၌ဖြစ်စေ၊ လမ်းခွလမ်းဆုံ အမှိုက်ပုံများ ၌ဖြစ်စေ သူတကာတို့မလိုချင်၍ စွန့်ပစ်ထားသော အဝတ်စုတ် များကို တထွာရရ၊ တတောင်ရရ တစချင်း တစချင်းကောက်ယူ စုဆောင်းကာ ဆက်စပ်ချုပ်လုပ်ကြရ၏။ ရဟန်းဦးရေ နည်းသေး သောအချိန်ကစ၍ သင်္ကန်းစများအလွယ်တကူရနိုင်ပါ၏။တစတစ နှင့် ရဟန်းဦးရေ များလာသည်တွင်ကား ပံ့သုကူရရေး အတွက် အခက်တွေ့ရပေတော့သည်။ တချို့မှာ ပံ့သုကူသင်္ကန်း အတွက် သင်းချိုင်းသို့ သွားရင်းက မသင့်မလျော်သော အဖြစ်များနှင့် ကြုံခဲ့ကြရဘူးပေပြီ။

## ပံ့သုကူ ရလာပြီ

ပံ့သုကူသင်္ကန်း ရှာမရ၍ အဝတ်သင်္ကန်း နွမ်းရိနေသော အနုရုဒ္ဓါ သည် သည်ယနေ့မှာတော့ သင်္ကန်းစများ ရလာခဲ့ပေပြီ။ ရမည့် ရတော့လည်း အဖိုးထိုက် အဖိုးတန် အဝတ်စများ။ အလျားက ဆယ့်သုံးတောင်၊အနံက လေးတောင်တိတိ။ သူ့အံဆိုအရ အစက ဤမျှရှည်လျားမှန်း၊ ဤလို အဖိုးထိုက်တန်မှန်း မသိဟု ဆိုပါ၏။ လူသူ ပြတ်လပ်သော တနေရာမှ အမှိုက်ပုံတခုနား ချုံးကပ်ရာတွင်

အမှိုက်ထဲမှ တစ္ဆန်းတစ ပေါ်နေသည်ကို တွေ့မြင်ရာမှ ပုံ့သုကူ ကောက်ယူလာခဲ့သည်ဟု ဆိုပေသည်။ မိမိတို့ ကြည်ညိုသော ရဟန်းတပါး၏ အခက်အခဲကို တစုံတယောက်က အကွက်လှလှ ဆင်၍ ဖြေရှင်းပေးလိုက်ခြင်းပင် ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ ဤသင်္ကန်းစများကို တိတ်တဆိတ်ထားခဲ့သော အလှူရှင် မည်သူ ဖြစ်မည်နည်း။ ဈာန်အဘိညာဥ်ဝသီဘော်ထုံသော အနုရုဒ္ဓါကတော့ သိပေလိမ့်မည်။ ကျွန်ုပ်အဖို့ကား အဝတ်သင်္ကန်း နွမ်းရိနေသည့် အဖြစ်မှ ညီတော်တပါး၊ သီတင်းသုံးဖော်တပါး ကင်းလွတ်သွားရ၍ ဝမ်းသာဘို့သာ ရှိပေသည်။

## ဥဒါန်းတွင်သော သင်္ကန်းချုပ်ပွဲကြီး

ထိုထက်ပို၍ ဝမ်းသာရသည်ကား ထိုပံ့သုကူသင်္ကန်း ချုပ်သော အခါမှာ ဖြစ်ပေသည်။ အရှင်မဟာကဿပသည် သင်္ကန်းအရင်း ပိုင်းမှာ ကိုင်၍ပေး၏။ အလယ်ပိုင်းအတွက် တာဝန်ယူသူကား အရှင်မဟာသာရိပုတ္တရာ။အဖျားဘက်မှာတော့ ကျွန်ုပ်၏ တာဝန် ဖြစ်၏။အရှင်မဟာမောဂ္ဂလန်သည် လိုအပ်သမျှသော အပ်နှင့်အပ်ချည်များကိုသွားချေ ပြန်ချေ ယူ၍ပေးနေ၏။အခြားသောမထေရ်ကြီးများက အပ်ချည်များကို တပါးပြီးတပါး ကျစ်ပေးကြ၏။ ကျစ်ထားသောအပ်ချည် တမြှင်တမြှင် ဆုံးလေတိုင်း အပ်နဖား ထိုးပေးသူမှာကား သုံးလူ့ထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ် ပင် ဖြစ်ပါ၏။

မကြုံစဖူး ထူးကဲလှသော သင်္ကန်းချုပ်ပွဲကြီးပါပေတည်း။

[ဓမ္မပဒအဋ္ဌကထာ၊ အရဟန္တဝဂ်၊ အနုရုဒ္ဓါဝတ္ထု]

သံဃာ့အကျိုး သယ်ပိုးဆောင်ရွက်ရာတွင် ဘုရားရှင် ကိုယ်တော်တိုင်က စံနမူနာ ပြတော်မူခဲ့ပြီမို့ ကျွန်ုပ် အကျိုးဆောင်ခဲ့သည်များကို ဝမ်းပန်းတသာ တင်ပြရပါတော့မည်။

## ပုံမကျပန်းမကျ သက်န်းများ

စောစောက ဖော်ပြခဲ့သည့်အတိုင်း တထွာစ တတောင်စ အဝတ်စုတ်များကို ပွံ့သုကူသက်န်းတထည် ဖြစ်အောင် ဆက်စပ်ချုပ်လုပ်ကြရသည်ကား မှန်ပါ၏။ သို့သော် ရဟန်းများအဖို့ နမူနာယူစရာ ပုံစံဟူ၍ကား မရှိပါချေ။ သို့ဖြစ်၍ ရလာသမျှ အဝတ်စများကို ဖြစ်တတ်သလို ကပိုကရို ချုပ်စပ်၍သာ ဝတ်ကြရပေသည်။

အလိုနည်းသောစိတ်၊ မာန်မာနကို ချိုးနှိမ်ထားသောစိတ်ဖြင့် ဤသက်န်းများ ဝတ်ဆင်ရာတွင် အရှင်မြတ်များ၏ စိတ်ဓာတ်ကိုကား လူ့ဘဝမှာကတည်းက ကျွန်ုပ် ကြည်ညိုခဲ့ပါ၏။ သို့သော် သက်န်းများကိုကား ကြည်ညို၍ မရနိုင်ခဲ့ပါ။ ကျွန်ုပ်ကိုယ်တိုင် ရဟန်း ပြုလာတော့လည်း ဤသက်န်းကြီး များကို မနှစ်မြို့နိုင်ကြောင်း ရိုးသားစွာပင် ဝန်ခံလိုပေသည်။ သို့ရာတွင် ကျွန်ုပ် ကုသိုလ်ကံကောင်းသည်မှာ ဤလို ပုံမကျပန်းမကျ သက်န်းကြီးများနှင့် ကြာရှည်ကြာများ မနေလိုက်ရခြင်းပင် ဖြစ်ပါ၏။

## မဂဓ လယ်ကွက်များ

သက်န်းများ ပုံကျပန်းကျ ဖြစ်ချင်လာသောတနေ့၌ ဘုရားရှင်သည် ကျွန်ုပ်ကို နောက်ပါပြုလျက် ဒေသစာရီ ကြွချီတော်မူခဲ့၏။ ရာဇဂြိုဟ် မြို့တော်မှသည် ဒက္ခိဏာဂိရိ ဇနပုဒ်သို့ ဖြစ်ပါ၏။

ကျွန်ုပ်တို့လာခဲ့ရာ လမ်းတလျှောက်ဝယ် မဂဓတိုင်းသားတောင်သူ လယ်သမားတို့၏ လယ်ကွက်များက မျက်စိတဆုံး ရှိနေကြ၏။ အခြေတကျ လုပ်ကိုင်လာခဲ့ကြသည်မို့ လယ်ကွက်များမှာ ကြည့်ပျော်ရှုပျော် ရှိပါတိ၏။

လေးထောင့်စပ်စပ် လယ်ကွက်များဝယ် အလျားရှေအနံပါ ကန်သင်းများ ဖြောင့်တန်း၍နေကြ၏။ အချို့ လယ်ကွက်ကြီးများ အတွင်းဝယ် ကန်သင်းများ ထပ်၍ ကန့်ထားကြ၏။ တချို့မှာ ဒေါင်လိုက်တွင်မက အလျားလိုက် ကန်သင်းများပါ ကန့်ထားကြသေး၏။ အတွင်းက ကန်သင်းနှစ်ခု ဆုံရာတွင် ကြက်ခြေခတ် သဏ္ဌာန် ဖြစ်နေပေသည်။ မိဘများလက်ထက်က တဦးတည်း လုပ်ခဲ့သော လယ်ကွက်ကို သားသမီးများက အမွေခွဲထားကြဟန် ရှိပေသည်။

## လယ်ကွက်များ၏ နမူနာ

"အာနန္ဒာ၊ မဂဓလယ်သမားတို့၏ လယ်ကွက်များကို မြင်၏လော"

လယ်ကွက်များကို အားပါးတရ ရှုမျှော်နေစဉ် ဘုရားရှင်က မေးတော်မူလိုက်၏။

"မြင်ပါသည် အရှင်ဘုရား"

သည်လယ်ကွက်များကိုရှုမျှော်လျက် စိတ်နှလုံးကြည်နူးရာတွင် ဘုရားရှင်ပါ ပါနေပြီမို့ ကျွန်ုပ်က အားရဝမ်းသာ စကားပြန်ပေးလိုက်ရပါ၏။

"စနစ်တကျ ပြုလုပ်ထားသော လယ်ကွက်များ ကဲ့သို့ပင် ရဟန်းတို့၏ သင်္ကန်းများ ပြုပြင်၍ ပေးနိုင်မည်လော"

"မှန်ပါ၊ ပြုပြင်၍ ပေးနိုင်ပါသည် ဘုရား"

မဆွတ်ခင်က ညွတ်ချင်နေသော ကျွန်ုပ်က အားပါးတရ လျှောက်ထားလိုက်ရပေသည်။ ပုံမကျပန်းမကျ သင်္ကန်းများကို ပြုပြင်ပေးလိုပါလျက် အမိန့်တော်ထွက်ကို စောင့်နေရသည့်တွင် ယခုတော့ စောင့်ရကျိုး နပ်ပြီ မဟုတ်ပါလော။

ဒေသစာရီခရီးဆုံး၍ ရာဇဂြိုဟ်မြို့တော်သို့ ပြန်ရောက်လျှင်ပင် ကျွန်ုပ်၏ စီမံကိန်းကြီး စတင်ပါတော့သည်။

## သင်္ကန်းပေါ်က ကန်သင်းများ

မဂဓလယ်ကွက်များ၏ နမူနာအတိုင်း ကျွန်ုပ်သည် ရဟန်းတို့၏ သင်္ကန်းများကို ပုံစံချ၍ပေးလိုက်၏။ လယ်ကွက်များမှာ ပတ်ပတ်လည် ကန်သင်းရှိသကဲ့သို့ သင်္ကန်းမှာလည်း အလျားရော အနံပါ အနားပတ်များ ထည့်ပေးလိုက်၏။ လယ်ကွက်ကြီးထဲမှာ ကန်သင်းများ အကန့်အကန့် ခြားထားဘိသကဲ့သို့ သင်္ကန်းမှာလည်း တလုပ်မြောင်းငယ်များ ထည့်ပေးလိုက်၏။ ကန်သင်း ကန့်ထားသော အကန့်ငယ်များကဲ့သို့ အိမ်ဝန်းကြီးနှင့် အိမ်ခွဲများ တည့်ပေးလိုက်၏။ အိမ်ဝန်းကြီးနှင့် အိမ်ခွဲတို့ကို ဆက်စပ်ရန် အလယ်ခေါင်းနှင့် ခေါင်းရံတို့လည်း ပါစေရ၏။

ထို့ပြင်တဝ၊ လည်ပင်းနှင့်ထိရာ၊ ခြေသလုံးနှင့် တိုက်ခတ်ရာတို့တွင် သင်္ကန်းများ မကြာမီ ရိတတ် စုတ်တတ်၏။ ထို့ကြောင့် ထိုနေရာများမှာလည်း အစပိုဖြင့် ထပ်၍ ချုပ်ပေးရပေသည်။

## ခိုင်ခိုင်ခန့်ခန့် သီးသီးသန့်သန့်

ဤသို့ စနစ်တကျ ပြုပြင်ပေးလိုက်သဖြင့် သင်္ကန်းများ ဖြန့်၍ လှန်းထားရာတွင် ကြည်ညိုဘွယ်ရာ ဖြစ်လာကြ၏။ ဝတ်ရုံရာ၌လည်း ပို၍ ခိုင်ခန့်လာကြ၏။

ဤပုံစံ အတည်တကျ ဖြစ်လာပြီမို့ နောက်နောင် ချုပ်သော သင်္ကန်းများမှာလည်း အထည်ကြီးပင် ဖြစ်စေကာမူ ခေါးလှီးခေါးဖြတ် ပြု၍ ပုံစံအတိုင်း ချုပ်ကြရတော့၏။ ဤသို့ ပုံပြောင်းပေးလိုက်သဖြင့် လူတို့၏ အဝတ်အဆင်နှင့် ကွာခြားကာ ရဟန်းတို့နှင့် လျောက်ပတ်၏။ အထည်ကောင်းကို အပိုင်းပိုင်းဖြတ်ထားပြီးပြီမို့ ခိုးသားခေးမြတို့လည်း မက်မောဘွယ် မရှိတော့ပြီ။

သင်္ကန်းများ တစုံပြီးတစုံ ချုပ်ပေးနေရ၍ ပင်ပန်းနွမ်းနယ်နေသော ကျွန်ုပ်အား ရှင်တော်ဘုရား၏ ချီးကျူး စကားများက သီတာရေချမ်း ဖျန်း၍ ပေးလိုက်ကြပါပေသည်။

[ဝိနည်းမဟာဝဂ်၊စီဝရက္ခန္ဓက၊ ဆိန္နစီဝရာနုဇာနနကထာ ပါဠိတော်နှင့် အဋ္ဌကထာ]

သံဃာ့အကျိုး သယ်ပိုးဆောင်ရွက်ရာတွင် ဤလို ကိုယ်ဖိရင်ဖိ ဆောင်ရွက်ရ သကဲ့သို့ တခါတရံတွင်ကား ခရီးသွားဟန်လွှဲ သဘောဖြင့် ဆောင်ရွက်ခဲ့ရသော ကိစ္စများလည်းရှိနေပါ၏။

## အချောင်သမားများ တားဆီးရန်

ဝဂ္ဂုမုဒါ မြစ်ကမ်းပါးမှ ရဟန်းတို့သည် ငတ်မွတ်ခေါင်းပါးသည့် ကာလဝယ် စားပေါက်စားလမ်း ချောင်စေရန် မိမိတို့မှာ အဟုတ်

တကယ် မရှိသော ချာန်မင်ဖိုလ် တရားများကို ကြွားဝါ ပြောဆို ကြ၏။ ထိုရဟန်းတို့ကို အကြောင်းပြု၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ သိက္ခာပုဒ် ပညတ်ပြီးမှ ဤအမူမျိုး ဆက်လက် ကျူးလွန်သူသည် သာသနာ့ဘောင်မှာ ရပ်တည်ခွင့် မရနိုင်တော့ပေ။

## ရိုးရိုးသားသား မှားမိသူများ

သိက္ခာပုဒ်က တားမြစ်လိုက်သဖြင့် အလိုဆိုးဖြင့် ပြောကြားသူ များ ပပျောက်သွားပါ၏။ သို့သော် မရသေးဘဲလျက် ရပြီထင်၍ ပြောကြားမှုကား ရှိပေသေးသည်။ ပြောစဉ်တုန်းကတော့ မိမိတို့ စိတ်သန္တာန်ဝယ် ကိလေသာတွေ အဟုတ် တကယ် ကင်းစင်နေ သယောင် ထင်ရ၏။ သို့သော် အကြောင်းတိုက်ဆိုင် လာသော အခါမှာကား ကိလေသာတို့က ဖြစ်ပေါ်၍ လာကြ၏။

နဂိုမူလ နိယာမကို မျက်မှောက်မပြုဘဲ သူအရှိ ငါအရှိနှင့် ကိလေသာ ကုန်စေချင်သော သူများအဘို့ ဤသို့ပင် ကြုံကြရပေ လိမ့်မည်။

လူသိရှင်ကြား ပြောထားခဲ့မိသော စကားများအတွက် အခက် ကြုံနေရသော ထိုရဟန်းများအား ကျွန်ုပ် ကူညီရန်မှာ ရှေ့တော် မှောက်သို့ ဝင်ရောက် လျှောက်ထားပေးခြင်းသာ ဖြစ်ပေသည်။

တခါဘရံ ဤလိုသဘောရိုးဖြင့် ပြောမှားမိသည်များလည်း ရှိတတ်သဖြင့် ဘုရားရှင်က ရသည်အထင်(အဓိမာန)နှင့် ပြော ကြားမိသူများ အလွတ်ထား၍ ဟူသော နောက်ထပ် ပညတ်ချက် ကို မူလပညတ်ချက်ထဲမှာ ထည့်သွင်းပေးတော် မူရပေသည်။

[စတုတ္ထပါရာဇိက သိက္ခာပုဒ် မူလပညတ်နှင့် အနုပညတ်]

## ကျွန်ုပ်၏ ဝတ္တရားတခု

ကျောင်းစဉ်လှည့်ခြင်း အလုပ်မှာ ကျွန်ုပ်၏ နေ့စဉ် ဝတ္တရားတခု ဖြစ်ပါ၏။ တခါတရံ ဘုရားရှင်ကိုယ်တော်တိုင် ပါ၏။ တခါတရံ အခြား ရဟန်းတပါးပါး ပါတတ်၏။ အကြောင်းမညီညွတ်၍ အခြားပုဂ္ဂိုလ်များ မပါနိုင်လျှင်လည်း ကျွန်ုပ်ကတော့ လှည့်မြဲ လှည့်သည်သာ ဖြစ်ပေသည်။

တစထက်တစ အရေအတွက် များပြား လာသော ရဟန်း ပရိသတ်တွင် စရိုက်ဝါသနာ အမျိုးမျိုး ရှိနေတတ်သဖြင့် မကြာခဏ လှည့်လည်စစ်ဆေးနိုင်မှ တန်ကာကျ၏။ ကျောင်းစဉ်လှည့်၍ စစ်ဆေးရာတွင် အများဆုံး တွေ့ရသော အမှုများမှာ သင်္ကန်းနှင့် ပတ်သက်၍ နေတတ်ပေသည်။

## ကိုယ်လွတ်လက်လွတ် သွားကြသူများ

ရဟန်းပေါင်း ထောင်ချီ၍ ရှိနေသော ကျောင်းတိုက်ကြီး၌ ဟိုနေရာ သည်နေရာတွင် သင်္ကန်းများတွေ့ရခြင်းမှာ အဆန်းမဟုတ်ပါ။ တချို့ ဆိုးပြီးခါစ၊ တချို့ လျှော်ပြီးခါစ၊ တချို့ ချွေးစွန်း ချွေးကွက်များ ခြောက်သွားစေရန်၊ တချို့ အနံ့အသက်များ ပြေပျောက်စေရန် နေလှန်း၍ ထားကြရိုး ရှိပါသည်။ သို့ရာတွင် ကျွန်ုပ်အဖို့ ထိုနေ့က အမြင်ဆန်းနေသည်မှာ ကျောင်းပေါင်းစုံမှာ လှန်းထားလေသမျှ နှစ်ထပ် သင်္ကန်းကြီးများချည်း ဖြစ်နေ၏။ လှန်းထားသော နှစ်ထပ်သင်္ကန်းကြီးများမှာလည်း မှိုနှင့်ဖွေးဖွေး။ အကျိုးအကြောင်း စုံစမ်းလိုက်တော့ ခရီးထွက်နေကြသောရဟန်း

များက သွားလေရာရာ လာလေရာရာ အလေးမခံလို၍ ထားပစ်ခဲ့ကြသော ဟူ၏။

## သွားလေရာရာ သက်န်းပါစေ

ခက်ခက်ခဲခဲ ရှာဖွေဆည်းပူးထားသော သင်္ကန်းကိုမှ သင်္ကန်းမမှတ်တတ်သော ထိုပုဂ္ဂိုလ်များကို ကျွန်ုပ် လျစ်လျူရှု မနေနိုင်ပါ။ ဘောင်တမူဖြင့် ကန့်သတ် ပေးတော်မူရန် ရွေနားတော်ကြား လျှောက်ထားရ ပါတော့သည်။ ဒုတိယ ကထိနသိက္ခာပုဒ်သည် တိစီဝရိက်မှုတင်ဆောင် ပုဂ္ဂိုလ်များ ကိုယ့်သင်္ကန်းကို သင်္ကန်းမှတ်မှတ် ကိုယ်နှင့် မကွေမကွာ ရှိနေစေရန် ဘောင်ကန့်၍ ပေးထားပေသည်။ ဂိလာန ပုဂ္ဂိုလ်များကိုကား ထိုဘောင်မှ လွတ်လပ်ခွင့် ပေးတော်မူပါ၏။

[နိဿဂ္ဂိပါစိတ်၊ ဒုတိယ ကထိနသိက္ခာပုဒ်]

## သင်္ကန်း နှစ်မျိုး

ကျွန်ုပ်တို့ ရဟန်းလောက၌ ကာလသင်္ကန်းနှင့် အကာလသင်္ကန်း ဟူ၍ အချိန်အခါကို လိုက်၍ သင်္ကန်းနှစ်မျိုး ရှိ၏။ ကာလသင်္ကန်း ဟူသည်မှာ ကထိန်မခင်းလျှင် သီတင်းကျွတ်လဆုတ် တရက်မှ တန်ဆောင်မုန်းလပြည့်ထိ၊ ကထိန်ခင်းလျှင် တပေါင်းလပြည့်ထိ ဤကာလအတွင်း လှူသောသင်္ကန်း ဖြစ်၏။ သင်္ကန်းအလှူခံခွင့် ရှိသောအခါ၌ လှူသောသင်္ကန်းဟု အဓိပ္ပာယ် ရ၏။ ထိုအခါမှ အပ၌ လှူလေသမျှကား အကာလ သင်္ကန်း ဖြစ်ပေသည်။

## မြန်မြန်ချုပ်၍ မြန်မြန်ဝတ်ပါ

သင်္ကန်းတထည် မချုပ်လောက်သေးသော အကာလသင်္ကန်းစ တခုရပြီးနောက် ထည်လုံးပြည့်ဖြစ်လာရန် မြော်လင့်ချက်ရှိလျှင် မချုပ် မဆိုးသေးဘဲ ထားခွင့်ရှိ၏။ဇေတဝန် ကျောင်းတော်တွင်းမှ ကျွန်ုပ်၏ သီတင်းသုံးဖော်များသည် ထိုအချက်ကို အခွင့်ကောင်း ယူကာအကာလသင်္ကန်းများကိုသင်္ကန်းတန်းမှာထုပ်၍ ဆွဲထားကြ၏၊ လျှင်မြန်စွာ ချုပ်ဆိုးမှုမပြုဘဲ တလကျော်အောင် ထားခဲ့ကြ၏။ ဘုရားရှင့် ရည်ရွယ်တော်ရင်းနှင့် ကွာခြားနေသော ထိုအပြု အမူကို ကျွန်ုပ်က ရှေ့တော်အရောက် ပို့ဆောင်လိုက်သောအခါ နိဿဂ္ဂီအခန်းမှ တတိယကထိနသိက္ခာပုဒ် ဖြစ်ပေါ်၏။ အကာလ သင်္ကန်းကို တလထက် ပို၍ မထားရတော့ဘဲ မြန်မြန်ထက်ထက် သင်္ကန်းဖြစ်အောင် ကြိုးစားကြရပေတော့သည်။

[နိဿဂ္ဂိပါစိတ်၊ တတိယကထိန သိက္ခာပုဒ်]

## ဖြစ်တတ်သော သဘာဝတခု

ဘုရားရှင်ကိုယ်တော်တိုင် ကျောင်းစဉ်လှည့်ရာ ပါလာသော ထိုနေ့က ကြုံရပုံမှာ အင်မတန်မှ အရုပ်ဆိုးလှပါ၏၊ တရားလက်လွတ် ငှက်တောင်ကျွတ်အဖြစ်ဖြင့် တညတာ ကုန်ဆုံးခဲ့ရသော ရဟန်း တို့၏ စိတ်အစဉ်က သူတို့အိပ်ရာခင်းများမှာ အရိပ်ထင်၍ နေကြ ပေသည်။ သည်အိပ်ရာခင်းများကို မဖွပ်မလျှော်ဘဲ လူမြင်သူမြင် ခံကာ သူတို့မို့ လှန်းရပါပေ၏။

သည်တခါတော့ ကျွန်ုပ်က လျှောက်နေစရာ မလိုတော့ပါ။ ကိုယ်တော်တိုင် အမြင်အတွေ့ ဖြစ်နေပါပြီ။ သို့ရာတွင် သန်တုန်း မြန်တုန်း ရဟန်းပျိုများအဖို့ သတိလွတ်လျှင် လွတ်သလို တွေ့ကြုံရတတ်သော ကိစ္စမို့ ဘုရားရှင်ကိုယ်တော်မြတ်က ထူးထူးထွေထွေ ပြစ်ဘင်ရှုတ်ချ ပြုတော်မမူဘဲ အိပ်ရာခင်းများ မလူးမပေစေရန် နိသီဒိုင်ကို ခွင့်ပြုတော်မူပေသည်။

နိသီဒိုင်ဟူသည်မှာ လက်နှစ်ဖက်ပါသောအင်္ကျီသဏ္ဌာန်ဖြစ်၍ လက်နှစ်ဖက်ဖြင့် ခါးမှာစည်းကာ အောက်သို့ တန်းတန်းကျနေသော အစကိုနောက်သို့ဆွဲယူ၍ ခါးတောင်းကျိုက်ထားရန်ဖြစ်ပေသည်။

[ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက]

## ကိုယ်တော်တိုင်လည်း ပြုပြင်သည်

သံဃာ့အဖွဲ့အစည်း တည်တန့်ခိုင်မာရေးအတွက် ပြုပြင်ဘွယ် ကိစ္စများကို ကျောင်းစဉ်လှည့်ရင်း တွေ့ရဘိသကဲ့သို့ ဆွမ်းခံသွားရင်းလည်း တွေ့ရကြုံရသည်သာဖြစ်၏။ သို့သော် သည်တခါပြုပြင်ရသည်မှာ ရဟန်းများဘက်က မဟုတ်ဘဲ ဘုရားရှင် ကိုယ်တော်တိုင် ဖြစ်၍နေပေသည်။

## စားသူ့လူသူ ကြည်ဖြူကြရန်

သုဒ္ဓပါစိတ်အပါအဝင် ပရမ္ပရဘောဇနသိက္ခာပုဒ်အရ ကျွန်ုပ်တို့ ရဟန်းများသည် ရှေးဦးစွာဘိတ်ကြားထားသော ဆွမ်းကို ပစ်ပယ်လျှက် နောက်မှဘိတ်လာသောဆွမ်းကို မစားရပေ။ မကျန်းမာ

သောအခါ၊ သက်န်းလှူသောအခါ၊ သက်န်းချုပ်လုပ်သောအခါ များ၌ကား ချင်းချက်ဖြစ်၏။

ကိုယ်တော်မြတ်အပေါ်၌ ကိုယ်လုံးပုံ၍ ယုံကြည်ထားကြသူ များပီပီ ကျွန်ုပ်တို့သည် ပညတ်တော်မူသော ဤသိက္ခာပုဒ်ကို လည်း တသွေမတိမ်း လိုက်နာကြပါ၏။ သို့လိုက်နာခဲ့သဖြင့် ရဟန်းရော တကာများပါ နှစ်ဦးနှစ်ဝ စိတ်ချမ်းသာကြရ၏။စော စောတုန်းကတော့ ဆင်းရဲသား တကာတယောက်က ဆွမ်းစား ပင့်ထားပါလျက် ရဟန်းတို့က သင့်တင့်လျောက်ပတ်အောင် ကပ် နိုင်မည် မထင်၍ ရွာထဲမှာဆွမ်းခံ၍ စားထားကြ၏။ ကြွီးစား ပမ်းစား ချက်ပြုတ်ထားရသော ဆွမ်းများကိုမူ တို့ကာပင့်ကာမျှ စားကြသဖြင့် သူဆင်းရဲတကာမှာ စိတ်မချမ်းသာ ဖြစ်ခဲ့ရ၏။ ရဟန်းတို့မှာလည်း စားရသည်နှင့် မကာမိအောင် ရှုတ်ချပြစ်တင် ခံကြရ၏။ ယခုတော့ ရဟန်းရော ဆွမ်းတကာများပါ စိတ်ချမ်း သာခွင့် ရကြပေပြီ။

## ပြဿနာ လောကကြီး

သို့သော်၊ လောကကြီးကား တော်တော်ခက်ဘိတောင်း။ ကြုံ လာရသော ပြဿနာတခုကို သည်ပုံသည်နည်း ဖြေရှင်းပေးလိုက်၍ ပြေလည်သွားသည်ဆိုလျှင်ပင် နောက်ပြဿနာက အရသင့်ရှိနေ ချေပြီ။ ပရမ္ပရဘောဇနသိက္ခာပုဒ်ကို စောင့်စည်းသောအားဖြင့် စိတ်အေးချမ်းသာ ဖြစ်နေရသော ကျွန်ုပ်တို့ထံ ပြဿနာ တခုက ဝင်မိအောင် ဝင်လာခဲ့ပေသည်။

## သပိတ်ပါလျက်နှင့် ဆွမ်းမခံပါ

ထိုနေ့က ဘုရားရှင်သည် ကျွန်ုပ်ကိုနောက်ပါခေါ်ကာ ဝေသာလီမြို့တော်တွင်းသို့ ဆွမ်းခံကြွတော်မူ၏။ အမိန့်တော်ကို ဦးထိပ်ရွက်ပန်ဆင်၍သာ လိုက်ပါလာခဲ့ရ၏။ ကျွန်ုပ်မှာ သည်နံနက်၌ ဆွမ်းစားတခုကို လက်ခံထားပြီးသားဖြစ်၏။ ရှေးဦးစွာ ဘိတ်ကြားထားသော ဆွမ်းရှိပါလျက် ယခုဆွမ်းများကို ခံယူလျှင် အပြစ်မကင်းနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်သပိတ်ထဲ လောင်းမည်ပြုလာသော ဆွမ်းများကို တားမြစ်နေရ၏။ဤတွင်ဘုရားရှင်က ကျွန်ုပ်၏အခက်အခဲကို ဖြေရှင်းသောအားဖြင့် ရှေးဦးစွာ ဘိတ်ထားသောဆွမ်းကို တခြား ရဟန်းတပါးပါးထံ လွှဲပြောင်းပေးလိုက်လျှင်၊ ဝိနည်းအခေါ်အားဖြင့် ဝိကပ္ပနာပြုလိုက်လျှင် နောက်ဆွမ်းကို ခံယူစားသောက်နိုင်သည်ဟု ပြင်ဆင်ချက် ထုတ်ပြန်တော်မူပေသည်။

[သုဒ္ဓပါစိတ်၊ ပရမ္ပရဘောဇန သိက္ခာပုဒ်]

## ငဲ့ကွက်သင့်သော စေတနာ

စားရေးသောက်ဘာနှင့် ပတ်သက်၍ နောက်တခါပြဿနာ ကြုံရသော သိက္ခာပုဒ်ကား ပထမပဝါရဏာ သိက္ခာပုဒ်ဖြစ်၏။ ဤသိက္ခာပုဒ်အရ ရဟန်းများသည် အစားအစာတခုခုကို စားနေဆဲ နောက်ထပ် ဆက်ကပ်လာသော အစားအစာများကို ပယ်လှန်မိလျှင် ဆက်၍ မစားရတော့ပေ။

ဤသိက္ခာပုဒ် ပညတ်ရခြင်းမှာလည်း ဗြဟ္မဏ ဆွမ်းတကာ တဦး၏ သဒ္ဓါတရားကို ငဲ့ကွက်၍ဖြစ်၏။ ဗြဟ္မဏ တကာအိမ်မှာ ဆွမ်းကိစ္စပြီးစီးပါလျက် ရဟန်းများက အနီးအပါးကအိမ်များသို့ သွား၍ စားကြသေးရာ ဗြဟ္မဏဆွမ်းတကာ မကျေမနပ်ဖြစ်ခဲ့ရ၏။

ယခုတော့ ဤသိက္ခာပုဒ် ကျေးဇူးကြောင့် နှစ်ဦးနှစ်ဖက် စိတ်ချမ်းမြေ့စွာ ဆက်ဆံနိုင်ကြပါပြီ။ ရှင်တော်မြတ်၏ ရည်ရွယ်ချက်ကို သိပြီမို့လည်း မည်သည့်ရဟန်းကမှ မပယ်မလှန်ပါ။ သို့ဖြစ်၍ ဂိလာနရဟန်းများက ပယ်လှန်လိုက်သော ကောင်းနိုးရာရာ အစားအစာများကို ကျောင်းတံတိုင်းဘေးမှာ သွား၍ သွန်ကြရပေသည်။

## သောသောညံ့သော ထိုတနေ့

ဤသိက္ခာပုဒ်အတွက် ရဟန်းများဆီက တစုံတရာအသံထွက်မလာသော်လည်း ကျီးသံကား သောသောညံ၍လာပါ၏။ စွန့်ပစ်ထားသော အစားအစာများကို အုပ်နှင့်ဖွဲ့ကာ လုယက်စားသောက်နေကြခြင်း ဖြစ်ပေသည်။

အကြောင်းမရှိလျှင် တိတ်ဆိတ်စွာ နေလေ့ရှိသော ဘုရားရှင်သည် ကျီးသံများကြောင့် ကျွန်ုပ်ကိုခေါ်၍ မေးတော်မူ၏။ ကျွန်ုပ်ကလည်း ပညတ်ချက်အတိုင်း တသွေမတိမ်း လိုက်နာကြသော သီတင်းသုံးဖော်များ အကြောင်းကို တင်လျှောက်ရ၏။ ဤတွင် ဘုရားရှင်က- ဤအစားအစာ အားလုံးကို တော်ပြီဟု နှုတ်မြွက်လိုက်လျှင်၊ ဝိနည်းအခေါ်အားဖြင့် အတိရိက် ပြုလိုက်လျှင် စားခွင့်ရှိကြောင်း တပ်လောင်း မိန့်မှာတော်မူပေသည်။

[သုဒ္ဓပါစိတ်၊ ပထမပဝါရဏာ သိက္ခာပုဒ်]

## ကလေးသည် ကလေးမျှသာ

ကျွန်ုပ် အကျိုးဆောင်ပေးခဲ့ရသော သံဃာ့ကိစ္စများအနက် သတ္တရသ၀ဂ္ဂီ ရဟန်းငယ်ကလေးများ၏ ကိစ္စကား ရယ်ချင် ပြုံးချင်စရာပင် ဖြစ်ပါ၏။ ဆယ့်ခုနစ်ယောက်တိတိ အတူတကွ နေတတ်ကြသဖြင့် ဤအမည်တွင်နေခြင်းဖြစ်၏။ရဟန်းခံနိုင်သည့် အသက်ကို ယခုလို တိတိကျကျ မသတ်မှတ်ရသေးရှိသော သူတို့လေးတွေ ရဟန်းဘောင် ရောက်လာကြရ၏။တကယ်တော့ဖြင့် မိဘကို နွဲ့ဆိုးဆိုး၍ ကောင်းတုန်း၊ ဟိုဟာသည်ဟာ ပူဆာ၍ ကောင်းတုန်း ကလေးငယ်များသာ ဖြစ်ကြ၏။ သက်တောင့်သက်သာ အသက်မွေးနိုင်ရန်ဟု သူတို့မိဘများက ရဟန်းဘောင် သွတ်သွင်းခဲ့ကြခြင်း ဖြစ်ပေသည်။

ကိုယ်တော် အရှင်မြတ်ကလေးတို့သည် ရဟန်းခံသည့် ညတုန်းကတော့ ဟုတ်တုတ်တုတ်ပင် ဖြစ်ပါ၏၊ တန်းစေ ပန်းစေ ရဟန်းများနှင့် အတူတကွ အေးဆေးငြိမ်သက်စွာ ကျိန်းစက်တော်မူကြ၏။ သို့သော် နံနက်လင်းအားကြီး အချိန်မှာကား သူတို့ ဇာတိရုပ်ကို ပြကြတော့၏။ မိဘရင်ခွင်မှာ နေတုန်းကအတိုင်း အစားအစာကို တောင်းကြ၏။ ငိုသူကငို၍ ယိုသူကယိုကြ၏။ အိပ်ရာခင်း ရှိသမျှ ရွှဲရွှဲစိုကာ တကျောင်းလုံး နှာခေါင်းပိတ်နေကြရ၏။

ကျွန်ုပ် မျှော်လင့်ထားသည့် အတိုင်းပင် နံနက်လင်းလျှင်ပင် ဘုရားရှင့်ခေါ်သံ ကြားရ၏။ ကြားရသော အသံများအတွက် အမေးအမြန်း ရှိတော်မူသည်တွင် ကျွန်ုပ်က ပြည့်ပြည့်စုံစုံ တင်လျှောက်ရ၏။ ဤတွင် အသက်နှစ်ဆယ်ပြည့်မှ ရဟန်းခံရန် သတ်မှတ်ချက် ထွက်ပေါ်လာပေသည်။

## တစေ့ပါပါ တခြမ်းပါပါ

ဤ ဝတ္ထုကြောင်းများ၌ ကျွန်ုပ်ဘက်က ထူးထူး ခြားခြား ကြောင့် ကြစိုက်ရမှုဟူ၍ မရှိပါ။ အမေးတော်ရှိသည့်အခါ အလိုက်သင့် လျှောက်တင်ရုံမျှသာ ရှိ၏။ သို့သော် သံဃာ့ အဖွဲ့ အစည်းအပေါ်ဝယ် အစဉ်တစိုက် အကျိုးသက်ရောက်မှု ရှိသွား စေသော ဤအကြောင်း ကိစ္စများတွင် ပါဝင် ပတ်သက်ခွင့် ရခဲ့ သဖြင့် ကျွန်ုပ်က အမှတ်တရ ဖော်ပြရခြင်း ဖြစ်ပါ၏။

[သုဒ္ဓပါစိတ်၊ ဥိနဝီသတိဝဿ သိက္ခာပုဒ်]

## သတိကောင်းသူ၏ သတိမေ့မှု

ကျွန်ုပ် ရရှိထားသော တေဒင်္ဂုဏ်ထူးငါးမျိုးတွင် သတိကောင်း သူအဖြစ်လည်း တမျိုးအဖြစ်ပါဝင်ခဲ့ပါ၏။ သို့သော် သတိကောင်း သော ဤဂုဏ်ထူးဆောင် ပုဂ္ဂိုလ်သည် တကြိမ်တခါ သတိမေ့ လျော့ နေခဲ့မိသဖြင့် ကျောက်ထီးတန္တု အလေးပြုလာခဲ့ရသော ဆရာသမားများ၏ အငြိုအငြင်ကို ခံခဲ့ရပါ၏။ ဤသည်တို့မှာ နောက်နောင် သက်ဆိုင်ရာ အခန်းကျမှ ပြည့်ပြည့်စုံစုံ ကြားနာ ကြရန်ဖြစ်၍ ယခု လောလောဆယ် ကြားနာရန်ကား ဝိနည်း ပညတ်ချက်တခုနှင့် သက်ဆိုင်သော ကျွန်ုပ်၏ သတိမေ့မှုသာ ဖြစ် ပေသည်။

ထိုတနေ့က ကျွန်ုပ်သည် တစုံတရာ စိတ်စောနေသဖြင့် နှစ်ထပ် သင်္ကန်းကြီးမပါဘဲ သာဝတ္ထိမြို့တွင်းသို့ ဝင်ခဲ့မိ၏။ ကျောင်းက ထွက်လာစဉ်က သတိမထားခဲ့မိ။ မြို့တွင်းရောက်မှ သတိရ၏။ သို့

သော် ပြန်ယူရန်လည်း မဖြစ်နိုင်တော့သဖြင့် သင်္ကန်း နှစ်ထည်ထဲနှင့် လာခဲ့ရင်း တကာ့အိမ်သို့ ဝင်ခဲ့ရ၏။

ကျောင်းသို့ပြန်ဝင်လာရာတွင် ပညတ်တော်ကို ဖောက်ဖျက်မှုဖြင့် ရဟန်းများက ကျွန်ုပ်ကို ပြောကြဆိုကြ၏။ ဤတွင် သံဃာ့ပရိသတ် အားလုံးကို သက်ညှာခွင့် ပေးသောအားဖြင့် နှစ်ထပ်သင်္ကန်းကြီးများ ချထားနိုင်သောအခွင့် ငါးမျိုးကို သတ်မှတ်၍ပေးတော် မူပေသည်။

[ဝိနည်းမဟာဝဂ်၊ စီဝရက္ခန္ဓက]၊

## ကမ္ဗတ်အိမ်နှင့် ကမ္ဗတ်ကွင်း

တခါတုန်းကလည်း ကြုံရသေး၏။ ကျွန်ုပ်သည်မြို့တွင်းသို့ ပေါ့ပါးသော သင်္ကန်းများ ဝတ်ရုံ၍ သွားရာ လေပြင်းတိုက်ခတ်ခိုက်နှင့်ကြုံသဖြင့် အရှက်တကွဲ ဖြစ်ခဲ့ရ၏။ ဤဖြစ်ရပ်ကား ပညတ်တော်ကိုချိုးဖောက်ခြင်း မဟုတ်၍ ရဟန်းများက အပြစ် မတင်လာကြတော့ပါ။ သို့သော် တယောက်စကား တယောက်နားဖြင့် ဘုရားရှင် သိတော်မူသဖြင့် နောက်နောင် ဤလိုအဖြစ်မျိုးနှင့် မကြုံရစေရန် ကေသီသင်္ကန်းများမှာ တပ်စရာ ကမ္ဗတ်အိမ်နှင့် ကမ္ဗတ်ကွင်းကို ခွင့်ပြုတော် မူပေသည်။

## လျှောက်ထားတိုင်း မအောင်မြင်

ဝိနည်းပညတ်များနှင့် ပတ်သက်၍ ကျွန်ုပ် အကျိုးဆောင်ခဲ့သည်များကို တင်ပြခဲ့ပါပြီ။ ဤဝတ္ထုကြောင်းများတွင် ကျွန်ုပ် တမင်တကာ ဆောင်ရွက်ရသည်လည်းရှိ၏၊ ပတ်သက်သည် ဆိုရုံမျှပတ်

သက်ရသည်လည်းရှိ၏။ သို့သော် သံဃာ့ နောင်ရေးမှာ အကျိုး သက်ရောက်မှုကား ရှိကြပေသည်။

ကျွန်ုပ်၏ တသက်တာမှတ်တမ်းကို တင်ပြရာတွင် ပြည့်ပြည့်စုံစုံ ကြားနာနိုင်ကြရန် တမင်တကာ ဆောင်ရွက်ပေးပါလျက် အရာ မထင်ခဲ့ရပုံကိုလည်း ဇာတ်ကြောင်းလှန်ရပါဦးမည်။

## ခရမ်းပိန်မှ ခေါးတုံးမှ

ကလန္ဒသူဌေး၏သား အရှင်သုဒိန်၏ မယားဟောင်းနှင့် ပေါင်းဖော်မှုကြောင့် ဘုရားရှင်သည် ပထမ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူရ၏။ ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် သိက္ခာ မချဘဲ သိက္ခာပုဒ်ကို ကျူးလွန်ကာ လူထွက်၍ သွားကြ၏။ သူတို့သည် လူ့ဘဝမှာ လွတ်လပ်ပျော်ရွှင်စွာ နေခဲ့ရာမှ တစတစနှင့် ပစ္စည်း ဥစ္စာများ ပျက်စီးလာကြရ၏။ အားကိုးလောက်သော ဆွေမျိုး သားချင်းများလည်း သေဆုံးသွားကြ၏။ အသက်အရွယ် ကြီးရင့် လာသည်နှင့်အမျှ အနာရောဂါ ထူပြောလာကြ၏။ ဤတွင်မှ သက်တောင့်သက်သာ နေလာခဲ့ရသော သာသနာတော်ကြီးကို သတိရကာ ကျွန်ုပ်ထံ ချဉ်းကပ်လာကြ၏။ သာသနာတော်တွင်း၌ အသစ်တဖန် ရဟန်းခံခွင့်ရအောင် လျှောက်ထား ပေးပါမည့် အကြောင်း တောင်းပန်ကြ၏။

## အလိုဖြည့်သော်လည်း မပြည့်လာ

ကျွန်ုပ်ကား လူအားလုံးတို့၏ လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနေကျ ဖြစ်၍ ဝဇ္ဇီတိုင်းသား ရဟန်းလူထွက်များ၏ ဆန္ဒကို ရှေ့တော် မှောက်သို့ အရောက် ပို့လိုက်ရပေတော့၏။ ဤတွင် ဘုရားရှင်က–

"အာနန္ဒာ၊ ဝဇ္ဇီတိုင်းသားတို့ကို အကြောင်းပြု၍ ငါဘုရားသည် သာဝကတို့အား ပညတ်ထားပြီးသော သိက္ခာပုဒ်ကို ပယ်နုတ်ခြင်း မပြုတော့ပြီ"

## ဘုရားရှင် မျက်နှာလိုက်သလော

ကျွန်ုပ် လျှောက်ထားသည့်အတွက် ဘုရားရှင်သည် အချို့ သိက္ခာပုဒ်များကို သက်ညှာခွင့် ပေးတော်မူခဲ့သည် မှန်ပါ၏။ သို့သော် ဤသို့ ပေးတော်မူခဲ့ခြင်းမှာ လျှောက်ထားသူ ကျွန်ုပ်၏ မျက်နှာကြောင့် လုံးဝ မဟုတ်ပါ။ သံဃာ့ အဖွဲ့အစည်းကြီး၏ မျက်နှာကြောင့်သာ ဖြစ်ပါသည်။ သည်အဖွဲ့အစည်းကြီး၏ နောင်ရေးအတွက်သာ ဖြစ်ပါသည်။ သည်အဖွဲ့အစည်းကြီး၏ အရှည်သဖြင့် တည်တံ့ ခိုင်မြဲရေး မဟုတ်ပါက ကျွန်ုပ်၏ လျှောက်ထားချက်ကိုပင် ပယ်ချတော်မူပေသည်။

# သံဃာချင်း ဆက်ဆံရေး

## သူတို့ ခြောက်ယောက်

သည်ကိစ္စအတွက် အဓိက တာဝန်ရှိသူများ၏ အမည်နာမများကို ထုတ်ဖော်လိုက်လျှင် တအံ့တသြ ဖြစ်မည့်သူ ရှိလိမ့်မည် မထင်ပါ။ သိက္ခာပုဒ် ပညတ်ယူရအောင် မဖွယ်မရာ ပြုခဲ့လေသမျှ အမှုများတွင် ထိုပုဂ္ဂိုလ်များ၏ ခြေရာလက်ရာက တဝက်လောက်ပါသည်ဟုပင် ဆိုလောက်ပေသည်။

သူတို့ခြောက်ယောက် သာသနာ့ဘောင် ဝင်လာခြင်းကပင် သဒ္ဓါကြောင့် မဟုတ်ပေ။ တောင်သူ ယာခုတ် အလုပ်များကို ပင်ပန်းကြီးစွာ လုပ်မနေရဘဲ အသက်မွေးဝမ်းကျောင်းမှု လွယ်ကူ

ရှိမျှ သက်နီးဝတ်လာကြခြင်းသာဖြစ်၏။ သို့သော် တဖက်ကလည်း သာဝတ္ထိမြို့တော်ကြီးသားများပီပီ စဉ်းစားဉာဏ် သုံးတတ်ကြသူများဖြစ်၍ တော်ရာလျော်ရာမှာ ရဟန်းမခံကြ။ ရှင်တော်မြတ်၏ လက်ရုံးနှစ်ဆူဖြစ်သော အရှင်မဟာ သာရိပုတ္တရာ၊ အရှင်မဟာ မောဂ္ဂလာန်တို့ထံမှာ ရဟန်းခံခဲ့ကြ၏။ အကြောင်းကိစ္စ တစုံတရာ ပေါ်ပေါက်ခဲ့သော် အားကိုး အားထား ပြုနိုင်လောက်သော ပုဂ္ဂိုလ်များကို တမင်တကာ ရွေးချယ်၍ ချဉ်းကပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

## မသူတော်ချင်းချင်း

သူတို့ခြောက်ပါးမှာ တပူးတွဲတွဲနှင့် သွားလာတတ်၊ နေထိုင်တတ်ကြသဖြင့် ဆဗ္ဗဂ္ဂီရဟန်းများဟု သိတင်းသုံးဖော်များက ကင်ပွန်းတပ်ကြရ၏။ ဆဗ္ဗဂ္ဂီတို့၏ အကြီးအမှူးများကား အရှင်အဿဇိနှင့် အရှင်ပုနဗ္ဗသုတို့ ဖြစ်ကြ၏။ သူတို့နှစ်ပါးပြီးလျှင် အရှင်မေတ္တိယနှင့် အရှင်ဘူမဇက၊ နောက်တတွဲမှာ အရှင်ပဏ္ဍုကနှင့် အရှင်လောဟိတက။ နှစ်ပါးတတွဲကျ သုံးနေရာ သုံးဌာနခွဲ၍ ကျောင်းထိုင်ခဲ့ကြပုံများကို နောက်ပိုင်းတနေရာကျမှ ဖော်ပြပါတော့မည်။

ဆဗ္ဗဂ္ဂီများအနက် ရှေ့လေးပါးမှာ ဆိုသည်မှ လက်သုတ်ဖတ်များပင် ဖြစ်၏။ သိက္ခာပုဒ်ပညတ်၍ မတားမြစ်ရသေးသော အမှုများကိုလည်း ကျူးလွန်ကြ၏။ ဝဇ္ဇီတိုင်းသား ရဟန်းများကဲ့သို့ တားမြစ်ထားပြီးသော အမှုများကို သိက္ခာပုဒ်ကို မငဲ့မထောက် ကျူးလွန် ဖောက်ဖျက်ကြ၏။ နောက် နှစ်ပါးကား သူတို့နှင့် ရောတိရောရာဖြစ်ကာ မတားမြစ်ရသေးသော အမှုများကိုကား

ကျူးလွန်ကြပါ၏။ တားမြစ်ထားပြီးသော သိက္ခာပုဒ်များကား မဖောက်ဖျက်ခဲ့ကြပါ။ ထို့ကြောင့်ပင် ဘုရားရှင်ဒေသစာရီ ကြွချီရာသို့ သူတို့နှစ်ပါး လိုက်ပါနိုင်ကြခြင်း ဖြစ်ပေသည်။

[သံဃာဒိသိသ်၊ ကုလဒူသက သိက္ခာပုဒ် အဋ္ဌကထာ]

## ယထာဝါဒီ တထာကာရီ

ကျောင်းတကာကြီး အနာထပိဏ်၏ ဇေတဝန် ကျောင်းတော်ကို စတုဒ္ဒိသာသံဃိကအဖြစ်ဖြင့် ဘုရားရှင် အလှူခံတော် မူခဲ့သည် မှန်ပါ၏။ သို့ရာတွင် အစစအရာရာပြည့်စုံကုန်လုံသော ထိုကျောင်းတော်မှာချည်း အစဉ်ထာဝရ ကျောက်ချ၍ကား နေတော်မမူသေးပါ။ လူများစု၏ အကျိုးစီးပွား များစိမ့်သောငှာ ဒေသစာရီ လှည့်လည်ကြရမည်ဟု ကိုယ်တော်တိုင် မြွက်ကြားတော် မူခဲ့သော သာသနာပြု မိန့်ခွန်းတော်ကြီးအတိုင်း မိန့်ခွန်းရှင် ကိုယ်တော်တိုင်ကလည်း တသွေမတိမ်း လိုက်နာတော်မူလျက် ရှိပါသည်။ သည်လို ပုဂ္ဂိုလ်မွန်တပါးအတွက် (ပြောတိုင်းလုပ်၍ လုပ်တိုင်းပြောသည်) ဟူသော ဂုဏ်ပုဒ်စကားများ ကြားရခြင်းမှာ ဆန်းသည်ဟု မဆိုနိုင်တော့ပါ။

## ဆရာမှတ်မှတ် တပည့်မှတ်မှတ်

စကားစပ်မိလာသည့်အခိုက် ဒေသစာရီ လှည့်လည်ခြင်းနှင့် ပတ်သက်၍ ဝိနည်းဆိုင်ရာ ပြင်ဆင်ချက် အမိန့်တော်တခု ထုတ်ပြန်ရပုံကို တင်ပြလိုပါသေးသည်။

ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာမှာ တောကျောင်းပျော် အရှင်ဗေလဋ္ဌ ယ်သဖြစ်ကြောင်း တင်ပြခဲ့ပြီးပါပြီ။ ဤသို့ ဥပဇ္ဈာယ်ဆရာ ထားရခြင်းမှာ ရဟန်းခံကိစ္စ တခုထဲအတွက်၊ ရဟန်းခံသော တရက်တာအတွက် မဟုတ်ပါ။ ရဟန်းခံပြီးနောက် ဆယ်နှစ်ဆယ်ဝါတိုင်တိုင် အတူတကွ နေထိုင်ရန် ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ ညွှန်ပြသည့်အတိုင်း အမြင်ကြီး အမြစ်ငယ် ဟူသမျှကို ရှောင်ရှားကာ ကြည်ညိုဘွယ်၊ လေးစားဘွယ် နေတတ်ထိုင်တတ်၊ ပြောဆိုတတ်ရေးအတွက် ဖြစ်ပေသည်။ ထို့ကြောင့် ရဟန်းခံခြင်းကိစ္စများ ပြီးလျှင်ပြီးချင်း မိမိ၏ ဥပဇ္ဈာယ်ဆရာ၏ ရှေ့မှောက်တွင်-

"အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာ့အရာ နေတော်မူပါဘုရား။ တပည့်တော်သည် အရှင်ဘုရား၏ အဆုံးအမ ဩဝါဒကို မှီ၍ နေထိုင်ပါမည် ဘုရား"

သက်နှင်းကို လက်ကတော့တင်ကာ လက်အုပ်ချီမိုး ရှိခိုးလျက် ဤသို့ သုံးကြိမ်သုံးခါ နှုတ်ယူသည်း ယူကြရ၏။ ဤတွင် ဥပဇ္ဈာယ်ဆရာက-

"ကြည်ညိုဘွယ်ဖြစ်အောင် နေတတ်စေ"

မိမိ၏ တပည့်အဖြစ် အသိအမှတ် ပြုကြောင်း နှုတ်မြွက်၍ လက်ခံလိုက်ရ၏။ ဤသို့ အသိအမှတ်ပြုပြီးသော ဆရာတပည့်တို့သည် တည့်တာမျှ ကျောင်းတိုက်တာ သီးခြားနေခွင့် မရှိတော့ချေ၊ နေ့မှာ အကြောင်းအားလျော်စွာ ပွတ်လပ်စွာ သွားခွင့်ရသော်လည်း ညအခါ ရောက်လျှင်ကား ဆရာရော တပည့်ပါ တကျောင်းတိုက် တခုထဲမှာ အတူတကွနေကြရ၏။ ညမှာကျောင်းတိုက်တာ ခြား၍ နေမိလျှင် ပယ်ထားသော နှုတ်ယူသည်း ပျက်၏။

နိဿယည်းပျက်မှုအတွက် သင့်လာသော အာပတ်ကို ဒေသနာကြား၍ ကုစားကာ နိဿယည်း ထပ်၍ ယူရ၏။
[ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ အာစရိယဝတ္တကထာ ပါဠိတော်နှင့် အဋ္ဌကထာ]

## ဦးတည်ချက် ၁၀ မျိုး

ဘုရားရှင်ကိုယ်တော်မြတ် ဝိနည်းပညတ်ချက် ထုတ်ပြန်တော်မူရခြင်းမှာ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ခိုင်မြဲရေးအတွက် ဖြစ်ပေသည်။ အရေးအတွက် များပြားရေးထက် အရည်အချင်းဘက်ကို အဓိကထားကာ စံပြပုဂ္ဂိုလ်များအဖြစ်ဖြင့် လောကလူသားတို့အား သာသနာ့အရိပ်အာဝါသအောက်သို့ စည်းရုံးသိမ်းသွင်းနိုင်ရန် ဖြစ်ပေသည်။ ဤသို့သော အခြေခံ ဦးတည်ချက်များကို ဆင့်ပွား၍ မိန့်ကြားတော်မူသော အကျိုးတရားများမှာ—

၁။ တင့်တယ်ကောင်းမြတ်သော သံဃာ့အဖွဲ့အစည်းကြီး ဖြစ်လာစေရန်။

၂။ သံဃာများ ချမ်းချမ်းသာသာ နေနိုင်စေရန်။

၃။ အကျင့်သီလ ဖောက်ဖျက်သူများကို နှိမ်နင်းရန်။

၄။ အကျင့်သီလ ချစ်မြတ်နိုးသော ရဟန်းတို့ ချမ်းသာစွာ နေနိုင်စေရန်။

၅။ လောလောဆယ် တွေ့ကြုံရသော ဆင်းရဲဒုက္ခတို့မှ လွတ်ကင်းရန်။

၆။ နောက်နောင်ခါ ပေါ်လာစရာရှိသော ဆင်းရဲဒုက္ခများကို ကြိုကြိုတင်တင် ဖယ်ရှားထားရန်၊

၇။ သာသနာတော်ကို မကြည်ညို၊ မသက်ဝင်လာသေး သူတို့ ကြည်ညို သက်ဝင်လာစေရန်။

၈။ ကြည်ညိုပြီး သက်ဝင်ပြီးသူတို့ တိုး၍ ကြည်ညိုသက်ဝင်စေရန်။

၉။ သာသနာတော်ကြီး အမွန့်ရှည်စွာ တည်စေရန်။

၁၀။ ဝိနည်းစည်းကမ်းများကို ချီးမြှောက်၍ တန်ဘိုးရှိရှိ သိတတ်ကြစေရန်။

ဤ ၁၀ ပါးတို့ ဖြစ်ကြပေသည်။

[ပထမ ပါရာဇိကသိက္ခာပုဒ်]

## စမရီမည်သော သားကဲ့သို့

ဤသို့သော ဦးတည်ချက်များဖြင့် ထုတ်ပြန်တော်မူခဲ့သော ဝိနည်းပညတ်ချက်များကို ကျွန်ုပ်တို့ ရဟန်းပရိသတ်က တသွေမတိမ်း လိုက်နာကျင့်သုံးကြရပေသည်။ စမရီမည်သော သားကောင်သည် မိမိအမြီးနှင့် တစုံတခု ငြိတွယ်နေသောအခါ အမြီးမြှင်တခုကိုမျှ အပြတ်ခံ၍ ရုန်းကန်ခြင်းမပြု၊ မုဆိုးများ၊ တောရိုင်းတိရစ္ဆာန်ကြီးများ သတ်ဖြတ်၍ သေချင်သေပေစေတော့။ မိမိအင်မတန်မြတ်နိုးလှသော အမြီးမြှင်များကို အပြတ်မခံဘိသကဲ့သို့ ကျွန်ုပ်တို့ ရဟန်းများသည်လည်း မိမိအသက်ဘေးကို မြော်တွေးကာ သိက္ခာပုဒ်ကို အပျက်မခံကြပါချေ။ ဤသို့ သိက္ခာပုဒ်ကို မြတ်နိုးခြင်းမှာ ဆရာသခင် ကျေးဇူးရှင်ကို မိမိအသက်ထက် လေးမြတ်ကြည်ညိုသောကြောင့် ဖြစ်ပါသည်။ ပညတ်ချက် ထုတ်ပြန်တော်မူခဲ့သော ကျေးဇူးရှင်ကြီးအပေါ်ဝယ် ဤသို့ ကြည်ညိုလေးမြတ်

မှု မရှိဘဲနှင့်လည်း ပညတ်ထားသော သိက္ခာပုဒ်များ မတည်တံ့နိုင်ပါ။ ဝိနည်းဘောင်အောက်၌ ဘုရားရှင်နှင့်ကျွန်ုပ်တို့ဘဝတွေ ဆက်ဆံမှုတွင် ပုဂ္ဂိုလ်ခင်၍ တရားမင်သည်ဟု ဆိုစရာ ရှိနေပေသည်။

## လျှော့ခွင့်ပေးထစ် မဟုတ်ပါ

သိက္ခာပုဒ် အားလုံးကို ခြုံ၍ ကြည့်သော် ထုတ်ပြန် ထားသော သိက္ခာပုဒ်များသည် ရှင်တော်မြတ်ဘုရား ရည်မှန်းတော်မူခဲ့ရင်း အတိုင်း အကျိုးသက်ရောက်မှု ရှိကြပါ၏။ သို့သော် သိက္ခာပုဒ် တခုချင်းကို ခွဲခြား၍ ကြည့်ပါလျှင်ကား ရည်မှန်းရာသို့ အစဉ် တစိုက် ရောက်နေသည်လည်းရှိ၏။ မရောက်တော့သည်လည်းရှိ၏။ ရည်မှန်းရာသို့ စောစောကရောက်ခဲ့ပါလျက်နောက်ပိုင်း၌ ဦးတည် ချက်မှ လမ်းပြောင်းသွားရသည်မှာ အဘယ့်ကြောင့်ပါနည်း။ ဤ သည်မှာ ရှင်တော်မြတ်၏ ချို့တဲ့ချက်ကြောင့်ကားမဟုတ်နိုင်ပါ။ ကာလ၊ ဒေသ၊ အခြေအနေ ပြောင်းလဲ သွားမှုကြောင့်သာ ဖြစ်ပါသည်။

## ပြောင်းလဲသော အခြေအနေအရ

ဤအချိန်ဤအခါ ဤအရပ် ဤဒေသ၌ ဤသို့သော အကြောင်း ကိစ္စကြောင့် ပညတ်တော်မူခဲ့သော သိက္ခာပုဒ်တခုသည် ထိုအချိန် အခါ၊ ထိုအရပ်ဒေသက ထိုအကြောင်းကိစ္စအတွက် အကောင်း ဆုံးသော ဖြေရှင်းချက်ပင် ဖြစ်ပါ၏။ သို့သော် အချိန်အခါ ဟူသည် အမြဲတစေ ပြောင်းလဲလျက် ရှိ၏။ အရပ်ဒေသမှာလည်း အမျိုးမျိုး အထွေထွေ။ အခြေအနေများလည်း အဘည်ရှိမျိုး

မဟုတ်ကြ။ ဤတွင် ပညတ်တော်မူထားခဲ့သော သိက္ခာပုဒ်များသည် အံမဝင် ခွင်မကျ ဖြစ်လာကြရ၏။ လက်ရှိအခြေအနေနှင့် နှိုင်းစာသော် တချို့ သိက္ခာပုဒ်များမှာ လျှော့လွန်းနေ၏။ တချို့ကား တင်းလွန်းနေ၏။ မဇ္ဈိမပဋိပဒါလမ်းကြောင်းမှ တိမ်းစောင်းနေသော ထိုသိက္ခာပုဒ်များတွင် လျှော့လွန်းသည်များကို တင်းပေးကာ တင်းလွန်းနေသည်များကို လျှော့ပေါ့ခွင့် ပေးတော်မူရပေသည်။

## နောက်တော်ပါးမှာ မပါလို

ပြောင်းလဲလာသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ပြင်ဆင်ပေးရသော သိက္ခာပုဒ်များတွင် နိဿယည်း ယူခြင်းကိစ္စလည်း အပါအဝင် ဖြစ်ပေသည်။

ဆိုခဲ့သည့်အတိုင်း ဘုရားရှင်သည် သီတင်းဝါလ ကျွတ်သည်နှင့် ခါတိုင်းလိုပင် ဒေသစာရီ လှည့်လည်ရန် ကျွန်ုပ်အား ရဟန်းများထံ စေလွှတ်တော် မူ၏။ ဘုရားရှင် မိန့်မှာတော် မူလိုက်သည့်အတိုင်း ကျွန်ုပ်က ကျောင်းပေါင်းစေ့မျှ လှည့်လည်၍ ကျေညာရာတွင် ဘုရားရှင်နှင့်အတူလိုက်ပါလိုသူ မရှိသလောက်ဖြစ်နေရ၏။

"ငါ့ရှင်အာနန္ဒာ၊ ဘုရားရှင်က ဆယ်ဝါတိုင်တိုင် ဆရာသမားထံ နိဿယည်းယူ၍နေရန်၊ ဆယ်ဝါပြည့်ပြီးမှ မိမိက နိဿယည်းပေးရန် ပညတ်တော်မူခဲ့၏။ ငါတို့ခရီးထွက်ရလျှင် နိဿယည်း ယူထားသော ဆရာများနှင့် ကင်းကွာမည်ဖြစ်၍ နောက်ထပ် နိဿယည်းဆရာ ရှာရတော့မည်။ ဤနိဿယည်းယူမှုက တုတ်နှောင်ထားသဖြင့် ငါတို့မှာ ခရီးတွင်မည်လည်း မဟုတ်ပေ။ ပြန်လာ

သောအခါကျတော့လည်း ဆရာရင်းများထံ နိဿယည်း ထပ်၍ ခံယူရပေဦးမည်။ ထို့ကြောင့် ငါတို့၏ ဥပဇ္ဈာယ်ဆရာများ လိုက်ပါလျှင် ငါတို့လည်းလိုက်ကြပါမည်။ ဥပဇ္ဈာယ်ဆရာများ မလိုက်လျှင်ကား မလိုက်လိုပါ။ ဥပဇ္ဈာယ်ဆရာများ မလိုက်ဘဲ ငါတို့ဘာသာလိုက်လျှင် ငါတို့မှာ စိတ်နေ စိတ်ထား လျှပ်ပေါ်ရာ ရောက်ပါလိမ့်မည်။

ဘုရားရှင်ကို ပုဂ္ဂိုလ်ရေးအရ ကြည်ညိုမြတ်နိုးရာတွင် ယခုလို ကိစ္စမျိုးနှင့် ကြုံလာရသောအခါ နောက်တော်ပါးမှာ လိုက်ပါနိုင်ရေးထက် ပညတ်ထားသော သိက္ခာပုဒ်ကို ပိုမို၍ အလေးထားကြသူများ ဖြစ်ကြပါ၏။ ဤလို သီတင်းသုံးဖော်များနှင့် တဝါတွင်းလုံး အတူတကွ နေခဲ့ရသဖြင့် ကျွန်ုပ် စိတ်နှလုံး ချမ်းမြေ့ခဲ့ရပါပေသည်။

## ကွာခြားသော်လည်း အတူတူ

ဤသို့ဖြင့် သည်တခါ ဒေသစာရီ လှည့်လည်ရာတွင် နောက်တော်ပါးမှာ ရဟန်းများစွာ မပါတော့ပေ။ ကျွန်ုပ်အပါအဝင် ရဟန်းလေးငါးပါးသာ မကွေမကွာ ပါလာနိုင်၏။ ခရီးစဉ်တလျှောက်လုံး၌ ဘုရားရှင်သည် ဤအခြေအနေကို မည်သို့မျှ ဝေဖန်မှုပြုတော်မမူ။ သို့သော် စိတ်ထဲမှာကား ပညတ်ထားသော သိက္ခာပုဒ်နှင့် လက်ရှိ အခြေအနေကို နှိုင်းယှဉ် ဝေဖန်လျက်ပင် ရှိတော်မူပေလိမ့်မည် ဖြစ်ပါသည်။

မှန်ပါ၏။ ကျွန်ုပ် ခန့်မှန်းထားသည့် အတိုင်းပင် ရာဇဂြိုဟ်မြို့တော် ပြန်ရောက်သောအခါ အဖြေ ပေါ်၍ လာပါတော့သည်။

သိက္ခာပုဒ် အတွက် အလိုက်ပါရ ခက်နေကြသော ရဟန်း ပရိသတ်ကို စုဝေးတော် မူစေကာ-

"ရဟန်းတို့၊ တတ်သိနားလည်သော ရဟန်းသည် ငါးဝါမျှ သာ နိဿယည်းယူ၍ နေရမည်။ တတ်သိနားလည်သူ မဟုတ်လျှင် ကား ရာသက်ပန် နိဿယည်းယူ၍ နေရမည်"

လက်ရှိ အခြေအနေနှင့် လျော်ကပ်ပတ်သော ပြင်ဆင်ချက် အမိန့် ထုတ်ပြန်တော်မူလိုက်ရပေတော့သည်။ နိဿယည်း မယူဘဲ မနေရသော နှစ်ကာလ အပိုင်းအခြား ကွာခြား၍ သွားသော် လည်း သံဃာတော်များ ချမ်းသာစေရန်ဟူသော အခြေခံ ရည် မှန်းချက်ကြီးနှင့် ထပ်တူထပ်မျှ ဖြစ်ကြောင်း သိသာလှပေသည်။

## မထိုင်ခင်က ခြေဆင်းသူများ

တင်းထားရာမှ လျော့ပေါ့ပေးလိုက်သော ဤပညတ်ချက် အရ စောစောက တင်ပြခဲ့သော အရှင်အဿဇိနှင့် အရှင်ပုနဗ္ဗသုကတို့ နှစ်ပါးလုံး ဤတခါတွင် အတူပါ၍ လာနိုင်ကြပေသည်။ ဘုရား ရှင်ကို ကြည်ညိုစိတ်ဖြင့် နောက်တော်ပါးက လိုက်ပါခဲ့သည်ကား ဟုတ်ပါ၏။ သို့သော် ထိုပုဂ္ဂိုလ်နှစ်ပါးမှာ မထိုင်ခင်က ခြေဆင်း သူများပင် ဖြစ်ကြပေသည်။ သူတို့ကိုယ်တိုင်က ဝိနည်းနှင့် သုတ္တန် များကို မသင်မယူရသေးပါဘဲလျက် သူတို့နောက်ပါးမှာ တပည့် ပရိသတ်တွေ အစီအရီနှင့် ဖြစ်နေကြ၏။ မတတ်သူကို ဆရာတင် ထားမိကြသော ထိုရဟန်းငယ်ကလေးများအဖို့ အနေမတတ်၊ အထိုင်မတတ် ဖြစ်မည်ကိုကား အထူးဖော်ပြဘွယ် လိုမည်မထင် တော့ပါ။

## ထင်တော့ အထင်သား

ဆရာကောင်းတပည့် မဟုတ်သဖြင့် ပန်းကောင်း မပန်နိုင်သူများကို အထူးဖော်ပြဘွယ် မလိုသော်လည်း ထိုတပည့်မိုက်များကြောင့် အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီး တညတာ ဒုက္ခရောက်ခဲ့ရပုံကိုကား ဖော်ပြပါဦးမည်။

သည်ဘခေါက် ဒေသစာရီ လှည့်လည်ခြင်း၏ ခရီးအဆုံးကား ဇေတဝန်ကျောင်းတော် ဖြစ်ပါ၏။ ခရီးစဉ် တလျှောက်မှာ ချို့ချို့တဲ့တဲ့ နေလာခဲ့ရသည်နှင့်အမျှ အစစအရာရာ ပြည့်စုံကုံလုံသော ကျောင်းတိုက်ဘာကြီးအရောက်ဝယ် စိတ်ရောကိုယ်ပါချမ်းသာစွာ ကျိန်းစက်ကြရပါ၏။ သို့သော် နံနက်လင်း၍ အရှင်မြတ်ကြီး၏ ဖြစ်အင်ကို ကြားကြရသော အခါမှာကား တညတာချမ်းမြေ့မှုကလေးပင် ကွယ်ပျောက် သွားရပါတော့သည်။

"စကတည်းက အထင်သား" ဟုဆိုလိုက်လျှင် သိတင်းသုံးဖော်များက ရယ်ကြမည်လား မသိပါ။ သို့သော် ကျွန်ုပ်ကတော့ ဤအတိုင်းပင် ပြောခဲ့ရပေသည်။ ဇေတဝန် ကျောင်းတော်နားရောက်သည်ဆိုလျှင်ပင် သည်ရဟန်းကလေးများက ထေရ်ကြီးဝါကြီးသော ဆရာသမားသောမရှောင်။သံဃာအားလုံးကို တိုက်ခိုက်တိုးဝှေ့ကာ ရှေ့ရောက်ရေးကိုသာ သဲသဲမဲမဲ ကြိုးစားကြ၏။ နောက်ဆုံးတွင်ကား ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ရှေ့မှပင် အူလျားဖားလျား ပြေးသွားကြပေသေး၏။

သည်ရဟန်းငယ်ကလေးများ၏ ယောက်ယက် ခတ်ပုံကြောင့် တခုခုတော့ ဖြစ်တော့မည်ဟု ထင်ခဲ့မိပါ၏။ သို့သော် ထိုအထင်

သည် ကျွန်ုပ်၏ စိတ်သန္တာန်ဝယ် ကြာရှည်သဖြင့် မကိန်းအောင်း နိုင်ခဲ့ပါ။ သူတပါးအပေါ် အဆိုးမြင်ခြင်းကို လက်မခံတတ်သော ကျွန်ုပ်၏ ဝသီဘော်အတိုင်း မသိလိုက် မသိဘာသာပင် နေခဲ့မိပါ၏။

## ကျော်မကောင်း ကြားမကောင်း

မသိလိုက်မသိဘာသာ နေလာခဲ့သော ထိုကိစ္စသည် ယနေ့နံနက်မှာတော့ ဟိုးလေးတကျော် ဖြစ်လာချေပြီတည်း။ မဖြစ်ဘဲနေနိုင်မည်လော။ ထိုကိစ္စအတွက် တညလုံး သစ်ပင်အောက် ထိုင်နေခဲ့ရသူမှာ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင် ဖြစ်နေပါပကော။

ဒေသစာရီ ကြွချီကြသောအခါတိုင်း အရှင်မဟာသာရိပုတ္တရာသည် နောက်ဖျားမှာ ရှိနေတတ်၏။ အရှင်မြတ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကြောင့် သံဃာများက အလေးအမြတ်ပြုကြသော်လည်း ဘုရားရှင့် အနီးအပါးက မလိုက်ပါတတ်ပေ။ သက်ကြီးရွယ်အို ရဟန်းများကို ကူညီဖေးမရင်း၊ ဂိလာန ရဟန်းများကို ပြုစုရင်း ဟိုနောက်ဖျားမှ လိုက်ပါတတ်သည်သာ ဖြစ်၏။ အကယ်၍ တပါးလျှင်တနေရာကျ မျှမျှတတသာ အသုံးပြုကြပါမူ ဤအရှင်မြတ်ကြီး သစ်ပင်အောက်မှာ ငုတ်တုတ် ထိုင်နေရမည် မဟုတ်ပါ။ မတုန့်လှုပ်သော သဒ္ဓါတရားဖြင့် ဆောက်လုပ်ထားသော ဤကျောင်းတိုက်ဝယ် နောက်ဆုံးမှရောက်လာသည့် ပုဂ္ဂိုလ်တိုင်အောင် အိပ်ရာ နေရာများ အလုံအလောက် ရှိနေပါ၏။ သို့ရာတွင် အရှင်အသဇ်တို့၏ တပည့်များကတော့ မျှတသော စိတ်

သဘော မရှိရှာကြပါ။ ဘုရားရှေ့၊ သံဃာရှေ့က ဦးအောင် ပြေးကာ ရှိသမျှနေရာကို အပိုင်စီးကြတော့၏။ ကောင်းပေ့ ဆိုသော ကျောင်း၊ ကောင်းပေ့ဆိုသော အိပ်ရာ နေရာများသည် သူတို့ ဆရာသမား နှစ်ပါးအတွက် ဖြစ်ကြရ၏။ ဆရာနှစ်ပါးမှ ပိုလျှံလေသမျှမှာ သူတို့အတွက်။ကျန်ကောင်းကျန်မည့်နေရာများမှာမှကျန် သံဃာများ ကုတ်ကုတ်ကပ်ကပ် ကျိန်းစက်ကြရ၏။ နောက်ဆုံးမှ ရောက်လာသော အရှင်မဟာသာရိပုတ္တရာ အတွက်ကား ကျောတနေရာစာမျှ မရှိတော့ချေ။

## ထိုင်ခဲ့ရ တညတာ

သစ်ပင်အောက်တွင် တပါးတည်း ငုတ်တုတ် ထိုင်နေခဲ့ရသော အရှင်မြတ်ကြီးသည် လင်းအားကြီး အချိန်ရောက်မှ ဘုရားရှင် ချောင်းဟန့်သံကို ကြားလိုက်ရ၏။ စောစောထ၍ စင်္ကြံကြွလာသော ဘုရားရှင်ကို အတုံ့အလှယ် ချောင်းဟန့်သံ ပေးရ၏။ အရှင်မြတ်ကြီး နှစ်ပါးတို့ ဆုံဆည်းမိခါမှ ဖြစ်ကြောင်းကုန်စင် လျှောက်ထားရပေတော့သည်။

## ဖုံးမရ ကွယ်မရ

အကြောင်းကိစ္စတခု ပေါ်ပေါက်လာပြီမို့ ဘုရားရှင်သည် သံဃာကိုစည်းဝေးစေကာ အမှုသည်ရဟန်းငယ်များအား စစ်မေးတော်မူ၏။ ဖုံး၍ကွယ်၍ မရနိုင်သော နေရာဖြစ်၍ ရဟန်းငယ်များကလည်း ဟုတ်တိုင်းမှန်စွာ ဝန်ခံ လျှောက်ထားကြရ၏။ ဤတွင် ဘုရားရှင်သည် ရဟန်းငယ်များအား အမျိုးမျိုးအဖုံဖုံ ကဲ့ရဲ့ ရှုံ့ချတော်မူကာ–

"ရဟန်းတို့၊ အိပ်ရာ နေရာ၊ သောက်ရေ ချိုးရေ၊ ဆွမ်းခဲဘွယ်တို့၌ အဘယ်ရဟန်းသည် ဦးစွာပထမစားသုံးခွင့် ရထိုက်သနည်း"

ရဟန်းတို့ထံမှ အဲခဲဖြေမှန် ရမည်မဟုတ်ကြောင်း ဘုရားရှင်ကောင်းကောင်းသိပြီး ဖြစ်ပါ၏။ သို့သော် အခြေခံ အဖြစ်ဖြင့် စကားခင်း၍ ပေးတော်မူလိုက်ရပေသည်။

## ဦးစား ပေးထိုက်သူ

"ခတ္တိယမျိုးရိုးမှ ရဟန်းပြုလာသူ ရထိုက်ပါသည်ဘုရား"

"ဗြာဟ္မဏ မျိုးရိုးမှ ရဟန်းပြုလာသူ ရထိုက်ပါသည်ဘုရား"

"သူဌေးမျိုးရိုးမှ ရဟန်းပြုလာသူ ရထိုက်ပါသည်ဘုရား"

မေးခွန်းတော်အဆုံးဝယ် ဖြေကြားသံများက အစီအရီ တွက်ပေါ်လာကြ၏။

ဘုရားရှင် ကိုယ်တော်တိုင် အဆုံးအဖြတ်ပေးမည့် ကိစ္စဖြစ်၍ ကျွန်ုပ်မှာ မည်သို့မျှ ဝင်မလျှောက်ခဲ့ပါ။ တရားတော်ကို သဘောပေါက်ပြီးသား ပုဂ္ဂိုလ်ကြီးများက အဖြေရှင်များကို မသိမသာ ပြုံးမျက်နှာဖြင့်သာ ကြည့်နေကြရပေသည်။

ဟောပြောတော် မူခဲ့ဘူးသော ဒေသနာတော် တပုဒ်နှင့် ချိန်ထိုးကြည့်လိုက်သောအခါ၌အဖြေရှင်များမှာ အကယ်ပင် ရယ်စရာ ဖြစ်နေကြပါ၏။

## မဟာသမုဒ္ဒရာနှင့် သာသနာ

ဂင်္ဂါ၊ ယမုနာ၊ သရဘူစသော မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာတို့သည် မဟာသမုဒ္ဒရာသို့ မသက်ဝင်မီသာ မိမိတို့ အမည်နာမ

ဖြင့် သီးခြား ရပ်တည်ခွင့် ရကြ၏။ မဟာသမုဒ္ဒရာသို့ သက်ဆင်းမိချိန်တွင်ကား မိမိတို့ သီးခြားအမည်များကို ပယ်စွန့်ကာ မဟာသမုဒ္ဒရာဟူ၍သာ ခေါ်ရတော့၏။

ထို့အတူပင် လူတန်းစားအမျိုးမျိုးမှ ရဟန်းပြုလာသူများမှာလည်း သာသနာတော်တွင်းသို့ မဝင်ရောက်မီသာ မိမိတို့ မျိုးရိုးကို ကိုးစားခွင့်ရကြ၏။ သာသနာတော်တွင်း ရောက်လာချိန်တွင်ကား ခတ္တိယမျိုးရိုးဟူ၍လည်း မရှိတော့ပေ။ ဗြာဟ္မဏမျိုးရိုးဟူ၍လည်း မရှိတော့ပေ။ အားလုံး သာသနာတော်တွင်းက ဘုရားရှင့်တပည့်သားများချည့် ဖြစ်ကြရ၏။

[ဥဒါန်းပါဠိတော်၊ ဥပေါသထသုတ်]

ဤသို့ ဟောကြားထားသည့်ကြားကပင် ယခုမျိုးရိုးစွဲကလေးများက ထွက်ပြူလာကြပေသေးသည်။

## အမျိုးစွဲ ပုဂ္ဂိုလ်စွဲ

ဖြေကြားသံများက ဤမျှဖြင့် ပြီးဆုံးမသွားသေးပါ။ မျိုးရိုးဇာတိအစွဲများနောက်ဝယ် ပုဂ္ဂိုလ်ရေးရာ အစွဲများက ထက်ကြပ်မကွာလိုက်ပါလာကြ၏။ တချို့က သုတ္တန်ဆောင်ကို ထောက်ခံကြ၏။ တချို့က ဓမ္မကထိကကို အဆိုပြုကြ၏။တချို့က စျာန်အဆင့်ဆင့်ကို အမွှန်းတင်ကြ၏။ ထိုထက် အဆင့်အတန်း မြင့်လိုသူများကတော့ အရိယာပုဂ္ဂိုလ်များကို သူ့ထက်ငါ အသားယူ၍ တင်ပြကြ၏။ ပုဂ္ဂိုလ်ချင်း ယှဉ်ပြိုင်ကြစို့ဆိုသောအခါ ရဟန္တာပုဂ္ဂိုလ်ချင်းပင် အတူတူမထားနိုင်ကြသေး။ ရဟန္တာပုဂ္ဂိုလ် ရိုးရိုးထက်တေဝိဇ္ဇရဟန္တာကသာသည်။ တေဝိဇ္ဇရဟန္တာထက် ဆဠဘိညရဟန္တာက သာသည်ဆိုကြ၏။

## မူတခု ချမှတ်လိုက်ပြီ

"ရဟန်းတို့…."

ဘုရားရှင့် အမိန့်တော်သံကြောင့် စိတ်ကူးတည့်ရာ လျှောက်သွားလေသမျှ အသံဗလံများ တိတ်ဆိတ်၍ သွားကြပေသည်။ ဝိနည်းပညတ်စရာ ရှိလာလေတိုင်း ဤလိုတည်ငြိမ်ပြတ်သားသော အမိန့်တော်သံကို ကျွန်ုပ်တို့ နာခံကြရစမြဲ ဖြစ်ပေသည်။

"ရှိခိုးခြင်း၊ ခရီးဦးကြိုဆိုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်း၊ အိပ်ရာနေရာ၊ သောက်ရေ သုံးရေ၊ ဆွမ်း ခဲဘွယ်တို့၌ ဦးစွာပဌမ စားသုံးခြင်းကို ထေရ်စဉ် ဝါစဉ်အလိုက် ငါဘုရားခွင့်ပြုတော်မူ၏။ သို့ရာတွင် သံဃိကဖြစ်သော အိပ်ရာနေရာ၊ သောက်ရေသုံးရေ၊ ဆွမ်းခဲဘွယ်ကို ဝါကြီးသော ရဟန်းက ဝါငယ်သော ရဟန်းကို မဘားမြစ် မပိတ်ပင်ရ။ တားမြစ် ပိတ်ပင်သော် ဒုက္ကဋ်အာပတ်သင့်စေ"

အိပ်ရာနေရာကိစ္စနှင့် ဆက်စပ်၍သံဃာများအချင်းချင်း အစဉ်ထာဝရ ဆက်ဆံသွားရန် မူတခုကိုပါ ချမှတ်တော်မူလိုက်ပေသည်။

[စူဠဝဂ်၊ သေနာသနက္ခန္ဓက ပါဠိတော်နှင့် အဋ္ဌကထာ]

## ဓမ္မဓိဋ္ဌာန်နှင့် ပုဂ္ဂလဓိဋ္ဌာန်

ကျွန်ုပ်တို့ဘတွေ့ သာသနာ့ဘောင် ဝင်ရောက် လာကြရခြင်းမှာ နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက်ဖြစ်ပါ၏။ နိဗ္ဗာန်မျက်မှောက်ပြုသည်ဘွင်လည်း ရဟန္တာဟူ၍ ခေါ်ဆိုသမုတ်ခြင်း ခံနိုင်လောက်

အောင် ဘာဝနာ အားကောင်းဘို့ လိုပေသေး၏။ နိဗ္ဗာန်မမြင်သေးသူထက် နိဗ္ဗာန်မြင်ပြီးသူကို ပို၍ ချီးမွမ်းထိုက်ပါ၏။ နိဗ္ဗာန်မြင်ပြီးသူတိုင်းထက်လည်း ရဟန္တာ ပုဂ္ဂိုလ်များကို ပို၍ လေးစားထိုက်ပါ၏။ သာသနာ့ဝန်ထမ်း အားလုံးက စံနမူနာ ယူထိုက်သူများလည်း ဖြစ်ကြပါ၏။

သို့ရာတွင် သံဃာ့အဖွဲ့အစည်းကြီး တခုလုံးနှင့်ခြုံ၍ ကြည့်သည်တွင်ကား ဤလို တရားမြင်ရေး၊ ကျင့်သုံးရေးကိုချည့် ဦးစားပေး၍ မဖြစ်သေးပေ။ တရားမြင်ရေး ကျင့်သုံးရေးမှာ အမှန်အားဖြင့် သံဃာ့အဖွဲ့အစည်းနှင့် မသက်ဆိုင်ပေ။ မိမိတဦးချင်း ကျင့်သုံးရသော ကိစ္စဖြစ်၏။ တနည်းအားဖြင့် တရားမြင်ရေး၊ ကျင့်သုံးရေးမှာ ဓမ္မဓိဋ္ဌာန်ဖြစ်၍ သံဃာ့အဖွဲ့အစည်းကြီး တည်တံ့ ခိုင်မြဲရေးကား ပုဂ္ဂလဓိဋ္ဌာန် ဖြစ်ပေသည်။ ထို့ကြောင့် စျာန်ရသော၊တရားမြင်သော ပုဂ္ဂိုလ်များကို ကျော်လွှားကာ ရဟန်းသိက္ခာကြီးသူများကို ဘုရားရှင်က ဦးစားပေး၍ ရွေးချယ်တော် မူလိုက်ပေသည်။ ခတ္တိယမျိုးရိုး စသည်တို့ကိုကား ထည့်၍ စဉ်းစားရန်ပင် မလိုပါချေ။

## ကိုင်းနှင့် ကျွန်းပမာ

အငြင်းပွားဖွယ် ကိစ္စတခုကို ဖြေရှင်းနိုင်ရန် ဤသို့ မူတခု ချမှတ်ပေးတော်မူသော်လည်း တကယ်တမ်းအားဖြင့် သံဃာ့အဖွဲ့အစည်းထဲတွင် အခွင့်ထူးခံ ပုဂ္ဂိုလ်သက်သက် ဟူ၍ မရှိပါချေ။ ကိုင်းနှင့် ကျွန်းပမာ အချင်းချင်း ယှဉ်တွဲမှီခို၍ တည်တံ့နေကြရသူများပင် ဖြစ်ကြပေသည်။

## တပည့်တို့ ဝတ္တရား

ကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာ အခန်းတုန်းက ဥပဇ္ဈာယ် ဆရာများ အကြောင်းကို တင်ပြခဲ့ပါပြီ ယခု အခန်းမှာကား နိဿယည်း ဆရာအလှည့် ဖြစ်၏။ ဥပဇ္ဈာယ်ဆရာ၊ နိဿယည်းဆရာတို့အပေါ်၌ တပည့်ရဟန်းတို့က ပြုစု ဆောင်ရွက်ရသော ဝတ္တရားတို့ ရှိကြပေသည်။

တပည့်သည် နံနက်စောစောထ၊ ဘိနပ်ချွတ်၊ သင်္ကန်းများကို သပ်သပ်ယပ်ယပ် လက်ကတော့ တင်ကာ ဆရာ့ထံ ချဉ်းကပ်၍ တံပူ ဆက်ကပ်ရ၏။ မျက်နှာသစ်ရေ ခပ်ပေးရ၏။ အိပ်ရာနေရာကို ပြင်ဆင် ခင်းပေးရ၏။ ယာဂုရှိလျှင် စင်စင်ဆေး ထားသော ပန်းကန်ဖြင့် ဆက်ကပ်ရ၏။ ယာဂု ဘုဉ်းပေးပြီးလျှင် ဆရာ့ထံ သောက်ရေကပ်ကာ ပန်းကန်ကိုယူ၍ ဆေးရ၏။ ပန်းကန်ဆေးရာ ထိသံခိုက်သံ မကြားစေရအောင် ဂရုစိုက်ရ၏။ ဥပဇ္ဈာယ်ဆရာ ထသွားသော် နေရာထိုင်ခင်းများခေါက်သိမ်းရ၏။ ဆရာ့ကျောင်း ဝန်းကျင်မှာ အမှိုက်သရိုက်များ ရှိသော် တံမြက်လှည်းကာ ကျုံး ပစ်ရ၏။

## ဆွမ်းခံဝင်ချိန် ဆွမ်းခံပြန်ချိန်

ဆရာသည် ရွာထဲသို့ ဆွမ်းခံဝင်လိုပါလျှင် အသစ် လဲလှယ်စရာ သင်္ကန်းများ ယူပေးရ၏။ သပိတ်ကို စင်စင်ဆေးကာ ရေနှင့်တကွ ဆက်ကပ်ရ၏။ ဆရာက နောက်ပါ တပည့်အဖြစ် ခေါ်ယူလျှင် သင်္ကန်းကို သေသေသပ်သပ် ရုံကာ ဆရာ့နောက်ပါးမှ ဆွမ်းခံ လိုက်ရ၏။

ဤသည်တို့မှာ ဆွမ်းခံဝင်ချိန်ထိ ပြုစုဆောင်ရွက် ရသော ဝတ္တရားအချို့ ဖြစ်ပါ၏။ ရွာထဲသို့ ဆွမ်းခံဝင်နေဆဲ မှာလည်း ဆရာနှင့် မနီးလွန်း မဝေးလွန်းက လိုက်ပါရ၏။ ဆရာက တစုံ တယောက်နှင့် စကားပြောလျှင် တပည့်က ဝင်မစွက် ရပေ။ သို့သော် ဆရာက အာပတ်သင့်လုနီးနီး ပြောလာ လျှင်ကား အချိန်မှီဝင်၍ တားမြစ်ရပေသည်။ ဆရာရောတပည့်ပါ ဆွမ်းများ ပြည့်စုံကြလျှင် တပည့်က ဦးစွာပြန်နှင့်၍ နေရာ ထိုင်ခင်းပေးထား ရ၏။ ခြေဆေးရေ၊ ခြေဆေးခုံ၊ ခြေထောက်များ ပွတ်တိုက်စရာ အိုးကြမ်းကဲ့တို့ကို အရံသင့် ရှာပေးထားရ၏။ ဆရာကို ခရီးဦး ကြိုဆို၍ သပိတ် သင်္ကန်းများ လှမ်းယူရ၏။ လဲစရာသင်္ကန်းများ ယူပေးရ၏။ ဆရာ့သင်္ကန်းများ စိုထိုင်းနေလျှင် နေပူမှာ ခေတ္တ ခဏ လှမ်းထားရ၏။ နေပူမှာ ကြာရှည် မထားဘဲ သင်္ကန်းကို ခေါက်သောအခါ အလယ်ကခေါက်ရိုးပေါ်မှာ ထပ်ကာထပ်ကာ ကျ၍ နွမ်းရိမသွားစေရန် တဖက်မှာ လက်လေးသစ် အပိုထား၍ ခေါက်ရပေသည်။

ဆွမ်းခံဝင်ချိန်၊ ဆွမ်းခံပြန်ချိန်မှာကဲ့သို့ပင် ဆွမ်းစားရာ၊ ရေချိုးရာ စသည်တို့မှာလည်း ပြည့်ပြည့်စုံစုံ ညွှန်ကြားထားပြီး ဖြစ်ပေသည်။

## လက်ရေ တပြင်တည်း

ဆရာရဟန်းများအပေါ် တပည့်များက ဤသို့သော ဝတ္တရားများ ပြုစုရသကဲ့သို့ပင် ဆရာရဟန်းများကလည်း တပည့်များအပေါ် ဤသို့ပင် ထပ်တူထပ်မျှ ပြုစုကြရပြန်ပေသည်။

ဆရာနှင့်တပည့် ဆက်ဆံရေးတွင် အခြေမတူသည့် အလျောက် ခြားနားချက်များ အတန်အသင့် ရှိပါ၏။ ယင်းတို့မှာ ဆရာက တပည့်ကို ဝိနည်းနှင့် သုတ္တန်များ သင်ကြားပေးရ၏။ တပည့်၏ သင်္ကန်းချုပ်ရေး၊ ဆိုးရေး စသော ကိစ္စများတွင် ကြောင့်ကြစိုက် ကာ ညွှန်ကြားကြရ၏။ တပည့်က ဆရာ၏သင်္ကန်းများ လျှော်ပေး ရ၏။ ဆိုးပေးရ၏။ ကိုယ်တိုင် မတတ်နိုင်သော် တတ်နိုင်သူကို တိုက်တွန်းပေးရ၏။

ဤသို့သော ဝတ္တရား အနည်းငယ်မှလွဲလျှင် ဆရာ့ဝတ်၊ တပည့် ဝတ် အများစုမှာ ထပ်တူ ထပ်မျှပင် ဖြစ်ပေသည်။

## ကိုယ်ရောစိတ်ပါ ကူညီစရာ

စားဝတ်နေရေး ကိစ္စများသာမက စိတ်ဓာတ်ပြုပြင်ရေး ကိစ္စများ မှာလည်း အပြန်အလှန် ယိုင်းပင်းကူညီကြရပေသည်။ လူထွက် ချင်စိတ် ပေါက်လာလျှင် အချင်းချင်း ဖျောင်းဖျကြရ၏။ ယုံမှား သံသယ ဖြစ်လာလျှင် ပြေလည်အောင် ရှင်းလင်း ပေးကြရ၏။ အယူအဆ လွဲမှားနေလျှင် အမှန်ရောက်အောင် အကျိုးဆောင် ကြရ၏။ မလွဲသာ မရှောင်သာ သင့်လာသော အာပတ်များကို ကုစားရာ၌ သံဃာ၏ အကူအညီရအောင် ဆောင်ရွက်ရ၏။ တစုံ တခုသော ပြစ်မှုဖြင့် သံဃာက ကံတခုခု ပြုရန် ရှိသောအခါ လေးသောကံမှ ပေါ့သောကံသို့ ပြောင်းလဲပေးရန် ကြောင့်ကြ စိုက်ရ၏။

ဤသို့အားဖြင့် သံဃာအချင်းချင်း ဆက်ဆံရေးသည်·တလမ်းသွားစနစ်မဟုတ်ဘဲ အကြီးနှင့်အငယ်၊ အထက်နှင့်အောက် အပြန်အလှန် ကူညီယိုင်းပင်းရသော မိသားစုစိတ်ဓာတ်တွင် အခြေခံ၍ နေပေသတည်း။

[ဝိနည်းမဟာဝဂ်၊ မဟာခန္ဓက၊ ဥပဇ္ဈာယဝတ္တကထာ၊ သဒ္ဓိဝိဟာရိကဝတ္တကထာ]

# သံဃာနှင့် တကာတကာမ

**တကာတကာမများ ကျင့်ဝတ် ၅ ပါး**

၁။ မေတ္တာယှဉ်သော ကာယကံဖြင့် ဆက်ဆံခြင်း
၂။ မေတ္တာယှဉ်သော ဝစီကံဖြင့် ဆက်ဆံခြင်း
၃။ မေတ္တာယှဉ်သော မနောကံဖြင့် ဆက်ဆံခြင်း
၄။ လိုအပ်သမျှ အလှူခံကြရန် ဘိတ်ကြားထားခြင်း
၅။ လိုအပ်သမျှ လှူဒါန်းခြင်း

**ရဟန်းသံဃာများ ကျင့်ဝတ် ၆ ပါး**

၁။ မကောင်းမှုကို တားမြစ်ခြင်း
၂။ ကောင်းမှုပြုရန် တိုက်တွန်းခြင်း

၃။ သနားကြင်နာစိတ် စေတနာထားခြင်း
၄။ မကြားဖူးသော တရားထူးများ ဟောခြင်း
၅။ ကြားဖူးပြီးသော တရားကို အနက်အဓိပ္ပာယ် ကျေညက်အောင် ဟောကြားခြင်း
၆။ နတ်ပြည်ရောက်ကြောင်း နည်းလမ်း ကောင်းများ ဟောကြားခြင်း။

[ဒီဃနိကာယ်၊ ပါထိကဝဂ်၊ သိင်္ဂါလောဝါဒသုတ်]

## လူမှုရေး တရားတော်များ

ရဟန်းသံဃာများနှင့် တကာ တကာမတို့၏ ဆက်ဆံရေးအတွက် သိင်္ဂါလသူဌေးသားအား ဟောကြားတော် မူခဲ့သော ကျင့်ဝတ်များ ဖြစ်၏။ မိဘနှင့် သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား၊ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ကျင့်ဝတ်များကို ဤသူဌေးသားပင် အကြောင်းပြု၍ ဟောတော်မူခဲ့ပေသည်။ သက်ဆိုင်ရာအခန်းများတွင် ဤကျင့်ဝတ်များကို တင်ပြရပါဦးမည်။

ကျွန်ုပ်တို့၏ အဓိကဦးတည်ချက်မှာ ဤဘဝ၊ ဤခန္ဓာဖြင့်ပင် ဤသာသနာမှာ အပါလိုက်နိုင်ကြရေးသာ ဖြစ်၏။ ဤဘဝမှ သေလွန်ပြီးနောက် နတ်ပြည် သုဂတိ ရောက်ရှိရေးမှာ အဓိကမဟုတ်ပါ။ သို့သော် အချို့သော တကာ တကာမ များကား တရားဘက်တွင် ဉာဏ် သက်ဝင်နိုင်စွမ်း မရှိကြပေ။ ဤတကာ တကာမများအတွက် နတ်ပြည်ရောက်ကြောင်း ကောင်းမှုကလေးများဖြင့် နှစ်သိမ့်မှု ပေးထားကြရပေသည်။

## မည်သူက အခွင့်သာသနည်း

ဤကျင့်ဝတ်များကို အတိုနည်းနှင့် ချုံးလိုက်ပါသော် တကာ တကာမများက တတ်အားသမျှ လှူဒါန်းကြ၍ ရဟန်း သံဃာ တော်များက တရားပြသ ဆုံးမကြရန် ဟူ၍ ဖြစ်လာ၏။

ဤကျင့်ဝတ်များကို ထောက်သောအားဖြင့် နှစ်ဦး နှစ်ဖက် ဆက်ဆံရေးတွင် ရဟန်းသံဃာများကအပေါ်စီးရနေပါသလော။ ရဟန်းသံဃာများသည် မကောင်းမှုကို တားမြစ်ရာတွင် ပြောရုံ ဟောရုံထက် ပို၍ တစုံတရာ အာဏာသုံးခွင့်ကော ရှိပါသေး သလော။ ထို့ပြင်တဝ၊ တကာ တကာမများကကော မိမိလှူဒါန်း နေရသော ရဟန်းသံဃာများအပေါ် တစုံတရာ ပြောခွင့် ဆိုခွင့် မရှိတော့ပြီလော။

## လူတို့၏ အခွင့်အရေး

ဝိနည်းသိက္ခာပုဒ်များ ပညတ်ရခြင်း၏ အကြောင်းရင်း များကို ကြားဘူးနားဝ ရှိထားလျှင် ဤနောက်ဆုံးပြဿနာ ပြေလည်ပြီး ဖြစ်ပါလိမ့်မည်။ ရဟန်းများက မသင့်မလျော်သော အမှုများ ပြုလုပ်ကြရာတွင် တကာ တကာမများက သောသောညံမျှ ကဲ့ရဲ့ ရှုတ်ချကြ၏။ ကဲ့ရယ်သံ ရှုတ်ချသံတို့သည် ရဟန်းများမှ တဆင့် ရှေ့နားတော်ထိ ပေါက်ကြားသွားရ၏။ ဤတွင် ဤသို့သောအပြု အမူမျိုးကို တားဆီးရန် သိက္ခာပုဒ်များ တိုးလာကြပေတော့သည်။

ဤသို့အားဖြင့် တကာ တကာမများသည် သာသနာတော်ကို စောင့်ရှောက်ကြ၏။ မတော်မသင့် ပြုကျင့်သော ရဟန်းများကို

ကဲ့ရဲ့သင့်ဂိုဟ် အတင်း ဆိုခဲ့ကြ၏။ ဆိုခွင့်ရှိ၍ ဆိုခဲ့ကြခြင်းပင် ဖြစ်ပေသည်။

## အခွင့်အရေးကို အလွဲသုံးစားပြုသူ

သို့ရာတွင် ဆိုကြသော သူများတွင် သဘောရိုးဖြင့် ဆိုကြသူများ ရှိသလို မနောဆိုးဖြင့် ဆိုလာသူများလည်း ရှိပေသည်။ သဘောရိုးဖြင့် ဆိုလာသော အမှုများကို အချိန်မီ့တားမြစ်ကာ မနောဆိုးဖြင့် ဆိုလာသော အမှုများတွင်ကား ဝိနည်းတော်အရ ကျနစွာ စစ်ဆေးရပေသည်။ ကျနစွာ စစ်ဆေး၍ အပြစ်ရှိသူကိုသာ ထိုက်ထိုက် တန်တန် အပြစ်ဒဏ် ခတ်ရတော့၏။ တခါတရံ ပြောဆိုလာသော တရားလိုသည်ပင် တရားခံဘဝ ရောက်ကာ ကျသင့်သော အပြစ်ဒဏ်ကို ခံသွားခဲ့ရ၏။

လိစ္ဆဝီအမျိုးသား ဝဍ္ဎသည် ဤပြစ်ဒဏ် ခံခဲ့ရသော တကာ တယောက်ပင် ဖြစ်၏။ သာသနာတော်ကြီး တခုလုံးကို ကြည်ညိုသော တကာတယောက် ဖြစ်သော်လည်း အရှင်မေတ္တိယ ၊အရှင်ဘူမဇကတို့ထံ အဝင်အထွက်များခဲ့၏။ အဆက်အဆံ များခဲ့၏။ တကာရင်း ဆရာရင်းများ ဖြစ်နေခဲ့ကြ၏။

## သူတို့ ဆရာတကာ

တနေ့သ၌ တကာရင်းဝဍ္ဎ သူတို့ကျောင်းသို့ လာရာတွင် တမူထူးခြားနေသည်ကို တွေ့လိုက်ရသည်ဆို၏။ ခါတိုင်းဆိုလျှင် သူတို့က အရင်ဦးအောင် နှုတ်ဆက်နေကျဖြစ်၏။ ထိုနေ့မှာကား နှုတ်

ရှင်သော အရှင်နှစ်ပါးသည် စကားမပြော တုဏှိဘော ဖြစ်နေကြ၏။ ဘာကိုများ မျက်ထားတော်ညို အလိုမကျ ဖြစ်နေကြပါလိမ့်။

"အရှင်ဘုရားတို့၊ တပည့်တော် ရှိခိုးပါ၏"

ဝဓုသည် အရှင်နှစ်ပါးကို အကဲခတ်ရင်း ရှိခိုးလိုက်၏။ ကာယကံနှင့်အတူ ဝစီကံပါရောစွက်ပေးလိုက်၏။ သို့သော် သူ့အရှင်များကား မျက်လွှာတော် မော်၍မျှ မကြည့်ကြသေးပေ။

## တကာ့ အပြစ်

တကြိမ်က နှစ်ကြိမ်၊ နှစ်ကြိမ်က သုံးကြိမ် ရှိခိုးပြန်ရာ၌လည်း ကိုယ်တော်များက တုတ်တုတ်မျှ မလှုပ်ကြပေ။ ဤတွင် တကာရင်းဖြစ်သူမှာ မနေသာတော့ဘဲ-

"အရှင်ဘုရားတို့၊ အရှင်ဘုရားတို့အပေါ်မှာ တပည့်တော်ဘာများ ပြစ်မှားမိပါသလဲ။ တပည့်တော်ကို ဘယ်အပြစ်ကြောင့်စကားမပြောဘဲ နေကြပါသလဲ"

ဤသို့ တကာက မေးလျှောက်ခါမှ ဆရာများကလည်း အမိန့်တော် ရှိလိုက်ကြ၏။

"တကာဝဓု၊ မလ္လအမျိုးသား အရှင်ဒဗ္ဗက ငါတို့ကို နှိပ်စက်နေသည်ကို သင်သည် လျစ်လျူရှုရက်ဘိ၏။ ဤသည်လျှင် သင့်အပြစ် မဟုတ်ပါလော"

"ဩော် သည်ကိစ္စအတွက်ပါကလား"

တည့်တည့်ဖွင့်ပြောကာမှ တကာဝဓု သဘော ပေါက်သွားပေသည်။

[ဝိနည်းစူဠဝဂ်၊ ခုဒ္ဒကဝတ္ထုခန္ဓက]

## သာသနာ့ အာဇာနည်ကလေး

မှန်ပေသည်။ အရှင်နှစ်ပါးဘက်က ကြည့်လျှင် ဤကိစ္စ အတွက် တကာဝစုမှာ အပြစ်ရှိနေသည်ဟု ဆိုထိုက်၏။ အရှင်ဒဗ္ဗနှင့် ပတ်သက်၍ သည်အရှင်နှစ်ပါး အရှက်ဘက္ခ အကျိုးနည်း ဖြစ်ခဲ့ရပါလျက် ရေငုံနှုတ်ပိတ် နေနိုင်ခြင်းသည် အပြစ်တခုပင် ဖြစ်သည် မဟုတ်ပါလော။

အရှင်မေတ္တိယဘုမ္မဇက မလိုဘမာ ဖြစ်ခဲ့ရသော အရှင်ဒဗ္ဗသည် တကယ်တော့ဖြင့် သာသနာ့ အာဇာနည်လေးတပါး ဖြစ်၏။ ခုနစ်နှစ်သားအရွယ်ကပင် ရဟန်းဝတ်ကာ အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့သူ ဖြစ်၏။ ထိုစဉ်က ရဟန်းဝတ်ခွင့်အတွက် အသက် နှစ်ဆယ် ပြည့်ရမည်ဟု ပညတ်တော် မထုတ်ရသေးပေ။

## သံဃာ့ အကျိုးတော်ဆောင်

သိသင့်သိထိုက်သော နိဗ္ဗာန်တရားတော်ကြီးကို အမြင့်ဆုံး ဉာဏ်ဖြင့် သိလိုက်ပြီးပြီမို့ သူ့ကိုယ်ရေးကိုယ်တာ လုပ်စရာဟူ၍ မရှိတော့ပေ။ အသိပြီးပြီမို့ အလုပ်သည်း ပြီးသွားပေပြီ။ သို့ဖြစ်၍ အရှင်ဒဗ္ဗသည် သံဃာတော်များ၏ အနူကိစ္စများကို ဆောင်ရွက်ရပေသည်၊ သံဃာတော်များ၏ အိပ်ရာနေရာကို ခင်းပေးကာ ပင့်လျှောက်သာသော ဆွမ်းစားကိစ္စများကိုလည်း ထေရ်စဉ်ဝါလိုက် စာရင်းအရ အလှည့်ကျ ထည့်ပေးရပေသည်။

## သာဓုသံ တညံညံ

ဤတာဝန်များကို အရှင်ဒဗ္ဗ လျှောက်ထားချက်အရ ဘုရားရှင်က ပေးတော်မူထားခြင်းဖြစ်၏။ သံဃာတော်များက ဥတ်ကမ္မဝါစာ များဖြင့် တရားဝင် အသိအမှတ် ပြုထားကြရ၏။

ရဟန်းငယ်ကလေး၏ ဆောင်ရွက်မှုဖြင့် ရဟန်း သံဃာများ သည် စိတ်တိုင်းကျ ကျိန်းစက်ခွင့် ရကြ၏။ ရဟန်းငယ်ကလေး၏ စီစဉ်ညွှန်ကြားမှုဖြင့် အလှည့်ကျ ဆွမ်းစား လိုက်နေကြရ၏။ စာ ရင်းနှင့် ဇယားနှင့် တိတိကျကျ ဆောင်ရွက်ပေးသဖြင့် သံဃာ တော်ကြီးများက သာဓုနှုမော် ခေါ်ကြရပေသည်။

## သာဓု မခေါ်နိုင်သူများ

သံဃာတော်ကြီးများက ညီညာဖြိုဖြို သာဓုခေါ်ကြသော ဤကိစ္စ သည် အရှင်မေတ္တိယတို့ အတွက်မှာတော့ မကျေချမ်းစရာ ဖြစ်နေ ရ၏။ သူတို့မှာ ရဟန်းသိက္ခာလည်း အငယ်ဆုံး ဖြစ်ကြ၏။ တစုံ တရာ ပြောစားလောက်သော အရည်အချင်းလည်း မရှိကြ။ သို့ ဖြစ်၍ ထေရ်စဉ်ဝါလိုက် စာရင်းချလိုက်သော အခါတိုင်း အညံ့ ဆုံးသော အိပ်ရာ နေရာတို့သည် သူတို့အဖို့ ဖြစ်နေကြ၏။ အညံ့ ဆုံးသော ဆွမ်းခဲဘွယ်တို့သည် သူတို့ဝေစု ဖြစ်နေကြ၏။

စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်းမအိပ်ကြရသော အရှင်မေတ္တိယတို့သည် တနေ့နေ့မှာတော့ သူတို့အလှည့်ကျလာ မည်ဟု မြှော်တလင့်လင့် နေခဲ့ကြ၏။ မြှော်လင့်ထားသည့်အတိုင်း လည်း တနေ့မှာတော့ သူတို့အတွက် လပ်တိုက်လာပါ၏။ ဆွမ်း

ကောင်း ဟင်းကောင်းနှင့် ကျွေးမွေးတတ်သော တကာကြီး အိမ်တွင် နက်ဖြန်နံနက် သူတို့နှစ်ပါး ဆွမ်းစား ကြွကြရတော့မည် မဟုတ်ပါလား။

## စားရတော့မည် သောက်ရတော့မည်

ယခင်နေ့များတုန်းက အရှင်ဒဗ္ဗကို မကျေမနပ် ဖြစ်ခဲ့ကြသော အရှင်မေတ္တိယတို့သည် ထိုနေ့မှာတော့ အကျေနပ်ကြီး ကျေနပ် နေကြ၏။ နက်ဖြန်ခါမှာ တွေ့မြင်ရမည့် စားကောင်းသောက်ဖွယ် များကို ကြိုကြိုတင်တင် မြင်ယောင်နေကြ၏။ ထိုအတွေး ထို အမြင်များဖြင့် အိပ်မပျော်နိုင်ဘဲ တညကုန်ခဲ့ကြရ၏။

သည်တခါ ကောင်းကောင်းကြီးစားရတော့မည်ဟု စောစော ကြီး ကြွလာကြသော အရှင်နှစ်ပါးအား အစေခံမက တံခါးဝမှ ကြိုလင့်လျက်ရှိ၏။ တံခါးဝက ခုံတခုပေါ်မှာပင် အဝတ်ခင်းကာ "အရှင်ဘုရားတို့ ထိုင်ကြပါ"ဟု လျှောက်၏။ အရှင်မေတ္တိယ တို့ မှာ အောင့်သက်သက်ဖြင့်ပင် တံခါးဝမှာ ထိုင်ကြရပေသည်။

## မှန်းချက်နှင့် နှမ်းထွက်

ခါတိုင်း နေ့များမှာဆိုလျှင် သံဃာတော်များ ကြွလာသည်နှင့် ဆွမ်းတကာကြီးကိုယ်တိုင် သွားမလာနှင့်တကွ တံခါးဝမှ ထွက်၍ ကြိုဆိုမြဲဖြစ်၏။ ယခု သူတို့ နှစ်ပါးတည်း ကြွလာချိန်တွင်ကား ဆွမ်းတကာလည်း မပေါ်လာ။ ဆွမ်းအမကိုလည်း မမြင်ရ။ သား သမီးများလည်း တယောက်မျှ မပြူလာကြ။

"ကေန္တ ဆွမ်းမကျက်သေး၍ ဖြစ်လိမ့်မည်"

ထူးခြားနေသော အခြေအနေကြောင့် စိတ်တထင့်ထင့် ဖြစ်နေရင်းက စိတ်သက်သာရာကို ရှာခဲ့ကြရ၏။ ရှာသော်လည်း အချည်းနှီးသာ ဖြစ်ရပါ၏။နေရာခင်းပေးသော အစေခံမသည်ပင် ဆန်ကွဲသမင်း ပုန်းရေဟင်း ဖြင့် သူတို့ကိုဆက်ကပ်လိုက်ပေသည်။

"နှမ၊ ငါတို့က ပင့်ဘိတ်၍ ကြွလာကြသူများဖြစ်သည်"

အရှင်မေတ္တိယတို့က ရလိုရငြား အရေး ဆိုကြည့်ကြပါသေး၏။ သို့သော် အကြောင်းကား မထူးပါလေ။ "အရှင်သခင် ညွှန်ကြားထားသည့်အတိုင်းကပ်ရပါသည်"ဟု အစေခံမကဟုတ်တိုင်းမှန်စွာ လျှောက်ထား၏။ ဆဗ္ဗဂိဂိဏ်းဝင် သည်အရှင်နှစ်ပါး ဆွမ်းစားကြွမည်ကို ကြိုတင်သိသဖြင့် ဆွမ်းတကာကြီးက မှာကြားထားခဲ့ခြင်း ဖြစ်ပေသည်။

## လုပ်ကြံမှုကြီး

"ယမန်နေ့က ဆွမ်းတကာကြီး အရှင်ဒဗ္ဗထံ လာခဲ့သည်။ ကေန့်တွင် ဆွမ်းတကာကြီး သဒ္ဓါပျက်အောင် အရှင်ဒဗ္ဗ နှောင့်ရှက်ခဲ့ပေပြီ"

ဆန်ကွဲသမင်း ပုန်းရေဟင်းများကို မနှစ်မြို့စွာ စားသောက်ရင်း မနှစ်မြို့စရာ အတွေးအခေါ်များ ပွားများ၍ နေကြရ၏။ ထိုအတွေးများကို စုဝေးလိုက်သောအခါမှာကား လုပ်ကြံမှုကြီးတခု ဖြစ်ပေါ်လာတော့သည်။

"အရှင်ဘုရား၊ ဤအမှုသည် မသင့်လျော်ပါ။ ဤအမှုသည် မဖြစ်ထိုက်ပါ။ ယခင်က ဘေးမရှိခဲ့သောအရပ်တွင် ယခု ဘေးရှိလာပါပြီ။ ယခင်က နှိပ်စက်ညှဉ်းပမ်းမှု မရှိသောအရပ်တွင် ယခုနှိပ်စက်ညှဉ်းပမ်းမှု ရှိလာပါပြီ။ ယခင်က လေမတိုက်ခဲ့သောအရပ်

တွင် ယခုလေမုန်တိုင်းကြီး တိုက်ခတ်လာပါပြီ။ ကြည်သာ အေးမြခဲ့သောရေသည် အလျှံပြောင်ပြောင် တောက်လောင်၍ နေလေယောင်တကား။ မလ္လအမျိုးသား ဒဗ္ဗသည် တပည့်တော်တို့ကို ကျူးလွန်ဖျက်ဆီးခဲ့ပါပြီဘုရား"

## မဟုတ်မမှန် လုပ်ကြံသူ

ဘုရားရှင့်ရှေ့ဘော်မှောက်တွင် မေတ္တိယာအမည်ရှိရဟန်းမတပါး လျှောက်ထားလာခြင်း ဖြစ်ပေသည်။ မပြေနိုင်သော ရန်ငြိုးဖြင့် ခင်းလိုက်သော လုပ်ဇာတ်ကြီးကို ဘုရားရှင် သိတော်မူပြီးပင် ဖြစ်ပါ၏။ သို့ရာတွင် တိုင်ကြားလာသူ ရှိလာမှတော့ သက်ဆိုင်သူကို ခေါ်၍ စစ်ဆေးတော်မူရပါမည်။

"ဒဗ္ဗ၊ ဤရဟန်းမ လျှောက်ထားသည့် အတိုင်း ကျူးလွန်ဖျက်ဆီးမှုကို သင်ပြုမိလေသလား"

ရဟန်းပရိသတ်အလယ်တွင် အရှင်ဒဗ္ဗကို စစ်မေးတော်မူရပေသည်။

"အရှင်ဘုရား၊ တပည့်တော်ကို အရှင်ဘုရား သိတော်မူသည့် အတိုင်းပင် ဖြစ်ပါသည်ဘုရား"

## တရားခွင်နှင့် တရားဝင်စကား

စွဲချက်အတိုင်း မဟုတ်မှန်ပါကြောင်း အရှင်ဘုရား သိတော်မူပြီး ဖြစ်ပါသည်ဟု လျှောက်ထားလိုရင်းဖြစ်၏။ သို့ရာတွင် ဤလိုနေရာမျိုးတွင် ဤလိုစကားများဖြင့် မပြီးနိုင်ပေ။ သံဃာ့ ပရိသတ်အလယ်တွင် ဟုတ်လျှင် ဟုတ်ကြောင်း၊ မဟုတ်လျှင် မဟုတ်

ကြောင်း အတိအလင်းပြောဆိုရမည် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်က–

“ဒဗ္ဗ၊ ပညာရှိတို့သည် ဤသို့ မတင်မကျ မဖြေကြားကြကုန်။ ရဟန်းမ လျှောက်ထားသည့် အတိုင်း ပြုမိလျှင် ပြုမိသည်ဟု လျှောက်ထားလော့။ မပြုမိလျှင် မပြုမိဟု လျှောက်ထားလော့”

“အရှင်ဘုရား၊ ကာမဂုဏ် မေထုန်အမှုကို တပည့်တော်သည် အိပ်မက်မျှပင် မမက်ခဲ့ဘူးပါ။ နိုးကြားနေစဉ်မှာကား အထူး ဆိုဖွယ်ရာ မရှိတော့ပါဘုရား”

## အရင်းခံ လက်သည်များ

ရှင်းသွားပေပြီ။ ဟုတ်လိမ့်နိုးနိုးနှင့် ခင်းလာသော လုပ်ဇာတ် ဘွားဘွားပေါ်သွားသည်နှင့် အရင်းခံ လက်သည်များလည်းပေါ် လာကြပေပြီ။ ဤလက်သည်များကို အကြောင်းပြု၍ပင်“အခြား ရဟန်းတပါးကို ရန်ငြိုးထား၍ အခြေအမြစ်မရှိသော ပါရာဇိက အာပတ်ဖြင့် စွပ်စွဲခြင်း မပြုရ”ဟူသော သံဃာဒိသိသ်သိက္ခာပုဒ် တခု ပညတ်တော် မူလိုက်ပေပြီ။

[ပါရာဇိကကဏ္ဍ၊ ပထမဒုဋ္ဌ ဒေါသသိက္ခာပုဒ်]

## ဒုဋ္ဌိယအကြိမ် လုပ်ကြံမှု

အရှင်မေတ္တိယတို့သည် မိမိတို့ကြောင့် ထွက်ပေါ်လာသော ဤ ပညတ်တော်ကို ရိုသေစွာ လိုက်နာကြပါ၏။ သို့သော် သူတို့ထုံးစံ အတိုင်းပင် မပညတ်ရသေးသော အချက်ကိုကား ကြံကြံဖန်ဖန် ကျူးလွန်တတ်ကြသူများ ဖြစ်ကြပေသည်။

အရှင်ဒဗ္ဗကို တိုက်ရိုက်ကြီး စွပ်စွဲ၍ မအောင်မြင်သောအခါ သူတို့သည် တမျိုးတဖုံ ကြံစီကြပြန်၏။ ယခင်အကြိမ်က မေတ္တိယာ ရဟန်းမကို စေခိုင်းခဲ့ကြ၏။ မေတ္တိယာနှင့် ဟန်မရသောအခါမှာ ကား ရှေ့တော်မှောက်သို့ သူတို့ကိုယ်တိုင် ဝင်လာကြပေတော့ သည်။ မေတ္တိယာနှင့် ကျူးလွန်နေသော ဒဗ္ဗကို သူတို့ကိုယ်တိုင် အမြင်အတွေ့ ဖြစ်ပါကြောင်း လျှောက်ထား ကြပေတော့သည်။ သေသေချာချာ စစ်ဆေးကြည့်သော အခါတွင်ကား ဒဗ္ဗဆိုသည် ကား ဆိတ်ထီး၊ မေတ္တိယာဆိုသည်ကား ဆိတ်မ။ သူတို့ချင်း ဘာ သာဘာဝ ပြုကျင့်နေကြသည်ကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ကြံကြပြန်ခြင်းပင်ဖြစ်၏။ ဤအကြိမ်မှာလည်း သံဃာဒိသိသ် သိက္ခာပုဒ်တခုဖြင့် တားမြစ်တော်မူလိုက်ရပေသည်။

[ပါရာဇိကကဏ္ဍ၊ ဒုတိယ ဒုဋ္ဌဒေါသ သိက္ခာပုဒ်]

## တတိယအကြိမ် လုပ်ကြံမှု

နှစ်ကြိမ်တိုင်တိုင် ကြိုးစား၍ နှစ်ကြိမ်တိုင်တိုင် အရှက်ကွဲခဲ့ရသော အရှင် မေတ္တိယတို့သည် ဤမျှဖြင့် နောင်တတရား မရနိုင်ကြပါ။ အရှင်ဒဗ္ဗကို သာသနာ့ဘောင်မှ ပယ်မထုတ်နိုင်မချင်း သူတို့မကျေ နပ်ကြပါ။ ထို့ကြောင့်သူတို့တကာရင်းထံမှာ စကားတစ ပစ်ပေး လိုက်ကြခြင်း ဖြစ်၏။ ပစ်ပေးလိုက်သည့် စကားတစကို တကာရင်း ဝဍ္ဍကလည်း အရအမိ ဆွဲယူလိုက်ပါ၏။

"အရှင်ဘုရား၊ သည်ကိစ္စအတွက် တပည့်တော် ဘာများ ဆောင်ရွက်ပေးရပါမည်လဲ"

"ငါတို့များ စိတ်ချမ်းသာမှုကို သင် လိုလားရိုးမှန်လျှင် ယနေ့ ပင် ဘုရားရှင်က ဒဗ္ဗကို နှင်ထုတ်တော် မူပေလိမ့်မည်။"

တကာဘက်မှ လိုက်လျောလာချိန်တွင် ဆရာများကလည်း လိုရင်းအချက်ကို ထုတ်ဖော်လိုက်ကြတော့၏။

အရှင်မေတ္တိယတို့၏ ညွှန်ကြားချက်အရ ဝစုသည် အရှင်ဒဗ္ဗအား မိမိမယားနှင့် သမုတ်လိုက်ပြန်၏။ သို့သော် ယခင် နှစ်ကြိမ်တုန်းကကဲ့သို့ပင် ယခု တတိယ အကြိမ်မှာလည်း အရှင်ဒဗ္ဗမှာ ဘေးမသီရန်မခ ဖြစ်ရပြန်၏။

## ဘယ်သူမပြု မိမိမှု

အပြစ်မရှိသူက အေးအေးလူလူ နေရသော်လည်း ဆရာအတင် မှားခဲ့သော ဝစုမှာကား သောကစိတ်ပူဖြင့် ဗလောင်ဆူ၍ နေရပေသည်။

"ရဟန်းတို့၊ ထိုသို့သော အကြောင်းကြောင့် လိစ္ဆဝီအမျိုးသား ဝစုကို သပိတ်မှောက်ကံ ပြုကြကုန်လော့။ ရဟန်း သံဃာသည် သူနှင့် မဆက်ဆံဘဲ ဖဲကြဉ်ထားပေလော့"

ဤသို့ မိန့်ကြားတော်မူရာမှ ဘုရားရှင်က ဆက်လက်၍-

၁။ ရဟန်းတို့ လပ်မရအောင် ကြိုးစားခြင်း

၂။ ရဟန်းတို့အား အကျိုးမဲ့ဖြစ်ရန် ကြိုးစားခြင်း

၃။ ရဟန်းတို့ နေစရာမရှိရန် ကြိုးစားခြင်း

၄။ ရဟန်းတို့ကို ဆဲရေးခြင်း၊ ကြိမ်းမောင်းခြင်း

၅။ ရဟန်းအချင်းချင်း ရန်တိုက်ပေးခြင်း

၆။ ဘုရားရှင်ကို ကဲ့ရဲ့ရှုတ်ချခြင်း

၇။ တရားကို ကဲ့ရဲ့ရှုတ်ချခြင်း

၈။ သံဃာကို ကဲ့ရဲ့ရှုတ်ချခြင်း ဟူ၍ သပိတ်မှောက်ထိုက်သော အင်္ဂါ ၈ ပါးကို မိန့်ကြားတော်မူပေသည်။

## ရဟန်းတို့၏ သပိတ်မှောက်ကံ

လိစ္ဆဝီအမျိုးသား ဝဍ္ဍသည် အရှင်ဒဗ္ဗအား မိမိမယားနှင့် စွပ်စွဲခြင်းဖြင့် သပိတ်မှောက်ထိုက်သော အင်္ဂါတွေ တော်တော်များနေပြီ ဖြစ်၏။ ထို့ကြောင့် သံဃာတော်များက ဝဍ္ဍကို သပိတ်မှောက်ကံ ပြုကြပေသည်။ သူနှင့် မည်သည့်ရဟန်းမျှ ဆက်ဆံပတ်သက်ခွင့် မရှိတော့ပေ။

သံဃာများ သဘောတူစိတ်တူ ပြုကြသော ဤသပိတ်မှောက်ကံတွင် ကျွန်ုပ်လည်း ပါဝင်ခဲ့ရပါ၏။ ပါဝင်ခဲ့ပြီးသည့်နောက် ဝဍ္ဍထံ အသိပေး ပြောဆိုရန်လည်း တာဝန်ယူရ၏။ ယူခဲ့သည့်အတိုင်း ဆွမ်းခံသွားရင်း ပြောပြလိုက်သည်တွင် ဝဍ္ဍ မူးမေ့ကာ လဲကျသွားတော့၏။ ခင်မင်ရာ နီးစပ်ရာ နောက်သို့ လိုက်ပါခဲ့မိသော်လည်း သာသနာတော်ကြီးနှင့် အဆက်ပြတ် သွားရမည့် အရေးကိုကား သူ့ခမျာ ဝန်လေးသွားရှာပေလိမ့်မည်။

## ပြေပါစေတော့ ပျောက်ပါစေတော့

ထိုနေ့ညနေမှာပင် ဝဍ္ဍသည် စိုစွတ်သော ဆံပင် စိုစွတ်သော အဝတ်အစားတို့ဖြင့် ကျောင်းတော်သို့ ရောက်လာ၏။ သားချင်း ပေါက်ဖော်များနှင့် မိတ်ဆွေများကိုပါ စုရုံးခေါ်လာကာ ခြေတော်အစုံကို ဦးခိုက်၍ ဝန်ချတောင်းပန်ကြ၏။ အပြုတ်တကယ် နောင်ကြဉ်သွားသည်ကို သိရှိတော်မူသဖြင့် ဘုရားရှင်က သပိတ်မှောက်ထားသော သပိတ်ကို ပြန်လှန်ပေးရန် မိန့်ကြားတော်မူပေသည်။

[ဝိနည်းစူဠဝဂ်၊ ခုဒ္ဒကဝတ္ထုခန္ဓက]

## လိုအပ်မှ သုံးရန်

ဤဝတ္ထုကိုထောက်သောအားဖြင့်ရဟန်းသံဃာများသည် တကာ တကာမများ အပေါ် ပြောဆို ဆုံးမရုံမျှသာမက ကံပြုနိုင်ခွင့် ရှိကြောင်း သိနိုင်ပေသည်။

သို့ရာတွင် ဤသို့ကံပြုခြင်းမှာ အဟုတ်တကယ် လိုအပ်လာမှ ပြုရ၏။ ရတနာသုံးပါးအပေါ် စော်ကားမော်ကား ပြုသူများကိုသာ ဤကံဖြင့် တားမြစ်ရ၏။ မိမိအလိုမကျမှုဖြင့်၊ မိမိနှင့် အယူအဆ မတူမျှရုံမျှဖြင့် ဘုရားရှင့် အာဏာတော်ကြီးကို အသုံးပြုခွင့် မရှိပါချေ။

## တကာ့ဘက်ကလည်း ဒဏ်ခတ်နိုင်သည်

ရဟန်းသံဃာကို ထိပါးနှောင့်ရှက် လာသော တကာ တကာမ များကို ရဟန်းတို့ဘက်က သပိတ်မှောက်ကံ ပြုနိုင်သကဲ့သို့ တကာ တကာမများ ဘက်ကလည်း ရဟန်းများကို ကံပြုခွင့်ရှိပေသည်။ ထိုကံကား အပ္ပသာဒ ပဝေဒနီယကံ ဖြစ်၏။

"ရဟန်းတို့၊ အင်္ဂါ ၈-ပါးနှင့် ပြည့်စုံသော ရဟန်းအား တကာတို့သည် အလိုရှိသော် မကြည်ညိုခြင်းကို ထင်ထင်ရှားရှား ပြကုန်ရာ၏။ အဘယ်အင်္ဂါ ၈-ပါးတို့နှင့်နည်းဟူမူကား၊လူတို့အား ပစ္စည်းဥစ္စာ မရခြင်းငှာ အားထုတ်၏။ လူတို့အား အကျိုးယုတ်စေရန် အားထုတ်၏။ လူတို့ကို ဆဲရေး၏။ ခြိမ်းခြောက်၏။ လူနှင့်လူချင်း ဂုံးတိုက်ပေး၏။ ဘုရားရှင်ကိုကဲ့ရဲ့ရှုတ်ချ၏။ တရားတော်ကို

ကဲ့ရဲ့ရှုတ်ချ၏။ သံဃာကို ကဲ့ရဲ့ရှုတ်ချ၏။ အကျွမ်းတဝင် အဆက်အဆံမပြုသင့်သော နေရာခြောက်မျိုးမှာလည်း ဝင်ထွက်ဆက်ဆံ၏။ ဤအင်္ဂါ ၈-ပါးနှင့် ပြည့်စုံသောရဟန်းအား တကာတို့သည် အလိုရှိသော် မကြည်ညိုခြင်းကို ထင်ထင်ရှားရှား ပြကုန်ရာ၏။

[အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ အပ္ပသာဒ ပဝေဒနိယသုတ်]

## လာမည့်ဘေး အဝေးကရှောင်

ရဟန်း သံဃာကို အကာအကွယ် ပေးတော်မူခဲ့သော ဘုရားရှင်သည် တကာ တကာမများကိုလည်း ထပ်တူထပ်မျှ အခွင့်အရေး ပေးတော်မူပေသည်။

ဤ အင်္ဂါ ၈-ပါးအနက် နောက်ဆုံးအင်္ဂါအရ အကျွမ်းတဝင် အဆက်အဆံမပြုသင့်သော နေရာခြောက်မျိုးမှာ ပြည့်တန်ဆာမ အိမ်၊ မုဆိုးမအိမ်၊ အပျိုကြီးအိမ်၊ နပုံးပုဏ္ဍုက်အိမ်၊ ရဟန်းမတို့၏ ကျောင်းနှင့် သေတင်းကုပ်များ ဖြစ်ကြ၏။

ဤနေရာ ဤဌာနများသို့ ရဟန်းများ လုံးဝ မသွားရ။ ဤ ပုဂ္ဂိုလ်များနှင့် လုံးဝ မဆက်ဆံရဟု မဆိုလိုပါ။ အခြားအိမ်များ တွင် ဆွမ်းခံဝင်သကဲ့သို့ ဤအိမ်များကိုလည်း ဆွမ်းခံဝင်နိုင်ပါ သည်။ ဤပုဂ္ဂိုလ်များကိုလည်း အခြားသောတကာ တကာမများ နည်းတူ ဆက်ဆံနိုင်ပါသည်။ သို့ရာတွင် လိုအပ်သော အတိုင်း အတာထက် ကျော်လွန်၍ ဆက်ဆံမိလျှင်ကား ရဟန္တာပုဂ္ဂိုလ် ဖြစ်ပါသော်လည်း သူတကာ အထင်လွဲစရာဖြစ်တတ်၏။ မတော် မလျော် အစွပ်စွဲခံရတတ်၏။ ထို့ကြောင့် အကျွမ်းတဝင်မဆက်ဆံ သင့်သော ဌာနဟူ၍ ဘုရားရှင် ဟောတော်မူခြင်း ဖြစ်ပေသည်။

[အဘိဓမ္မာ ဝိဘင်းပါဠိတော်]

## လူတို့၏ ဇလုံမှောက်ကံ

အထက်ပါ အင်္ဂါ ၈-ပါးလုံးနှင့် သော်လည်းကောင်း၊ အချို့ အဝက်နှင့်သော်လည်းကောင်း၊ ငြိစွန်းသော ရဟန်းအား တကာ တကာမတို့ အပ္ပသာဒ ပဝေဒနီယကံ ပြုနိုင်ပေသည်။ ဤကံကို တကာ တကာမများကပြုရာတွင် ရဟန်းများကဲ့သို့ ဥတ်ကမ္မဝါစာ များ ရွတ်ဖတ်ရန် မရှိပါ။ ကံပြုထိုက်သော ရဟန်းကို နေရာမှ ထမပေးခြင်း၊ ရှိမခိုးဘဲ ရှိနေခြင်း၊ ခရီးဦးကြိုဆိုမှု မပြုဘဲနေခြင်း၊ ဘာတခုမျှ မပေးလှူဘဲနေခြင်းဖြင့်ပင် ကံမြောက်ပြီး ဖြစ်ပေသည်။ [အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ်၊ အပ္ပသာဒ ပဝေဒနီယသုတ် အဋ္ဌကထာ]

## အရှင်သုဓမ္မ၏ ကျောင်းတကာ

သပိတ်မှောက်ကံမှာတုန်းက ပြစ်မှားမိသော တကာက ဝန်ချ တောင်းပန်သဖြင့် ရဟန်းများက သပိတ်လှန်၍ ပေးရ၏။ သပိတ် မှောက် ကံကို သပိတ်လှန်ကံဖြင့် ပယ်ဖျက်ပေးရ၏။ ယခု လူတို့ ပြုသော ကံကိုကား မည်သူက မည်သို့ ပယ်ဖျက် ရပါမည်နည်း။ ဤအကြောင်းကို အရှင် သုဓမ္မနှင့် စိတ္တသူကြွယ်တို့အမှုဖြင့် စံနမူ နာ ပြုနိုင်ပေသည်။

အကျိုးအကြောင်း ဆက်စပ်နေ၍သာ အရှင်သုဓမ္မနှင့် စိတ္တ သူကြွယ်တို့ အမှု ဟူ၍ ဆိုလိုက်ရ၏။ အရှင်သုဓမ္မအပေါ် အမှုပတ် လာအောင် စိတ္တသူကြွယ်အနေနှင့် တစုံတရာ ကြိုးစားမှု မရှိခဲ့ပါ။ စိတ္တသူကြွယ်သည် အရှင်သုဓမ္မ၏ ကျောင်းတကာ၊ ပစ္စည်းလေးပါး တကာကြီးပင် မဟုတ်ပါလော။

စိတ္တသူကြွယ်တို့၏ မစ္ဆိကာသဏ္ဍ ရွာကြီးသည် မဂဓတိုင်းထဲမှာ ရှိ၏။ စိတ္တသူကြွယ်သည် ထိုရွာမှာ အစဉ်အဆက် နေလာခဲ့ကြသော သူဌေးမျိုးရိုးမှဖွားမြင်ကာ မိဘအမွေကို တဦးတည်း အမွေခံခဲ့ရသူ ဖြစ်၏။ ပစ္စည်းအမွေမျှသာ မဟုတ်၊ မဂဓတိုင်းရှင် ဘုရင်ဗိမ္ဗိသာရ၏ အသိအမှတ်ပြုမှုကိုပါ ဖခင်ကိုယ်စား ဆက်ခံခဲ့ရ၏။

## အရှင်မဟာနာမ်၏ ကျေးဇူး

ပဉ္စဝဂ္ဂီငါးဦးမှာ အပါအဝင် ဖြစ်သော အရှင်မဟာနာမ်သည် တခါက မစ္ဆိကာသဏ္ဍသို့ ကြွလာဘူး၏။ စိတ္တသူကြွယ်သည် အရှင်မဟာနာမ်ထံမှ အာယတန ခြောက်ပါးကို ပရိကံပြု၍ ဟောသော တရားကို ကြားနာခွင့် ရခဲ့၏။ ဤတရားဖြင့် အာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့၏။ လူဝတ်ကြောင် တကာတဦး အနေနှင့် အမြင့်ဆုံးသော အဆင့်ပင် ဖြစ်ပေသည်။ ဤကား စိတ္တသူကြွယ် အကြောင်း အမြွက်မျှသာ ဖြစ်၏။ စိတ္တသူကြွယ်၏ ပုဂ္ဂိုလ်အမျိုးမျိုးနှင့် တရားသဘောများ အကျိတ်အနယ် ဆွေးနွေးပုံများကို အကြောင်းသင့်သော တနေရာမှာ တင်ပြပါဦးမည်။
[အင်္ဂုတ္တရ အဋ္ဌကထာ၊ ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ်၊ စိတ္တဂဟပတိဝတ္ထု]

## ကျောင်းထိုင်ပုဂ္ဂိုလ် ပါမလာ

တနေ့သ၌ ကျွန်ုပ်တို့ ရဟန်းသံဃာ ၁၁–ပါးသည် မစ္ဆိကာသဏ္ဍ ရွာကြီးသို့ ဆိုက်ရောက်ခဲ့ကြ၏။ ခေါင်းဆောင်မှာ အရှင်မဟာ သာရိပုတ္တရာဖြစ်၍ လိုက်ပါလာသူများမှာ အရှင်မဟာ မောဂ္ဂ

လာန်၊ အရှင်အနုရုဒ္ဓါနှင့် ရာဟုလာတို့ အပါအဝင် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်များချည့် ဖြစ်ပေသည်။

နောက်နေ့ နံနက်တွင် ကျောင်းတကာ၏ ပင့်ဘိတ်ချက်ဖြင့် ကျွန်ုပ်တို့ ၁၁ ပါး ဆွမ်းစားကြွကြ၏။ ကျောင်းထိုင်ပုဂ္ဂိုလ် အရှင် သုမေ္မကား လိုက်ပါမလာပေ။ ခါတိုင်း အာဂန္တု သံဃာများကို ပင့်ရန် ရှိလျှင် စိတ္တသူကြွယ်သည် သူ့ကိုပန်ကြားပြီးမှ ပင့်နေကျ ဖြစ်၏။ ယခု ကျွန်ုပ်တို့ ရောက်လာသည်တွင်ကား ဝမ်းမြောက် ဝမ်းသာ ဖြစ်လွန်းသဖြင့် ထိုအစဉ်အလာ ပျက်ကွက်သွားခဲ့မိသည် ဆိုပါ၏။ တမင်တကာ ဖျက်ပစ်သည်မဟုတ်။ သတိမေ့မိ၍ ပျက် ကွက်ခဲ့ခြင်းသာ ဖြစ်ပေသည်။

မည်သို့ပင်ဖြစ်စေ၊ ဤကိစ္စကို အရှင်သုမေ္မကား လုံးဝ မကျေ နပ်ပါချေ။ မိမိအပေါ် ကျောင်းတကာက အကြည်ညိုပျက်လာ ၍သာ ဤသို့ ပျက်ကွက်လာသည်ဟု တထစ်ချ စွဲယူထား၏။ ထို့ ကြောင့် ကျောင်းတကာက သုံးကြိမ်တိုင်တိုင် ပင့်ပါလျက် ဇွတ် အတင်း ငြင်းဆန်ခဲ့ပေသည်။

## စိတ်နှင့်မာန်နှင့် လိုက်လာသည်

ကိုယ့်စိတ်ကိုယ့်မာန်ဖြင့် ဆွမ်းစားလိုက်ရန် ငြင်းဆန်ခဲ့သော အရှင် သုမေ္မသည် ကျွန်ုပ် ဆွမ်းစားနေခိုက် တွင်ကား လိုက်လာခဲ့၏။ ကျောင်းတကာကြီးများက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော ဆွမ်းဟင်းများကို သေသေချာချာ ကြည့်၏။ မုန့်ပဲသရေစာများ ကိုလည်း စေ့စေ့စပ်စပ် လျှောက်ကြည့်၏။ စိတ်တိုင်းကျကြည့်ရှုပြီး သည်တွင်ကား ဆွမ်းတကာကြီးကို ဤသို့ ဆိုလိုက်မိတော့၏။

"တကာစိတ္တ၊ သင်တို့ ချက်ပြုတ် ပြင်ဆင်ထားသော ဆွမ်းခဲဘွယ်တို့သည်များလှပါ၏။ အမျိုးအမည်လည်းစုံပါ၏။ သို့သော် မုံ့တမျိုးကား လိုနေပေသေးသည်။

"မည်သည့် မုံ့များပါလဲ ဘုရား"

အရှင်သုဓမ္မ၏ ရည်ရွယ်ချက်ကို မစဉ်းစားမိသေးသဖြင့် စိတ္တသူကြွယ်က ရိုသေစွာပင် မေးလျှောက်၏။

"တကာစိတ္တ၊ လိုနေသေးသော မုံ့တမျိုးကား နှမ်းပျစ်ပင် ဖြစ်ပေသည်"

## အမျိုးထဲက မုံ့သည်တယောက်

ဤစကားကို ပြောလိုက်သည်နှင့် စိတ္တသူကြွယ်၏ အိမ်သူအိမ်သားများ မျက်နှာပျက်၍ သွားကြပေသည်။ စိတ္တသူကြွယ်တို့ ဘိုးဘေးအစဉ်အဆက်ထဲမှ တယောက်သောသူသည် မုံ့သည်ဖြစ်ခဲ့ဘူး၏။ ဤသည်ကို အတွင်းသိအစင်းသိဖြစ်သော အရှင်သုဓမ္မက လူကြားထဲမှာ အထုပ်ဖြေပြလိုက်ခြင်းဖြစ်၏။ သူ့အပေါ် အကြည်ညိုပျက်ရန်ကော ဟူသော ရန်ငြိုးဖြင့် မျိုးရိုးဂုဏ် သေးသိမ်သွားအောင် ပုတ်ခတ်လိုက်ခြင်းပင် ဖြစ်၏။

သို့ရာတွင် ဤသို့ ပုတ်ခတ်လိုက်သဖြင့် စိတ္တသူကြွယ်မှာ မည်သို့မျှ မထိခိုက်ပါ။ ပုတ်ခတ်သူမှာသာ လူကြားထဲမှာ အရှက်တကွဲ ဖြစ်ရရှာပေသည်။

## အောက်ကလိအာ ပုံပြင်

"အရှင်ဘုရား၊ ရှေးစကားတခုကို လျှောက်ထားပါရစေ။ ဒက္ခိဏာပထတိုင်းသား ကုန်သည်များသည် အရှေ့ဘက် တိုင်းနိုင်ငံများသို့

ကုန်ကူးသန်း သွားကြရာ အပြန်မှာ ကြက်မတကောင် ပါလာခဲ့ပါသည်။ ကြက်မသည် ကျီးကန်းတကောင်နှင့် အကြောင်းပါကာ သားကလေးတကောင် ဖွားမြောက်ခဲ့ပါသည်။ ထိုသားကလေး တကောင်သည် ဖခင်ဘက်သို့ လိုက်၍ မြည်လိုသောအခါ အာကလိအောက် ဟူ၍ မြည်ပါသည်။ မိခင်ဘက်သို့ လိုက်၍ မြည်လိုသောအခါမှာကား အောက်ကလိအာဟူ၍ မြည်ပါသည်။

"ဤ မိမစစ် ဖမစစ် သတ္တဝါကလေးကဲ့သို့ပင် အရှင်ဘုရားသည်လည်း ရတနာသုံးပါးနှင့် ပတ်သက်၍ ပြောစရာ ဆိုစရာ စကားတွေ မြောက်မြားစွာ ရှိနေပါလျက် ဘာမဟုတ်သော နှမ်းပျစ်လေး တခုကိုမှ စကားလုပ်၍ ဆိုဘိသည်တကား"

## အမှားပေါ်က အမှား

စိတ္တသူကြွယ်တို့ ဘိုးဘေးများထဲမှာ မုံ့သည်တဦး ပါခဲ့ကြောင်း ပြောခဲ့တုန်းက ကိစ္စမရှိလှ။ ယခု အောက်ကလိအာ ပုံပြင်ကား အရှင်သုဓမ္မအဖို့ အထိနာလှ၏။ ငါကားရဟန်း၊ သူက တကာဟူသော အပေါ်စီး စိတ်ထားဖြင့် ပြောမှားမိသဖြင့် လူပုံအလယ်မှာ လှလှကြီး ခံသွားရရှာ၏။ စိတ္တသူကြွယ်အနေနှင့် ပြောသင့်ပြောထိုက်သော စကားများပင် ဖြစ်နေ၍ ကျွန်ုပ်တို့ကလည်း အသာကြည့်၍ နေလိုက်ကြရပေသည်။

အရှင်သုဓမ္မသည် မိမိအမှားကို ဤနေရာမှာ မြင်ကာ ဤနေရာမှာပင် ပြင်လိုက်လျှင်ကား ကောင်းလေစွ။ သို့သော် ကျွန်ုပ် ဆုတောင်းကားပြည့်ဝမလာပါ။ အမှားတခုကို ကျူးလွန်ထားပြီးဖြစ်သော အရှင်သုဓမ္မသည် နောက်ထပ် အမှားတခုကို ဆက်၍ ကျူးလွန်လိုက်ပါတော့သည်။

"တကာစိတ္တ၊ သင်သည် ငါ့ကို ဆဲရေး၏။ ခြိမ်းခြောက်၏။ သို့ဖြစ်၍ သင့်ကျောင်းကို သင့်ဆီမှာ ငါပြန်အပ်ပြီ။ သင့်ကျောင်းမှာ ငါမနေပြီ။ လွတ်ရာကျွတ်ရာ သွားတော့မည်"

## အမှားဒဏ် ခံပေဦး

စကားချင်း မယှဉ်သာသဖြင့် နိုင်ရာနင့် ကိုင်လိုက်ခြင်း ဖြစ်ပေသည်။ စိတ္တသူကြွယ်သည် သုံးကြိမ်တိုင်တိုင် တားပါ၏။ ပစ္စည်းလေးပါးကို ခါတိုင်းလိုပင်ထောက်ပံ့လှူဒါန်းမည်ဖြစ်ပါကြောင်း လျှောက်ထားပါ၏။ သို့ရာတွင် က အပြု ခံချင်နေသော အရှင်သုဓမ္မကား သည်စကားများကို နားမဝင်တော့ပေ။ ဘုရားရှင်ထံလျှင်စိတ္တသူကြွယ်အားအပြစ်တင်လိမ့်မည်အထင်ဖြင့် ဇေတဝန်ကျောင်းတော်သို့ အသော့အလျှင် ထွက်သွားတော့၏။

ကျွန်ုပ်တို့သည်မစ္ဆိကာသဏ္ဍတွင် ရက်အတန်ကြာ ဆက်လက်၍ နေခဲ့ကြ၏၊ အရှင်သုဓမ္မ မရှိခိုက်တွင် ကျောင်းတော် ဟောင်းလောင်း ဖြစ်မနေစေရန် နေနိုင်သမျှ နေပေးတော်မူကြပါဟု ကျောင်းတကာက လျှောက်ထားသောကြောင့် ဖြစ်ပေသည်။

ရက်အတန်ကြာလျှင် အရှင်သုဓမ္မသာ မစ္ဆိကာသဏ္ဍသို့ ပြန်ရောက်လာ၏။ ဘုရားရှင့် အမိန့်တော်အရ သံဃာများက သူ့ကို ပဋိသာရဏီယက ပြုလိုက်ကြရာ ထိုက အရ စိတ္တသူကြွယ်ကို သူက တောင်းပန်ရမည် ဖြစ်ပေသည်။

## ရှက်သည် ကြောက်သည် အားနာသည်

ပဋိသာရဏီက မှ လွတ်မြောက်နိုင်ရေးအတွက် အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍသို့ ပြန်လာခဲ့ပါ၏။ သို့သော် ကျောင်းတကာ

ရှေ့မှောက်သို့ကား မသွားရဲရှာ။ ကိုယ့်အပြစ်နှင့် ကိုယ် ရှက်ကြောက်အားနာ ဖြစ်နေရ၏။ အမိန့်တော်ကြီးနှင့် လာခဲ့သော ကိစ္စဖြစ်၍ ကျွန်ုပ်တို့လည်း မည်သို့မျှ အကြံမပေးသာပေ။

သို့နှင့် မိမိကိုယ်ကို ရဲဆေးတင်၍ မပေးနိုင်တော့သော အရှင်သုဓမ္မသည် သာဝတ္ထိပြည်သို့ ပြန်သွားရတော့၏။ ရက်အတန်ကြာလျှင် အရှင်သုဓမ္မကိုယ်စား ရဟန်းတပါး ရောက်လာ၏။ ကိုယ်စားလှယ်ဖြင့် တောင်းပန်ရန် ဘုရားရှင် ခွင့်ပြုတော်မူလိုက်သည်ဟု ဆိုပါ၏။ မတောင်းပန်ခင်က ကျေနပ်နေပြီးသော စိတ္တသူကြွယ်သည် အရှင်သုဓမ္မ ပြန်ကြွလာပါရန် ထိုရဟန်းမှတဆင့် ထပ်မံ၍ ပင့်ဖိတ်လိုက်ပေသည်။

## အရှင်သုဓမ္မ ပြန်လာပြီ

ငြင်းတုန်းက ငြင်းခဲ့သော အရှင်သုဓမ္မသည် ဤပင့်ဖိတ်ချက်ကိုကား လက်ခံပါပေသည်။ မာန်မာနကို ချိုးကာ ကောင်းမွန်စွာ ကျင့်သုံးနေထိုင်သဖြင့် သံဃာများကလည်း ပဋိသာရဏီယကံမှ လွတ်ငြိမ်းခွင့် ပြုလိုက်ကြသည်ဟု ဆိုပါသည်။

အမှားတခုဖြင့် သတိသံဝေဂရပြီဖြစ်သော အရှင်သုဓမ္မသည် မစ္ဆိကာသဏ္ဍကျောင်းမှာ ရဟန်းကိစ္စ ပြီးဆုံး အောင်မြင်ခဲ့ပေသည်။

[ ဝိနည်း၊ စူဠဝဂ်၊ ကမ္မက္ခန္ဓက၊ ပဋိသာရဏီယကမ္မကထာ ပါဠိတော်နှင့် အဋ္ဌကထာ ]

## ကိုင်းနှင့်ကျွန်း ကျွန်းနှင့်ကိုင်း

ဤအမှုကို စံနမူနာယူကာ လူတို့ပြုထားသော အပ္ပသာဒ ပဝေဒနီယကံ ပြေငြိမ်းရန်မှာလည်း ပြစ်မှားမိသောရဟန်းက တောင်းပန်ရပေလိမ့်မည်။ အမှားလမ်းသို့ နောက်ထပ် မလာတော့ဘဲ လမ်းမှန်အတိုင်း ကျင့်သုံးရပေလိမ့်မည်။

သံဃာချင်းဆက်ဆံရေးတွင် တလမ်းသွားစနစ် မရှိသကဲ့သို့ သံဃာနှင့် တကာတကာမ ဆက်ဆံရေးမှာလည်း တဖက်သတ်စနစ် မရှိပါ။ ပြီးခဲ့သော ကြောင်းခြင်းရာများကို သုံးသပ်လျှင် သံဃာနှင့် တကာတကာမများသည် အပြန်အလှန် ထိန်းချုပ်ပေးနေကြရပုံကို တွေ့မြင်နိုင်ပေသည်။ တသွင်သွင် စီးဆင်းနေသော မြစ်ရေထဲ၌ ကျွန်းတခု ပေါ်ထွန်းလျက်ရှိ၏။ ထိုကျွန်းတွင် ကိုင်းပင်များ ပေါက်မလာပါက မကြာမီ ရေတိုက်စားရာပါသွားမည် ဖြစ်၏။ သို့ဖြစ်၍ ကျွန်းမြေတည်တံ့ရေးတွင် ကိုင်းပင်ကို အားကိုးထားရ၏။ ထို့အတူ ကိုင်းပင်များ၏ အားထားရာမှာလည်း ထိုကျွန်းမြေပင် ဖြစ်ပေသည်။ ကျွန်ုပ်တို့နှင့် တကာတကာမများသည် ကိုင်းနှင့်ကျွန်းတို့ ဖြစ်ကြပေသည်။

## အကျင့်သည်သာ ပဓာန

ကျွန်ုပ်တို့က ရဟန်းတို့ သိက္ခာပုဒ်များကို စောင့်စည်းကြ၏။ သူတို့က သူတို့နှင့်ဆိုင်ရာ သီလများကို စောင့်စည်းကြရ၏။ ကျွန်ုပ်တို့

မှာ ပစ္စည်းလေးပါးအတွက် ကိုယ်တိုင်လုပ်ကိုင်ဖန်တီးခွင့် မရှိကြ။ သူတို့မှာကား တရားသော နည်းလမ်းတို့ဖြင့် ရှာဖွေ ဖန်တီးခွင့် ရှိကြ၏။

ဤသို့သော အနေအထားကွဲပြားမှုအရ ကျွန်ုပ်တို့ကား အလှူခံ ပုဂ္ဂိုလ်ဟူ၍ ဖြစ်ကြရ၏။ သူတို့က လှူဒါန်းသူများ။ လှူဒါန်းသူနှင့် အလှူခံသူတွင် မည်သူက အခွင့်အရေးသာပါသနည်း။ မည်သူက အပေါ်စီး ရပါသနည်း။

သာသနာ့ အရိပ်အာဝါသအောက်တွင် မည်သူမျှ အပေါ်စီး မရနိုင်ပါ။ မည်သူ့ကိုမျှ သာလွန်ထူးခြားသော အခွင့်အရေးကို ပေးတော်မမူခဲ့ပါ။

"လုလင်၊ လူ၏ မှားယွင်းသော အကျင့်ကို လည်းကောင်း၊ ရဟန်း၏ မှားယွင်းသော အကျင့်ကို လည်းကောင်း ငါဘုရား မချီးမွမ်းပေ။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မှားယွင်းသော အကျင့်ကို ကျင့်ခြင်းဖြင့် လောကုတ္တရာအကျင့်ကို မဆည်းပူးနိုင်ပေ။

"လုလင်၊ လူ၏ မှန်ကန်သော အကျင့်ကို လည်းကောင်း၊ ရဟန်း၏ မှန်ကန်သော အကျင့်ကိုလည်းကောင်း ငါဘုရားချီးမွမ်း တော်မူ၏။ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မှန်ကန်သော အကျင့်ကို ကျင့်သုံးခြင်းဖြင့် လောကုတ္တရာ ကုသိုလ်ကို ဆည်းပူးနိုင်ပေသည်"

သုဘလုလင်အား ဟောကြားတော်မူခဲ့သော ဤဒေသနာ တော်ဖြင့် ရဟန်းနှင့်လူ နှစ်ဦးသူတို့သည် တူညီသောအကျင့်ရှိလျှင် တူညီသော အခွင့်အရေးရှိကြောင်းကို ညွှန်ပြတော် မူခဲ့ပေသည်။

[မဇ္ဈိမပဏ္ဏာသ၊ ဗြဟ္မဏဝဂ်၊ သုဘသုတ်]

## တကာ တကာမတို့၏ ပန်းတုံးတိုင်

ရဟန်းဘောင်ထိအောင် မတက်ရောက်နိုင်သော သူတို့လည်း နည်းမှန် လမ်းကျ ကျင့်သုံးတတ်ကြပါလျှင် ရဟန်းများနည်းတူ လောကုတ္တရာ ကုသိုလ်ကြီးကို ရယူပိုင်ဆိုင်ခွင့် ရှိကြ၏။ ကောင်းမွန်စွာ ကျင့်သုံးလျှင် ရဟန်းတို့နှင့် ထပ်တူထပ်မျှ ရွှေနူတ်တော်မှ ထုတ်ဖော် ချီးကျူးမှုကို ခံယူနိုင်ကြ၏။ ထို့ကြောင့် ဇေတဝန်ကျောင်း တကာ အနာထပိဏ်သူဌေးအား ဘုရားရှင်က ဤသို့ ဟောကြားတော်မူလေသည်။

"အိမ့်ရှင်သူဌေး၊ သင်တို့သည် ရဟန်း သံဃာအား သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ အိပ်ရာနေရာ၊ ဆေးဝါးတို့ဖြင့် ပူဇော်လုပ်ကျွေးကြကုန်၏။ ဤသို့အလုပ်အကျွေးပြုရုံမျှဖြင့် သင်တို့ အားရကျေနပ် မနေသင့်။ ထို့ကြောင့် ဤသာသနာတော်နှင့် ကြုံကြိုက်ဆဲတွင် ရနိုင်သမျှ အချိန်များကို ပိုင်း၍ ပိုင်း၍ ကာမဂုဏ်အာရုံမဖက်၊ ဓမ္မပီတိသက်သက်ဖြင့် နေထိုင်နိုင်ရန် အလေ့အကျင့် လုပ်သင့်ကြပေသည်"

တကာ တကာမတို့သည် ရဟန်းသံဃာ၏ အလုပ်အကျွေးဘဝဖြင့် လမ်းမဆုံးစေဘဲ သာသနာ့ အရသာကို ရဟန်းသံဃာများ နည်းတူ ရယူ ခံစားနိုင်ကြရန် လမ်းညွှန်တော်မူလိုက်ခြင်း ဖြစ်ပေသည်။

[အင်္ဂုတ္တရ၊ ပဉ္စကနိပါတ်၊ စတုတ္ထပဏ္ဏာသက၊ ဥပါသကဝဂ်၊ ပီတိသုတ်]

# ကောသမ္ဗီ အရေးတော်ပုံ

## မထေရ်ကြီးများသာ ရှိလျှင်

ဤအခန်းကိုတော့ အကယ်၍ပေါင်း များစွာဖြင့် ဖွင့်လှစ်ရပါလိမ့်မည်။

အကယ်၍ အရှိန်အဝါကြီးလှသော အရှင်မဟာသာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်တို့သာ ဘုရားရှင်နှင့် အတူရှိနေပါလျှင်၊ အကယ်၍ အရှင်မဟာကဿပကဲ့သို့ လေးစား လောက်သော မထေရ်ကြီးသာ ပါလာပါလျှင်၊ အကယ်၍ ထိုနေ့နံနက်က ကျွန်ုပ်သာ ကောသမ္ဗီသို့ အချိန်မှီ ရောက်လာပါလျှင် ဤအခန်းကို မှတ်တမ်းတင်ရမည်မဟုတ်ပါ။ အသေအချာ ဆုံးဖြတ်ချက်ချတော်

မှုပြီးသော ကိစ္စကို ကြားဝင်နိုင်ခွင့် မရှိသော်လည်း ဆုံးဖြတ်ချက် မချသေးမီမှာကား ကျွန်ုပ်က နားဝင်အောင် ဖျောင်းဖျနိုင်ပါသည်။ အရှိန်အဝါကြီးသော မထေရ်ကြီးများ ရှိနေလျှင်လည်း သည်ရဟန်းတို့ သည်မျှလောက် ခေါင်းမာမနေနိုင်ကြပါ။

## ကျွန်ုပ် အရောက်နှောင်းခဲ့ပြီ

ကာရန်မသင့်ချင်၍ဟုသာ ဆိုရပါတော့မည်။ ကောသမ္ဗီမြို့သို့ သည်တခေါက်ဘုရားရှင် ကြွချီတော်မူရာတွင်ဆိုခဲ့ပြီးသောမထေရ်ကြီးများ တပါးမျှ မပါလာကြပါ။ ကျွန်ုပ် ကိုယ်တိုင်မှာလည်း ခါတိုင်းလို နောက်တော်ပါးကမလိုက်နိုင်ခဲ့ပါ။ ကျွန်ုပ်၏ဥပဇ္ဈာယ်ဆရာ အရှင်ဗေလဋ္ဌသီသ နေထိုင်မကောင်းဖြစ်နေကြောင်း ကြားသိရသဖြင့် နောက်တော်ပါးမှ ခွဲထွက်ကာ အရှင်မြတ်ကြီး၏ တောရကျောင်းကလေးသို့ လာခဲ့ရ၏။ တလနည်းပါးမျှ ပြုစုလုပ်ကျွေး၍ အရှင်မြတ်ကြီး ကျန်းကျန်းမာမာ ဖြစ်လာသည်တွင် ကျွန်ုပ် ကောသမ္ဗီသို့ လိုက်လာခဲ့၏။ ဃောသိတာရုံ ကျောင်းဝသို့ ရောက်လျှင်ပင် မကြားချင်သော သတင်းကို ကြားလိုက်ရပါတော့သည်။

"အရှင်အာနန္ဒာ၊ အရှင်ဘုရား ဖူးမြော်လိုသော ထိုဘုရားရှင် ယခုတော့မရှိတော့ပြီ။ ကျောင်းအိပ်ရာ နေရာများကို ကိုယ်တော်တိုင် သိမ်းဆည်းကာ၊ သပိတ် သင်္ကန်းကိုလည်း ကိုယ်တော်တိုင် သယ်ပိုးလျက် ထွက်တော်မူသွားပေပြီ။ အလုပ်အကျွေး ရဟန်းကိုလည်း အသိမပေး။ ရဟန်းသံဃာကိုလည်း မပန်ကြားဘဲ တပါး

တည်း ထွက်သွားတော်မူပေပြီ။ တပည့်တော်တို့ မည်သို့ပြုရပါမည်နည်း။

## အလိုတော်ရှိရာ ကြွပါစေတော့

သိဟောင်း ကျွမ်းဟောင်း ရဟန်းတပါးက ဆီးကြို ပြောဆိုရင်း အကြံဉာဏ်တောင်းလိုက်၏။ ဤအဖြစ်ကို ကြားရသည်နှင့် ကျွန်ုပ်အဖို့ အထူးအထွေ တွေးတောဝေဖန်နေရန်မရှိပါ။ ထံတော်ပါးတွင် အနေကြာလာသည်နှင့်အမျှ ရှင်တော်မြတ်၏ စိတ်ဓာတ်ကို အကဲခတ်တတ်နေပါပြီ။ ထို့ကြောင့်-

"ငါ့ရှင်၊ ယခုကိစ္စတွင် ငါတို့ပြုဖွယ်ကိစ္စ ဘာမျှမရှိပြီ။ ဤလို ထွက်ကြွတော်မူခြင်းမှာ အဖော်မမှီး တပါးတည်း နေလိုခြင်း၏ အထိမ်းအမှတ်ဖြစ်ရာ မည်သူမျှ လိုက်ပါ၍ မနှောင့်ယှက်သင့်ပေ"

အကြံဉာဏ် တောင်းလာသော ရဟန်းအား အကောင်းဆုံးသော အကြံဉာဏ်ကို ပေးလိုက်ရပေသည်။

[ ခန္ဓသံယုတ်၊ ခဇ္ဇနိယဝဂ်၊ ပါလိသေယျကသုတ် ]

## ပညာရှိ သတိဖြစ်ခဲ

အလိုတော်ကိုသိပြီးဖြစ်၍သာ သည်ကျောင်းမှာနေရစ်ခဲ့ရ၏။ဖြစ်များ ဖြစ်နိုင်မည်ဆိုလျှင် ဤရဟန်းများနှင့် တနာရီမျှ အတူမနေလိုပါ။ သူတို့မှာ ဖြစ်သစ်စ ရဟန်းငယ်ကလေးများလည်းမဟုတ်။ အသိ အလိမ္မာမရှိသည်လည်းမဟုတ်။ သူတို့၏ ဦးစီးခေါင်းဆောင် ပုဂ္ဂိုလ်တို့တွင် တပါးသည် ဝိနည်းဆောင်ဖြစ်၍ ကျန်တပါးက သုတ္တန်ဆောင် ဖြစ်ပေသည်။ မကောင်းမှုကို ရှက်တတ်သူ၊

ကျင့်ဝတ်သိက္ခာလိုလားသူများဖြစ်ပါလျက် ဘုရားရှင် ထွက်သွားသည်ရအထိ ပြုရက်ခဲ့ကြ၏။ မိမိတို့ အချင်းချင်းအပေါ် အညံ့မခံလိုသော မာန်မာန၏ လက်ချက်များပင် ဖြစ်ပေသည်။

## ကုဋီအိမ်ထဲက ပြဿနာ

အရေးတော်ကို စတင်ဖန်တီးခဲ့ကြသော ခေါင်းဆောင် နှစ်ပါးသည် အစတုန်းကတော့ ရိုးရိုးသားသားပင် ဖြစ်ခဲ့ကြ၏။ သုတ္တန်ဆောင် ပုဂ္ဂိုလ်ကုဋီတက်ရာတွင် ဆေးရေခွက်ထဲကရေကို ကုန်အောင် မသုံးမိဘဲ ရေကျန် တန်းလန်းနှင့် ထားပစ်ခဲ့မိ၏။ သူ့နောက်မှ ကုဋီတက်လာသော ဝိနည်းဆောင်ပုဂ္ဂိုလ်သည် ကုဋီအိမ်မှ ဆင်းလာပြီးနောက်–

"ငါ့ရှင်၊ ခွက်ထဲကရေကို သင်ချန်ထားခဲ့မိသလား" ဟု မေးမြန်း၏။

"တင်ပါ။ တပည့်တော် ထားခဲ့မိပါသည်"

သုတ္တန်ဆောင် ပုဂ္ဂိုလ်ကလည်း သတိမေ့၍ ထားခဲ့မိသော ကိစ္စကို ချက်ခြင်းဝန်ခံလိုက်ပေသည်။

"သို့ဆိုလျှင် သည်အမှုကြောင့် အာပတ်သင့်နေသည်ကို သိပါသလား"

"တပည့်တော် မသိပါဘုရား"

"မသိသော်လည်း အာပတ်သင့်နေပြီ ငါ့ရှင်"

"တင်ပါ။ အာပတ်သင့်လျှင် ကုစားရပါမည်ဘုရား"

## အားနာ၍ အားပါမိသည်

ဝိနည်းဆောင်ပုဂ္ဂိုလ် အဆိုပြုလေသမျှကို သုတ္တန်ဆောင်ပုဂ္ဂိုလ်က လိုလိုချင်ချင်ပင် လက်ခံပေသည်။ ဤတွင် ဝိနည်းဆောင်ပုဂ္ဂိုလ်က အားနာသွားဟန်တူပါသည်။

"ငါ့ရှင်၊ အကယ်၍ တမင်တကာ စိတ်ပါ၍ပြုသည်မဟုတ်ဘဲ မတော်တဆ ပြုခဲ့မိလျှင်ကား အာပတ်မသင့်ပါ"

"တင်ပါ။ သည်လိုဆိုလျှင် တပည့်တော် ကုစားဘို့မလိုတော့ ပါဘုရား"

အာပတ်သင့်သည် ဟူသောအဆိုကိုပင် လိုလိုချင်ချင် လက်ခံခဲ့ပြီးဖြစ်၍ ပြင်ဆင်ချက်အဆိုအတွက်လည်း အခက်အခဲမရှိပါချေ။

စေတနာမပါလျှင် အာပတ်မသင့်ပါဟု ပြောခဲ့သောပုဂ္ဂိုလ်သည် ဝိနည်းကြောင်းကို သေသေချာချာ သုံးသပ်သောအခါမှာကား မိမိပြင်ဆင်ချက် မှားသွားပြီ ဖြစ်ကြောင်း တွေ့လာရ၏။ အားနာတတ်သော စိတ်ကလေးကို မျက်နှာသာ ပေးလိုက်မိသည်နှင့် တပြိုင်နက် အမှားဘက်သို့ ပါသွားရပေသည်။

## ဝိနည်းဆောင်၏ ချွတ်ယွင်းချက်

အားနာ၍ အမှားပါခဲ့သော ဤကိစ္စကို ခေါင်းဆောင် ပုဂ္ဂိုလ်ချင်း နှစ်ပါးတည်းတွေ့ဆုံ၍ ဖြေရှင်းလျှင် ချက်ခြင်းပြေလည်သွားမည်သာဖြစ်၏။ သို့ပါလျက် ဝိနည်းဆောင်ပုဂ္ဂိုလ်သည် ဤလို မဖြေရှင်းနိုင်ခဲ့ပါ။ ခေါင်းဆောင် ပုဂ္ဂိုလ်ချင်း ဖြေရှင်းရမည့်အစား မိမိ၏ တပည့်များကိုသာ ပြောပြလိုက်မိ၏။ အမှားပေါ်မှာ အမှားထပ်ဆင့်လိုက်ခြင်းဖြစ်ပါတည်း။

"ငါ့ရှင်တို့၊ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် မိမိမှာ သင့်လာသော အာပတ်ကိုမှ မသိချေတကား။"

ဆရာမှားသည့်နောက်သို့ တပည့်များက လိုက်ပါမိခဲ့ကြခြင်းပင် ဖြစ်ပေသည်။ သည်အမှားသည် တဖက်တပည့်များမှ တဆင့် သုတ္တန်ဆောင် ပုဂ္ဂိုလ်ထံသို့ ဆိုက်ရောက်သွားပေတော့သည်။

## သုတ္တန်ဆောင်၏ မာန်မာန

"ဝိနည်းဆောင်ပုဂ္ဂိုလ်သည် စောစောက အာပတ်မသင့်ဟု ပြောထားပြီးပါလျက် ယခုမှ အာပတ်သင့်သည် ဆိုလာပြန်၏။ စကားမတည် ယုံကြည်ထိုက်သူ မဟုတ်ချေ တကား"

စောစောက ပျော့ပျောင်းခဲ့သော လေသံများ မာကျောလျက် လာကြပေပြီ။ တဖက်က မလုပ်သင့်တာကို လုပ်ခဲ့ပြီမို့ သူ့ဘက်ကလည်း မာနသံများ ထွက်လာရပေပြီ။

'အို ငါ့ရှင်တို့၊ သင်တို့ဆရာ ဝိနည်းဆောင် ပုဂ္ဂိုလ်ကြီးသည် စကားမတည်၊ ယုံကြည်ထိုက်သူ မဟုတ်ချေတကား"

## ကံ အပြုခံရလျှင်

ဒေါသမီးတို့ပွားလာချေပြီ။ ပွားလာသောမီးကို ငြိမ်းသတ်မည့်သူကား မရှိ။ မီးလောင်ရာ လေပင့်မည့်သူများချည့်သာ ရှိနေကြ၏။ လေပင့်သူများ၏ အကူအညီဖြင့် ဝိနည်းဆောင် ပုဂ္ဂိုလ်သည် သုတ္တန်ဆောင်ပုဂ္ဂိုလ်အား အာပတ်ကိုဝန်မခံမှုဖြင့် သံဃာ့ဘောင်မှ နှင်ထုတ်သော ဥက္ခေပနီယကံ ပြု၏။ တကယ်ဆိုလျှင် ဤလို

ကံပြုခံရပြီးသော ပုဂ္ဂိုလ်အား မည်သည့် ရဟန်းကမှ အဆက်အသွယ် မလုပ်ရတော့ပေ။ နှင်ထုတ်သောကံကို ပယ်ဖျက်ကာ ပြန်သွင်းသောကံကို မပြုမချင်း အထီးကျန် ဘဝဖြင့်သာ နေရပေသည်။

## ကံကို အသိအမှတ် မပြုပြီ

သို့ရာတွင် သုတ္တန်ဆောင်ရဟန်းမှာကား အထီးကျန် ဖြစ်မလာပါ။ တဖက်က ပြုသောကံကို တရားမဝင်ကြောင်း၊ ဝိနည်းတော်နှင့် မညီကြောင်း ပြောပြကာ သိမ်းသွင်းနိုင်သဖြင့် သူ့ဆီမှာလည်း ပရိသတ် ဒုနှင့်ဒေး ရှိနေပေသည်။

နှင်ထုတ်ခံပုဂ္ဂိုလ်ကို ထောက်ခံသော ရဟန်းများက နှင်ထုတ်သော ကံသည် ကံမမြောက်ပုံ၊ ဝိနည်းတော်နှင့် မညီညွတ်ပုံကို သွား၍ ပြောကြ၏။ ကံပြုသော ရဟန်းတို့ကလည်း ကံမြောက်ကြောင်း၊ ဝိနည်းတော်နှင့် ညီညွတ်ကြောင်း ပြောဆိုကြ၏။ နှင်ထုတ်ခံပုဂ္ဂိုလ်နှင့် ဆက်ဆံပေါင်းသင်းမှုမပြုကြရန် တားမြစ်၏။ တားမြစ်သော်လည်း မရနိုင်ပါတော့ပြီ။ သင်းကွဲစိတ်များ ပြင်းထန်လာကြပြီမို့ တဖက်ကစကားကို နားမဝင် နိုင်ကြတော့ပါ။

## ကိုးဝါမြောက် အထိမ်းအမှတ်

ဤသို့ဖြင့် ဤအကြောင်းများ ရွှေနားတော်ထိ ပေါက်ကြားသွားသည့်တွင်-

"ရဟန်းသံဃာသည် သင်းကွဲခဲ့လေပြီတကား၊ ရဟန်းသံဃာသည် သင်းကွဲခဲ့လေပြီတကား"

ခမ္မာသံဒဝဂ ကြီးမားစွာဖြင့် နှစ်ကြိမ်တိုင်တိုင် ရေရွတ်တော်မူခဲ့သည် ဟူပါ၏။ ဘုရားဖြစ်တော် မူပြီးနောက် ကိုးဝါမြောက်တွင် ထွက်ပေါ်လာရသော ညည်းတွားသံဘို ဖြစ်ပါ၏။

အနှန်အားဖြင့် သံဃာသင်းကွဲခြင်း ဟူသည်မှာ သိမ်တခုထဲတွင် ရဟန်းများနှစ်စုခွဲ၍ ကံပြုကြခြင်းပင်ဖြစ်၏။ ယခုလို သင်းကွဲစိတ်များကို ဆက်သက် မွေးမြူထားကြလျှင်ကား သံဃာသင်းကွဲမှုသည် မလွဲမသွေ ဖြစ်ရတော့မည်မို့ ဘုရားရှင်က ကြိုတင် ရေရွတ်တော် မူရပေသည်။

ထိုအချိန်ကသာ အပါးတော်မှာ ကျွန်ုပ် ရှိနေလျှင် စိတ်မကောင်းခြင်း ကြီးစွာ ဖြစ်ရမည် မလွဲပါ။ ယခုလို တဆင့်စကားကြားသိရခြင်းဖြင့်ပင် စိတ်ထိခိုက်ရပါသေးသည်။

နောက်ဆက်တွဲ ဖြစ်ရပ်များကား ထို့ထက်ပင် စိတ်ထိခိုက်စရာ ကောင်းပါသေးသည်။ ဘုရားရှင်သည် နှင်ထုတ်က ပြုကြသော ရဟန်းများထံ ဦးစွာပထမ ကြွတော်မူကာ—

## နှင်လိုသူတို့ သတိပြု

"ရဟန်းတို့၊ ငါတို့တတ်သည်၊ ငါတို့သိသည် ဟူသော သဘောဖြင့် တွေ့ကရာ မြင်ကရာ အကြောင်းကိစ္စတိုင်း၌ ရဟန်းတပါးကို နှင်ထုတ်သင့်သည်ဟု တထစ်ချမှတ်ယူမထားကြနှင့်။ ရဟန်းတပါးကို နှင်ထုတ်ပြီးနောက် ထိုရဟန်းနှင့် လုံးဝအဆက်အဆံမပြုဘဲထားလိုက်ခြင်းဖြင့် ရဟန်းသံဃာတွင် အငြင်းအခုန်များ ပေါ်ပေါက်လာပေလိမ့်မည်။ ကိုယ်လက်ထိပါး ခိုက်ရန်ပွားလာပေလိမ့်မည်။ သံဃာချင်း သင်းကွဲမှု ဖြစ်ပေါ်လာပေလိမ့်မည်။ ဤသို့ ကွဲပြား

မည့် အရေးကို လေးစားစွာ ရှောင်လွှဲလိုသော ရဟန်းတို့သည် အာပတ်ကို ဝန်မခံသော အကြောင်းကလေးမျှဖြင့် အာပတ်သင့်သော ရဟန်းကို နှင်ထုတ်ကံ မပြုသင့်ပေ''

## အနှင်ခံရသူတို့ သတိပြု

ဤသို့ မိန့်ကြားပြီးနောက် နှင်ထုတ်ခံပုဂ္ဂိုလ်ကို ထောက်ခံသော ရဟန်းများဆီသို့ ကြွတော်မူပြန်ကာ-

''ရဟန်းတို့၊ အာပတ်သင့်ပြီးပါလျက် အာပတ်မသင့်ဟု ဆိုကာ မကုစားဘဲ နေသင့်သည်ဟု မထင်မှတ်ကြနှင့်။ ရဟန်းများက ရဟန်းတပါးကို နှင်ထုတ်ကံ ပြုပြီးနောက် ထိုရဟန်းနှင့် လုံးဝ အဆက်အဆံ မပြုဘဲ ထားလိုက်ခြင်းဖြင့် ရဟန်းသံဃာတွင် အငြင်းအခုံများ ပေါ်ပေါက်လာပေလိမ့်မည်။ သံဃာချင်း သင်းကွဲမှု ပေါ်ပေါက်လာပေလိမ့်မည်။ ဤသို့ ကွဲပြားမည့်အရေးကို လေးစားစွာ ရှောင်လွှဲလိုသော ရဟန်းသည် မိမိကိုယ်ကို အာပတ်မသင့်ဟု ယုံကြည်ထားသော်လည်း အာပတ်သင့်သည်ဟု ယုံကြည်ကြသော အခြားရဟန်းတို့ကို အလိုလိုက်၍ အာပတ်ကို ဒေသနာကြားသင့်၏''

နှစ်ဖက်သောရဟန်းတို့ကို ထပ်တူထပ်မျှ မိန့်ကြားတော်မူခြင်းဖြစ်ပေသည်။

## အာဘာ သုံးတော်မမူပါ

ဤတကြိမ်၌ကား ဘုရားရှင်သည် လိုက်နာသင့်သော အချက်များကိုသာ ညွှန်ပြ၍ သတိပေးတော် မူခဲ့၏။ လမ်းမှားလိုက်နေသော

ရဟန်းများကို အာဏာသုံး၍ တားမြစ်တော်မမူပါ။ နှင်ထုတ်သော ရဟန်းတို့ကို 'လုံလောက်သော အကြောင်းမဟုတ်ဘဲလျက် သင်တို့ နှင်ထုတ်ကြသည်' ဟူ၍လည်းကောင်း၊ နှင်ထုတ်ခံပုဂ္ဂိုလ်၏ ဘက်သားတို့ကိုလည်း "သင်တို့ အာပတ်သင့်ကြပြီ" ဟူ၍လည်းကောင်း အတိအလင်း မိန့်ကြားခြင်း ပြုတော်မမူပါ။ တဖက်ကို မိန့်ကြားလျှင် အခြားတဖက်သို့ ပါလေပြီဟု နှစ်ဖက် စလုံးက အထင်မှားကြမည့် အရေးကို ရှောင်တိမ်းတော် မူရပေသည်။

## ကျွန်ုပ်အတွက် ဤအဆုံးအမ

ဤမှာဘက်အုပ်စုမှ ရဟန်းများအတွက် မိန့်ကြားတော်မူခဲ့သော ဤဒေသနာတော်သည် ကျွန်ုပ်၏ ဟဒယနှလုံးအိမ်မှာ ရာသက်ပန် စွဲမြဲခဲ့ပေသည်။ ဤသို့ စွဲမြဲနေခဲ့သောကြောင့်ပင် ကျွန်ုပ်နှင့် ပတ်သက်၍ သံဃာချင်း သင်းကွဲရမည့် အရေးအခင်းကြီး တခုကို ကျော်လွှားနိုင်ခဲ့ပေသည်။ ဤအကြောင်းများကိုကား ဤမှတ်တမ်းကြီး ပြီးခါနီးချိန်မှ အကျယ်တဝင့် နာကြရပါလိမ့်မည်။

## လူ့ရှေ့မရှောင် သူ့ရှေ့မရှောင်

ကျွန်ုပ်အပေါ် အကျိုးသက်ရောက်စေခဲ့သော ဤဒေသနာတော်သည် ကောသမ္ဗီ ရဟန်းတို့အတွက်ကား အရာမရောက်ပါချေ။ နှစ်ဦးနှစ်ဖက်လုံးကို မျှမျှတတ မိန့်ဟတော်မူသည်ကို နှစ်ဖက်စလုံး ကပင် မလိုက်နာကြပါချေ။ သိမ်တွင်းသိမ်ပြင် နှစ်ဌာနခွဲ၍ ကံပြု ကြရုံမျှမက ကိုယ်ထိလက်ရောက် ကျူးလွန်သည့်အဆင့်သို့ ရောက် လာကြ၏။ ရဟန်းဝတ်နှင့် မသင့်လျော်သော စကားလုံးများကို သုံးနှုန်းလာကြ၏။ ကျောင်းတွင်းမှာသာမက ရပ်ထဲ ရွာထဲမှာပင်

မဆင်ခြင်နိုင်အောင် ဖြစ်လာကြ၏။ နှစ်ဦးနှစ်ဖက် မျက်နှာချင်း ဆိုမိလျှင် နေရာမရွေးတမ်း ရန်ပွဲကြီးများ ဖြစ်ပွားကြရ၏။

## မျက်နှာတော်ကိုမှ မထောက်ကြပြီ

ဤရန်ပွဲကြီးများကို ထိန်းနိုင်မည်လားဟု ဘုရားရှင်က သူတို့ကို လူချင်းခွဲနေကြရန် မိန့်ကြားပါသေး၏။ ဆွမ်းစားရာတွင် နေရာချင်း ခွဲ၍ ထိုင်ကြရန် စီမံပေးတော် မူပါသေး၏။ သို့သော် ကောသမ္ဗီရဟန်းများကား ဆိုလေ ကဲလေ၊ မန်းလေ ပြဲလေ။ ဘုရားရှင်စကား လိုက်နာရေးထက် ကိုယ့်အုပ်စု အသာစီးရရေးကိုသာ အလေးထား နေကြပေသည်။

ဖြစ်လာသော ရန်ပွဲကြီးကို တားဆီးနိုင်သူ တပါးမျှ မရှိပြီမို့ ရဟန်းတပါးသည် ဘုရားရှင်ထံ ဝင်၍လျှောက်ထားရ၏။ ခါတိုင်း ဆိုလျှင် ဘုရားရှင် ကြွလာလျှင် ဖြစ်ပွားနေသော ရန်ပွဲကြီးများ သည် ခေတ္တခဏ ရပ်နားကြသေး၏။ ထိုနေ့မှာကား ဘုရားရှင် ကို ရှေ့မှာထားလျက်ပင် မကြားဝံ့ မနာသာ ဆဲဆိုကြိမ်းမောင်း နေကြ၏။ ကိုယ်ထိလက်ရောက် သတ်ပုတ်နေကြ၏။

"ရဟန်းတို့၊ တော်ကြ၊ တန်ကြ၊ ခိုက်ရန်ဒေါသ ဖြစ်မနေကြနှင့်၊ ငြင်းလားခုံလား လုပ်မနေကြနှင့်"

## သဲထဲမှာ သွန်သောရေ

ဆရာ့စကား နားထောင်မည်လားဟု တားဆီးတော် မူပါသေး၏။ သို့သော် ကြွက်ကြွက်ညံနေသော အသံတို့ကြားဝယ် ဆရာသမား ၏ စကားတို့ မတိုးသာအောင် ဖြစ်ရ၏။

"အရှင်ဘုရား၊ ငါ့လင့်တော်မူပါဦး၊ ဘုရားရှင်သည် လက်ငင်း လက်တွေ့ ချမ်းသာ တရားကို ခံစားလျက် ကြောင့်ကြမဲ့သာ နေတော်မူပါ။ တပည့်တော်တို့ တတွေမှာ ကိုယ့်အမှုနှင့်ကိုယ် ဘနေ့နေ့မှာ အဖြေပေါ်လာကြပါလိမ့်မည် ဘုရား"

တပည့်ကြမ်းတို့ကြောင့် ပင်ပန်းတော်မူရသည်ကို မကြည့်ရက်သော ရဟန်းတပါးက လျှောက်ထားလိုက်ခြင်း ဖြစ်ပေသည်။ သို့သော်ဘုရားရှင်သည် ကြောင့်ကြမဲ့နေတော်မမူသေးဘဲ ရန်မလို မှ ရန်ပြုကြောင်း ဒီဃာဝုသတို့သားတို့၏ ထုံးဟောင်းသာဓကကို ပြတော် မူပါ၏၊ ဘာကိုပင်ပြပြ၊ ဒေါသမာန တိမ်သလ္လာများ ဖုံးလွှမ်းနေကြပြီဖြစ်၍ ကောသမ္ဗီရဟန်းတို့ မမြင်နိုင်ကြတော့ပါ။

## ထိုက်ထိုက်တန်တန် ဒဏ်သင့်ကြပြီ

ယခုတော့ သင်းတို့ ဘာများ တတ်နိုင်ကြပါသေးသနည်း။ ဘုရားရှင့် ရှေ့ဘော်မှောက်မှာ လူ့စွမ်းကောင်းကြီးတွေ လုပ်ခဲ့လေသမျှ ယခု တကာ တကာမများ၏ ဒဏ်ခတ်မှုကို ခံနေကြရပေပြီ။ "သင်းတို့ နှိပ်စက်သဖြင့် ဘုရားရှင် ထွက်ကြွတော်မူရသည်"ဟု ဆိုကာ သူဘိုကို ဘယ်သူကမျှ ရှိခိုးဦးတင် မလုပ်ကြတော့ပြီ။ ခရီးဦးကြို မပြုကြတော့ပြီ။ ရိုသေလေးမြတ်မှုကို မပြုကြတော့ပြီ။ အိမ်ရှေ့မှာ ရပ်လာ၍မျှ ဆွမ်းလောင်းမည့်သူ မရှိကြတော့ပြီ။ ဘုရားရှင်ကို အာခံနိုင်ခဲ့သူတို့သည် ထိုက်ထိုက်တန်တန် ဒဏ်ခတ် ကြသော တကာ တကာမများကိုကား သင်းတို့ ဘာများ တတ် နိုင်ကြပါသေးသနည်း။

[ဝိနည်းမဟာဝဂ်၊ ကောသမ္ဗကခန္ဓက ပါဠိတော်နှင့် အဋ္ဌကထာ]

## ဒဏ်ချက်ကို ကုစားရန်

သူတို့ တတ်နိုင်သည်မှာ တခုသာ ရှိပေသည်။

"အရှင် အာနန္ဒာ၊ တပည့်တော်တို့ တောင်းပန် ပါသည်။ ဘုရားရှင်ရှိရာသို့ တပည့်တော်တို့သွား၍ ဝန်ချတောင်းပန်ကြပါတော့မည်။ ဘုရားရှင်ကို ပြန်ပင့်ပေးပါ အရှင်ဘုရား"

ခလုတ်ထိမှ အမိတသူများပင် ဖြစ်ပေသည်။ တကာ တကာမတို့၏ ဒဏ်ချက်က တော်တော်ကြီးပင် ပြင်းထန်နေသည် မဟုတ်ပါလော။

"ငါ့ရှင်တို့၊ သည်မြို့ သည်ကျောင်းသို့ ဘုရားရှင် တော်တော်နှင့် ခြေဦးလှည့်တော်မူဦးမည် မဟုတ်ပေ"

ကျွန်ုပ်က ပြီးခဲ့သော ဖြစ်ရပ်များကို ထောက်ဆ၍ ပြောလိုက်ရာတွင်–

"ဇေတဝန်ကျောင်းတော် ဖြစ်ဖြစ် ပင့်ပေးတော်မူပါဘုရား။ တပည့်တော်တို့ ဇေတဝန်ကျောင်းတော်လိုက်ပြီး ဝန်ချကန်တော့ကြပါမည်"

"ကောင်းပြီ ငါ့ရှင်တို့"

## သာဝကတို့၏ အထောက်တော်

ကောသမ္ဗီရဟန်းတို့ စကားကို လက်ခံပြီးချိန်တွင် တောကျေးလက်မှာ ဝါဆိုခဲ့ကြသော ရဟန်းများလည်း ဃောသိတာရုံကျောင်းသို့ ရောက်လာကြ၏။

“အရှင်အာနန္ဒာ၊ သည်ကျောင်းတော်မှာ ဘုရားရှင် ရှိတော်မူစဉ်က တပည့်တော်တို့ မကြာမကြာတရားနာခွင့် ရခဲ့ကြပါသည်။ ယခု တပည့်တော်တို့ တရားနာခွင့် မရသည်မှာ ကြာလှပါပြီ။ ရွှေမျက်နှာတော်ကို ဖူးမြော်၍ တရားနာခွင့်ရအောင် အကျိုးဆောင်တော် မူပါဘုရား”

တောကျေးလက်မှ ရဟန်းများကဲ့သို့ပင် သာဝတ္ထိမြို့တော်မှ တကာ တကာမများကလည်း အမှာစာများပါးလိုက်ကြပေသည်။ ဤသို့ တောင်းပန်လာကြသည့်အတိုင်း ကျွန်ုပ်သည် တောကျေးလက်မှ ရဟန်းများနှင့်တကွ ပါလိလေယျက တောဆီသို့ ထွက်ခွာလာခဲ့ကြ၏။

[ခန္ဓသံယုတ်၊ ခဇ္ဇနီယဝဂ်၊ ပါလိလေယျကသုတ်]

## အဖော်မမှီး တပါးတည်း

ဗာလကလောဏကရွာ အရောက်တွင် ကျွန်ုပ်တို့သည် အရှင်ဘဂုနှင့်တွေ့ဆုံကြရ၏။ အရှင်ဘဂုမှာ ကျွန်ုပ်နှင့် စိတ်တူကိုယ်တူရဟန်းပြုလာကြသည့် အထဲမှ တပါးဖြစ်၏။ သည်ရွာတွင် တပါးတည်းအေးချမ်းသာယာစွာ နေလာခဲ့ကာ တပါးတည်း ကြွလာသောဘုရားရှင်ကို ဝတ်ကြီးဝတ်ငယ်ပြုစုခွင့် ရလိုက်၏။ နောက်တနေ့နံနက်တွင် ဗာလကလောဏကရွာအတွင်းသို့ ဆရာတပည့်နှစ်ပါးဆွမ်းခံ ဝင်တော်မူကြကာ ဆွမ်းစားပြီးချိန်တွင် ဘုရားရှင် ခရီးဆက်လက် ထွက်ခွာတော်မူကြောင်း အရှင်ဘဂုက ပြောပြပေသည်။

## သုံးကိုယ် တစိတ်

ကျွန်ုပ်တို့လည်း အရှင်ဘဂုနှင့်အတူ ဆွမ်းခံဝင်ကာ ဆွမ်းစားအပြီးတွင် ခရီးဆက်လက်ထွက်ခွာခဲ့ကြ၏။ ပါစိနဝံသ တောအုပ်အဝင်တွင် တောစောင့်တယောက်နှင့် အရုံသင့်တွေ့ရ၏။ ဘုရားရှင် ဝင်လာစဉ်တုန်းက အကြောင်းမသိ၍ တားလားဆီးလား လုပ်ခဲ့ဘူးသော တောစောင့်သည် ကျွန်ုပ်တို့ကိုကား မတားဆီးတော့ပါ။ မတားဆီးရန် သွန်သင်ပြသထားကြသော သူ့ဆရာသမားများထံသို့ သူကပင် လမ်းပြပို့ဆောင်၍ ပေးလိုက်ပေသည်။

အရှင် အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလဟူ၍ ကိုယ်ခန္ဓာသုံးခု ရှိနေ၍သာ သူ့ဆရာသမားများဟူ၍ ဗဟုဝုစ်စကားကို သုံးလိုက်ရ၏။ စိတ်သဘောအားဖြင့်ကြည့်ပါမူ သူတို့သုံးပါးမှာတပါးတည်းသာ ရှိနေပေသည်။ မိခင်ထံမှ စီးဆင်းလာသောနို့ရေထဲတွင် ဘယ်သင်းကားရေ၊ ဘယ်သင်းကား နို့ဟူ၍ ခွဲခြားမရနိုင်သကဲ့သို့ပင် အရှင်မြတ်တို့၏ စိတ်သဘောထားတို့ကလည်း တကွနက်ပေါင်းစပ်လျက် ရှိကြ၏။ ဘယ်အရှင်၏ စိတ်သဘောထားကား ဘယ်သို့ဟူ၍ ခွဲခြားမရနိုင်ပါ။ ထာဝရမေတ္တာဖြင့် မိမိစိတ်အလိုကို ဘေးဖယ်ကာ အခြားပုဂ္ဂိုလ်တို့ အလိုကျ နေထိုင်လာကြသူများပါတည်း။

ကောသမ္ဗီရဟန်းတို့ကြားမှ ထွက်ခွာတော်မူခဲ့သော ဘုရားရှင်သည် သူတို့သုံးပါးနှင့် အတွေ့မှာကား သာဓုခေါ်တော်မူခဲ့သည်ဟူပါ၏။

အရှင်မြတ် သုံးပါးတို့ နေ့စဉ်နှင့်အမျှ နေထိုင် ကျင့်သုံးကြပုံများကို မြင်ရလျှင် ဘုရားရှင်နည်းတူ အားလုံးက သာဓုခေါ်ကြရပါလိမ့်မည်။

## စကားမဆို ရန်မလို

ဦးစွာပထမ ဆွမ်းခံပြန်လာသူသည် ဆွမ်းစားကျောင်းတွင် နေရာခင်း၏။ ခြေဆေးရေ၊ ခြေဆေးပျဉ်ပြား၊ ခြေပွတ်စရာအိုးခြမ်းကွဲတို့ကို အရန်သင့်ထား၏။ဆွမ်းဦးထည့်စရာခွက်ကို အရန်သင့်တည်လင့်၏။ ဆေးကြော၍ထား၏။ သောက်ရေ သုံးရေများ ခပ်၏။ ထိုနောက် တပါးတည်းပင် အေးအေးဆေးဆေး စားသောက်ကာ ဆွမ်းစားကျောင်းမှ ဆင်းသွားခဲ့၏။

နောက်မှ ပြန်လာသောပုဂ္ဂိုလ်သည် မိမိသပိတ်ထဲမှာ ဆွမ်းအားနည်းလာလျှင် ဆွမ်းဦးထည့်ထားသည်ကို ယူ၍စား၏။ မိမိသပိတ်မှာ ဆွမ်းပြည့်စုံလာခဲ့၍ မစားလိုလျှင် မြက်သစ်ပင်လွတ်ရာမှာဖြစ်စေ၊ ပိုးကောင်မရှိသောနေရာမှာဖြစ်စေ စွန့်ပစ်ဆေးကြော၏။ နေရာများကို ရုပ်သိမ်းကာ ခြေဆေးရေအိုး၊ ခြေဆေးပျဉ်ပြား၊ ခြေပွတ်စရာ အိုးခြမ်းကွဲများကို သင့်ရာမှာ သိမ်းထား၏။ ဆွမ်းစားကျောင်းကို တံမြက်လှည်း၏။ သောက်ရေအိုး၊ ဆေးရေအိုး၊ ကုဋ္ဌိရေအိုးများ၌ ရေမရှိလျှင် ခပ်ထည့်၏။ မိမိတပါးတည်း မစွမ်းနိုင်သော ကိစ္စဖြစ်လျှင် ဆူဆူညံညံ အသံမပြုဘဲ လက်ဟန်ဖြင့်သာ အကူအညီတောင်း၏။ ငါးရက်လျှင် တကြိမ်ကျ ညလုံးပေါက် စကားဆွေးနွေးကြ၏။ ကောသမ္ဗိရဟန်းများသာ သူတို့

နည်းတူ နေတတ်ကြလျှင် ကောင်းပေစွဟု ကျွန်ုပ် ဆုတောင်း လိုက်မိပေသည်။

[ဝိနည်းမဟာဝဂ်၊ ကောသမ္ဗကခန္ဓက]

## တောအုပ်ထဲက အန္တရာယ်ကောင်ကြီး

ကျေနပ်ဖွယ်ကောင်းသော အရှင်မြတ်တို့ကို နှုတ်ဆက်ကာ ကျွန်ုပ်တို့သည် ပါလိလေယျက တောအုပ်သို့ ခရီးဆက်လာခဲ့ကြရပြန်၏။ ပါစိနဝံသတောအုပ်နှင့်အလှမ်းမကွာလှသဖြင့်မကြာမီရောက်လာကြ၏။ ဘုရားရှင်၏ အလိုတော်ကို မသိရသေး၍ ပါလာသော ရဟန်းများကို တောစပ်မှာပင် ထားခဲ့ကာ ကျွန်ုပ် တပါးတည်း ဝင်လာခဲ့၏။ စိမ်းစိုသော သစ်ပင်ပန်းမာလ်တို့ဖြင့် နေချင့်စဖွယ် တင့်တယ် သာယာလှသော တောအုပ်အဝင်တွင် ကျွန်ုပ်သည် အန္တရာယ်ကောင်ကြီးနှင့် ဗြုံးကနဲ ရင်ဆိုင်လိုက်ရပေသည်။

ခပ်ဝေးဝေးက လှမ်းမြင်ပါမူ ရှောင်နိုင် တိမ်းနိုင်စရာ ရှိပါသေး၏။ သူ့ခြေလှမ်းကို လွတ်အောင် မပြေးနိုင်သည် ရှိစေတော့ သစ်ပင်ကြီးကြီးမှာတက်နေလျှင် လွတ်စရာရှိပါသေး၏။ယခုတော့ သည်ကအဝင် သူကအစောင့်။ဗြုံးစားကြီး တွေ့ကြပြီမို့ မရှောင်နိုင် မတိမ်းနိုင်တော့ပြီ။ ကျွန်ုပ် အသက်သည် သည်ဆင်ကြီး၏ ခြေဖဝါးအောက်တွင် လည်းကောင်း၊ အစွယ်ဖျားတွင် လည်းကောင်း ပျောက်ပျက် ရပေတော့မည်။ သည်လိုမှ မဟုတ်သေးလျှင်လည်း သူကိုင်လာသော ထင်းချောင်းကြီးဖြင့် ကျွန်ုပ်ကိုယ်ခန္ဓာကို ညက်ညက်ရိုက်ချေ အသေသတ်တော့မည်တည်း။

## ကြားလိုလှသော အသံတော်

“ဟယ် ပါလိလေယျက၊ ပြန်လာခဲ့လော့။ ပြန်လာခဲ့လော့။ ဤ ရဟန်းကို မတားလေနှင့်။ ငါ၏ အလုပ်အကျွေး ရဟန်းကို ကြိုဆို လိုက်ပေတော့”

အသက်ဘေးနှင့် ရင်ဆိုင်နေရဆဲတွင် ကြားချင်လှသောအသံ တော်ကို ကြားလိုက်ရပေသည်။ အသက်ဘေးမှ လွတ်ရုံမျှမက ကြားချင်လှသော အသံတော်ကို ကြားလိုက်ရသဖြင့် ကျွန်ုပ် ဝမ်းသာလှပေသည်။

## ဘုရားရှင်၏ အလုပ်အကျွေး

ပါလိလေယျက တောပျော်ဖြစ်၍ ပါလိလေယျက အမည်ရနေ သော ဆင်ကြီးသည် ဘုရားရှင့် အမိန့်တော်ဖြင့် ကိုင်ထားသော ထင်းချောင်းကြီးကို လွှတ်ချကာ ကျွန်ုပ်၏ သပိတ်သင်္ကန်းများကို လှမ်းယူ၏။ သို့ရာတွင် ကျွန်ုပ်က မပေးဘဲ ကိုယ့်ဘာသာ ယူမြဲယူ လာခဲ့၏။ ဆင်ကြီးကလည်း ကျွန်ုပ်နောက်မှ ထက်ကြပ်မကွာလိုက် ပါလာခဲ့၏။ ရေပူရေချမ်း ကမ်းသူ မရှိပါဘဲလျက် ဘုရားရှင် တပါးတည်း နေထိုင်တော်မူခြင်းမှာ ဤဆင်ကြီး ရှိနေ၍ပါ တကားဟု ကျွန်ုပ် သဘောပေါက်လာပေသည်။

## ကျွန်ုပ်၏ မိတ်ဆွေသစ်

ဘုရားရှင့် ရှေ့တော်မှောက် အရောက်တွင် ကျွန်ုပ်သည် ပါလာ သော သပိတ်သင်္ကန်းတို့ကို ထားစရာနေရာကို ရှာဖွေရာ ဘုရားရှင် ထိုင်တော်မူသော ကျောက်ဖျာကြီးမှလွဲလျှင် အားလုံး မြေပြင်

ချည့်ဖြစ်နေသည်ကို တွေ့ရ၏။ မြေကြီးပေါ်မှာ အပေအရေခံ၍ မထားလိုလျှင် သည်ကျောက်ဖျာပေါ်မှာသာ တင်မှဖြစ်ပေမည်။ သို့သော် ကျွန်ုပ် မတင်ခဲ့ပါ။ သင်ယူလာခဲ့ပြီးသော ကျင့်ဝတ်များ အရ မိမိသပိတ်သက်နိုးတို့ကို မြေပြင်ပေါ်မှာပင် ချထားလျက်· ခြေတော်အစုံကို ဦးခိုက်လိုက်ပါတော့သည်။ ဤတွင် ဆင်ကြီး· ကလည်း အားရကျေနပ်ဟန်ဖြင့် ကျွန်ုပ်အတွက် သောက်ရေခွက်· ကမ်းလှမ်းလာပေသည်။

## ရှေ့တော်မှောက်သို့ ရောက်ကြရပြီ

"အာနန္ဒာ။ သင်တပါးတည်း လာခဲ့သလော"

ဆင်ကြီးပေးလာသော သောက်ရေတခွက်ကို အားပါးတရ မော့သောက်ပြီးချိန်တွင် ဘုရားရှင်က မေးတော်မူသဖြင့်–

"အဖော်ရဟန်းများ ပါပါသေးသည် အရှင်ဘုရား။ အရှင် ဘုရား၏ အလိုတော်ကို မသိရသေးသဖြင့် တောစပ်မှာပင် ထားခဲ့ ပါသည်"

"အာနန္ဒာ၊ ရဟန်းများကို ခေါ်ပါဘိ"

ကြည်ဖြူစွာ ခွင့်ပေးတော်မူသဖြင့် ရှေ့တော်မှောက်သို့ ရောက်လာကြသော ရဟန်းများအား ဘုရားရှင်က ဤသို့ ဟော ကြားတော်မူပေသည်။

## မကောင်းမှုကို အဖော်မလုပ်နှင့်

"ရဟန်းတို့၊ရင့်ကျက်သော ဉာဏ်ပညာ၊ ခိုင်မာသော သမာဓိနှင့် တရားကျင့်သုံးသော အဆွေခင်ပွန်းကောင်းကို ရလျှင် ထိုအဆွေ

ခင်ပွန်းနှင့် ဝမ်းမြောက်ဝမ်းသာ ရာသက်ပန် ပေါင်းသင်းနေထိုင်ရာ၏။ အတွင်းအပ ဘေးရန်ဟူသမျှကို သတိတရား ရှေ့မှာထားလျက် တွန်းလှန် ဖြိုဖျက်ကြရာ၏။

"ရဟန်းတို့၊ ရင့်ကျက်သော ဉာဏ်ပညာ၊ခိုင်မာသော သမာဓိနှင့် တရားကျင့်သုံးသော အဆွေ ခင်ပွန်းကောင်းကို မရနိုင်ပါလျှင် တပါးတည်းသာ နေသင့်၏။ ရှေးက မင်းကောင်းမင်းမြတ်များသည် တပြည်လုံးကို စွန့်လွှတ်ကာ တောထွက်ကြသကဲ့သို့ အားအင်ခိုင်ဖြိုး ဆင်ပြောင်ကြီးသည် ဆင်အုပ်မှ ဖဲခွာလျက် တောနက်ထဲတွင် တကောင်တည်း ကျက်စားသကဲ့သို့ အေးဆေး သက်သာ နေထိုင်ရာ၏။

"ရဟန်းတို့၊ အဖော်မမှီး တကိုယ်တည်းနေခြင်းသည် မြတ်၏။ လူမိုက်အပေါင်း ထောင်သောင်းမက ရှိကြသော်လည်း ပေါင်းသင်းထိုက်သူ တယောက်မျှ မရှိပေ။ နက်လှစွာသောတောကြီး အလယ်၌ စွယ်စုံဆင်ပြောင်ကြီးသည် စိတ်လွတ်ကိုယ်လွတ် ကျက်စားနေသကဲ့သို့ အဖော်မမှီး တပါးတည်း နေရာ၏။မပြုထိုက်သော ဒုစရိုက် အမှုများကိုလည်း မိမိစိတ်ကို ပြုချင်လာအောင် သွေးဆောင် နှိုးဆော်မှု မပြုသောအားဖြင့် ရှောင်ကြဉ်ရာ၏"

## ရဟန်းကိစ္စ ပြီးဆုံးခြင်း

ဝိဝေကဓာတ် ကိန်းဝပ်ပြီးသော အရှင်များသည် ဤတရား ဒေသနာတော် သုံးပုဒ်ကို နာကြားရသဖြင့် ရဟန်းကိစ္စ ပြီးဆုံးသွားကြပေပြီ။ အသိဉာဏ် မရှိသေးသမျှ ပြုရှိမပြီးနိုင်လောက်အောင် များမြောင်လှသော ရဟန်းကိစ္စတို့သည် အသိဉာဏ် ရလိုက်သည်နှင့် တဖြိုင်နက် ပြီးပြည့်စုံ၍ သွားကြပေပြီ။

## သာဝတ္ထိသို့ ပြန်ကြစို့

အဖော်ရဟန်းတို့အတွက် လိုအပ်သော ကိစ္စများ ပြီးစီးသွားသော်လည်း ကျွန်ုပ်အတွက်ကား မပြီးစီးသေးပါ။ ကောသမ္ဗီ ရဟန်းများနှင့်တကွ သာဝတ္ထိမြို့တော်မှ တကာ တကာမများအတွက် ဆောင်ရွက်ရပါဦးမည်။ သို့ဖြစ်၍–

"အရှင်ဘုရား၊ သာဝတ္ထိမြို့တော်မှ ကျောင်းတကာကြီးမှစ၍ သာဝက ကြီးငယ်တို့က တဆင့်စကား လျှောက်ထားလိုက်ကြပါသည်။ သာဝကအများ ကုသိုလ်ပွားစေရန် သာဝတ္ထိ မြို့တော်သို့ ဘုရားရှင် ကြွစေချင်ကြပါသည် ဘုရား"

"ကောင်းပြီ အာနန္ဒာ၊ သပိတ်သင်္ကန်းကို ယူပေတော့"

## ချက်ခြင်း မပြန်နိုင်သေးပါ

ကျွန်ုပ်လျှောက်ထားချက်ကို လက်ခံတော်မူလိုက်သည်နှင့် ကျွန်ုပ်တို့ အားလုံး ခရီးထွက်ဖို့ ပြင်ဆင်ပြီးဖြစ်နေကြ၏။ ပါလိလေယျက ဆင်ကြီးလည်း ကျွန်ုပ်တို့ဘေးက ကပ်ပါလာကာ ဘုရားရှင်၏ ရှေ့တော်ရောက်အောင် တက်သွားပြီး သူ့ကိုယ်ကြီးဖြင့် ကန့်လန့်ဆီး၍ ထားလိုက်ပေသည်။

"ရဟန်းတို့၊ ပါလိလေယျက ဆင်ကြီးသည် သင်တို့အားလုံးကို သစ်သီးဆွမ်းကပ်ချင်၍ဖြစ်သည်။ ဝါတွင်းသုံးလပတ်လုံး ဤဆင်ကြီးသည် ငါ့ကို ဝတ်ကြီး ဝတ်ငယ် ပြုစုခဲ့သည်။ ရေပူရေချမ်း ကမ်းလှမ်းခဲ့သည်။ သစ်သီးကြီးငယ် ဆက်ကပ်ခဲ့သည်။ ဆွမ်းခံဝင်

လျှင် ရှာနီးချုပ်စပ်ထိ သပိတ်သက်နှီးများကို လိုက်ပို့ပြီး ငါ ဘုရား ပြန်လာသည်တိုင်အောင် စောင့်ကြိုနေခဲ့သည်။ သည် ဆင်ကြီး၏ သဒ္ဓါကြည်ညိုစိတ်ကို ချီးမြှောက်သောအားဖြင့် ငံ့လင့်ကြဉပဦးလော့"

အမိန့်တော်အရ ကျွန်ုပ်တို့တတွေ ရပ်တန့်နေကြသည်တွင် ဆင်ကြီးသည် နှာမောင်းကြီးကိုမြှောက်၍ အားရဝမ်းသာ ကြွေးကြော်လျက် တောစတွင်းသို့ ပြေးဝင်သွား၏။

## ရေပူရေချမ်း ကမ်းလှမ်းရာတွင်

"အရှင်ဘုရား၊ ဆင် ကြီး က မနုဿလူသား တ ယောက် ကဲ့သို့ ဝတ်ကြီးဝတ်ငယ် ပြုစုသည်ကား ဟုတ်ပါပြီ။ သောက်ရေသုံးရေ အတွက် မြေအိုးနှင့် ခပ်ယူသည်ကိုလည်း သဘောပေါက်ပါ သည်။ သို့ရာတွင် ဘုရားရှင် ရေနွေးနွေး ချိုးတော်မူလိုလျှင်ကား မည်သို့များ ပြုလုပ်ပေးပါသလဲဘုရား"

နေရာသို့ ပြန်လာရင်း ကျွန်ုပ်စိတ်ထဲမှာ မရှင်းလင်းသော အချက်တခုကို လျှောက်ထားလိုက်ရ၏။

"အာနန္ဒာ၊ သစ်ကိုင်းကို သစ်ကိုင်းနှင့်ပွတ်၍ မီးထွက်အောင် လုပ်ယူတတ်သော ဆင်ကြီးအတွက် ရေနွေးရရန် မခက်ပါ။ ထွက် လာသော မီးဖွားကလေးမှ မီးဖိုကြီးဖြစ်အောင်မွေးယူကာ မီးဖို ထဲမှာ ဦးစွာပထမ ကျောက်တုံးကြီးများကိုထဲ့၏။ မီးပူလာသော ကျောက်တုံးကြီးများကိုမှ တုတ်နှင့် ကော်ကာလှိမ့်ကာ နီးစပ်ရာ ရေကန်တခုထဲသို့ ချပေး၏။ အနွေးဓာတ် ရမရ သူ့နှာမောင်းဖြင့် စမ်းသပ်ကာ အရံသင့်ဖြစ်လျှင် ငါဘုရားထံလာ၍ အကြောင်း ကြား ပေတော့သည်"

သူ့တပည့်ကြီး၏ အရည်အချင်းများကို ဘုရားရှင်က စိကာပတ်ကုံး ပြောပြတော်မူပေသည်။

"သြော် လူသားတမျှ အသိဉာဏ် ကြီးလှသော ဆင်ကြီးပါတကား" ဟု ကျွန်ုပ်တို့အားလုံးက တညီတညွတ်တည်း ကောင်းချီးပေးလိုက်ကြရ၏။

## မခွဲရက်နိုင် မခွာရက်နိုင်

လူသားတမျှ အသိဉာဏ်ကြီးသဖြင့် ဘုရားရှင် ချမ်းသာစွာ နေခဲ့ရသည်ကို ကျွန်ုပ်တို့ သာဓု ခေါ်ကြရပါ၏။ သဒ္ဓါကြည်ဖြူ၍ သူကပ်လှူသော သစ်သီးဆွမ်းများကလည်း အရသာ ရှိလှပါ၏။ သို့ရာတွင် လူသားတမျှ အသိဉာဏ် ကြီးလှသော ဆင်ကြီးသည် လူသားတမျှ သံယောဇဉ် ကြီးနေခြင်းသည်ကား စိတ်မကောင်းစရာပင်။ ကျွန်ုပ်တို့ သစ်သီးဆွမ်းများ စားသောက်နေကြစဉ်မှာ သူ့ရှင်ရှင်လန်းလန်း ရှိပါသေး၏။ ဘုရားရှင်ကို သစ်ခက်တခုဖြင့် ယပ်လေခတ်လျက် ရှိပါ၏။ ဘုရားရှင်နှင့်တကွ ကျွန်ုပ်တို့တတွေ ထိုင်ရာမှ ထလိုက်ကြသည်တွင်ကား ဆင်ကြီး၏ မျက်လုံးများ စို့ရွှဲ၍ လာကြတော့၏။ မျက်ရည်တွေတွေစီးလျက် ဆင်ကြီးသည် ကျွန်ုပ်တို့နှင့်အတူ လိုက်ပါလာ၏။ တောစပ်သို့ ရောက်သည်နှင့် ဘုရားရှင့် ရှေ့တော်မှ ကာဆီး၍ ထားလိုက်ပေသည်။

## နေရစ်ပေတော့ နေရစ်ပေတော့

"ပါလိလေယျက၊ ငါဘုရားသည် လူတို့၏ ချမ်းသာစီးပွား များစိမ့်သောငှာ ဒေသစာရီ ကြွချီတော်မူတော့မည်။ မတားလေနှင့် မဆီးလေနှင့်တော့ ပါလိလေယျက"

ကရုဏာပြည့်ဝသော အသံတော်ကို ဆင်ကြီးသည် နားရွက်ကြီးများပေ၍ နားထောင်ကာ အသံတော် ဆုံးသည်နှင့် မြေပေါ်မှာ ဒူးထောက်၍ဝပ်လိုက်၏။ မျက်ရည်တောက်တောက် ယိုလျက်ကပင် သူ့နှာမောင်းကြီးဖြင့် ဘုရားရှင့် ခြေတော်အစုံကို ပူဇော်ကန်တော့၍ နေပေသည်။

"ပါလိလေယျက၊ ချမ်းသာစွာ နေရစ်ခဲ့ပေဦးတော့"

ဦးကင်းတွင် လက်တော်ဖြင့် သုံးသပ်တော်မူကာ ဘုရားရှင်ထွက်ခွာတော်မူသည်တွင် ကျွန်ုပ်တို့ အားလုံးလည်း ဆင်ကြီးကိုကိုယ်စီကိုယ်ငှ နှုတ်ဆက်ခဲ့ကြရ၏။ ကျွန်ုပ်တို့ တောတွင်းမှ ထွက်မိလျှင်ပင် ဝမ်းခေါင်းသံကြီး မြည်ဟီးလျက် ဆင်ကြီး အော်သံတချက်ကို ကြားလိုက်ရပေသည်။ နှလုံးကြေကွဲ သေပွဲဝင်အံ့ဆဲဆဲအသံကြီးပါတည်း။

[ဓမ္မပဒအဋ္ဌကထာ၊ ယမကဝဂ်၊ ကောသမ္ဗကဝတ္ထု။]

## ကောသမ္ဗီရဟန်းတွေ လာကြပြီ

ပြန်လည်တွေ့ဆုံရန် မရှိတော့သော ဆင်ကြီးကို ကျောခိုင်းမဲ့ ခိုင်းလျက် ကျွန်ုပ်တို့သည် ဇေတဝန် ကျောင်းတော်သို့ ဆိုက်ရောက်လာကြ၏။ မဖူးမမြင်ရတာ ကြာပြီဖြစ်သော ဘုရားရှင်ကို ဖူးမြင်ခွင့် ရကြသဖြင့် ကျွန်ုပ် မျက်နှာ ပွင့်လန်းခဲ့ရသည်ကို အထူးတင်ပြဖွယ်လိုမည် မထင်ပါ။

ကျွန်ုပ်တို့ရောက်၍ ရက်များစွာ မကြာမီတွင် ကောသမ္ဗီရဟန်းများလည်း သဘင်းနာခံ၍ လိုက်ပါလာကြ၏။သူတို့သတင်းဆိုးများက ရပ်တကာ ရွာတကာ ဟိုးလေးတကြော် ဖြစ်နေရာ

သူတို့သတင်း ကြားသည်နှင့် ဇေတဝန်ကျောင်းတော် တခုလုံး လှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။

ကောသမ္ဗီ ရဟန်းများ ကျောင်းတော်သို့ ရောက်မလာမီ အရှင်မဟာသာရိပုတ္တရာသည် ဂန္ဓကုဋိတိုက်ထဲ ဝင်သွား၏။ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ စသော သာဝကကြီးများ လည်း ရှေ့ဆင့်နောက်ဆင့် ဝင်လိုက်သွားကြ၏။ နောက်ဆုံးမှာ ကျွန်ုပ်နှင့် ရာဟုလာတို့ အလှည့် ဖြစ်ပေသည်။

## ရဟန်းတို့ ကျင့်သုံးရန်

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္ဗီ ရဟန်းများ လိုက်လာကြပါပြီ။ ထိုရဟန်းတို့အပေါ် တပည့်တော်တို့ မည်သို့ ဆက်ဆံရပါမည်လဲ ဘုရား"

အားလုံး တသံတည်း လျှောက်ထားကြရာ ဘုရားရှင်က–

"ရဟန်းတို့၊ ဓမ္မဝါဒီများဘက်မှာ ရပ်တည်ကြလော့"

မိမိစကားကို နားမထောင်သူချင်း အတူတူမှာပင် ဓမ္မဝါဒီ များကိုကား ပစ်ပယ်တော်မမူပါ။ ဘုရားရှင် ပညတ်တော်မူသော ဝိနည်းတော်ကို ဝိနည်းတော်အတိုင်း လက်ခံကြသဖြင့် နှင်ထုတ်ကံ ပြုသူများသည် ဓမ္မဝါဒီများ ဖြစ်ကြပေသည်။ အာပတ်မသင့်ဟု ယုံကြည်ကြသူတို့လည်း အဓမ္မဝါဒီဟု ဆိုရသော်လည်း လုံးဝ မပေါင်းသင်းထိုက်သော ရဟန်းဆိုးတို့ မဟုတ်ကြပါ။ ကောသမ္ဗီ ရဟန်း အားလုံးမှာ ခိုက်ရန်ဒေါသ ဖြစ်ပွားတတ်သည်မှလွဲ၍ အခြား ကြီးကျယ်သောပြစ်ချက်ကြီးများ မရှိကြ၍ လဇ္ဇီစာရင်း ဝင်များပင် ဖြစ်ကြပေသည်။

## ရဟန်းမတို့ လိုက်နာရန်

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္ဗီရဟန်းများ လာနေကြပါပြီ။ ထိုရဟန်းတို့အပေါ် တပည့်တော်မ မည်သို့ ဆက်ဆံရပါမည်လဲ ဘုရား".

ကျွန်ုပ်တို့နောက်မှာ လျှောက်ထားလာသူကား မယ်တော်ကြီး မဟာပဇာပတိဂေါတမီ ဖြစ်ပေသည်။

"ဂေါတမီ၊ နှစ်ဖက်စလုံးမှာ တရားနာပါ။ နှစ်ဖက်စလုံးမှာ နာကြားပြီးနောက် ဓမ္မဝါဒီများ၏ ထင်မြင်ချက်ကို လက်ခံပါ"

သာသနာ့ဝန်ထမ်း အားလုံးအတွက် မိန့်ကြားတော်မူပြီးမှ တဖန်ထပ်၍–

## တကာ တကာမတို့ လှူဒါန်းရန်

"အိမ်ရှင်သူဌေး၊ နှစ်ဖက်စလုံးမှာ လှူဒါန်းပါ။ နှစ်ဖက်စလုံးမှာ တရားနာပါ။နှစ်ဖက်စလုံးမှာ နာကြားပြီးနောက် ဓမ္မဝါဒီများ၏ ထင်မြင်ချက်ကို လက်ခံပါ"

ကျောင်းတကာ အနာထပိဏ်သူဌေးကိုလည်း မိန့်ကြားတော်မူရ၏။ ဝိသာခါ လျှောက်ထားသည်တွင်လည်း ဤသို့ပင် မိန့်တော်မူပေသည်။

## မျက်နှာငယ်များအတွက် နေစရာ

သို့နှင့် မရောက်ခင်ကနာမည်ကြီးနေသော ကောသမ္ဗီရဟန်းများ ရောက်လာကြပါပြီ။ ကောသမ္ဗီမှာတုန်းက ဘုရားရှင်ကို အာခံရဲခဲ့ကြသော သူရဲကောင်းကြီးများသည် ဇေတဝန်ကျောင်းတော်မှာကား ခေါင်းကိုပင် မဖော်ရဲကြတော့ပါ။ ကဲ့ရဲ့သူ၊ ရှုတ်ချသူတို့ကြားဝယ် မျက်နှာငယ်ကလေးများနှင့် ဖြစ်နေကြရ၏။

သူများတွေက ကဲ့ရဲ့ရှုတ်ချရင်း အလုပ်ရှုပ်နေကြစဉ် အရှင်မဟာ သာရိပုတ္တရာကား သူတို့အတွက် နေရာချထားရန် စဉ်းစားနေရ၏။ နာမည်ကြီးရဟန်းများဖြစ်၍ သူတို့ကို မည်သည့်ကျောင်းကမျှ လက်မခံလိုကြသဖြင့် ဘုရားရှင်ထံ ဝင်ခဲ့ရပေဘော့သည်။

"အရှင်ဘုရား၊ ခိုက်ရန်ဖြစ်ပွားသော ကောသမ္ဗီ ရဟန်းများ ရောက်လာကြပါပြီ။ ထိုရဟန်းတို့ကို မည်သို့နေရာ ချထားရပါမည်လဲဘုရား"

"သာရိပုတ္တရာ၊ အားလပ်သောကျောင်းကို ပေးလိုက်ပါ"

"အရှင်ဘုရား၊ အားလပ်သောကျောင်း မရှိလျှင် မည်သို့ဆောင်ရွက်ရပါမည်လဲဘုရား"

"သာရိပုတ္တရာ၊ အားလပ်အောင် ပြုလုပ်၍ ပေးရမည်။ မည်သို့သော အကြောင်းနှင့်မျှ ထေရ်ကြီးဝါကြီး ရဟန်းအား အိပ်ရာနေရာကို မတားမြစ်အပ်ပေ။ တားမြစ်သော ရဟန်းသည် ဒုက္ကဋ်အာပတ်သင့်စေ"

## မပျက်သော မဟာကရုဏာတော်

"အရှင်ဘုရား၊ပစ္စည်းလေးပါးကိုမည်သို့ဝေဘန်ရပါမည်လဲဘုရား"

"သာရိပုတ္တရာ၊ ရဟန်းအားလုံး အညီအမျှ ခွဲဝေပေးပါ"

မလိမ္မာ၍ တကြိမ်တခါ မိုက်မှားမိသော တပည့်သာဝကတို့အပေါ် ကရုဏာတော်မပျက် မိန့်မြွက်တော်မူလိုက်ခြင်းပါတည်း။

ကရုဏာရိပ်မှာ ခိုလှုံလာကြပြီးနောက် သုတ္တန်ဆောင်ပုဂ္ဂိုလ်သည် မိမိမှာ အာပတ်သင့်နေကြောင်း သုံးသပ်ကာ ဝန်ချတောင်းပန်သောအားဖြင့် ကောသမ္ဗီ အရေးတော်ပုံကြီး ဇာတ်သိမ်းသွားပေသည်။ [ဝိနည်းမဟာဝဂ်၊ ကောသမ္ဗက ခန္ဓက]

# ဆေးစား မှားသူများ

## တန်လျှင်ဆေး လွန်လျှင်ဘေး

သမားတော်ကြီးတို့ ဖော်စပ်သော ဆေးတို့သည် လောကသားတို့ ကျန်းမာ ချမ်းသာကြစေရန် ဖြစ်၏။ ဖြစ်ပွားတတ်သော ရောဂါ ဝေဒနာတို့ကို ကုစားရန် ဖြစ်၏။ သို့ရာတွင် ဆေးကို စားသုံးသူသည် သမားတော်ကြီးတို့၏ ရည်ရွယ်ချက်ကို သိထားရပေလိမ့်မည်၊ စားသင့် စားထိုက်သော အတိုင်းအတာကို သိထားရပေလိမ့်မည်။ ရည်ရွယ်ချက်ကိုလည်း မသိ။ အတိုင်းအတာလည်း မရှိဘဲ စားသုံးကြလျှင်ကား ဆေးအတွက် ဝန်လေးနေကြရမည်သာတည်း။

သမားတော်ကြီးများ ဖော်စပ်သော ဆေးကို အစားမှား သူများရှိသကဲ့သို့ ဘုရားကိုယ်တော်မြတ်၏ ဝိနည်းတော်ဆေးကို အစားမှားခဲ့ရသော ရဟန်းများကို တင်ပြခဲ့ပါပြီ။ ယခု တဖန် ကမ္မဋ္ဌာန်း ဆေးတော်ကြီးကို အစားမှားသော ပုဂ္ဂိုလ်များကို လည်း တင်ပြရပါဦးမည်။

## သတ္ထန္တရ ကပ်

ဝဇ္ဇီတိုင်း၊ ဝေသာလီမြို့တော်အနီးက အဆိုပါကျောင်း၌ နေတော်မူစဉ် ဘုရားရှင်သည် ဆယ့်ငါးရက်တိုင်တိုင် တပါးတည်း ကိန်းအောင်းတော် မူ၏။ နေ့စဉ် ဆွမ်းပို့တာဝန် ကျသော ရဟန်းမှ လွဲ၍ မည်သူမျှ ချဉ်းကပ်ခွင့် မရကြပေ။ ဤသို့ ဆယ့်ငါးရက်မျှ မျက်နှာလွှဲတော် မူလိုက်စဉ်မှာပင် ရဟန်းပေါင်းများစွာ ခန္ဓာစဲ၍ သွားကြရပေသည်။

ရဟန်းများ ခန္ဓာစဲကြရခြင်းမှာ တစုံတခုသော ကပ်ရောဂါကြောင့် မဟုတ်ပါ။ အစာရေစာ ငတ်မွတ်၍လည်း မဟုတ်ပါ။ ဓားထက်ထက်ဖြင့် မည်သူရက်စက် သတ်ဖြတ်ကြသောကြောင့်သာ ဖြစ်ပေသည်။ ကံဆိုးရှာကြသော ထိုရဟန်းများသည် ဓားထက်ထက်ဖြင့် အချင်းချင်းလည်း သတ်ကြ၏။ သူများက မသတ်လျှင် ကိုယ့်ကိုယ်ကိုလည်း သတ်သေကြ၏။ အချင်းချင်းကလည်း သတ်မည့်သူ မကျန်၊ ကိုယ့်ကိုယ်ကိုလည်း မသတ်ရဲကြ လျှင်ကား မိဂလဏ္ဍိကထံ အကူအညီ တောင်းကြရတော့၏။

## သင်္ကန်းဝတ်နှင့် လူသတ်ကောင်

မိဂလဏ္ဍိကသည် ရဟန်းတို့၏ သင်္ကန်းများကိုဝတ်ကာ ရဟန်းတို့နှင့် အတူ ကျောင်းမှာ နေ၏။ သို့သော် သူသည် ရဟန်းလည်း

မဟုတ်၊ ရှင်လည်းမဟုတ်ပါ။ ဘုရားရှင် မျက်နှာလွှဲထားသည့် အခိုက် အခွင့်ကောင်းယူကာ ကပ်ယပ် နေထိုင်ခြင်းသာ ဖြစ်ပေသည်။ ရဟန်းတို့၏ ဆွမ်းကျန်ကို စားကာ ရဟန်းတို့ စွန့်ပစ်ထားသော သင်္ကန်းကို ကောက်ဝတ်ထားသူ ဖြစ်ပေသည်။

မိဂလဏ္ဍိကသည် ရဟန်းများကို နေ့စဉ်နေ့တိုင်း သတ်နေရ၏။ တနေ့မှာ တပါးသတ်ရသည်လည်းရှိ၏။ နှစ်ပါးသတ်ရသည်လည်း ရှိ၏။ အသေခံရဟန်းတွေ များသထက် များလာသော အခါတွင်ကား တနေ့တည်းနှင့် အပါးခြောက်ဆယ် သတ်ပေးရပေသည်။

## သံသရာမှ ကူးမြောက်လိုသူများ အတွက်

ရဟန်းများများ သတ်ရလေတိုင်း မိဂလဏ္ဍိကသည် ပျော်တပြုံးပြုံး ဖြစ်၍ နေ၏။ သူ့ဓားသွားမှာ အသက်ပါသွားသော ရဟန်းများက သူတို့ပိုင်ဆိုင်လေသမျှ သင်္ကန်း သပိတ် ပရိက္ခရာများကို သူ့ဆီမှာပေးခဲ့ကြ၏။ နောက်ပြီး ဤသို့ သတ်ဖြတ်ပေးလိုက်ခြင်းဖြင့် သံသရာမှ မကူးမြောက် နိုင်သေးသော ရဟန်းများအား အောင်မြင်စွာ ကူးမြောက်နိုင်အောင် အကျိုးဆောင်ပေးရာလည်း ရောက်ပေသည်။

သူ့အယူအဆနှင့်သူ ရဟန်းသတ်ပွဲကြီးကို အားပါးတရ ဆင်နွှဲနေသော မိဂလဏ္ဍိကသည် သွေးစွန်းသော ဓားကြီးကို ဝင့်ကာဝင့်ကာ ကျောင်းပေါက်စေ့မျှ လှည့်လည်နေ၏။ သည်ကျောင်းဝိုင်းက ပြီးပြန်တော့ ဟိုကျောင်းဝင်းဘက် ကူးပြန်၏။

"သံသရာကို မကူးမြောက်နိုင်သေးသူ ဘယ်သူနည်း။ ဘယ်သူ့ကို ကူးပေးရမည်နည်း"

မေးရင်းရှာ၊ ရှာရင်း မေးလျက် အသက်ပေါင်း များစွာကို ပျော်ပျော်ကြီး သတ်၍သာ နေပေသည်။

## မမြင်လိုပါ မကြားလိုပါ သို့သော်

သေွးစက်လက်နှင့် ဓားကြီးကို မြင်ရတိုင်း ကျွန်ုပ် စိတ်နှလုံး တုန်လှုပ် မိပါ၏။ သူ့အသံကြီးများကား ကျွန်ုပ်အဖို့ ငှက်ဆိုးထိုးသံ တမျှ ဖြစ်ပါ၏၊ သို့ပါသော်လည်း ကျွန်ုပ်မှာ သူ့ကို မတားဆီး နိုင်ပါ။ သံဃာအများစုက စိတ်တူသဘောတူ လက်ခံထားသော ကိစ္စကြီး ဖြစ်၍ ကျွန်ုပ် ဘာမျှ မတတ်နိုင်ပါ။ ဘုရားရှင်ပေးတော်မူသော အသုဘကမ္မဋ္ဌာန်းကို အကြောင်းပြုကာ အစွန်းတဖက် ရောက်သွားရှာသူများကို သနားရုံသာ တတ်နိုင်ပါတော့သည်။

## ဘုရားပေးသော ဆေးတော်ကြီး

တဏှာရာဂ အနှိပ်စက်ခံရသူများအတွက် ဘုရားရှင်သည် အသုဘဘာဝနာကို ဟောတော်မူခဲ့၏။ အခါအခွင့် သင့်တိုင်း ကြိမ်ဖန်များစွာ ဟောတော်မူခဲ့၏။ အသင့်အတင့် နှလုံးသွင်းနိုင်သူ မှန်လျှင် ဤကမ္မဋ္ဌာန်းများ ကျေးဇူးကြောင့် မိမိတို့ ကိုယ်ခန္ဓာပေါ်မှာ သာယာတတ်၊ ကပ်ငြိတတ်သော တဏှာရာဂတို့ နှိပ်စက်မည့် ဘေးမှ ကင်းဝေးရာ ရနိုင်ခွင့် ရှိပေသည်။

သို့သော် ကျွန်ုပ်၏ သီတင်းသုံးဖော်များကား ဘေးကင်းရာ တရားနှင့် လွဲ၍ သေပွဲသို့သာ ဝင်ကြရ၏။ ရေမိုးချိုး၍ အတင့်အဘယ် ပြုပြင်ချယ်လှယ်ထားပြီးသော အပျို လူပျို များသည် ခြေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်များကို ရွံရှာ စက်ဆုပ်ကြသကဲ့သို့ပင် သူတို့ကလည်း သူတို့၏ ခန္ဓာကိုယ်ကြီးကို ရွံရှာ

စက်ဆုပ်၍ လာကြ၏။ ဤသည်လျှင် အလွဲလမ်းစကို နင်းမိခြင်း ပါတည်း။

[တတိယ ပါရာဇိက သိက္ခာပုဒ် နိဒါန်း]

## ရွံစရာကောင်းသော အသုဘ

ဘုရားကိုယ်တော်မြတ် ညွှန်ပြတော်မူသော အသုဘဘာဝနာမှာ ခန္ဓာကိုယ်ကြီး၏ စက်ဆုပ်ရွံရှာစရာအဖြစ်တွင် လမ်းဆုံးသွားဘို့ မဟုတ်ပါ။ တဏှာရာဂ လွှမ်းမိုး၍ သာယာဘွယ် စုံမက်ဖွယ် ဖြစ် နေရသော ခန္ဓာကိုယ်ကြီး၏ သဘောကို သတိပြုရုံမျှသာ ပြကာ ခန္ဓာကိုယ်ကြီးထက် အဆများစွာ သာလွန်၍ ရွံစရာကောင်း သော အတွင်းက အသုဘများကို ရှုမြင်နိုင်ကြရန် ဖြစ်ပေသည်။

## သူ့သဘော သူ့ဘာသာ

မှန်ပါ၏။ ကျွန်ုပ်တို့ ခန္ဓာကိုယ်ကြီးတွင် ကိုးပေါက်သော ဒွါရ၊ အနာဝတို့ ရှိနေကြပါ၏။ နောက်ပြီး မရေမတွက်နိုင်အောင် မြားမြောင်လှစွာသော မွေးညှင်းပေါက်များလည်း ရှိကြသေး၏။ ထိုအပေါက်ကြီး အပေါက်ငယ် ဟူသရွေ့မှ နေ့စဉ်နှင့်အမျှ ယိုကျ နေသည်တို့မှာ မသတီစရာများချည့် ဖြစ်ဘိ၏။ ဤသည်မှာ ခန္ဓာ ကိုယ်ကြီး၏ အပြစ်လော။

ခန္ဓာကိုယ်ကြီးထဲမှ အချိန်ရှိသမျှ အညစ်အကြေးများ စီးယို ထွက်ကျနေခြင်းမှာ မည်သူ့ကိုမှ နှိပ်စက်ရန် မဟုတ်ပေ။ မည်သူ့ ကိုမျှ နှလုံးမသတီအောင် လုပ်နေခြင်း မဟုတ်ပေ။ ကိုက်စား ဝါးမျို ထားခဲ့သော အစာရေစာများထဲမှ ခန္ဓာကိုယ်အတွက်

အသုံးဝင်သော ပစ္စည်းများကို လက်ခံထားကာ အသုံးမကျတော့သော အမှိုက်သရိုက်များကို စွန့်ထုတ်လိုက်ခြင်းသာ ဖြစ်ပေသည်။

သူ့သဘော သူ့ဘာသာ သူ့ကိစ္စ သူဆောင်ရွက် နေသော ခန္ဓာကိုယ်ကြီးကို သဘောပေါက်ပါလျှင် ကျွန်ုပ်တို့သည် ဤခန္ဓာကိုယ်ကြီးကို စွဲမက်နေစရာလည်းမလိုပေ၊ စက်ဆုပ်နေစရာလည်း မလိုပေ။ စက်ဆုပ်ရွံရှာသော်လည်း ပဟာနကိစ္စဖြင့် ပယ်၍ရနိုင်စကောင်းသော တရားလည်း မဟုတ်ပေ။ ပရိညာကိစ္စဖြင့် ပိုင်းပိုင်းခြားခြား သိထားရုံမျှသာ အသုံးကျသော ခန္ဓာကိုယ်ကြီး ဖြစ်၏။

## ဒုက္ခတန်းလန်းနှင့် ဒုက္ခလွတ်သူများ

ပုရိမတဏှာကို အကြောင်းပြု၍ မလွဲသော မရှောင်သာ ရရှိထားသော ဤခန္ဓာကိုယ်ကြီးမှာ ကုသိုလ်လည်း မဟုတ်။ အကုသိုလ်လည်း မဟုတ်။ ကုသိုလ်၊ အကုသိုလ်မှ လွတ်သော အဗျာကတတရားသာ ဖြစ်၏။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ စသော ဘေးဒုက္ခတို့၏ အစုအပုံသာ ဖြစ်ဘိ၏။

ပုရိမတဏှာကို အကြောင်းပြု၍ ယခု ဒုက္ခမျိုးစုံ ကြုံတွေ့ရသကဲ့သို့ပင် ယခု အလိုတဏှာနှင့် တောင့်တပါလျှင်လည်း ဒုက္ခမျိုးစုံကို တောင်းဆိုရာသာ ရောက်ပေလိမ့်မည်။

ဤသဘောတရားကိုသိသဖြင့် ဘုရားစသော အရိယာသူတော်စင်တို့သည် ဒုက္ခမျိုးစုံ စုပြုံနေသော ဤခန္ဓာကိုယ်ကြီးကို ဟုတ်တိုင်းမှန်စွာ ရှုမြင်ကာ နောက်ထပ်တဖန် တောင့်တခြင်း မရှိဘဲ နေတော်မူကြ၏။ ဤသို့ နေခြင်းသည်ပင် လက်ငင်းလက်တွေ့ ဒုက္ခလွတ်ကြောင်းဖြစ်၏။ သူတော်သူမြတ်တို့၏ ရှာမှီးခြင်းလည်းဖြစ်၏။

[မူလပဏ္ဏာသ၊ ပါသရာသိသုတ်]

## အစွန်းတဖက်ရှောင် အစွန်းတဖက်တွေ့

အစွန်းနှစ်ဖက်ကို မကပ်ရောက်သော ဤလမ်းစဉ် အတိုင်းသာ ပွားများကြပါလျှင် ထိုအရှင်တို့မှာ ယခုလို အစုလိုက်အပြုံလိုက် သေပွဲဝင်ရန် မရှိပါ။ ဒုက္ခကင်းကွာ ဘယာမရှိ။ အေးမြခြင်းအတိ ပြီးသော သမထစည်းစိမ်ကြီးကို မြိန်မြိန်ကြီး ခံစားနေကြရမည် သာဖြစ်ပါ၏။ သို့ပါလျက် သူတို့ခမျာ ဤသာသနာတော်ကြီးနှင့် လွဲကြရရှာပေသည်။

ခန္ဓာကိုယ်ကြီးအပေါ်၌ သာယာစုံမက်၊ တပ်နှစ်သက်ခြင်း သည် တခုသော အစွန်းဖြစ်၏။ ထိုအစွန်းက လွတ်စေရန် စက်ဆုပ် ရွံရှာ၊ မသတီစရာတွေကိုချည့် ထပ်ကာတလဲလဲ တွေးတောနေ တော့ကော လွတ်ပါမည်လား။ သာယာစုံမက်ခြင်းသည် အစွန်း တခု ဖြစ်သကဲ့သို့ပင် ရွံရှာ စက်ဆုပ်ခြင်းလည်း အခြားသော အစွန်း တခုမျှသာ ဖြစ်ပေသည်။ သာယာ စုံမက်ခြင်းကြောင့် ဆင်းရဲဒုက္ခ တွေ့ကြုံရသကဲ့သို့ပင် စက်ဆုပ်ရွံရှာ မသတီစရာကို တွေးတော နေခြင်းသည်လည်း ဒုက္ခဖြစ်စေကြောင်း မကောင်းမှု တခုသာ ဖြစ်ပေသည်။

ကျွန်ုပ်၏သီတင်းသုံးဖော်များမှာ ပထမအစွန်းကလွတ်အောင် ထူးထူးခြားခြား အားထုတ်ကြပါ၏။ အားထုတ်မှုတွင် ဉာဏ် အမြင် မယှဉ်တွဲမိကြသဖြင့် နောက်တစွန်းနှင့် ကြုံကြရရှာပေ သည်။ အပြင်အသုဘမှဘဆင့် အတွင်းအသုဘသို့ ကမ္မဋ္ဌာန်း မပြောင်းခဲ့မိကြသဖြင့် အလောင်းချင်း ထပ်ခဲ့ကြရပေသည်။

## ကမ္မဋ္ဌာန်းပြောင်း၍ ပေးတော်မူပါ

သို့နှင့် ဆယ့်ငါးရက်စေ့သော် ဘုရားရှင်သည် ရဟန်းတို့၏ အဖူးအမျှော် ခံတော်မူပါ၏။ သို့သော် အဖူးအမျှော် ရောက်လာသည့် ရဟန်းဦးရေက အနည်းငယ်မျှသာ။ ဤတွင် ကျွန်ုပ်က ရက်ပေါင်းများစွာ မျိုသိပ်လာခဲ့ရသော စကားများကို ရှေ့တော်မှောက်မှာ လျှောက်ထားလိုက်ရ ပေသည်။

"အရှင်ဘုရား၊ အစုလိုက် အပြုံလိုက် သေပွဲဝင်ခဲ့ရသော ရဟန်းတို့ကို အကြောင်းပြု၍ တပည့်တော် တောင်းပန်ပါရစေ။ အသုဘ ကမ္မဋ္ဌာန်းမှတပါး အခြားသောကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ် ရောက်အောင် ပို့ဆောင်တော် မူပါ ဘုရား"

ကျွန်ုပ် လျှောက်ထားချက်ကို ဘုရားရှင်က လက်ခံတော်မူပါပေသည်။ သတ်သမ္ဗုဇ်ဉာဏ်မယှဉ်မိလျှင် အကျိုးနည်းရတတ်သော အသုဘကမ္မဋ္ဌာန်းမှ အာနာပါနကမ္မဋ္ဌာန်းသို့ လွှဲပြောင်း၍ ပေးတော် မူပေသည်။ ထို့နောက် လူသား၏ အသက်ကို မသတ်ရန်၊ သေကြောင်း မကြံရန် တတိယ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော် မူပေသည်။

[တတိယ ပါရာဇိကသိက္ခာပုဒ် နိဒါန်း]

ညီတော်အာနန္ဒာ၏

# တသက်တာမှတ်တမ်း-၂

- ကလေးပီပီ ပလီတတ်ခဲ့ရာတတ်သော်လည်း ဂုဏ်မစက္ကားကို နာခံရာ၌ စံတင်ရသော သားတော်လေး ရှင်ရာဟုလာကို ချစ်နိုင် ခင်နိုင် ကြည်ညိုနိုင်ပါသည်။
- ညီတော် အာနန္ဒာ မရရအောင် ဖွင့်ပေးလိုက်သော တံခါး ပေါက်မှ ပင်ပန်းကြီးစွာ လှမ်းဝင် [illegible] အရှင်မများအတွက် ကာရုဏာသက်ရပ [illegible]
- မဖြစ်သင့်ပဲ ဖြစ်ပွားခဲ့ရသော ရော [illegible] ကောသမ္ဗီ အရေးတော်ပုံများမှတဆင့် [illegible] နိုင်ပါသည်။ ထိုပြင် ... ထိုပြင်...
- သိစရာ မှတ်စရာတွေ၊ လိုက်နာကျင့် [illegible] သာသာဖြင့် အရှင်ဝန္တာသီ၏ ဖတ်ချင် [illegible] သော အရေးအသားများ၊ ခေတ်နှင့် [illegible] ဗဟုသုတ ပညာရေး အထောက်အကူပြု လက်ရာမွန် တခုကို ဖတ်ရှုနိုင်ပါသည်။